www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [၈၀၈၊၀၉၊၁၂]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၁၇၊၉၀၊၁]

ပထမအကြိမ်

၁၉၉၈ ခု၊ မေလ

မျက်နှာဖုံး၊ ပန်းချီ စံတိုး
မျက်နှာဖုံးရိုက် သိန်းမြင့်ဝင်း
အုပ်ရေ ရှစ်ရာ
အဖိုး သုံးဆယ့်ငါးကျပ်

ပုံနှိပ်သူ ဦးနေဝင်း (၀၃၆၈၈)၊ ဘဝတက္ကသိုလ်ပုံနှိပ်တိုက် အမှတ် ၁၄၉၊ ၃၇ လမ်း၊ ရန်ကုန်မြို့

ထုတ်ဝေသူ ဒေါ်ယဉ်ယဉ်မြင့် (၀၃၂၂၂)၊ ထီးလှိုင်ရှင်စာပေ တိုက် ၃၅၅ အခန်း ၂၁၊ အနောက်ရန်ကင်း၊ ရန်ကု

BURMESE CLASSIC

မောင်ထွန်းသူ

# မြိုင်ဘော

# ROSSHALDE

**Hermann Hesse**

www.burmeseclassic.com

www.burmeseclassic.com

အဝတ္ထုဆိုလ် စနာတို့ဆုံးထုတ် စာအုပ်များ

သာလဝတီနှင့် အခြားဝတ္ထုတိုများ (ပါရူ)

ငရဲမှန် နက်ဖြန်စရှိ (ချစ်ဝင်းညွန့်)

ငွေရူး (မောင်မြင့်ကြွယ်)

ပရိုမီသီးယပ်စ် စစ်ဆင်ရေး (ချစ်ဝင်းညွန့်)

BURMESE CLASSIC

# မြန်မာပြန်သူ၏ အမှာ

၁

ကျွန်တော်တို့ စာဖတ်ပရိသတ်သည် ဆရာပါရဂူ မြန်မာပြန်ခဲ့သည့် သိဒ္ဓတ္ထ [၁] ဝတ္ထုကို အမြဲတစေ သတိရနေကြလိမ့်မည်ဟု ထင်ပါသည်။ ကျွန်တော် ဤစကားကို အကြောင်းမဲ့ ဆိုခြင်း မဟုတ်ပါ။ 'သိဒ္ဓတ္ထ' သည် စာဖတ်ပရိသတ် အလွန်နှစ်ခြိုက်စွဲလမ်းခဲ့သော ဝတ္ထုတစ်ပုဒ် ဖြစ်ရုံမျှမက ယနေ့အချိန်ထိ အကြိမ်ကြိမ် အခါခါ ပြန်လည် ပုံနှိပ် ထုတ်ဝေနေရခြင်းကြောင့် ဖြစ်ပါသည်။ ယင်း 'သိဒ္ဓတ္ထ' ကို ရေးသူသည် ဂျာမန် စာရေးဆရာကြီး ဟာမန်ဟက်စ် [၂] ဖြစ်ပါသည်။ ယခု ဤဝတ္ထု 'မြိုင်ခြေမာ' သည်လည်း ဟာမန်ဟက်စ်၏ ဝတ္ထုပင် ဖြစ်ပါ၏။

၂

ဟာမန်ဟက်စ်ကို ၁၈၇၇ ခုနှစ်တွင် ဂျာမနီနိုင်ငံ ကယ်လ်မြို့ [၃] ၌ မွေးဖွားသည်။ သူသည် သူ့ဘဝကို စာအုပ်ရောင်းသမားအဖြစ်

---

၁။ Siddhartha

၂။ Hermann Hesse

၃။ Calw

www.burmeseclassic.com

www.burmeseclassic.com

မြင့် စတင်ခဲ့သူ ဖြစ်၏။ အသက် နှစ်ဆယ့်တစ်နှစ် အရွယ်တွင် စာစရေးကာ သူ၏ ကဗျာစာအုပ်ကို စတင်ထုတ်ဝေခဲ့သည်။ ထိုကဗျာစာအုပ်ထွက်ပြီးနောက် ငါးနှစ်အကြာတွင် သူ့ဝတ္ထုများ ဆက်တိုက်ထွက်လာသည်။ အောင်မြင် ကျော်ကြားမှုလည်း ရလာသည်။ သူ၏ ပထမဆုံး ဝတ္ထုသည် ပီတာကာမင်ဇင်[1] ဖြစ်သည်။ ထို့နောက် သည် ပရော်ဒီးဂျီး[2]၊ ဂျာထရူး[3]၊ ရော့်ရှာလ်ဒီး[4]၊ ဒမ်မင်း[5]၊ 'သိဒ္ဓတ္ထ' စသော ဝတ္ထုများ ဆက်တိုက် ထွက်လာသည်။ နောက်ပိုင်းတွင် ဟာမန်ဟက်စ်သည် ဥရောပနှစ်၏ အထူးခြားဆုံးသော စာရေးဆရာများထဲမှ တစ်ဦးအဖြစ် အသိအမှတ်ပြုခြင်း ခံခဲ့ရသည်။

အမှန်အားဖြင့်လည်း ဟာမန်ဟက်စ်သည် တကယ် ထူးခြားသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။

သူသည် ငယ်ငယ်ကတည်းက စိတ်၏ ငြိမ်းချမ်းမှုကို ရှာဖွေခဲ့သူဖြစ်သည်။ စိတ်၏ ငြိမ်းချမ်းမှုကို ရှာဖွေရင်းနှင့်ပင် သူသည် စိတ်နှင့်ပတ်သက်သော အသိအမြင်သစ်များကို အမြဲတစေ ရှာဖွေခြင်း သေ့လာခြင်းပြုသည်။ အထူးသဖြင့် စိတ်ကို ခွဲခြမ်းစိတ်ဖြာကြည့်သည့် 'မနောဝိဘင္ဂ သဘောတရား[6]' (အတွင်းစိတ်နှင့် အပြင်စိတ်တို့ကို စိစစ်ဝေဖန်ခြင်း) ကို လက်ဘိုင်ပြုကာ အသိအမြင်သစ်များကို ရှာဖွေသည်။ ဤသို့ဖြင့် သူ ရှာဖွေရင်း ရလာ

---

၁။ Peter Camenzind
၂။ The Prodigy (Unterm Rad)
၃။ Gertrud
၄။ Rosshalde
၅။ Demian
၆။ Psychoanalytic

ခဲ့သည့် အတွေ့အကြုံများနှင့် အသိအမြင်များသည် သူ့ဝတ္ထုများနှင့် သူ့စာများတွင် ထင်ဟပ်လာခဲ့လေသည်။

ထင်ရှားသည့် သာဓကမှာ သူ ပထမဆုံး ထုတ်ဝေခဲ့သည့် 'ပီတာကာမင်ဇင်' ဝတ္ထု ဖြစ်သည်။ ပီတာကာမင်ဇင်သည် ပန်းချီဆရာ တစ်ယောက်၏ လူငယ်ဘဝနှင့် လူကြီးဖြစ်၏ ဘဝကို ရေးဖွဲ့ထားသော ဝတ္ထုဖြစ်၏။ ဇူးရစ်မြို့၌ ပန်းချီ ပညာကို လေ့လာနေစဉ်အတွင်း သူသည် မိန်းကလေးများစွာနှင့် တွေ့ခဲ့သည်။ စိတ်၏ သာယာအေးချမ်းမှုကို ရှာသည်။ ထို့နောက် အီတလီသို့ သွားကာ စိတ်၏ သာယာအေးချမ်းမှုကို ရှာဖွေပြန်သည်။ သို့သော်လည်း သူ လိုချင်သော အရာကို မရ။ ရှာမတွေ့။ နောက်ဆုံးတွင် သူသည် သူ၏ မွေးရပ်ဇာတိရွာသို့ ပြန်သွားသည်။ ထိုအခါကျမှပင် သူသည် ရောင့်ရဲသောစိတ် ဖြစ်ပေါ်ကာ အေးချမ်း သာယာမှုကို ရသည်။ ဤကား 'ပီတာကာမင်ဇင်' ဝတ္ထု၏ ဇာတ်လမ်း အကျဉ်း ဖြစ်သည်။ ဤဝတ္ထုတွင် ဇာတ်လမ်းအနေဖြင့် ထူးခြားမှု ရှိသည် မဟုတ်။ ထူးခြားသည်မှာ ဟာမန်ဟက်စ် ထင်ဟပ် တင်ပြထားသည့် အတွေ့အကြုံနှင့် အသိအမြင်များပင် ဖြစ်သည်။

၁၉၁၆ ခုနှစ်မှစ၍ ဟာမန်ဟက်စ်သည် ကိုယ်ရေးကိုယ်တာ ပြဿနာပေါင်းများစွာနှင့် ရင်ဆိုင်ရသည်။ ပထမဆုံး သူ အလွန်ချစ်သော ဖခင် ကွယ်လွန်သည်။ သူ့ညီ အသည်းအသန်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် သူ့ဇနီးသည်အား စိတ္တဇဆေးရုံ တင်လိုက်ရသည်။ စစ်ကြီးကြောင့် ပေါက်ဖွားလာရသည့် အနိဋ္ဌာရုံများအပေါ် မကျေနပ်မှုနှင့် သူ ရင်ဆိုင်နေရသော ကိုယ်ရေးကိုယ်တာ ပြဿနာများအပေါ် ဘဝင်မကျမှု စသည်တို့ကြောင့် ဟက်စ် ကိုယ်တိုင်ပင် စိတ်ထိခိုက်ကာ စိတ်ရောဂါ ဖြစ်လာသည်။ ထိုအခါ စိတ်ရောဂါကို ဆရာဝန်များနှင့် ကုသရသည်။ စိတ်ရောဂါကို အကုသခံရင်းနှင့်ပင် သူသည် စိတ်နှင့်ပတ်သက်သော အသိအမြင်

www.burmeseclassic.com

www.burmeseclassic.com

သစ်များ ရရှိလာခဲ့ပြီဖြစ်သည်။ ထိုအခါ သူ့ပတ်ဝန်းကျင် သူ့လောကအတွင်း၌သာမက သူ့ကိုယ်အတွင်း၌လည်း အခြေအနေများ ဖရိုဖရဲ ဖြစ်နေသည်ဟု နားလည် လက်ခံလာသည်။ သူ့ပတ်ဝန်းကျင် အပြင်လောကတွင်း၌သာ တိုက်ပွဲများ ရှိနေသည် မဟုတ်၊ သူ၏ကိုယ်တွင်း၌လည်း တိုက်ပွဲများရှိနေသည်ဟု ယူဆယုံကြည်လာခဲ့သည်။ ယင်းယုံကြည်မှုများသည် သူ နောက်ပိုင်းကာလ၌ ရေးသားခဲ့သည့် စတက်ပင်းဝုဖ်[၁]၊ နာဇစ်စ်နှင့် ဂိုးလ်မန်[၂] စသော ဝတ္ထုများ၌ ထင်ဟပ်လာသည်ကို တွေ့ကြရလေသည်။

ဟာမန်ဟက်စ်နှင့် ပတ်သက်၍ နောက်တစ်ခု ထူးခြားချက်မှာ ငယ်စဉ်ကတည်းက အရှေ့တိုင်း စာပေနှင့် အရှေ့တိုင်း ဒဿနိကအမြင်များနှင့် ရင်းနှီးခဲ့ခြင်း ဖြစ်သည်။ အထူးသဖြင့် အိန္ဒိယနိုင်ငံသည် ဟက်စ်၏ စိတ်နှလုံးကို ငယ်ရွယ်စဉ်ကတည်းက လွှမ်းမိုးခဲ့သည်။ ဤအချက်နှင့် စပ်လျဉ်း၍ ဟက်စ် ကိုယ်တိုင်ကလည်း "ကျွန်ုပ်သည် ငယ်ရွယ်စဉ်အခါကတည်းက ခရစ်ယာန် ဘာသာနှင့် ရင်းနှီးနေသကဲ့သို့ အိန္ဒိယနိုင်ငံ၏ နာမ်ပိုင်းဆိုင်ရာများနှင့်လည်း အကျွမ်းတဝင် ဖြစ်လာခဲ့ရပါသည်" ဟု ဆိုခဲ့သည်။ ဤအကျွမ်းတဝင် ဖြစ်မှုများသည်လည်း သူ၏ ဝတ္ထုများနှင့် သူ့စာများတွင် ထင်ဟပ်လျက် ရှိသည်ကို တွေ့ကြရလေသည်။

၃

ဂျာမန်လူမျိုး တစ်ဦး ဖြစ်သော ဟာမန်ဟက်စ်သည် ဝထမ ကမ္ဘာစစ်ကြီး အတွင်းက ဂျာမန်အမျိုးသားများ ကျင့်သုံးခဲ့သည့်

---

၁။ Steppenwolf

၂။ Narziss and Goldmund

ဝါဒအပေါ် မကျေနပ်သဖြင့် ပြင်းပြင်းထန်ထန် ဆန့်ကျင်ခဲ့၏။ ဤသည်ကို အကြောင်းပြု၍ ဂျာမန် အာဏာပိုင်များက သူ့အပေါ် မလိုမလား ဖြစ်ခဲ့ကြသည်။ ထို့ကြောင့် သူသည် ဂျာမန်နိုင်ငံမှ ဆွစ်ဇာလန်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရ၏။ မည်သို့ပင် ဖြစ်စေ သူသည် သူ့ကိုယ်သူ ဂျာမန်တစ်ယောက်ဟုပင် သဘောထားကာ ဂျာမန်နိုင်ငံအတွက် တတ်စွမ်းသမျှ အကျိုးပြုနိုင်ရန် ကြိုးစားခဲ့သည်။ သို့သော်လည်း နာဇီများ ကြီးစိုးလာသည့် ခေတ်တွင် နာဇီများက ဟာမန်ဟက်စ်၏ စာအုပ်များကို ရှုံ့မုန်းကြသည်။ ဂျာမန်နိုင်ငံအတွင်း၌ မထုတ်ဝေရဟု ပိတ်ပင်တားမြစ်ခဲ့ကြသည်။ ဤသို့ဖြင့် ဟာမန်ဟက်စ်သည် ၁၉၂၃ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံသား အဖြစ် ခံယူကာ ဆွစ်ဇာလန်နိုင်ငံမှာပင် အခြေချရသည့် အဖြစ်သို့ ဆိုက်ရောက်ခဲ့ရလေသည်။

အမိနိုင်ငံနှင့် ကင်းကွာခဲ့ရသော ဟက်စ်အား ဆွစ်ဇာလန်နိုင်ငံက ကောင်းစွာ ထွေးပိုက်ခဲ့သည်။ သူ့အား ဗီ၊ အိပ်ချ်၊ ဗီ ဘွဲ့ အပ်နှင်းခြင်းဖြင့် ဂုဏ်ပြုသည်။ နိုင်ငံတကာတွင် အရောင်းရ အတွင်ကျယ်ဆုံး ဖြစ်နေသည့် သူ့စာအုပ်များအတွက် ဂုဏ်ယူသည်။ ၁၉၄၆ ခုနှစ်တွင် သူသည် စာပေဆိုင်ရာ နိုဘယ်လ်ဆုကို ရရှိခဲ့၏။ ဤသို့ဖြင့် သူသည် တစ်ကမ္ဘာလုံးက အသိအမှတ်ပြုသည့် ထူးခြားထင်ရှားသော စာရေးဆရာကြီးအဖြစ်သို့ ရောက်ရှိခဲ့သည်။ ဤမျှအထိ ထူးခြားထင်ရှားခဲ့သော ဟာမန်ဟက်စ်သည် ၁၉၆၂ ခုနှစ်တွင် ကွယ်လွန်ခဲ့၏။ သူကွယ်လွန်ချိန်တွင် သူ၏အသက်သည် ရှစ်ဆယ့်ငါးနှစ်ဘိတိ ရှိခဲ့လေပြီ။

၄

ဤမျှဆိုလျှင် ဟာမန်ဟက်စ်၏ ဘဝနောက်ကြောင်းကို အခြေခံအစောင်း သိမြင်ကြပြီဟု ထင်ပါသည်။ သူ၏ ဘဝအကြောင်းကို

www.burmeseclassic.com

ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြနေခြင်းမှာ အကြောင်းရှိပါသည်။ ဇာတ်လမ်း၊ ဇာတ်အိမ် မထူးခြားတတ်သော သူ့ဝတ္ထုများ အပေါ် စာဖတ်ပရိသတ် စိတ်ဝင်စားစေလို၍ ဖြစ်ပါ၏။ အထူးသဖြင့် သူထင်ဟပ်တင်ပြထားလေ့ရှိသည့် စိတ်ပိုင်းဆိုင်ရာ အသိအမြင်များကို သတိထားမိစေလို၍ ဖြစ်ပါသည်။

နောက်ဆုံး တင်ပြလိုသည့် အချက်မှာ ဤဝတ္ထုနာမည် ပေးပုံနှင့် ပတ်သက်ပါသည်။ ဤဝတ္ထု၏ မူရင်းအမည်သည် Rosshalde ဖြစ်ပါသည်။ ယင်းအမည်သည် ဤဝတ္ထု ဇာတ်အိမ်တည်ရာ အိမ်ကြီး၏ အမည် ဖြစ်သည်။ ယင်းအချက်ကို တည်မှီ၍ ကျွန်တော်က ဤဝတ္ထုကို **မြိုင်ခေမာ** ဟု ပေးပါသည်။ 'ခေမာ' ဟူသော စကားလုံးသည် 'မြန်မာအဘိဓာန်' ၏ ဖော်ပြချက်အရ အဓိပ္ပာယ် နှစ်မျိုး ထွက်ပါသည်။ တစ်မျိုးမှာ 'ဘေးမရှိရာ အရပ်၊ နိဗ္ဗာန်' ဟူ၍ ဖြစ်ပါသည်။ ကျန်တစ်မျိုးမှာ 'ခေသော၊ ညံ့ဖျင်းသော' ဟူ၍ ဖြစ်ပါသည်။ ယင်းအနက် အဓိပ္ပာယ် နှစ်မျိုးစလုံးသည် ဤဝတ္ထုဇာတ်လမ်းနှင့်လည်း လိုက်လျောညီထွေ ရှိလိမ့်မည်ဟု ထင်ပါသည်။

မောင်ထွန်းသူ

၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်

## ၁

မြိုင်ခေမာ ခြံကြီးကို ဝယ်ယူပြီး ဂျိုဟန်ဗာရာဂု ပြောင်းရွှေ့လာခဲ့သည့် လွန်ခဲ့သော ဆယ်နှစ်ခန့်ကဆိုလျှင် ဤခြံကြီးသည် အစွန့်ပစ်ခံ ခြံအိုခြံဟောင်းကြီး တစ်ခုမျှသာ ဖြစ်၏။

ဥယျာဉ်တွင်းရှိ လူသွားလမ်းများသည် မြက်ပင် ချုံပင်များ ဖုံးလွှမ်းလျက် ရှိသည်။ ခုံတန်းလျားများသည် ရေညှိများ တက်နေကြသည်။ လမ်းခင်းထားသည့် ကျောက်တုံးကျောက်ခဲများသည် ကွဲအက်ကြေမွလျက် ရှိကြသည်။ ပန်းခြံ တစ်ခြံလုံးမှာလည်း ပြုပြင်မွမ်းမံခြင်း မရှိသဖြင့် ချုံနွယ်ပိတ်ပေါင်းများဖြင့် ပြည့်ကာ မြင်မကောင်းအောင် ရှုပ်ပွလျက် ရှိ၏။

ခြံကြီး၏အကျယ်မှာ ရှစ်ဧကခန့်ရှိ၍ ခြံထဲတွင် အဆောက်အအုံ နှစ်လုံးမျှသာ ရှိသည်။ တစ်လုံးမှာ ဟောင်းနွမ်းအိုမင်းပြီး ပျက်စီး ယိုယွင်းနေသည့် အိမ်မကြီးဖြစ်၍ နောက်ဘက်တွင် မြင်းဇောင်း ရှိသည်။

နောက်တစ်လုံးမှာ ခပ်သေးသေး ဖြစ်သည်။ ပန်းခြံ၏ အလယ်၌ တည်ရှိပြီး နွေရာသီနေဖို့အတွက် သီးသန့် ဆောက်ထားခြင်း ဖြစ်သည်။ အိမ်ကလေးမှာ ဝတ်ကျောင်း မမှာရှိ

www.burmeseclassic.com

www.burmeseclassic.com



ကလေး တစ်ခုနှင့် တူလျက်ရှိ၏။ ငွတ္တာများ ပြုတ်၍ ပျက်ထွက်နေသဖြင့် အိမ်တံခါးသည် ရွဲ့စောင်းစောင်း ဖြစ်နေသည်။ အိမ်နံရံများမှာလည်း ရေညှိများနှင့် မှိုများ တက်နေကြလေသည်။

ခြံကြီးကို ဝယ်ပြီးသည့်နောက် ချက်ချင်းပင်ပိုင်ရှင်သစ်သည် ယိုင်နဲ့နဲ့ ဖြစ်နေသော အိမ်ကလေးကို ဖျက်ပစ်လိုက်သည်။ အိမ်ရှေ့ တံခါးဝမှ ပန်းခြံတွင်းရှိ ငါးကန်ကလေးဆီသို့ သွားရန် လှေကားလုပ်ထားသည့် ကျောက်တုံး ဆယ်တုံးကိုသာ ချန်ထားသည်။

အိမ်ကလေး၏ နေရာတွင် ဗာရာဂူ၏ ပန်းချီစတူဒီယိုကို ဆောက်သည်။ ထို့နောက်တော့ ဗာရာဂူသည် ဤစတူဒီယိုထဲတွင် နှစ်ပေါင်းများစွာ ပန်းချီဆွဲခဲ့သည်။ အိမ်ကြီးပေါ်၌ နေသည်ဟုဆိုသော်လည်း အချိန်ရှိသမျှ ဤစတူဒီယိုထဲမှာပင် အချိန်ဖြုန်းခဲ့သည်။

သို့သော်လည်း သူ့မိသားစုအတွင်း၌ ဖြစ်ပေါ်လာသည့် သဘောထား ကွဲလွဲမှုသည် တစ်နေ့တခြား တိုးတက် ပြင်းထန်လာပြီး နောက်ဆုံး သူ၏ သားအကြီးအား ကျောင်းအိပ် ကျောင်းစားအဖြစ် အဝေးသို့ ပို့လိုက်ရသည့်အခါတွင်မူကား သူသည် အိမ်ကြီးနှင့် အဆောင်များကို သူ့မိန်းမလက် လွှဲ၍ အပ်ကာ သူကိုယ်တိုင်တော့ အိမ်ကြီးပေါ်မှ ဆင်းလာခဲ့သည်။ စတူဒီယိုနှင့်ဆက်၍ အခန်းနှစ်ခန်း တိုးချဲ့ဆောက်ကာ ထိုအခန်းထဲ၌ လူပျိုတစ်ယောက်သဖွယ် နားအေးပါးအေး နေခဲ့သည်။



ကြီးကျယ်ခမ်းနားပြီး အလွန်လှပသော အိမ်ကြီးအစောက်ကတော့ သနားစရာကောင်းသည်ဟုပင် ဆိုရတော့မလို ဖြစ်နေသည်။ ဖခင်ဗာရာဂူနှင့် ခုနစ်နှစ်သား အရွယ် သူ့သားအငယ် ပိုင်ရီတို့သည် အပေါ်ထပ်တွင် နေကြသည်။ သူ့အနေဖြင့် ညအိပ်ညဉ့်နေ ဧည့်သည်များအား လက်ခံရသော်လည်း ဘယ်တော့မှ များများစားစား လာကြသည် မဟုတ်။ ထို့ကြောင့် တစ်အိမ်လုံးရှိ အခန်းများစွာသည် တစ်နှစ်ပတ်လုံး လွတ်နေသည်က များလေသည်။

သားငယ်ကလေး ပိုင်ရီသည် မိဘနှစ်ပါးစလုံး၏ အချစ်တော် ဖြစ်သည်။ အဖေနှင့်အမေကြားတွင် တစ်ခုတည်းသော သံယောဇဉ်ကြိုးကလေးတစ်မျှင် ဖြစ်သည်။ သူသည် အိမ်ကြီးနှင့် စတူဒီယို အကြားတွင် အဆက်အသွယ် မပြတ်အောင် ပေါင်းကူးပေးရာ တံတားကလေးသဖွယ်ဖြစ်ရုံမျှမက တစ်နည်းအားဖြင့် တွက်လိုက်လျှင် ပိုင်ရီသည် မြိုင်ခေမာ၏ အချုပ်အခြာ အာဏာပိုင် အရှင်သခင်တစ်ဦးလည်း ဖြစ်ပေသည်။

ဟာဗာရာဂူ ပိုင်ဆိုင်သော နယ်မြေသည် သူ၏ စတူဒီယို၊ ရေကန်နှင့် အမဲလိုက် ကွင်းဟောင်းတို့ ဖြစ်သည်။ သူ့ဇနီးကတော့ အိမ်မကြီး၊ မြက်ခင်းပြင်၊ သံပရာပင်များနှင့် သစ်အယ်ပင်တောအုပ်ကို စိုးမိုးထားသည်။

သူတို့နှစ်ယောက်သည် တစ်ယောက်ပိုင် နယ်မြေအတွင်းသို့ တစ်ယောက်က ကျူးကျော် ဝင်ရောက်ခြင်း မပြု။ စားချိန် သောက်ချိန်ကျလာ၍ ဗာရာဂူက အိမ်ကြီးဆီသို့ ကူးလာသည့်

www.burmeseclassic.com

www.burmeseclassic.com



အချိန်များမှတစ်ပါး ကျန်အချိန်များတွင် တစ်ယောက်နှင့် တစ်ယောက် မဆုံမိကြ။

သားငယ် ပိုင်ရီကတော့ ထိုအချက်ကို အသိအမှတ် မပြု။ အမှန်တော့ သူ့ဖခင်နှင့်မိခင်တို့ကြားတွင် နယ်မြေရော ဘဝပါ ကွဲပြား ခြားနားနေသည့် အဖြစ်ကို သူ နားမလည်၊ နားလည် သဘောပေါက်နိုင်သည့် အရွယ်လည်း မဟုတ်။

သူသည် အိမ်ထဲတွင် လွတ်လပ်စွာ လှုပ်ရှားသွားလာခြင်း ပြုသည်။ အိမ်သစ်ဟု ဆိုအပ်သော သူ့ဖခင်၏ စတူဒီယိုနှင့် စာကြည့်ခန်းထဲသို့လည်း အချိန်အခါမရွေး ဝင်ထွက် သွားလာခြင်း ပြုသည်။

ထိုနည်းတူစွာပင် အိမ်ကြီးထဲရှိ စင်္ကြံလမ်းများ၊ ပန်းချီကားများထားရာ အခန်းနှင့် သူ့မိခင်၏ အခန်းများသည်လည်း သူ ဝင်ချင်သလိုဝင်၍ ထွက်ချင်သလိုထွက်သည့် နေရာများပင် ဖြစ်သည်။ သူသည် သစ်အယ်ပင် တောအုပ်ထဲရှိ စထရော်ဘယ်ရီပင်များ၊ သံပရာပင်များကြားရှိ ပန်းများ၊ ကန်ထဲမှ ငါးများ၊ ရေချိုးကန်နှင့် ဂွန်ဒိုလာလှေ စသည်တို့ အပေါ်တွင်လည်း သူ ထင်သလို ပြုနိုင်သည့် အရှင်သခင် တစ်ဦး ဖြစ်သည်။

သူ့မိခင်၏ အစေခံများနှင့် သူ့အဖေ၏ အစေခံ ရောဘတ်တို့နှင့် ဆက်ဆံသည့်အခါတွင်မူကား သူ့စိတ်ထဲက သူ့ကိုယ်သူ သခင်ဟုလည်းကောင်း အကာအကွယ် အစောင့်အရှောက်ခံ တစ်ဦးဟု လည်းကောင်း ထင်မြင်ခံစားရသည်။



သူ့ မိခင်၏ မိတ်ဆွေ အပေါင်းအသင်း ဧည့်သည်များ၏ မျက်စိထဲတွင်မူ ပိုင်ရီသည် အိမ်ကြီးရှင်မ၏ သားကလေး ဖြစ်ပြီး သူ့အဖေ၏ စတူဒီယိုသို့ တစ်ခါတစ်ရံ အလည်အပတ် ရောက်လာကြသော ပြင်သစ်စကား ပြောကြသည့် လူကြီးလူကောင်းများ၏ မျက်စိထဲတွင်မူကား ပိုင်ရီသည် ပန်းချီဆရာ၏ သားကလေး ဖြစ်သည်။

ပိုင်ရီ၏ ဓာတ်ပုံများနှင့် ပုံတူပန်းချီကားချပ်များကို သူ့ဖခင်၏ အိပ်ခန်းထဲတွင် ချိတ်ဆွဲထားသကဲ့သို့ အိမ်ကြီးပေါ်ရှိ သူ့အမေ၏ အခန်းများထဲတွင်လည်း ချိတ်ဆွဲထားသည်။

တကယ်တော့ ပိုင်ရီ၏ဘဝသည် အိမ်ထောင်ရေး အဆင်ပြေနေသည့် မိဘများမှ မွေးဖွားလာသောကလေးများထက်ပင် ပို၍အဆင်ပြေပြီး သာတောင့်သာယာ ရှိသည်။ သူ နေထိုင်ကြီးပြင်းလာနေရသည်မှာ တင်းကျပ်သော စည်းကမ်းများ အောက်တွင် မဟုတ်။ လွတ်လပ်မှု အပြည့် ရှိသည်။ တစ်ခါတစ်ရံ သူ့မိခင်၏နယ်မြေအတွင်း၌ သူ ပြဿနာ တစ်ခုခုနှင့် တိုး၍ အခက်အခဲကြုံလာသည့်အခါ ရေကန်ဘေးမှ နယ်မြေသည် သူ့အား လုံခြုံမှုကို ပေးသည်။

ပိုင်ရီ အိပ်ရာဝင်သွားသည်မှာ ကြာပြီ ဖြစ်၏။ အိမ်ကြီးဆီမှ မီးရောင်လင်းနေသော နောက်ဆုံး ပြတင်းပေါက်သည်လည်း ညဆယ့်တစ်နာရီ ထိုးသည့်အခါ မှောင်နှင့်မည်းမည်း ဖြစ်သွားခဲ့လေပြီ။

ညသန်းခေါင်ကျော်သည့်အခါ မြို့ထဲသို့ သွားပြီး စားသောက်ဆိုင် တစ်ဆိုင်၌ မိတ်ဆွေ အပေါင်းအသင်းများနှင့်

www.burmeseclassic.com

www.burmeseclassic.com



အချိန်မြန်းခဲ့သော ဂျိုဟန်မာရာဂုသည် တစ်ယောက်တည်း ပြန်လာသည်။

နွေရာသီဝင်စ ညဖြစ်၍ ကောင်းကင်တွင် တိမ်များထူထပ်လျက် ရှိ၏။ အေးမြသော လေပြည်လေညင်းများ ကြားမှ ဖြတ်သန်းခဲ့ရသော ဗာရာဂုအဖို့တော့ ဝိုင်အံရက်၊ ဆေးလှိပ်မီးခိုးများ၊ ခပ်ကြမ်းကြမ်း အော်ဟစ် ရယ်မောသံများနှင့် ရုန့်ရင်းကြမ်းတမ်းသော ပြက်လုံးများ တည်ရှိရာ ပတ်ဝန်းကျင်သည် ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။ ပူနွေး စိုထိုင်းသော လေကို ရှူရှိုက်ရ၏။ မှောင်မိုက်နေသည့် ဂျုံခင်းများကြားရှိ လမ်းမပေါ်အတိုင်း ခပ်သွက်သွက် လျှောက်လာနေသော ဗာရာဂုသည် တဖြည်းဖြည်းနှင့် မြိုင်ခေမာခြံဘက်သို့ နီးကပ်လာနေသည်။

ခြံဝင်း တံခါးမှ အတွင်းသို့ ဝင်မိသောအခါ ဗာရာဂုသည် အိမ်ကြီးဆီသို့ တစ်ချက်မျှ လှမ်းကြည့်သည်။ သစ်ပင်များ၏ အမှောင်ထုကို ကျောပြု၍ မားမားမတ်မတ် ရပ်နေသော အိမ်၏ မျက်နှာစာသည် ဆွဲဆောင်မှု အပြည့်ရှိနေသည်။

သူသည် မိနစ်အနည်းငယ် ကြာမျှ ရပ်၍ ကြည့်နေမိ၏။ အနီးအနားမှ ဖြတ်လျှောက်သွားရင်းက မက်မောစဖွယ် ရှုခင်းကို မြင်လိုက်ရသဖြင့် စိတ်ထဲတွင် ကြည်နူးသွားရသည့် ခရီးသွားတစ်ယောက်ကဲ့သို့ ခံစားနေရသည်။

သူသည် မြင့်မားလှသော ခြံစည်းရိုး ဘေးအတိုင်း ဆက်၍ လျှောက်ကာ သူ တိတ်တဆိတ် ကျိတ်၍ လုပ်ထားသည့် ဝင်ပေါက်ဆီသို့ သွားသည်။ ကျွံဝင်ပေါက်မှ နေ၍ ဝင်လျှင် တောအုပ်ကြားမှ ဖြတ်သွားရသည့် လူသွားလမ်းပေါ် ရောက်မည်။ ထိုလမ်းအတိုင်း ဆက်လျှောက်သွားလိုက်လျှင် သူ၏ စတူဒီယိုသို့ ရောက်နိုင်မည် မဟုတ်ပါလား။

သူ၏ အာရုံများသည် ရှင်သန် တက်ကြွလျက် ရှိ၏။ သူသည် သွက်လက်ပေါ့ပါးသော ခြေလှမ်းများဖြင့် မှောင်ရိပ်သန်းနေသော ပန်းခြံ အတွင်းရှိ ချုံနွယ် ပိတ်ပေါင်းများ ဖုံးနေသည့် လမ်းအတိုင်း လိုက်လာခဲ့သည်။ ရေကန်ပေါ်မှ အုပ်မိုးနေသော သစ်ပင်ထိပ်ဖျားအကြားမှ နေ၍ ညိုမှိုင်းမှိုင်း ကောင်းကင်သည် သူ့မြင်ကွင်းထဲသို့ ဝင်လာသည်။ ထို့နောက် သူ့အိမ်သည် သူ့ရှေ့တည့်တည့်တွင် ဘွားခနဲ ပေါ်လာလေသည်။

ကန်ငယ်သည် တိတ်ဆိတ် ငြိမ်သက်လွန်းလှသော ညအမှောင်ထုအောက်တွင် မည်းမှောင်နေသည်။ ချည့်နဲ့ဖျော့တော့ လွန်းလှသော အလင်းရောင်သည် ရေပြင်ထက်တွင် အုပ်ဆိုင်းလျက် ရှိ၏။ အလွန်အလွန် ပါးလွှာသော အမြှေးပါးကလေး တစ်ခုတင်ထားသည်နှင့် တူသည်။

ဗာရာဂုသည် လက်မှ နာရီကို ကြည့်သည်။ တစ်နာရီ ထိုးလု နီးနေပြီ။ သူသည် သြော်ခန်းထဲသို့ ဝင်သော တံခါးကို ဖွင့်သည်။ အထဲရောက်သောအခါ ဖယောင်းတိုင် တစ်တိုင်ကို ထွန်းလိုက်ပြီး အဝတ်အစားများကို ချွတ်သည်။ ထို့နောက် အိမ်ထဲမှ ပြန်ထွက်လာ၍ ကျောက်လှေကားကို တစ်ထစ်ချင်း နင်းပြီး ရေကန်ထဲသို့ ဆင်းသည်။ သူ့ဒူးများ ရှေ့မှ ရေသည် တလက်လက် တောက်နေသည်။

www.burmeseclassic.com



သူသည် ရေထဲသို့ ငုပ်လိုက်ပြီး ခပ်သွက်သွက် ကူးသည်။ ပြုလေ့ပြုထ မရှိသော နည်းများဖြင့် ညခင်းပိုင်းက အချိန်ဖြုန်းခဲ့သဖြင့် ရရှိလာခဲ့သည့် ပင်ပန်းနွမ်းနယ်မှုများသည် ပြေသွားသည်။

သူသည် ရေကန်ထဲမှ ပြန်တက်ကာ အိမ်ထဲသို့ ရေစိုကြီးနှင့်ပင် ဝင်ခဲ့သည်။ မျက်နှာသုတ်ပဝါ တစ်ထည် ဆွဲယူကာ ခပ်တိုတို ညှပ်ထားသည့် ဆံပင်မှ ရေများကို သုတ်သည်။ ဖိနပ် မရှိတော့ဘဲ လှေကားမှ တက်ကာ သူ့စတူဒီယိုဆီသို့ ဝင်သည်။ အခန်းမှာ အခန်းကျယ်ကြီး ဖြစ်သော်လည်း အထဲတွင် ပရိဘောဂပစ္စည်း ဟူ၍ ဘာမှ မရှိ။ သူသည် မီးခလုတ်များကို ကပျာကယာ ဖွင့်လိုက်သည်။

သူသည် ကင်းဗတ်တစ်ချပ် တင်ထားသည့် သုံးချောင်းထောက် ခုံကလေးဆီသို့ သွားသည်။ သုံးချောင်းထောက်ပေါ်မှ ကင်းဗတ်မှာ လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်းက သူ ဆွဲထားခဲ့သည့် ပန်းချီကားချပ် ဖြစ်၏။

သူသည် ဒူးနှစ်ဖက်ပေါ် လက်ထောက်ကာ ကိုယ်ကို ရှေ့သို့ ကိုင်း၍ ပန်းချီကားကို ကြည့်သည်။ ပန်းချီကားချပ်ပေါ်မှ လတ်ဆတ်သော ဆေးရောင်များသည် ကြမ်းတမ်းသော မီးရောင်ကို ရောင်ပြန်ဟပ်နေကြ၏။

သူသည် ပန်းချီကားချပ်ကို နှစ်မိနစ် သုံးမိနစ်ခန့်မျှ စိုက်၍ ကြည့်သည်။ သာမန်ကာလျှံကာ ကြည့်ခြင်းမျိုး မဟုတ်၊ တစ်ကားလုံးကို ပထမဆုံးတင်ခဲ့သည့် စုတ်တစ်ချက်မှ နောက်ဆုံး



ဆွဲထားခဲ့သည့် စုတ်ချက်အထိ သူ့မျက်စိများက မှတ်မိလာအောင် စေ့စေ့စပ်စပ် ကြည့်နေခြင်း ဖြစ်သည်။

သူသည် လွန်ခဲ့သော နှစ်အနည်းငယ် အတွင်းမှစ၍ နောက်တစ်နေ့ အလုပ်မသုပ်မီ ဆွဲလက်စ ပန်းချီကားထဲမှ ရုပ်လွှာများကို အိပ်ရာဝင်သည့်အခါ မှတ်မိနေအောင် ကြည့်ရှုမှတ်သားသည့် အလေ့အထကို လေ့ကျင့်ထားခဲ့သည် မဟုတ်ပါလား။

သူသည် မီးများကို ပြန်ပိတ်လိုက်ပြီး ဖယောင်းတိုင်ကို ကောက်ယူကာ သူ့အိပ်ခန်းဆီသို့ သွားသည်။ အိပ်ခန်းတံခါးသို့ ရောက်သောအခါ ချက်ချင်းဖွင့်၍ မဝင်သေးဘဲ မြေဖြူတစ်ချောင်းကို လှမ်းယူပြီး တံခါး၌ ချိတ်ထားသည့် ကျောက်သင်ပုန်းပေါ်၌ 'ခုနစ်နာရီ တိတိ နိုး၊ ကိုးနာရီ ကော်ဖီ သောက်မည်' ဟု ရေးလိုက်သည်။ ထို့နောက် တံခါးကို ပိတ်၍ အိပ်ရာဝင်သည်။

သူသည် အိပ်ရာပေါ်၌ ငြိမ်ဆိတ်စွာ လဲလျောင်းနေသော်လည်း မျက်လုံးများကိုတော့ ဖွင့်ထားဆဲ။ သူ စောစောက ကြည့်လာခဲ့သည့် ပန်းချီကားချပ်ထဲမှ ရုပ်လွှာများ သူ့မျက်စိအမြင်အာရုံတွင် ပြန်လည် ထင်ဟပ်လာစေရန် အားထုတ်နေခြင်း ဖြစ်၏။ သူ လိုချင်သည့်အရာကို ရသည့်အခါ သူသည် မျက်လုံးများကို မှိတ်လိုက်ပြီး သက်ပြင်းကို တစ်ချက် ညည်းဖြည်းသာသာ ချသည်။ မကြာမီ အိပ်မောကျသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



နံနက်လင်းသည့်အခါ အစေခံ ရောဘတ်က မှာထားသည့် အချိန်အတိုင်း သူ့ကို နှိုးသည်။ သူသည် ချက်ချင်း အိပ်ရာမှ ထကာ ရေအေးဖြင့် မျက်နှာသစ်သည်။ အရောင်လွင့်စ ပြုနေပြီဖြစ်သော မီးခိုးရောင်ဝတ်စုံကို ကပျာကယာ ကောက်ဝတ်ကာ စတူဒီယိုသို့ ထွက်လာခဲ့သည်။ ရောဘတ်က ထရှတ်ကတ်များကို ဖွင့်ပေးထားခဲ့ပြီ ဖြစ်၏။ စားပွဲလေး တစ်လုံးပေါ်တွင်မူ သစ်သီး တစ်ပန်းကန်၊ ရေ တစ်ပုလင်းနှင့် ပေါင်မုန့် တစ်လုံး တင်ထားသည်။

သူသည် သုံးချောင်းထောက်ပေါ်မှ ပန်းချီ ကားချပ်ကို ရပ်၍ ကြည့်ရင်း ပေါင်မုန့်ကို လှမ်းယူကာ တစ်ကိုက် ကိုက်လိုက်သည်။ သူသည် ပန်းချီကားချပ်နားသို့ တိုးသွားလိုက်၊ နောက်ပြန်ဆုတ်လိုက် လုပ်ကာ စေ့စေ့စပ်စပ် ကြည့်သည်။ ပေါင်မုန့်ကို ဝါးသည်။ သစ်သီး ပန်းကန်ထဲမှ ချယ်ရီသီး လက်တစ်ဆုပ် လှမ်းယူသည်။

စားပွဲပေါ်တွင် စာများနှင့် သတင်းစာများ ချထားသည်ကို မြင်သည်။ သို့သော်လည်း သူ ကောက်၍မကြည့်။ နောက် တစ်ခဏမျှအကြာတွင် သူသည် ခေါက်ကုလားထိုင် ပေါ်၌ ထိုင်ကာ သူ၏ ဆွဲလက်စ ပန်းချီကားကို အလေးအနက်ထား၍ ဂရုတစိုက် ကြည့်နေသည်။



ပန်းချီကားပေါ်တွင် ရေးဆွဲထားသည့်ပုံမှာ နံနက်စောစော ရှုခင်း ဖြစ်၏။ ဤရှုခင်းမှာ ပန်းချီဆရာကိုယ်တိုင် တွေ့မြင်ခဲ့ရသော ရှုခင်းဖြစ်ပြီး လမ်းခရီး တစ်လျှောက်လုံး ပုံကြမ်း အများအပြား ဆွဲထားခဲ့ဖူးသော ရှုခင်း ဖြစ်သည်။

သူ ခရီးထွက်ခဲ့စဉ်က ရိုင်းမြစ် အထက်ပိုင်း ဟတ်စနေရာရှိ တောထမင်းဆိုင်လေး တစ်ဆိုင်တွင် ခဏ ရပ်နားခဲ့ရသည်။ သူနှင့် လာတွေ့မည်ဟု ချိန်းထားသော မိတ်ဆွေကို သူ မတွေ့။

မိုး တဖြောက်ဖြောက် ရွာနေသော ထိုညက သူသည် မီးခိုးငွေ့များ တထောင်းထောင်း ထနေသည့် ဘီယာခန်း ထဲ၌ ထိုင်၍ ဘီယာ သောက်နေခဲ့ရသည်။ ပြီးတော့ နံရံ၌ သုတ်ထားသည့် ထုံးဖြူနံ့များနှင့် မှိုနံ့များကို ရှူရှိုက်ကာ စိုစွတ်စွတ် နိုင်လှန်းလှသော အိပ်ရာပေါ်၌ ကောင်းစွာ မအိပ်နိုင်ဘဲ တစ်ညတာ အချိန်ဖြုန်းခဲ့ရသည်။

နောက်တစ်နေ့ နေမထွက်မီ သူသည် အိပ်ရာမှ နိုးလာသည်။ ညက အိပ်ရေးမဝသဖြင့် စိတ်က ကြည်ကြည်သာသာ မရှိ။ ဆိုင်တံခါးက မဖွင့်သေး။ သော့ခတ်ပြီး ပိတ်ထားသည်။ သူသည် ဘီယာခန်း ပြတင်းပေါက်ကို ဖွင့်၍ ကျော်ခွ ဆင်းခဲ့သည်။ ရိုင်းမြစ်ကမ်းစပ် တစ်နေရာတွင် တွေ့ရသည့် လှေတစ်စီး ပေါ် တက်ကာ အရုဏ်တက်လုလုအချိန် ဟာဒ့သာ ဟင်းလင်း ဖြစ်နေသော မြစ်ပြင်ထက်၌ လှေကို လှော်၍ ထွက်ခဲ့လေသည်။

အတန်ကြာသောအခါ နောက်ချင်းသို့ ပြန်လှည့်၍ စိတ်ကူးသည်။ ထိုအခိုက်မှာပင် အနောက်ကလေး အလင်းဝေသည့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကမ်းခြေမှ လှေတစ်စီးဖြင့် သူ့ဘက်သို့ လာနေသော တံငါသည်တစ်ယောက်ကို မြင်သည်။ နီနှစ်ရောင် သန်းလျက်ရှိသော အလင်းရောင်အောက်တွင် တံငါသည်၏ ပုံပန်းသဏ္ဌာန်သည် မှုန်ဝါးဝါး။

တံငါသည်၏ တစ်ယောက်စီးလှေကလေး၏ အရွယ်အစားပမာဏသည် ပင်ကိုအနေအထားအတိုင်း မဟုတ်ဘဲ အဆမတန် ကြီးမားနေဟန် ပေါက်လျက်ရှိ၏။ မြင်လိုက်ရသည့် ရှုခင်းနှင့် ထူးဆန်းသော အလင်းရောင်သည် သူ့အား ညို့ယူဆွဲဆောင်ထားသည်။

သူ ငေးမောနေခိုက်မှာပင် တံငါသည်သည် သူနှင့် နီးလာသည်။ တစ်နေရာတွင် လှေကိုရပ်လိုက်ပြီး ရေထဲမှ ပိုက်ကွန်တစ်ခေါက် ဆွဲတင်သည်။ ငွေရောင်ထနေသော ငါးကြီးနှစ်ကောင်သည် ပိုက်နှင့်အတူတူ တလူးလူး တလွန့်လွန့်ဖြစ်ကာ ပါလာကြသည်။ ထို့နောက် ငါးနှစ်ကောင်စလုံး တံငါသည်၏ လှေဝမ်းထဲသို့ ဖြုန်းခနဲ ခုန်ဆင်းသွားကြသည်။

သူသည် တံငါသည်အား တစ်ခဏမျှ စောင့်ဆိုင်းရန် တောင်းပန်ပြီး ဆေးဘူးကို ကသောကမျော ထုတ်ကာ ရေဆေးဖြင့် ပုံကြမ်းတစ်ခု ဆွဲယူလိုက်၏။

ထိုနေ့က ဗာရာဂုသည် တစ်နေ့လုံး ရွာထဲတွင် ခို၍ ပုံကြမ်းလောင်းလိုက်၊ စာဖတ်လိုက်နှင့် အချိန်ကုန်ခဲ့သည်။ နောက်တစ်နေ့မနက်တွင် သူသည် ရွာပြင်ထွက်ကာ ပုံတစ်ချို့ ဆွဲသည်။ ထို့နောက် ခရီးဆက်ခဲ့သည်။



ထိုအချိန်မှစ၍ ဤပန်းချီကားရုပ်ပုံလွှာသည် သူ့စိတ်ထဲ၌ မကြာခဏ ပြန်ပေါ်လာသည်။ စိတ်ကူး အာရုံထဲတွင် ပေါ်လာလိုက် ပျောက်သွားလိုက်နှင့် စိတ်လက် ပင်ပန်းခဲ့ရ၏။ ထို့နောက်တော့ ရှုခင်း၏ ပုံပန်းသဏ္ဌာန်သည် ပီပီပြင်ပြင် ပေါ်လာသည်။ အခုဆိုလျှင်တော့ ဤပန်းချီကားကို သူ ဆွဲလာခဲ့သည်မှာ ရက်ပေါင်းအတော်ကြာခဲ့ပြီ။ လက်စသတ်နိုင်မည့် အခြေအနေသို့ပင် ဆိုက်ရောက်နေပြီ။

ထုံးစံအတိုင်းဆိုလျှင် သူသည် ကြည်လင်တောက်ပသော နေရောင်အောက် သို့မဟုတ် ပန်းခြံသစ်တောစသည့် နေရာများရှိ ပြောက်တိ ပြောက်ကျား အလင်းရောင်များထဲတွင် ပန်းချီ ဆွဲနေကျ ဖြစ်၏။ ထို့ကြောင့်လည်း အခု သူရေးဆွဲနေသည့် ပန်းချီကားထဲမှ ငွေရောင်သန်းနေသော အရောင်၏ အေးမြမှုသည် သူ့စိတ်ကို များစွာ ဒုက္ခပေးခဲ့သည်။

သို့သော်လည်း ဤအရောင်သည် သူ့ကို အရောင်အသွေးသစ် တစ်ခု သုံးရန် ညွှန်ပြခြင်း ဖြစ်သည်ကို တမြန်မနေ့ကမှ နားလည် သဘောပေါက်လာခဲ့၏။ အခုဆိုလျှင်တော့ ဤပန်းချီကား၏ အရောင် ထူးခြားမှုသည် ကောင်းသော လက္ခဏာ တစ်ရပ်ဟု မြင်လာသည်။ ယင်းအချက်သည် ပင်လျှင် ထူးခြားသော ဆန်းသစ်မှုတစ်ခုဟု လည်းကောင်း၊ ချီးကျူးအပ်သော သာမန် ပုံတူတစ်ခုထက် အဆင့်ပို၍ မြင့်နေသည့် သဘော ဆောင်နေသည်ဟု လည်းကောင်း နားလည်လာသည်။

တကယ်တော့ ဤပန်းချီကားထဲတွင် သဘာဝ၏ လျှို့ဝှက်နက်နဲမှု တင်ခဲ့သည် မှန်သားရောင် ထနေသော မျက်နှာပြင်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖောက်၍ စီးထွက်လာပြီး ပြုပြင် မွမ်းမံထားခြင်း မရှိသည့် စစ်မှန်မှု တစ်ခုကို အပြည့်အဝ ပေးနေသည် မဟုတ်ပါလော။

ပန်းချီဆရာသည် ပန်းချီကားကို စိတ်ဝင်တစား လေ့လာကာ သူ ပန်းချီကား ဆေးစပ်သည့် ပျဉ်ပြားပေါ်မှ အရောင်များကို ကြည့်၍ စဉ်းစားချိန်ဆလျက် ရှိသည်။ သူ့ ဆေးစပ်ပျဉ်ပြားသည် ယခင်က သုံးနေကျ ပျဉ်ပြားနှင့်မတူ၊ အနီရောင်များနှင့် အဝါရောင်များမှာ မရှိသလောက် ဖြစ်နေသည်။

ပုံထဲတွင် ရေနှင့်လေကို ဆွဲထားပြီး ဖြစ်၏။ မျက်နှာပြင်သည် အေးချမ်းပြီး ဆွဲဆောင်မှုမရှိသော အလင်းရောင်ထဲတွင် ရောက်နေသည်။ တစ်ဖက်ကမ်းပေါ်မှ ချုံပုတ်များနှင့် သစ်ပင်ငုတ်များသည် ရေခိုးရေငွေ့များထဲ၌ မျောနေကြသည့်နှယ် ရှိ၏။ ယင်းတို့၏ အရောင်များသည် လင်းတစ်ဝက် မှောင်တစ်ဝက်နှင့် ညိုပြာပြာအဆင်းကို ဆောင်နေကြသည်၊ စုတ်ချက် ခပ်ကြမ်းကြမ်း ပေးထားသော တစ်ယောက်စီး တံငါလှေ ကလေးသည် မူလရုပ်မျိုးမဟုတ်။ အစစ်အမှန်ပုံအတိုင်း မဟုတ်သလို ဖြစ်နေသည်။

တံငါသည်၏ မျက်နှာကတော့ အသက် မဝင်သလို မပီပြင်သလို ဖြစ်လျက် ရှိ၏။ ပိုက်ထဲမှ ငါးကို ဖမ်းယူရန် ဆန့်တန်းထားသော လက်သာလျှင် အသက်ဝင်လျက် ရှိသည်။ လှေနံရံ အထက်တွင် ခုန်ပျံနေသော ငါးကတော့ လင်းလက်နေသည်၊ ကျန်တစ်ကောင်ကတော့ လဲနေသည်။ ငါး၏ ပါးဖတ်သည် ဟနေသည်။ ပြူးထွက်နေသော မျက်လုံးများသည် သတ္တဝါ



တစ်ကောင်၏ ခံစားမှု တစ်ခုဖြစ်သော ကြောက်လန့်ခြင်းကို အပီအပြင် ဖော်ပြနေသည်။

ပန်းချီကား တစ်ခုလုံးသည် အေးဆေး တည်ငြိမ်သည်။ ဝမ်းနည်း ကြေကွဲခြင်းကို ဖော်ပြနိုင်လုနီးပါး အခြေအနေ၌ ရှိသည်။ သို့သော်လည်း ဆိတ်ငြိမ်လွန်းလှ၏။ အပြစ်ရှာ၍ မတွေ့နိုင်သည့် ဆိတ်ငြိမ်ခြင်းမျိုး ဖြစ်သည်။ နိမိတ်ပြ လက္ခဏာ အမှတ်အသားဆို၍ မပါသလောက်ပင် ဖြစ်သည်။ လုံးဝ မပါဘဲ နေပြန်ကလည်း အနုပညာ လက်ရာ တစ်ခုပါဟု ပြောနိုင်ရန် ခက်သဖြင့် ပါသည် ဆိုရုံကလေးမျှသာ ပါသည်။

ပန်းချီ ရုပ်ပုံလွှာသည် ကြည့်မြင်သူ၏ စိတ်ကို သဘာဝတရား၏ နားမလည်နိုင် လောက်အောင် ရှုပ်ထွေးသည့် အဖြစ်ကို ခံစား နားလည်စေနိုင်ရုံမျှ မက တအံ့တသြ ဘေးခေမာပြီး မြတ်နိုးတွယ်တာစိတ် ပေါ်လာအောင်လည်း ပြုနိုင်စွမ်း ရှိနေပေသည်။

ပန်းချီဆရာသည် သူ့ အလုပ်ခွင်တွင် နှစ်နာရီ နီးပါးမျှ ထိုင်မိသောအခါ သူ့ အစေခံက အပြင်မှ တံခါးခေါက်သည်။ သူ သခင်ထံမှ ဘာသံမှ မကြားရသည့်အခါကျမှ နံနက်စာကို ယူ၍ စတူဒီယိုထဲသို့ ဝင်လာသည်။ သူသည် လက်ထဲရှိ လင်ပန်းထဲမှ ရေနွေးအိုးများ၊ လက်ဖက်ရည် ပန်းကန်များနှင့် ပန်းကန်ပြားကို စားပွဲပေါ်သို့ အသံ မမြည်အောင် သတိထား၍ ချသည်။ ထို့နောက် မဝံ့မရဲ လေသံဖြင့် လှမ်းပြောသည်။

"မနက်စာ ပြင်ထားပြီး ပါပြီ ဟာဗာရဂ်

www.burmeseclassic.com



'လာပြီ'ဟု ပန်းချီဆရာက ရေရွတ်သည်။ သူသည် ခုန်ပျံ နေသော ငှက်၏ အမြီးပေါ်၌ သူ စောစောက ဆွဲထားခဲ့သည့် စုတ်ချက် တစ်ခုကို လက်မဖြင့် အသာအယာ ပွတ်၍ ဖျက်နေသည်။ 'ရေနွေး ရလော'ဟု မေးသည်။

သူသည် လက်များကို ရေနွေးဖြင့် ဆေးကြောပြီး ခါမှ ကော်ဖီ စားပွဲတွင် ဝင်ထိုင်သည်။

'ရောဘတ်ရေ၊ ငါ့အတွက် ဆေးတစ်ဆုံလောက် ထည့်ပေးဦး'ဟု ရှင်လန်းသော လေသံဖြင့် လှမ်းပြောသည်။ 'ဒီတစ်ခါ ဆေးတံ အသေးကလေးနှင့် ထည့်နော်၊ ဆေးတံက အိပ်ခန်း ထဲမှာ ရှိတယ်'

ရောဘတ် အခန်းထဲမှ ထွက်သွားသည့်အခါ ဗာရာဂုသည် ကော်ဖီကို ခါးခါးဖျော်ပြီး အရသာခံ၍ သောက်သည်။ စောစောက ပန်းချီကားပေါ်တွင် ကိုယ်ရောစိတ်ပါ အားစိုက် ထားခဲ့ရသဖြင့် ဖြစ်ပေါ်နေသည့် ရှိခဲ့ဝေ နောက်ကျိကျိ ဝေဒနာနှင့် ပင်ပန်း နွမ်းနယ်မှုတို့သည် နံနက်ခင်း မြူနှင်းများ ပြယ်သည့်နှယ် ပျောက်ကွယ် သွားလေသည်။

သူသည် ရောဘတ် လက်ထဲမှ ဆေးတံကို ယူ၍ ပါးစပ်တွင် တပ်လိုက်သည်။ ရောဘတ်က မီးညှိပေးအပြီးတွင် အားရပါးရ ဖွာ...က်သည်။ တသင်းသင်း ပျံ့နေသော ဆေးနံ့ကို အရသာခံ၍ ရှူသည်။ ကော်ဖီခါးခါးမှ ရထားသည့် အာနိသင်သည် ပို၍ ထိရောက်လာသည်။

'မင်း ငယ်ငယ်တုန်းက ငှက်များဖူးတယ် မဟုတ်လား ရောဘတ်'ဟု မေးသည်။



'များဖူးပါတယ် ဟာဗာရာဂု'

'မင်း ဟို ပန်းချီကားထဲက ငှက်ကို ကြည့်စမ်း၊ လေထဲမှာ ခုန်နေတဲ့ ငှက် မဟုတ်ဘူး၊ ပါးစပ် ပြနေတဲ့ ငှက်ကို ပြောတာ၊ ပါးစပ်ဟပုံ အနေအထား မှန်ရဲ့လား'

'မှန်ပါတယ် ခင်ဗျာ'ဟု သံသယ မကင်းသော လေသံဖြင့် ပြောသည်။ 'ဒါပေမယ့် ကျွန်တော့်ထက် ဟာဗာရာဂုက ပိုပြီး သိမယ် ထင်ပါတယ်'ဟု ရောဘတ်က ထပ်ပြောသည်။

ပန်းချီဆရာ၏ မေးခွန်းထဲတွင် သရော်သံ ပါသည်ဟု ထင်နေဟန်တူသော ရောဘတ်၏ လေသံတွင် မကျေနပ်သံ ပါလျက် ရှိလေသည်။

'မဟုတ်သေးဘူး ရောဘတ်၊ မင်း ပြောလိုက်တဲ့ စကားဟာ မမှန်ဘူး၊ အသက် ဆယ့်သုံးနှစ် ဆယ့်လေးနှစ်အရွယ် သူငယ် ဘဝမှာဆိုရင် အရာဝတ္ထုတွေကို မြင်ပုံဟာ တစ်မျိုးကွ၊ ထင်ရှား ပြတ်သားမှုနှင့် သန့်စင် လတ်ဆတ်မှုကိုသာ အဓိက ထားပြီး မြင်ကြတယ်၊ နောက်ပိုင်းဘဝကျတော့ သူဟာ အဲဒီ အတွေ့အကြုံကို ပြန်ပြီး အားပြုရတယ်၊ ငါ ငယ်ငယ် တုန်းက လုံးဝ ငှက် မများခဲ့ဖူးဘူး၊ ဒါကြောင့် မင်းကို ရိုးရိုး သားသား မေးတာ၊ ငှက်ရဲ့ နှာခေါင်း အနေအထား မှန် မမှန် ငါ့ကို ပြောပြစမ်းပါ'

'ကောင်းပါတယ်ခင်ဗျာ၊ လုံးဝ မမှားပါဘူး၊ မှန်ပါတယ်' ဟု ရောဘတ်က ဖြေသည်။

ဗာရာဂုသည် မတ်တတ် ရပ်လိုက်ပြီး သူ့ ပန်းချီကားကို စိုက်ကြည့်နေသည်။ ရောဘတ်က သူ့ဆရာကို အကဲခတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ ဆရာ၏ မျက်လုံးများထဲ၌ တည်ရှိနေသည့် အာရုံ စူးစိုက်မှုကို သူ တွေ့ခဲ့ဖူးပေါင်း များပြီး ဤ အကြည့်သည် ကြောင်တောင်တောင် ငေးတေးတေး အကြည့်မျိုးနှင့် ဆင်သည်။ သူ၊ ကော်ဖီနှင့် စကား ပြောခဲ့ကြသည် များသည် သူ့ဆရာ ဗာရာဂု၏ စိတ်ထဲတွင် မရှိတော့။

အကယ်၍ သူက စကား ပြောလိုက်ပါမူ သူ့ဆရာသည် အိပ်မော ကျနေရာမှ လန့်နိုးလာသလို ဖြစ်တော့မည်။ သို့သော်လည်း ထို အဖြစ်မျိုး ပေါ်ပေါက်လာပါက အန္တရာယ်ကြီးမားလိမ့်မည် ဖြစ်၏။ စားပွဲပေါ်မှ ပစ္စည်းများကို ဖြည်းဖြည်း သာသာ သိမ်းဆည်း ရှင်းလင်းနေသော ရောဘတ်သည် သူ ချပေးထားသည့် စာများကို သူ့ဆရာ အခုအချိန်အထိ မဖတ်သေးမှန်း သိလာသည်။

'ဟာဗာရာဂု ခင်ဗျာ'ဟု ရောဘတ်က လေသံ တိုးတိုးဖြင့် အသံပေးသည်။

ဗာရာဂုသည် ကြက်သွယ်လို့တော့ ရသေး၏။ သူသည် ဒေါသ မကောင်းသည့် အကြည့်နှင့် နောက်သို့ လှည့်ကြည့်လိုက်သည်။ သူ့ မျက်နှာထားသည် အိပ်ပျော်လှနိုးပါး ဖြစ်နေရာမှ လန့်နိုးလာသည့် လူ တစ်ယောက်နှင့် တူလျက် ရှိလေသည်။

'စာတွေပါခင်ဗျာ'

ထိုစကား ပြောအပြီးတွင် ရောဘတ်သည် အခန်းထဲမှ ထွက်သွားသည်။ ဗာရာဂုသည် အပြာနုရောင် ဆေးဘူးကို ယူ၍ ဆေးစပ်ပျဉ်ပြားပေါ်သို့ ဆေးရည် နှစ်စက် သုံးစက်မျှ



ညှစ်ချလိုက်သည်။ ပြီး ဆေးဘူးကို စားပွဲပေါ် ပြန်တင်လိုက်သည်။ ထို့နောက် ဆေးရောင်များကို စပ်သည်။

သို့သော်လည်း သူ့စိတ်သည် ရောဘတ်၏ သတိပေးစကားဆီသို့ ရောက်နေသဖြင့် မငြိမ်မသက် ဖြစ်နေသည်။ သူသည် လက်တွင်းမှ ဆေးစပ်ပျဉ်ပြားကို ပြန်ချထားလိုက်ပြီး စာများကို ကောက်ယူလိုက်သည်။

ထုံးစံအတိုင်း အလုပ်နှင့် ပတ်သက်သော လာနေကျ စာများ ဖြစ်သည်။ စုပေါင်းပန်းချီပြပွဲ တစ်ခုတွင် ပါဝင် ပြသဖို့ ဖိတ်ကြားသည့် စာချင်ခေါင်၊ သူ့ကိုယ်ရေးရာဇဝင်ကို ထည့်လို၍ တောင်းခံသည့် သတင်းစာတိုက် တစ်တိုက်မှ စာတစ်စောင်။ ပြီးတော့.... သူ့ရင်ထဲတွင် ဝမ်းသာစိတ် ဖြင့် ထိတ်ခနဲ ဖြစ်သွားသည်။ စာအိတ်ပေါ်မှ လက်ရေးကို မြင်ရှုမှုဖြင့် ဘယ်သူ့ဆီက စာဆိုတာ သူ သိသည်။

သူသည် စာအိတ်ကို ကောက်ယူလိုက်ပြီး လိပ်စာကို တစ်လုံးချင်း ဖတ်သည်။ စာတိုက် တံဆိပ်ကို ရှာဖွေသည်။ တံဆိပ်ခေါင်းကတော့ အီတလီနိုင်ငံမှ ဖြစ်၏။ နေပယ်လ်မြို့မှလား၊ ဂျီနိုအာမြို့မှလား၊ ဒါဆိုလျှင်တော့ သူ့မိတ်ဆွေသည် ဥရောပဘက်၌ ရောက်နေသည်မှာ ထင်ရှားသည်။ သူနှင့် ဝေးကွာသည့်နေရာ၌ မဟုတ်တော့သဖြင့် ရက်အနည်းငယ်အတွင်း သူ့ထံ ရောက်လာလိမ့်မည်ဟု မျှော်လင့်နိုင်သည်။

သူပျော်ရွှင်သော စိတ်ဖြင့် သူသည် စာအိတ်ကို ဖောက်သည်။ ဖြောင့်တန်းညီညာသော လက်ရေးများကို ရွှင်လန်းမြူးကြွသော စိတ်ဖြင့် ကြည့်သည်။ နိုင်ငံရပ်ခြားသို့ ရောက်နေလို့ ရှိသော

www.burmeseclassic.com

www.burmeseclassic.com



သူ့မိတ်ဆွေများ ထံမှ စာများသည် တစ်ခါတစ်ရံမှသာ ရောက်လာတတ်ခြင်း ဖြစ်၏။

သူ မှတ်မိသလောက် ဆိုပါက ပန်းချီဆွဲနေချိန်၊ သူ့သား ပိုင်ရီနှင့် အချိန်ဖြုန်းနေရသည့် အချိန်များနှင့် သူ့ မိတ်ဆွေ များထံမှ စာရောက်လာချိန်များ၌သာ သူ့စိတ်သည် သာယာ ပျော်ရွှင်ခဲ့ရ၏။ အခုလည်း သူ့မိတ်ဆွေထံမှ စာရောက်လာ သဖြင့် တစ်ကြိမ်ထပ်၍ ပျော်ရပြန်ပြီ။

စာကိုကြည့်၍ ပျော်ရွှင်မှုံးထူးနေသည့် ကြားမှပင် အချစ် ကင်းမဲ့ပြီး ခြောက်ခန်းနေသည့် သူ့ဘဝကို တွေးမိကာ ရှက် စိတ်နှင့် မသာယာသောစိတ်များ ဝင်လာသေးသည်၊ သူသည် စာကို ခပ်ဖြည်းဖြည်း ဖတ်သေသည်၊

နေပယ်လ်မြို့

ဇွန် ၂ ရက်၊ ည

ချစ်သော ဂျိုဟန်

ထုံးစံအတိုင်းပါပဲ၊ အဆီများတဲ့ စပါဂက်တီ အီတလီ ခေါက်ဆွဲကြော်ကို ပါးဖြုန်းဖြုန်းစား၊ အီတလီ ဝိုင်အရက်ကို သောက်၊ ဝိုင်အရက်ဆိုင် အပြင်ဘက်က တစာစာ အော်ဟစ် နေကြတဲ့ လမ်းဘေးဈေးသည်တွေရဲ့ အသံကို နားထောင်၊ ဒါတွေဟာ ကျွန်တော်နောက်တစ်ကြိမ် ထပ်မံ ဆုံတွေ့နေရတဲ့ ဥရောပ ယဉ်ကျေးမှုရဲ့ အရိပ်လက္ခဏာတွေပဲ။



နေပယ်လ်မှာတော့ ငါးနှစ်အတွင်း ဘာတစ်ခုမှ အပြောင်း အလဲ မရှိဘူး။ စကော်ပူတို ရှန်ဟဲတို့ထက် အပြောင်းအလဲ နည်းတာ အမှန်ပဲ။ ကျွန်တော်ကတော့ ဒါကိုပဲ ကောင်းတဲ့ လက္ခဏာတစ်ခုလို့ မြင်တယ်၊ ဒါကို ကြည့်ပြီး ကိုယ့်အမိနိုင်ငံ မှာလည်း အရာရာ တိုင်း ဟာ ပုံ မှန် အနေအထား မှာပဲ ကောင်းမွန်စွာ ရှိနေလိမ့်မယ်လို့ မျှော်လင့်မိတယ်၊

သန်ဘက်ခါဆိုရင် ကျွန်တော်တို့ ဂျီနိုအာမြို့ကို ရောက် တော့မယ်၊ ကျွန်တော့်ဘူနှင့် အဲဒီမှာ ဆုံကြမယ်၊ ဘူ ငရီး နှစ်ယောက် ဆွေမျိုး ဉာတိတွေဆီ အလည်သွားကြမယ်လေ။

ဆွေမျိုးအသိုင်းအဝိုင်းမှာကတော့ သိပ်ပြီး ကြာကြာနေဖို့ စိတ်မကူးနိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် လွန်ခဲ့တဲ့ လေးနှစ် အတွင်းမှာ ကျွန်တော့် ဝင်ငွေဟာ လျော့သွားတယ်၊ ဟာဝန့်ဝတ္တုရား အရတော့ ဆွေမျိုးတွေဆီမှာ လေးရက် ငါးရက်လောက် နေမယ်လို့ စိတ်ကူးထားတယ်။

အဲဒီနောက်တော့ အလုပ်ကိစ္စ တစ်ခုအတွက် ဟော်လန် နိုင်ငံကို သွားမယ်၊ ငါးရက် ခြောက်ရက်လောက် နေမယ်၊ ဒါကြောင့်မို့ ဆယ့်ခြောက် ရက်နေ့ လောက်မှာ ခင်ဗျားဆီ ကျွန်တော် ရောက်လာဖို့ ရှိတယ်။ ခင်ဗျားဆီကို ကျွန်တော် ကြေးနန်းရိုက်[illegible]လေ။ ကျွန်တော် ခင်ဗျားနှင့် အတူတူ အနည်းဆုံး ဆယ်ရက် ဆယ့်ငါးရက်လောက် နေဖြစ်မယ်၊ ခင်ဗျား အလုပ်တော့ ပျက်မှာပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားသည်း နာမည် အတော်ကို ကျော်ကြားနေပြီ။ တကယ်လို့သာ လွန်ခဲ့တဲ့ ငါးနှစ် နှစ်ဆယ်လောက်က ခင်ဗျား ပြောခဲ့ပြောထားတဲ့ အောင်မြင်မှု အကြောင်းဟာ မှန်ကန်ခဲ့ရင် ခင်ဗျားဟာ အခုဆို ရှုံးနေလောက်ပြီလို့ ထင်တယ်။

ကျွန်တော် ခင်ဗျား ဆီက ပန်းချီကား တချို့ ဝယ်ဖို့ စိတ်ကူး ထားတယ်။ ရှေ့နားမှာ ကျွန်တော့်ရဲ့ စီးပွား အခြေအနေကို ဖော်ပြထားတာဟာ ခင်ဗျားရဲ့ ပန်းချီကား တွေကို ဈေးတင်မထားအောင် ထိုးစစ်ဆင်ထားတာပဲဗျို့။

ကျွန်တော်တို့ အဘိုးကြီးတွေ ဖြစ်ကုန်ပြီ ဂျိုဟန်၊ အခု တစ်ကြိမ် ပင်လယ်နီကိုဖြတ်တာဟာ ကျွန်တော်ရဲ့ ဆယ့်နှစ် ကြိမ်မြောက် ဖြတ်ခြင်းပဲ။ ဒီတစ်ခေါက်မှာတော့ ကျွန်တော် ဟာ ပထမဆုံးအကြိမ် အပူဒဏ်ကို အလူးအလှိမ့် ခံရတယ်။ အပူချိန်ကလည်း အရိပ်ထဲမှာတောင် ၁၁၅ ဒီဂရီ ရှိနေ တယ်။

ဖြိုးစားပေါ့ဗျာ။ ကျွန်တော် ခင်ဗျားနှင့် နေ့မှာက နှစ်ပတ်တည်းပေါ့။ ခရေ့ဆဲလ် အရက်တစ်ပုလင်းဖိုးတော့ ခင်ဗျား အကုန်ခံရတော့မှာပဲ။ လူချင်းမဆုံမိကြတာလည်း လေးနှစ် ကျော်လာပြီ မဟုတ်လားဗျာ။

စာသည့်ရင်တော့ ဆယ်ဒလေး၊ အန္တဝက်၊ ဥရောပကိုဘယ် ဆိုရင် ကျွန်တော့်ဆီ ရောက်ပါတယ်။ တကယ်လို့ ခင်ဗျား ဆီမှာ ကျွန်တော့်ကို ပြချင်တဲ့ ပန်းချီကားတွေရှိရင် ကြိုပြီး အသိပေးပါ။

ခင်ဗျားရဲ့ အော်တို



ဂျာရာဂုသည် စာကို နောက်တစ်ကြိမ်ထပ်၍ ဖတ်ပြန်သည်။ အခန်းထောင့်ရှိ စားပွဲအံဆွဲထဲမှ ပြက္ခဒိန် တစ်ခုကို ထုတ်ယူပြီး ကြည့်သည်။ ကြည့်နေရင်းမှာပင် ရှင်လန်း မြူးထူးသော စိတ်ကြောင့် ခေါင်းတညိတ်ညိတ် လုပ်နေသည်။

လလယ်ခန့်အထိ သူ၏ပန်းချီကား နှစ်ဆယ်ကျော်ကျော်ကို ဘာရပ်ဆဲလ်မြို့ ပြပွဲ၌ တင်ထားလိမ့်မည် ဖြစ်သည်။ ဒီတစ်ချက် ကတော့ ကောင်းသည်ဟု သူ ထင်သည်။

သူ့သူငယ်ချင်း အော်တိုသည် အလွန် မျက်စိအမြင် စူးရှသူ ဖြစ်သည်။ သူနှင့်သာ လူချင်း ဆုံမိကြမည်ဆိုပါက လွန်ခဲ့သော နှစ်အနည်းငယ် အတွင်းက စပြီး အကြီးအကျယ် ပျက်စီးခဲ့ ရသည့် သူ့ ဘဝကိုပင် သူ ဖုံးကွယ်၍ ရနိုင်လိမ့်မည် မဟုတ်။

မည်သို့ပင် ဖြစ်စေကာမူ သူ့ သူငယ်ချင်း အနေဖြင့် ဘာရပ်ဆဲလ် ပြခန်းမှ သူ့ ပန်းချီကားများကို မြင်ရလျှင် သူ့ အပေါ် အမြင်ကောင်းဖို့ ရှိ၏။ ထိုအမြင်မျိုးသာ ရှိလာလို့ ကတော့ သူ့ အနေဖြင့် ဂုဏ်ယူဖို့သာ ရှိသည် ထင်၏။

ဘာရပ်ဆဲလ် ပြခန်း ထဲ၌ လျှောက် သွား ပြီး သူ၏ အကောင်းဆုံး လက်ရာများဖြစ်သည့် ပန်းချီ ကားချပ်များကို စိတ်ဝင်တစားကြည့်နေသော အော်တိုကို သူ မြင်ယောင်မိသည်။ ဂျာရာဂုသည် သူ အတွေးနှင့်သူ သူ့ ပန်းချီကားကြီးများကို ဘရပ်ဆဲလ် ပြပွဲသို့ ပို့ခဲ့မိသည့်အတွက် ဝမ်းသာနေမိ၏။

သူသည် ချက်ချင်းပင် အန္တဝက်ရှိ သူ့မိတ်ဆွေ အော်တို ထံသို့ စာတစ်စောင် ကောက်ရေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလူ အားလုံးကို မှတ်မိနေတာ ပါလား'ဟု တွေးသည်။ 'သူ ပြောတာ ဟုတ်သားပဲ၊ ငါတို့နှစ်ယောက် နောက်ဆုံး တစ်ကြိမ် တွေ့ကြတုန်းက မော့ဆဲလ် အရက်ပဲ ချခဲ့ကြတာ၊ တစ်ညဟာများ သောက်လိုက်ကြတာ ဝက်ဝက်ကို ကွဲရောပဲ'

ထိုအဖြစ်ကို သတိရလိုက်သည့်အခါ သူ့ အိမ် မြေအောက်ခန်းထဲ၌ မော့ဆဲလ်အရက် မရှိတော့သည်ကို သတိရလာသည်။ သူသည် ထိုနေ့မှာပင် မော့ဆဲလ်အရက် ထပ်၍ ဝယ်ထားရန် ဆုံးဖြတ်လိုက် လေသည်။

ထို့နောက် သူသည် ဆဲ့လက်စ ပန်းချီကား ရှေ့၌ ပြန်ထိုင်သည်။ သို့သော်လည်း သူ့ စိတ်သည် အလုပ်အပေါ် အာရုံ စူးစိုက်၍ မရ။ ပျံ့လွင့်လျက် ရှိသည်။ မဖိတ်ခေါ်ဘဲနှင့် ရောက်လာတတ်သော စိတ်ကူးကောင်းများ မှာလည်း သူ့ ခေါင်းထဲသို့ ဝင်မလာ။ သူသည် စုတ်တံများကို ဖန်ဘူးထဲသို့ ပြန်ထည့်သည်။ သူ့ မိတ်ဆွေ၏ စာကို အိတ်ကပ်ထဲ ထည့်ကာ အပြင်သို့ ထွက်ခဲ့သည်။

နွေဦးရာသီ၏ တိမ်ကင်းစင်နေသော ကောင်းကင်ထက်ရှိ နေရောင်အောက်တွင် ကန်ရေပြင်သည် တလက်လက် တောက်နေသည်။ နေရောင်ခြည် ပက်ဖျန်းထားခြင်း ခံနေရသည့် ပန်းခြံထဲမှ ငှက်မျိုးစုံ တွန်ကျူးသံများသည် ပတ်ဝန်းကျင်တွင် ပျံ့လွင့် နေကြလေသည်။

သူသည် နာရီကို တစ်ချက် ကြည့်သည်။ သူ့ သားငယ် ပိုင်ရီ၏ နံနက်ခင်း စာသင်ချိန် ပြီးဆုံးသွားပြီ ဖြစ်၏။ သူသည် ရည်ရွယ်ချက် မရှိဘဲ ပန်းခြံထဲဝင်ကာ ခြေဦးတည့်ရာ လျှောက်



သွားသည်။ နေရောင် အစက် အပြောက်များ ကျနေသည့် ခြေလှမ်းများကို ငုံ့ကြည့်သည့်အခါ ကြည့်သည်၊ အိမ်ကြီးဘက်မှ အသံဗလံများကို နားစွင့်သည့်အခါ စွင့်သည်၊

သူသည် ပိုင်ရီ၏ ဒန်းနှင့် သဲပုံများရှိရာ ကစားကွင်းကို ကျော်ဖြတ်လာသည်။ နောက်ဆုံးတွင် စဖိုဆောင် ဥယျာဉ်ဘက်သို့ ရောက်လာသည်။ မြင့်မားလှသော သစ်အယ်ပင်ထိပ်ဖျားများကို မော့ကြည့်သည်။ ထူထပ် သိပ်သည်းလှသော အရွက်များသည် အရိပ် အာဝါသ ကောင်းကောင်းကို ပေးလျက်ရှိ၏။ ပန်းခြံစည်းရိုးရှိ နှင်းဆီဖူးများပေါ် ဝဲပျံနေကြသည့် ပျားတို့၏ အသံကိုပင် သူ ကြားနေရသည်။

အိမ်ကြီးထဲရှိ နာရီအိုကြီးဆီမှ နာရီထိုးသံများ ထွက်လာသည်။ ထိုးလိုက်သည့် အရေအတွက်သည် မှားနေသည်။ ဗာရာဂု၏ စိတ်သို့ ပိုင်ရီ ရောက်လာပြန်၏။ ပိုင်ရီသည် သူကြီးလာလျှင် ထို ရှေးဟောင်း နာရီကြီးကို ပြင်မည်ဟု မကြာခဏ ပြောခဲ့ဖူးသည် မဟုတ်ပါလား။

ထို့နောက် ခြံစည်းရိုး၏ အခြားတစ်ဖက်မှ ခြေသံများနှင့် စကားပြောသံများသည် ပျားတို့၏ တဝီးဝီး အော်မြည်သံများ၊ ငှက်တို့၏ တွန်ကျူးသံများနှင့် ရောကာ ဗာရာဂုထံ ရောက်လာသည်။ သူ့ မိန်းမနှင့် သူ့ သားငယ် ပိုင်ရီတို့၏ အသံများ ဖြစ်၏။ သူသည် အသာရပ်ကာ စိတ်ဝင်တစား နားထောင်နေမိသည်။

www.burmeseclassic.com



'အသီးတွေက မှည့်မှ မမှည့်သေးတာ၊ နောက်ထပ် ရက် နည်းနည်းလောက်တော့ စောင့်ရမှာပေါ့ သားရဲ့'အမေ၏ အသံကို သူ ကြားရသည်။

သားငယ်၏ ရယ်သံ ပေါ်ထွက်လာသည်။ အလွန် ငြိမ်ဆိတ် အေးချမ်းနေသည့် အချိန်၊ စိမ်းလန်း စိုပြည်သော ဥယျာဉ် ကလေး တစ်ယောက်၏ ပရိယာယ်ကင်းသော ရယ်မောသံ၊ ဤ အရာအားလုံးကို စုစည်းမိသောအခါ ဗာရာဂုသည် အလှမ်း ဝေးကွာသွားပြီ ဖြစ်သော အတိတ်ဘဝမှ သူ၏ ကလေးဘဝကို ပြန်၍ မြင်ယောင်မိသည်။

သူသည် ခြံစည်းရိုး အနီးသို့ တိုးကပ်သွားပြီး သစ်ရွက်များ ကြားမှ ချောင်းကြည့်သည်။ သူ့ မိန်းမသည် နံနက်ခင်း ဝတ်စုံ ဝတ်ထားသည်။ ပန်းညွှပ် ကတ်ကြေး ကိုင်ကာ နေရောင် အောက်၌ ရပ်နေသည်။ သူ့ လက်တစ်ဖက်တွင် အညိုရောင် ဆွဲခြင်းတစ်လုံး ချိတ်ထားသည်။ သူ ရပ်နေသည့် နေရာမှ ခြေလှမ်း နှစ်ဆယ်ပင် ဝေးမည်မဟုတ်။

ဗာရာဂုသည် သူ့ မိန်းမကို တစ်ခဏမျှ စူးစူးစိုက်စိုက် ကြည့်နေခဲ့သည်။ သူ့ မိန်းမသည် လိုယ်က်ကိုင်ကာ ပန်းပွင့်များ ဆီသို့ ငုံ့လိုက်သည်။ ထင်းမ ာသွန်းသဖြင့် စွဲမက်ဖွယ်ရာ မရှိတော့ သလို ဖြစ်နေသော မျက်နှာသည် ကောက်ရိုး ဦးထုပ်နှင့် ကွယ်သွားသည်။

'အဲဟိုမန့်နဲ့တွေကို ဘယ်လိုခေါ်လဲ မေမေ' ဟု ပိုင်ရီက မေးသည်။ အလင်းရောင်သည် ပိုင်ရီ၏ အညိုရောင်ဆံပင်ပေါ်၌ လှုပ်ရှားလျက် ရှိသည်။ သူ့ ခြေထောက်များသည် ဂိန်သေးသေး၊



နေလောင်ထားသဖြင့် နီရဲနေကြသည်။ သူ ခါးကုန်းလိုက်သည့် အခါ ခပ်ပွပွအင်္ကျီသည် အပေါ်သို့ တက်သွားပြီး ဖြူဖွေးသော ကျောကို လှစ်ပြသလို ဖြစ်သွားသည်။

'ဇော်မွှားပန်းကွယ့်'ဟု အမေက ပြန်ပြောသည်။

'အို ဟုတ်တာပေါ့၊ သားသား သိတာပဲ'ဟု ပိုင်ရီက ပြော သည်။ 'ပျားတွေကကော ဒီပန်းကို ဘယ်လို ခေါ်ကြသလဲ ဆိုတာ ကျွန်တော် သိချင်တယ်၊ သူတို့ပျားတွေရဲ့ စကားနှင့် ဒီပန်းကို ခေါ်တဲ့နာမည်တော့ ရှိမှာပဲ'

'ရှိမှာပေါ့ သားရဲ့၊ ဒါပေမယ့် မေမေတို့ ဘယ်လိုလုပ်ပြီး သိနိုင်မလဲ၊ ပျားတွေသာ သိမှာပေါ့၊ သူတို့အနေနှင့် ပျားရည် ပန်းလို့ ခေါ်ချင်ခေါ်မှာပေါ့'

ပိုင်ရီသည် သူ့ အမေ စကားကို စဉ်းစားနေသည်။

'ဒါဆိုရင် ဘယ်ကောင်းမလဲ'ဟု မှတ်ချက်ချသည်။ 'သူတို့ ပျားရည်ရှာတဲ့အခါ တခြား ပန်းတွေထဲမှာလည်း အများကြီး ရှိတာပဲ၊ ဒါဆိုရင် ပန်းအားလုံးကို ဒီနာမည် တစ်မျိုးတည်း ပေးထားလို့ ဘယ်ဖြစ်ပါ့မလဲ'

ပိုင်ရီသည် ဇော်မွှားပန်းတစ်ပွင့်ထက်မှ ဝဲပျံနေသည့် ပျား တစ်ကောင်ကို စိတ်ဝင်တစား ကြည့်နေသည်။ ပျားသည် အတောင်များကို ဖြန့်ကာ ပန်းပွင့်အထက် သေထဲ၌ ရပ်နေ သည်။ ထို့နောက် ပန်းပွင့်ထက်သို့ ဆင်းသည်။

'ပျားရည်ပန်းတွေ'ဟု ရေရွတ်ပြီး ငြိမ်နေသည်။ အလှဆုံးနှင့် စိတ်ဝင်စားစရာ အကောင်းဆုံးသော အရာများသည် သိ နားလည်ရန် ခက်ခဲရုံမျှမက ရှင်းပြရန်လည်း ခက်ခဲသည်ဟူသော

www.burmeseclassic.com

www.burmeseclassic.com



အချက်ကို သူ ရှာဖွေ တွေ့ရှိ ထားခဲ့သည်မှာ အချိန်ကာလ အားဖြင့် ကြာမြင့်ခဲ့ပြီ မဟုတ်ပါလား။

ဗာရာဂုသည် ခြံစည်းရိုး နောက်ကွယ်မှ ရပ်ကာ ဆက်၍ နားစွင့်နေသည်။ သူသည် တည်ငြိမ် အေးအေးလွန်းလှသော သူ့ မိန်းမ၏ မျက်နှာနှင့် သိမ်မွေ့ နူးညံ့ပြီး ခင်တွယ်စရာ ကောင်းလှသော သူ့ သားငယ်၏ မျက်နှာကို သေသေချာချာ ကြည့်သည်။

သူ့ အတွေးသည် သူ၏ ပထမ သားကလေး အဝက နေ့ရာသီများဆီသို့ ရောက်သွားသည်။ ထိုအခါ သူ့ နှလုံးသားသည် တင်းမာလာသည်။ သူ့ အနေဖြင့် သားကိုရော အမေကိုပါ ဆုံးရှုံးခဲ့ရပြီးပြီ ဖြစ်၏။

သို့သော်လည်း ဤသားကလေးကိုတော့ အဆုံး မခံနိုင်။ ဘယ်နည်းနှင့်မှ လက်လွှတ်ခံ၍ မဖြစ်။ ခြံစည်းရိုးနောက်ကွယ်မှ ဘုန်း ထစ်ဆောက်သဖွယ် သူ့ သားငယ်ကို ထောက်လှမ်းရလိမ့်မည်။ သူ့ အပေါ် တွယ်တာနေအောင် ဆွဲဆောင် သိမ်းသွင်းရလိမ့်မည်။ ဤသားငယ်အပေါ်တွင် သူ့ ဘက်က အသာစီး ရနေအောင် အားထုတ်ရလိမ့်မည်။ အကယ်၍ ဤသားငယ်သာ သူ့ အပေါ်မှ ထွက်ပြေးသွားမည် ဆိုပါက ဤကမ္ဘာလောကကြီးထဲတွင် သူ အသက်ရှင်နေလိုစိတ် ရှိတော့မည် မဟုတ်။

ဗာရာဂုသည် အသံမကြားအောင် နောက်ပြန်ဆုတ်သည်။ မြက်ပင်များပေါ်မှ ဖြတ်လျှောက်ကာ သစ်ပင်အုပ်အုပ်များ အောက်သို့ ဝင်ခဲ့သည်။



အခုလို စည်းမဲ့ကမ်းမဲ့ လျှောက်သွားနေတာဟာ ငါလုပ်သင့်တဲ့အလုပ် မဟုတ်ဘူးဟု ဒေါသစိတ်ဖြင့် တွေးပြီး သူ့စိတ် သူတင်းသည်။ သူသည် စိတ်မပါတပါ ဖြစ်နေခြင်းကို အနိုင်ရအောင် ထိန်းချုပ်ပြီး ပန်းခြံကားဆီသို့ ပြန်လာသည်။ သူ အဓိကလုပ်ရမည့် အလုပ်မှ ဝေးရာသို့ ပြေးသွားနေချင်သည့် စိတ်ကို အတင်းအဓမ္မ ပျောက်အောင် ဖျောက်သည်။ သူ၏ ကိုယ်အားစိတ်အား နှစ်အားစလုံးကို လတ်တလော လုပ်ရမည့် အလုပ်အပေါ် စူးစိုက်နိုင်အောင် ဇွတ်ကြိုးစားသည်။

သူ အိမ်ကြီးဘက်သို့ နေ့လယ်စာစားဖို့ သွားရမည် ဖြစ်သဖြင့် မှန်းတည့်ချိန်နီးလာသောအခါ အဝတ်အစား လဲသည်။ မုတ်ဆိတ်မွှေးရိတ်သည်။ ဆံပင်ကို ကျကျနန ဖြီးသည်။ အပြာရောင် ဝတ်စုံကို ဝတ်သည်။ အခုလိုဆိုတော့လည်း အသက်ပြန်၍ နုပျိုငယ်ရွယ် မသွားသည့် တိုင်အောင် သန့်စင် လတ်ဆတ်မှုကတော့ ရှိမည်။ စတူဒီယိုဝတ်စုံ ဝတ်ထားသည်နှင့်စာလျှင် အခုလို ဝတ်စားဆင်ယင် ထားခြင်းက ပို၍ ခံ့ညားဖွယ်ရာ ရှိသည်။

သူသည် ကောက်ရိုးဦးထုပ်ကို လှမ်းယူလိုက်ပြီး တံခါးဆီသို့ သွားသည်။ တံခါးကို ဖွင့်တော့မည်ဆဲဆဲမှာပင် တံခါးသည် ပွင့်သွားပြီး ပိုင်ရီ ဝင်လာလေသည်။

'ပိုင်ရီ သား၊ ငေး နေကောင်းရဲ့လား၊ မင့်ဆရာကော ကောင်းကောင်းရဲ့လား'

'ဆရာက သဘောတော့ ကောင်းတယ်၊ ဒါပေမယ့် ပန်းချီကြီး သူ ပုံပြောရင် ချော်စရာ မကောင်းဘူး၊ သင်ခန်းစာပေး သင်နေသလိုပဲ၊ ပုံပြင်အဆုံးကျရင် ကလေးကောင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ဟာ ဒီလိုလုပ်ရမယ် ဟိုလိုလုပ်ရမယ်လို့ ပြောတာချည်းပဲ ဖေဖေကော ပန်းချီမဆွဲဘူးလား ဟင်’

‘ဆွဲတာယ် သား၊ ဟို ငါးတွေပုံကို ဆက်ဆွဲတာ ပြီးခါနီး နေပြီ၊ ငါ့သား မနက်ဖြန်ကျမှ ကြည့်ပေါ့’

သူသည် သားငယ်၏လက်ကို ဆွဲကာ အပြင်သို့ ထွက်သည်၊ အခုလို သူ့သားငယ်နှင့်တွဲ၍ လျှောက်သွားရမည့်အခါ သူ့ရင်သည် အေးမြလာသည်၊ သူ့ နှလုံးသားသည် နူးညံ့ သိမ်မွေ့လာသည်၊ အကြင်နာ တရားသည် ယိုဖိတ်လာသည်၊

ဤကမ္ဘာပေါ်တွင် သူ့သားငယ်နှင့် တွဲ၍ သွားရ လာရ သည့် အခါများ၌ ခံစားရရှိသည့် စိတ်၏ ငြိမ်းချမ်း သာယာမှု မျိုးကို အခြား မည်သည့်အရာကမှ ပေးနိုင်စွမ်း မရှိဟုပင် သူ ထင်၏၊ သူသည် ခြေလှမ်းကို သူ့သားငယ်၏ ခြေလှမ်းများနှင့် တညီတည်းဖြစ်အောင် ခပ်စိပ်စိပ် လှမ်းသည်၊

ပန်းခြံကို ကျော်ဖြတ်ပြီး သစ်ပင်ကြီး တစ်ပင်အောက်ရှိ မြက်ခင်းပြင်ကို ဖြတ်သွားကြသည့်အခါ ပိုင်ရီက မေးသည်၊

‘ဖေဖေ လိပ်ပြာတွေက ဖေဖေ့ကို ကြောက်သလား ဟင်’

‘ဘာပြုလို့ မေးတာလဲ၊ ဖေဖေကတော့ ကြောက်မယ်မထင် ပါဘူး၊ စောစောကပဲ လိပ်ပြာလေးတစ်ကောင် ဖေဖေ့လက် ပေါ် လာနားသွားသေးတာပဲ’

‘ဒါပေမယ့် အခု ဒီနားမှာ လိပ်ပြာ တစ်ကောင်မှမရှိဘူး၊ တစ်ခါတလေ ကျွန်တော် ဖေဖေ့ဆီကို တစ်ယောက်တည်း လာတဲ့အခါ ဒီလမ်းကပဲလာတယ်၊ အဲဒီအခါကျရင် လိပ်ပြာ တွေ အများကြီး တွေ့ရတယ်၊ ကျွန်တော်ကလည်း သူတို့ကို သိတယ်၊ သူတို့ကလည်း ကျွန်တော့်ကို သိတယ်၊ ပြီးတော့ သူတို့ကလည်း ကျွန်တော့်ကို ခင်တယ်၊ သူတို့က ကျွန်တော့် အနားမှာ ကင်ပြီး ပျံနေကြတယ်၊ လိပ်ပြာတွေကို အစာကျွေး လို့ကော မရဘူးလား ဖေဖေ’

‘ရမှာပေါ့၊ ဖေဖေတို့ ကျွေးကြည့်ကြတာပေါ့၊ မင့်လက် ပေါ်မှာ ပျားရည်လေး တစ်စက်လောက် ချပြီး လက်ကို ငြိမ်ငြိမ်ကလေး ဆန့်ထား၊ လိပ်ပြာတွေက လာပြီး သောက် မှာပေါ့’

‘သိပ် အံ့ဩဖို့ ကောင်းမှာပဲနော်၊ သားသားနှင့် ဖေဖေတို့ အစာကျွေးကြည့်ရအောင်၊ ကျွန်တော့်ကို ပျားရည် နည်းနည်း ပေးဖို့ ဖေဖေက မေမေ့ကို ပြောပေးမလား၊ ဒါမှ မေမေက ကျွန်တော်သောက်ဖို့ ပျားရည်ယူတာ မဟုတ်ဘူးဆိုတာ သိသွား မှာပေါ့’

ပိုင်ရီသည် ရှေ့မှ ပြေးသွားကာ ကျယ်ပြန့်သော ဆင်ဝင် ကြီးကို ဖြတ်၍ အိမ်ထဲသို့ ဝင်သည်၊ နေရောင်ထိုးလိုက်သဖြင့် တစ်ခဏမျှ မမြင်မကန်းဖြစ်သွားရသော ဗာရာဂုသည် ဦးထုပ် တင်စင်ကို လိုက်ရှာလျက်ရှိ၏၊

ထိုကြောင့်လည်း ပိုင်ရီ အိမ်ထဲသို့ ရောက်သွားပြီးနောက် အချိန် အတော်ကြာခါမှပင် ဗာရာဂုသည် ထမင်း စားခန်း တံခါးဝသို့ ရောက်သည်၊ အခန်းထဲမှ သားက သူ့အမေအား နားပူနားဆာ လုပ်နေသံကို သူ ကြားနေရလေသည်။

ဗာရာဂုသည် ထမင်းစားခန်းသို့ ဝင်သွားပြီး သူ့ဦးထုပ်ကို သူ့ မိန်းမဆီသို့ ကမ်းပေးသည်၊ သူ့မိန်းမသည် သူ့လက်က အရပ်



www.burmeseclassic.com

www.burmeseclassic.com



မြင့်သယောင်ယောင် ရှိ၏၊ နနယ်ပျို့မျှစမှုများ ကင်းမဲ့နေပြီ ဖြစ်သော်လည်း ဗာရာဂုထက် ပို၍ ကျွန်းမာသန်စွမ်းပုံပေါ်၏။

သူ့အနေဖြင့် သူ့ယောကျ်ားအပေါ် တွင် ချစ်ခင်တွယ်တာ စိတ်ကတော့ ကုန်ခန်းသွားခဲ့ပြီ ဖြစ်၏။ သို့သော်လည်း သူ့ ယောကျ်ား၏ ချစ်မေတ္တာကို ဆုံးရှုံးခဲ့ရခြင်းသည် ဝမ်းနည်း ကြေကွဲဖွယ် ကောင်းလောက်အောင် နားမလည်နိုင်သည့်အရာ တစ်ခုအဖြစ်သည်းကောင်း သူ့အတွက် မဖြစ်သင့် မဖြစ်ထိုက် သည့် ကံဆိုးမှု တစ်ခု အဖြစ် လည်းကောင်း ယူဆနေဆဲပင် ဖြစ်လေသည်။

'ကျွန်မတို့ အာခုချက်ချင်း စားလို့ရတယ်'ဟု သူ့မိန်းမက ပြောသည်။ 'ပိုင်ရီ၊ သွား....လက်တွေကို ဆေးခဲ့'

'ကိုမှာ သတင်းထူးတစ်ခု ပါလာတယ်'ဟု ဗာရာဂုက သူ့မိတ်ဆွေထံမှ စာကို လှမ်းပေးရင်း ပြောသည်။ 'အော်တို အလည်လာလိမ့်မယ်၊ ရက်လည်း အတော်ကြာကြာ နေမယ်လို့ ထင်တယ်၊ မင်းမှာ စိတ်အနှောင့်အယှက်များ ဖြစ်မလား'

'ဟာဘတ်ဟတ် ရောက်လာရင် အိမ်အောက်ထပ်က အခန်း နှစ်ခန်းမှာ နေလို့ရတယ်၊ ဘယ်သူကမှ သူ့ကို နှောင့်ယှက်မှာ မဟုတ်ဘူး၊ ဝင်ချင်တဲ့ အချိန်မှာဝင် ထွက်ချင်တဲ့ အချိန်မှာ ထွက်၊ သူကြိုက်သလို နေနိုင်တယ်'

'ဒါဆိုရင်တော့ အဆင်ပြေပါတယ်'

'သူ သိပ် နောက်ကျပြီး ရောက်လာမှာလား' တို့ ဆိုင်းဆိုင်း လေသံဖြင့် မေးသည်။



'နောက်ကျမယ် မထင်ဘူး၊ အခု ရက်ပိုင်းလောက် အတွင်းမှာ ရောက်လိမ့်မယ် ထင်တယ်၊ တို့ အနေနဲ့ အတိ အကျတော့ မပြောတတ်ဘူး'

'ဗိုလ်ဆို သူနှင့် အဲလ်ဘတ်တို့ တစ်ချိန်တည်းများ ရောက်လာ မလား'

သူ့သား နာမည်ကို ပြောသံ ကြားလိုက်ရသည့်အခါ ဗာရာဂု၏ မျက်နှာပေါ်မှ သာယာ ကြည်နူးမှုသည် ဖျတ်ခနဲ ကွယ်ပျောက်သွားသည်။ သူ့အသံမှာလည်း အေးတိအေးစက် ဖြစ်သွားသည်။

'အဲလ်ဘတ်က ဒီကို လာမလို့တဲ့လား'ဟု မေးသည်။ 'သူ့ သူငယ်ချင်း တစ်ယောက်နှင့် တိုင်ရိုလ်ကို သွားမယ်လို့ ပြောထားတယ် မဟုတ်လား'

'ကျွန်မက ရှင့်ကို အစောကြီး အသိ ပေးမထားချင်ဘူး၊ သူ့ သူငယ်ချင်းက ဆွေမျိုးတွေဆီ အလည်သွားဖို့ ကိစ္စ ပေါ်လာတယ်၊ ဒါကြောင့် သူတို့ ခရီးစဉ်ကို ဖျက်လိုက်ရတယ်၊ ကျောင်းပိတ်တာနှင့် တစ်ပြိုင်နက် အဲလ်ဘတ် ဒီကို လာမယ်'

'ကျောင်းပြန်ပြီး မဖွင့်မချင်း တစ်ချိန်လုံး ဒီမှာ နေမှာ လား'

'နေမယ်လို့ ထင်တယ်၊ ကျွန်မ သူနှင့် ခဏတစ်ဖြုတ် ခရီး ထွက်မယ် ဆိုရင်တော့ ဖြစ်ပါတယ်၊ ဒါပေမယ့် ရှင့်အတွက် အဆင်မပြေ ဖြစ်မှာစိုးလို့'

'ဘာကြောင့် အဆင်မပြေ ဖြစ်ရမှာလဲ၊ ပိုင်ရီက ကိုနှင့် အတူတူ စတူဒီယိုထဲ လာနေလို့ ရတာပဲဟာ'

www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးပြုပြီး ဒီကိစ္စကို ထပ်မစပါနဲ့၊ ကျွန်မ ပိုင်ရီကို တစ်ယောက်တည်း ပစ်မထား နိုင်ခဲ့ဘူးဆိုတာ ရှင်သိသားနဲ့'

ဗာရာဂ ဒေါပွသည်။ 'တစ်ယောက်တည်း ဟုတ်လား'ဟု အော်ကြီးဟစ်ကျယ် ပြောသည်။ 'သူ ငါနှင့်နေရင် တစ်ယောက်တည်းလို့ ပြောနိုင်မလား'

'ကျွန်မ သူ့ကို မထားခဲ့နိုင်ဘူး၊ ထားလည်း မထားချင်ဘူး၊ ဒီကိစ္စနှင့် ပတ်သက်ပြီး ရှင်နှင့် ကျွန်မ နောက်ထပ် အငြင်းအခုံ မဖြစ်ချင်ဘူး၊ ဖြစ်စရာ အကြောင်းလည်း ရှိမယ် မထင်ဘူး'

'မင်း မထားခဲ့ချင်ဘူး ဆိုတာ ငါ သိပါတယ်လေ'

ဗာရာဂသည် နောက်ထပ်ဆက်၍ မပြောတော့ဘဲ ငြိမ်နေသည်။ တခြားကြောင့် မဟုတ်၊ ပိုင်ရီ ရောက်လာ၍ ဖြစ်သည်။ သူတို့အားလုံး စားပွဲတွင် ဝင်ထိုင်ကြသည်။ ပိုင်ရီက စိတ်ရောတ်ချင်း အခန့်မသင့် ဖြစ်နေသည့် မိခင်နှင့် ဖခင်ကြား၌ ထိုင်သည်။ မိဘ နှစ်ပါးစလုံးကတော့ ခါတိုင်းလိုပင် သူ့ကို လိုလေသေး မရှိအောင် ပြုစု ယုယကြသည်။

အထူးသဖြင့် သူ့ အဖေက နေ့လယ်စာကို အချိန် ကြာနိုင် သမျှ ကြာအောင် ဆွဲ၍ စားနေသည်။ နေ့လယ်စာ စားပြီးလျှင် သူ့သား ပိုင်ရီသည် သူ့ အမေနှင့် နေယိမ့်မည်ဟု သူ တွက်သည်။ ယနေ့အဖို့ ပိုင်ရီသည် သူ့ထံသို့ နောက်တစ်ခေါက် လာဖို့ မသေချာတော့ဟု သူ့ စိတ်ထဲက သံသယ ဝင်နေပြီ မဟုတ် ပါလား။

၂

ရောဘတ်သည် စတူဒီယိုဘေးရှိ အခန်းကလေးထဲ၌ ဆေးစပ် ဗျဉ်ပြားနှင့် စုတ်တံများကို ဆေးကြောလျက် ရှိသည်။ ပိုင်ရီ သည် အခန်း တံခါးဝမှ ရပ်ကာ ရောဘတ် လုပ်ကိုင်နေသည်ကို စောင့်ကြည့်နေသည်။

'သိပ် ညစ်ပတ်တဲ့ အလုပ်ပဲ'ဟု ပိုင်ရီက ပြောသည်။ 'ပန်းချီဆွဲတဲ့ အလုပ်ကတော့ ကောင်းတယ်၊ ဒါပေမယ့် ကျွန်တော်ကတော့ ပန်းချီဆရာ မဖြစ်ချင်ဘူး'

'မင်း သေ သေ ချာ ချာ ထပ် ပြီး စဉ်းစားဦးပေါ့'ဟု ရောဘတ်က ပြန်ပြောသည်။ 'မင်း အဖေဟာ အလွန်ကျော်ကြား နေတဲ့ ပန်းချီ ဆရာကြီး တစ်ယောက်'

'မစဉ်းစားတော့ဘူး'ဟု ပိုင်ရီက အခိုင်အမာ ပြောသည်။ 'ပန်းချီဆရာ လုပ်လို့ မဖြစ်ဘူး၊ သိပ် ညစ်ပတ်တယ်၊ ဆေးနံ့တွေ ကလည်း တအား ဆိုးတာပဲ၊ နည်းနည်းလောက် ဆိုရင်တော့ ကျွန်တော်က အနံ့ ရှူရတာ ကြိုက်ပါတယ်၊ ပန်းချီကား အသစ်တစ်ချပ် အခန်းထဲမှာ ချိတ်ထားရင် ဆေးနံ့ နည်းနည်းပဲ ရတယ်၊ အဲဒါလောက်ဆိုရင် ကျွန်တော်က ရှူနိုင်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် စတူဒီယိုထဲကျတော့ အနံ့တွေက သိပ်ဆိုးတာပဲ။ ကျွန်တော် မခံနိုင်ဘူး ခေါင်းကိုက်တယ်'

ရောဘတ်က သူငယ်၏ မျက်နှာကို စေ့စေ့စပ်စပ် ကြည့်ပြီး အကဲခတ်သည်။ အလိုလိုက်ထား၍ ပျက်စီးနေသော ဤသူငယ်အား သူ သင်ခန်းစာကောင်းတစ်ခု ပေးသင့်သည်မှာ ကြာပြီဟု သူ တွေးသည်။ အကယ်၍ အပြစ်ရှာမည် ဆိုပါက ဤသူငယ်တွင် အပြစ်တွေ အများအပြား ရှိနေသည် မဟုတ်ပါလော။

သို့သော်လည်း အခုလို ပိုင်ရီက သူ့ရှေ့ တည့်တည့်မှာ ရပ်နေသည့်အခါ၊ သူက ပိုင်ရီ၏ မျက်နှာကို စေ့စေ့စပ်စပ် ကြည့်နေသည့်အခါ ပြောလိုသည့် စကား ပြောမထွက်နိုင် ဖြစ်ရသည်။ သူငယ်၏ မျက်နှာသည် ရိုးသား ဖြူစင်လှ၏။ ချောမောလှပသော မျက်နှာကလေး ဖြစ်သည်။ သူ့တွင် ဘာ အပြစ်မှ မရှိဟုပင် ထင်မှတ်ဖွယ် ရှိ၏။

'ကဲကွာ ဒီလိုဆိုရင် တိတိကျကျ ပြောစမ်း၊ မင်း ဘာဖြစ်ချင်သလဲ'ဟု ရောဘတ်က အလေးအနက် ထား၍ မေးသည်။

ပိုင်ရီသည် မျက်လွှာတစ်ချက် ချလိုက်ပြီးမှ အဖြေပေးသည်။ 'ကျွန်တော် ထူးထူး ခြားခြား ဖြစ်ချင်တာမျိုးတော့ မရှိပါဘူး၊ ကျွန်တော် ကျောင်း မြန်မြန် ပြီးချင်တယ်၊ နွေရာသီကျရင် တစ်ကိုယ်လုံး အဖြူရောင် ဝတ်စုံကို ဝတ်ချင်တယ်၊ ဖိနပ်လည်း အဖြူရောင်ပဲ စီးချင်တယ်၊ အားလုံး ဖွေးဖွေး ဖြူနေတာမျိုး ပေါ့၊ အစွန်းကွက်ကလေး တစ်ကွက် တလေမှ မရှိစေချင်ဘူး'



'အေး ဟုတ်ပါပြီ၊ ဟုတ်ပါပြီ'ဟု ရောဘတ်က မလိုတမာ သံဖြင့် ရေရွတ်သည်။ 'မင်း အခုတော့ ဒီစကားမျိုး ပြောတာပေါ့၊ ဒါပေမယ့် ဟိုနေ့က မင်း ငါတို့နှင့် အပြင်ထွက်ကြတော့ ချက်ချင်းပဲ မင်းရဲ့ အဖြူရောင် အဝတ်တွေမှာ ချယ်ရီသီးနှင့် မြက်ပင်စိမ်းတွေ ပေကုန်တယ် မဟုတ်လား၊ ပြီးတော့ ဦးထုပ်လည်း ပျောက်ခဲ့တယ်လေ၊ မင်း မှတ်မိတယ် မဟုတ်လား'

ပိုင်ရီသည် မျက်လုံး အစုံကို မှိတ်လိုက်သည်။ ပြီးတော့ မပွင့်တပွင့် လုပ်ကာ ရောဘတ်ကို ကြည့်သည်။

'အဲဒါအတွက် ဖေဖေက ကျွန်တော့်ကို ဆူပြီးပြီ'ဟု ပြောသည်။ 'ဖေဖေက ဒီကိစ္စအတွက် ကျွန်တော့်ကို အပြစ်တင်ဖို့ ခင်ဗျားကို ခိုင်းထားမယ်တော့ မထင်ပါဘူး'

ရောဘတ်က သူ့ လေသံကို ပြောင်းကာ ချော့ချော့ မော့မော့ ပြောသည်။ 'အဝတ်ဖြူတွေကို အမြဲတမ်း ဝတ်ချင်တယ်ဆိုရင် ပေရေ ညစ်ပတ် မသွားအောင် နေရမှာပေါ့ကွာ'

'ဟင့်အင်း၊ မရဘူး၊ တစ်ခါတလေ ပေမှာပဲ၊ ခင်ဗျားက နားမှမလည်ဘဲ၊ တစ်ခါတလေ ကျွန်တော်က မြက်ခင်းပေါ် လှဲအိပ်ချင်တယ်ဗျ၊ ကောက်ရိုးပုံ တွေ့ရင်လည်း လှဲနေချင်တာပဲ၊ ရေအိုင် ကလေးတွေ တွေ့ရင်လည်း ခုန်ကျော်ချင်တယ်၊ သစ်ပင် တွေ့ရင်လည်း တက်ချင်တယ်၊ ကျွန်တော် အဲသလို ခုန်တာ ပြေးတာကို ဆူတာတော့ မကြိုက်ဘူး၊ ကျွန်တော် ကြိုက်သလို ဆော့ပြီးရင် အခန်းထဲကို အေးအေး ဆေးဆေး

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဝင်မယ်၊ အဝတ် လဲလိုက်မယ်၊ ဒါဆိုရင် အားလုံးပြီးသွားပြီ၊အရင်ပုံစံအတိုင်း ပြန်ကောင်းသွားပြီ၊ ကျွန်တော့်ကို ဆူစရာ ပူစရာ ဘာရှိလို့လဲ'

'ကောင်းပါကွာ သိပ်ကောင်း'

'ဟုတ်တယ်လေ၊ တကယ်လို့ ခင်ဗျားက မမှန်တာ တစ်ခုကို လုပ်မိတယ် ဆိုပါတော့၊ မမှန်ဘူးဆိုတာ ခင်ဗျား သိတယ်၊ အဲဒီတော့ ခင်ဗျား ရှက်ဘယ်၊ တကယ်လို့ တခြား လူတစ်ယောက်က မှားတာ လုပ်လို့ ဆူတယ် ပူတယ် ဆိုပါတော့၊ ကျွန်တော် သိပ် မရှက်တော့ဘူး၊ ပြီးတော့ တစ်ခါတလေကျရင် သူတို့က ခင်ဗျား ဘာ အမှားမှ မလုပ်ဘဲနှင့် ဆူတယ်၊ ဘာပြုလို့လဲ ဆိုတော့ သူတို့က ခင်ဗျားကို ခေါ်တဲ့အချိန်မှာ အနားမှာ မရှိလို့တဲ့၊ ဒါမှမဟုတ်လည်း မေမေက စိတ်တိုနေလို့ ဆူဘာ'

ရောဘတ်က ရယ်သည်။ 'မင်းက တကယ်လည်းဘာကိုးကွ၊ ဘယ်သူကမှ မမြင်လိုက်ရလို့ ဘယ်သူကမှ မဆူလိုက်ရတဲ့ မင်းရဲ့ မဟုတ်တရုတ် အလုပ်တွေကို ပြန်ပြီး စဉ်းစားပါဦး'

ပိုင်ရိုက အဖြေမပေး။ ဘယ်တော့မဆို ဤပုံစံအတိုင်းချည်း ဖြစ်သည်။ သူ့အတွက် အရေးကြီးသော အကြောင်းအရာ တစ်ခုခုကို လူကြီးတစ်ယောက်နှင့် ဆွေးနွေး ပြောဆိုကြပြီဆိုလျှင် နောက်ပိုင်း၌ စိတ်ရှုပ်ခြင်း၊ သို့မဟုတ် ရှက်စိတ်ဝင်ခြင်း စသည်တို့ဖြင့် အဆုံးသတ်စမြဲ ဖြစ်၏။

'ကျွန်တော် ပန်းချီကား ကြည့်ချင်တယ်'ဟု ပိုင်ရိုက ပြောသည်။ သူ့လေသံမှာ ပြောင်းသွားပြီ ဖြစ်၏။ အခစခံနှင့်များစွာ အလှမ်းကွာဝေးသည့် နေရာတစ်နေရာမှ ပြောလိုက်



သည့် လေသံမျိုး ဖြစ်သည်။ ရောဘတ်ကလည်း ဤလေသံမျိုးနှင့် ပြောလိုက်သည့် ပိုင်ရို၏ စကားများကို အမိန့် တစ်ခု သို့မဟုတ် မေတ္တာရပ်ခံချက် တစ်ခုအဖြစ် သတ်မှတ်၍ လက်ခံသည်။ 'လာပါဗျာ၊ ကျွန်တော် ခဏ ဝင်ပါရစေ'

ရောဘတ်က နာခံသည်။ စတူဒီယို တံခါးကို ဖွင့်ပေးပြီး ပိုင်ရိုကို ဝင်ခွင့်ပြုသည်။ ပြီးတော့ သူက နောက်မှ တကောက်ကောက် လိုက်သည်။ စတူဒီယိုထဲတွင် မည်သူ့ကိုမှ တစ်ယောက်တည်း မသွားစေ မလာစေရဟု သူ့သခင်ဗာရာဂုက သူ့အား ညွှန်ကြားထားသည် မဟုတ်ပါလား။

ဗာရာဂု၏ ဆွဲလက်စ ပန်းချီကားအသစ်သည် ခန်းမကြီးအလယ်တည့်တည့်ရှိ သုံးချောင်းထောက် ခုံပေါ်ရှိ မီးရောင်ဘက် မျက်နှာပြုလျက် ရှိသည်။ ပိုင်ရိုက ပန်းချီကား ရှေ့တည့်တည့်၌ ရပ်၍ ရောဘတ်က သူ့နောက်မှ ဝင်ရပ်လေသည်။

'ဒီပန်းချီကားကို ခင်ဗျား ကြိုက်သလား ရောဘတ်'

'ဟာ ကြိုက်တာပေါ့၊ မကြိုက်ရင် ငါ အရူးတစ်ယောက် ဖြစ်သွားမှာပေါ့ကွ'

ပိုင်ရိုက ပန်းချီကားကို ကြည့်ကာ မျက်စိပုတ်ခတ်ပုတ်ခတ် လုပ်နေသည်။

'ကျွန်တော်ထင်တယ်'ဟု တွေးတွေးဆဆ မျက်နှာထားဖြင့် ပြောသည်။ 'ခင်ဗျား ကျွန်တော့်ကို ပန်းချီကားတွေ တစ်ထပ်ကြီး ယူလာပြီး ပြတယ် ဆိုပါတော့၊ အဲဒီထဲက ဖေဖေဆွဲတဲ့ ပန်းချီကားတွေကို ချက်ချင်း ရွေးထုတ်နိုင်မှာပဲ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ပန်းချီကားတွေကို ဘာကြောင့် ကြိုက်တာလဲဆိုတော့ ဖေဖေဆွဲထားတာမို့ပေါ့၊ ဒါပေမယ့်ဗျာ အမှန်အတိုင်း ပြောရမယ်ဆိုရင် အပြည့်အဝတော့ မကြိုက်ဘူး၊ တစ်ဝက်တစ်ပျက်ပဲ ကြိုက်တယ်'

'ပေါက်ဘတ်ကရတော့ ပြောမနေစမ်းပါနှင့်ကွာ' ဟု ရောဘတ်က ပြောကာ ပိုင်ရီအား အပြစ်တင်လိုသည့် မျက်နှာထားဖြင့် ကြည့်သည်၊ ပိုင်ရီကတော့ ဂရုမစိုက်၊ ပန်းချီကားကိုသာ စိုက်ကြည့်နေသည်။

'အိမ်ထဲမှာ ပန်းချီကားတွေ အများကြီး ရှိတယ်၊ အဲဒီထဲမှာ ကျွန်တော် ကြိုက်တာတွေ အများကြီးပဲ၊ ကျွန်တော်ကြီးလာရင် အဲသလို ပန်းချီကားမျိုးတွေ အများကြီး ရှိချင်တယ်၊ ဥပမာဆိုရင် တောင်တန်းကြီးတွေပုံပေါ့ နေဝင်ချိန်မှာ အားလုံးဟာ နီရဲပြီး ရွှေရောင်တောက်နေတယ်၊ ပြီးတော့ ကလေးတွေ အမျိုးသမီးတွေနှင့် ပန်းပွင့်ပုံတွေကိုလည်း ကြိုက်တာပဲ၊ အဲဒီလို ပုံမျိုးတွေက အခုလို တံငါသည် အဘိုးကြီးပုံထက် အများကြီးကို ကောင်းတယ်၊ ဒီအဘိုးကြီးပုံကျတော့ မျက်နှာကလည်း လူနှင့်မတူဘူး၊ လှေကလည်း ဘယ်လိုကြီးမှန်း မသိဘူး၊ မဲညဲညဲနှင့်၊ ကျွန်တော် ပြောတာ မဟုတ်ဘူးလား'

စိတ်ထဲကတော့ ရောဘတ်သည် ပိုင်ရီ၏ စကားများကို အပြည့်အဝ ထောက်ခံသည်၊ သူငယ်၏ ပွင့်လင်းမှုကို သဘောကျသည်၊ အံ့ဩလည်း အံ့ဩသည်၊ သို့သော်လည်း ပါးစပ်ကတော့ သဘောတူသည်ဟု မပြောရဲ။



'မင်းက သိပ်ငယ်သေးတော့ ဒါတွေကို ဘယ်လိုလုပ်ပြီး နားလည်မှာလဲ' ဟု ပြောသည်၊ 'ကဲ လာ၊ သွားကြစို့၊ တံခါး ပိတ်ကြရအောင်'

ထိုအခိုက်တွင် အိမ်ကြီးဘက်မှ အသံများ ကြားရသည်။

'ဟော ကားလာပြီ' ဟု ပိုင်ရီက ဝမ်းသာအားရ အော်ကာ အပြင်သို့ ပြေးထွက်သွားသည်။ သစ်အယ်ပင်များ အောက်မှ ဖြတ်ကာ လူသွားလမ်း မဟုတ်သည့် မြက်ခင်းပြင်များနှင့် ပန်းခင်းများကို ခုန်၍ ကျော်၍ နင်း၍ သွားသည်။

သူသည် အိမ်ရှေ့တည့်တည့်သို့ ကားဝင်ရာ ကျောက်စရစ်ခင်း လမ်းမပေါ်သို့ အမောတကော ရောက်သွားသည်။ ကားပေါ်မှ ဆင်းလာသည့် သူများမှာ သူ့အဖေနှင့် သူ မမြင်ဖူးသည့် လူကြီး တစ်ယောက်။

'ပိုင်ရီ' ဟု သူ့အဖေက အော်လိုက်ပြီး လက်နှစ်ဖက်ဖြင့် သိမ်းဖက်ထားသည်၊ 'ဒီမှာ ကြည့်စမ်း၊ မင်း မသိသေးတဲ့ ဖေဖေ့ သူငယ်ချင်း တစ်ယောက်၊ လက်ဆွဲနှုတ်ဆက်ပြီး သူ ဘယ်က လာသလဲဆိုတာ မေးကြည့်စမ်း'

ပိုင်ရီက လူစိမ်း၏ မျက်နှာကို စူးစူးရဲရဲ ကြည့်သည်၊ သူ့လက်ကို လှမ်းပေးပြီး နီရဲရဲမျက်နှာနှင့် တောက်ပြီး ပြုံးရယ်နေသော မျက်လုံးများကို တည့်တည့်စိုက်ကြည့်သည်။

'ဦးဦး ဘယ်က လာတာလဲ' ဟု မေးသည်။

လူစိမ်းက သူငယ်ကို ပွေ့ချီလိုက်သည်၊ 'မင်းဟာ တော်တော်လေးတာပဲ သားရဲ့' ဟု ပြောကာ ပြန်ချလိုက်သည်။ 'ဦးဦး ဘယ်က လာသလဲ ဆိုတော့ကာ ဂျီနီဗာက လာတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဂျီနီအာကို စူးအက်က လာတယ်၊ ဂျီနီအာကို အေဒင်က လာတယ်၊ ပြီးတော့ အေဒင်ကို မရောက်ခင်က ...'

'အို ကျွန်တော် သိပြီ၊ အိန္ဒိယက လာတာ မဟုတ်လား၊ ကျွန်တော် သိတယ်၊ ဦးဦးက ဦးလေးအော်တိုဘတ်ဟတ်ပဲ၊ ဦးဦး ကျွန်တော့်အတွက် ကျားတစ်ကောင်နှင့် အုန်းသီးတွေ ယူမလာဘူးလား'

'ကျားကတော့ ထွက်ပြေးသွားတယ်ကွ၊ ဒါပေမယ့် အုန်းသီးရယ်၊ ကရုကမာတွေရယ်၊ တရုတ် ပန်းချီပုံ အယ်လ်ဘမ်တွေရယ် ကတော့ ပါလာတယ်'

သူတို့သည် စကား တခြောပြောနှင့် အိမ်ထဲသို့ ဝင်လာခဲ့ကြသည်။ ဗာရာဂုက သူ့ထက် အရပ်မြင့်သော သူ့ မိတ်ဆွေ၏ ပခုံးကို တရင်းတနှီး ဖက်ကာ အပေါ်ထပ်သို့ တက်သွားသည်။ အပေါ်ထပ် ရောက်သည့်အခါ အိမ်ရှင်မနှင့် တွေ့သည်။

တစ်စုံတစ်ခုသော အကြောင်းကြောင့် စိတ်ကို ချုပ်တည်းထားရဟန် တူသော အိမ်ရှင်မသည် ဩ့သည်အား ပုံမှန် အနေအထားနှင့်ပင် ခင်ခင် ဖော်ဖော်ရွှေစွာ နှုတ်ဆက်သည်။

ဩ့သည်၏ ရှင်လန်းတက်ကြွသော မျက်နှာသည် ကုန်လွန်သွားခဲ့ပြီ ဖြစ်သော နှစ်များ အတွင်းက ပျော်ရွှင်ခဲ့ရသည့် အချိန်များကို ပြန်၍ သတိရအောင် လှုံ့ဆော် ပေးနေသည့်နှယ် ရှိသည်။ ဩ့သည်ကလည်း အိမ်ရှင်မ၏ လက်ကို အတန်ကြာမျှ ဆုပ်ကိုင်ထားပြီး မျက်နှာကို သေသေချာချာ ကြည့်သည်။



'ခင်ဗျား အိုစာ မကျသေးဘူး ဖရော ဗာရာဂု'ဟု ချီးကျူးစကား ပြောသည်။ 'ခင်ဗျားက ဂျိုဟန်ထက် အရွယ်ပိုပြီး တင်တယ်'

'ရှင်လည်း သိပ်ပြီး ပြောင်းလဲ မသွားသေးပါဘူး'ဟု တရင်းတနှီး လေသံဖြင့် အိမ်ရှင်မက ပြန်ပြောသည်။

အော်တို ဘတ်ဟတ်က ရယ်သည်။ 'အပေါ်ယံ အခဆောက်အအုံကတော့ အခုထက်ထိ ကောင်းနေတုန်းပဲ ဆိုပါတော့၊ ဒါပေမယ့် ကျွန်တော် အခု အသက်ကို စွန့်လိုက်ရပြီ၊ ပြီးတော့ ထည်း ဘယ်နေရာမှာမှ ရှာမတွေ့သေးတဲ့အတွက် ကျွန်တော်ဟာ အခုအချိန်အထိ လူပျိုကြီး တစ်ယောက် ဖြစ်နေတုန်းပဲ'

'ဒီတစ်ခါ ဥရောပကို လာတာဟာ မိန်းမ တစ်ယောက် ရှာဖို့ လာတာလို့ ကျွန်မ ထင်တယ်'

'မဟုတ်ဘူး ဖရော ဗာရာဂုခရ၊ မိန်းမ ယူဖို့ကတော့ အိပ်ကို နောက်ကျသွားပြီ၊ ဥရောပမှာ နေရတဲ့ သာယာမှုအလေးကို ကျွန်တော် ဖျက်ဆီး မပစ်ချင်ပါဘူး၊ ခင်ဗျားလည်း သိသားပဲ၊ ကျွန်တော့်မှာ ဆွေမျိုးတွေ ရှိတယ်၊ ကျွန်တော်ဟာ အမွေ ပေးရမယ့် ဦးလေးတစ်ယောက် ဘဝကို ဖြည်းဖြည်းချင်း ဆက်သွားနေပြီ၊ မိန်းမသား တစ်ယောက်နှင့် အိမ်မှာ နေဖို့ကို စဉ်းစားဝံ့တော့ဘူး'

ဖရော ဗာရာဂု၏ အခန်းထဲမှာပင် ကော်ဖီတိုက်သည်။ သည် ကော်ဖီနှင့် အရက်ချိုများ သောက်ရင်း ပင်လယ်များ အကြောင်း၊ ရာဘာခြံများ အကြောင်းနှင့် တရုတ်

www.burmeseclassic.com



ရှေးဟောင်း ကြွေထည် ပစ္စည်းများ အကြောင်းကို တစ်နာရီခန့် ပြောကြသည်။

ပထမတွင် ဗာရာဂုသည် ငြိမ်ဆိတ်နေသည်။ အနည်းငယ်မျှ စိတ်ဓာတ် ကျနေသည့် အရိပ် လက္ခဏာ ရှိသည်။ တကယ်တော့ သူ ဤ အခန်းထဲသို့ ခြေမချခဲ့သည်မှာ လပေါင်းများစွာ ကြာခဲ့ပြီ မဟုတ်ပါလော။ သို့သော်လည်း အားလုံး အဆင်ပြေပြေပင် ဖြစ်သွားသည်၊ အော်တို ရှိနေသဖြင့် ပို၍ စိတ်လက် ပေါ့ပါးကြသည်၊ ပျော်ရွှင်စိတ်လည်း ဝင်ကြသည်၊ အိမ်ကြီးထဲတွင် ငယ်ရွယ်စဉ်က ပတ်ဝန်းကျင်မျိုး ပြန်လည် အသက်ဝင်ကာ တည်ရှိလာသည်ဟုပင် ထင်ရလေသည်။

'ကျွန်တော့်မိန်းမ ခဏတစ်ဖြုတ်လောက် နားချင်လိမ့်မယ် ထင်တယ်' ဟု နောက်ဆုံးတွင် ဗာရာဂုက စကားကိုပြောကာ စကားဝိုင်းကို သိမ်းသည်၊ 'ကဲ လာ အော်တို၊ ကျွန်တော် ခင်ဗျားအခန်းကို လိုက်ပြမယ်'

သူတို့သည် ဖရောဗာရာဂုကို နှုတ်ဆက်ကာ ဧည့်သည်၏ အခန်းဆီသို့ သွားကြသည်၊ ဗာရာဂုသည် သူ့မိတ်ဆွေအတွက် အခန်းနှစ်ခန်း ပြင်ထားခဲ့၏၊ အခန်းတွင်း အပြင်အဆင်ဟူသမျှကို သူကိုယ်တိုင် ကြပ်မတ်၍ စီစဉ် လုပ်ကိုင် ထားခဲ့ခြင်း ဖြစ်သည်။

ပရိဘောဂ ပစ္စည်းများကို သူကိုယ်တိုင် စီစဉ်၍ ခင်းကျင်း ချထားခဲ့သည်။ နံရံများတွင် ချိတ်ထားသည့် ဓာတ်ပုံ ပန်းချီကားချပ်များမှ အစ စာအုပ်စင်မှ စာအုပ်များ အထိ သူကိုယ်တိုင် ရွေးပေးခဲ့ခြင်း ဖြစ်၏၊



အိပ်ရာအနီးရှိ နံရံတွင် ချိတ်ဆွဲထားသော ဓာတ်ပုံမှာ အရောင်များ လွင့်နေပြီဖြစ်၍ မပီမပြင် ဝိုးတိုးဝါးတား ဖြစ်နေပြီ၊ ထိုဓာတ်ပုံသည် ဧည့်သည်၏ မျက်လုံးများကို ဆွဲဆောင်နေသည်၊ အော်တိုသည် ဓာတ်ပုံအနီးသို့ လျှောက်သွားပြီး အသေအချာ ကြည့်သည်။

သူ့ပါးစပ်မှ တအံ့တဩ ရေရွတ်သံ ထွက်လာသည်။

'ဟာ ကျွန်တော်တို့ပုံပဲ၊ အားလုံး ကျွန်တော်တို့ ဆယ့်ခြောက်ယောက်ပါလား၊ ကြည့်စမ်းဗျာ၊ ကောင်းလိုက်တဲ့ စိတ်ကူး၊ ဒီဓာတ်ပုံကို မမြင်ရတာ နှစ်ပေါင်း နှစ်ဆယ်တောင် ရှိသွားပြီ'

ဗာရာဂုက ပြုံးသည်၊

'ဟုတ်မှာပေါ့၊ ဒီဓာတ်ပုံကိုမြင်ရင် ခင်ဗျား စိတ်ပျော်သွားမှာပဲလို့ ကျွန်တော် ထင်တယ်လေ၊ ခင်ဗျား လိုချင်တာမှန်သမျှ ရှိနေလိမ့်မယ်လို့ ထင်ပါတယ်၊ လိုလေသေးမရှိအောင်တော့ လုပ်ထားတာပဲ၊ ကဲ ခင်ဗျား ပစ္စည်းတွေ ထုတ်တော့မလား'

ဘတ်ဟတ်သည် သံသေတ္တာကြီး တစ်လုံးပေါ် ထိုင်ချလိုက်ပြီး ကျေနပ်နှစ်သိမ့်သော မျက်နှာဖြင့် ပတ်ဝန်းကျင်ကို ကြည့်သည်။

'ပြည့်စုံပါတယ်၊ ဘာမှ မလိုပါဘူး၊ ခင်ဗျားက ဘယ်အခန်းထဲ၊ ဟိုဘက်အခန်းလား၊ ဒါမှမဟုတ် အပေါ်ထပ်မှာလား'

ဗာရာဂုသည် သားရေအိတ်လက်ကိုင်ကို လှည့်၍ ကစားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်မှာမှ မဟုတ်ဘူး'ဟု ပြောသည်။ 'အခု ကျွန်တော် အပြင်ဘက်က စတူဒီယိုထဲမှာ မနေတယ်၊ ကျွန်တော် ကိုယ်တိုင် တိုးချဲ့ဆောက်ထားတဲ့ အခန်းမှာပေါ့'

'နောက်တော့ ကျွန်တော့်ကို ပြဦးလေ၊ ဒါပေမယ့် ခင်ဗျား အိပ်တော့ကော အဲဒီမှာပဲ အိပ်သလား'

ဗာရာဂုသည် ကိုင်ထားသည့် သားရေအိတ်ကို လွှတ်ချလိုက်ပြီး လှည့်ဖွင့်သည်။

'ဟုတ်တယ်၊ အဲဒီမှာပဲ အိပ်တယ်'

အော်တိုသည် သူ့အတွေးနှင့်သူ ငြိမ်နေသည်။ ထို့နောက် အိတ်ထဲနှိုက်၍ သော့တွဲတစ်တွဲ ဆွဲထုတ်လိုက်သည်။

'အသေးအဖွဲ့ ထည့်တဲ့အိတ်က စဖွင့်တာပဲ ကောင်းမယ်၊ ကဲ ခင်ဗျားသားကို သွားခေါ်၊ သူ သဘောကျမယ့် ပစ္စည်းလေးတွေကို ထုတ်ကြရအောင်'

ဗာရာဂု ထွက်သွားပြီး ချက်ချင်းပင် ပိုင်ရီနှင့် ပြန်ရောက်လာသည်။

'ဦးလေးအော်တိုရဲ့ အိတ်တွေက သိပ်လှတာပဲ၊ ကျွန်တော် ကြည့်ဖူးပြီ၊ အိတ်တွေမှာ ချည်ထားတဲ့ ကတ်ပြားကလေးတွေကလည်း အများကြီးပဲ၊ ကျွန်တော် တချို့ကို ဖတ်ကြည့်တယ်၊ ကတ်ပြားတစ်ခုပေါ်မှာ ရေးထားတာ ပီနံတဲ့၊ ပီနံဆိုတာ ဘာလဲ ဟင်'

'မလေးရှားနိုင်ငံထဲက မြို့တစ်မြို့ကွ၊ ဦးလေး တစ်ခါတလေ သွားတဲ့ မြို့ပေါ့၊ ကဲ လာ၊ ဒီဟာကို မင်းဖွင့်ကြည့်စမ်း'



အော်တိုက ပိုင်ရီအား သော့တစ်ချောင်းပေးကာ လက်ဆွဲသေတ္တာတစ်လုံးကို ဖွင့်ခိုင်းသည်။ သေတ္တာပွင့်သွားသည့်အခါ အတွင်းမှ မခလေး ကြိမ်ခြင်းတောင်းလေး တစ်လုံး ထွက်လာသည်၊ ခြင်းတောင်းထဲတွင်မူ စက္ကူထုပ်ကလေးများ။ စက္ကူထုပ်များကို ခွာလိုက်သည့်အခါ အတွင်းမှ အဆန်းတကြယ် ကော်ခမာစဖွယ် ကောင်းအောင် လုပ်ထားသည့် ဘုရကမာ အရုပ်ကလေးများ။

ထိုအရုပ်ကခလေးများသည် ပိုင်ရီ အတွက် လက်ဆောင်ဖြစ်သည်၊ ပိုင်ရီအဖို့ကတော့ ပျော်ရွှမဆုံး တပြုံးပြုံးဖြစ်လျက် ရှိ၏။ ထို့နောက် သစ်ကနုက်သားဖြင့် ထုလုပ်ထားသော ဆင်ရုပ်တစ်ရုပ်နှင့် တရုတ်လူမျိုး အရုပ်ကလေး တစ်ရုပ်။ နောက်ဆုံး ထွက်လာသည်များမှာ ဆေးရောင်စုံခေါက်ပုံကလေးများ ဖြစ်သည်။ တရုတ်နတ်များ၊ တစ္ဆေကြီးများ၊ ဘုရင်များ၊ စစ်သူကြီးများနှင့် နဂါး စသည့် ပုံများ ဖြစ်လေသည်။

ဗာရာဂုသည် ပင် လျှင် သူ့သားပိုင်ရီ ရထားသည့် လက်ဆောင်များကို ကြည့်ကာ အံ့သြလျက်ရှိသည်။ ဘတ်ဟတ်သည် သားရေအိတ်ကိုဖွင့်ကာ အတွင်းမှ ခြေညှပ်ဖိနပ်၊ ပုဝါကျယ်၊ သွားပွတ်တံ စသည့် တိုလီမိုလီ ပစ္စည်းများကို တစ်ခုချင်းစီ ထုတ်ယူပြီး နေသားတကျဖြစ်အောင် ချထားလျက် ရှိ၏။ ထို့နောက် သူ့မိတ်ဆွေထံသို့ ပြန်ရောက်လာသည်။

'ကနေ့အဖို့တော့ ဒါလောက် လုပ်ထားရင် လုံလောက်ပြီ'ဟု ပြောသည်။ 'ကဲ ခင်ဗျားရဲ့ စတူဒီယိုကို ကြည့်ကြစို့'

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရီက ဖျတ်ခနဲ ဒေမာ့ကြည့်သည်။ အိမ်ထဲ မော်တော်ကား ဝင်လာစဉ်တုန်းကလိုပင် သူ့အဖေ၏ မျက်နှာသည် ကြည်လင် လန်းဆန်း နုပျိုနေသည်။ စိတ်ချမ်းမြေ့မှု အရိပ်အငွေ့များ ထင်ဟပ်နေသည်။ သူသည် အဖေ့ကို ကြည့်ကာ အံ့အားသင့်လျက် ရှိသည်။

'ဖေဖေ့ကြည့်ရတာ သိပ်ပြီးပျော်နေသလိုပဲ' ဟု လှမ်းပြောသည်။

'ပျော်တာပေါ့သားရယ်' ဟု ဗာရာဂုက ပြန်ပြောသည်။

ထိုအခါ အော်တိုက ကြားမှဖြတ်၍ မေးသည်။

'ခါတိုင်းကျတော့ကော မင့်အဖေက မပျော်လို့လား'

ပိုင်ရီက လူကြီးနှစ်ယောက်၏ မျက်နှာကို အလွန် စိတ်ရှုပ်သွားသည့် မျက်နှာထားဖြင့် ငေးကြည့်နေသည်။

'ကျွန်တော်မသိဘူး' ဟု တွန့်ဆုတ်ဆုတ်လေသံဖြင့် ဖြေသည်။ ထို့နောက် 'အဖေက အရင်တုန်းက ဒီလောက် ရွှင်ရွှင်လန်းလန်း နေတာ မရှိခဲ့ဖူးလို့ပါ' ဟု ရယ်ပြီး ပြောသည်။

ပိုင်ရီသည် အရှင်ခြင်းတောင်းကို ဆွဲကာ လူကြီးများအနီးမှ ပြေးထွက်သွားသည်။ အော်တိုဘတ်ဟတ်က သူ့မိတ်ဆွေ၏ လက်မောင်းကို ဆွဲ၍ နှစ်ယောက်သား အပြင်သို့ ထွက်ခဲ့ကြသည်။ ဗာရာဂုက သူ့အား ပန်းခြံတွင်းမှ ဖြတ်၍ စတူဒီယိုဆီသို့ ခေါ်သွားသည်။

'ဟုတ်ပါတယ်' ဟု အော်တိုက သူ့ဘာသာ သူ ချက်ချင်းကောက်ချက်ချသည်။ 'အပြောင်းအလဲကို ကျွန်တော် မြင်ပါတယ်၊ မဆိုးပါဘူးလို့ဘဲ ကျွန်တော် ပြောရတော့မှာပေါ့၊ ဒါကို ခင်ဗျား ဘယ်တုန်းက လုပ်လိုက်တာလဲ'

'လွန်ခဲ့တဲ့ သုံးနှစ်လောက်ကပါ၊ စတူဒီယိုကိုလည်း ခွဲလိုက်တယ်'



အော်တိုက ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။

'ရေကန်ကတော့ တကယ်အံ့မခန်းပဲ၊ ကနေ့ ညနေခင်း ကျွန်တော်တို့ ရေကူးကြရအောင်လား၊ ခင်ဗျား အင်မတန်လှပတဲ့ နေရာလေး တစ်နေရာကို ပိုင်တာပဲ ဂျိုဟန်းကဲ ဗျား၊ ကျွန်တော် ခင်ဗျားရဲ့ စတူဒီယိုကို ကြည့်ချင်တယ်၊ ခင်ဗျားမှာ ဆွဲပြီးစ ပန်းချီကားသစ်တွေကော ရှိရဲ့လား'

'များများစားစားတော့ မရှိဘူး အော်တို၊ ဒါပေမယ့် ခင်ဗျားကို သိပ်မြင်စေချင်တဲ့ ပန်းချီကား တစ်ခုတော့ ရှိနေတယ်၊ တမြန်မနေ့ကမှ ကျွန်တော် အပြီးသတ်ထားတာ၊ ကျွန်တော် ကတော့ ပုံကောင်းလေး တစ်ပုံလို့ ထင်ထားတယ်'

ဗာရာဂုက တံခါးများကို ဖွင့်လိုက်သည်။ စတူဒီယိုတွင်း ဝယ် သန့်ရှင်းစင်ကြယ်လျက် ရှိ၏။ ကြမ်းများမှာ အသစ်တိုက်ချွတ်ထားသဖြင့် အရောင်တဖိတ်ဖိတ် ထနေသည်။ ပန်းချီကား အသစ်သည် အခန်း၏ အလယ်တည့်တည့်တွင် တည်ငြိမ်စွာ ရှိနေသည်။ သူတို့နှစ်ယောက်သည် ပန်းချီကားနှင့် မျက်နှာချင်းဆိုင်၍ ငြိမ်ခါိတ်စွာ ရပ်နေကြသည်။

တံခါးပေါက်များမှ ဝင်လာလျက်ရှိသော ပူနွေးပြီး ဝင်းလက်တောက်ပနေသည့် နေရောင်ခြည်နှင့် ပန်းချီကား

www.burmeseclassic.com

www.burmeseclassic.com



ထဲမှ စွတ်စိုထိုင်းမှိုင်းပြီး မိုးရိပ်မိုးငွေ့ မကင်းသော အရုဏ်ဦး ပတ်ဝန်းကျင်၏ ရွှင်လန်းသာယာမှု ကင်းမဲ့သည့် အခြေအနေတွင် ၏ခြားနားမှုသည် ပြက်ပြက်ထင်ထင် ပေါ်လွင်လျက် ရှိလေသည်။

သူတို့သည် ပန်းချီကားကို အချိန်အတော်ကြာမျှ စိတ်ပါလက်ပါ ကြည့်နေကြသည်။

'ဒီပုံမှာ ခင်ဗျားနောက်ဆုံးဆွဲထားတဲ့ လက်ရာလား'

'ဟုတ်တယ်၊ ပေါင်တပ်ဖို့ပဲ လိုမယ်၊ နောက်ထပ် လုပ်စရာ ဘာမှမရှိတော့ဘူး၊ ဘယ့်နှယ်လဲ၊ ခင်ဗျားကြိုက်ရဲ့လား'

မိတ်ဆွေ နှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက် စူးစမ်းသော အကြည့်ဖြင့် ကြည့်သည်။ ဗားရာဂုထက် အရင်ပိုမြင့်ပြီး ကိုယ်လုံးကိုယ်ထည် ပို၍ တုတ်ခိုင်ကြီးမားသော၊ ဘဝ၏ သာယာ ပျော်ရွှင်မှုများကို အပြည့်အဝ ရယူခံစားခဲ့ရသော အော်တိုဘတ်ဟတ်သည် အချိန်မတိုင်မီ ဆံပင်ဖြူဖွေးပြီး ခက်ထန်မာကျော သွက်လက်ထက်မြက်သည့် မျက်နှာပိုင်ရှင် ပန်းချီဆရာ၏ ရှေ့တွင် ကလေးကြီးတစ်ယောက် သဖွယ် ရပ်လျက် ရှိသည်။

'ဒီကားဟာ ခင်ဗျား၏ အကောင်းဆုံးလက်ရာ ပန်းချီကား ဖြစ်ချင်ဖြစ်လိမ့်မယ်' ဟု ပြောသည်။ 'ဒီလို ကားမျိုး တစ်ကားကို ဘရပ်ဆဲလ်မှာ ကျွန်တော် တွေ့ခဲ့တယ်၊ ပါရီမှာ နှစ်ကား တွေ့ခဲ့တယ်၊ အခု နှစ်အနည်းငယ်အတွင်းမှာ ခင်ဗျား အတော်ကြီးကို တိုးတက်လာတာပဲ'



'ခင်ဗျားဆီက ဒီစကားမျိုး ကြားရတဲ့အတွက် ကျွန်တော် သိပ်ဝမ်းသာတာပဲ၊ ကျွန်တော်လည်း ခင်ဗျား ထင်သလိုပဲ ထင်မိပါတယ်၊ ကျွန်တော် အလုပ်ကို အားစိုက်ပြီး လုပ်နေတယ်၊ တစ်ခါတလေ အရင်တုန်းက ငါဟာ မတောက်တခေါက်သာ သိတဲ့ မန္ဒးမနပ် အနုပညာရှင် တစ်ယောက်ပဲလို့ ထင်မိတယ်၊ အလုပ်ကို ဘယ်လိုလုပ်မှ မှန်မှန်ကန်ကန် ဖြစ်မယ်ဆိုတဲ့ အသိကို ကျွန်တော် ရတာဟာ သိပ်နောက်ကျတယ်၊ ဒါပေမယ့် အခုတော့ ကောင်းကောင်း သိနေပါပြီ၊ ကျွန်တော့် အနေနှင့် ရှေ့လျှောက်ပြီး အခုထက် တိုးတက်နိုင်မှုလည်း တိုးတက်မယ်၊ ဒီပန်းချီကားထက် ကောင်းတဲ့ ကားမျိုး ဆွဲချင်မှ ဆွဲနိုင်တော့မှာ'

'ကျွန်တော်နားလည်ပါတယ်၊ အင်း ခင်ဗျားဟာ သိပ်ပြီး ကျော်ကြားနေတာတော့ အမှန်ပဲ၊ အာရှ ဘက် ထွက် တဲ့ သင်္ဘောကြီးတွေပေါ်မှာ လူတွေဟာ ခင်ဗျားအကြောင်းပဲ ပြောနေကြတာပဲ၊ ကျွန်တော် ဂုဏ်ယူပါတယ်လေ၊ အခုလို အင်ရှားကျော်ကြားလာတော့ ခင်ဗျား ဘယ်လိုခံစားရသလဲ၊ အခုလို နာမည် ကျော်ကြားလာတဲ့အတွက် ခင်ဗျားပျော်သလား'

'ပျော်သလားတဲ့၊ မပျော်ပါဘူး၊ ပျော်ပါတယ် ဆိုတဲ့ စကားမျိုးတော့ ကျွန်တော် မပြောချင်ပါဘူး၊ ဒီစကားဟာ အင်္ဂလိပ်တော့ မှန်ပေမပေါ့ရော၊ ကျွန်တော်တို့ လောကမှာ ကျွန်တော့်ထက် ပိုတော်ပြီး ကျွန်တော့်ထက် ပန်းချီကားတွေ ရောင်းနေရတဲ့ ပန်းချီဆရာဟာ နှစ်ဦး သုံးဦး လေးဦးလောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိချင် ရှိပါလိမ့်မယ်၊ အဲဒီထက် ပိုချင်လည်း ပိုပါလိမ့်မယ်၊ ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုယ် တကယ့် စစ်စစ်မှန်မှန် ကြီးကျယ် ထင်ရှားနေတဲ့ လူတွေထဲမှာ တစ်ဦး အပါအဝင် ဖြစ်ပါတယ်လို့ ဘယ်တော့မှ မတွက်ခဲ့ပါဘူး၊ အမှန်တော့ သတင်းစာ ဆရာတွေ ပြောနေ ရေးနေ ကြတာတွေဟာ အလကားပါ၊ အဓိပ္ပာယ် မရှိပါဘူး၊ ကျွန်တော့် အနေနှင့် ကျွန်တော့် စိတ်က ကျေနပ်ရောင့်ရဲတယ် ဆိုရင် ကိုယ်ကြိုက် တာကို အလေးအနက် ပြုနိုင်တဲ့ အခွင့်အရေး ရှိနေတာပါပဲ၊ ကျွန်တာတွေကတော့ သတင်းစာက ပေးနေတဲ့ ဂုဏ်သိက္ခာ ဒါမှမဟုတ် ငွေကြေးရမှုပါပဲ'

'ကျွန်တော်လည်း အဲသလိုပဲ နားလည် ထားပါတယ် ဒါပေမယ့် ခင်ဗျား ပြောလိုက်တဲ့ စစ်မှန်တဲ့ ကြီးကျယ် ထင်ရှားမှု ဆိုတာ ဘာကို ဆိုလိုတာလဲ'

'ရှင်ဘုရင်တွေနှင့် မင်းညီမင်းသားတွေပေါ့ဗျာ၊ ကျွန်တော့် အမျိုးအစားက ဗိုလ်ချုပ်ကြီး ဒါမှမဟုတ် ငနုံကြီးတစ်ယောက် ဖြစ်နိုင်တယ်၊ အဲဒါဟာ ကျွန်တော် အစွမ်းကုန် ရောက်သွား နိုင်တဲ့ နေရာပဲ ဆိုပါတော့၊ ကျွန်တော်တို့ အနေနှင့် လုပ်နိုင် တာက အလုပ်ကို အပင်ပန်းခံပြီး အစွမ်းကုန် အားထုတ် လုပ်ဖို့ပဲ၊ သဘာဝတရားကို တတ်နိုင်သမျှ အလေးအနက် ထားဖို့ပဲ၊ ရှင်ဘုရင်တွေကတော့ သဘာဝ တရားရဲ့ ညီအစ်ကို တော်တွေ မိတ်ဆွေတွေ ဆိုပါတော့၊ သူတို့ကတော့ သဘာဝ တရားနှင့်ကစားတယ်၊ကျွန်တော်တို့အတုခိုးရုံကလေးခိုးနိုင်မယ့် နေရာတွေ ဖန်တီးပေးတယ်၊ ဒါပေမယ့် ရှင်ဘုရင်က များများ



စားစား မရှိဘူး၊ နှစ်ပေါင်း တစ်ရာလောက်မှာ တစ်ယောက် တောင် ပေါ်မလာဘူး'

သူတို့သည် စတူဒီယိုထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း စကား ပြောကြသည်။ ပန်းချီ ဆရာသည် သူ ပြောလိုသည့် စကားအတွက် စကားလုံးများ စဉ်းစား ကြံဆသည့်အခါ ကြမ်းပြင်ကို ငေးစိုက်ကြည့်တတ်သည်။ သူ့ မိတ်ဆွေကတော့ သူ့ဘေးမှ ကပ်လျှောက်ကာ ပန်းချီဆရာ၏ ပိန်ကြုံ နေသော မျက်နှာကို မကြာခဏ လှမ်းကြည့်ပြီး အကဲခတ်သည်။

အ ခန်း တစ် ခန်း နှင့် ဆက်ထားသည့် တံခါးဝသို့ ရောက်သောအခါ အောဲတိုက ရပ်လိုက်သည်။ 'ခင်ဗျားနေတဲ့ အခန်း ပြမယ်ဆို'ဟု မေးသည်။ 'အခန်းထဲကျမှ ဆေးလိပ် တစ်ရှူ တစ်ဖွာလောက် သောက်ကြတာပေါ့'

ဗာရာဂူက တံခါးကို ဖွင့်သည်။ သူတို့သည် ဧည့်ခန်းကို ဖြတ်ကာ အခြားတစ်ဖက်ရှိ အခန်းငယ်များဆီသို့ ရောက်သွား ကြသည်။ ဘာတ်ဟာတ်က ဆေးပြင်းလိပ် တစ်လိပ်ထုတ်ပြီး မီးညှိသည်။ သူ့ မိတ်ဆွေ၏ အိပ်ခန်းထဲသို့ ဝင်ကာ အိပ်ရာကို ကြည့်သည်။

အခန်း ပတ်ပတ်သည်တွင် ချိတ်ဆွဲထားသည့် ပန်းချီကား များနှင့် ဆေးတံသောက် ကိရိယာ တန်ဆာပလာများကို စိတ်ဝင်တစား ကြည့်သည်။ ပြင်ဆင်ထားပုံများမှာ တမ်း တနားမရှိ၊အနေဆင်းရဲခြင်းကို ဖော်ပြနေသည်ဟု ယူဆမိသည်။ အလုပ်ကို ပင်ပန်းကြီးစွာ လုပ်ကိုင်ပြီး ခြိုးခြံနေကာ

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲဒုက္ခ ခံနေရသည့် လူပျို ကြီး တစ်ယောက်၏ နေအိမ်နှင့် တူလှချေသည်။

'အင်း ခင်ဗျား ဒီမှာနေလာတာ အခုတော်ကြာ နေသားကျနေပြီကိုး' ဟု အောင်တိုက ခြောက်ကပ်ကပ် လေသံဖြင့် ရေရွတ်သည်။ သူ့အနေဖြင့် လွန်ခဲ့သော နှစ်အနည်းငယ် အတွင်းက ဗာရာဂုဏ်၌ ဖြစ်ပျက်ခဲ့သမျှ အရာရာဘိုင်းကို သူ့ စိတ်မျက်စိ အာရုံ၌ ပြက်ပြက်ထင်ထင် မြင်နေရုံမျှမက အတွင်းစိတ်ကပါ ခံစားပြီး သိရှိနေသည်။

ထို့ပြင်လည်း သူ့ မိတ်ဆွေသည် ကာယိကသုခအတွက် စည်းစိမ် မခံစားဘဲ အားကစားလိုက်စားခြင်း၊ ကျန်းမာရေး အတွက် လေ့ကျင့်ခန်းများ ပြုလုပ်ခြင်း၊ မြင်းစီးခြင်း စသော အလုပ်များကို လုပ်နေသည့် အရိပ်လက္ခဏာများ မြင်တွေ့နေရသဖြင့် များစွာ ကျေနပ် အားရခြင်း ဖြစ်မိလေ၏။

ထို့နောက် သူတို့သည် ပန်းချီကားဆီသို့ ပြန်ကြသည်။ ပညာရှင်တစ်ဦးအား ချီးမြှောက် ဂုဏ်ပြုရာ ကမ္ဘာ အရပ်ရပ်ရှိ ပြခန်းများ၌ ချိတ်ဆွဲ ပြသထားသော ဈေးနှုန်း မြင့်မားစွာ ရောင်းချနေသော ပန်းချီကားများကို ဤစတူဒီယိုခန်း ထဲ၌ ရေးဆွဲခဲ့ခြင်း ဖြစ်၏။

ယင်း ပန်းချီကားများကို အလုပ်မှ တစ်ပါး မိမိ၏ အလိုဆန္ဒကို လိုက်လျောပြီး မိမိ စိတ်သာယာ ပျော်ရွှင်ရေးအတွက် စီမံ ဖန်တီးထားသည့် အရာဆို၍ ဘာမှမရှိသော အခန်းများ ထဲ၌ ရေးဆွဲခဲ့ခြင်း ဖြစ်၏။



တကယ်တော့ ဤအခန်းများထဲတွင် ပျော်စရာ ရွှင်စရာဆို၍ ဘာတစ်ခုမှ မရှိ။ အလှကိုသာ အဓိကထားသည့် တန်ဖိုး မရှိသော ပစ္စည်း ဟူ၍လည်း ဘာပစ္စည်းမှ မရှိ၊ ပါးစပ် အရသာ ခံနိုင်သည့် ဝိုင်နှင့် မျက်စိ အရသာ ခံနိုင်သည့် ပန်းများလည်း မရှိ။ မိန်းမများကို တတမ်းတတနှင့် တသစရာ အရာဆို၍လည်း ဘာတစ်ခုမှ မရှိ။

အိပ်ရာ၏ တစ်ဖက် နံရံတွင် ဓာတ်ပုံနှစ်ပုံ ချိတ်ထားသည်။ တစ်ပုံမှာ ပိုင်ရီ၏ပုံ ဖြစ်၍ ဒုတိယပုံမှာ အောင်တိုဘတ်ဟတ်၏ပုံ ဖြစ်သည်။ ထို ဓာတ်ပုံကို ဘတ်ဟတ် ကောင်းကောင်း မှတ်မိသည်။ ပုံကတော့ ခပ်ညှိုးညှိုး၊ ပုံထဲတွင် သူ ဦးထုပ် ဆောင်းထားသည်။ သူ့နောက်တွင် အိန္ဒိယ ဗိုလ်တဲ ဝရန်တာရှိ၍ ရင်ဘတ်နှင့် တစ်ပြေးတည်း နေရာတွင် ပုံသည် ခပ်ဝါးဝါး ဖြစ်သွားသည်။

'စတူဒီယိုကတော့ လှပါတယ်၊ ခင်ဗျားလည်း သိပ်ကို အလုပ် လုပ်တဲ့ လူတစ်ယောက် ဖြစ်နေပါပေါ့လား၊ ခင်ဗျားနှင့် အခုလို ထပ်ပြီး တွေ့ရတာ ကျွန်တော် သိပ် ဝမ်းသာတာပဲ၊ ဒါပေမယ့် မိတ်ဆွေကြီးရယ်၊ ကျွန်တော် အခုတော့ဖြင့် မောသွားပြီ၊ တစ်နာရီလောက်တော့ နားလိုက်ပါရစေဦး၊ ခင်ဗျား ရေကူးရင် ဒါမှမဟုတ် လမ်းလျှောက်ရင် ကျွန်တော့်ကို ခေါ်မယ် ဟုတ်လား၊ ဟာ ကိစ္စ မရှိဘူး၊ အားလုံး အဆင်ပြေတယ်၊ ကျွန်တော့်အတွက် ဘာမှ မလိုတော့ဘူး၊ နောက် တစ်နာရီ ကြာရင် ကျွန်တော် အားလုံး အိုကေသွားပြီလို့ သာမှတ်'

www.burmeseclassic.com

www.burmeseclassic.com



အော်တို ဘတ်ဟတ်သည် သစ်ပင်ကြီးများ အောက်မှ ခပ်ဖြည်းဖြည်း လျှောက်သွားလျက် ရှိ၏။ ဗာရာဂုကတော့ နောက်မှရပ်ကာ သူ့မိတ်ဆွေ လျှောက်သွားရာသို့ မျက်စိတဆုံး လိုက်ကြည့်နေသည်။ သူ့အရပ်အမောင်းနှင့် သူ့လမ်းလျှောက်ပုံများသည် သူ့ကိုယ်သူ ယုံကြည် စိတ်ချမှု အပြည့်အဝ ရှိနေကြောင်းနှင့် ဘဝ၏ သာယာ ပျော်ရွှင်မှုကို တည်ငြိမ် အေးချမ်းစွာ ရယူ ခံစားတတ်သူ ဖြစ်ကြောင်းများကို ဖော်ပြနေသည်ဟု ယူဆမိလေသည်။

ဘတ်ဟတ်သည် အိမ်ထဲသို့ ဝင်ခဲ့သည်၊ သို့သော်လည်း သူ့အခန်းဆီသို့ မသွားဘဲ သူ့အခန်းရှေ့မှ ဖြတ်ကာ လှေကားအတိုင်း အပေါ်ထပ်သို့ တက်သည်။ ထို့နောက် ဖရော ဗာရာဂု၏ တံခါးကို ခေါက်သည်။

'ကျွန်တော် နှောင့်ယှက်သလို များ ဖြစ်နေမလား၊ ကျွန်တော် ခဏလောက် တွေ့ပါရစေလား'

ဖရော ဗာရာဂုက အပြုံးဖြင့် ဆီးကြိုပြီး ဝင်ခွင့်ပြုသည်။ သို့သော်လည်း သူ၏ သဘာဝ အပြုံးသည် တည်ငြိမ်လွန်းလှသော မျက်နှာထက်တွင် ကြာရှည် မတည်မြဲ။

'မြိုင်ခေမာမှာ နေရ ထိုင်ရတာကဖြင့် တကယ့်ကို ခမ်းနားလှပါတယ်၊ ကျွန်တော် အခုပဲ ပန်းခြံနှင့် ရေကူးကန်ဘက်ကို ရောက်ခဲ့ပါတယ်၊ ပိုင်ရှီကလည်း အတော့်ကို ချစ်စရာ ကောင်းတာပဲ၊ သူ့ကို ကြည့်ပြီး ကျွန်တော် လူပျိုကြီး ဖြစ်ရတဲ့အတွက် ဝမ်းနည်းမိပါတယ်'



'သူက လူချောကလေးပါ၊ ကျွန်မ ယောကျာ်းနှင့် ရုပ်ချင်းများ ဆင်သလား'

'နည်းနည်းတော့ ဆင်တယ်၊ အတိအကျ ပြောရမယ်ဆိုရင်တော့ ခေါ်တော်လေးကို ရုပ်ချင်းတူတယ်၊ ဂျိုဟန်ကို ပိုင်ရှီ အသက်အရွယ်လောက်တုန်းကတော့ မတွေ့ခဲ့ဖူးဘူး၊ ဒါပေမယ့် သူ့ အသက် ဆယ့်တစ်နှစ် ဆယ့်နှစ်နှစ်သားလောက်မှာ သူ့ရုပ် ဘယ်လို ဆိုတာတော့ ကျွန်တော် မှတ်မိနေတယ်၊ ဪ ဒါနှင့် စကားမစပ် သူ့ ကြည့်ရတာ ကိုယ်ရော စိတ်ပါ ပင်ပန်းနေသလိုပဲ၊ ဘာ...၊ ဪ မဟုတ်ပါဘူး၊ ကျွန်တော် အခု ပြောနေတာက ဂျိုဟန် အကြောင်းပါ၊ သူ့ ကြည့်ရတာ ကြာသေးခင်ကမှ အလုပ်ကို အလွန် အပင်ပန်းခံပြီး လုပ်ထားတဲ့ပုံ ပေါ်နေတယ်'

ဖရော ဗာရာဂုက အော်တို၏ မျက်နှာကို စေ့စေ့ကြည့်၍ အကဲခတ်သည်။ သူ့ထံမှ စကားရရန် အစ်အောက် ထုတ်နေခြင်း ဖြစ်သည်ဟူသော အထင် ဝင်လာသည်။

'ကျွန်မလည်း အဲသလိုပဲ ထင်တာပဲ'ဟု အေးစက်စက် လေသံဖြင့် ပြောသည်။ 'သူက သူ့ အလုပ်အကြောင်း ပြောပြခဲ့တယ်'

'သူအခု ဘာပုံတွေ ဆွဲနေသလဲ၊ ရှုမျှော်ခင်း ပုံတွေပဲလား'

'သူ မကြာခဏ ပန်းခြံထဲမှာ ပုံတွေ ဆွဲဆွဲနေတာတော့ တွေ့တာပဲ၊ အများအားဖြင့်တော့ စံပြမယ်တွေကို ကြည့်ပြီး ဆွဲနေတာပဲ၊ ရှင် သူ့ပုံတွေ မမြင်ခဲ့ဘူးလား'

'ဘာရုပ်ဆဲလ်မှာတော့ မြင်ခဲ့ရပါတယ်'

www.burmeseclassic.com



'ဘရပ်ဆဲလ် ပြပွဲမှာ သူ့ကားတွေ တင်သလား'

'တင်ဘယ်လေ၊ အတော်ကလေး အများသားပဲ၊ ကျွန်တော် ကက်သလောက်တောင် ယူလာခဲ့သေးတယ်၊ ကျွန်တော် တောင်မှ သူ့ ပန်းချီကားတွေထဲက တစ်ကားကို ကြိုက်လို့ ဝယ်ထားမယ် စိတ်ကူးထားတယ်၊ ခင်ဗျားရဲ့ ထင်မြင်ချက်ကိုပါ သိရမယ် ဆိုရင်တော့ သိပ် ကောင်းမှာပဲ'

အော်ဘိုက ကက်သလောက် စာအုပ်ကို လှမ်းပေးပြီး ပုံတစ်ပုံကို ထောက်ပြသည်၊ ဖရော ဗာရာဂူက ပန်းချီကားပုံတူကို ကြည့်သည်။ စာအုပ်ကို ဟိုလှန် သည်လှန်လုပ်ပြီး ပြန်ပေးသည်။

'ကျွန်မ ထင်မြင်ချက် မပေးတတ်ပါဘူး မစ္စတာဘတ်ဟတ်၊ ကျွန်မ ဒီပုံကို အရင် တုန်းက လုံးဝ မမြင်ခဲ့ဖူးပါဘူး၊ သူ ဒီကားကို ပြီးခဲ့တဲ့နှစ် ဆောင်းရာသီတုန်းက ပိုင်ရီးနီးစ်မှာ ဆွဲခဲ့တယ်လို့ ထင်ပါတယ်၊ သူ ဒီပုံကို ဒီမှာ မထားခဲ့ပါဘူး'

နောက်တစ်ခဏမျှ ကြာသောအခါ ဖာခဲရာဗာရာဂူက စ၍ ပြောနေသည့် အကြောင်းအရာကို ပြောင်းသည်။ 'ရှင် ပိုင်ရီကို လက်ဆောင်တွေ အများကြီး ပေးခဲ့တာပဲ၊ ကျေးဇူးတင်ပါတယ်ရှင်'

'လက်ဆောင်က မဖြစ်လောက်ပါဘူး၊ ခင်ဗျားကိုလည်း ကျွန်တော် အာရှတိုက်က လက်ဆောင်တစ်ခု ပေးပါရစေ၊ ခွင့်ပြုပါ၊ အကျိုးစ နည်းနည်းပါးပါးပါ၊ ကျွန်တော် ပြပါရစေ၊ ခင်ဗျား ကြိုက်တာ ရွေးယူပါ'



အော်ဘိုက လိမ္မာပါးနပ်စွာဖြင့် စကားကို ယဉ်ကျေးဖွယ်ရာစွာ ပြောသည်။ ချိုသာသိမ်မွေ့သော စကားလုံးများဖြင့် ဖရော ဗာရာဂူ၏ ချုပ်တည်း စောင့်ထိန်းလွန်းလှသော စိတ်ကို ပြောင်းသွားအောင် အားထုတ်သည်။ တဖြည်းဖြည်းနှင့် ရယ်မောပျော်ရွှင်လာအောင် ပြုသည်။

သူသည် အောက်ထပ်ရှိ သူ့အခန်းသို့ ဆင်းကာ အိန္ဒိယ အဝတ်အထည် တစ်ပွေ့ တစ်ပိုက်ကြီးနှင့် ပြန်လာသည်။ မလေးရှား ပါတိတ်များနှင့် လက်ရက် ထည် များ လည်း ပါသည်၊ သူသည် အားလုံးကို အခန်းထဲရှိ ကုလားထိုင်များပေါ်၌ ဖြန့်၍ တင်သည်။ တင်နေရင်းမှပင် ဒီအထည်ကို ဘယ်နိုင်ငံက ဝယ်သည်၊ ဘယ်နေရာမှာ တွေ့၍ ဝယ်ခဲ့သည်၊ ဈေးကို ဘယ်လို ကတ်သီးကတ်သတ်ဆစ်ရသည် စသည်စသည်များကို တစ်ဖက်လူ စိတ်ဝင်စားလာအောင် စကားပတ်ကုံး ပြောပြသည်။

အခန်းထဲတွင် အရောင်အသွေးစုံ မျိုးစုံခနသည့် ဈေးကလေး တစ်ခုဈေးသဖွယ် ဖြစ်လာသည်။ တစ်ခါတစ်ရံတွင် ဖရော ဗာရာဂူထံ ထင် မြင် ချက် တောင်း ခံ သည်၊ ပြီးတော့ အထည် တချို့ကို ဖရော ဗာရာဂူ၏ လက်မောင်းပေါ် တင်ပေးသည်၊ ဒီအထည်ကို ဘယ်လိုလုပ် ရက်လုပ်သည် ဆိုသည်ဖြင့်လည်း စိတ်ရှည်လက်ရှည် ရှင်းပြသည်၊

ဤသို့ဖြင့် ဖရော ဗာရာဂူသည် အလှဆုံး အဆင်အသွေးနှင့် အထည်စများကို ရွေးသည်၊ ကိုင်ကြည့်သည်၊ စမ်းကြည့်သည်။

www.burmeseclassic.com



တအံ့တသြ ချီးမွမ်းစကားပြောသည်။ နောက်ဆုံးကျတော့ ရွေးယူသည်။

'မဟုတ်သေးဘူးလေ' ဟု ဖရော ဗာရာဂုက ရယ်မောပြီး ပြောသည်။ 'ကျွန်မ ဒါတွေအားလုံးကို မယူပါရစေနှင့်၊ ကျွန်မ ရှင့်ကို လူဆင်းရဲဖြစ်သွားအောင် လုပ်လိုက်သလို ဖြစ်သွားမှာပေါ့'

'ဗိတ်မပူပါနှင့်' ဟု အော်တိုကပါ ရယ်မောပြီး ပြန်ပြောသည်။ 'ကျွန်တော် ရာဘာပင် ခြောက်ထောင် ထပ်စိုက်ထားပါတယ်၊ မကြာခင် လူချမ်းသာကြီး တစ်ယောက်ဖြစ်တော့မှာပါ'

ဗာရာဂု ရောက်လာသည့်အခါ စကားလက်ဆုံကျနေကြသော သူ့မိန်းမနှင့် အော်တိုကို တွေ့ရသည်။ ပြုံးရွှင်ရယ်မော တသောသောဖြစ်နေကြသည်ကို ကြည့်ကာ အံ့အားသင့်နေသည်။ အထူးသဖြင့် စကားမများသည်မှာ ကြာပြီဖြစ်သော သူ့ မိန်းမ စကားများများ ပြောနေသည်ကို တွေ့ရခြင်းသည် သူ့အဖို့ အံ့သြစရာကြီး တစ်ခု ဖြစ်နေ၏။ သူပါ ဝင်၍ စကားလက်ဆုံကျရန် အားထုတ်ပါသေး၏။ သို့သော်လည်း မျှော်မှန်းသလောက် မအောင်မြင်၊ အော်တို ပေးထားသည့် လက်ဆောင်များကို ချီးကျူးရာ၌ပင်လျှင် ထင်သလောက် မပြောနိုင်။

'အဲဒါတွေ ထားလိုက် စမ်းပါ'ဟု သူ့မိတ်ဆွေက ပြောသည်။ 'ဒါက အမျိုးသမီးတွေရဲ့ ကိစ္စ၊ တဲ လာ၊ ကျွန်တော်တို့ ရေကူးကြမယ်'



ပြောပြောဆိုဆိုပင် အော်တိုက ဗာရာဂုအား အပြင်သို့ ဆွဲထုတ်သွားသည်။

'ခင်ဗျားမိန်းမက အရွယ်မကျသေးဘူးဗျ၊ အခုပဲ ရယ်လို့ မောလို့ စကားပြောနေကြတာ၊ ခင်ဗျားတို့ နှစ်ယောက်စလုံး ကြည့်ရတာ အားလုံး အဆင်ပြေနေသလိုပဲ၊ ဒါပေမယ့်.... ခင်ဗျားသား အကြီးကောင်ကော၊ သူ အခု ဘာလုပ်နေသလဲ'

ဗာရာဂုက ပခုံးတွန့်လိုက်ပြီး မျက်မှောင်ကြုတ်လိုက်သည်။

'ခင်ဗျား သူ့ကို တွေ့ရမှာပါ၊ တစ်ရက်ရက်မှာ သူ ဒီကို ရောက်လာလိမ့်မယ်၊ခင်ဗျားဆီ စာရေးတုန်းက သူ့အကြောင်း ထည့်ရေးလိုက်သားပဲ'

သူသည် ဖျာတ်ခနဲ သူ့သူငယ်ချင်းဘက်သို့ ခေါင်းကို ငုံ့ လိုက်ပြီး မျက်နှာကို စူးစူးရဲရဲကြည့်ကာ တီးတိုးလေသံဖြင့် ပြောသည်။

'ခင်ဗျား တစ်ခုမကျန် မြင်တွေ့ရပါလိမ့်မယ် အော်တို၊ ဒီအကြောင်းတွေကို ကျွန်တော် ပြောပြချင်စိတ် မရှိလို့ပါ၊ ခင်ဗျားဘာသာ တွေ့ရ သိရတာ ကောင်းပါတယ်၊ ခင်ဗျား ဒီနေတုန်းမှာ ကျွန်တော်တို့ပျော်ပျော် နေသွားသင့်တယ်လို့ ထင်တယ်၊ တစ်နေ့ ကျွန်တော် ခင်ဗျားနှင့် ရေကူး ပြိုင်မယ်၊ ငယ်ငယ်တုန်းကလိုပေါ့'

'သိပ်ကောင်းတဲ့ စိတ်ကူးပဲ' ဟု ဘာတ်ဟတ်က သူ့ သူငယ်ချင်း စိတ်မသက်မသာ ဖြစ်နေမှုကို သတိမထားမိလေ ဟန်ဖြင့် ပြောသည်။ 'ခင်ဗျား နိုင်မှာပါ ကိုယ့်လူရာ၊ ဒီတစ်ခါ

www.burmeseclassic.com



တော့ ဟိုတုန်းက အမြဲတမ်း မဖြစ်ဖူးခဲ့တဲ့ဟာမျိုး ဖြစ်လာဖို့ များနေပြီ၊ ပြောရမှာတော့ ခပ်ရှက်ရှက်ပဲ၊ ကျွန်တော့်ဗိုက်က သိပ်ပူနေပြီဗျ'

မွန်းတိမ်းသွားပြီ ဖြစ်၏၊ နေပင် အတော်စောင်းနေလေပြီ။ ရေကန်သည် အရိပ်အောက် ရောက်နေပြီ ဖြစ်၏၊ နေရောင်ခြည်သည် သစ်ပင်ထိပ်ဖျားများကို ထိတွေ့ပွတ်သင်လျက် ရှိသည်။ သူငယ်ချင်း နှစ်ယောက်သည် ချုံများနောက်ကွယ်ရှိ ရေချိုးခန်း အပြင်ဘက်တွင် ရပ်နေကြသည်။ ရေချိုးခန်းတံခါးသည် အလွယ်တကူနှင့် မပွင့်။

'ကိစ္စမရှိဘူး' ဟု ဗာရာဂုက ရေရွတ်သည်။ 'သော့ခလောက် ကိုက်နေလို့ ဖွင့်မရတာ၊ ကျွန်တော်တို့ ရေချိုးခန်းသုံးဖို့ မလိုပါဘူး'

သူသည် အဝတ်များကို ချွတ်သည်။ ဘတ်ဟတ်ကလည်း သူနည်းတူ လိုက်သုပ်သည်။ ကမ်းစပ်ရောက်၍ ခြေဖျားများနှင့် ရေကိုထိ၍ စမ်းသပ်ကြည့်နေသည့်အခါ နှစ်ဦးစလုံး၏ ရင်ထဲ၌ ငယ်စဉ်တောင်ကျေး ကလေးသူငယ်ဘဝက ရှင်လန်းမြူးထူးမှုများ ဝင်လာသည်။

သူတို့သည် တစ်မိနစ်ခန့်မျှ ရပ်ကာ ရေ၏ အေးမြသော အရသာကို ခံစားနေကြသည်။ ငယ်ငယ်က နွေရာသီကျတိုင်း အတူတူတွဲ၍ အချိန်ဖြုန်းခဲ့ရသည့် စိမ်းလန်း စိုပြည်သော တောင်ကြားလွင်ပြင်ကို သတိရလာသည်။ နှစ်ယောက်သား စကားမပြော။ ခြေထောက်များကို ရေထဲနှစ်ကာ တလှုပ်လှုပ် ဖြစ်နေသည့် လှိုင်းဂယက်များကို ကြည့်နေကြလေသည်။

ထို့နောက် ဘတ်ဟတ်က ရေထဲသို့ ဂုန်းခနဲ ခုန်ချလိုက်သည်။

'အား တယ်ကောင်းပါလား' ဟု ပြောသည်။ 'ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ရဲရဲဝံ့ဝံ့ကြည့်လို့ ရပါသေးတယ်ဗျ၊ တစ်ခုပဲ ခွကျတာက ကျွန်တော့် ဗိုက်ပဲ၊ ဗိုက်က စူထွက်နေတယ် မဟုတ်လား၊ ဒါပေမယ့် ကျွန်တော်တို့ဟာ အခုထက်ထိ သန်မာထွားကျိုင်းတဲ့ လုလင်ကြီးတွေပဲ ရှိနေပါသေးတယ်'

သူသည် လက်နှစ်ဖက်ဖြင့်ယက်၍ ရေကူးနေရာမှ ဖျတ်ခနဲ ရပ်လိုက်လေသည်။

'ခင်ဗျားက ခင်ဗျားမှာ ကောင်းတာလေးတွေ ရှိနေတာ သိမှ မသိဘဲကိုး' ဟု အော်တိုက လှမ်းပြောသည်။ 'ကျွန်တော့် အဘခြံထဲက ဖြတ်စီးနေတဲ့ မြစ်တစ်ခု ရှိတယ်၊ တကယ်လို့ ခင်ဗျား ခြေထောက်ကို ရေထဲ ချလိုက်ရင် နောက်ထပ် ဘယ်တော့မှ ထပ်ပြီး မမြင်ရတော့ဘူး၊ မြစ်ထဲမှာက မိကျောင်းတွေ အပြည့် ဖြစ်နေတယ်လေဗျာ၊ ကဲ လာ၊ မြိုင်ခေမာက ပေးမယ့် ဖလားအတွက် ရေကူးပြိုင်ကြစို့၊ ကျွန်တော်တို့ ဟိုဘက် ကမ်းကို ကူးမယ်၊ ပြီးတော့ ဒီဘက် ပြန်ကူးမယ်၊ ခင်ဗျား အဆင်သင့် ဖြစ်ပြီလား၊ တစ် နှစ် သုံး'

နှစ်ယောက်စလုံး ရှင်ပြုံးသော မျက်နှာများဖြင့် ခပ်မှန်မှန် ကူးသည်။ သို့သော်လည်း ငယ်မူငယ်စိတ်သည် တဖြည်းဖြည်းနှင့် သူတို့အား လွှမ်းမိုးလာသည်။ ထိုအခါ နှစ်ဦးစလုံး အပြိုင်အဆိုင်စိတ် ဝင်ကာ အားတက်သရော ကူးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာများ မာကျော လာကြသည်။ မျက်လုံးများသည် အရောင် တလက်လက် ထွက်လာကြသည်။ သူတို့ လက်များသည် လှဲလိုက်သည့် အခါတိုင်း အရောင် လက်လာကြသည်။

တစ်ဖက်ကမ်းရှိ အုတ်လှေကားဆီသို့ ပြိုင်တူ ရောက်ကြသည်။ အတူတူပင် တစ်ပြိုင်နက်တည်း ပြန်လှည့်၍ ကူးကြသည်။ ပန်းချီဆရာက ရှေ့မှ ဦးဆောင်လျက် ရှိ၏။ နောက်ဆုံး သူကပင် သူ့ သူငယ်ချင်း ရှေ့မှ နှာတစ်ဖျားခန့် အသာရသွားခဲ့လေ၏။

အမောတကော အသက်ရှူရင်း ရေထဲ၌ မျက်နှာချင်းဆိုင် ရပ်ကာ မျက်စိများကို ပွတ်၍ အားပါးတရ ရယ်ကြသည်။ တစ်ဦးနှင့် တစ်ဦး အနေ ဝေးကြသဖြင့် စိမ်းသလိုလို ဖြစ်နေသည့် ခံစားမှုများသည် ကွယ်ပျောက်သွားသည်။ ငယ်ငယ်တုန်းက ရင်းနှီးခင်မင်မှုမျိုးသည် သူတို့နှစ်ယောက် အကြားတွင် ပြန်လည် တည်ဆောက်မိကြသည်။

ရေစိုအဝတ်များလဲအပြီးတွင် သူတို့သည် ရေကန် အဆင်းအတက် လှေကားထစ်များ ပေါ်၌ ဘေးချင်းယှဉ်၍ ထိုင်ကြသည်။ အမှောင်ရိပ်များ သန်းစ ပြုနေပြီဖြစ်သော ကန်ရေပြင်ကို ကြည့်ရင်း အစေခံ လာချပေးထားသည့် ချယ်ရီသီးများကို စားကြသည်။

ဆည်းဆာအချိန် ရောက်ပြီဖြစ်၍ ပတ်ဝန်းကျင်သည် လင်းတစ်ဝက် မှောင်တစ်ဝက် ဖြစ်နေပြီ။ သူတို့သည် စကားပြော၍ အားမရသေး။ သူတို့ကျောင်းသားဘဝက အဖြစ်များ၊ သူတို့၏ ဆရာ ဆရာမများအကြောင်းနှင့် သူတို့၏ ကျောင်း



နေဘက် သူငယ်ချင်းများ အကြောင်း။ ပြီးတော့ ဘယ်သူကတော့ ဘာဖြစ်သွားပြီ၊ ဘယ်ရောက်နေသည် စသည်... စသည်များ။

'အချိန်တွေ အတော်ကြာသွားပြီနော်၊ ခင်ဗျား သူ့ကို သတိရသေးရဲ့လား၊ မီထာဟေလီမန်းလေ၊ သူ နောက်ဆုံး ဘာဖြစ်သွားသလဲ' ဟု အော်တိုဘတ်ဟတ်က မေးသည်။

'ဟာ မှတ်မိတာပေါ့' ဟု ဗာရာဂုက ဖြေသည်။ 'သိပ်ချစ်စရာကောင်းတဲ့ ကောင်မလေး တစ်ယောက် ဟာ၊ ကျွန်တော့် ဗလာစာအုပ်တွေထဲမှာ သူ့ပုံတွေနှင့် ပြည့်နေတာပဲ၊ စာသင်နေတုန်း သူ့ပုံတွေကို ကျွန်တော် အမြဲဆွဲနေတာ၊ သူ့ ဆံပင်ကို ဘယ်တော့မှ မှန်အောင် မဆွဲနိုင်ခဲ့ဘူး၊ ခင်ဗျား မှတ်မိသေးလား၊ သူ့ နားကွင်းကြီးတွေ ဆွဲလာတာလေ'

'ခင်ဗျား သူ့သတင်း ဘာမှ မကြားတော့ဘူးလား'

'မကြားရတော့ဘူးဗျ၊ ကျွန်တော် ပထမ တစ်ခေါက် ပါရီက အမြန်မှာ သူ မရှူနေ တစ်ယောက်နှင့် ခစ္စစပ်လိုက်ပြီလို့ ကြားခဲ့ရတယ်၊ ကျွန်တော် သူ့ကို လမ်းပေါ်မှာ တွေ့တာ၊ သူက သူ့ အစ်ကိုနှင့် လာကြတာ၊ ကျွန်တော် မှတ်မိသေးတယ်၊ အဲဒီတုန်းက ကျွန်တော်လေ ကိုယ့်ကိုယ်ကိုယ် အကြီးအကျယ် ဒေါပွမိတယ်၊ ဘာကြောင့်လဲ သိလား၊ သူနှင့် ဆုံလိုက်တော့ ကျွန်တော်ဟာ ဟိုတုန်းက ကျောင်းသားပေါက်စလေးလို ပြန်ဖြစ် သွားတယ်၊ ရှက်စိတ်တလည်း ဝင်လာတယ်၊ ဘယ်လိုမှ ထိန်းလို့ မရဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဘတ်ဟတ်က ခေါင်းတယမ်းယမ်း လုပ်သည်။

'တော်စမ်းပါ၊ ခင်ဗျား ဆိုတဲ့ လူက စွဲစွဲမြဲမြဲ ချစ်တတ်တဲ့ လူတစ်ယောက် မဟုတ်ပါဘူး ဂျိုဟန်ရာ၊ မီထာ့ဟာ အဲ့သြစရာ ကောင်းလောက်အောင်ကို လှတဲ့ မိန်းကလေးဗျ'

'အိုဗျာ၊ ကျွန်တော်လည်း စွဲစွဲလမ်းလမ်း ချစ်တတ်တဲ့ လူပါဗျ။ တစ်ရက်မှာ ကျွန်တော်ဟာ ညနေငါးနာရီ အားလပ်ချိန် အပြင်ထွက်သွားပြီး ပြန်လာခဲ့တယ်၊ ကျွန်တော်တစ်ယောက်တည်းရယ်၊ အချိန်ကလည်း နောက်ကျနေပြီ၊ တစ်လမ်းလုံး ကျွန်တော်ဟာ မီထာ့အကြောင်းက လွဲပြီး တခြား ဘာကိုမှ မစဉ်းစားဘူး။

'အဲဒီအချိန်မှာ မျက်နှာချင်းဆိုင်ဘက်က ကျွန်တော့်ဘက်ကို လျှောက်လာနေတဲ့ မီထာနဲ့ ဆုံမိပါလေရော၊ သူက ကောင်မလေးတစ်ယောက်နှင့် လက်ချင်းချိတ်ပြီး လာနေကြတာ၊ ဟိုကောင်မလေးနှင့် လက်ချင်း ချိတ်လာမယ့်အစား ကျွန်တော်နှင့် လက်ချင်း ချိတ်လာရရင် ဘယ်လောက်များ ကောင်းမလဲလို့ တွေးနေမိတယ်၊ ကျွန်တော်က နံရံကို မှီပြီး သူ့ကို ကြည့်နေတယ်၊ ကျွန်တော့် ခေါင်းထဲမှာ သူက လွဲပြီး ဘာမှမရှိဘူး။

'နံရံမှာ မှီပြီး ရပ်နေလိုက်တာ ဘယ်လောက် ကြာသွားမှန်းတောင် မသိဘူး၊ ကျွန်တော် အဆောင် ပြန်ရောက်တော့ ဝင်းတံခါးကြီးက ပိတ်ထားပြီး မတတ်နိုင်တော့ဘူး၊ အပြင်က



နေပြီး ခေါင်းလောင်းကြိုးကို ဆွဲပြီး ဖွင့်ခိုင်းရတယ်၊ နောက်အဲ့ဒီအတွက် တစ်နာရီတိတိ အခန်းပိတ် အပြစ်ဒဏ်ကို ခံလိုက်ရသေးတယ်'

ဘတ်ဟတ်က ပြုံးသည်။ သူတို့နှစ်ယောက် အသက်ကြီးလာခါမှ လူချင်း ဆုံမိခဲ့သည်။ အကယ်၍ ဆုံမိပါကလည်း မီထာ့အကြောင်းကို မပြောဘဲ မနေနိုင်ကြ။ ပြောမိသည့် အကြိမ်ပေါင်း များလှပြီ။ လူငယ်ဘဝတုန်းက နှစ်ယောက်စလုံး မီထာကိုကျိတ်၍ တစ်ဖက်သတ် ချစ်နေကြသည်။ သို့သော်လည်း တစ်ယောက်နှင့်တစ်ယောက် ဖွင့်ဟ၍ မပြော။

နောက်ပိုင်း နှစ်အနည်းငယ်ကြာခါမှ သူတို့ ရင်တွင်း၌ ဖြစ်ပေါ်နေသည့် ခံစားချက်များကို ဖွင့်ဟ၍ အသိပေးကြသည်၊ မီထာနှင့်ဆက်စပ်နေသည့်အတွေ့အကြုံများကိုလည်း ဖွင့်ပြောဖြစ်ကြသည်။ သို့သော်လည်း အကုန်အစင်ပြောကြသည် မဟုတ်။ ယခုအသက်အရွယ်ရောက်ချိန်အထိ နှစ်ယောက်စလုံး တစ်ယောက်ကို တစ်ယောက် အသိမပေးဘဲ မြှုံထားသည့် အပိုင်းတွေ အများကြီးရှိနေဆဲ။

အော်ဘိုဘတ်ဟတ်က သူ ခိုးယူလာခဲ့သည့် မီထာ၏ ဓာတ်ပုံကလေး တစ်ခုကို အမြတ်တနိုး သိမ်းဆည်းထား၍ မကြာခဏ ထုတ်ကြည့်ခဲ့ဖူးပုံကို ပြန်လည်သတိရနေမိ၏။ အဲ့အကြောင်းကို အခုအချိန်အထိ သူ့သူငယ်ချင်း ဗာရာဂူအား ဖွင့်မပြောသေး။ အခု အချိန်ရောက်မှတော့ မျိုသိပ်

www.burmeseclassic.com



ဖုံးကွယ်မထားတော့ဘဲ ပြောလိုက်မည်ဟု စဉ်းစားသည်။ သို့သော်လည်း နောက်ဆုံးကျတော့ တိတ်တဆိတ် ကျိတ်၍ ပြုံးသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ ဘာတစ်ခွန်းမှ မဟ။ သူ့ဘဝ တစ်ကွေ့မှ အမှတ်တရ အဖြစ်ကလေးကို ရင်ဝယ် သိမ်းဆည်းထားလိုက်ရခြင်းအတွက် ရရှိလာသည့် သာယာကြည်နူးမှုကို အပြည့်အဝ ရယူခံစားသည်၊

## ၇

ဘတ်ဟတ်သည် ကြိမ် ကုလားထိုင် တစ် လုံး ပေါ် တွင် သက်သောင့် သက်သာ မှီ၍ ထိုင်နေသည်။ သူ့ ခေါင်းမှ ဦးထုပ်သည် နောက်သို့ လန်လျက်ရှိသည်။ သူသည် စတူဒီယို၏ နောက်ဘက်ရှိ နေရောင်ခြည် အစက်အပြောက်များ ဖြာကျနေသည့် ပန်းရုံ တစ်ရုံဘေး၌ ထိုင်ကာ မဂ္ဂဇင်း တစ်စောင် ဖတ်ရင်း ဆေးလိပ်သောက်လျက် ရှိသည်။

သူနှင့် မနီးမဝေးတွင်မူ ဗာရာဂုသည် ခေါက်ကုလားထိုင် တစ်လုံးနှင့် ထိုင်နေသည်။ သူ့ရှေ့တွင် ပန်းချီဆွဲသည့် သုံးချောင်းထောက် စင်ကလေး ချထားသည်။ စင်ကလေး ပေါ်ရှိ ပန်းချီကားထဲတွင် အော်တို၏ ပုံတူပန်းချီ၊ ပုံကြမ်း လောင်းထားပြီးရုံမျှသာ ရှိသေးသည်။ ပန်းချီကား၏ နေရာ အနှံ့အပြားတွင် ဆေးများကို အတုံးလိုက် အခဲလိုက် ချထားသည်။

အခုဆိုလျှင် သူသည် မျက်နှာကို စတင်၍အချောသပ်လျက် ရှိ၏၊ ဆီဆေးနံ့နှင့် ဆေးလိပ်နံ့များသည် လေထဲတွင် ပျံ့လွင့်လျက် ရှိသည်။ သစ်ရွက်ကြို သစ်ရွက်ကြား၌ ပုန်းကွယ်နေသော

www.burmeseclassic.com

www.burmeseclassic.com



ငှက်များသည် တကျည်ကျည် တကျာကျာ အော်မြည် တွန်ကျူး လျက် ရှိကြသည်။

ပိုင်ရီကတော့ မြေပေါ်၌ထိုင်ကာ မြေပုံကြီး တစ်ချပ်ကို ရှေ့၌ ချပြီး လက်ညှိုးကလေးဖြင့် ထောက်၍ ခရီး သွားနေသည်။

'အိပ်ပျော် မသွားစေနှင့်ဗျို့'ဟု ပန်းချီဆရာက လှမ်း အော်သည်။

ဘတ်ဟတ်က မျက်တောင် တစ်ချက် ခတ်လိုက်ပြီး ပြုံးသည်။ ပြီးတော့ ခေါင်းယမ်းပြသည်။ 'ပိုင်ရီရေ မင်း ဘယ်ရောက်နေလဲ'ဟု လှမ်းမေးသည်။

'နေပါဦး၊ ကျွန်တော် ဒီမှာ စာတစ်လုံး ဖတ်စရာ ရှိနေလို့'ဟု ပိုင်ရီက ပြန်ပြောကာ မြေပုံပေါ်မှ နာမည်တစ်လုံးကို စာလုံးပေါင်း၍ ဖတ်နေသည်။ 'လု....လု....လူဆန်း၊ ဘန်လား သမုဒ္ဒရာလား၊ ဒီဘန်ဟာ ကျွန်တော်တို့ ခြံထဲက ကန်ထက် ကြီးသလား အန်ကယ် ဘတ်ဟတ်'

'အများကြီးကို ကြီးတာပေါ့၊ အဆ နှစ်ဆယ်လောက် ပိုပြီး ကြီးတယ်၊ မင်း တစ်နေ့ကျရင် အဲဒီကို သွားရမယ်'

'ဟုတ်တယ်၊ သွားမယ်၊ ကျွန်တော့်မှာ မော်တော်ကား ရှိရင် ဗီယင်နာနဲ့ လူဆန်းကို သွားမယ်၊ မြောက်ပင်လယ်နှင့် အိန္ဒိယကိုလည်း သွားမယ်၊ အိန္ဒိယမှာ အန်ကယ့်အိမ် ရှိတယ် မဟုတ်လား၊ ကျွန်တော် လာတဲ့အခါ အန်ကယ် အိမ်မှာ ရှိမလားဟင်'



'သိပ်ကို ရှိတာပေါ့ကွ၊ ဧည့်သည်တွေလာရင် အန်ကယ်က အိမ်မှာ အမြဲရှိတယ်၊ မင်း ရောက်လာရင် ငါတို့ နှစ်ယောက် အန်ကယ်ရဲ့ မျောက်ကို သွားကြည့်မယ်၊ သူ့ နာမည်က ပနီဇက်တဲ့၊ သူ့မှာ အမြီးတော့ မရှိဘူး၊ ဆံနွှင်းခဲတွေလို ဖြူဖွေးနေတဲ့ ပါးမုန်းမွေးတွေတော့ ရှိတယ်၊ နောက်ပြီးတော့ ငါတို့ သေနတ်တွေယူပြီး လှေတစ်စီးနှင့် မြစ်ထဲကို သွားမယ်၊ မိကျောင်းတစ်ကောင် ရအောင် ပစ်မယ်'

ပိုင်ရီ၏ သေးသွယ်သွယ် ကိုယ်ခန္ဓာသည် ရှင်မြူးသော စိတ်ဖြင့် ရှေ့တိုးနောက်ငင် ဖြစ်လျက်ရှိသည်။ အန်ကယ် ဘတ်ဟတ်ကတော့ မလေးရှား နိုင်ငံရှိ တောကြီးများတွင်းမှ သူ၏ ရာဘာခြံကြီးများအကြောင်း ပြောပြနေသည်။

သူ ပြောပြနေသည်မှာ ရှည်လျားလွန်းသော ကြောင့် ပိုင်ရီသည် ကြာကြာ စိတ်ဝင်စား၍ မရ။ သူ၏ ဆော့လက်စ မြေပုံပေါ် အာရုံ ပြန်ရောက်သွားသည်။ သို့သော်လည်း ပိုင်ရီ၏ ဖေဖေတော့ သူ့ သူငယ်ချင်း၏ စကားများကို နားစွင့်လျက် ရှိလေသည်။

သူ ပြောနေပုံမှာ သာသာအေးအေးရှိသည်၊ ဗာရာဂုသည် စိတ်ဝင်တစား နားထောင်နေမိ၏။ အပူပိုင်း ဒေသရှိ လူများ အလုပ် လုပ်ကြပုံနှင့် အမဲလိုက်ကြပုံများ၊ မြင်းနှင့် တစ်မျိုး လှေနှင့်တစ်ဖုံ ထွက်ရသည့် ခရီးများ၊ ဝါးဖြင့် ဆောက်ထားသည့် အိမ်များတည်ရာ ကျေးရွာများ၊ မြီးခေါ့ မျောက်တွေ၊ ဗျိုင်းတွေ၊ လိပ်ပြာတွေ အကြောင်း၊ အပူပိုင်း ဒေသ သစ်တောကြီး အတွင်း၌ ဆိတ်ငြိမ် အေးချမ်းစွာ

www.burmeseclassic.com

www.burmeseclassic.com



အထီးကျန်နေရသည့် သူ့ဘဝ၏ ငြိမ်းချမ်း သာယာမှုကိုလည်း မြင်ယောင် ထင်ယောင် ဖြစ်လာသည်။

ပန်းချီဆရာ အနေဖြင့် သူ့သူငယ်ချင်း၏ စကားကို နားထောင်ရင်း ချမ်းသာ သုခနှင့် ပြည့်စုံသည့် အေးရိပ်သာ တစ်ခုကိုအဝေးမှ လှမ်းမျှော်ကြည့်နေရသည့်နှယ်ခံစားရသည်။ သူ့နားများသည် တောကြီး မျက်မည်းထဲမှ ဖြတ်သန်း စီးဆင်းနေကြသည့် မြစ်ကြီးများအကြောင်း၊ မိုးထိုးနေသော သစ်ပင်ကြီးများနှင့် ပြည့်နေသည့် သစ်တောကြီးများ အကြောင်း၊ လူတစ်ရပ် အမြင့်ရှိသည့် မြက်ပင်ကြီးများ ဖုံးလွှမ်း နေသောလွင်ပြင်ကြီးများ အကြောင်းကိုလည်း ကြားရသည်။

သစ္စာကျွန်းများနှင့် မီးတောင်ပြာပြာ များကို မျက်နှာ ပြုနေကြသည့် ပင်လယ် ကမ်းစပ်များ၏ ညနေခင်းအလှ၊ တစ်နေ့လုံး ပူပြင်းပြီး နေဝင် မိုးချုပ်ခါမှ အေးမြသာယာလာ တတ်သည့် ရာဘာခြံကြီးများ အတွင်းရှိ ဗိုလ်တဲများ၏ ဝရန်တာတွင် ထွက်၍ နားနားနေနေ နေရပုံ၊ ဆူဆူညံညံ ရုတ်ရုတ်သဲသဲနှင့် လူတွေ များပန်းခတ်မျှ လှုပ်ရှား သွားလာနေ ကြသည့် တရုတ် မြို့တော်များ၏ လမ်းမကြီးများ အကြောင်းနှင့် ညပိုင်း ရောက်သည့်အခါ ဗလီရှေ့ ရေကန်ဘေး၌ လာ၍ နားနေကြသော မလေး လူမျိုးများ အကြောင်းကိုလည်း သူ ကြားရသည်။

ယခင့် ယခင်က အကြိမ်ပေါင်း များစွာ ဖြစ်ခဲ့ဖူးသည့် နည်းတူ အခုလည်း ဗာရာဂုသည် သူ့ သူငယ်ချင်း အော်တို၏ အလွန် ကွာဝေးလှသော တစ်နိုင်ငံ မြိုင်ယံခြားမှ



နအိမ်သို့ စိတ်ကူးဖြင့် အလည်သွားလျက် ရှိသည်။ သို့တစေ ည်း သူ့နှုတ်မှ ထုတ်ဖော်၍ မပြောကြား သေးသည့် င်းပြသော ဆန္ဒက သူ့သူငယ်ချင်း အော်တို ဘတ်ဟတ်၏ ည်ရှယ်ချက်များကို တုံ့ပြန်နေမှန်း နည်းနည်းကလေးမှ ိပ်စားမိ။

တကယ်တော့ သူ့စိတ်ကို ညှို့ယူ ဖမ်းစားနေသည့် အရာ ားမှာ အပူပိုင်း ဒေသမှ ပင်လယ်ပြင်များ၊ ကျွန်းစုများနှင့် ဝတ်အစား မလို့တလုံ ဝတ်ဆင်နေကြဆဲ ဖြစ်သည့် ဟောင်း လူမျိုးများသာမဟုတ်။ ထိုအရာများထက် ပိုပြီး ဆောင်နေသော အရာများ ရှိနေသေးသည်။ယင်းမှာ အခြား တ်။ သူ ခံစားနေရသော ဝေဒနာများနှင့် သောကများ၊ ၏ ရှုန်းကန် လှုပ်ရှားခြင်းများနှင့် ဆင်းရဲခြင်းများကို းမှိန် သွားစေနိုင်မည့် လူသူ ကင်းဝေးပြီး အေးချမ်း တ်ဆိတ်သော ကမ္ဘာတစ်ခု ဖြစ်သည်။

ထိုကမ္ဘာဆီသို့ သူ ရောက်သွားခဲ့ပါမူ ရာပေါင်းများ သော တာဝန် ဝတ္တရားများ၏ ဖိစီးမှုကို ခံနေရသည့် သူ့ တ်သည် ပေါ့ပါး သွားနိုင်စရာ ရှိ၏။ သန့်စင် ချမ်းမြေ့ခြင်းနှင့် တ်လပ်ခြင်း တည်းဟူသော အမြိုက် အရသာများကိုလည်း သူ ခံစားနိုင်ဖွယ်ရာ ရှိလေသည်။

မှန်းလွဲပိုင်း ဖြည်းဖြည်းချင်း ကုန်ဆုံး သွားသည်နှင့် အမှု ရိပ်များသည် နေရာ ရွှေ့သွားကြသည်။ ဤ ပတ်ဝန်းကျင်မှ ရို ပြေးထွက်သွားသည်မှာ ကြာပြီ ဖြစ်သည်။ ဘတ်ဟတ်

www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ငြိမ်ဆိတ်ကာ ငိုက်မျဉ်း နေလေပြီ။ သို့သော်လည်း ပန်းချီကားကတော့ အပြီး သတ်လုနီးပါး ဖြစ်နေပြီ။

ဗာရာဂုသည် ညောင်းနေပြီဖြစ်သော မျက်စိအစုံကို တစ်ခဏမျှမှိတ်ထားသည်။ လက်နှစ်ဖက်ကို ဘေးသို့ တွဲလောင်းချကာ အသက်ကို မှန်မှန်ရှူသည်။ အောင်မြင်စွာ ပြီးဆုံးသွားခဲ့သော အလုပ်တစ်ခုအတွက် ပင်ပန်းသားသမျှကို ပြေပျောက်သွားစေရန် ကိုယ်စိတ်နှစ်ပါး အနား ယူလိုက်ခြင်း ပေတည်း။

အတန်ကြာသောအခါ သူသည် ဘတ်ဟတ် နိုးသွားမည် စိုးသဖြင့် အသံမမြည်အောင် ဖိုင်ရာမှထသည်။ ပန်းချီကားကို စတူဒီယိုဘက်သို့ ယူသွားသည်။ စတူဒီယိုထဲ ရောက်သည့်အခါ ဂျက်ကက် အင်္ကျီကို ချွတ်သည်။ လက်နှစ်ဖက်ကို ဆေးသည်။ မျက်လုံးများကို ရေအေးအေးနှင့် သစ်သည်။

နောက် မိနစ် အနည်းငယ်မျှ ကြာသောအခါ သူသည် အပြင်သို့ ပြန်ထွက်လာသည်။ အိပ်ပျော်နေဆဲ ဖြစ်သော ညော်သည်ကို လှမ်းကြည့်ပြီး အကဲခတ်သည်။ ထို့နောက် ညော်သည်အား လေချွန်ပြီး နိုးသည်။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ့်ငါးနှစ် ကတည်းက သူတို့ နှစ်ယောက်ကြားတွင် တည်ရှိလာခဲ့သည့် လျှို့ဝှက် အချက်ပေးနည်း ဖြစ်၏။

'အိပ်ရေး ဝပြီ ဆိုရင်တော့ ထပေဦးတော့ သငယ်ချင်းရေ'ဟု သူက ပြောသည်။ 'ခင်ဗျား ကျွန်တော့်ကို အိန္ဒိယ အကြောင်း ထပ်ပြောပြဦးမှ ဖြစ်မယ်၊ ကျွန်တော် ခေါခေါက် အလုပ်လုပ်ရင်း နားထောင်ရတာ အားမရဘူး၊ ကြားတစ်ချက်



ကြားတစ်ချက်နှင့် ဆန့်တငင်ငင် ဖြစ်နေတယ်၊ ခင်ဗျား ပြောသွားတဲ့ အထဲမှာ ဓာတ်ပုံတွေ အကြောင်းလည်း ပါတယ်၊ ခင်ဗျားမှာ ဓာတ်ပုံတွေ ပါလာသလား၊ ကျွန်တော်တို့ အခု ကြည့်နိုင်မလား'

'သိပ်ပြီး ကြည့်နိုင်တာပေါ့၊ ကဲ လာ သွားကြစို့'

ဤအခါအခွင့်မျိုးကို ဘတ်ဟတ် စောင့်စားနေသည်မှာ ရက်ပေါင်း အတော် ကြာခဲ့ပြီ။ ဗာရာဂုအား အရှေ့တောင် အာရှဘက်သို့ လာချင်အောင်၊ သူနှင့်အတူတူ ခဏတစ်ဖြုတ် လာနေလိုစိတ် ဝင်အောင် ဆွဲဆောင်လိုသောဆန္ဒ ပြင်းပြနေခဲ့သည်မှာ ကြာခဲ့ပြီ။ အခုဆိုလျှင် ထိုဆန္ဒကို အကောင်အထည် ဖော်ဖို့ အခါအခွင့် ရလာပြီ။ ဤအခွင့်အရေးသည် နေ့စက်ဆုံးရသည့် အခွင့်အရေးဟုပင် သူထင်၏။ မည်သို့ပင် ဖြစ်စေ ဤအခွင့်အရေးမျိုး ပေါ်လာလျှင် သူဘာလုပ်ရမည်ကို ကြိုတင်၍ တွက်ဆ ပြင်ဆင် ထားပြီးပြီ ဖြစ်၏။

အော်တို ဘတ်ဟတ်နှင့် ဗာရာဂုတို့သည် ညနေခင်း အလင်းရောင် အောက်တွင် ဘတ်ဟတ်၏ အခန်းထဲ၌ ထိုင်၍ အိန္ဒိယနိုင်ငံ အကြောင်းကို ပြောကြသည်။ ပြောရင်းကလည်း ဘတ်ဟတ်သည် အယ်လ်ဘမ်များနှင့် ပို့စကတ်ပုံများကို သူ့သေတ္တာထဲမှ ထုတ်၍ ထုတ်၍ ပြသည်။

ဗာရာဂုကတော့ များပြားလှန်းလှသော ဓာတ်ပုံများကို ကြည့်ကာ တအံ့တသြ ဖြစ်သည်။ ဝမ်းသာအားရ ကြည့်သည့် ဘတ်ဟတ်ကမူ သူ့ ဓာတ်ပုံများကို အရေးပါအရာမရောက်သည့် ပုံများဟု ယူဆလေဟန် ဆောင်ထားသည်။ စိတ်ထဲကမူကား

www.burmeseclassic.com

www.burmeseclassic.com



ထို ဓာတ်ပုံများကို ကြည့်ပြီး သူ မိတ်ဆွေ ဗာရာဂုထံမှ ဘယ်လို တုံ့ပြန်မှုမျိုး လာမလဲဟု စိတ်ဝင်တစား စောင့်စားလျက် ရှိလေသည်။

'ဓာတ်ပုံတွေက သိပ် လှတာပဲ' ဟု ဗာရာဂုက ရေရွတ်သည်။ 'ခင်ဗျားကိုယ်တိုင် ရိုက်ထားတာ တွေလား'

'တချို့က ကျွန်တော် ရိုက်ထားတာ' ဟု ဘာတ်ဟတ်က ဖြေသည်။ 'တချို့ကတော့ ကျွန်တော့်မိတ်ဆွေ တချို့ ရိုက်ပေးတာ၊ ခင်ဗျားကို ဓာတ်ပုံတွေ အကုန် ထုတ်ပြနေတာက တခြားကြောင့် မဟုတ်ပါဘူး။ ဟိုနေရာတာ ဘယ်လို အနေအထားမျိုး ရှိတယ်ဆိုတာ စိတ်ကူးပြီး သိနိုင်အောင်လို့ပါ'

ဘာတ်ဟတ်က ထိုစကားကို ခပ်ပေါ့ပေါ့ လေသံဖြင့် ပြောသည်။ ဘာမှ ရေးကြီး ခွင့်ကျယ် လုပ်စရာ အလုပ်တစ်ခု မဟုတ်သလို ပြောလိုက်ခြင်း ဖြစ်၏။ သူ အလွန် ဒုက္ခခံပြီး ဤဓာတ်ပုံများကို ရိုက်ကူး စုဆောင်းထားမှန်း ဗာရာဂု မသိစေချင်၍ တမင် ဟန်လုပ်၍ ပြောလိုက်ခြင်းလည်း ဖြစ်သည်။

အမှန်တော့ သူသည် ဤဓာတ်ပုံများကို စုဆောင်း ရရှိရေးအတွက် များစွာ ကရိကထ ခံ၍ အားထုတ်ခဲ့ရ၏။ ပထမဆုံး သူသည် စော်ဘွားမှ အင်္ဂလိပ်လူမျိုး ဓာတ်ပုံဆရာ တစ်ဦး၏ အကူအညီ ရယူခဲ့သည်။ ဒုတိယ အကြိမ်တွင်မူ ဘန်ကောက်မှ ဂျပန် ဓာတ်ပုံဆရာ တစ်ယောက်၏ အကူအညီကို ရယူခဲ့၏။



ဓာတ်ပုံဆရာများသည် သူနှင့် သီတင်းပတ်ပေါင်းများစွာ အတူ နေခဲ့ပြီး ပင်လယ် ကမ်းခြေမှ သစ်တောကြီးများအထိ ခြေဆန့်ခဲ့ရသည့် ခရီးစဉ်များ တစ်လျှောက်လုံး လှသည်ဟု ထင်သော နေရာများနှင့် စိတ်ဝင်စားဖို့ ကောင်းသည်ဟု ယူဆရသော နေရာ မှန်သမျှကို ဓာတ်ပုံများ ရိုက်ယူခဲ့ကြသည်။

ထို့နောက် ဓာတ်ပုံများ အားလုံးကို ဂရုတစိုက် ကူးယူခဲ့သည်။ မှုကြီး ချဲ့သင့်သည်များကို ချဲ့ခဲ့သည်။ တကယ်တော့ ဤဓာတ်ပုံများသည် ဘာတ်တတ်၏ ငါးစာ ဖြစ်လေသည်။

ဘာတ်ဟတ်သည် ဓာတ်ပုံများအပေါ်၌ အလွန် စိတ်ဝင်စားနေသော ဗာရာဂုကို ကြည့်ကာ ပီတိ ဖြစ်နေသည်။ သူသည် ဗာရာဂုအား အိမ်များ၊ လမ်းများ၊ ကျေးရွာများနှင့် ဘုရားကျောင်းပုံများ၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ အနီးမှ ဘာတူး ကျောက်ဂူပုံများ၊ အီပိုမြို့ အနီးမှ ကျောက်စွန်းကျောက်ခဆောင်ကြီးများ ပေါ်ထွက်ကာ သဘာဝအတိုင်း လှနေသည့် ထုံးကျောက် တောင်ကြီးများနှင့် စကျင်ကျောက် တောင်ကြီးများ၏ ပုံများကို ပြသည်။

သူ ပြသော ဓာတ်ပုံများကို ကြည့်နေသည့် ဗာရာဂုက ဇာတိုင်းရင်းသား လူမျိုးများ၏ ပုံများ ပါ မပါ မေးသည်။ ထိုအခါ ဘာတ်တတ်က မလေး၊ တရုတ်၊ တမီးလ်၊ အာရပ်နှင့် များစွာ လူမျိုးများ၏ ပုံများကို ထုတ်ပြသည်။

သူ ထုတ်ပြသည့် ဓာတ်ပုံများထဲတွင် လူတန်းစားပေါင်းစုံ ပါဝင်သည်။ ကူလီများ၊ တံငါ လုပ်သားများ၊ မုဆိုးများ၊

www.burmeseclassic.com

www.burmeseclassic.com



လယ်သမားများ၊ ရက်ကန်း လုပ်သားများနှင့် ကုန်သည်များ ပြီးတော့ ရွှေငွေ လက်ဝတ် ရတနာများ ဝတ်ဆင်ထားသည့် မိန်းမချော မိန်းမလှများ၊ အသား နက်ကြုတ်ကြုတ်နှင့် ကလေး သူငယ်များ၊ ပိုက်ကွန်များဖြင့် အလုပ်ခွင် ဝင်နေကြသည့် တံငါသည်များ၊ နားကွင်းကြီးများ ဝတ်ကာ နှာခေါင်းဖြင့် ပလွေ မှုတ်နေကြသည့် မလေးရှား နိုင်ငံ တောတွင်းမှ ဆာကိုင်း ခေါ် လူရိုင်းများ၊ ငွေထည် ပစ္စည်းများ ဝတ်ကာ ကနေကြသည့် ဂျာဗားကျွန်းသူ မိန်းမလှကလေးများ စသည် စသည်ဖြင့် အမျိုးစုံ ဖြစ်သည်။

ထို့ပြင်လည်း အုန်းပင်များနှင့် ထန်းပင်များမှ အစ သစ်တောကြီးများ အတွင်း၌ တွေ့မြင်ရသည့် ထူးထူးဆန်းဆန်း သစ်ပင်များ၊ ဘုရားကျောင်းများနှင့် လိပ်ကန်များ၊ လယ်ကွက် များ အတွင်း၌ ထွန်ယက်နေကြသည့် ကျွဲများ၊ သစ်ဆွဲနေ ကြသည့် ဆင်ယဉ်များနှင့် ရေချိုးနေကြသည့် ဆင်ရိုင်းများ စသည့် ပုံများလည်း ပါလေသည်။

ဗာရာဂုသည် ဓာတ်ပုံများကို တစ်ပုံပြီး တစ်ပုံ ကောက် ကြည့်သည်။ တချို့ပုံများကျတော့ တစ်ခဏမျှသာ စိုက်ကြည့် လိုက်ပြီး ဘေးတွင် ချထားသည်။ တချို့ ပုံတွေကျတော့ အချိန် အတော်ကြီးယူကာ ကျကျနန ကြည့်သည်။

'ဒီပုံကို ဘယ်အချိန် ဘယ်ကာလက ရိုက်ခဲ့တာလဲ' ဟူသော မေးခွန်းကိုလည်း အကြိမ်ပေါင်းများစွာ မေးသည်။ ဓာတ်ပုံ များ အပေါ်၌ရှိနေသော သူ၏ စိတ်ဝင်စားမှုသည် လျော့နည်း



သွားသည် မရှိ။ တိုးသည်ထက်သာ တိုးလာလျက် ရှိလေ သည်။

နောက်ဆုံးတွင် ဗာရာဂုက 'တော်လောက်ပြီ' ဟု ရေရွတ်ကာ သက်ပြင်းတစ်ချက် ချသည်။ 'ခင်ဗျား ကျွန်တော့်ကို ထပ်ပြီး ပြောပြဦးမှ ဖြစ်မယ်၊ ခင်ဗျား ဒီတစ်ခါ ရောက်လာလိုက်တာ ကျွန်တော့်အတွက် အများကြီးကို ဟန့်ကျသွားပြီ၊ အခုဆိုရင် ကျွန်တော့် စိတ်ထဲမှာ အရာရာတိုင်းဟာ ပြောင်းလဲကုန်ပြီ၊ လာ ဗျာ တစ်နာရီလောက် လမ်းလျှောက်ကြ ရအောင်၊ ကျွန်တော် ခင်ဗျားကိုလည်း ပြချင်တာ ရှိနေတယ်'

စိတ်ဓာတ် တက်ကြွနေပြီ ဖြစ်သော ဗာရာဂုသည် ပင်ပန်း နွမ်းနယ်သမျှ ပျောက်သွားပြီ ဖြစ်၏။ သူသည် ဘတ်ဟတ်နှင့် အတူ အပြင်သို့ ပြန်ထွက်သည်။ သူတို့သည် လမ်းမကြီးပေါ်သို့ ရောက်လာကြသည်။ အိမ် ပြန်လာ ကြသည့် ကောက်ရိုး လှည်းကြီးများသည် သူတို့ မျက်နှာပြု၍ လျှောက်နေသည့် အရပ်ဆီသို့ ဦးတည်ပြီး မောင်းသွားနေကြသည်။ သူသည် ကောက်ရိုးနံ့ကို တစ်ချက်မျှ ရှူလိုက်သည်။ အမှတ်တရ ဖြစ်ရပ်ကလေး တစ်ခုသည် သူ့ ခေါင်းထဲသို့ ဝင်လာလေ သည်။

'ခင်ဗျား မှတ်မိသေးလား' ဟု ရယ်ကာ မေ့ကာဖြင့် ပြောသည်။ 'ကျွန်တော် ပန်းချီ အနုပညာသင်ကျောင်း တက်စ ပထမနှစ် နွေရာသီမှာ ခင်ဗျားနှင့် ကျွန်တော် တောင်းကို အတူတူ သွားလည်ကြတုန်းကလေ၊ ကျွန်တော် ကောက်ရိုး တွေကဆွဲပြီး တခြား ဘာပုံတွေမှ မဆွဲဘူး၊ တနင်္ဂနွေ နှစ်ပတ်

www.burmeseclassic.com

www.burmeseclassic.com



လုံးလုံး တောင်ထိပ်ပေါ်က တောက်ရှိုးပုံတွေကို ကြည့်ပြီး ဗူးအောင် ဆွဲနေခဲ့တယ်၊ အယ်လောက်ပဲ ဆွဲဆွဲ ပုံတွေက မတူဘူး၊ အရောင် မှန်မှန်ကို မဆွဲနိုင်ခဲ့ဘူး။

'တောက်ရှိုးရဲ့ အရောင်က မီးခိုးရောင် ခပ်မှိန်မှိန် မွဲခြောက်ခြောက်လေး၊ ကျွန်တော့်မှာ အဲဒီအရောင်ကိုပဲ ရအောင် ဆွဲနိုင်ခဲ့ဘူး၊ နောက်ဆုံး ရပြန်တော့လည်း အရောင်က တိတိကျကျ မတူဘူး။ ဒါပေမယ့် ကျွန်တော့် အနေနှင့် ဆေးအနီနှင့် အစိမ်းကို စပ်ရမယ် ဆိုတာ လောက်တော့ သိလာရတယ်၊ အဲသလောက် သိရတဲ့အတွက် ကျွန်တော့်မှာ ပျော်လိုက်ရတာလေ၊ အလွန်ပဲ။

ကျွန်တော့် မျက်စိက တောက်ရှိုးကလွဲပြီး တခြားဘာကိုမှ မမြင်နိုင်တော့ဘူး၊ အို ဗျာ သိပ်ကို အံ့သြစရာကောင်းတယ်၊ ပထမဆုံးအကြိမ် ကြိုးစား ရှာဖွေလို့ အဖြေတွေ ရတာလောက် အံ့သြစရာ ကောင်းတာမျိုး လောကမှာ ရှိမယ် မထင်ဘူး'

'ဒါပေါ့ဗျာ'ဟု ဘတ်ဘာအ်က ပြန်ပြောသည်။ 'လောကကြီးမှာ သင်ယူစရာ လေ့လာစရာတွေဟာ အဆုံးမဖြတ်တည်နေတာပဲလို့ ကျွန်တော်ကတော့ ယူဆတယ်'

'သိပ်မှန်တဲ့ စကားပေါ့ဗျာ၊ ဒါပေမယ့်လို့ အခုတလော ကျွန်တော့်စိတ်ကို နှိပ်စက် ညှဉ်းပန်းနေတာက နည်းပညာနှင့် လုံးဝ မပတ်သက်ဘူး၊ လွန်ခဲ့တဲ့ နှစ် အနည်းငယ်လောက် အတွင်းက ကျွန်တော် မြင်ခဲ့ တွေ့ခဲ့ သိခဲ့ရတာတွေဟာ ကျွန်တော့်ရဲ့ ကလေးဘဝကို ပြန်ပြန်ပြီးခေါ် သွားသလို ဖြစ်နေတယ်။



'အဲဒီ အချိန် ကာလတွေတုန်းကတော့ အရာရာတိုင်းဟာ အခု အချိန်ကာလနှင့် ခြားနားနေ သလိုပဲ၊ တစ်နေ့ကျရင်တော့ အဲဒီခြားနားချက်ဆိုတဲ့ အရာကလေးကို ကျွန်တော် ပန်းချီထဲမှာ ထည့်ပြီး ဆွဲပြနိုင်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ထားတယ်၊ တစ်ခါတလေမှာတော့ ကျွန်တော်ဟာ အဲဒီ ခံစားချက် ကလေးကို တစ်ခဏလောက် ဖမ်းယူ ဆုပ်ကိုင်ထားနိုင်တယ်၊ အဲဒီ အခါမျိုးမှာကျရင် အရာရာတိုင်းမှာ အဲဒီ ခံစားမှုရဲ့ အလင်းရောင် ကလေးဟာ ဖြက်ဖြက် ထင်ထင် ဝင်နေပြန်ရော။

'ဒါပေမယ့် ကျွန်တော့် အဖို့မှာက ဒီလောက်ကလေးဟာ မပြည့်စုံသလို ဖြစ်နေတယ်၊ ကျွန်တော်တို့မှာ အာရုံတွေ ဆိုခိုက် လှုပ်ရှားလှုယ်ပြီး ဝေဖန် ပိုင်းခြားနိုင်စွမ်းနှင့် ပြည့်စုံတဲ့ ပန်းချီဆရာတွေ အများအပြား ရှိပါတယ်၊ ဒီ ပန်းချီ ဆရာတွေဟာ ဒီကမ္ဘာ လောကကြီးကို အသိဉာဏ် ပညာနှင့် ပြည့်စုံတဲ့ လောကကြီးအဖြစ်၊ အဆိုးအကောင်း ဝေဖန် ပိုင်းခြားနိုင်စွမ်း ရှိနေတဲ့ လောကကြီးအဖြစ် တည်ငြိမ် ရိုးသားပြီး ဖြောင့်မှန်တဲ့ လောကကြီးအဖြစ် ရေးဆွဲကြတယ်။

'ဒါပေမယ့်လို့ ဒီကမ္ဘာ လောကကြီးကို နုပျို လန်းဆန်းပြီး နုလုံးရည်နှင့် ပြည့်စုံနေတဲ့ သူငယ်လေး တစ်ယောက်က မြင်နေတဲ့ အမြင်မျိုး ရေးဆွဲတဲ့ ပန်းချီဆရာကတော့ တစ်ယောက်မှ မရှိသေးဘူး၊ အဲဒီ အမြင်မျိုးနှင့် အနေးထက် လုပ်ကိုင်နေကြတဲ့ လူအများစုဟာ အများအားဖြင့် ခင်မတာနိမ့်

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲပြီး အောက်ကျ နောက်ကျ ဖြစ်နေတဲ့ လက်မှု ပညာသည်တွေပဲ’

အဆ တွေး တွင် နစ်ဝင်လျက် ရှိသော ဗာရာဂုသည် လယ်ကွက်၏ တစ်ဖက်စွန်း ကန်သင်းထိပ်မှ နှင်းဆီရိုင်း တစ်ပွင့်ကို ခူးကာ တွေဝေ ငေးမောသော အကြည့်ဖြင့် စိုက်ကြည့်နေသည်။

အတန်ကြာသောအခါ ဗာရာဂုသည် ဖျတ်ခနဲ သတိပြန်ဝင်လာသည်။ သူ့ မိတ်ဆွေ၏ မျက်နှာကို အားတုံ့အားနာ မျက်နှာထားဖြင့် ကြည့်ပြီး ‘ကျွန်တော် ခင်ဗျားကို ပျင်းသွားအောင် လုပ်လိုက်သလိုများ ဖြစ်နေပြီလား’ဟု မေးသည်။

အော်တိုဘတ်ဟတ်က ဘာမှ ပြန်မပြောဘဲ ပြုံးရုံသာ ပြုံးနေသည်။

‘ခင်ဗျားလည်း သိမှာပါ’ဟု ဗာရာဂုက စကားကို ပြန်ကောက်သည်။ ‘အခု အချိန်ထိ ကျွန်တော့်စိတ်က ပြင်းပြင်းပြပြ ဆွဲချင်စိတ် ပေါ်နေတဲ့ ပန်းချီကား တစ်ချပ် ရှိတယ်၊ တခြား မဟုတ်ဘူး၊ အရိုင်းပန်းတစ်စည်းပုံပါ၊ ကျွန်တော့် အမေဟာ ပန်းစည်းတွေ လုပ်တဲ့ နေရာမှာ တကယ့်ကို တော်တယ်၊ အမေ လုပ်ထားတဲ့ ပန်းစည်းတွေလောက်လှတာ တစ်ခါမှ မတွေ့ဖူးခဲ့ဘူး၊ အမေဟာ အဲဒီဘက်မှာတော့ ပါရမီ တကယ်ထူးတာ၊ အမေဟာ ကလေး တစ်ယောက်နှင့် သိပ်တူတယ်၊ အမြဲတမ်း လိုလို သီချင်း တအေးအေးနှင့် နေတာ၊ လမ်းလျှောက်ရင်လည်း ညင်သာသလောက် ခပေါ့ပေါ့ သွက်လက်တယ်၊ အညိုရောင် ကောက်ရိုး ဦးထုပ်ကြီးကို အမြဲ ဆောင်းထားလေ့ ရှိတယ်။

‘အခု ကျွန်တော် ပြောပြတဲ့ ပုံဟာ ကျွန်တော့် အိပ်မက်တွေထဲ က အမြဲ တမ်း မြင်ခဲ့ရတဲ့ အမေ့ရဲ့ ရုပ်ပုံလွှာပဲ၊ တစ်နေ့နေ့ တစ်ချိန်ချိန် ကျရင် ကျွန်တော့် အနေနှင့် အရိုင်းပန်းတွေ စုစည်းထားတဲ့ ပန်းစည်း တစ်စည်းပုံကို ဆွဲချင်တယ်၊ အမေ သဘောကျတဲ့ ပန်းစည်းပုံမျိုးပေါ့၊ ကျွန်တော် ပန်းစည်းတွေ အများကြီး စုစုပြီး ယူလာခဲ့ဖူးတယ်၊ ဒါပေမယ့် ယူလာသမျှတွေဟာ မတူဘူး၊ ပန်းစည်းဟာ အမေ လုပ်ခဲ့တဲ့ ပန်းစည်းလို ဖြစ်ရမယ်၊ မဖြစ်ဘူး။

‘ဥပမာ ပြောရရင် အမေဟာ ပန်းတစ်မျိုးကို ကြိုက်တယ်၊ ဒါပေမယ့် အဖြူရောင်ကျတော့ မကြိုက်ဘူး၊ ဒါကြောင့် အဲဒီ ပန်းမျိုးထဲက သူကြိုက်တဲ့ ခရမ်းရောင်ကို မရ ရအောင် ရှာတယ်၊ တစ်ခါတလေများ သူကြိုက်တဲ့ ပန်းမျိုး ရဖို့အတွက် တစ်နေ့ ခင်းလုံး အချိန်ကုန်ခံပြီး မရမက ရှာတယ်၊ အိုဗျာ ပြောရတာ အပိုပါပဲ၊ ခင်ဗျား နားလည်မယ် မထင်ဘူး’

ဘတ် ဟတ် က ခေါင်း ညိတ် သည်။ ‘ကျွန် တော် ကောင်းကောင်း သဘော ပေါက်ပါတယ်ဗျာ’ဟု ပြောသည်။

‘တစ်ခါတလေများ ကျွန် တော် အဲ ဒီ ပန်းစည်းမျိုးကို စဉ်းစားတာ နာရီပေါင်းအများကြီး ကြာတယ်၊ ကျွန်တော် ဆွဲမယ့်ပုံဟာ ဘယ်လိုပုံမျိုး ဖြစ်သင့်တယ်ဆိုတာ အတိအကျကို သိနေတယ်၊ လွှလာ မှတ်သားမှုမှာ အလွန်တော်တဲ့ လူ တစ်ဦး မြင်တဲ့အတိုင်း သဘာဝထဲက ကောက်နုတ် ဖော်ပြ

www.burmeseclassic.com



ထားတဲ့ဟာမျိုး မဟုတ်ဘူး၊ အလွန် ကျွမ်းကျင် လိမ္မာတဲ့ ပန်းချီဆရာ တစ်ယောက်က ရှင်းအောင်ရေးတဲ့ ပုံမျိုးလည်း မဟုတ်ဘူး။

'ဒီပုံဟာ ပကတိ ရိုးသား ဖြူစင်နေရမယ်၊ ပါရမီရှိတဲ့ ကလေး တစ်ယောက်ရဲ့ မျက်လုံးတွေက မြင်တဲ့ ပုံအတိုင်း ဖြစ်စေရမယ်၊ ဟန်ဆိုတာ မရှိစေရဘူး၊ ရိုးသား ရှင်းလင်းမှု ပြည့်စုံနေရမယ်၊ ကျွန်တော် စတူဒီယိုထဲမှာ ဆွဲထားတဲ့ ငါးနှ မနက်ခင်း ကျနေတဲ့ မြူနှင်းပုံမျိုးနှင့် ဆန့်ကျင်ရမယ် တစ်ဘာသာစီ ဖြစ်ရမယ်၊ ဒါပေမယ့် ပန်းချီဆရာ တစ်ယောက်ဟာ နှစ်မျိုးစလုံးကိုတော့ ဆွဲတတ်ရမယ်၊ အိုဗျာ၊ ကျွန်တော်မှာ ဆွဲစရာတွေ အများကြီး ရှိနေသေးတယ်၊ တကယ်ပါ၊ အများကြီးကို ဆွဲဖို့ လိုပါသေးတယ်'

ဗာရာဂုသည် မြက်ခင်းပြင်ကိုဖြတ်ပြီး တစ်ဖက် တောင်ပူစာကလေး တစ်ခုပေါ်သို့ တက်သွားရာ လမ်းကျဉ်းကလေး တစ်ခုထဲသို့ ချိုးဝင်သည်။

'ကဲ အခု ခင်ဗျားရဲ့ မျက်စိတွေကို ဖွင့်ထားပေတော့' ဟု ပြောသည်။ 'ခင်ဗျား အဲဒီ တောင်ပူစာထိပ်ပေါ် ရောက်ရင် မြင်ရပါလိမ့်မယ်၊ အဲဒီ ဆောင်းရာသီမှာ ကျွန်တော် ဆွဲမယ်လို့ ရည်စူးထားတဲ့ ပန်းချီကားဟာ အဲဒါပါ'

သူတို့သည် တောင်ပူစာ ထိပ်သို့ ရောက်သွားကြသည်။ တောင်ပူစာ၏ အခြားတစ်ဖက်တွင် အရွက် ထူထပ်သိပ်သည်းသော ချုံပုတ်များ၊ ညနေခင်း အလင်းရောင်သည် ထိုချုံပုတ်များထက်သို့ ခပ်စောင်းစောင်း ကျဆင်းလျက် ရှိ၏၊ ချုံပုတ်



များကြားမှ လျှောသွားလမ်းသည် သစ်ပင်ကြီးများ ကြားမှ ဖြတ်ကာ တစ်ဖက်သို့ ထွက်သွားသည်။

ထိုလမ်းသည် မြင့်မားသော သစ်ပင်ကြီး လေးငါးပင် အောက်ရှိ ရေညှိများ တက်နေသည့် ကျောက်ခုံကလေးတစ်ခု ဆီသို့ ဦးတည်လျက် ရှိ၏။ လျှောသွားလမ်းကို မျက်ခြည်မပြတ် ကြည့်သွားလျှင် ရှေ့ဘက်တည့်တည့်ရှိ သစ်ပင်ကြီးများကြား၌ ဝင်ပေါက် တစ်ပေါက်သဖွယ် ဖြစ်နေသော အပေါက် တစ်ပေါက်ကို တွေ့ရသည်။

ကျောက်ခုံကို ကျော်ဖြတ်ပြီး ထို ဝင်ပေါက်အတိုင်း လိုက်သွားသည့်အခါ သစ်ပင်တန်းများကို လွန်သည်နှင့် တစ်ပြိုင်နက် အရောင် တလက်လက် တောက်နေသော တောင်ကြားလွင်ပြင် တစ်ခုဆီသို့ ရောက်သည်။

ထိုတောင်ကြားကို ဘေးတစ်ဖက် တစ်ချက်ရှိ မိုးမခပင်များနှင့် ချုံပင်နွယ်ပင်များက ဝိုင်းရံထားသည်၊ တောင်ကြားထဲမှ ဖြတ်သန်း စီးဆင်းနေသော မြစ်နှစ်မြွာ၏ ရေပြင်သည် စိမ်းပြာရောင်အဆင်းကို ဆောင်လျက်ရှိ၏။

ထိုမှတစ်ဆင့် ဆက်၍ ကြည့်လိုက်ပါမူကား အဆုံးအစ မရှိသော တောင်စဉ် တောင်တန်းများကို တွေ့မြင်နေရလေသည်။

ဗာရာဂုက ထိုရှုခင်းကို လက်ညှိုးထိုးပြသည်။

'သစ်ပင်တွေမှာ အရောင်အသွေး ဝင်လာတာနှင့် တစ်ပြိုင်နက် ဒီရှုခင်းကို ကျွန်တော်ဆွဲမှာပဲ၊ ဆွဲတဲ့ အခါမှာ ပိုင်ရီကို ဟိုကျောက်ခုံပေါ်မှာ ကျောပေးပြီး ထိုင်ခိုင်းမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါမှလည်း ကျွန်တော် သူ့ ခေါင်းပေါ်က ကျော်ပြီး တောင်ကြားကို မြင်ရမယ် မဟုတ်လား'

ဘတ်ဟတ်စာတော့ ဘယ်လို ထင်မြင်ချက်မှ မပေး၊ သူ့နှလုံးသားတွင် သူ့သူငယ်ချင်း အပေါ်၌ သနားကြင်နာစိတ် ဝင်လာနေမိသည်၊ ပြီးတော့ ရင်ထဲမှ ကျိတ်၍ ပြုံးသည်၊ သူ ငါ့ကို အတော် ကြိုးစားပြီး လိမ်နေရပါကလား ဟုလည်း စိတ်ထဲက ကျိတ်၍ တွေးသည်၊ သူ့ အစီအစဉ်များနှင့် သူ့ အလုပ်ကို ကြိုတင်ပြီး ပြောပြလျက် ရှိ၏၊ ဟိုတုန်းက ဆိုလျှင် သူ့ သူငယ်ချင်းသည် အခုလို ဘယ်တော့မှ ပြောလေ့မရှိ၊ ကြိုတင် စီစဉ်ထားတတ်သည့် အလေ့အထလည်း မရှိ၊

အမှန်တော့ သူ့ သူငယ်ချင်းသည် အခု အချိန်အထိ သူ့ စိတ်ကို သာယာ ချမ်းမြေ့စေသည့် အရာများကို စဉ်းစား တွေးတောကာ သူ့ ဘဝကို တည်ငြိမ် အေးဆေးသွားအောင် အားထုတ်နေခြင်း ဖြစ်ဟန်တူ၏၊

ဗာရာဂုသည် မိမိအကြောင်း ကောင်းစွာ နားလည်သူ ဖြစ်သည့် အားလျော်စွာ သူ့ အဖြစ်ကို တစ်ဝက်တစ်ပျက်မျှ ပြောပြပြီး နောက်ထပ် ဆက်လက် ဖုံးကွယ် ထားလိမ့်မည် ဟုတော့ မိမိ မထင်၊ နှစ်ပေါင်းများစွာ ခံစားလာခဲ့ရသည့် စိတ်ဆင်းရဲစရာ အကြောင်းများကို ရင်းနှီး ခင်မင်သူ တစ်ဦး အား ဖွင့်ဟ မပြောဘဲ ကြိတ်မှိတ် မျိုသိပ်ထားလိမ့်မည်ဟု လည်း မယူဆ၊ မကြာခင် ရင်ဖွင့်လာလိမ့်မည်ဟုပင် တွက်သည်၊



ထို့ကြောင့်လည်း သူသည် ဗာရာဂုဘေးမှ ရေငုံနှုတ်ပိတ် လုပ်ကာ လျှောက်လာသည်၊ စိတ်ထဲကတော့ ဗာရာဂုအတွက် ဝမ်းနည်းမိသည်၊

အလွန် ဂုဏ်သိက္ခာမြင့်မားပြီး အသိဉာဏ်ပညာ ထက်မြက် ကြီးမားသော သူ့လို ယောကျ်ား တစ်ယောက်က အခုလို မျက်စိများကို အဝတ်နှင့် ပိတ်စည်းပြီး လက် နှစ် ဖက် ကို ကြိုးတစ်ချောင်းဖြင့် ပူးချည်ကာ ဆူးချုံများထဲ တိုးသွားနေရ သည့် လူတစ်ယောက်သဖွယ် ဖြစ်နေရခြင်းသည် အံ့သြဖွယ်ရာ မကောင်းပါလော၊

သူတို့နှစ်ယောက် မြိုင်ခေမာသို့ ပြန်ရောက် သည့်အခါ ပိုင်ရီကို မျက်စိရှာမိကြ၏၊ ပိုင်ရီ ဘယ်မှာလဲဟု မေးမိသည်၊ ပိုင်ရီ တစ်ယောက် သူ့မိခင် ဖရော ဗာရာဂုနှင့် အတူ ဟာအဲလ်ဘတ်ကို ကြိုရန် အတွက် မြို့ထဲသို့ သွားသည်ဟု သိရလေ၏၊

www.burmeseclassic.com

www.burmeseclassic.com

# ၄

အဲလ်ဘတ်ဗာရာဂူသည် သူ့အမေ၏ ဂီတခန်းထဲ၌ ဒေါသကြီး လမ်းသလားလျက်ရှိသည်။ ဖျတ်ခနဲ ကြည့်လိုက်လျှင် အဲလ်ဘတ်ဗာရာဂူသည် သူ့အဖေနှင့် တူသည်။ မျက်စိများသည် သူ့အဖေနှင့် တစ်ထေရာတည်း ဖြစ်သည်။ သို့သော်လည်း စေ့စေ့စပ်စပ် ကြည့်လိုက်သည့်အခါ အမေနှင့် ပို၍တူသည်ကို တွေ့လာရ၏။

အဲလ်ဘတ်၏ အမေသည် စန္ဒရားကို မှီ၍ ရပ်နေရာမှ သူ့သားကို မေတ္တာစိတ် ထိုပိတ်လျက်ရှိသော မျက်လုံးများဖြင့် ကြည့်နေသည်။ အဲလ်ဘတ် သူ့အနီးသို့ ရောက်လာသည့်အခါ ခါးကို ဆီး၍ဖက်လိုက်ပြီး မျက်နှာကို သူ့ဘက်သို့ ဆွဲလှည့်လိုက်သည်။ ရွှေရောင်ဆံစများသည် နဖူးပြင်ထက်တွင် ဝဲကျလျက် ရှိသည်။ မျက်လုံးအစုံကတော့ အရောင် တလက်လက်တောက်ကာ လူငယ်တစ်ယောက်၏စိတ်လှုပ်ရှားမှုကို အထင်းသားဖော်ပြနေကြသည်။ သူ၏ လှပသော ပါးစပ်သည် ဒေါသအရှိန်ကြောင့် မဲ့နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူး မေမေ' ဟု ပြောကာ သူ့မီခင် လက်ထဲ
ရုန်းထွက်လိုက်သည်။ 'သား သူ့ကို သွားပြီး နှုတ်မဆက်နိုင်
ဘူး၊ ဒါဟာ သက်သက် ရယ်စရာတစ်ခု ဖြစ်နေမှာပဲ၊ သားက
သူ့ကို မုန်းတယ်ဆိုတာ သူ သိတယ်၊မေမေ့အနေနှင့် ဘာတွေ
ပြောပြော အလကားပဲ၊ သူကလည်း သားကို မုန်းတာပဲ'

'မုန်းတယ်' ဖရေဗာရာဂုက သူ့သား၏ စကားကို
သံယောင်လိုက်၍ ရေရွတ်သည်။ 'ဒီစကားလုံးမျိုးတွေ မသုံး
ပါနှင့် သားရယ်၊ ဒီစကားလုံးမျိုးတွေဟာ အရာရာတိုင်းကို
ရှုပ်ထွေးကုန်အောင် လုပ်လိုက်သလို ဖြစ်တတ်တယ်ကွယ်၊
သူဟာ မင့်အဖေပါ၊ သူ မင့်ကို သိပ်ပြီး ချစ်ခဲ့တဲ့ အချိန်
တစ်ချိန် ရှိခဲ့ပါတယ်၊ ဒီစကားမျိုး နောက် မပြောပါနှင့်လို့
မေမေ တားချင်တယ်'

အဲလ်ဘတ်ကတော့ မလှုပ်မယှက် ရပ်ကာ သူ့အမေကို
စူးစူးရဲရဲ ကြည့်သည်။

'မေမေ့အနေနှင့် အဲဒီစကားမျိုးတွေ မပြောပါနှင့် မသုံး
ပါနှင့်လို့ တားမြစ် နိုင် ပေ မယ့် ဘာမှူး ထူးလာမှာလဲ၊
ကျွန်တော်က သူ့ကို ကျေးဇူးတင်လိမ့်မယ်လို့များ မေမေ
မျှော်လင့်နေသလား၊ သူဟာ မေမေ့ဘဝကိုရော ကျွန်တော်
အိမ်ကိုပါ ဖျက်ဆီးပစ်ခဲ့တဲ့ လူ၊ သူဟာ ကျွန်တော်တို့ရဲ့ လှပပြီး
ပျော်စရာ အင်မတန်ကောင်းတဲ့ မြိုင်ခေမာကို စိတ်ဒုက္ခတွေ
ရောက်ပြီး ရှုံစရာ မုန်းစရာ အလွန်ကောင်းတဲ့ နေရာတစ်နေရာ
ဖြစ်သွားအောင် လုပ်ခဲ့တဲ့ လူ။



'ကျွန်တော်ဟာ မြိုင်ခေမာမှာ မွေးပြီး မြိုင်ခေမာမှာ
ကြီးလာခဲ့တဲ့ လူပါ မေမေ၊ တစ်ခါတလေ ကျွန်တော်ဟာ
မြိုင်ခေမာ အိမ်ကြီးထဲက အခန်းတွေ စင်္ကြံတွေကိုသာမကဘူး၊
ဥယျာဉ်တို့ မြင်းဇောင်းတို့ ခိုအိမ်တို့ကိုပါ ညစဉ်ညတိုင်း
အိပ်မက် မက်ခဲ့ရတယ်၊ ကျွန်တော့်မှာ ချစ်စရာ တွယ်တာစရာ
အိပ်မက်ထဲ ထည့်မက်စရာ လွမ်းစရာ အိမ်ဆိုလို့ ဒီတစ်အိမ်တည်း
ရှိတာပါ။

'အခုကျတော့ ကျွန်တော့်မှာ ကိုယ်နှင့် မနီးစပ် မရင်းနှီးတဲ့
အသမှာ သွားနေရတယ်၊ အိမ်ကို ပြန်လာပြန်တော့ ကိုယ့်
သူငယ်ချင်း တစ်ယောက်တလေကိုတောင် ခေါ်မလာနိုင်ဘူး၊
ခေါ်လာလို့ ဘယ်ဖြစ်ပါ့မလဲ၊ ကျွန်တော်တို့ နေတာထိုင်တာကို
သူ့မြင်သွား တွေ့သွားမှာ ကြောက်နေရတာကိုး၊ ကျွန်တော်
တစ်ယောက်ယောက်နှင့် တွေ့လို့ ကျွန်တော့် နာမည်ပြော
လိုက်ရင် ကျွန်တော်ရဲ့ ထင်ရှားကျော်ကြားနေတဲ့ အဖေ့ကို
အမွှမ်း စကားပြောလိုက်ကြတာ အံ့မခန်းပါပဲ။

'အိုဗျာ ကျွန်တော်တို့မှာ အဖေလည်း မရှိဘူး၊ အမေလည်း
မရှိဘူး၊ မြိုင်ခေမာ အိမ်လည်း မရှိဘူး ဆိုရင် ဘယ်လောက်
ကောင်းလိုက်မလဲ၊ ဆင်းရဲတဲ့ မိသားစု ဘဝနှင့် မေမေက
အိမ်ချုပ်၊ ဒါမှ မဟုတ် စာသင်၊ ကျွန်တော်က မေမေ့ကို
ကူညီပြီး လုပ်ကိုင်ပေး၊ အဲဒီဘဝမျိုးသာဆိုရင် သိပ်ကို
ပျော်ချမ်းသာစရာ ကောင်းမှာပဲ'

သူ့အမေက အဲလ်ဘတ်၏ လက်ကို ဆွဲကာ ကုလားထိုင်
တစ်လုံးပေါ်တွင် ထိုင်ခိုင်းသည်။ ပြီးတော့ သူ့အမေက

www.burmeseclassic.com

www.burmeseclassic.com



သူ့သား၏ ဒူးပေါ်၌ အသာအယာ မှေးထိုင်ကာ နဖူးထက်၌ ဝဲပျံကျနေသည့် ဆံစများကို အသာအယာ တင်ပေးသည်။

'အမေ ပြောပြမယ် သား' ဟု တည်ငြိမ်အေးဆေးသော လေသံဖြင့် ပြောသည်။ 'အခုဆိုရင် သားရဲ့ရင်ထဲမှာ ရှိသမျှ မေမေ့ကို ပြောပြီးပြီ၊ တစ်ခါတလေကျရင် လူတစ်ယောက် အဖို့ သူ့ရင်ထဲမှာ မျိုသိပ်ထားရသမျှကို ဖွင့်ထုတ်လိုက်ရတာဟာ သိပ်ကောင်းတယ်၊ ဒါပေမယ့် လူဟာ သည်းခံရမယ့် အရာမျိုးနဲ့ ကြုံလာရင်လည်း သည်းခံပြီး နေသွားဖို့ နားလည်ရမယ်၊ အခုဆိုရင် သားရဲ့ အရုပ်အမောင်းဟာ မေမေ့လောက် မြင့်လာပြီ၊ မကြာခင် လူကြီးတစ်ယောက် ဖြစ်တော့မှာ၊ အဲဒါကို မေမေကြည့်ပြီး ဝမ်းသာတယ်၊ မင်းဟာ မေမေ့ သားပါ၊ နောင်ကိုလည်း မေမေ့သားပဲ ဖြစ်စေချင်တယ်။

'သား မြင်တဲ့အတိုင်းပဲ၊ မေမေဟာ တစ်ယောက်တည်းရယ်၊ အချိန်ရှိသမျှ အထီးကျန်နေရတဲ့ ဘဝပါ၊ မေမေ့မှာ ပူစရာ သောကတွေကလည်း အများကြီးပဲ၊ မေမေ့မှာ ယောကျ်ား ပီသတဲ့ မိတ်ဆွေကောင်း တစ်ယောက်လိုနေတယ်၊ အဲဒီမိတ်ဆွေကောင်းဟာ သားပဲ ဖြစ်ရမယ်၊ မင်းဟာ မေမေ့ အနားမှာ အမြဲရှိနေရမယ်။

'အခု ခန္ဓရာသီ ကျောင်းပိတ်ရက်မှာလည်း မင်းညီလေး ပိုင်ရီကို ထိန်းပေးပါ၊ မေမေတို့ သားအမိ ပျော်ပျော်ပါးပါး နေကြရအောင်၊ သား ဒေါသမကြီးပါနဲ့၊ ဘာကိုမှ ရှေ့လောတကြီး မလုပ်ပါနဲ့၊ မေမေ့အတွက် စိတ်ဆင်းရဲစရာတွေ ဖြစ်စေမယ့် ကိစ္စတွေကို လုံးဝမလုပ်ပါနဲ့။



'ဘာကြောင့်လဲ ဆိုတော့ သား အဲသလို လုပ်နေရင် မေမေ့ စိတ်ထဲမှာ မင်းဟာ ကလေးတစ်ပိုင်း ဘဝမှာပဲ ရှိနေပါသေးလားလို့ တွေးမိလိမ့်မယ်၊ မေမေ့မှာ လိုအပ်နေတဲ့ အဖော်ကောင်း တစ်ယောက်ကို မေမေ စောင့်စားနေရတာ ကြာပြီ သား၊ ဆက်ပြီး မစောင့်ပါရစေနဲ့တော့'

'မေမေ ပြောတဲ့အတိုင်း သား နေပါမယ်၊ ဒါပေမယ့် သား စိတ်မချမ်းမသာဖြစ်တဲ့ အခါတိုင်း စိတ်ဆင်းရဲစရာ ကိစ္စတွေကို အမြဲတမ်း မျိုသိပ်ထားရတော့မှာလား'

'အဲဒါ အကောင်းဆုံးနည်းပဲ သားရဲ့၊ လွယ်တော့ မလွယ်ဘူးပေါ့ကွယ်၊ ဒါမျိုးကို လူငယ် တစ်ယောက်ဆီက မျှော်လင့်လို့တော့ သိပ်မရနိုင်ဘူးပေါ့၊ ဒါပေမယ့် ဒီနည်းဟာ အကောင်းဆုံးနည်းပဲ၊ ကဲ မေမေတို့ စန္ဒရားတီးကြရအောင်၊ ဘာ တီးရင် ကောင်းမလဲ အဲလ်ဘတ်'

'ကောင်းသားပဲ၊ စန္ဒရားတီးကြတာပေါ့၊ ဘင်သိုဗင်ရဲ့ သီချင်းတစ်ပုဒ်တီးရင် မကောင်းဘူးလား'

သူတို့ သားအမိ စန္ဒရားတီးစမှာပင် ပိုင်ရီသည် တံခါးကို အသံမထွက်အောင် ဖွင့်ပြီး အခန်းအတွင်းသို့ ဝင်လာသည်။ ခုံခြေ တစ်လုံးပေါ် အသာဝင်ထိုင်ပြီး စန္ဒရားအသံကို နားထောင်သည်။ သူသည် သူ့အစ်ကိုအား စေ့စေ့စပ်စပ် ကြည့်သည်၊ သူ့အစ်ကို၏ လည်ပင်း၊ စပို့ရှပ်အင်္ကျီကော်လာ၊ စန္ဒရားသံနှင့် စည်းချက်ကျကျ လှုပ်ရှားနေသည့် ဆံပင်နှင့် စန္ဒရားပေါ်၌ ရွေ့လျားနေကြသည့် လက်များ၊ အားလုံးကို ဂရုတစိုက်ကြည့်ပြီး စဉ်းစားလျက် ရှိသည်၊ မျက်လုံးများ

www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ သူ မမြင်ရ၊ အခု သူ မြင်နေရသလောက် ဆိုပါက သူ့အစ်ကို အဲလ်ဘတ်သည် သူ့အမေနှင့် တစ်ထေရာတည်း။

'မင်း နားထောင်လို့ကောင်းသလား' ဟု စန္ဒရား ရပ်နား လိုက်သည့်အခါ အဲလ်ဘတ်က လှမ်းမေးသည်။ ပိုင်ရီက ခေါင်းညိတ်ရုံမျှ ညိတ်ပြသည်။ နောက်ခဏ အကြာတွင် သူသည် အခန်းထဲမှ ငြိမ်ငြိမ်တိတ်တိတ်ကလေး ပြန်ထွက်သွားသည်။

အဲလ်ဘတ်၏ မေးခွန်းကို သူ စဉ်းစားသည်။ မေးခွန်းတွင် ပါလာသည့် လေသံမှာ ကလေးတွေနှင့် စကားပြောသည့် အခါတိုင်း လူကြီးထံမှ ထွက်လာတတ်သည့် လေသံမျိုး ဖြစ်သည် ဟု သူ တွေးသည်။ အခုလို အတုအယောင် ခင်မင်မှုမျိုးနှင့် စိတ်ကြီး ဝင်သော လေသံမျိုးကို သူ သဘောမကျ။

သူ့အစ်ကို လာတော့မည်ဟု သိစကတည်းက သူသည် မျှော်လင့်ချက်ကြီးစွာဖြင့် စောင့်စားနေခဲ့သည်။ ဘူတာသို့ အကြိုသွားစဉ်ကလည်း သူကိုယ်တိုင် လိုက်သွားပြီး လိုက်လိုက်လှဲလှဲ ဝမ်းပန်းတသာ ကြိုဆိုခဲ့၏။ သို့သော်လည်း အခု ကြားခဲ့ရသည့်လေသံကို သူ မကြိုက်၊ ဤလေသံမျိုးကို သူ လက်မခံနိုင်။

ထိုအချိန်တွင် ဗာရာဂူနှင့် ဘတ်ဟတ်တို့သည် အဲလ်ဘတ် ရောက်အလာကို စုတ္တန်ဖိုထဲမှ စောင့်နေကြသည်။ ဘတ်ဟတ် ကတော့ စိတ်ဝင်စားစရာ စောင့်ခြင်းမျိုး ဖြစ်၏။ ဗာရာဂူက တော့ စိတ်ရှုပ်ထွေးနေသည့် အရိပ်လက္ခဏာ ရှိသည်။ အိမ်ထဲ တွင် အဲလ်ဘတ် ရောက်နေပြီဟု ကြားလိုက်ရသည့် အချိန်မှ



စ၍ သူ၏ သာယာ ဖျော်ရွှင်မှုများသည် ဆိတ်သုဉ်းသွား သည့်နှယ် ရှိလေသည်။

'သူ ရောက်လာမယ် ဆိုတာ ကြိုပြီး သိမထားလို့လား' ဟု ဘတ်ဟတ်က မေးသည်။

'တစ်ရက်ရက်မှာ ရောက်လာလိမ့်မယ်ဆိုတာ သိပါတယ်'

ဗာရာဂူက အံဆွဲ တစ်ခုထဲမှ ဓာတ်ပုံဟောင်း တချို့ကို ထုတ်သည်။ ထိုအထဲမှ သငယ်တစ်ယောက်၏ ဓာတ်ပုံတစ်ပုံကို ရွေးထုတ်လိုက်ပြီး ပိုင်ရီ၏ပုံနှင့် လှည့်၍ ချပြသည်။

'ဒါ အဲလ်ဘတ်ပေါ့၊ အခု ပိုင်ရီရဲ့ အရွယ်လောက်က ရိုက်ထားတဲ့ပုံ၊ ခင်ဗျား သူ့ကို မမှတ်မိဘူးလား'

'မှတ်မိပါတယ်၊ သူက သူ့အမေနှင့် တော်တော်တူတာပဲ'

'ပိုင်ရီထက် ပိုပြီး မတူဘူးလား'

'ဟုတ်တယ်၊ ပိုပြီး တူတယ်၊ ပိုင်ရီကတော့ ခင်ဗျား ပုံစံ လည်း မဟုတ်ဘူး၊ သူ့အမေ ပုံစံနှင့်လည်း မတူဘူး၊ ယော သူ လာပြီ၊ အဲလ်ဘတ်မှ ဟုတ်ရဲ့လား၊ အသံကတော့ သူ မဖြစ်နိုင်ဘူး'

တံခါး အပြင်ဘက်မှ ခြေသံများ ကြားရသည်။ ထို့နောက် တံခါး လက်ကိုင် လှည့်သွားပြီး တံခါးပွင့်သွားသည်။ ဝင်လာ သူမှာ ပိုင်ရီ၊ သူ ဝင်လာသည်ကို ကြိုက်မှ ကြိုက်ရဲ့လား ဟူသော စူးစမ်းသည့်အကြည့်ဖြင့် လှမ်းကြည့်နေသည်။

'အဲလ်ဘတ် ဘယ်မှာလဲ' ဟု သူ့အဖေက မေးသည်။

'မေမေ့ဆီမှာ၊ သူတို့ စန္ဒရား တီးနေကြတယ်'

'ဟုတ်လား၊ အဲလ်ဘတ်က စန္ဒရား တီးနေသလား'

www.burmeseclassic.com

www.burmeseclassic.com



'ဖေဖေ စိတ်ဆိုးသလား'

'ဆိုးပါဘူး ပိုင်ရီရယ်၊ မင်း လာလို့ ဖေဖေက ဝမ်းသာနေပါတယ်'

ဓာတ်ပုံ နှစ်ပုံကို မြင်လိုက်သော ပိုင်ရီသည် အနီးသို့ လျှောက်သွားပြီး ဓာတ်ပုံများကို ကောက်ကြည့်သည်။ 'အိုး ဒါ ကျွန်တော့်ပုံပဲ၊ ဒီပုံကတော့၊ ဒါ အဲလ်ဘတ်ပုံ မဟုတ်လား'

'ဟုတ်တယ်၊ အဲလ်ဘတ်ပုံ၊ မင့် အသက် အရွယ်လောက် တုန်းက သူ့ပုံဟာ အဲဒါပဲ'

'အဲဒါ ကျွန်တော့်ကို မမွေးခင်တုန်းက ပုံနော်၊ အခုတော့ အဲလ်ဘတ်က လူကြီးဖြစ်လာပြီ၊ ရောဘတ်ကတော့ သူ့ကို ဟာအဲလ်ဘတ်လို့ ခေါ်တယ်'

'မင်းကော လူကြီး ဖြစ်ချင်ပြီလား'

'ဖြစ်ချင်တာပေါ့၊ လူကြီးတွေက မြင်းတွေ ပိုင်တယ်၊ ခရီးထွက်နိုင်တယ်၊ ကျွန်တော်က အဲသလိုမျိုး နေချင်တာ၊ ကြီးလာရင် ဘယ်သူကမှ သားလေးလို့ မခေါ်နိုင်တော့ဘူး၊ ပါးတွေကို လာ လာ ပြီး မပုတ်တော့ဘူး၊ အသက် ကြီးတဲ့ လူတွေဟာ ခင်စရာ မကောင်းပါဘူး၊ အဲလ်ဘတ်တောင် တစ်မျိုး ဖြစ်သွားပြီ၊ လူကြီးတွေဟာ အသက်ကြီးသည်ထက် ကြီးလာရင် နောက်ဆုံး သေကုန်ကြတာပဲ၊ ကျွန်တော်ကတော့ အခုလောက်ပဲ ဖြစ်ချင်တယ်၊ တစ်ခါတလေ မိုးပေါ်မှာ ပျံချင်တယ်၊ ပျံလို့သာ ရရင် သစ်ပင် တွေ ပေါ် မှာ ပျံမယ်၊



တိမ်တွေကြားမှာ ပျံမယ်၊ ပြီးတော့ လူတွေကို ကြည့်ပြီး ရယ်မယ်'

'ဖေဖေ့ကိုရော ရယ်မှာပဲလား'

'ဖေဖေ့ကိုလည်း တစ်ခါတလေ ရယ်မှာပဲ၊ လူကြီးတွေဟာ တစ်ခါတလေ သိပ်ပြီး ရယ်စရာကောင်းတာပဲ၊ မေမေကတော့ သိပ် ရယ်စရာ မကောင်းဘူး၊ တစ်ခါတလေကျရင် မေမေက ခေါက်ကုလားထိုင်ကြီးကို ဥယျာဉ်ထဲမှာ ချပြီး လှဲနေတတ်တယ်၊ ဘာမှလည်း မလုပ်ဘူး၊ မြက်တွေကိုပဲ စိုက်ကြည့်နေတာပဲ၊ သူ့လက် နှစ်ဖက်ကို ဘေးနှစ်ဖက်မှာ တွဲလောင်းချပြီး ငြိမ်နေတယ်၊ သူ့ကြည့်လိုက်ရင် ဝမ်းနည်းနေသလိုပဲ၊ တစ်ချိန်လုံး ဘာမှမလုပ်ဘဲ အဲသလိုနေတာဟာ ကောင်းတယ်နော်'

'မင်း တစ်ခုခုကော မဖြစ်ချင်ဘူးလား၊ ဗိသုကာတို့၊ ဥယျာဉ်မှူးတို့၊ ပန်းချီဆရာတို့ တစ်ခုခုပေါ့'

'ဟင့်အင်း....မဖြစ်ချင်ဘူး၊ အခု ဒီမှာ ဥယျာဉ်မှူး ရှိတယ်၊ ကျွန်တော့်မှာလည်း အိမ်တစ်လုံး ရှိနေပြီ၊ ကျွန်တော်က တခြားဟာတွေပဲ လုပ်ချင်တယ်၊ သပိတ်လွယ်ငှက်ကလေးတွေ အချင်းချင်း စကားပြောတာကို ကျွန်တော် နားလည်အောင် လုပ်ချင်တယ်၊ သစ်ပင်တွေက သူတို့အမြစ်တွေနဲ့ ရေဘယ်လို သောက်တယ် ဆိုတာ ကြည့်ချင်တယ်၊ ဒါတွေကျတော့ ဘယ်သူမှ သိမယ် မထင်ပါဘူး၊ ဆရာကတော့ သိတာ အများကြီးပဲ၊ ဒါပေမယ့် သူ သိတာတွေက အလကားပဲ၊ ပျင်းစရာတွေချည်းပဲ'

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရီသည် အော်တိုဘတ်ဟတ်၏ ရင်ခွင်၌ ထိုင်ကာ ခါးပတ်ကွင်းများကို ဆော့ကစားနေသည်။

'ဒီကမ္ဘာကြီးထဲမှာ အန်ကယ်တို့ မသိနိုင်တာတွေ အများကြီး ရှိတယ်'ဟု ဘတ်ဟတ်က တရင်းတနှီးလေသံဖြင့် ပြောသည်။ 'အန်ကယ်တို့ ကြည့်ရုံ မြင်ရုံလောက်နှင့် ကျေနပ်ရတဲ့ အရာတွေဟာ အများကြီးပဲ၊ သူတို့ လှတာကို ကြည့်ပြီး ကျေနပ်ကြရတာ၊ တစ်နေ့ကျရင် မင်း အန်ကယ်နှင့် တွေ့ဖို့ အိန္ဒိယကို လာတယ် ဆိုပါတော့၊ မင်းဟာ ရွက်ပေါင်းများစွာ သင်္ဘောကြီး တစ်စီးအပေါ် လိုက်လာရမှာ၊ မင်း စီးလာတဲ့ သင်္ဘောကြီးရဲ့ ရှေ့တည့်တည့်ကနေပြီး ရေထဲက ခုန်ခုန်ထွက်နေတဲ့ ငါးငယ်လေးတွေ အများကြီးကို မင်း မြင်ရလိမ့်မယ်၊ သူတို့မှာ အရောင် ပြောင်ပြောင်လက်လက်နှင့် အတောင်ပံတွေလည်း ရှိတယ်၊ ပျံလည်း ပျံနိုင်တယ်။

'တစ်ခါတစ်ရံလည်း ဟိုအလွန်ဝေးတဲ့ ကျွန်းတွေပေါ်က နေပြီးပျံသန်းလာနေကြတဲ့ ငှက်တွေကို တွေ့ရတယ်၊ သူတို့ဟာ မောလွန်းလို့ သင်္ဘောကုန်းပတ်မှာ ဝင်နားကြတယ်၊ သမုဒ္ဒရာကြီးပေါ်မှာ လူတွေအများကြီး ခရီးသွားနေတာ မြင်ရတော့ အံ့အားသင့်နေကြတယ်၊ သူတို့ကလည်း အန်ကယ်တို့ အဖြစ်ကို နားလည်ချင်ကြမှာပဲ၊ ခင်ဗျားတို့ ဘယ်ကလာကြတာလဲ၊ ခင်ဗျားတို့ နာမည်တွေက ဘယ်သူတွေလဲလို့ မေးချင်ကြမှာပဲ၊ ဒါပေမယ့် သူတို့ မမေးနိုင်ကြဘူး၊ ဒါကြောင့် အန်ကယ်တို့နှင့် သူတို့ဟာ တစ်ယောက်ကို တစ်ယောက်ကြည့်၊



ခေါင်းတွေ ညိတ်ပြ လုပ်ကြတယ်၊ ငှက်တွေက အမောလည်း ပြေရော သမုဒ္ဒရာကြီးကို ဖြတ်ပြီး ပျံသွားရော'

'အဲဒီ ငှက်တွေကို ဘယ်လို ခေါ်တယ် ဆိုတာ သိတဲ့လူ ဘယ်သူမှ မရှိဘူးလား'

'အို ရှိတာပေါ့၊ ဒါပေမယ့် အန်ကယ်တို့က လူတွေ ပေးထားတဲ့ နာမည်ကိုပဲ သိတာ၊ သူတို့ငှက်ချင်းခေါ်တဲ့ နာမည်တွေကျတော့ အန်ကယ်တို့ မသိကြဘူး'

'အန်ကယ် ဘတ်ဟတ်မှာ အံ့သြစရာကောင်းတဲ့ အထူးအဆန်း ပုံပြင်တွေ အများကြီး ရှိတယ် ဖေဖေ၊ ကျွန်တော့်မှာလည်း သူငယ်ချင်း တစ်ယောက် သိပ်ရှိချင်တာ ပဲ၊ အဲလ်ဘတ်က သိပ်ကြီးသွားပြီ၊ လူတွေက ကျွန်တော် တစ်ခုခု ပြောတဲ့အခါ အဓိပ္ပာယ်ကို နားမလည်ကြတာ များတယ်၊ ဒါပေမယ့် အန်ကယ် ဘတ်ဟတ်ကတော့ ချက်ချင်း နားလည်တယ်'

အမျိုးသမီး အစေခံ တစ်ယောက် ဝင်လာပြီး ပိုင်ရီကို ခေါ်သွားသည်။ တစ်ခဏအတွင်းမှာပင် ညစာစားချိန် ရောက်လာသည်။ သူတို့သည် အိမ်ကြီးဘက်သို့ ထွက်ခဲ့ကြလေ၏။ ဟာဗာရာဂျသည် နှုတ်ဆိတ်လျက် ရှိသည်။ ထမင်းစားခန်းထဲသို့ ရောက်သောအခါ သူ့သားက သူ့ဆီ ပြေးလာပြီး လက်ဆွဲနှုတ်ဆက်လာသည်။

'မင်္ဂလာညချမ်းပါ ဖေဖေ'

'မင်္ဂလာ ညချမ်းပါ အဲလ်ဘတ်၊ ဒီကိုလာတာ လမ်းခရီးမှာ အဆင်ပြေရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'အဆင်ပြေပါတယ်၊ ကျေးဇူးတင်ပါတယ်၊ မင်္ဂလာ ညခင်းပါ ဟာဘတ်ဟတ်'

အဲလ်ဘတ်၏ အမူအရာ လေယူလေသိမ်းမှာ အေးစက်စက်နှင့် တည်တည်ငြိမ်ငြိမ် နိုင်လွန်းလှ၏၊ သူသည် သူ့အမေကို တွဲကာ ထမင်းစား စားပွဲသို့ ပို့ပေးသည်။ ညစာ စားကြသည့်အခါ စကားဝိုင်းသည် အိမ်ရှင်မနှင့် ဘတ်ဟတ်တို့ နှစ်ဦး ကြား၌သာ ရှိသည်။ သူတို့သည် ဂီတအကြောင်း ဆွေးနွေး ပြောဆိုလျက် ရှိကြလေသည်။

'ဒါနှင့် စကားမစပ် မေးရဦးမယ်' ဟု ဘတ်ဟတ်က အဲလ်ဘတ်ဘက် လှည့်ပြီး စကားစသည်။ 'မင်း ဘယ်လ တေးဂီတမျိုးတွေကို ကြိုက်သလဲ၊ အန်ကယ်ကတော့ ခေတ်သစ် တေးဂီတပညာရှင်တွေကို သိပ်မသိဘူး ဆိုတာ ဝန်ခံရမယ်'

အဲလ်ဘတ်က ယဉ်ကျေးသိမ်မွေ့စွာဖြင့် မော့ကြည့်ပြီး ဖြေသည်။

'ကျွန်တော်လည်း ခေတ်သစ် တေး ဂီ တ ပ ညာ ရှင် တေ အကြောင်း သူများပြောတာလောက်ပဲ ကြားဖူးပါတယ် ကောင်းတဲ့ တေးဂီတဆိုရင် ဘယ်လိုဟာမျိုးမဆို ကျွန်တော ကြိုက်တာချည်းပါပဲ၊ ကျွန်တော် ကြိုက်တဲ့ တေးဂီတ ကတော့ ဘား၊ ဂလုနှင့် ဘင်သိုဗင်တို့ရဲ့ တေးဂီတတွေပါ'

'အို မင်းကြိုက်တာက တကယ့် ဂန္ထဝင် တေးဂီတတွေချည်း ပဲကိုး၊ အန်ကယ်တို့ ခေတ်တုန်းကတော့ အန်ကယ်တို့ ကျကျ သိတာက ဘင်သိုဗင်ပဲ၊ ဂလုကိုတောင် အန်ကယ်တို့ သိပ်အ နည်းကြတယ်၊ အန်ကယ်တို့က ဝဂ္ဂနာဆိုရင် အသည်းစွဲပေ



ခင်ဗျား မှတ်မိသေးလား ဂျိုဟန်၊ ကျွန်တော်တို့ ထရစ္စတန် ဆိုတဲ့သီချင်းကို ပထမဆုံးအကြိမ်နားထောင်ကြရတုန်းကလေ၊ တစ်ခါတည်း မျောပါသွားခဲ့ကြတယ် မဟုတ်လား'

ဗာရာဂုက ပြုံးသည်။ မှုန်ကုပ်ကုပ်ဖြစ်နေသော မျက်နှာပေါ်က အပြုံးသည် အသက်မပါ။

'ခေတ်မမီတော့ပါဘူး' ဟု ဗာရာဂုက ခပ်မာမာလေသံဖြင့် ပြန်ပြောသည်။ 'ဝဂ္ဂနာက ခေတ်ကုန်သွားပါပြီ၊ ဟုတ်တယ် မဟုတ်လား ဘတ်ဟတ်'

'အတိအကျ ပြောလို့တော့ မရဘူး၊ သူ့ရဲ့ တေးဂီတ ပြဇာတ်တွေကို နေရာတိုင်းမှာ ကပြနေကြတုန်းပဲ ရှိသေးတယ်၊ ဒါပေမယ့် ကျွန်တော်လည်း အဲဒီအကြောင်းအရာပေါ်မှာ ထင်မြင်ချက် မပေးတတ်ဘူး'

'မင်းက ဝဂ္ဂနာကို မလေ့လာဖူးဘူး ဆိုပါတော့'

'ကျွန်တော် သူ့ကို သိပ်မသိဘူး ဘတ်ဟတ်၊ ကျွန်တော်က တေးဂီတ ပြဇာတ်တွေ သိပ်မသွားတတ်ဘူး၊ ကျွန်တော် စိတ်ဝင်စားတာက ဂီတ သက်သက်ပဲ၊ ပြဇာတ်ကျတော့ စိတ်မဝင်စားဘူး'

'ဒီလိုဆိုရင် မိန်းစတားဆင်းဂါးရဲ့ ဂီတကျတော့ကော၊ ဒါတော့ မင်း သိမှာပါ၊ သူလည်း မင်း မလေ့လာဖူးဘူး ပဲလား'

အဲလ်ဘတ်သည် သူ့နှုတ်ခမ်းကို ကိုက်ကာ အတန်ကြာမျှ ငြိမ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် တကယ့်ကို ထင်မြင်ချက် မပေးတတ်တာပါ၊ သူ့ တေးဂီတက ဘယ်လို ပြောရမလဲဆိုရင် အလွမ်းအဆွေးဘက် သိပ်ယိုင်တယ်၊ ဒါမျိုးကျတော့ ကျွန်တော်က စိတ်မဝင်စားဘူး'

ဗာရာဂူက မျက်မှောင် ကြုတ်လိုက်သည်၊ စကားလမ်းကြောင်း ပြောင်းသည့်အနေနှင့် 'ခင်ဗျား ဝိုင်ယူမလား' ဟု ဘတ်ဟတ်ကို လှမ်းမေးသည်။

'ယူတာပေါ့'

'မင်းရော အဲလ်ဘတ်၊ ဝိုင်နီ တစ်ခွက်လောက် ယူပါလား'

'ကျေးဇူးတင်ပါတယ် ဖေဖေ၊ ကျွန်တော် မသောက်ချင်ပါဘူး'

'မင်းက အရက် ရှောင်ကြဉ်ရေးသမား တစ်ယောက်များလား'

'မဟုတ်ပါဘူး၊ ဝိုင်ကို ကျွန်တော် မကြိုက်လို့ပါ'

'ထားပါတော့လေ၊ ကဲ အော်တို၊ ခင်ဗျားနှင့် ကျွန်တော် သောက်ကြမယ်၊ ဟုတ်လား'

ဗာရာဂူသည် ဖန်ခွက်ထဲမှ ဝိုင်တစ်ဝက်ကို တစ်ကျိုက်တည်း မော့ချလိုက်သည်။

အဲလ်ဘတ်ကတော့ ဘာခံစားမှုမှမပျက်၊ သူ့ ကိုယ်သူ ထိန်းထိန်းသိမ်းသိမ်း နေတတ်သည့် လူငယ်လေး တစ်ယောက်သဖွယ် ပြုမူ နေထိုင်လျက်ရှိသည်။ လူကြီးများ၏ စကားဝိုင်းတွင် သူမဝင်၊ တတ်နိုင်သမျှ ကြိုးစား၍ ရှောင်ရှားလျက် ရှိ၏။



လူကြီးများထံမှ အတွေ့အကြုံများကို မယူလိုသည့် သဘောနှင့် ရှောင်ခြင်းတော့ မဟုတ်၊ မြူသနှာမဖြစ်လို၍ ရှောင်ရှားခြင်း ဖြစ်သည်။

ထို့ကြောင့် သူသည် တခြား လူတွေနှင့် ကင်းကွာကာ တစ်ယောက်တည်းလို ဖြစ်သွားသည်၊ ထုံးစံအတိုင်း သူသည် သူ့ အဖေကိုတော့ လုံးဝ အသိအမှတ် မပြုသလို နေသည်။ အထူးသဖြင့် သူ့ အဖေနှင့် အငြင်းအခုံ မဖြစ်ရန် ကြိုတင်ပြီး သတိထား၍ နေသည်၊

ပွဲကြည့် ပရိသတ် ဖြစ်သော ဘတ်ဟတ် သည်လည်း တဖြည်းဖြည်းနှင့် နှုတ်ဆိတ်လာသည်၊ စကားဝိုင်းသည် အသက်မဝင်သလို ဖြစ်လာသည်၊ တစ်စုံတစ်ခုကို ပြောနေကြရာမှ စကားအဆက် ပြတ်သွားသည့်အခါ မည်သူကမှ ပြန်၍ အစမဖော်။

ဤသို့ဖြင့် အားလုံးသည် ကိုယ့်အစာကို ကိုယ် ပြီးအောင်စားဖို့သာ အဓိက ထားလာကြသည်၊ တစ်ဦးကို တစ်ဦး အလွန် ယဉ်ကျေး သိမ်မွေ့သည့် အမူအရာများ ပြနေကြသော်လည်း စိတ်ထဲက ပါကြသည် မဟုတ်၊ အားလုံး ဟန်ဆောင်နေကြခြင်းမျှသာ ဖြစ်၏၊ တကယ်တော့ စားပွဲရှိ လူများသည် စားပွဲမှ ထသွားနိုင်သည့် အချိန်ကိုသာ စောင့်စားနေကြခြင်း ဖြစ်လေသည်။

စားပွဲဝိုင်းရှိ မိသားစု၏ ဆက်ဆံရေးကို မြင်နေရသော ဘတ်ဟတ်သည် သူ့ သူငယ်ချင်း၏ အိမ်ထောင်ရေး အခြေအနေကို ကောင်းစွာ နားလည်လာသည်၊ အမှန်တော့ သူ့

www.burmeseclassic.com



သူငယ်ချင်း၏ ဘဝသည် သာယာ စိုပြည်သော ဘဝ မဟုတ်၊ အထီးကျန်နိုင်ခြင်း မျှော်လင့်ချက် ကင်းမဲ့ခြင်း စသည်တို့ဖြင့် ပြည့်နေသောဘဝ ဖြစ်ချေသည်။

သူသည် ဗာရာဂု၏ အခြေအနေကို တစ်ချက်မျှ လှမ်း၍ အကဲခတ်သည်။ ဗာရာဂုသည် အစားအစာကို ဟုတ္တိပတ္တိ စားခြင်း မပြု။ ပန်းကန်ထဲမှ အစားအစာများကို တွေဝေ ဝေးမောသော မျက်လုံး အစုံဖြင့် ကြည့်နေသည့် အချိန်က များသည်။ ဘတ်ဟတ်နှင့် မျက်လုံးချင်း တစ်ခဏမျှ ဆုံမိကြသည်။ ဗာရာဂု၏ မျက်လုံးများက သူ့ အခြေအနေကို သူ့ မိတ်ဆွေ ရိပ်မိ သိရှိသွားသဖြင့် ဖြစ်ပေါ် ခံစားနေရသည့် ရှက်စိတ်နှင့် အားငယ်စိတ်များကို ဖော်ပြလျက် ရှိလေသည်။

ညစာ စားပွဲ၌ တည်ရှိနေသည့် စိတ်ကျဉ်းကျပ်မှု၊ မေတ္တာကင်းမဲ့သည့် တိတ်ဆိတ်မှု၊ ကိုယ်စိတ်နှစ်ပါးစလုံး ဆင်းရဲစေလောက်သည့် အေးတိ အေးစက်နိုင်မှု၊ ပြုံးရယ်ခြင်း ကင်းမဲ့နေသည့် တင်းမာမှု စသည် စသည်များသည် ဗာရာဂု၏ ဂုဏ်သိက္ခာကို ကျဆင်းအောင် ဖန်တီးလျက် ရှိ၏။

ဤ အခိုက်အတန့်မှာပင် အော်ဘို ဘတ်ဟတ်၏ စိတ်ထဲ၌ အသိတစ်ခု ဝင်လာသည်။ မြိုင်ခေမာ၌ သူ ဆက်၍နေမည်ဆိုပါက ပွဲကြည့် ပရိသတ် တစ်ယောက် အနေဖြင့် သူ့ သူငယ်ချင်း ဗာရာဂုအား ပို၍ အရှက်ရအောင် ပို၍ ဂုဏ်သိက္ခာ ကင်းမဲ့အောင် လုပ်နေသလို ဖြစ်ရတော့မည် ဟူသော အသိ ဖြစ်၏။



နောက်ဆုံးတွင် ဖရော ဗာရာဂုသည် ညစာ စားပွဲမှ ထရန် ဟန်ပြင်သည်။ သို့သော်လည်း သူ ထိုင်နေရာမှ မထနိုင်သေးမီ သူ့ ယောကျ်ား ဗာရာဂုက ကုလားထိုင်ကို တွန်းဖယ်ပြီး ဦးအောင် ထလိုက်သည်။

'ကိုယ် သိပ် ပင်ပန်းနေလို့ နားချင်တယ်၊ ကိစ္စ မရှိဘူး မင်း ဆက်ထိုင်နေပေါ့'

ဗာရာဂုသည် အပြင်သို့ ထွက်သွားသည်။ သူသည် တံခါးကိုပင် ပြန်ပိတ်ဖို့ မေ့သွားသည်။ အော်တိုက နားစွင့်နေသည်။ ခပ်ဖြည်းဖြည်း လျှောက်သွားနေသော ဗာရာဂု၏ ခြေသံများနှင့် လှေကားထစ်ဆီမှ တကျွိကျွိ မြည်သံများ ကြားနေရလေသည်။

ဘတ်ဟတ်သည် ထမင်းစားခန်း တံခါးကို ပြန်ပိတ်လိုက်ပြီး ဧည့်ခန်းဆီသို့ သွားနေသော အော်မ်ရှင်မ နောက်မှ လိုက်သွားသည်။ ညဦးပိုင်း လေပြည် လေညင်းသည် အခန်းတွင်းသို့ ဖြည်းဖြည်းသာသာ ဝင်လာလျက် ရှိသည်။

'ကျွန်တော် ခင်ဗျားကို တေးဂီတ တစ်ပုဒ်လောက် တီးခိုင်းမယ်လို့ စိတ်ကူးထားပါတယ်'ဟု အော်တို ဘတ်ဟတ်က ပြောသည်။ 'ဒါပေမယ့် ခင်ဗျား ခင်ပွန်းဟာ သိပ်ပြီး နေကောင်းပုံ မရပါဘူး၊ သူ ကနေ့ မွန်းလွဲပိုင်း တစ်ပိုင်းလုံး နေရောင်အောက်မှာ အလုပ်လုပ်ခဲ့ရတဲ့ အတွက် ပင်ပန်းသွားပုံ ရပါတယ်၊ တကယ်လို့ ခွင့်လွှတ်နိုင်မယ်ဆိုရင် ကျွန်တော် သူ့ဆီ သွားပါရစေ'

www.burmeseclassic.com

www.burmeseclassic.com



ဖရော ဗရာဂုက အလွန် တည်ငြိမ် အေးဆေးသော ချက်နှာထားဖြင့် ခေါင်းညိတ်သည်။ အော်တို ဘတ်ဟတ်ကို ခဏတစ်ဖြုတ်နေဖို့ပင် ထားမြစ်ခြင်း မပြု၊ ဘတ်ဟတ်သည် ညှော်ခန်းထဲမှ ထွက်လာခဲ့သည်။ အဲလ်ဘတ်က သူ့အား လှေကား အဆင်းအထိ လိုက်ပို့ လေသည်။

## ၅

အိမ်ရှေ့ ခန်းမကြီး အတွင်းမှ အော်တို ဘတ်ဟတ် ဖြတ်လာသည့်အခါ ခန်းမကြီး အတွင်းမှ ဖန်မီး ပန်းဆိုင်း ကြီးသည် မီးလင်းနေပြီ ဖြစ်၏။ သူသည် အဲလ်ဘတ်အား ခန်းမကြီးထဲမှာပင် ထားခဲ့ကာ အပြင်သို့ ထွက်လာခဲ့သည်။

အပြင်ဘက်ဈေးဆွင်မှ ည အမှောင်ရိပ်များသည် ကျဆင်း နေကြလေပြီ။ သစ်အယ်ပင်များ အောက်သို့ ရောက်သောအခါ သူသည် ခဏမျှ ရပ်ကာ အေးမြသော လေကို အားရပါးရ ရှူရှိုက်ပြီး နှဖူးမှ ချွေးသီး ချွေးပေါက်များကို လက်နှင့် သပ်ချ လိုက်သည်။ အကယ်၍ သူ့ သူငယ်ချင်းကို အနည်းငယ် ကူညီနိုင်သည် ဆိုငြားအံ့၊ အခု အချိန်သည် ကူညီဖို့ လိုအပ် နေသည့် အချိန်ပေတည်း။

ဗာရာဂု၏ အခန်းများတွင် မီးရောင် မမြင်ရ၊ ဗာရာဂုသည် စတူဒီယိုထဲမှာရော အခြား အခန်းများထဲ၌ပါ မတွေ့၊ သူသည် နောက်ဘက်ထွက်သည့် တံခါးကို ဖွင့်ပြီး အပြင်သို့ထွက်ကာ တစ်ကွေ့ တစ်ပတ် လှည့်ရှာသည်။

www.burmeseclassic.com



နောက်ဆုံးတွင် နေ့ခင်းပိုင်း သူ့ ပုံတူကို ရေးဆွဲစဉ်က သူ ထိုင်ခဲ့သော ကြိမ်ကုလားထိုင်ပေါ်၌ ထိုင်နေသည့် ဗာရာဂုကို လှမ်းမြင်သည်။ ဗာရာဂုသည် ကိုယ်ကို ရှေ့သို့ ကုန်းကာ မျက်နှာကို လက်နှစ်ဖက်တွင် အပ်ထားသည်။ ငြိမ်လွန်းအားကြီးသဖြင့် အိပ်ပျော်နေသည်ဟုပင် ထင်ရ၏။

'ဂျီဟာန်' ဟု ဘတ်ဟတ်က သိမ်မွေ့ နူးညံ့သော လေသံဖြင့် ခေါ်လိုက်ပြီး သူ့ လက်တစ်ဖက်ကို ဗာရာဂု၏ ငုံ့ထားသော ခေါင်းပေါ် သို့ တင်လိုက်သည်။ ဗာရာဂုထံမှ အသံ မကြားရ။

ဘတ်ဟတ်သည် သူ့ ဘေးတွင် ငြိမ်ဆိတ်စွာ ရပ်ကာ သူ့ ခေါင်းမှ ဆံပင်များကို အသာအယာ ထိတွေ့ ပွတ်သပ် ပေးနေသည်။ ည၏ တိတ်ဆိတ်မှုကို သစ်ပင်ကြို သစ်ပင်ကြားမှ တိုးဝှေ့ တိုက်ခတ်လျက်ရှိသော လေက ထိုးဖောက် နှောင့်ယှက်လျက် ရှိ၏။ မိနစ်ပေါင်းများစွာ ကုန် လွန် သွား သည်။ ရုတ်တရက် အိမ်ကြီးဘက်မှ စန္ဒရား အသံလှိုင်းများ ပေါ်ထွက်လာသည်။

ဗာရာဂုက သူ့ ခေါင်းကို ပြန် မော့လိုက်ပြီး ဘတ်ဟတ်၏ လက်ကို အသာ လှမ်းကိုင်ကာ ထိုင်ရာမှ ထရပ်သည်။ ပင်ပန်း နွမ်းလျနေသည့် မျက်လုံးများဖြင့် ဘတ်ဟတ်ကို ကြည့်ပြီး ပြုံးဖို့ ကြိုးစားသည်။ သို့သော်လည်း ပြုံး၍ မရ။

'ကျွန်တော်တို့ အထဲ ဝင်ကြစို့လား' ဟု ဗာရာဂုက ပြောသည်။ ကျယ်လောင်စွာ ထွက်ပေါ်လာနေသည့် စန္ဒရား



သံကို သူ့ နားများက ခံနိုင်ဟန်မတူ။ သူသည် ရှေ့မှထွက်သွားပြီး စတူဒီယိုခန်း တံခါးဝသို့ ရောက်သောအခါ ရပ်လိုက်သည်။

'ကျွန်တော် တွေးမိတယ်၊ ခင်ဗျား ဒီမှာ ကြာကြာနေမှာ မဟုတ်တော့ဘူး'

သူ ဘယ်လိုလုပ်ပြီး သိပါလိမ့်ဟု ဘတ်ဟတ်က တွေးသည်။ ချုပ်တည်း ထားရသည့် လေသံဖြင့် သူက ပြန်ပြောသည်။

'တစ်ရက် ပိုပြီးပဲ နေနေ နှစ်ရက် လျော့ပြီးပဲ နေနေ အကြောင်းက ထူးလာမှာမှ မဟုတ်တာ၊ ကျွန်တော် သန်ဘက်ခါ ပြန်ရင် ကောင်းမယ်လို့ ထင်တယ်'

ဗာရာဂုက မီးခလုတ်ကို လိုက်စမ်းသည်။ ချောက်ခနဲ မြည်သံနှင့်အတူ စတူဒီယို အတွင်း၌ အလင်းရောင် ဖြာကျလာသည်။

'ဒါဆိုရင်တော့ ကျွန်တော်တို့ ဝိုင် တစ်ပုလင်းတော့ ကုန်အောင် သောက်ကြစို့လား'

ဗာရာဂုသည် သူ့ တပည့် ရောဘတ်ကို ခေါ်၍ အရက် တစ်ပိုင်း ပြင်ခိုင်းသည်။ နေ့ခင်းက သူ ဆွဲခဲ့သော ဘတ်ဟတ်၏ ပုံတူ ပန်းချီကားသည် စတူဒီယို ခန်းမ အလယ်၌ ရှိနေသည်။ ပန်းချီကားမှာ ပြီးခါနီးနေပြီ ဖြစ်၏။

ရောဘတ်သည် စားပွဲနှင့် ကုလားထိုင်များကို အရင်ဆုံး ချသည်။ ထို့နောက် ဝိုင်နှင့် ရေခဲ၊ ဆေးပြင်းလိပ်နှင့် အချိုပွဲများ ယူလာပြီး စားပွဲပေါ်၌ စနစ်တကျ ချသည်။ ရောဘတ် ပြင်ဆင်နေခိုက်တွင် သူတို့ နှစ်ယောက်သည်

www.burmeseclassic.com



ဘတ်ဟတ်၏ ပုံတူ ပန်းချီကားကို ရွှေတည့်တည့်မှ ရပ်ပြီး ကြည့်နေကြသည်။

'ဒါဆိုရင် လုံလောက်ပြီ ရောဘတ်၊ မင်း ဒီည နားတော့၊ မနက်ဖြန်မနက် ငါ့ကို လာမနိုးနှင့်၊ ကဲ တို့ကို ထားခဲ့ပြီး သွားတော့'

နှစ်ယောက်သား အရက် စားပွဲတွင် ဝင်ထိုင်ကြသည်။ ဖန်ခွက်ချင်း ထိသံများ ထွက်ပေါ်လာသည်။ ပန်းချီဆရာသည် သူ့ ကုလားထိုင်တွင် ငြိမ်ငြိမ် မထိုင်နိုင်၊ ချက်ချင်း ပြန်ထပြီး မီးတချို့ကို လိုက်ပိတ်သည်။ ထို့နောက် ကုလားထိုင်ပေါ်သို့ ခြေပစ် လက်ပစ် ထိုင်ချလိုက်လေသည်။

'ပုံကတော့ အပြီးသတ်ဖို့ လိုနေသေးတယ်' ဟု စကားစသည်။ 'ဆေးလိပ်တစ်လိပ် ယူဗျာ၊ သောက်လို့ ကောင်းတော် ကောင်းမှာပါ၊ ဒါပေမယ့် ဒါကလည်း အကြောင်း မဟုတ်ပါဘူး၊ ကျွန်တော်တို့ နှစ်ယောက် နောက်ထပ် တွေ့ကြရဦးမယ် ထင်ပါရဲ့'

သူသည် ဆေးပြင်းလိပ် တစ်လိပ်ကို ရွေးယူပြီး ထိပ်ပိုင်းကို သွားနှင့် ကိုက်ဖြတ်လိုက်ကာ တုန်ယင် လှုပ်ရှားနေသော လက်ချောင်းများနှင့် ညှပ်၍ ကိုင်ထားသည်။ ထို့နောက် ဆေးလိပ်ကို မြန်မြန်ချထားလိုက်သည်။

'ဒီ တစ်ခေါက်တော့ အရာရာတိုင်းဟာ အခြေအနေ မှန်မှာ မရှိဘူးဆိုတာ ခင်ဗျား သိသွားပြီ၊ ဟုတ်တယ် မဟုတ်လား၊ ကျွန်တော် ဝမ်းနည်းပါတယ် အော်တို'



အသံသည် တိမ်ဝင်သွားသည်၊ သူသည် ကိုယ်ကို ရှေ့သို့ ကုန်းလိုက်ပြီး ဘတ်ဟတ်၏ လက်နှစ်ဖက်ကို လှမ်းဆွဲကာ သူ့ လက်များဖြင့် တအား ဆုပ်ကိုင်ထားသည်။

'အခုဆို ခင်ဗျား အားလုံးကို သိသွားပြီ' ဟု ပင်ပန်း နွမ်းလျလွန်းသည့် အသံဖြင့် ပြောသည်။ သူ့ မျက်လုံးများဆီမှ မျက်ရည်ပေါက်များသည် ဘတ်ဟတ်၏ လက်ပေါ်သို့ ကျလာသည်၊ သို့တစေလည်း ဗာဒာဂူသည် ရုတ်တရက် ဆိုင်ထားသည့် ဘတ်ဟတ်၏ လက်နှစ်ဖက်ကို မလွှတ်။ အတန်ကြာမှ သူသည် သူ့ကိုယ်သူ ပြန်ထိန်းကာ ကိုယ်ကို တည့်တည့် မတ်မတ် ဖြစ်အောင် ပြန်ထိုင်လိုက်ပြီး တည်ငြိမ်အောင် ချုပ်တည်းထားရသည့် လေသံဖြင့် စကား ဆက်ပြောသည်။

'ကျွန်တော့်ကို ခွင့်လွှတ်ပါ အော်တို၊ ကဲ ဝိုင် သောက်ကြရအောင်၊ ခင်ဗျား ဆေးလိပ် မသောက်တော့ဘူးလား'

ဘတ်ဟတ်က ဆေးပြင်းလိပ် တစ်လိပ်ကို လှမ်းယူသည်။ နှစ်ယောက်သား စိတ်ကို ဖြေဖြေ ဖျောက်ဖျောက် ထားကာ ဝိုင်သောက်ကြသည်။ ဆေးပြင်းလိပ်ကို အရသာခံ၍ ဖွာကြသည်၊ သူတို့ ကိုင်ထားသည့် ဖန်ခွက်များတွင် ထင်ဟပ်နေသော လျှပ်စစ် မီးရောင်သည် တဝင်းဝင်း တလက်လက်၊ ရွှေရောင် သန်းနေသော ဝိုင်အရက် အတွင်းဝယ် မီးရောင်သည် ပို၍ တောက်ပသည်ဟု ထင်ရ၏။ ဆေးပြင်းလိပ်များမှ ထွက်နေသော အပြာရောင် မီးခိုးငွေ့များသည် အခန်း ကျယ်ကြီးထဲတွင် ထလွင့်လွင့် တက်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် မကြာခဏ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြသည်။ စကားများလုံးဖြင့် ဖော်ပြရန် မလိုသည့် အကြည့်များ ဖြစ်၏။ အရာရာတိုင်းကို ဖွင့်ဟ၍ ပြောပြပြီးသွားသည့်နှယ် ရှိသည်။

ပိုးဖလံ တစ်ကောင်သည် စတူဒီယိုဘင်း၌ တဝီဝီ ပျံသန်းကာ နံရံများကို သုံးသေ ကြိမ်မျှ ဝင်တိုးသည်။ ထို့နောက် မျက်နှာကြက်တွင် ဝင်နားသည်။

'လာမယ့် ဆောင်းတွင်းကျရင် ခင်ဗျား ကျွန်တော်နှင့် အိန္ဒိယကို လိုက်မလား'ဟု ဘတ်ဟတ်က မေးသည်။

အချိန် အတော်ကြာမျှ ငြိမ်ဆိတ် သွားပြန်သည်။ ပိုးဖလံသည် မျက်နှာကြက်ပေါ်တွင် တရွေ့ရွေ့ လျှောက်သွားနေသည်။ မည်ကဲ့သို့ ပျံသန်းရမည်ကို သတိ မရတော့သည့်နှယ် ခပ်ဖြည်းဖြည်းချင်း ရွေ့လျားလျက် ရှိ၏။

'လိုက်ဖြစ်ကောင်း လိုက် ဖြစ်ပါလိမ့်မယ်'ဟု ဗာရာဂူက ပြောသည်။ 'ဒီကိစ္စကို ကျွန်တော်တို့ ဆွေးနွေးကြ သေးတာ ပေါ့'

'ဒီမယ် ဂျိုဟန်၊ ကျွန်တော် ခင်ဗျား စိတ်ကို မညှဉ်းဆဲချင် ပါဘူး၊ ဒါပေမယ့် အထိုက် အလျောက်တော့ ပြောပြထားမှ ဖြစ်လိမ့်မယ်။ ခင်ဗျား မိန်းမနှင့် ခင်ဗျားကြစား အဆင်ပြေလာရင် ဆိုတာတော့ ကျွန်တော် သိပ်ပြီး မမျှော်လင့်ပါဘူး၊ ဒါပေမယ့် လည်း....'

'ကျွန်တော်တို့ချင်း ကတော့ ဘယ်တော့မှ အဆင်ပြေမှာ မဟုတ်တော့ပါဘူး'



'ထားပါတော့လေ၊ ဒါပေမယ့် အခြေအနေက ဒီလောက် အထိ ဆိုးနေဘာ တွေ့ရတော့ ကျွန်တော် စိုးရိမ်မိတယ်၊ အခုလို ဖြစ်နေတာဟာ မကောင်းဘူး၊ ဒီ အဖြစ်က ခင်ဗျားရဲ့ ဘဝကို ဖျက်ဆီးပစ်လိမ့်မယ်'

ဗာရာဂူက ခပ်ကြွမ်းကြွမ်း လေသံဖြင့် ရယ်သည်။

'ကျွန်တော့် ဘဝကို ဖျက်ဆီး ပစ်နိုင်မယ့်ဟာ ဘာမှ မရှိပါဘူး သူငယ်ချင်းရယ်၊ လာမယ့် စက်တင်ဘာလကျရင် ဖရင့်ဖို့ ပြပွဲမှာ ကျွန်တော့် ပန်းချီကား အသစ် ဆယ်ခု ဆယ့်နှစ် ခုလောက် တင်ဦးမှာပါ'

'အဲဒီဘက်ကတော့ ကောင်းပါတယ်၊ ဒါပေမယ့် အခု ဖြစ်နေတဲ့ ကိစ္စကို နောက်ထပ် ဘယ်လောက်ကြာကြာ ဆက်ပြီး ရင်ဆိုင်နေဦးမှာလဲ၊ ခင်ဗျား ဘာကြောင့် ခင်ဗျား မိန်းမကို အခုထက်ထိ မကွာသေးဘာလဲ၊ ကျွန်တော့်ကို ပြောပြစမ်း ပါဦး'

'ဒါက သိပ် မလွယ်ဘူး အော်တို၊ ကျွန်တော် ခင်ဗျားကို ပြောပြမယ်၊ ဇာတ်လမ်း တစ်ပုဒ်လုံးကို အစအဆုံး နား ထောင်မှ ခင်ဗျား သဘော ပေါက်မှာ'

ဗာရာဂူသည် ဝိုင်ကို တစ်ငုံ ငုံလိုက်ပြီး ကိုယ်ကို ရှေ့သို့ ကုန်း လိုက် သည်။ ဘတ်ဟတ်က စားပွဲနှင့် ခွာပြီး သူ့ ကုလားထိုင်ကို ကျောနှင့် မှီထိုင်လိုက်၏။

'ခင်ဗျားလည်း အသိပါ၊ ကျွန်တော်ဟာ ကျွန်တော့် မိန်းမနှင့် အစကတည်းက ဆက်ဆံရေးပိုင်းမှာ အခက်အခဲတွေ ရှိခဲ့တယ်၊ အစ ပထမ နှစ် အနည်းငယ်လောက်ကတော့

www.burmeseclassic.com

www.burmeseclassic.com



သည်းခံနိုင်ပါတယ်၊ အခြေအနေက အကောင်းကြီးလည်း မဟုတ်၊ အဆိုးကြီးလည်း မဟုတ်ဘူး၊ အဲဒီအချိန်တုန်းကတော့ အခြေအနေကို အဖတ်ဆယ်နိုင်မယ့် အလားအလာတွေဟာ အတော်များများ ရှိကောင်း ရှိခဲ့မှာပါ၊ ဒါပေမယ့် ကျွန်တော်က ကိုယ့် စိတ်ဆင်းရဲနေတာ တစ်ခုကလွဲပြီး ဘာကိုမှ သတိမထားခဲ့မိဘူး၊ ပြီးတော့လည်း အဲဒီ စိတ်ဆင်းရဲမှုကို လုံခြုံအောင် ဖုံးဖိမထားနိုင်ခဲ့ဘူး။

ကျွန်တော့်အနေနဲ့ သူ့ဘက်က မပေးနိုင်တဲ့ ဟာကိုပဲ အက်ဒလီဆီက မရအရ တွတ်တောင်းခံနေခဲ့မိတယ်၊ အက်ဒလီဟာ ဘယ်တော့မှ တက်တက်ကြွကြွ မရှိဘူး၊ လူ့ခြေသိက္ခာနှင့် အရှက်အကြောက်ကြီးပြီး ခပ်ခလေးလေး ခပ်ထိုင်းထိုင်းရယ်၊ ဒီအမှုအကျင့်ရှိတာကို ကျွန်တော် ချက်ချင်းလိုလိုပဲ သတိပြုခဲ့မိတယ်၊ ပြဿနာတစ်ခုခု ပေါ်လာပြီ ဆိုရင်လည်း သူဟာ ဘယ်တော့မှ နှစ်ဖက်အမြင်နဲ့ မဆင်ခြင်တတ်ဘူး၊ ပေါ့သွားအောင်လည်း မတွေးတတ်ဘူး။

ကျွန်တော့်ရဲ့ အလိုဆန္ဒတွေ၊ ကျွန်တော့်ရဲ့ စိတ်မကျေနပ်မှုတွေ၊ အလွန်ပြင်းထန်တဲ့ ကျွန်တော့်ရဲ့ တောင့်တမှုတွေနဲ့ နောက်ဆုံး ကျွန်တော့်ရဲ့ စိတ် ထိခိုက် ကြေကွဲမှုတွေကို သူ တုံ့ပြန်တာက တစ်မျိုးပဲ၊ ဘာဆိုဘာမှ မပြောတော့ဘဲ သူ့စိတ်ထဲမှာတင် ကြိတ်မှိတ်မျိုသိပ်ပြီး ရေငုံ နှုတ်ပိတ် လုပ်နေတာပဲ၊ အဲသလို လုပ်နေပြန်တော့လည်း ကျွန်တော့်မှာ မကြာခဏ စိတ်နာကောင်း ဖြစ်ရပါတယ်၊ ဒါပေမယ့် ဒီအပြုအမူဟာ သူ့ကိုရော ကျွန်တော့်ကိုပါ အကျိုးမပြုခဲ့ဘူး၊



ကျွန်တော် ဒေါသတွေကြီးပြီး စိတ်တိုနေတဲ့ အခါမျိုးနဲ့ စိတ်တိုင်းမကျ ဖြစ်နေတဲ့အခါမျိုးတွေမှာ သူဟာ ငြိမ်ဆိတ်ပြီး ကြိတ်မှိတ်ခံနေတာပဲ၊ နောက်ပိုင်း သိပ်မကြာခင်မှာ ကျွန်တော်ဟာ ကိုယ့်အမှား ကိုယ်မြင်လာတဲ့အတွက် ဖြစ်ပြီးသမျှတွေ ပြေသွားအောင် နှစ်ဦးကြားမှာ နားလည်မှု ရှိလာအောင် ပြန်ပြီး ကြိုးစားပါတယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ဖို့ သူ့ကို တောင်းပန်ပါတယ်၊ အဲသလိုကျပြန်တော့လည်း အကြောင်းက မထူးဘူး၊ သူ့ဘက်က ရေငုံနှုတ်ပိတ် လုပ်မြဲပဲ၊ အရင်ကထက် တောင်မှ ပိုပြီး ငြိမ်ဆိတ်နေတတ်တယ်။

ကျွန်တော် သူနဲ့ အတူတူ နေတဲ့ အခါလည်း ကြောက်သလိုလို ရှိသလိုလိုနဲ့ တွန့်ဆုတ်ဆုတ် ဖြစ်နေတတ်တယ်၊ တွန့်ဆုတ်ဆုတ်နဲ့ပဲ ကျွန်တော့်အလိုကို လိုက်လျောတယ်၊ ကျွန်တော့်ဘက်က ပြင်းပြ ထက်သန်တဲ့ ဆန္ဒတွေ ပေါက်ကွဲထွက်လာတဲ့ အခါမျိုးမှာ၊ ဒါမှမဟုတ်လည်း ကျွန်တော် သိပ်ပြီး စိတ်တွေ ရှင်လန်းမြူးထူးတဲ့ အခါမျိုးတွေမှာလည်း သူ့ပုံစံက ပြောင်းမသွားဘူး၊ ဒီပုံစံအတိုင်းပဲ။

ကျွန်တော် သူ့အနားမှာ မရှိတဲ့အခါ ကျတော့လည်း သူဟာ တစ်ယောက်တည်းထိုင်ပြီး သူ့ဘဝသူ လွတ်လပ်တဲ့ နန်းမပျိုလေး တစ်ယောက်လို သဘောထားပြီး စန္ဒရားပဲ တီးနေတော့တာပဲ၊ အဲဒီလို ဖြစ်လာရတဲ့အတွက် ဖြစ်ပေါ်လာတဲ့ အကျိုးကျေးဇူးကတော့ တခြားမဟုတ်ဘူး၊ ကျွန်တော်ဟာ ပိုပြီး မှားတဲ့လမ်းပေါ် ရောက်ရောက်သွားတော့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



'နောက်ဆုံးကျတော့ ကျွန်တော်ကလည်း သူ့ကို ပေးစရာ ဘာတစ်ခုမှ မရှိတော့သလို ဖြစ်လာတယ်၊ သူနှင့် အဆက်အသွယ် မရှိတော့သလိုလည်း ဖြစ်လာရတယ်၊ အဲဒီ အချိန်ကစပြီး ကျွန်တော်ဟာ အလျှင်ကထက် ပိုပြီး လုံ့လ ဝီရိယ ရှိလာတယ်၊ တဖြည်းဖြည်းနှင့် ကျွန်တော်ဟာ ကျွန်တော့်အလုပ်ကို ကျွန်တော်ရဲ့ နားခိုရာ၊ မှီခိုရာ၊ အားထား ရာ အဖြစ် သတ်မှတ်ထားသလို ဖြစ်လာခဲ့ရတယ်'

ဗာရာဂုသည် စကားပြောနေရင်းမှပင် သူ့ကိုယ်သူ တည်ငြိမ်အောင် ကြိုးစားအားထုတ်လျက် ရှိသည်၊ သူ့စကား ထဲတွင် မည်သူ့ကိုမှ အပြစ် တင်လိုသည့် သဘောမပါ၊ သူ့အဖြစ်ကို တစ်ဖက်လူ နားလည်အောင် ရိုးရိုးသားသား ပြောပြနေသည့် သဘောမျိုး ဖြစ်အောင် ထိန်းထိန်းသိမ်းသိမ်း ပြောသည်။

သို့သော်လည်း သူသုံးသွားသည့် စကားလုံးများ နောက်ကွယ်တွင် စွပ်စွဲ ပြစ်တင်လိုသော သဘောကိုတော့ မြင်သာသည်၊ အနည်းဆုံး သူ့ရင်ထဲ၌ ခံစားနေရသည့် မကျေနပ်မှုကိုတော့ ဖော်ပြနေသယောင် ရှိ၏။ မကျေနပ်မှု မှာလည်း အခြားမဟုတ်၊ သူ့ဘဝ ပျက်ရခြင်း၊ သူ့မျှော်လင့် ချက်များအတွက် ယူကျုံးမရဖြစ်ခြင်း၊ သာယာ ပျော်ရွှင်မှု ကင်းမဲ့နေသော အသက်ရှင်နေမှုနှင့် အတွင်းစိတ်၏ ပဋိပက္ခ များအတွက် မကျေနပ်ခြင်း ဖြစ်လေသည်။

'အဲဒီနောက်ပိုင်းမှာ သူ့ကို ကွာပစ်ဖို့ မကြာခဏ စဉ်းစား ခဲ့ပါတယ်၊ ဒါပေမယ့် ဒီကိစ္စက ထင်သလောက် မလွယ်ဘူး။



ကျွန်တော့်အနေနှင့် ကိုယ့်အလုပ်ကို ငြိမ်းငြိမ်းအေးအေးနှင့် လုပ်ကိုင်နေတဲ့ အလေ့အထက ရှိနေပြီ၊ ဒီအချိန်မှာ ကျွန်တော် ဟာ တရားရုံးတွေ၊ ရှေ့နေတွေနှင့် ရင်မဆိုင်ချင်ဘူး၊ သူတို့နှင့် ဆက်ဆံရတော့မယ်ဆိုရင် ကျွန်တော်ရဲ့ နေ့စဉ် လည်ပတ်နေတဲ့ ပုံမှန်အလုပ်ဟာ ပျက်ရတော့မယ်။

'တကယ်လို့ အချစ်သစ်ကို ရှာလို့ တွေ့ရင်တော့လည်း ဆုံးဖြတ်ချက်တစ်ခုကို ချ လို့ လွယ်မှာ ပါ၊ ဒါပေမယ့်လည်း ကျွန်တော်ရဲ့စိတ်ဟာ ကျွန်တော် ထင်ထားတာထက်တောင်မှ ပျော့နေသေးတယ်၊ ငယ်ငယ်ရွယ်ရွယ် မိန်းမချော မိန်းမလှ လေးတွေကို ကျွန်တော် ချစ်ခဲ့ဖူးပါတယ်၊ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ ခံစားရတာက သာယာမှု မဟုတ်ဘူး၊ ကိုယ့်ဘာသာကိုယ် စိတ်ဆင်းရဲမှု ဖြစ်စေတဲ့ မနာလိုမှုပဲ။ ဘယ်တော့မှလည်း အလေးအနက် ချစ်တဲ့သဘောက မရှိဘူး။

"နောက်ဆုံးမှာ ကျွန်တော်ဟာ ကိုယ့်စိတ်ကိုယ် နားလည် လာတယ်၊ တကယ်တော့ ကျွန်တော်ဟာ ကျွန်တော့်ရဲ့ ပန်းချီ အလုပ်ပေါ်မှာ ချစ်သလောက် မြတ်နိုးသလောက် တခြား ဟာတွေအပေါ်မှာ မြတ်နိုးတွယ်တာနိုင်တဲ့ အချစ်စိတ်ကို တည်ဆောက်လို့ မရနိုင်တော့ဘူး၊ ဒီအချက်ကို ကျွန်တော် မြင်လာတယ်၊ ကျွန်တော်ရဲ့ ကိုယ်အား ဉာဏ်အားနှင့် ကျွန်တော့်မှာ ရှိနေသမျှ အာရုံတွေဟာ ကျွန်တော်ရဲ့ ပန်းချီ အလုပ်ထဲမှာပဲ နစ်မြုပ်နေတယ်။

'ခင်ဗျားကို အမှန်အတိုင်း ပြောပြရမယ်ဆိုရင် ဒီနှစ်ပိုင်း တွေမှာ ကျွန်တော့်ဘဝထဲကို လူသစ်တစ်ယောက်မှ ဝင်မလာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဘူး၊ မိန်းမရော မိတ်ဆွေရော ဘယ်သူတစ်ယောက်တလေမှ ရောက်မလာခဲ့ဘူး၊ ခင်ဗျားသိတဲ့အတိုင်းပဲ၊ တကယ်လို့ မိတ်သစ်ဆွေသစ်ဆိုတာတွေ ဝင်လာပြန်ရင်လည်း ကျွန်တော့်ရဲ့ ဂုဏ်သိက္ခာနှင့် အသရေကို ညှိုးနွမ်းအောင် လုပ်သလို ဖြစ်မှာပဲ'

'ဂုဏ်သိက္ခာ ပျက်အောင် လုပ်သလို ဖြစ်မယ်၊ ဟုတ်လား' ဟု ဘတ်ဟတ်က အပြစ်တင်လိုသည့် လေသံဖြင့် ရေရွတ်သည်။

'ဟုတ်တယ်၊ ဂုဏ်သိက္ခာ ပျက်အောင်ပေါ့၊ ကျွန်တော့် စိတ်ထဲမှာ အဲသလိုပဲ ခံစားရတယ်၊ စိတ်မချမ်းမသာ ဖြစ်စေမယ့် ဂုဏ်သိက္ခာပျက်မှု တစ်ခုလို့ပဲ တွက်တယ်၊ ကိုယ့်ဘဝကိုယ် လူမြင်သူမြင် မခံရဲလောက်အောင် ဖြစ်သွားမယ့် ဂုဏ်သိက္ခာပျက်မှုလို့ပဲ ထင်တယ်'

သူသည် သူ့ဝိုင်ဖန်ခွက်ကို အဓိပ္ပာယ်မရှိ ငေးကြည့်နေသည်။ မီးငြိမ်းနေသော ဆေးလိပ်ကို လွှင့်ပစ်လိုက်ပြီး သူ့စကားကို ဆက်သည်။

'အဲဒီကာလ အတွင်းမှာပဲ အဲလ်ဘတ်ဟာ ကြီးလာတယ်၊ ကျွန်တော်တို့ လင်မယားနှစ်ယောက်စလုံးက သူ့ကို သိပ်ချစ်ကြတယ်၊ သူ့ တစ်ခုခုဖြစ်မှာပဲ အမြဲတမ်း တွေးပြီး သောကရောက်နေကြတယ်၊ သူ့ ခုနစ်နှစ် ရှစ်နှစ်သား မပြည့်ခင်လောက်မှာ ကျွန်တော်ဟာ အဲလ်ဘတ်နှင့် ပတ်သက်ပြီး မနာလိုဝန်တိုစိတ် ဝင်လာတယ်၊ သူ့ကို ပိုင်ဆိုင်လိုမှုအတွက် ရန်ပြုချင်လာတယ်၊ အခု ပိုင်ရီနှင့် ပတ်သက်ပြီး သူနှင့် ကျွန်တော် ဖြစ်နေသလိုပေါ့။



'ရုတ်တရက် ဆိုသလိုပဲ ကျွန်တော့်သားလေး အဲလ်ဘတ်ဟာ ကျွန်တော့်အတွက် မရှိမဖြစ်တော့တဲ့ လူတစ်ယောက်ဖြစ်လာတယ်၊ သူ့ကို ကျွန်တော် လက်လွှတ်ခံရမှာ သိပ်ကြောက်လာတယ်၊ ဒီလိုနှင့်ပဲ ကျွန်တော်ဟာ ကျွန်တော့်အပေါ်မှာ တစ်နေ့ထက်တစ်နေ့ သွေးအေးသထက်ဖြစ်ပြီး အနေစိမ်းလာသလောက် အမေ့ကိုပဲ ထမ်းတမ်းစွဲ သံယောဇဉ်ကြီးနေတဲ့ သားလေးကို ကြည့်ပြီး နှစ်ပေါင်းများစွာ ပရိဒေဝမီး တောက်လောင်နေခဲ့ရပါတယ်။

'အဲဒီနောက် တော့ အဲလ်ဘတ်ဟာ အတော်ကြီး နေမကောင်း ဖြစ်ခဲ့တယ်၊ သူနေမကောင်းဖြစ်နေတဲ့ အခိုက်မှာ ကျွန်တော်တို့ လင်မယားဟာ သားအတွက် သောကများနေတဲ့ အတွက် နှစ်ဦးကြားမှာ ရှိနေတဲ့ ပြဿနာတွေကို မေ့သလို ဖြစ်သွားတယ်၊ အရင်ကနှင့် စာရင် ကျွန်တော်တို့ လင်မယားဟာ တည့်တည့်ရှုရှု ပြန်ဖြစ်လာတယ်၊ အဲဒီအချိန်မှာပဲ ပိုင်ရီကို သန္ဓေတည်လာခဲ့ပါတယ်။

'သားငယ် ပိုင်ရီဟာ ကမ္ဘာလောကကြီးထဲ ရောက်လာတဲ့ အချိန်က စပြီး ကျွန်တော့်မှာ ရှိခဲ့သမျှ ချစ်မေတ္တာကို သူ ရခဲ့ပါတယ်၊ ကျွန်တော့် အပေါ်က ခွာပြေးသွားတဲ့ အက်ဒလီကိုလည်း ကျွန်တော် ဘာမှ မလုပ်တော့ဘူး၊ သူ့သဘော သူ့ဆန္ဒအတိုင်းပဲ ရှိပါစေတော့လို့ လွှတ်ပေးထားလိုက်ပါတယ်၊ အဲလ်ဘတ် နေကောင်းလာတဲ့ အခါမှာလည်း သူ့ အမေဘက် နှီးကပ်သွားနေတဲ့ အဖြစ်ကို ကျွန်တော် မတားခဲ့တော့ဘူး၊ သူဟာ သူ့အမေရဲ့ လူယုံတော် တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာတယ်၊ ကျွန်တော်နှင့် သူ့ အမေ ပဋိပက္ခ ဖြစ်လာတိုင်း သူဟာ သူ့ အမေဘက်ကချည်း ဖြစ်လာတယ်။

'နောက်ဆုံးမှာ ကျွန်တော်ဟာ သူ့ကို အိမ်နှင့် ဝေးရာကို ပို့ပစ်လိုက်ရတဲ့အထိ ဖြစ်လာခဲ့ရတယ်၊ အရာရာတိုင်းကို စွန့်လွှတ်လိုက်ရတဲ့ ကျွန်တော်ဟာ ရွံ့ရှာစက်ဆုပ်စရာကောင်းတဲ့ လူတစ်ယောက် အဖြစ်ကို ရောက်လာခဲ့ရတယ်၊ အိမ်ထဲမှာ ဘယ်သူ့ကိုမှ အမိန့်လည်း မပေးတော့ဘူး၊ အပြစ်လည်း မတင်တော့ဘူး၊ ကိုယ့်အိမ်ထဲမှာ နေရပေမယ့် သည်းခံခွင့်လွှတ်တတ်တဲ့ ဧည့်သည်တစ်ယောက်လိုပဲ နေခဲ့တယ်။

'ကျွန်တော် နေနိုင်ခဲ့ပါတယ်၊ ကျွန်တော့်အတွက်ဆိုလို့ ကျွန်တော် ရချင်တာ တစ်ခုပဲ ရှိပါတယ်၊ တခြားမဟုတ်ဘူး၊ သားလေး ပိုင်ရီကိုပါပဲ၊ အဲလ်ဘတ်နှင့် အဆင်မပြေ ဖြစ်ပြီးတဲ့နောက် အခြေအနေတွေဟာ သည်းမခံနိုင်လောက်အောင် ဖြစ်လာတဲ့အတွက် ကျွန်တော်ဟာ အက်ဗလီကို နှစ်ဦးသဘောတူ ကွာရှင်းကြဖို့ စကားကမ်းလှမ်းခဲ့ပါတယ်။

'ကျွန်တော်က ပိုင်ရီကို ကျွန်တော်နှင့် ခေါ်သွားချင်တယ်၊ ကျန်တဲ့ဟာ အားလုံးကို သူယူနိုင်တယ်လို့ ပြောတယ်၊ သူ အဲလ်ဘတ်ကို ခေါ်ထားနိုင်တယ်၊ မြိုင်ခေမာကိုလည်း ယူနိုင်တယ်၊ ကျွန်တော့်ဝင်ငွေ တစ်ဝက်ကိုလည်း သူယူနိုင်တယ်၊ ပိုပြီး လိုချင်သည်း ပေးမယ်၊ ဒါပေမယ့် သူက လက်မခံဘူး၊ သူက ကျွန်တော်နှင့် ကွာရှင်းဖို့ကျတော့လည်း ဆန္ဒရှိတယ်၊ ကျွန်တော့်ဆီက အထောက်အပံ့ကိုလည်း နည်းနည်းပါးပါးလောက်ပဲ ရရင် တော်ပါပြီတဲ့၊ ဒါပေမယ့် သူက ပိုင်ရီနှင့် မခွဲနိုင်



ဘူးတဲ့၊ အဲဒါ သူနှင့် ကျွန်တော် ကြားမှာ နောက်ဆုံး တိုက်ပွဲပဲ။

'ကျွန်တော်ဟာ ကျွန်တော့်ရဲ့ သာယာပျော်ရွှင်မှုအတွက် နောက်ဆုံး ကျန်ရှိနေတဲ့ ဒီအကျိန်အကြွင်းကလေးကို ရအောင် အပြင်းအထန် ကြိုးစားခဲ့ပါတယ်၊ ကျွန်တော် သူ့ကို ကတိတွေ ပေးတယ်၊ တောင်းပန်တယ်၊ အရှက်သိက္ခာ ဆိုတာ မရှိတော့ သလောက်ပါပဲ၊ အဲဒီနည်းနှင့် မရပြန်တော့ ကျွန်တော် သူ့ကို ခြိမ်းခြောက်ကြည့်တယ်၊ ငိုယိုပြီး အသနားခံတယ်၊ မရဘူး၊ ကျွန်တော် စိတ်ဆိုလာတယ်၊ ဒေါသတကြီးပြောတယ်၊ မရဘူး၊ သူ့ အနေနှင့် အဲလ်ဘတ်ကို အဝေးပို့ဖို့ တောင် သဘောတူခဲ့ပါလျက်နှင့် ဒီကိစ္စကျမှ ဇွတ်တင်းခံနေတယ်။

'သူ့ စိတ်သဘောထားကို ကျွန်တော် ချက်ချင်းနားလည်လာပါတယ်၊ သူ့လို အေးဆေးငြိမ်ငြိမ် နေတတ်တဲ့ မိန်းမစားမျိုးဟာ ဘယ်နည်းနှင့်မှ အရှုံးပေးမှာ မဟုတ်ဘူး၊ တစ်ဖက်မတောင် အလျှော့ပေးမှာ မဟုတ်ဘူးဆိုတာ သဘောပေါက်လာတယ်။

'တကယ်တော့ သူဟာ ကျွန်တော့်ထက် ပိုပြီး စိတ်ခွတ်နိုင်မာတယ်၊ ခေါင်းမာတယ်၊ သူ့ အနေနှင့် သူ့မှာ ရှိနေတဲ့ အနိုင်အားကို ကောင်းကောင်းကြီး သိနေဘယ်၊ အဲဒီအချိန်မှာပဲ ကျွန်တော်ဟာ သူ့ကို မုန်းတီးရွံရှာလာတယ်၊ အဲဒီ မုန်းတီးရွံရှာတဲ့ စိတ်က ကနေ့ထက်ထိ ကျွန်တော့်ရင်ထဲမှာ ရှိနေတုန်းပဲ။

www.burmeseclassic.com



'အဲသလိုဖြစ်ပြီးတဲ့ အခါမှာ ကျွန်တော်ဟာ ဒီအခန်းကလေးကို စတုဒီယိုနှင့် တွဲပြီး ဆောက်လိုက်တယ်၊ ပြီးတော့ အိမ်ကြီးပေါ်က ဆင်းလာခဲ့တယ်၊ အဲဒီအချိန်က စပြီး ဒီမှာ နေလာခဲ့တာ ကနေ့ထက်ထိပဲ၊ ကျွန်တော် နေရထိုင်ရတာကတော့ ခင်ဗျား မြင်ပြီးတဲ့ အတိုင်းပဲ'

ဘတ်ဟတ်သည် ဗာရာဂု ပြောပြသမျှကို ဂရုတစိုက် နားထောင်သည်။ သူ့ဘက်က ဘာတစ်ခွန်းမှ ကြားဖြတ်၍ မပြော။ ဗာရာဂုက သူ့ထံမှ စကားပြောစေချင်သည့် ဆန္ဒရှိကြောင်း အရိပ်လက္ခဏာ ပြနေသည်ကိုမင် မသိကျိုးကျွန်ပြုကာ ရေငုံနှုတ်ပိတ် လုပ်ထားလေသည်။

'ကျွန်တော် ဝမ်းသာပါတယ်' ဟု ဘတ်ဟတ်က ပြောသည်။ 'ခင်ဗျားအနေနှင့် ခင်ဗျားရဲ့ ပြဿနာကို ပီပီပြင်ပြင် မြင်ထားသားပဲ၊ ဒီကိစ္စကို ကျွန်တော်တို့ နည်းနည်းပါးပါးလောက် ထပ်ပြောကြရအောင်လား၊ အခုလို ခင်ဗျားဘက်က ဖွင့်ပြောလာမယ့် အချိန်ကို ကျွန်တော် စောင့်နေတာဟာ ဒီအိမ်ကို ရောက်စကတည်းကပဲ ဆိုပါတော့။

'ဆိုကြပါစို့ရဲ့၊ အခုဆိုရင် ခင်ဗျားမှာ အလွန် မလိုလားအပ်တဲ့ အနာကြီးတစ်လုံး ပေါက်နေတယ်၊ အဲဒီအနာကြောင့် ခင်ဗျားမှာ နာကျင်တဲ့ ဝေဒနာကို ခံစားနေရတယ်၊ ဒီအနာကြောင့် အရှက်လည်း ရခဲ့တယ်၊ အခုဆိုရင် ကျွန်တော်သည် သိသွားပြီ၊ ဘာကြောင့်လဲ ဆိုတော့ ခင်ဗျားရဲ့ စိတ်ထဲမှာ ဒီအနာကို လျှို့ဝှက်ထားဖို့ မလိုအပ်တော့ဘူးလို့ ထင်လို့ပေါ့၊ ဒါပေမယ့် ဒီကိစ္စဟာ ဒီလောက်နှင့် လုံလောက်မလား



မလုံလောက်ဘူး။ ကျွန်တော်တို့အနေနှင့် ခွဲစိတ်ပြီး ကုသလို့ ရမလား မရဘူးလား ကြည့်ရမှာဖြစ်မယ်'

ပန်းချီဆရာက ဘတ်ဟတ်အား လှမ်းကြည့်ပြီး စိတ်မပါ့တပါဖြင့် ဦးခေါင်းကို ယမ်းသည်။ ပြီးတော့ ပြုံးသည်။

'ကုရမယ် ဟုတ်လား၊ ဒီအနာမျိုးက ဘယ်တော့မှ ကုလို့ ရဘူး၊ ဒါပေမယ့် ခွဲစိတ်ပစ်ချင်ရင်တော့ ခွဲစိတ်ပစ်ပေါ့'

ဘတ်ဟတ်က ခေါင်းညိတ်သည်။ သူကတော့ ခွဲစိတ်ပစ်ချင်သည်။ သည်အတိုင်း အချိန်ကုန်ခံပြီး ကြည့်မနေချင်။

'ခင်ဗျားရဲ့ ဇာတ်လမ်းထဲမှာ ကျွန်တော် မရှင်းတာ တစ်ခု ရှိနေတယ်' ဟု ဘတ်ဟတ်က ပြောသည်။ 'ခင်ဗျားက ပြောတယ်၊ ပိုင်ရီ သံယောဇဉ်ကြောင့် ခင်ဗျား မိန်းမကို မကွာဘဲ ထားတာပါတဲ့၊ ဒါပေမယ့် ခင်ဗျားအနေနှင့် ပိုင်ရီကို ခင်ဗျား လက်ထဲ ပေးလာအောင် သူ့ကို ဇွတ်လုပ်လို့ မရဘူးလား၊ အကယ်လို့ ခင်ဗျား တရားရုံးကနေ တရားစွဲမယ် ဆိုရင် ကလေး နှစ်ယောက်ထဲက တစ်ယောက်တော့ တရားရုံးက ပေးမှာပေါ့၊ ဒါကို ခင်ဗျား မစဉ်းစားမိဘူးလား'

'မစဉ်းစားမိဘူး ဆောင်တို့၊ အဲဒါကိုတော့ ကျွန်တော် လုံးဝ မစဉ်းစားခဲ့ဖူးဘူး၊ ပညာ အမြော်အမြင်နှင့် ပြည့်စုံတဲ့ ဆရာသူကြီး တစ်ယောက်က ကျွန်တော်ရဲ့ အဖြစ်တွေနှင့် ပေါ်လျော့မှုတွေကို ပြုပြင်ပေးနိုင်စွမ်းရှိလိမ့်မယ်လို့ ကျွန်တော်ကတော့ လုံးဝ မတွေးခဲ့မိဖူးဘူး။ အကယ်၍ ကျွန်တော်ကိုယ်တိုင်က ကျွန်တော့်မိန်းမကို ကျွန်တော့်လက်ထဲ ကလေး အပ်လာအောင် မလုပ်နိုင်ရင် ကျွန်တော့်သားကလေး မိုင်ကိုက ဘယ်သူ

www.burmeseclassic.com



နှင့် နေမယ်ဆိုတာ ဆုံးဖြတ်တဲ့အချိန်ထိ စောင့်ကြည့်ရုံကလွဲလို့ တခြားလုပ်စရာ သာမှ မရှိတော့ဘူးလို့ ထင်တယ်'

'ဒါဆိုရင်တော့ ပိုင်ရီဟာ အဓိက ပြဿနာပေါ့၊ သူ့အတွက်သာ မဟုတ်ရင် ခင်ဗျား မိန်းမကို ကွာရှင်းပြီးတာ ကြာပြီပေါ့၊ ခင်ဗျား အနေနှင့်လည်း သာယာ ပျော်ရွှင်မှုတစ်ခုကို ရှာလို့ တွေ့နေလောက်ပြီပေါ့၊ အဲသလို မတွေ့သေးသည့် တိုင်အောင် အနည်းဆုံး ကိုယ့်ဘဝကို ခိုင်ခိုင်မာမာ တည်ဆောက် ထားနိုင်လောက်ပြီပေါ့၊ အခုတော့ အဲသလို ဖြစ်လာရမယ့်အစား ခင်ဗျားဟာ အနှစ်နှာခံမှုတွေနှင့် နှစ်ဦးနှစ်ဖက် ဖေ့စပ်ဖျုန်ဖြေမှုတွေ အောက်မှာ နစ်မြုပ်ပြီး ဘဝတစ်ခုလုံး ပျက်သလို ဖြစ်နေရတာပေါ့'

ဗာရာဂုက စိတ် မသက်မသာသော မျက်နှာထားဖြင့် မော့ကြည့်သည်။ ထို့နောက် ဖန်ခွက်ထဲမှ ဝိုင်ကို မော့လိုက်သည်။

'ဘဝပျက်တယ်ဆိုတဲ့ စကားကို ခင်ဗျားက ပြောနေတာကိုး၊ ခင်ဗျား မြင်သားပဲ၊ ကျွန်တော်ဟာ အသက်ရှင်နေတုန်းပါ၊ အလုပ်လည်း လုပ်နေတုန်းပါ၊ ဒီပြဿနာကြောင့်တော့ ဘဝကို အပျက်မခံပါဘူး၊ တကယ်လို့ အပျက်ခံမယ်ဆိုရင်လည်း ကျွန်တော်ဟာ အသုံးမကျတဲ့ကောင် ဖြစ်ပြီပေါ့'

အော်တိုဘတ်ဖာထ်က ဗာရာဂုဏ်၏ ဒေါသကို ဂရု မစိုက်၊ လီမွာပါးနုပ်စွာဖြင့် သူ့ စကားကို ဆက်ပြောသည်။

'ခွင့်လွှတ်ပါဗျာ၊ ကျွန်တော် ပြောတာ မမှန်ဘူးဘဲ ထားလိုက်ပါတော့၊ ခင်ဗျားဟာ ကိုယ်ရောစိတ်ပါ အင်မတန်မှ



ကြံ့ခိုင်တဲ့ လူတစ်ယောက်ပါ ဂျိုဟန်၊ ဒါပေမယ့် ဒီအခြေအနေကြီးကို အခုလောက် ကြာကြာကြီး ရင်ဆိုင်နေရတာတော့ မကောင်းပါဘူး။

'အခုလက်ရှိ အခြေအနေဟာ ခင်ဗျား၏ဘဝ ဘယ်လောက်အထိ နာကြည်း ထိခိုက်စေတယ်၊ အိုမင်း ရင့်ရော်စေတယ်ဆိုတာ ခင်ဗျား အသိဆုံးပါ၊ ဒါတွေကို ကျွန်တော် မသိအောင် ဖုံးကွယ်နေတာဟာ အပိုပါပဲ၊ ခင်ဗျားက ကျွန်တော့်ကို အကြောင်းတစ်ခု ပြောပြတယ်၊ ကျွန်တော့် မျက်လုံးတွေနှင့်မြင်တာက တစ်မျိုး ဖြစ်နေတယ် ဆိုရင် ကျွန်တော်က ကျွန်တော့်မျက်လုံးတွေကိုပဲ ယုံမှာပေါ့။

'ကျွန်တော် အခုလက်တွေ့ မြင်နေရတာကတော့ ခင်ဗျားဘဝဟာ မကောင်းဘူး၊ ခင်ဗျားအလုပ်က ခင်ဗျားကို လုပ်ရှားနေအောင် ထိန်းထားတယ် ဆိုပေမယ့် တကယ်တော့ သာယာမှုရှိတာ မဟုတ်ပါဘူး၊ ကိုယ့်အလို ဆန္ဒကို မလိုက်လျောဘဲ ထိန်းသိမ်းဖို့နှင့် နေ့စဉ် ရင်ဆိုင်နေရတဲ့ စိတ်ချင်းမတိုက်ဆိုင်မှုတွေကို ဖြေဖျောက် ဖုံးကွယ်ချင်လို့ အလဟဿအချိန်နှင့် အင်အားကို ဖြုန်းတီးပစ်နေတဲ့ သဘောပါ၊ အမှန်ကတော့ ခင်ဗျား မပျော်ဘူး၊ ဒါဟာ ခင်ဗျားအတွက် လုံးဝအကျိုးမဖြစ်နိုင်ပါဘူး၊ ဒါဟာ အရှုံးပေးခြင်း တစ်မျိုးပါ'

'အရှုံးပေးတယ်၊ ဟုတ်ချင်လည်း ဟုတ်ပေမပေါ့၊ ဒီလိုအဖြစ်မျိုးတွေနှင့် တစ်လေ့တည်းစီး တစ်ခရီးတည်း သွားနေရတဲ့ လူတွေ အများကြီးပါ၊ ဘယ်သူ ပျော်ကြလို့လဲ

www.burmeseclassic.com



'မျှော်လင့်ချက်ရှိတဲ့လူဟာ ပျော်တာပေါ့'ဟု ဘတ်ဟတ်က ပြောသည်။ 'ခင်ဗျားမှာ ဘာမျှော်လင့်ချက်ရှိသလဲ ဆိုကြပါစို့၊ အောင်မြင်မှု၊ ဂုဏ်၊ ငွေ၊ ဒါတွေ အားလုံးကို ခင်ဗျား ရခဲ့ပြီးပြီ၊ လိုတာထက်တောင် ပိုနေသေးတယ်၊ တစ်ချိန်က ခင်ဗျားရဲ့ သာယာပျော်ရွှင်တဲ့ဘဝ၊ အဲဒါကို ခင်ဗျား ဘာကြောင့် မေ့နေရတာလဲ၊ ခင်ဗျားဟာ အခု ဆိုရင် တင်းတိမ်ရောင့်ရဲနေတယ်၊ ဘာကြောင့်လဲတဲ့၊ တခြားကြောင့် မဟုတ်ပါဘူး၊ ခင်ဗျား အနေနဲ့ မျှော်လင့်ချက်တွေကို စွန့်လွှတ်ပစ်လိုက်တာကိုး၊ ဒီသဘောကို ကျွန်တော် ကောင်းကောင်းကြီး နားလည်ထားပါတယ်၊ ဒါပေမယ့် အဲဒီအခြေအနေမျိုးဟာ အင်မတန် ကြောက်စရာ ကောင်းတယ်၊ အလွန် မလိုလားအပ်တဲ့ အနာပဲ၊ အဲဒီအနာမျိုးရှိတဲ့လူ တစ်ယောက်က အနာကို မခွဲချင်ဘူးလို့ ငြင်းရင် အဲဒီလူဟာ သတ္တိမရှိတဲ့ လူကြောက် တစ်ယောက်ပဲ'

ပြောရင်း ပြောရင်းက စိတ်လှုပ်ရှား လာပြီ ဖြစ်သော ဘတ်ဟတ်သည် အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်သည်။ သူ့အစီအစဉ် အတိုင်း နောက် မဆုတ်တမ်း ပြောတော့မယ်ဟု တွေးသည်။ ယော်ဇယ်တုန်းက ဗာရာဂုနှင့် သူ အလားတူ ရန်ပွဲမျိုး ဖြစ်ခဲ့ဖူးသည်ကို ပြေး၍သတိရသည်။

သူသည် သူ့သူငယ်ချင်း၏ မျက်နှာကို စေ့စေ့ကြည့်သည်။ ဗာရာဂုကတော့ မလှုပ်မယှက် ထိုင်နေရာမှ မော့ကြည့်နေသည်။ ငယ်စဉ်က ရှင်လန်းနုပျိုမှုများသည် သူ့မျက်နှာပေါ်၌ လုံးဝ မရှိတော့။ မိမိကတော့ သူ့ကို သူရဲဘော ကြောင်သူ



တစ်ယောက်ဟု စွပ်စွဲခဲ့ပြီးပြီ။ သို့သော်လည်း ဟိုတစ်ချိန်က ဤစကားမျိုး ကြားလျှင် အလွန်လျင်မြန်စွာ တုံ့ပြန်တိုက်ခိုက်တတ်သော ဤပုဂ္ဂိုလ်သည် ယခုကျတော့ သူ့ကိုယ်သူ ကာကွယ်ဖို့ပင် ကြိုးစားခြင်း မပြု။

ဗာရာဂုက အလွန် စိတ်နာကြည်းနေသည့် အသံဖြင့် ပြန် ပြောသည်။

'ပြောလေ ဆက်ပြောပါ၊ ကျွန်တော့်ကို ခွင့်လွှတ်စရာ မလိုဘူး၊ ကျွန်တော် အခု နေနေတဲ့ ချောင်ချိုင့်ကို ခင်ဗျား မြင်ရပြီပဲ၊ ကျွန်တော်ရဲ့ ဂုဏ်သိက္ခာမဲ့မှုကို ခင်ဗျား ထောက်ပြနိုင်နေတာပဲ၊ ဆက်သာ ပြောပါ၊ ကျွန်တော့်ကိုယ် ကျွန်တော် မကာကွယ်ပါဘူး၊ စိတ်လည်း မဆိုးပါဘူး'

ဆော့ထိုဘတ်ဟတ်က ဗာရာဂု ရှေ့တည့်တည့်၌ ရပ်လိုက်သည်။ သူ့သူငယ်ချင်း အတွက် စိတ်ကတော့ မကောင်း။ သို့သော်လည်း ပြောစရာရှိသမျှကို ခပ်ကြမ်းကြမ်း ပြောပစ်ဖို့ အားတင်းသည်။

'ကိစ္စမရှိပါဘူး၊ ခင်ဗျား စိတ်ဆိုးချင် ဆိုးပါ၊ ခင်ဗျား ကျွန်တော့်ကို ကန်ထုတ်ချင်ထုတ်၊ မိတ်ဆွေအဖြစ်က ရပ်စဲချင် ရပ်စဲ၊ အဲဒီလို မလုပ်ဘူးဆိုရင်တော့ ကျွန်တော် အခု ပြောနေတာတွေ အားလုံး မှန်ပါတယ်လို့ ခင်ဗျား ဝန်ခံသင့်တယ်'

ဗာရာဂုသည် ထိုင်ရာမှ ထသည်။ သို့သော်လည်း ယိုင်တိ ယိုင်နဲ့နှင့် ခွန်အား မရှိတော့သည့် လူတစ်ယောက်ပုံမျိုးနှင့် ထလာခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီတဲ့ဗျာ၊ ခင်ဗျားက ဝန်ခံစေချင်တယ်ဆိုရင်လည်း ကျွန်တော်က ခင်ဗျား ပြောတာ မှန်တယ်လို့ ဝန်ခံပါတယ်' ဟု ပင်ပန်းခေါ်မောဟိုက်နေသဖြင့် ပြောသည်။ 'ခင်ဗျားက ကျွန်တော့်အပေါ် အထင်ကြီးခဲ့တုန်းကိုး၊ ကျွန်တော်ဟာ ဟိုး ငယ်ငယ်တုန်းကလို မဟုတ်တော့ဘူးဗျ၊ ခုခံ ကာကွယ်နိုင်စွမ်းက မရှိတော့ဘူး၊ ကျွန်တော့်မှာ ရင်းနှီး ခင်မင်တဲ့ မိတ်ဆွေကလည်း များများစားစား မရှိတော့ ခင်ဗျားကို ကန့်ကွက်ဖို့ ဆိုတာလည်း မလုပ်နိုင်တော့ဘူး၊ ကျွန်တော့်မှာ မိတ်ဆွေဆိုလို့ ခင်ဗျား တစ်ယောက်ပဲ ရှိပါတယ်၊ ကဲပါဗျာ၊ ထိုင်စမ်းပါ၊ ဝိုင် နောက်တစ်ခွက်လောက် ချစမ်းပါဦး၊ ဝိုင်က သိပ်ကောင်းပါတယ်၊ ဒီလိုဝိုင်မျိုး အိန္ဒိယမှာ ရမှာ မဟုတ်ဘူး၊ ပြီးတော့လည်း ခင်ဗျား ရဲ့ ခေါင်းမာမှုမျိုး ကို သည်းခံခွင့်လွှတ်နိုင်တဲ့ မိတ်ဆွေလည်း အိန္ဒိယမှာ များများစားစား ရှိမယ် မထင်ဘူး'

ဘာဘ်ဟာတ်က ဗာရာဂု၏ ပခုံးကို အသာအယာ ပုတ်လိုက်ပြီး ဒေါသတကြီး ပြောသည်။

'ခင်ဗျား ကျွန်တော့်အပေါ်မှာ ဘယ်လို ချွတ်ယွင်းချက်မျိုး အပြစ်မျိုး ရှာလို့တွေ့သလဲ၊ ပြောပါ၊ ခင်ဗျား ပြောပြီးရင် ကျွန်တော်တို့ စကား ဆက်ပြောကြတာပေါ့'

'အို...အို ကျွန်တော် ခင်ဗျားကို အပြစ်ရှာလို့ မရပါဘူး၊ ခင်ဗျားဟာ ချွတ်ယွင်းချက် လုံးဝ မရှိတဲ့ လူတစ်ယောက်ပါ အော်တိုရယ်၊ တကယ်ပြောတာပါ၊ ခင်ဗျားမှာ ဘာအပြစ်မှ မရှိပါဘူး၊ အခုဆိုရင် ခင်ဗျား ကျွန်တော် ကျဆုံးသွားတာ



ကို စောင့်ကြည့်လာခဲ့တာ နှစ်ပေါင်း နှစ်ဆယ် နီးပါး ရှိခဲ့ပါပြီ၊ ခင်ဗျား စောင့်ကြည့်လာတာ မိတ်ဆွေရင်း တစ်ယောက် အနေနဲ့ ကြည့်ခဲ့တာပါ။

ရွှံ့ဗွက်ကြီးထဲကို တဖြည်းဖြည်းချင်း နစ်သွားနေတဲ့ ကျွန်တော့်ကို ကြည့်နေတဲ့အခါမှာ စိတ် ထိခိုက်ချင်လည်း ထိခိုက်ပေမပေါ့၊ ဒါပေမယ့် ခင်ဗျား အနေနှင့် ဘာတစ်ခွန်းမှလည်း မပြောခဲ့ဘူး၊ ကျွန်တော့်ကို ကူညီခြင်းအားဖြင့် ဂုဏ်သိက္ခာ ကင်းမဲ့အောင်လည်း မလုပ်ခဲ့ဘူး၊ အခုတော့ ကျွန်တော်ဟာ အညစ်အကြေးတွေနှင့်ပြည့်နေတဲ့ ရွှံ့ပုပ်အိုင်ကြီး ထဲမှာ နစ်သည်ထက် နစ်သွားပြီ၊ အဲဒီအချိန် ကျခါမှ ခင်ဗျားက ကျွန်တော့်ရှေ့မှာ လာရပ်ပြီး အပြစ် ရှာနေတယ်၊ အကြံတွေ ပေးနေတယ်'

အော်တိုသည် ဝိုင်ထပ်ထည့်ရန် ပုလင်းကို လှမ်းယူသည်။ ပုလင်းထဲတွင် ဝိုင်တစ်စက်မှ မရှိတော့၊ မိနစ် အနည်းငယ်မျှ အတွင်း ဗာရာဂုသည် ဝိုင်ကို ကုန်အောင် သောက်ပစ်ခဲ့လေပြီ။

ဗာရာဂုက အော်တို၏ မျက်လုံးများ ကြည့်ရာသို့ လိုက်ကြည့်ပြီး ရယ်သည်။

'ကျွန်တော် ဝမ်းနည်းပါတယ် ဗျာ' ဟု ဗာရာဂုက အော်ကြီး ဟစ်ကျယ် ပြောသည်။ 'ဟုတ်တယ်၊ ကျွန်တော် ထွေနေပြီ၊ ကျွန်တော် မူးမူး ရူးရူး ဖြစ်နေတာကိုတော့ ထည့်မတွက်ပါနဲ့တော့ဗျာ၊ ဟုတ်လား၊ လနည်းနည်းကြာရင် တစ်ခါလောက်တော့ အခုလိုပဲ မူးတတ်ပါတယ်၊ မတော်တဆ ဖြစ်ပြီး မူးမူး

www.burmeseclassic.com

www.burmeseclassic.com



သွားတာပါ၊ ကျွန်တော့်မှာ အားတက်ဖို့က လိုနေတယ် မဟုတ်လား'

သူသည် အော်တို၏ ပခုံးများကို သူ့ လက်နှစ်ဖက်ဖြင့် လှမ်း၍ ဆုပ်ကိုင်ပြီး အလွန် မောဟိုက် နွမ်းနယ်နေသည့် လေသံဖြင့် စကားကို ဆက်ပြောပြန်သည်။

'ကျွန်တော် ပြောမယ် အော်တို၊ တကယ်လို့ တစ်ဦး တစ်ယောက်ကသာ ကျွန်တော့်ကို အနည်းအကျဉ်း ကူညီမယ် ဆိုရင် အိပ်ဆေးနှင့် အရက်ကို မသောက်ဘဲ နေလို့ရချင် ရမှာပါ၊ ခင်ဗျား ဘာပြုလို့ ကျွန်တော့်ကို အခုလောက်အထိ နစ်သွားအောင် လွှတ်ထားရတာလဲဗျာ၊ ကျွန်တော့်အပေါ်မှာ ကိုယ်ချင်းစာ တရားလေး နည်းနည်းပါးပါး ထားကြဖို့ တခြား လူတွေဆီမှာ သူတောင်းစား တစ်ယောက် ပိုက်ဆံတောင်းသလို တောင်းခံနေရတဲ့ ဘဝမျိုး ရောက်တဲ့အထိ ဘာကြောင့် ပစ်ထားရတာလဲ။

'အခုဆိုရင် ကျွန်တော့်မိန်းမ အက်ဒလိက ကျွန်တော့်ကို မကြည့်ချင် မမြင်ချင်ဘူး၊ ကျွန်တော့်သား အဲလ်ဘတ်ကလည်း ကျွန်တော့်ကို လုံးဝ ကျောခိုင်း သွားခဲ့တယ်၊ သားအငယ် ပိုင်ရီကလည်း နေ့ခင်းတစ်နေ့ကျရင် အဲဒီလို လုပ်သွားမှာပါပဲ၊ ဒီအဖြစ်တွေကို ခင်ဗျားက မှုပ်ပြီး ကြည့်နေတယ်၊ ခင်ဗျား ကျွန်တော့်အတွက် တစ်ခုခု လုပ်မပေးနိုင်တော့ ဘူးလား၊ အကူအညီလေးမှ မပေးနိုင်တော့ ဘူးလား'

ဗာရက်၏ အသံသည် တိမ်ဝင်သွားသည်၊ သူသည် ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်၏၊ ဗာရက်၏



အဖြစ်ကို မြင်နေရသော ဘတ်တတ်၏ မျက်နှာ ဖြူရော်ရော် ဖြစ်သွားသည်၊ သူ့ မိတ်ဆွေ၏ အခြေအနေသည် သူ ထင်ထား သည်ထက်ပင် ဆိုးရွားနေလေပြီ။

တစ်ချိန်က ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း နေတတ်ပြီး မာန အလွန်ကြီးခဲ့သော လူ တစ်ယောက်သည် ဝိုင်အနည်းငယ် ဝင်သွားရုံမျှဖြင့် သူ့ ရင်ထဲ၌ လျှို့ဝှက် မျိုသိပ် ထားခဲ့ရသည့် အရှက်နှင့် စိတ်ဆင်းရဲမှု ဒုက္ခတို့ ရင်ဖွင့်လျက် ရှိလေပြီ။

ဘတ်တတ်သည် ဗာရက်၏ ဘေး၌ သွားရပ်ကာ လေသံ ပျော့ပျော့ဖြင့် ကလေး တစ်ယောက်အား ချော့မော့ ပြောဆို နေသည့်နှယ် အားပေးစကား ပြောသည်၊

'ကျွန်တော် ခင်ဗျားကို ပစ်မထားပါဘူး ဂျိုဟန်၊ ခင်ဗျားကို ကျွန်တော် ကူညီပါ့မယ်၊ တကယ် ပြောတာပါ၊ ရုတ်တရက် မဆင်ခြင်လိုက်မိတဲ့ အတွက် ကျွန်တော်ဟာ လူနုံ လူအ တစ်ယောက် ဖြစ်သွားရပါတယ်၊ ခွင့်လွှတ်ပါ၊ ခင်ဗျားရဲ့ ပြဿနာအားလုံး အဆင်ပြေသွားအောင် လုပ်ပေးပါ့မယ်၊ စိတ်ပူမနေပါနဲ့တော့'

ငယ်ရွယ်စဉ် အခါတုန်းကတော့ ဗာရက်သည် အခုလို ပေါက်ကရမှုမျိုး ဖြစ်ခဲ့သည်။ တစ်ကြိမ်သော အခါက သူ့ သူငယ်ချင်း၏ ရှားရှားပါးပါး ပေါက်ကရမှု တစ်ခုနှင့် သူ ရင်ဆိုင်ခဲ့ရဖူးသည်၊ ထိုအဖြစ်သည် အော်တို၏ စိတ်အာရုံတွင် ပြက်ပြက်ထင်ထင် ပြန်လည် ထင်ဟပ်လာသည်။

ထိုစဉ်က ဂျိုဟန်သည် ပန်းချီ ပညာသင်ကျောင်းမှ ကျောင်းသူမိန်းမချောလေး တစ်ဦးနှင့် အပြင်သို့ ထွက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်တိုက ထိုကျောင်းသူအား ဝေဖန်မိသည်။ ကွဲရှဲရှုတ်ချ မိသည်။ ဗာရာဂုက မိန်းကလေးအား ထိထိခိုက်ခိုက် ပြောခြင်း အတွက် မခံမရပ်နိုင်ဖြစ်ကာ ဒေါသ ကြီးခဲ့သည်။ သူနှင့် သူငယ်ချင်း အဖြစ်မှ အဆက်ဖြတ်ခဲ့သည်။ ထိုစဉ်ကလည်း အနည်းငယ်မျှသာ သောက်တားသည့် ဝိုင်က ဗာရာဂုအား စိတ်ကို ပို၍ ထကြွအောင် လှုံ့ဆော် ပေးခဲ့ဖူးလေသည်။

ဗာရာဂုသည် သူ စောစောက ပြောခဲ့သည့် စကားများကို မေ့သွားဟန် တူ၏။ တစ်ချိတစ်မောင်း ဒေါသ ကြီးခဲ့ပြီးသည့် နောက် တွင် အချော့ခံရ၍ ကျေနပ်သွားသည့် ကလေး တစ်ယောက်သဖွယ် ငြိမ်ဆိတ်နေသည်။ မျက်နှာကလည်း ကြည်ကြည်လင်လင် ပြန်ဖြစ်လာသည်။ နောက်ဆုံးကျတော့ အေးအေး သာသာပင် စကားပြောသည်။

'ဒီတစ်ခါ ကျွန်တော်နှင့်ဆုံရတာ ခင်ဗျား ကံမကောင်းဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က လုပ်နေကျ အလုပ်ကို မှန်မှန် မလုပ်တော့ ကျွန်တော့် အာရုံကြောတွေက ပုံမှန် အနေအထား မဟုတ်တော့ဘူး၊ နားနားနေနေ နေရတဲ့ အချိန် ကောင်းတွေဟာ ကျွန်တော့် ဘဝနှင့် မကိုက်တော့ဘူး'

ဗာရာဂုသည် ဝိုင်တစ်ပုလင်း အသစ်ထုတ်ကာ ဖွင့်မည် လုပ်သည်။ ဘတ်ဖာတ်က မဖွင့်ရန် တားသည်။

'ကျွန်တော် အိပ်လို့ရမှာ မဟုတ်တော့ဘူး၊ ကျွန်တော့် အာရုံကြောတွေ မငြိမ်မသက် ဖြစ်အောင် လုပ်နေတဲ့ တရားခံကို ဘုရားသခင်မှပဲ သိတော့မှာပဲ၊ ကဲပါဗျာ၊ တားမနေပါနှင့်တော့၊ အရက် ဆက်သောက်ကြဦးစို့ပါ၊ ကျွန်တော့်မှာ အတွေ့အကြုံက



များလှပြီ၊ နောက် ရက်နည်းနည်းလောက် ကြာသွားရင်တော့ မနက်တိုင်း ခြောက်နာရီ ထိုးရင် အလုပ် ထပြီးလုပ်၊ ညပိုင်း ကျတော့ တစ်နာရီလောက် အပြင်ထွက်လည်၊ ပုံမှန် ပြန်ဖြစ် သွားမှာပါ'

ဤသို့ဖြင့် သူငယ်ချင်း နှစ်ယောက်သည် သန်းခေါင်ယံ အချိန်အထိ အတူတူ ထိုင်၍ အရက် သောက် ကြသည်။ ဂျိုဟန်ဗာရာဂုက အတိတ်က အကြောင်းတွေကို ပြန်ပြောင်း သတိရကာ ပြောပြသည်။ အောင်တိုဘတ်ဖာတ်က စိတ်မပါတပါ ဖြင့် နားထောင်သည်။

မည်သို့ပင်ဖြစ်စေ စောစောက သူ ရှေ့၌ပေါ်လာခဲ့သည့် မှောင်မည်း နက်ရှိုင်းလှသော ချောက်ကြီး၏ မျက်နှာပြင်ထက် ချောမွေ့ငြိမ်ဆိတ်ပြီး ရွှင်လန်းတက်ကြွဖွယ် ကောင်းသည့် ကြေးမုံပြင် တစ်ချပ်က ဖုံးအုပ်သွားပြန်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

## ၆

နောက်တစ်နေ့ နံနက်တွင် ဘတ်ဟတ်သည် ဗာရာဂုထံ သွားရန် စိတ်ကူးသည်။ သို့သော်လည်း ရင်ထဲတွင် မတင်မကျဖြစ်လျက် ရှိ၏။ ဗာရာဂုသည် ယမန်နေ့ညကနှင့် တူတော့မည်မဟုတ်။ မနေ့ညက သူ ပြောဆို ပြုမူခဲ့သည်များအတွက် သူ့အပေါ် အေးတိအေးစက် ဆက်ဆံလိမ့်မည် ထင်၏။ သို့ဆိုလျှင် နှစ်ဦးနှစ်ဖက် စိတ်အနှောင့်အယှက် ဖြစ်ရပေတော့မည်။

သို့သော်လည်း သူ့အတွေးနှင့်သူ ချီတုံချတုံ ဖြစ်နေခိုက်မှာပင် ဗာရာဂုသည် သူ့ထံသို့ အေးဆေး တည်ငြိမ်သော မျက်နှာထားဖြင့် ရောက်လာသည်။

'ခင်ဗျား မနက်ဖြန် ပြန်တော့မယ် မဟုတ်လား' ဟု သူကပင် စ၍ မေးသည်။ 'ကျွန်တော် နားလည်ပါတယ်၊ ခင်ဗျား ကျွန်တော့် အရေးကိစ္စကို စဉ်းစား ပေး တဲ့ အတွက်လည်း ကျေးဇူးတင်ပါတယ်၊ ကျွန်တော် မနေ့ညက ဖြစ်ခဲ့တာကို မေ့မသွားပါဘူး၊ ဒီကိစ္စကို နောက်ထပ် နည်းနည်းပါးပါး ဆွေးနွေးကြသေးတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ထပ်ပြီး ဆွေးနွေးရန် သင့်မသင့် သံသယ ဝင်နေသည့်ကြားမှပင် ဘတ်ဟတ်က ဗာရာဂု၏ အဆိုကို သဘောတူလိုက်သည်။

'ခင်ဗျားက ထပ်ပြောချင်တယ် ဆိုရင်လည်း ပြောပါ၊ ဒါပေမယ့် ဘာမှ အကျိုးမရှိဘဲနှင့် ခင်ဗျား စိတ် ထိခိုက်သွားတာမျိုးတော့ ထပ်ပြီး မဖြစ်စေချင်ဘူး၊ မနေ့ညက ကျွန်တော်တို့ ဒဏ်ရာ အချေးအမြှားကို ရင်ဖွင့် ပြခဲ့ကြပြီးပြီ မဟုတ်လား'

သူတို့သည် စတူဒီယိုထဲမှာပင် နံနက်စာ စားကြသည်။

'ကျွန်တော်တို့ရဲ့ ညကလုပ်ရပ်ဟာ မှန်တယ်လို့ ကျွန်တော် ယုံကြည်တယ်' ဟု ဗာရာဂုက ပြောသည်။ 'အလွန်ကို မှန်တဲ့ လုပ်ရပ်ပါ၊ ကျွန်တော့် အနေနှင့် ဒီပြဿနာ တစ်ခုလုံးကို ဆင်ခြင် စဉ်းစားပြီး အိပ်မပျော်တဲ့ ညပေါင်း များလှပါပြီ၊ ခင်ဗျားက ဒဏ်ရာဒဏ်ချက် တွေကို လာပြီး ဖွင့်လိုက်တာ ကောင်းသွားတယ်၊ ကျွန်တော့်မှာ ကိုယ့်ရင်ထဲက ရှိသမျှကို ထုတ်ဖော် ပြောပြနိုင်တဲ့လူ တစ်ယောက်မှ မရှိဘူးဆိုတာ ခင်ဗျား သတိရစေချင်တယ်၊ ဒါပေမယ့် အခုတော့ အရာရာ တိုင်းကို စနစ်တကျ ပြန်ပြီး ဆင်ခြင်ရမယ်၊ လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ရမယ်၊ မလုပ်ဘူးဆိုရင်တော့ မနေ့ညက ခင်ဗျား ပြောခဲ့သလို ကျွန်တော်ဟာ လူကြောက်တစ်ယောက် ဖြစ်တော့မှာပဲ'

'ဒီလို ခေါ်လိုက်တဲ့အတွက် ခင်ဗျား နာသလား၊ နာရင်တော့ မေ့ပစ်လိုက်ပါ'



'မနာပါဘူး၊ ခင်ဗျား မှန်တယ်လို့ ကျွန်တော်ထင်တယ်၊ တနေ့တစ်ရက်တော့ ကျွန်တော် ခင်ဗျားနှင့် ပျော်ပျော်ပါးပါး အချိန်ကုန်ချင်တယ်၊ ဒီကနေ့ နေ့ခင်းပိုင်းမှာ ကျွန်တော်တို့ မြင်းရထားနှင့် အပြင် ထွက်ကြရအောင်လား၊ တောပိုင်းက လှပကြွရှုခင်းတချို့ကို ကျွန်တော်ပြလိုက်ချင်တယ်၊ ဒါပေမယ့် အပြင် မထွက်ခင် ပြဿနာတချို့ကို ရှင်းပစ်ချင်တယ်၊ မနေ့ တုန်းကတော့ အားလုံးဟာ ဖြုန်းခနဲဖြစ်ပေါ်လာတာဆိုတော့ ကျွန်တော်ဟာ ခေါင်းမရှိတဲ့ လူတစ်ယောက်လို ဖြစ်သွားတယ်၊ ကနေ့ကျမှ ဖြစ်ပြီးသမျှ အားလုံးကို ပြန်ပြီးစဉ်းစား ကြည့်မိတယ်၊ မနေ့က ခင်ဗျား ကျွန်တော့်ကို ပြောနေတဲ့ တာကို အခုမှ ကျွန်တော် သဘောပေါက်တယ်လို့ ထင်တယ်'

သူ၏ ပြောဟန် ဆိုဟန် တည်ငြိမ် အေးဆေးခြင်းနှင့် တရင်းတနှီး ရှိခြင်းတို့ကြောင့် ဘတ်ဟတ်၏ ရင်ထဲ၌ ကျိတ်၍ ဖြစ်နေသော စိတ်ထင့်မှုများသည် ချက်ချင်းပင် ကွယ်ပျောက် သွားသည်။

'တကယ်လို့ ခင်ဗျားက ကျွန်တော့်ကို နားလည်တယ် ဆိုရင် အားလုံး အဆင်ပြေသွားပြီပေါ့ဗျာ၊ ဒီကိစ္စကို အစ အနေ ပြန်စဖို့ မလိုတော့ပါဘူး၊ ခင်ဗျား အနေနှင့် ဒီကိစ္စ အားလုံး ဘယ်လို ဖြစ်လာရတယ်၊ အခု လက်ရှိ အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ ပြောပြခဲ့ပြီးပြီ မဟုတ်လား၊ ဒီအတိုင်း ဆိုတော့ကာ ကျွန်တော်မြင်တာက ခင်ဗျား မိန်းမနဲ့မကွာ ရှင်းတာ၊ အိမ်ကိုစွန့်ပြီး ထွက်မသွားတာ၊ အခု ပုံတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား ခံနေတာ၊ အားလုံးဟာ ပိုင်ရီနှင့် မခွဲနိုင်လို့ ပေါ့၊ ကျွန်တော်မြင်တာ မှန်ရဲ့လား’

‘မလွဲပါဘူး၊ မှန်ပါတယ်’

‘ကောင်းပြီ၊ အဲသလိုဆိုရင် ခင်ဗျား၏ အနာဂတ် ဘဝကို ဘယ်လိုမြင်သလဲ၊ မနေ့ညက ခင်ဗျားပြောခဲ့တဲ့အတိုင်း ဆိုရင် ပိုင်ရီကို လက်လွှတ်ခံရမှာ ခင်ဗျား ကြောက်နေတယ်တဲ့၊ ဟုတ်လား’

ဗာရာဂူက သက်ပြင်းတစ်ချက် လေး လေး ချလိုက်ပြီး လက်တစ်ဖက်ဖြင့် နှုတ်ခမ်းမွှေးကို သုတ်ပစ်လိုက်သည်။ သို့သော် လည်း အသံကတော့ စောစောကလိုပင် တည်ငြိမ်အေးဆေး သည်။

‘ဟုတ်တယ်ပဲ ဆိုပါတော့၊ အဲဒါ အဓိကအချက် ပဲ၊ အဲဒါဆိုရင် ခင်ဗျားက ကျွန်တော့်အနေနှင့် ပိုင်ရီကို လက်လွှတ်သင့်တယ်လို့ ယူဆသလား’

‘ဟုတ်တယ်၊ ယူဆတယ်၊ ခင်ဗျား မိန်းမက ဘယ်နည်းနှင့်မှ ပိုင်ရီကို ခင်ဗျားလက်ထဲ ထည့်မယ် မထင်ဘူး၊ အဲဒါဆိုရင် ခင်ဗျား နှစ်ပေါင်းများစွာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဒဏ်ကို ခံရမှာပဲ’

‘ဟုတ်တယ်၊ ခင်ဗျား ပြောသလို ဖြစ်ချင်လည်း ဖြစ်လာမယ်၊ ဒါပေမယ့် ဆောင်ဘို၊ ခင်ဗျား သိတဲ့အတိုင်းပဲ၊ ကျွန်တော့်မှာ ရစရာဆိုလို့ သူပဲရှိတာ၊ ကျွန်တော်ဟာ အမျက် အစိုးရကြီးကြားမှာ အသက် ရှင်နေရတဲ့လူပါ၊ တကယ်လို့ ကျွန်တော် ဒီနေ့သေရင် ခင်ဗျားနှင့် သတင်းစာဆရာတချို့က



လွဲပြီး ကျွန်တော့်ကို အရေးတယူ ပြုမယ့်လူ ဘယ်သူမှ ရှိမှာ မဟုတ်ဘူး။

‘ကျွန်တော်ဟာ စိတ် ဆင်းရဲနေတဲ့လူ တစ်ယောက်ပါ၊ ဒါပေမယ့် မျှော်လင့်စရာ ဒီသားလေး ရှိနေပါ သေးတယ်၊ ကျွန်တော့်ဘဝ ရှင်သန်နိုင်ဖို့နှင့် ကျွန်တော့်ရဲ့ ချစ်မေတ္တာကို ရယူ ခံစားနိုင်မယ့်လူဟာ ဒီသားလေးပါ၊ ဒီသားလေးနှင့်သာ နေရရင် ကျွန်တော့်မှာ ခံစားမှုဆိုတာ ရှိလာမယ်၊ သူနှင့် ပျော်ပျော်ရွှင်ရွှင် နေရတဲ့အတွက် ကိုယ့်ဘဝကိုယ် မေ့မသွား နိုင်ဘူး၊ ကျွန်တော်ပြောတာ ခင်ဗျား နားမှ လည်ပါ့မလား မပြောတတ်ဘူး၊ ဒီ အခြေအနေမှာ ခင်ဗျားက ပိုင်ရီကို လက်လွှတ် ပစ်လိုက်ဖို့ တိုက်တွန်းချင်နေတုန်းပဲလား’

‘ဒီပြဿနာက မလွယ်ဘူး ဂျူဟန်၊ ဒါမျိုး ဝင်ပြောရ တာက မကောင်းဘူး၊ ကျွန်တော်ကတော့ ခင်ဗျား လုပ်စရာ တခြားနည်းလမ်း မမြင်ဘူး၊ ဒီမှာကြည့်၊ ကျွန်တော်ပြောမယ်၊ ပြင်ပ လောကမှာ ဘာတွေ ဖြစ်နေတယ်ဆိုတာ ခင်ဗျား မေ့နေတယ်၊ ခင်ဗျား ဒီမှာ ထိုင်ပြီး မြေအမြုပ် ခံထားရသလို ဖြစ်နေတယ်၊ ခင်ဗျား အိမ်နေနှင့် ခင်ဗျားရဲ့ အလုပ်နှင့် မသာ မယာ ဖြစ်နေတဲ့ အိမ်ထောင် အပေါ်မှာပဲ သံယောဇဉ် တွယ်နေတယ်၊ ဒီဟာတွေ အားလုံးကို ခင်ဗျား ခွဲခွာပစ်မှ ဖြစ်တော့မယ်။

‘ခင်ဗျားရဲ့ မျက်စိတွေကို ဖွင့်ပြီး ဒီကမ္ဘာ လောကကြီး ထဲက ခင်ဗျား ရယူ ခံစားနိုင်တဲ့ အံ့သြစရာ အခွင့်အလမ်း တွေကို မြင်အောင် ကြည့်ရမယ်၊ ခင်ဗျားဟာ သေနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



အရောဝင်တို့တွေနှင့်နေလာခဲ့တာ ကြာပြီ၊ ခင်ဗျားဟာ အာဝနှင့် အဆက်အသွယ် ဖြတ်နေတယ်။

'မှန်ပါတယ်၊ ခင်ဗျားဟာ ပိုင်ရှိအပေါ်မှာ သံယောဇဉ်ကြီးနေတယ်၊ ပိုင်ရှိဟာ အင်မတန် ချစ်စရာ ခင်တွယ်စရာကောင်းတဲ့ ကလေး တစ်ယောက်ပါ၊ ဒါပေမယ့် အဲဒါဟာ အဓိကအချက် မဟုတ်ပါဘူး၊ နည်းနည်းလောက် ရက်စက်တဲ့စိတ် ဝင်ကြည့်လိုက် စမ်းပါ၊ သူ့အတွက် ခင်ဗျားဟာ အမှန်တကယ်ပဲ လိုအပ်သလားဆိုတဲ့ မေးခွန်းကို ခင်ဗျား အားဖြင့် ခင်ဗျား မဆွဲခတာ မေးကြည့်စမ်းပါ'

'သူ ကျွန်တော့်ကို လို မလို...'

'ဟုတ်တယ်လေ၊ ခင်ဗျား သူ့ကို ပေးနိုင်တာက မေတ္တာနှင့် ယုယမှု ကြင်နာမှုပါပဲ၊ ယေဘုယျအားဖြင့် ကျွန်တော်တို့ ခင်ဗျားတို့ လူကြီးတွေထက် ကလေးတွေ ရတဲ့ ခံစားမှု လိုအပ်တဲ့ဟာတွေပေါ့၊ နောက်ပြီးတော့ တခြား တစ်ဖက်က နေပြီး ကြည့်လိုက်လျှင် ကလေးဟာ တစ်ယောက်နှင့် တစ်ယောက် သူစိမ်း ပြင်ပြင်လို ဖြစ်နေကြတဲ့ ဖခင်နှင့် မိခင်ကြားမှာ ကြီးပြင်းလာနေရတာ၊ မိခင်နှင့် ဖခင်ကလည်း ဒီကလေးကို အကြောင်းပြုပြီး မနာလို ငန့်တိုစိတ်တွေ မွေးနေကြတာ။

'သာယာ ပျော်ရွှင် ချမ်းမြေ့ပြီး၊ ကိုယ်စိတ် နှစ်ပါးစလုံး ကျန်းမာအောင် ဖြည့်စွမ်း ပေးနိုင်မယ့် ပတ်ဝန်းကျင်မှာ သူ ကြီးပြင်းရတာ မဟုတ်ဘူး၊ သူ့ အခန့်နှင့် အရွယ်နှင့် မလိုက်တဲ့ နားလည်မှုတွေ သိမှုတွေ ဝင်လာမယ်၊ နောက်ဆုံး လူ



အသိုင်းအဝိုင်းမှာ အံမဝင်ခွင်မကျတဲ့ လူတစ်ယောက် ဖြစ်လာမယ်၊ ပြီးတော့လည်း တစ်နေ့ကျရင်...ကျွန်တော့်ကို နှင့်လွှတ်သူဟာ ခင်ဗျားနှင့် သူ့ အမေကြားမှာ ဘယ်ဘက် လိုက်မလဲ နေ့ဘိ၊ တစ်နေ့ကျရင်ဆိုတာ ရွေးချယ်ရလိမ့်မယ်၊ ဒါကိုကော ခင်ဗျား မြင်မိရဲ့လား'

'ခင်ဗျား ပြောတာ မှန်တောင်း မှန်ပါလိမ့်မယ်၊ အတိအကျ မှန်တာပဲဆိုပါတော့လေ၊ ဒါပေမယ့် ကျွန်တော်ဟာ ဒီကလေးအပေါ်မှာ သံယောဇဉ်ကြီးတယ်၊ သူ့ အချစ်ကို တွယ်တာနေတယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်အတွက် တခြား တွယ်တာစရာ သံယောဇဉ်ကြီးစရာ ဘာတစ်ခုမှ မရှိတော့တာ အချိန် ကာလအားဖြင့် ကြာခဲ့ပြီကိုး။

'သူ့ အမေနှင့် နှစ်အနည်းငယ် အတွင်းမှာ ကျွန်တော့်ကို ဒုက္ခ ပေးချင်လည်း ပေးပေမပေါ့၊ ကျွန်တော့်စိတ်ကို ထိခိုက်ကြေကွဲအောင် လုပ်ချင်လည်း လုပ်ပေမပေါ့၊ အိုဗျာ အဲလ်ဘတ်က မုန်းသလို သူကလည်း တစ်နေ့နေ့ တစ်ချိန်ချိန် ကျွန်တော့်ကို မုန်းချင်လည်း မုန်းပေမပေါ့၊ အဲလ်ဘတ်ဆိုရင် အသက် ဆယ့်လေးနှစ်သား အရွယ်မှာ ကျွန်တော့်ကို သူ့ရဲ့ အိတ်ဆောင် ဓားမြှောင်နှင့်တောင် မေတ်ခဲ့ဖူးတယ်။

'ဒါပေမယ့် ကျွန်တော်ဟာ ပိုင်ရှိနှင့် နှစ်အနည်းငယ် လောက်တော့ အတူတူ နေနိုင်မယ်၊ သူ့ကို ချစ်နေနိုင်မယ်၊ သူ့ လက်ကလေးကို ဆွဲပြီး လှက်ကလေး တစ်တောင်ရဲ့ အဆုံးနှင့် ထူတဲ့ သူ့ အသံကလေးကို နားထောင်နိုင်မယ်၊ အဲဒီ ပျော်လင့်ချက်ကတော့ ကျွန်တော့် ရင်ထဲမှာ အခုထက်ထိ

www.burmeseclassic.com

www.burmeseclassic.com



ရှင်သန်နေတုန်းပဲ၊ အဲဒီ မျှော်လင့်ချက်ကို အခု ကျွန်တော်က စွန့်လွှတ်လိုက်ရတော့ မလား'

ဘတ်ဟတ်က ဝမ်းနည်းစွာဖြင့် ပခုံးများကို တွန့်လိုက်ပြီး မျက်မှောင် ကုတ်လိုက်သည်။ 'ခင်ဗျား စွန့်စားရမှာပဲ ဂျိဟန်' ဟု လေသံ ပျော့ပျော့ဖြင့် ပြောသည်။ 'ကျွန်တော်ကတော့ ခင်ဗျား စွန့်မှ ဖြစ်မယ်လို့ပဲ ယုံကြည်တယ်၊ ဒီကိစ္စကို ကနေ့ စွန့်ရမယ်လို့ ပြောနေတာ မဟုတ်ဘူး၊ ဒါပေမယ့် အမြန်ဆုံးတော့ စွန့်မှ ဖြစ်မယ်၊ ခင်ဗျားမှာ ရှိသမျှ အရာရာတိုင်းကို စွန့်လွှတ်ရမယ်။ အတိတ်က အစွန်းအထင်း အညစ်အကြေး မှန်သမျှကို သန့်စင်ပစ်ရမယ်။

'အဲသလိုမှ မလုပ်ရင်တော့ ခင်ဗျားဟာ လွတ်လပ်ပြီး သာယာ ပျော်ရွှင်တဲ့ လူတစ်ယောက် အဖြစ်နှင့် ကမ္ဘာလောကကို နောက်တစ်ကြိမ် ရင်ဆိုင်နိုင်မှာ မဟုတ်တော့ဘူး။ ခင်ဗျား လုပ်နိုင်သလောက်ကို လုပ်ပါ၊ တကယ်လို့ ဒီနည်းလမ်းဟာ ခင်ဗျားအတွက် သိပ် ပြင်းထန်နေတယ် ဆိုရင်တော့ ဒီမှာပဲ ဆက်နေပြီး ဒီဘဝကိုပဲ ရင်ဆိုင်တော့ပေါ့၊ ကျွန်တော်ကတော့ ခင်ဗျားရဲ့ မိတ်ဆွေအဖြစ် ဆက်ပြီး ရှိနေမှာပါ၊ ခင်ဗျား ကျွန်တော့်ကို သုံးနိုင်ပါတယ်၊ ဒါကတော့ ခင်ဗျား သိမှာပါ၊ ဒါပေမယ့် ကျွန်တော်ကတော့ စိတ်အများကြီး ထိခိုက်ရပါ လိမ့်မယ်'

'ကျွန်တော့်ကို အကြံတော့ပေးပါဦး၊ ကျွန်တော့် ရှေ့မှာ မှောင်ကြီးကျနေတယ်၊ ကျွန်တော် ဘာမှ မမြင်တော့ဘူး'



'ကျွန်တော် အကြံပေးမယ်၊ အခု ဒီလဟာ ဇူလိုင်လ၊ ဆောင်းဦးပေါက်ရင် ကျွန်တော် အိန္ဒိယကို ပြန်မယ်၊ ကျွန်တော် မပြန်ခင် ဒီကို အရင်လာမယ်၊ အဲဒီအခါကျရင် ခင်ဗျားရဲ့ ပစ္စည်းတွေကို အသင့် ထုပ် ပိုး ပြင် ဆင် ထားပြီး ကျွန်တော်နှင့် အတူတူ လိုက်ဖို့ အဆင်သင့်ဖြစ်နေလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်တယ်။

'တကယ်လို့ပေါ့လေ၊ အဲဒီအချိန်မှာ ခင်ဗျား ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ပြီး လိုက်မယ်လို့ ပြောနိုင်ရင် အကောင်းဆုံးပဲ၊ ဒါပေမယ့် အကယ်၍ ခင်ဗျား စိတ်ကို မဆုံးဖြတ်နိုင်သေးဘူး ဆိုရင်လည်း ခင်ဗျား ကျွန်တော်နှင့် လိုက်ခဲ့ပါ၊ ဒီပုတ်ဝန်းကျင် ကနေပြီး တစ်နှစ် ဒါမှမဟုတ် ခြောက်လ ခင်ဗျား ကြိုက် သလောက် ခွဲခွာနေလိုက်ပါ။

'ခင်ဗျား ကျွန်တော်နှင့် နေရင် ဖန်းချီဆွဲနိုင်မယ်၊ မြင်းစီး ရမယ်၊ ကျားပစ် ထွက်နိုင်မယ်၊ မလေး အမျိုးသမီးတွေနှင့် ချစ်ကြိုက်သွားနိုင်တယ်၊ တချို့ မလေး မလေးတွေဟာ သိပ်ကို ချော တယ် နော်၊ ဘာပဲ ဖြစ်ဖြစ်ပေါ့လေ၊ အနည်းဆုံး ဒီပုတ်ဝန်းကျင်ကတော့ ခဏတစ်ဖြုတ် ဝေးနေမှာပဲ၊ ကဲ ခင်ဗျား ဘယ်လို သဘောရသလဲ'

ဇာရာဂူဆည် မျက်လုံးများကို မှိတ်ကာ ခေါင်းတယမ်းယမ်း လုပ်သည်။ 'ခင်ဗျားကို ကျေးဇူးတင်ပါတယ်' ဟု ပြောသည်။ 'ခင်ဗျားဟာ ကျွန်တော့်အပေါ်မှာ သိပ်ကောင်းပါတယ်၊ ဆောင်းရာသီကျရင် ကျွန်တော် လိုက်နိုင် မလိုက်နိုင် ပြောပါ့ မယ်၊ ခင်ဗျားရဲ့ ခေတ်ပုံတွေကိုတော့ ဒီမှာ ထားခဲ့ပါဦး'

www.burmeseclassic.com

www.burmeseclassic.com



'ခေါက်ပုံတွေကို ခင်ဗျား ယူထားနိုင်ပါတယ်၊ ဒါပေမယ့် ခရီးထွက်မယ့် ကိစ္စကို ကနေ့ နက်ဖြန် မဆုံးဖြတ်နိုင်ဘူးလား၊ အဲသလို ဆုံးဖြတ်နိုင်ရင် ခင်ဗျားအတွက် အရေးကြီးဆုံးဖြစ်ဖို့ များပါတယ်'

ဗာရာဂုက ထိုင်ရာမှ ထပြီး တံခါးဆီသို့ လျှောက်သွားသည်။

'ဒီနေ့ မနက်ဖြန်တော့ မဆုံးဖြတ်နိုင်သေးဘူး အော်တို၊ ကနေ့နှင့် မနက်ဖြန် ကြားမှာ ဘာတွေ ဖြစ်လိမ့်မယ် ဆိုတာ ဘယ်သူမှ ပြောနိုင်တာ မဟုတ်ဘူး။ ကျွန်တော် ပိုင်ရှင့် သုံးလေးပတ်လောက် ဖိုပြီး ခွဲနေခဲ့တာ နှစ်ပေါင်း မနည်း ကြာပြီ၊ ကျွန်တော် ခင်ဗျားနှင့် လိုက်ဖြစ်လိမ့်မယ်လို့တော့ ယုံကြည်ပါတယ်၊ ဒါပေမယ့် အခု ချက်ချင်း အတိအကျ မပြောချင်ဘူး'

'ဒီလိုဆိုလည်း ခရီးစဉ်ကို ထားလိုက်ပါတော့ဗျာ၊ ကျွန်တော်နှင့် ဘယ်လို ဆက်သွယ်ရမယ်ဆိုတာ ခင်ဗျား သိနေသားပဲ၊ ဒီရက်တွေထဲမှာ ခင်ဗျားဆီက ကျွန်တော် လာပြီ ဆိုတဲ့ ကြေးနန်းသာ ရိုက်လိုက်၊ ခင်ဗျား လာရမယ့် ခရီး အတွက် ဘာမှ ပူစရာ မရှိဘူး၊ အစစအရာရာ ကျွန်တော် တာဝန်ယူမယ်၊ ရုပ်အင်္ကျီနှင့် အတွင်းခံ နည်းနည်းပါးပါး ရယ်၊ ပန်းချီဆွဲဖို့ ပစ္စည်းတွေ နည်းနည်းရယ် ယူခဲ့၊ ဒါတွေက ဟိုမှာ သိပ်ပေါတယ်'

ဗာရာဂုက ဘတ်ဟတ်၏ တစ်ကိုယ်လုံးကို အားရပါးရ သိမ်းကျုံး၍ ဖက်လိုက်သည်။



'ခင်ဗျား ကျွန်တော့်ကို အစစအရာရာ အဆင်ပြေအောင် ကူညီခဲ့ပြီးပါပြီ အော်တို၊ ကျွန်တော် ဘယ်တော့မှ မမေ့သွား ပါဘူး၊ ကဲ ကျွန်တော် မြင်းရထား ပြင်ခိုင်းလိုက်ဦးမယ်၊ ကနေ့ အိမ်မှာ အစားမစားဘူး၊ ဒီနေ့တော့ ပျော်ပျော်ပါးပါး နေ့ခင်း လှဲပြီး တခြားဘာကိုမှ လုပ်ဖို့ မစဉ်းစားနှင့်တော့၊ နွေရာသီ အနားယူသလို နေကြရအောင်၊ အခု မြင်းရထားနှင့် တောပိုင်းကို သွားမယ်၊ ရွာတွေရဲ့ အလှကို ကြည့်မယ်၊ သစ်တောထဲမှာ ခဏတစ်ဖြုတ် လှဲပြီး အပန်းဖြေကြမယ်၊ ပြီးတော့ ငါးကြော်စားမယ်၊ တောအရက် သောက်မယ်၊ ကနေ့ ရာသီဥတုကဖြင့် သာယာပါပေ့'

'ခင်ဗျား စိတ်က ထင်သလို ဖြစ်လိမ့်မယ်၊ ဆယ်ရက်လောက် နှင့်တော့ ရာသီဥတုက ဒီလောက်ကြီး ပြောင်းသွားဦးမယ် မထင်ပါဘူး' ဟု ပြောကာ ဘတ်ဟတ်က ရယ်သည်၊ ဗာရာဂု ကလည်း လိုက်၍ ရယ်သည်။

'ကျွန်တော့် အဖို့တော့ ဒီနေ့လောက် ကြည်လင်တောက်ပတဲ့ နေရောင်မျိုးကို မမြင်ခဲ့ရတာ နှစ်ပေါင်း အတော်ကြာပြီလို့ ထင်တာပဲ'

www.burmeseclassic.com

www.burmeseclassic.com

## ၂

ဘတ်ဟတ် ပြန်သွားပြီးသည့် နောက်ပိုင်းတွင် ဗာရာဂုသည် အထီးကျန်နိုင်မှု ဝေဒနာကို ခံစားရသည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာအတွင်းက သူခံစားလာခဲ့ရသည့် အထီးကျန်နိုင်မှုမျိုးပင် ဖြစ်၏။ အဖော်ကင်းမဲ့၍ စိတ်ညှိုးငယ်ရသော အထီးကျန်နိုင်မှု ဝေဒနာသည် တကယ်တော့ ပြင်းထန်လွန်းလှချေသည်။

ဤအထီးကျန်နိုင်မှုသည် သူ့အဖို့ အလွန်ထူးဆန်းသော ရန်သူ အသစ်တစ်ဦးလို ဖြစ်လာသည်။ သူ့အား မွန်းကျပ်နေအောင် အဘက်တကာမှ ဝင်ရောက် ထိုးနှက် တိုက်ခိုက်ခြင်းကို နေ့စဉ်နှင့်အမျှ နာရီမလပ် ခံခဲ့ရ၏။ ခံရဖန်များလာတော့လည်း ခုခံတိုက်ခိုက်နေရသည့် အလုပ်သည် အလေ့အထ တစ်ခုသဖွယ် ဖြစ်လာသည်။ တစ်ခါတစ်ရံတွင် အရေထူသလို ဖြစ်လာသည်။

တစ်ချိန်တည်းမှာပင် သူသည် သူ့မိသားစုနှင့် ယခင် ကထက် ပို၍ ကင်းကွာလာသည်။ သူ့အချစ်ဆုံးသော သူငယ် ပိုင်ရီနှင့်ပင်လျှင် အဆက်ပြတ်သလို ဖြစ်လာသည်။ သူ့အနေနှင့် ကတော့ ထိုအချက်ကို သတိမပြုမိ။ သို့သော်လည်း ယင်းသို့

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရခြင်းမှာ အကြောင်းရှိသည်။ တခြားမဟုတ်၊ သူ့ရင်ထဲ၌ ကြိတ်မှိတ်ခံစားလာခဲ့ရသမျှကို အမြင် လူတစ်ယောက်အား ပထမဦးဆုံးအကြိမ် ဖွင့်ဟ၍ ပြောပြလိုက်ရခြင်းကြောင့် ပေတည်း။

တစ်ခါတစ်ရံကျတော့လည်း မှိုင်းရီငြိုငွေ့မှုဒဏ်ကို အလူးအလဲ ခံရသည်။ ထိုအခါမျိုးတွင် စိတ်ညစ်ခြင်း၊ စိတ်ရှုပ်ခြင်းနှင့် စိတ်အားငယ်ခြင်း စသော ဝေဒနာများကိုပါ အမြင်းအထန် ခံစားလာရ၏။ ဤသို့ဖြင့် ဗာရာဂုသည် သဘာဝမကျသော ဘဝတစ်ခုထဲသို့ ရောက်နေသည့်နှယ် ဖြစ်လာရသည်။

သို့သော်လည်း ထိုဘဝသည် သူ့သဘော သူ့ဆန္ဒ၊ သူ့ဘာသာသူ အကျဉ်းချုပ်ပြီး နေသည့် လူတစ်ယောက်၏ ဘဝမျိုး ဖြစ်သည်။ သူ့အနေဖြင့် ဘဝအပေါ် စိတ်ပင်ပန်းမှု နည်းလာသည်။ သူ့ဘဝသည် အသက်ရှင်ဖို့ နေခြင်း မဟုတ်တော့ဘဲ သည်းခံဖို့ နေရသည့် သဘောမျိုး ဖြစ်လာသည်။

ဤအချိန်တွင် သူ့ထံ အလည်ရောက်လာသည့် သူ့ သူငယ်ချင်းသည် သူ၏ အကျဉ်းထောင်နံရံကို ထိုးဖောက်ခြင်း ပြုသည်။ ထိုအခါ ပြင်ပဘဝ၏ သာယာသော အသံများ၊ အလင်းရောင်များ၊ သိခံမှုများနှင့် ခံစားမှုများ သည် ရာပေါင်းများစွာသော အပေါက်များမှ တိုးဝှေ့ဖြတ်သန်းကာ အထီးကျန် နိဂ်လွန်းလှသည့် သူ့ထံ ချင်းနင်း ဝင်ရောက်လာ သည်။ အိုဗင်း ဟောင်းနွမ်း လှပြီ ဖြစ်သော လောကသည် ပြိုပျက်သွားသည်။ သူ အိပ်ရာမှ နိုးလာသည့်အခါ အမြင်



လူခေါ်ခေါင်းလောင်းသံ ကျယ်လောင်စွာ ထွက်ပေါ်လာ သည်။

သူသည် စိတ်ဆိုးမာန်ဆိုးဖြင့် သူ့အလုပ်ကို မြန်မြန် ထန်ထန် လုပ်သည်။ သူ၏ တစ်နေ့တာ ခရီးအတွက် နေထွက် လျှင်ထွက်ချင်း ရေအေးဖြင့် ရေတစ ချိုးလိုက်သည်။ ပြီးတော့ မွန်းတည့်ချိန်အထိ အလုပ်ကို မရပ်မနား လုပ်သည်။ ခဏ တစ်ဖြုတ် နားအပြီးတွင် သူသည် ကော်ဖီနှင့် ဆေးလိပ်ကိုသာ သောက်ကာ အားဖြည့်လေ့သည်။

တစ်ခါတစ်ရံမှာ ညကြီးမင်းကြီး ညဉ့်နက်သန်းခေါင်တွင် ရင်တဒိတ်ဒိတ်ခုန်၍ မျက်စေ၊ အမြင်းအထန် ခေါင်းကိုက်၍ ဖြစ်စေ အိပ်ရာမှ လန့်နိုးလာတတ်၏။ သို့သော်လည်း သူ့ ဘာသာသူ သတ်မှတ်ထားသည့် အချိန်ဇယား စည်းကမ်း အတိုင်း လိုက်နာကာ အလုပ်ကို လုပ်သည်။

တံခါး တစ်ပေါက်သည် ဖွင့်နေပြီး ထို တံခါးပေါက်မှ ခြေတစ်လှမ်း ထွက်လိုက်ရုံမျှဖြင့် သူ့ စိတ်ကြိုက် ရွေးနိုင်မည့် လွတ်မြောက်ရာ နယ်မြေသို့ ခြေချနိုင်သည် ဟူသော အသိကို သူ သဲသဲကွဲကွဲ မမြင်နိုင်အောင် ဇာမဝါ ပါးပါးကလေး များဖြင့် အုပ်ကာထားသည့်နှယ် ရှိသည်။

သူ့အားနည်းချက်တော့ ထိုအချိန်ကို မစဉ်းစား၊ အလုပ်ကို မနားမနေ လုပ်နေခြင်းအားဖြင့် အတွေးများကို ဆေးကြောင် သတ်ထားသည်။ ယင်းအချိန်နှင့် ပတ်သက်၍ သူ့ စိတ်ခံစားမှု မှာ ရှင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီ တံခါးပေါက်က မင်းထွက်ချင်ရင် အချိန်မရွေး ထွက်နိုင်တယ်၊ တံခါးက ဖွင့်ထားတာပဲ၊ မင့်မှာ ခတ်ထားတဲ့ လက်ထိတ်နှင့် ထိတ်တုံးတွေဟာလည်း အချိန်မရွေး ပြုတ်ပျက်သွားနိုင်တာပဲ၊ ဒါပေမယ့် အလွန် ခက်ခဲတဲ့ ဆုံးဖြတ်ချက်တစ်ခုနှင့် အလွန်ကြီးမားတဲ့ စွန့်လွှတ်မှုတစ်ခုကို အခကြေးငွေအဖြစ် ပေးရမယ်၊ ဒါကြောင့်မို့ မင်း အဲဒီအသိကို မစဉ်းစားနှင့်၊ လုံးဝ မတွေးနှင့်' ဤကား ယင်းအသိနှင့် ပတ်သက်၍ သူ့စိတ်တွင်း၌ ဖြစ်ပေါ်နေသည့် ခံစားချက်များပေတည်း။

ဘတ်တာတ်က သူ့ထံမှ ရဖို့ မျှော်လင့် စောင့်စားနေသည့် ဆုံးဖြတ်ချက် တစ်ခု ရှိ၏။ ယင်း ဆုံးဖြတ်ချက်ကို သူ၏ အတွင်းစိတ်၌ ဆုံးဖြတ်ပြီး ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ သို့တစေလည်း ယင်း ဆုံး ဖြတ် ချက် ကို သူ့စိတ်တွင်း၌သာ မြှုပ်နှံထား၏။ ဒဏ်ရာရလာသည့် လူတစ်ယောက်၏ အသားထဲ၌ ကျည်ဆန်တစ်တောင့် မြုပ်ဝင်နေသည့်နှယ် မြှုပ်နှံထားခြင်းမျိုး ဖြစ်၏။

ဤဆုံးဖြတ်ချက်နှင့် ပတ်သက်၍ မတင်မကျ ဖြစ်နေသည့် ပြဿနာမှာ ယင်းဆုံးဖြတ်ချက်သည် အနာချင်းကာ ပြည်တည်နေပြီဖြစ်သော အနာကို ပျောက်ကင်း စေ နိုင် မ ည် လော။ သို့မဟုတ် ပို၍ ဆိုးလာစေမည်လောဟု ဝေခွဲ၍ရနိုင်ခြင်းပင် ဖြစ်သည်။

အမှန်ဆိုလျှင် အ နာ က တော့ ပြည် တည် နေ ပြီ ဖြစ်၍ နာကျင်ကိုက်ခဲသော ဝေဒနာကိုပင် ခံစားနေရပြီ ဖြစ်၏။



သို့သော်လည်း သူ့ကို အကြီးအကျယ် နာကျင်စေသည့် အခြေအနေသို့ကား အ ခု ထ က် ထိ မ ရော က် သေး။ သူ၏ စွန့်လွှတ်မှုမှ ရရှိလာမည့် နာကျင်မှု ဝေဒနာသည် အလွန်ကြီးမားလိမ့်မည် ဖြစ်သဖြင့် သူ့အနေနှင့်ကတော့ ကြောက်ရွံ့နေဆဲပင် ဖြစ်သည်။

ထိုကြောင့်လည်း သူ ဘာမှ မလုပ်ဘဲ နေခြင်း ဖြစ်၏။ ထိုကြောင့်လည်း သူ့အနာကို ဖြစ်ချင်သလို ဖြစ်ပေစေတော့ဟု သဘောထားကာ လွှတ်ထားခြင်း ဖြစ်၏။ မည်သို့ပင် ဖြစ်စေ ဤအနာ မည်ကဲ့သို့ အဆုံးသတ်မည်ကိုကား သူ သိလိုစိတ် အလွန်ပြင်းပြလျက် ရှိလေသည်။

စိတ်ဆင်းရဲခြင်း ဝေဒနာကို ခံစားနေရသည့် ကြာမှပင် သူသည် ခမ်းနား ကြီး ကျယ် သော ပန်းချီကား တစ်ချပ်ကို ဆွဲခဲ့သည်။ တကယ်တော့ ထိုပန်းချီကားဆွဲဖို့ အစီအစဉ်ကို စိတ်ကူးမိခဲ့သည်မှာ ကြာပြီ။ အခုအချိန်ကျမှပင် သူ့စိတ်ကူးအပေါ် ရုတ်တရက် စိတ်ဝင်စားလာခဲ့ခြင်း ဖြစ်၏။

ထိုစိတ်ကူးကို ရခဲ့သည့် လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်းကတော့ သူသည် သူ့စိတ်ကူးအပေါ်၌ များစွာ သဘောကျခဲ့သည်။ ထိုနောက်တော့ သူ့ စိတ်ကူး ပန်း ချီ ကား သည် တစ်စုံတစ်ခုသော အရာကို နိမိတ်ပုံ ထင် ဟပ် ပြီး တင်စား ပြသလိုသည့် စိတ်ကူးတစ်ခု ဖြစ် နေ လေ သ လား ဟုသော သံသယ ဝင်ခဲ့သည်။ ဤသို့ဖြင့် နောက်ဆုံးတွင် သူသည် သူ့စိတ်ကူးအပေါ်၌ စိတ်ဝင်စားမှု နည်းလာခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



အခုကျတော့လည်း သူ့ စိတ်ကူးပန်းချီအဖွဲ့ပုံကို သူ့ အာရုံထဲ၌ ပြက်ပြက်ထင်ထင် မြင်နေရသည်။ နိမိတ်ပုံ ထင်ဟပ်၍ ပြသလိုမှု ဟူသော သံသယကိုလည်း သူ မေ့သွားပြီ ဖြစ်ရာ သူသည် အလုပ်ခွင်၌ ထိုင်၍ စိတ်အာရုံထဲ၌ ထင်ဟပ်နေသော ပုံကို ရေးဆွဲခဲ့လေသည်။

ပန်းချီကားထဲ၌ ရှိနေသည့် ပုံများမှာ လူအရွယ်အစားခန့် ရှိသည့် လူသုံးဦးပုံ ဖြစ်၏။ ပထမ နှစ်ဦးမှာ ယောကျ်ား တစ်ယောက်နှင့် မိန်းမ တစ် ယောက် ဖြစ်၍ နှစ်ဦးစလုံး၏ အသွင်အပြင် ဟန် အမူ အရာသည် ကိုယ့် ကိုယ် ကိုယ် ၌သာ စိတ်ဝင်စားနေသည့်ပုံမျိုး ဖြစ်၏။ တစ်ယောက်ကိုတစ်ယောက် မသိမကျွမ်းကြသည့် သူစိမ်း ပြင်ပြင် အနေ အထား မျိုး ဖြစ်သည်။

နောက်တစ်ဦးမှာ သူတို့နှစ်ဦးကြား၌ ငြိမ်ဆိတ်အေးချမ်းစွာ ကစားနေသော ကလေး တစ်ယောက်ပုံ ဖြစ်၏။ ကလေး၏ မျက်နှာသည် ပျော်ရွှင်ချမ်းမြေ့လျက် ရှိပြီး သူ အထက်ဘက်မှ မှိုင်းမှိုင်း ဖြစ်နေသော တိမ်တု အပေါ်၌ ဘာသိသယ မဖြင်သည့်ဟန်မျိုး ဖြစ်သည်။

ပုံ၏ ကိုယ်ပိုင်ဟန်နှင့် ဆိုလိုချက်မှာ အလွန်ရှင်းသည့် သို့သော်လည်း ယောကျ်ားသည် ပန်းချီဆရာ ဗာရာဂုနှင့်မတူ၊ မိန်းမပုံမှာလည်း သူ မိန်းမ၏ရုပ်နှင့် မတူ။ မည်သို့ပင်ဖြစ်စေ ကလေးပုံကတော့ ပိုင်ရှိပင် ဖြစ်သည်၊ ပိုင်ရှိထက် အသက် ငယ်သည့် ခြားနားချက်မှအစ်ပါး ကျန်အရာ အားလုံးသည် ပိုင်ရှိနှင့် တစ်ထေရာတည်း။



အကယ်တော့လည်း ဗာရာဂုသည် ဤကလေးပုံကို ဆွဲရာ၌ သူ ရေးဆွဲခဲ့သမျှ ပုံတူ ပန်းချီကားများတွင် အကောင်းဆုံး လက်ရာတစ်ခု ဖြစ်စေလိုသော ဆန္ဒဖြင့် စိတ်ရောကိုယ်ပါ မြှုပ်နှံ၍ ရေးဆွဲခဲ့ခြင်း ဖြစ်သည်။

ကလေး၏ တစ်ဖက် တစ်ချက်၌ ရှိနေသည့် ပုံနှစ်ပုံသည် အချိုးအစား ညီမျှ ပြေပြစ်သော်လည်း အထီးကျန် နိုင်မှု ကြောင့် ခံစားနေရသည့် ဝမ်းနည်းကြေကွဲမှုကို ပီပြင်ထင်ရှား စွာ ဖော်ပြနေကြသည်။ ယောကျ်ားသည် သူ့ ဦးခေါင်းကို လက်တစ်ဖက်တွင် အပ်ကာ တွေဝေ ငေးငိုင်လျက် ရှိပြီး မိန်းမကတော့ သူခံစားနေရသည့် စိတ်ဒုက္ခ ဝေဒနာထဲတွင် နစ်ဝင် မျောပါနေသည့်နှယ် ငေးတိငေးကြောင် ဖြစ်နေသည်။

နေရထိုင်ရသည့် ဘဝမှာ အစေခံရောဘက်အတွက်လည်း သာတော့င်းဆယာ မရှိလှ။ သူ့ ဆရာ ဗာဗာရာဂုသည် အခင်ကတက် ကြီး၍ စိတ်တိုလွန်းသည်။ ဗာရာဂုသည် သူ့ အလုပ်လုပ်နေစဉ်က တစ်ဖက်ခန်းမှ မဖြစ်စလောက်အသံကလေး ကြားရုံမျှဖြင့် သည်းမခံနိုင်ဖြစ်ကာ ဒေါသ ကြီးတတ်လေသည်။

ဘတ်ဟတ် လာလည်ပြီးကတည်းက ဗာရာဂု၏ ရင်ထဲ၌ မြိုက်၍ ရှင်သန်နေသော မျှော်လင့်ချက်သည် မီးတောက် တစ်ခုနှင့် တူနေသည်။ သူ တားဆီး ဖိနှိပ်နေသည့် ကြားမှပင် မီးတောက်သည် ဆက်လက် တောက်လောင် နေ သည်။ ခုတော့ ထိုမီးတောက်သည် ညပိုင်း သူ မက်လေ့ရှိသည့် အိပ်မက်များကို အရောင်အမျိုးမျိုး ဆိုးမွေးလျက် ရှိ၏။

www.burmeseclassic.com



သူသည် ယင်းမျှော်လင့်ချက်ကို ဥပေက္ခာပြုနိုင်ဖို့ ကြိုးစားသည်။ သူ့အတွေးများ အတွင်းမှ ပျောက်ကွယ်သွားစေရန်လည်း အားထုတ်သည်။ သူ့အနေဖြင့် သူ့အလုပ်ကို ငြိမ်းချမ်းစွာ လုပ်ကိုင်စေလိုသဖြင့် ယင်းကဲ့သို့ ကြိုးစားခြင်း ဖြစ်၏။ သို့သော်လည်း ငြိမ်းချမ်းမှုကို သူ မရ။ သူ၏ သာယာပျော်ရွှင်မှု ကင်းမဲ့နေပြီ ဖြစ်သော ဘဝသည် ဆက်လက်၍ ရှင်သန်ပါဦးမည်လော။

သူ့ ဘဝ၏ အခြေခံ အုတ်မြစ်များသည် ယခင်ကလို မခိုင်မာတော့ဘဲ ခရီးခရိုင် ဖြစ်ကုန်ပြီထင်၏။ သူ မက်လှေ့ရှိသော အိပ်မက်များထဲတွင် သူ့မိန်းမသည် သူနှင့်ဝေးရာသို့ ထွက်ခွာသွားလျက် ရှိသည်။ သို့သော်လည်း ပိုင်ရှိကို သူ ထိမထားခဲ့။ သူနှင့် တစ်ပါတည်း ခေါ်သွားသည်။ ပိုင်ရှိကတော့ သူ့ဘက်သို့ လက်များ ဆန့်တန်းထားသည်။

တစ်ခါတစ်ရံ ကျတော့လည်း ညပိုင်း သူ ရုတ်တရက် အိပ်မပျော်သည့် အခါ သက်သောင့်သက်သာ မရှိလှသော ဧည့်ခန်းအတွင်း၌ တစ်ယောက်တည်း ထိုင်၍ အိန္ဒိယမှ ဓာတ်ပုံများကို ခိတ်ဝင်စားစွာ ကြည့်နေတတ်၏။ ထို နောက် ထိုဓာတ်ပုံများကို ဘေးသို့ချကာ ညောင်းညာနေပြီဖြစ်သော မျက်စိများကို စုံမှိတ်၍ နားနေလေ့ရှိသည်။

သူ့ စိတ်တွင် အင်အားနှစ်ခုသည် သူနိုင် ကိုယ်နိုင် အပြိုင် ကြဲလျက် ရှိကြ၏။ မည်သို့ပင် ဖြစ်စေကာမူ မျှော်လင့်ချက်ကတော့ ပို၍ အားကောင်းလျက် ရှိသည်။ သူသည် အော်တိုနှင့်



ပြောခဲ့သည့် စကားများကို ထပ်တလဲလဲ ပြန်၍ ဆင်ခြင်နှလုံးသွင်းသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာ ကတည်းက ပိတ်လှောင်ထားခြင်း ခံရသလို ဖြစ်နေသည့် ပြင်းထန်သော မူလသဘာဝစိတ်၏ အလိုဆန္ဒများသည် အလွန် နက်ရှိုင်းသောနေရာ တစ်နေရာမှ ပြန်၍ ပေါ်ပေါက်လာတတ်သည်။

ထိုအခါတွင် သူ့ ကိုယ်သူ မိမိ၏ဘဝ အဆုံးသတ်မည့်ရက်ကို အစွမ်းကုန် သည်းခံ၍ စိတ်ရှည် လက်ရှည် စောင့်စားနေရသည့် အဘိုးအို တစ်ယောက်အဖြစ် မြင်ကာ ထိုဆန္ဒများကို နှိမ်နှင်းဖို့ အားထုတ်သည်။

သို့တစေလည်း ယင်း အရှုံးပေး အညံ့ခံလို စိတ်ကို အချိန်ကာလ ကြာမြင့်စွာ ထိန်းချုပ် ထားခဲ့ရသည့် မူလသဘာဝအတိုင်း ဖြစ်ပေါ် တည်ရှိနေသော မသိစိတ်၏ အင်အားများက လွှမ်းမိုး ခြယ်လှယ် သွားတတ်လေသည်။

ဂျိုဟန် ဗာရာဂု အနေဖြင့် အိမ်ကြီးဘက်သို့ အသွားအလာ နည်းသွားသည်။ သူ့ အစားအစာများကိုပင် စတူဒီယိုထဲသို့ ယူ၍ စားလေ့ရှိသည်။ ညပိုင်းဆိုလျှင် မြို့ထဲသွား၍ အချိန်ဖြုန်းသည်က များသည်။ သို့သော်လည်း သူ့ မိန်းမနှင့်ဖြစ်စေ သူ့သား အဲလ်ဘတ်နှင့် ဖြစ်စေ ဆုံမိသည့် အခါ သာသာယာယာနှင့် အေးအေး ဆေးဆေး ဆက်ဆံတတ်သည်။ ယခင်က ရှိခဲ့ဖူးသည့် အဆင်မပြေမှု ဟူသမျှကို မေ့လိုက်ပြီ ဟူသော အမြင်မျိုး ပေါ်အောင် နေထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရီ အပေါ်၌လည်း စိတ်ဝင်စားမှု နည်းသွားဟန် ရှိသည်။ ယခင်ကဆိုလျှင် သူသည် ပိုင်ရီကို အနည်းဆုံး တစ်နေ့ တစ်ကြိမ်တော့ စတူဒီယိုထဲ ခေါ်လေ့ရှိသည်။ တစ်ခါတစ်ရံတွင် ပိုင်ရီနှင့်အတူ ပန်းခြံထဲသို့ သွားတတ်သည်။ အခုကျတော့ တစ်နေ့လုံး ပိုင်ရီကို မတွေ့ဘဲ နေခဲ့သည့် ရက်ပေါင်း များခဲ့ပြီ ဖြစ်၏။ သူ့သား ပိုင်ရီနှင့် မတော်တဆ ဆုံမိသည့်အခါ များတွင်မှ သူသည် ပိုင်ရီ၏ နဖူးကို နမ်းသည်။ ဝမ်းနည်း ကြေကွဲသော မျက်နှာထားဖြင့် သူ့ သားငယ်ကို ကြည့်သည်။ ပြီးတော့ သူ့လမ်းသူ ဆက်သွားတတ် လေသည်။

တစ်နေ့သော မွန်းလွဲပိုင်းတွင် ဗာရာဂုသည် သစ်အယ်ပင် တောအုပ်ဆီသို့ သွားသည်။ အေးမြသော လေပြည် လေညင်း တိုက်ခတ်လျက်ရှိပြီး မိုးဖွားကလေးများ တဖွဲဖွဲ ကျနေသည်။ အိမ်ကြီး၏ ပွင့်နေသော ပြတင်းပေါက်များမှ စန္ဒရားသံ ပေါ်ထွက် လာနေသည်။

ဗာရာဂုသည် ငြိမ်ဆိတ်စွာ ရပ်၍ နားထောင်သည်။ မည်သည့် တေးသီချင်းကို တီးနေမှန်းတော့ သူ မသိ။ တီးလက် တီးလုံးနှင့် သံစဉ်က သိမ်မွေ့ နူးညံ့သည်။ ခံ့ညား လှပသည်။ ရင်ထဲတွင် ကြည်နူးခြင်းဖြစ်ကာ တေးဂီတသံကို အရသာခံ၍ နားထောင် မိသည်။ ထူးဆန်းလှ၏။ ဤတေးဂီတသည် သက်ကြီး ရွယ်အိုများ အတွက် ရည်စူး၍ စပ်ဆိုထားလေ သလား။ သူ ငယ်စဉ်က မြတ်နိုးခဲ့ဖူးသည့် ဘာချစ်၏ မြူးမြူးကြွကြွ တေးဂီတများနှင့် ယှဉ်မတူ။ အလွန် ရင့်ကျက် တည်ငြိမ်သော ဂီတ ဖြစ်ချေသည်။



သူသည် အိမ်ထဲသို့ အေးအေးငြိမ်ငြိမ်ကလေး ဝင်သွား သည်။ ခြေသံ မကြားအောင် လှေကားမှ ဖြည်းညင်းစွာ တက်သွားပြီး အသံမပေးဘဲ ဂီတခန်းထဲသို့ ရောက်သွားသည်။ အခန်းထဲတွင် အဲလ်ဘတ်က စန္ဒရားတီး၍ သူ့အမေက စန္ဒရား အနီး၌ ရပ်ကာ နားထောင်လျက် ရှိသည်။ ဗာရာဂု ဝင်လာ သည်ကို သူ့မိန်းမ ဖရောအက်ဒလီက မြင်သည်။

ဗာရာဂုကတော့ အနီးဆုံး ကုလားထိုင်တွင် ဝင်ထိုင်ကာ ဦးခေါင်းကို ငိုက်ဆိုက်ချ၍ စန္ဒရားသံကို နားထောင်သည်။ သူသည် သူ့မိန်းမကို မကြာ မကြာ မော့ကြည့်သည်။ ကြည့်ပြန်တော့လည်း အချိန်အတန်ကြာမျှ စိုက်ကြည့်နေ တတ်သည်။ ဤအိမ်ကြီးသည် အက်ဒလီ၏အိမ် ဖြစ်သွားခဲ့ သည်မှာ ကြာပြီ။ ဤအခန်းများထဲ၌ အက်ဒလီ နေထိုင်လာခဲ့ သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ မဟုတ်ပါလော။

ရေကန်ငယ် ဘေးရှိ စတူဒီယိုထဲ၌ သူ တစ်ယောက်တည်း အချိန်ကုန်နေရစဉ် အချိန်ကာလ တစ်လျှောက်လုံး အက်ဒလီ သည် သူတို့၏ သားကြီး အဲလ်ဘတ်နှင့်အတူ ဤအိမ်ကြီးထဲ၌ နေလာခဲ့၏။ အခုဆိုလျှင်လည်း သူတို့၏ သား အဲလ်ဘတ်သည် အက်ဒလီ၏ ချွေသည်အဖြစ်၊ မိတ်ဆွေအဖြစ်၊ သားကြီး အဖြစ်နှင့် အိမ်ပြန်ရောက်နေခဲ့ပြန်ပြီ။

ဖရောအက်ဒလီသည် အရွယ်တင်ဆဲ ဖြစ်သည်။ မျက်နှာသည် ...ပ်ပြီး အိုမင်းရင့်ရော်ခြင်း မရှိသေး။ အက်ဒလီအဖို့တော့ ...တ်ကို အေးအေးထားပြီး နေထိုင်တတ်သော အလေ့အထ ...နေပြီ ဖြစ်၏။ ပြီးတော့ သူ့အတွက် ကျေနပ်ရောင့်ရဲစရာတွေ

www.burmeseclassic.com



ကလည်း ရှိနေသည် မဟုတ်ပါလော၊ သူ့အဖိုကတော့ သူ့ကိုယ်ပိုင် ပတ်ဝန်းကျင်တွင် ဘဝလုံခြုံမှု အပြည့်ဖြင့် ရှိနေလျက်ရှိသည်။ သူ့သား နှစ်ယောက်မှာလည်း သူ တည်ဆောက်ထားသည့် ပတ်ဝန်းကျင် အတွင်း၌ ကြီးပြင်းလာခဲ့ကြခြင်းဖြစ်ရာ သူ့အတွက် ဘာမှ လိုလေသေးမရှိ။

မည်သို့ပင်ဖြစ်စေ အက်ဒလီသည် ပျူပျူငှာငှာ မနေတတ်၊ လိုက်လျောမှု နည်းသည်။ ရွှန်းရွှန်းဝေဝေနေအောင် ပြောဆိုပြုမူနေထိုင်တတ်ခြင်း မရှိ။ သူ့ယောကျ်ားက သူ့ထံ၌ ရှိလိမ့်မည်ဟု မျှော်လင့်ထားသော သို့မဟုတ် သူ့ထံ၌ ရှိလိမ့်မည်ဟုသော အထင်ဖြင့် ရှာဖွေနေသည့် အရာဟူသမျှ ဘာတစ်ခုမှ မရှိ။

သို့သော်လည်း အက်ဒလီ၏ သေးပတ်ပတ်လည်တွင် 'အိမ်' ဆိုသော အရာသည် တည့်ရှိနေ၏။ 'အိမ်' ဆိုသော အရာ၏ လက္ခဏာ အမှတ်အသားသည် သူ့မျက်နှာတွင်ရော သူ့အခန်းများအတွင်း၌ပါ ရှိနေသည်။

ဗာရာဂုက သူ့အတွေးနှင့် သူ့ကျောနှပ်နှစ်သိမ့်မှု ရှိနေသည့်အလား ခေါင်းတစ်ချက်မျှ ဆတ်လိုက်သည်။ အကယ်၍ သူ ရာသက်ပန် ပျောက်ကွယ်သွားမည် ဆိုပါက ဤအိမ်ကြီးထဲ၌ ထိခိုက်နစ်နာမည့် လူတစ်ဦးမျှ ရှိသည်မဟုတ်။ ဤအိမ်ကြီးထဲတွင် သူသည် မရှိမဖြစ်သည့် လူတစ်ယောက် မဟုတ်။ ဤကမ္ဘာပေါ်တွင် မည်သည့် အရပ်ဒေသ၌မဆို သူ သွား၍ စတူဒီယိုဆောက်နိုင်၏၊ သူ့အလုပ်ကိုလုပ်နိုင်၏။ သို့သော်လည်း



အိမ်ကတော့ ဖြစ်မလာနိုင်၊ ဤအချက်ကို သူ သဘောပေါက်ထားခဲ့သည်မှာ ကြာခဲ့ပြီ။

အဲလ်ဘတ်သည် စန္ဒရားကို တီးနေရာမှ ရပ်ပစ်လိုက်သည်။ သူ့အမေ၏ မျက်လုံးများကို ကြည့်ပြီး အခန်းထဲသို့ လူတစ်ယောက် ဝင်လာမှန်း သိလိုက်သဖြင့် ယခုကဲ့သို့ ရပ်ပစ်လိုက်ခြင်း ဖြစ်၏။ သူသည် ဖျတ်ခနဲ နောက်သို့ လှည့်ကြည့်သည်။ သူ့အဖေကို မြင်သောအခါ အံ့အားသင့်သွားသည်။ မသက်သာစိတ်လည်း ချက်ချင်း ဝင်လာသည်။

'မင်္ဂလာ နေ့ခင်းပါ' ဟု ဗာရာဂုက စ၍ နှုတ်ဆက်စကားဆိုသည်။

'မင်္ဂလာ နေ့ခင်းပါ' ဟု သူ့သားက အလိုက်သင့် ပြန်၍ နှုတ်ဆက်သော်လည်း မျက်နှာကတော့ စိတ်အနှောင့်အယှက်ဖြစ်သွားကြောင်းကို ဖော်ပြနေသည်။ သူသည် တူရိယာပစ္စည်းများ ထည့်ထားသည့် ဗီရိုငယ်လေးကို ကိုင်ကာ အလုပ်ရှုပ်နေဟန်ဆောင်လျက် ရှိလေသည်။

'မင်း စန္ဒရား တီးနေသလား' ဟု ဗာရာဂုက ဖော်ရွေစွာဖြင့် မေးသည်။

အဲလ်ဘတ်က 'ခင်ဗျား နားတွေ မကြားဘူးလား' ဟု ပြန်မေးလိုသည့် အနေမျိုးဖြင့် ပခုံးမွှား တွန့်လိုက်သည်။ တစ်မျက်နှာလုံး နီးမြန်းလျက် ရှိသော အဲလ်ဘတ်သည် သူ့မျက်နှာကို သူ့အဖေ မမြင်အောင် ဗီရိုအဆင့်များပေါ် ငုံထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'တီးကွက်တွေ သိပ်လှတာပဲ' ဟု ဗာရာဂုက ပြုံး၍ ပြောသည်။ သူ့အခုလို ဝင်လာသည်ကို မကြိုက်မှန်း သူ သိသည်။ သူကလည်း အာဃာတ မကင်းသော စိတ်ဖြင့် အဲလ်ဘတ်ကို ထပ်၍ ပြောသည်။ 'တခြားဟာ၊ တစ်ခုခု မတီး တော့ဘူးလား၊ မင်းကြိုက်တဲ့ဟာ၊ တစ်ခုပေါ့' မင်းလက်သံ အများကြီး တိုးတက်လာတယ်'

'ကျွန်တော် တီးချင်စိတ် မရှိတော့ဘူး' ဟု အဲလ်ဘတ်က စိတ်တိုသံဖြင့် ပြောသည်။

'မင်း တီးသိုက်ရင်တော့ နားထောင်လို့ ကောင်းမှာပါ တစ်ပုဒ်လောက် ထပ်တီးပါဦးလား'

ဖရောဗာရာဂုက သူ့ယောကျ်ား၏ မျက်နှာကို စူးစမ်းသော အကြည့်ဖြင့် ကြည့်၍ အကဲခတ်နေသည်။

'သား အဲလ်ဘတ်၊ ဆိုင်စမ်း' ဟု ဖရောဗာရာဂုက ဖေးဂီ စာအုပ် တစ်အုပ်ကို စန္ဒရားခုံပေါ် လှမ်းတင်လိုက်ပြီး သူ့သားအား လှမ်းပြောသည်။ ဖရောဗာရာဂု၏ အဝ လက်သည် စန္ဒရား ခုံပေါ်၌ တင်ထားသည့် ငွေပန်းအိုးကလေး ထဲမှ နှင်းဆီပန်းများကို ပွတ်တိုက်သွားသည်။ ပွင့်ချပ်အချို့ သ အရောင်တဖိတ်ဖိတ် ထနေသော စန္ဒရားခုံ အဖုံးထက်သို့ ကြွေ ကျန်လေ၏။

အဲလ်ဘတ်သည် စန္ဒရားရှေ့ရှိ ခုံပေါ် ဝင်ထိုင်ပြီး စန္ဒရား တီးသည်။ စိတ်ရှုပ်ခြင်းနှင့် ဒေါသတို့ ပေါင်းစပ်ထားသဖြ အဲလ်ဘတ် တီးနေသော စန္ဒရားသံသည် သာယာနာပျော်ဖွ



မရှိ။ သူ့အဖေက တစ်ခဏမျှ စိတ်ဝင်တစား နားထောင်သည်။ ထို့နောက် အတွေးရေယဉ်ကြောတွင် နစ်မြောသွားသည်။

နောက်ဆုံးကျတော့ ထိုင်ရာမှ ထကာ အဲလ်ဘတ် စန္ဒရား တီး၍ မပြီးမီ အခန်းထဲမှ ထွက်သွားသည်။ သူ အပြင်ရောက် သည်နှင့် တစ်ပြိုင်နက် သူ့သား၏ စန္ဒရားအဖုံး ဆောင့်၍ ပိတ်လိုက်သံကို ကြားလိုက်ရလေသည်။

'ငါ အဖေကို သွားရင်လည်း သူတို့ကတော့ ငါ့ကို လွမ်းမှာ မဟုတ်ပါဘူး' လှေကားမှ တစ်ထစ်ချင်း ဆင်းရင်း ဗာရာဂုက တွေးသည်။ 'ဘုရား ဘုရား၊ ငါတို့ မိသားစုဟာ အတော်ကြီးကို သွေးကွဲကုန်ကြပါပကောလား'

စင်္ကြံလမ်း အထွက်တွင် အပြေးအလွှား လာနေသော ပိုင်ရီနှင့် ဆုံမိသည်။ ပိုင်ရီသည် အမောတကော ဖြစ်လျက် ရှိ၏။

'ဖေဖေ' ဟု အသက်ပင် မရှုနိုင်ဘဲ အော်ခေါ်သည်။ 'ဖေဖေနှင့်တွေတာ သားသား ဝမ်းသာလိုက်တာ၊ ဖေဖေ တွေးကြည့်စမ်း၊ သားသား ဘာရလာသလဲ သိလား။ သားသား ကြွက်ပေါက်စ တစ်ကောင် ဖမ်းမိ လာတယ်၊ ငယ်ငယ်လေးရယ်၊ တကယ့် ပေါက်စနလေး၊ ဒီမှာ မြင်လား၊ ကျွန်တော့် လက်ထဲမှာ၊ သူ့ မျက်လုံးကလေးတွေကို ဖေဖေ ကြည့်စမ်း၊ သူ့ကိုကြောင်ဝါမ ဖမ်းမိလာတာ၊ ကြောင်ဝါမက သူ့ကို ကစားနေတာ၊ သူ့ကို လွတ်ပေးလိုက် ပြန်ဖမ်းလိုက်နှင့် နှိပ်စက်နေတာ၊ ဒါကြောင့် သားသားက သူ့ နှာခေါင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



နမ်းနေတုန်း ကပျာကယာ ဝင်လုလာတာ၊ သားသားတို့ သူ့ကို ဘာလုပ်ပေးရင် ကောင်းမလဲဖေဖေ’

ပိုင်ရီက မော့ကြည့်သည်။ သူ့မျက်နှာသည် ဝင်းနေသည်။ သူ့လက်ထဲမှကြွက်ပေါက်စ လွတ်သွားမည်စိုး၍ သတိထားပြီး ဆုပ်ကိုင်ထားရာမှ တစ်ချက်တစ်ချက် အလန့်တကြားညှစ်ညှစ် ထားသည်။

‘ဖေဖေတို့ သူ့ကို ပန်းခြံထဲ ခေါ်သွားမယ်၊ ဟိုကျတော့ လွှတ်လိုက်တာပေါ့၊ ဟုတ်လား၊ ကဲ လာ’

ဗာရာဂုက ထီးတစ်လက် သွားယူပြီး ဆောင်းကာ သူ့သားငယ်ကို လက်တစ်ဖက်ကဆွဲ၍ အပြင်သို့ ထွက်ခဲ့၏။ ကောင်းကင်မှာ စောစောက ထက် ကြည်လင်နေသည်။ မိုးပေါက်များသည် ခပ်ဖွဲဖွဲမျှသာ ကျလျက်ရှိ၏။ မည်းနက်သော အဆင်းကို ဆောင်နေကြသည့် သစ်ပင် ပင်စည်များသည် မိုးရေများ စွတ်စိုသဖြင့် အရောင်တလက်လက် ထွက်နေကြသည်။

သူတို့ သားအဖသည် သစ်ပင်ကြီးများအောက် အမြစ်ဆုံများ စုဝေးရာနေရာသို့ ရောက်လာကြသည်။ ပိုင်ရီက ဒူးထောက်၍ ထိုင်ချလိုက်ကာ သူ့လက်ကို ဖြည်းဖြည်း သာသာကလေး ဖြန့်သည်။ တလက်လက် တောက်နေသော သူ့မျက်လုံးများသည် အတွင်းမှ ထွက်လာမည့်အရာကို စိတ်လှုပ်ရှားစွာဖြင့် စောင့်ကြည့်နေသည်။ ကြည့်နေရင်း မှပင် ဆုပ်ထားသည့်လက်ကို ဖျတ်ခနဲ ဖွင့်လိုက်၏။ သူ့လက်ထဲမှ ကြွက်ပေါက်စသည် ဖြုန်းခနဲ ခုန်ထွက်လိုက်ကာ သစ်မြစ်ဆုံ



ကြီးများဘက်သို့ အလန့်တကြား ပြေးထွက်သွားသည်။ ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ ကြွက်ပေါက်စသည် တစ်ခဏမျှ ဆောင့်ကြောင့်ထိုင်ကာ ဟိုဟိုသည်သည်ကြည့်သည်။

ပိုင်ရီက ဝမ်းသာအားရ ထအော်ပြီး လက်ခုပ်တီးသည်။ အသံကြောင့် လန့်သွားသော ကြွက်ပေါက်စသည် သစ်မြစ်ဆုံများ ကြားရှိ တွင်းငယ်တစ်ခု အတွင်းသို့ ပြေးဝင် ပျောက်ကွယ်သွားသည်။ အနားမှ ရပ်နေသော ဗာရာဂုက သူ့သားငယ်၏ ထူထဲသော ဆံစများကို လက်နှင့် အသာအယာ ကိုင်သည်။

‘ငါ့သား ဖေဖေနှင့် လိုက်မလား’

ပိုင်ရီက သူ့ညာလက်ကို ဖခင်၏ ဘယ်ဘက် လက်ထဲသို့ ထိုးထည့်လိုက်ကာ မငြင်းမဆန်ဘဲ လိုက်လာလေသည်။

‘အခုလောက်ဆိုရင် ကြွက်ပေါက်စကလေးဟာ သူ့ဖေဖေ မေမေနှင့်တွေ့လို့ သူ့ အဖြစ်အပျက် အားလုံးကို ပြောပြနေလောက်ပြီနော်’

ပိုင်ရီ၏ထံမှ တီတီတာတာ စကားလုံးများ ထွက်လာသော အခါ ဗာရာဂုသည် သူ့သားငယ်၏ လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။ ဤကလေး၏ ပါးစပ်မှ ထွက်လာသမျှ စကားလုံးများသည် သူ့နှလုံးသားကို လှုပ်ရှားစေ၏။ ကြားလိုက်ရသည့် အခါတိုင်း မေတ္တာစိတ်သည် တစိမ့်စိမ့် ယိုဖိတ်လာတော့၏။

အို...သူ့ဘဝ တစ်သက်တာတွင် ဤ သားငယ်ကလေး အပေါ်၌ ထားရှိနေသည့် ချစ်မေတ္တာမျိုးကို နောက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့အပေါ်မှာမှ ထားနိုင်လိမ့်မည် မထင်၊ ဤကလေးနှင့် အတူတူနေရသည့် အခိုက်အတန့်တွင် သာယာကြည်နူးသော စိတ်၊ နူးညံ့သိမ်မွေ့သော စိတ်တို့သည် သူ့ရင်တွင်း၌ လှိုက်လှိုက်လှဲလှဲ ဖြစ်ပေါ်လာလေ့ ရှိ၏။ ဤမျှလောက် စစ်မှန်ဖြူစင်သော စိတ်မျိုးကို ဤကလေးနှင့် နေရသည့် အခိုက်အတန့်မှ လွဲ၍ ကျန်အချိန် များတွင် ဘယ်တော့မှ ဖြစ်ပေါ်လာလိမ့်မည် မထင်။

ဤသားငယ်နှင့် အတူတကွ နေရသည့်အချိန်တွင် သူ၏ ငယ်စဉ်တောင်ကျေး ကလေးဘဝမှ ချစ်စရာကောင်းလှသော ရုပ်လွှာသည် သူ၏ စိတ်မျက်စိ အာရုံတွင် ထင်ဟပ်လာ ဖြစ်၏။ ဤသားငယ်၏ ချစ်စရာရုပ်ရည်၊ ဤသားငယ်၏ ရယ်မောသံနှင့် ဤသားငယ်၏ ရိုးသားဖြူစင်မှု များသည် ဗနီရာဂု၏ ဘဝအတွက် အသာယာဆုံးသော အရာများ ဖြစ်ချေသည်၊ သူ့ဘဝ တစ်သက်တာတွင် နောက်ဆုံး ရ ခံစားနေရသည့် အရာများပင် ဖြစ်ချေသည်။

တကယ်တော့ ဤသာယာ ချမ်းမြေ့မှုများသည် ဆောင်း ဦးပေါက် ရာသီတွင် နောက်ဆုံး ပွင့်နေသည့် နှင်းဆီပန်း များနှင့် တူလှသည် ထင်၏။ နေရောင်ခြည်၏ နွေးထွေးမှုကို ရယူကာ အစွမ်းကုန် ပွင့်ဖူး မွှေးထူးနေကြသည်နှင့် တူ၏။ မုန်တိုင်း သို့မဟုတ် ဆီးနှင်းများ ကျလာခဲ့ပါမူ နှင်းဆီပန်း များ၏ ပွင့်ချပ်များသည် ကြွေကျလွင့်မျောကုန်ကြတော့မည် ဖြစ်၏။ ထိုအခါ အားလုံးသော သာယာချမ်းမြေ့မှုများသည် အဆုံးသတ်ရပေတော့မည်။



'ဖေဖေ ဘာပြုလို့ အဲလ်ဘတ်ကို မချစ်တာလဲ' ရုတ်တရက် ပိုင်ရီက မေးလိုက်ခြင်းဖြစ်သည်။

ဗာရာဂုဘ သူ့သားငယ်၏ လက်ကို တိုး၍ တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

'ဖေဖေ သူ့ကို ချစ်ပါတယ် သားရယ်၊ သူက ဖေဖေ့ထက် မေမေ့ကို ပိုချစ်နေတာပါ၊ အဲဒါကျတော့ ဖေဖေလည်း ဘာမှ မတတ်နိုင်ဘူးပေါ့'

'သူကတော့ ဖေဖေ့ကို မချစ်ဘူးလို့ ထင်တာပဲ၊ ပြီးတော့ ဖေဖေ သိမလား မပြောတတ်ဘူး၊ သူက သားသားကိုလည်း သိပ်မချစ်ဘူး၊ သူဘာ အမြဲတမ်း စန္ဒရားပဲ တီးနေတာပဲ၊ စန္ဒရား မတီးရင် သူ့အခန်းထဲမှာ တစ်ယောက်တည်း ထိုင်နေ တာပဲ။ သူ ရောက်လာတဲ့ နေ့က သားသားက သားသား ကိုယ်တိုင် စိုက်ထားတဲ့ ဥယျာဉ်အကြောင်း ပြောပြတယ်၊ သူက မာနကြီးတဲ့ မျက်နှာထားကြီးနှင့် ပြန်ပြောတယ်၊ အေး.... ကောင်းပြီ၊ ငါတို့နှစ်ယောက် မနက်ဖြန်ကျတော့ အတူ သွားကြည့်ကြမယ်တဲ့၊ ဒါပေမယ့် နောက်ထပ် ဘာမှ ထပ် မပြောတော့ဘူး၊ သူက သူငယ်ချင်းကောင်းနှင့်လည်း မတူဘူး၊ ပြီးတော့ သူ့မှာ နှုတ်ခမ်းမွေးတွေလည်း ပေါက်နေပြီ၊ ပြီးတော့လည်း သူက တစ်ချိန်လုံး အမြဲတမ်း မေမေ့ အနားမှာပဲ နေတယ်၊ သားသားတောင် မေမေ့နား ကပ်လို့ မရ တော့ဘူး'

'ဒါပေမယ့် အဲလ်ဘတ်က ဒီအိမ်မှာ ကြာကြာမနေပါဘူး၊ ရက်နည်းနည်းလောက်ပဲ နေမယ်ဆိုတာ မေ့မပါနှင့်၊ မင်း

www.burmeseclassic.com

www.burmeseclassic.com



မေမေနဲ့သား ကပ်လို့ မရတဲ့အခါ ဖေဖေ့ဆီ အမြဲ လာမယ်၊ မင်းက မလာချင်ဘူးလား'

'အမြဲတမ်း လာချင်စိတ် မရှိဘူး ဖေဖေရဲ့၊ တစ်ခါတလေ သားသားက ဖေဖေ့ဆီ လာချင်တယ်၊ တစ်ခါတလေကျတော့ မေမေနဲ့ပဲ နေချင်တယ်၊ ပြီးတော့လည်း ဖေဖေက အမြဲတမ်း အလုပ်ကို ထိုင်လုပ်တာပဲ'

'အဲသလို ဖြစ်တာကို စိတ်မပူပါနဲ့ သားရယ်၊ မင်း ဖေဖေ့ကို တွေ့ချင်ရင် အချိန်မရွေး လာခဲ့၊ ဖေဖေပြောတာ ကြားလား၊ တကယ်လို့ ဖေဖေ စတူဒီယိုထဲမှာ အလုပ်လုပ်နေရင် လာသာလာခဲ့'

ပိုင်ရီက အဖြေ မပေး။ သူ့အဖေကို မော့ကြည့်ပြီး သက်ပြင်းချသည်။ သူ့မျက်နှာထားကတော့ ကျေနပ်ပုံ မရ။

'အဲသလို မလုပ်ချင်ဘူးသား'

သူ့သား ပိုင်ရီ၏ မျက်နှာမှာ စောစောကလို ကြည်လင်ခြင်း ရှိ၍ တက်ကြွခြင်းလည်း မရှိ။ မှုန်မှိုင်းမှိုင်းနှင့် တွေတွေဝေးဝေး ဖြစ်သွားသဖြင့် ဗာရာဂုက မေးခြင်း ဖြစ်၏။

ဗာရာဂုက ထပ်မေးပြန်သည်။

'ပြောပါဦး သားရယ်၊ မင်း ဖေဖေနှင့် နေရတာ သဘောကျရဲ့လား'

'သဘော ကျပါတယ် ဖေဖေရယ်၊ ဒါပေမယ့် ဖေဖေ ပန်းချီဆွဲနေတဲ့ အခါကျရင်တော့ သားသား မလာချင်ဘူး။ သားသားက...'

'သားက ဘာကို မကြိုက်တာလဲ'



'ဖေဖေလည်း သိမှာပါ၊ သားသားက စတူဒီယိုထဲလာပြီး တွေ့တဲ့အခါ ဖေဖေက သားသား ဆံပင်ကို ကိုင်တယ်၊ စကားလည်း ဘာမှ မပြောဘူး။ မျက်လုံး တွေကလည်း တစ်မျိုးပဲ၊ တစ်ခါတလေကျရင် ဖေဖေ့မျက်လုံးတွေက ဒေါသကြီးနေတယ်၊ ဟုတ်တယ် ဖေဖေ၊ ပြီးတော့လည်း သားသားက တစ်ခုခုအကြောင်း ပြောနေရင် ဖေဖေ နားမထောင်ဘူးဆိုတာ ဖေဖေ့မျက်လုံးတွေကို ကြည့်တာနှင့် သိတယ်၊ ဖေဖေက ပါးစပ်ကသာ အင်း အင်းလို့ ပြောနေတာ၊ သား ပြောတာတွေကို ဂရုစိုက်တာ မဟုတ်ဘူး၊ သားသား ဖေဖေ့ဆီ လာပြီး တစ်ခုခု ပြောရင် ဖေဖေက နားထောင်မှ သားသားက ကြိုက်တာ'

'အေးပါကွာ၊ နောက်တစ်ခေါက်သာ လာခဲ့ပါ၊ ဖေဖေက ဖေဖေ့အလုပ် အကြောင်းကို သိပ်ပြီးတွေးနေတဲ့အခါတို့၊ တစ်ခုခု လုပ်ဖို့ရှိနေတဲ့အခါတို့ အကောင်းဆုံး ဖြစ်အောင် ဘယ်လိုများ လုပ်ရပါမလဲလို့ စဉ်းစားနေတဲ့ အခါတို့နှင့် ကြုံရင် ဖေဖေက သားပြောတာကို စိတ်မဝင်စားသလို ဖြစ်ရတာပေါ့၊ အဲဒီအခါမျိုးမှာ ဖေဖေက မင်းပြောတာကို နားမထောင်သလို ဖြစ်ရတယ်၊ ဒါပေမယ့် နောက်တစ်ခါ သားလာရင် အဲသလို မဖြစ်ရအောင် ဖေဖေ ကြိုးစားပါ့မယ်'

'ဟုတ်တယ် ဖေဖေ၊ သားလည်း နားလည်ပါတယ်၊ ဖေဖေ ဖြစ်တာ သားသား ဖြစ်သလိုပဲ၊ တစ်ခါတလေကျရင် သားသားလည်း တစ်ခုခု တွေးနေရော၊ တစ်ယောက်ယောက် က ခေါ်ရင် သားသားက မကြားဘူး၊ ခေါ်တဲ့လူဆီ သွား

www.burmeseclassic.com

www.burmeseclassic.com



ရမှာ သားသားက မသွားဘူး၊ တစ်ခါတလေဆိုရင် သားသားလည်း ငြိမ်ငြိမ်လေးနေပြီး တစ်နေ့လုံး တွေးနေချင်တယ်၊အဲဒီအခါမှာ ကစားဖို့ စာကျက်ဖို့ တစ်ခုခု လုပ်ဖို့ ရှိလာရင် သားသားလည်း ဒေါသဖြစ်တာပဲ'

ပိုင်ရီသည် သူပြောလိုသည့် စကားကို အဓိပ္ပာယ် ပေါက်အောင် ကြိုးစားအားထုတ်၍ ပြောလိုက်ရသဖြင့် ပင်ပန်းသွားသည့်နှယ် ရှိသည်။ သူ ပြောလိုသည့် အဓိပ္ပာယ်ကို နားမှလည်ပါမည်လော ဟုလည်း သံသယ ဝင်ဟန် ရှိသည်။ သူသည် မိုးကောင်းကင်ဆီသို့ ငေးကြည့်နေသည်။

သူတို့သည် ဗာရာဂုဏ် အခန်းထဲသို့ ဝင်ခဲ့ကြသည်။ အခန်းထဲ ရောက်သည့်အခါ ဗာရာဂုက တစ်နေရာတွင် ဝင်ထိုင်လိုက်ပြီး သူ့သားကို သူ့ဒူးနှစ်လုံး ကြားထဲ ဆွဲသွင်းလိုက်သည်။

'သား ပြောတဲ့ အဓိပ္ပာယ်ကို ဖေဖေ နားလည်ပါတယ် ပိုင်ရီ'ဟု လေအေးကလေးဖြင့် ပြောသည်။ 'ကဲ အခု ငါ့သား ခေတ်ပုံတွေ ကြည့်မလား၊ ပုံဆွဲမလား၊ ကြွက်ပေါက်စကလေးရဲ့ ပုံပြင်ကို မင်း ပုံမဆွဲနိုင်ဘူးလား'

'အို ဟုတ်သားပဲ၊ သား ဆွဲမယ်၊ ဒါပေမယ့် သားသားမှာ စက္ကူမရှိဘူး၊ စက္ကူကောင်းကောင်းကြီးကြီး တစ်ရွက်လိုတယ်'

ဗာရာဂုက စားပွဲအံဆွဲထဲမှ ပုံဆွဲစက္ကူတစ်ရွက် ထုတ်ပေးသည်။ ခဲတံတစ်ချောင်းကို ချွန်ပေးသည်။ ပြီးတော့ ကုလားထိုင်တစ်လုံးကိုပါ ယူလာပြီး ချပေးသည်။

ပိုင်ရီသည် ကုလားထိုင်ပေါ် ဒူးထောက်၍ ထိုင်ကာ ကြက်နှင့်ကြောင်ဖိုကို ချက်ချင်း ဆွဲသည်။ သူ့ သားကို



စောင့်ယှက်လိုသော ဗာရာဂုက ပိုင်ရီ၏နောက်နားမှ ကာဆိုင်ကာ သူ့သား၏ လည်ပင်း၊ ဈော်နှင့် ခေါင်းကို ကြည့်နေသည်။

ပိုင်ရီသည် သူ့အလုပ်တွင်များစွာ စိတ်ဝင်စားလျက်ရှိသည်။ သူ့နှုတ်ခမ်းများ၏ လှုပ်ရှားမှုများသည် သူ ဆွဲနေသောပုံများပေါ်၌ အလေးအနက် ထားနေကြောင်း ဖော်ပြနေသည်။ သူ ရေးဆွဲသမျှ ခဲကြောင်းများနှင့် ခဲချက်များ ပီပြင်မှုမရှိကို မငြိမ်မသက် ဖြစ်နေသော နှုတ်ခမ်းများ၊ လှုပ်ရှားနေသော မျက်လုံးများနှင့် တွန့်ရှုံ့နေသော နဖူးကြောများက ဖော်ပြနေကြလေသည်။

'အိုဗျာ၊ ပုံဆွဲရတာ မကောင်းပါဘူး'ဟု ပိုင်ရီက ရေရွတ်သည်၊ သူသည် ကိုယ်ကိုမတ်မတ် ထားလိုက်ပြီး သူ့ ပါးကို လက်နှစ်ဖက်ဖြင့် ထောက်လိုက်ကာ သူ ဆွဲထားသည့် ပုံကို အသေအချာ ပြန်ကြည့်နေသည်။

'ရလည်း မရဘူး'ဟု စိတ်ပျက် စိတ်ရှုပ်သံဖြင့် ပြောသည်။ 'ဖေဖေ ကြောင်ကို ဘယ်လို ဆွဲရသလဲ ဟင်၊ သား ဆွဲထားတဲ့ ကြောင်က ခွေးနှင့် တူနေတယ်'

သူ့ အဖေက ပုံဆွဲစက္ကူကို လှမ်းယူပြီး ဂရုတစိုက် စစ်ဆေး ကြည့်ရှုသည်။

'ဖေဖေတို့ ခဲဖျက်နှင့် နည်းနည်း ပါးပါး ဖျက်ပေးရလိမ့်မယ်'ဟု လေအေး ကလေးဖြင့် ပြောသည်၊ 'ခေါင်း သိပ်ပြီးကြီးနေတယ်၊ ဒီခလောက် မဝိုင်းရဘူး၊ ခြေထောက်တွေလည်း သိပ် ရှည်လွန်းတယ်၊ဖေဖေတို့ ရအောင် ထပ်ဆွဲတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



သူသည် ပိုင်ရှီ၏ ပုံကို ခဲဖျက်နှင့် ဖျက်သည်။ စက္ကူတစ်ရွက် ထပ်ယူပြီး ခကြောင်တစ်ကောင်ပုံ ဆွဲသည်။

'ဒီမှာတွေ့လား၊ ကြောင်ပုံဟာ ဒီလိုပုံမျိုး ဖြစ်ရမယ်၊ ဒီပုံကို သား ခဏလောက်ကြည့်၊ ပြီးတော့ မင်းဘာသာမင်း တစ်ပုံထပ်ဆွဲ'

သို့သော်လည်း ပိုင်ရှီ၏ ဇွဲမှာ ကုန်ခန်း သွားခဲ့ပြီ ဖြစ်၏။ သူသည် လက်ထဲမှ ခဲတံကို ပြန်ပေးသည်။ သူ့ အဖေက ကြောင်သားလေး တစ်ကောင်ပုံ ဆွဲသည်။ ထို့နောက် ကြက်ပေါက်စ တစ်ကောင်။ ထို့နောက် ပိုင်ရှီ ရောက်လာပြီး ကြက်ပေါက်စ လွှတ်နေပုံ။ ထို့နောက်တွင်မူ မြင်းရထား တစ်စီးပုံနှင့် ရထားသမား တစ်ယောက်ပုံကို ပိုင်ရှီက ဆွဲခိုင်းပြန်သဖြင့် ဆွဲပေးရ ပြန်၏။

ထို့နောက်တော့ ပိုင်ရှီသည် ပုံဆွဲခြင်းကို ထိုင်ကြည့်နေရသည့် အသုပ်အပေါ် ငြီးငွေ့လာသည်။သီချင်းတကြော်ကြော် အော်ဆိုပြီး အခန်းထဲ၌ ခုန်ပေါက် ပြေးသွား ကစားသည်။ အပြင်ဘက်တွင် မိုးရွာနေသေး သလားဟု ပြတင်းပေါက်မှ ခေါင်းပြူကြည့်သည်။ ပြီးတော့ ခုန်ပေါက် မြူးထူးကာ အပြင်သို့ ထွက်သွားသည်။

ပြတင်းပေါက်များ အောက်မှ ဖြတ်ပြေးရင်း အော်ဟစ် သီဆိုသွားသည့် သူ၏ သီချင်းသံကို ကြားနေရ၏။ ထို့နောက် အသံ ပျောက်သွားသည်။ ဗာရာဂုကတော့ ကြောင်ရုပ်ပုံများ ဆွဲထားသည့် ပုံဆွဲစက္ကူတစ်ရွက် ကိုင်ကာ အခန်းထဲတွင် တစ်ယောက်တည်း ထိုင်လျက်။



၈

ဗာရာဂုသည် လူသုံးဦးပုံ ဆွဲထားသည့် ပန်းချီကားချပ်ကို မျက်နှာပြု၍ ရပ်ကာ အမျိုးသမီး၏ စိမ်းပြာရောင် ဖျော့ဖျော့ ဝတ်စုံကို အရောင်သွင်းလျက် ရှိ၏။

အမျိုးသမီး၏ လည်ပင်းမှ အရောင် တလက်လက် ထွက်ကာ ဝင်းအိနေသော ရွှေဆွဲကြိုး အရောင်သည် အမှောင်ရိပ်သန်းနေသော မျက်နှာထက်မှ ဝမ်းနည်း ကြေကွဲမှုနှင့် အထီးကျန်ဖြစ်လွန်းလှသည့် ခံစားမှုတို့ကို ပိုမို၍ ပီပြင် ပေါ်လွင်အောင် တွန်းအားပေးလျက် ရှိသည်။ ထို့ပြင်လည်း အမျိုးသမီး၏ ဝတ်စုံထက်မှ သာယာ ပျော်ရွှင်မှု ကင်းမဲ့ခြင်းကို ရည်ညွှန်း ဖော်ဆောင် ထား သော စိမ်းပြာ ရောင် ခပ်ဖျော့ဖျော့၏ ဆိုလိုချက်ကိုပါ အသက်ဝင်အောင် ဖန်တီး ပေးထားသည်။

ထို့မျှသာမက ဆွဲကြိုးမှ ရွှေရောင်သည် အမျိုးသမီး၏ အေးမှ ချစ်စရာကောင်းအောင်လှသော ကလေးငယ်၏ ဖျော့ဖျော့ ဖြစ်နေသည့် ရွှေရောင် ဆံပင်များထက်သို့ ထက်စင်းကာ ကလေးငယ်၏ ရွှင်လန်း ချမ်းမြေ့မှုနှင့် နူးညံ့ သိမ်မွေ့မှုများ

www.burmeseclassic.com



ကိုပါ ပီပီပြင်ပြင် မြင်သာအောင် ဖော်ဆောင်ထားပေးလျက် ရှိလေသည်။

အပြင်မှ တံခါးခေါက်သံတစ်ချက် ကြားရသည်၊ ဗာရာဂုစိတ်တိုစွာဖြင့် နောက်သို့ဆုတ်၍ ရပ်လိုက်၏၊ တင်ခဏမျှ ရပ်၍ နားစွင့်သည်၊ နောက်ထပ်ခေါက်သံ ပေါ်လာပြန်၏၊ သူသည် တံခါးဆီသို့ ခြေလှမ်းကို ခပ်ကျဲကျဲ လှမ်း၍ သွားပြီး ဖွင့်ပေးသည်။

တံခါးဝ၌ ရပ်နေသူမှာ အဲလ်ဘာတ်၊ ကျောင်းပိတ်ရက် ၌ အိမ်သို့ ရောက်သည့် နေ့မှစ၍ စတူဒီယိုထဲသို့ ခြေမချခဲ့ဖူးသူ၊ သူသည် ကောက်ရိုး ဦးထုပ်ကို ကိုင်၍ သူ့ အဖေ၏ မျက်နှာကို မရဲမရဲ မျက်နှာထားဖြင့် ကြည့်နေသည်။

ဗာရာဂုက အဲလ်ဘာတ် ဝင်နိုင်အောင် တံခါးပေါက်မှ ဖယ်ပေးသည်။ ၊

'ဟဲလို အဲလ်ဘာတ်၊ မင်း ငါ့ ပန်းချီကားတွေကို လာကြည့်တာလား၊ ဒီမှာတော့ များများစားစား မရှိဘူးကွ'

'ကျွန်တော် အဖေ့ကို မနှောင့်ယှက်ချင်ပါဘူး၊ ကျွန်တော် မေးချင်တာ တစ်ခု ရှိ....'

သို့သော်လည်း သူ့စကား မဆုံးမီ ဗာရာဂုက တံခါးကို ပြန်ပိတ်လိုက်ပြီး သူ၏ ပုံဆွဲကားချပ် တင်ရာ သုံးချောင်းထောက်ခုံရှေ့မှ ဖြတ်ကာ သူ၏ ရေးဆွဲပြီး ပန်းချီကားများ တင်ထားသည့် စင်ဆီသို့ သွားသည်၊ ထို့နောက် စင်ပေါ်မှ ငါးများပုံပါသည့် ပန်းချီကားကို ဆွဲထုတ်လိုက် လေသည်။



အဲလ်ဘာတ်ကတော့ သူ့ အဖေဘေးတွင် ကြောင့်အမ်းအမ်းနှင့် ရပ်ကာ ငွေရောင်တောက်နေသော ပန်းချီကားကို သူ့ အဖေနှင့် အတူ ရောယောင်ပြီး ကြည့်နေသည်။

'မင်း ပန်းချီကားကို စိတ်ဝင်စားရဲ့လား'ဟု ဗာရာဂုက ပေါ့ပေါ့တန်တန် လေသံဖြင့် မေးသည်။ 'ဒါမှ မဟုတ်လည်း တေးဂီတ တစ်ခုတည်းပဲ ဝါသနာပါတာလား'

'အို ပန်းချီကို ကျွန်တော် သိပ်ပြီး သဘောကျပါတယ်၊ ဒီပုံက တော်တော့်ကို လှတာပဲနော်'

'ဒီပုံကို မင်း ကြိုက်သလား၊ ဖေဖေ ဝမ်းသာပါတယ်၊ ဒီပန်းချီကားကို ဓာတ်ပုံရိုက်ပြီး မင်းအတွက် တစ်ပုံကူးပေးမယ်၊ မင်းကို တစ်ခု မေးရဦးမယ်၊ မြိုင်ခေမာကို ပြန်လာတာ မင့်စိတ်ထဲမှာ ဘယ်လိုနေသလဲ'

'ကျေးဇူးတင်ပါတယ် ဖေဖေ၊ ပြန်လာတော့လည်း စိတ်ထဲမှာ အံ့သြစရာ ကောင်းသလိုလိုပါပဲ၊ ဒါပေမယ့် ကျွန်တော် ဖေဖေ့ကို အနှောင့်အယှက် မပေးချင်ပါဘူး၊ ကျွန်တော် လာတာက မေးစရာ တစ်ခုရှိ....'

ဗာရာဂုကတော့ အဲလ်ဘာတ်၏ စကားကို နားမထောင်၊ သူ အလုပ်လုပ်နေခိုက်တွင် ဖြစ်လေ့ရှိသည့် အကျင့်အတိုင်း ငေးကြောင်ကြောင် မျက်နှာထားဖြင့် သူ့သား၏ မျက်နှာကို ခပ်တွေတွေ စိုက်ကြည့်နေသည်။

'ဖေဖေ့ကို ပြောစမ်းပါဦး၊ ဒီခေတ်မှာ မင်တို့ လူငယ်တွေက အနုပညာနှင့် ပတ်သက်လို့ ဘယ်လို သဘောထား

www.burmeseclassic.com

www.burmeseclassic.com



အမြင်တွေ ရှိကြသလဲ၊ ဖေဖေ ဆိုလိုတာက မင်းတို့ လူငယ်တွေ အနေနှင့် နက်ချာ့ရဲ့ ဒဿနိက အမြင်တွေကို လက်ခံကြတုန်းပဲလား၊ တိန်းရဲ့ စာအုပ်တွေကိုရော ဖတ်ကြတုန်းပဲလား၊ တိန်းဟာ လူထောင်တစ်ယောက်ဆိုတာ ဖေဖေ ဝန်ခံပါတယ်၊ ဒါပေမယ့် ပျင်းစရာကောင်းတယ်၊ ဒါမှ မဟုတ် လည်း မင်းတို့မှာ အတွေးအမြင် သစ်တွေ ရှိနေကြပြီလား’

‘ကျွန်တော် အခုအချိန်ထိ တိန်းရဲ့ စာတွေကို မဖတ်ဖူးသေးဘူး၊ ဒါမျိုးတွေ ကျတော့ ကျွန်တော့်ထက် ဖေဖေက ပိုပြီး သိမှာပါ’

‘ဟိုအရင်တုန်းကတော့ သိတယ်ကွ၊ အနုပညာရော ယဉ်ကျေးမှုရော ဆိုပါတော့၊ အေပိုလွန်နီယန်တို့ ဒိုင်အိုနီ ဆီယန်တို့က စပြီး အားလုံးပဲ ဆိုပါတော့၊ အဲဒါတွေ အားလုံးဟာ သိပ်အရေးကြီးတဲ့ တာတွေလို့ ယူဆခဲ့တာပေါ့၊ ဒါပေမယ့် အခုကျတော့ တစ်မျိုးဖြစ်သွားပြီ၊ ဖေဖေ့ အနေနှင့် ပုံကောင်း တစ်ပုံဆွဲနိုင်ရင် ကျေနပ်သွားတာပဲ၊ ဘာ ပြဿနာကိုမှ မမြင်တော့ဘူး၊ အထူးသဖြင့် ဒဿနိက အမြင်နှင့် ဆက်စပ်နေတဲ့ ပြဿနာတွေ မစေါ်တော့ဘူး၊ တကယ်လို့ မင်းက ဖေဖေ ဘာကြောင့် ပန်းချီဆရာတစ်ယောက် လုပ်နေရတာလဲ ဆိုတဲ့ မေးခွန်းနှင့် ဘာကြောင့် ဖေဖေ ကင်းဗတ်ပေါ်မှာ ပုံတွေဆွဲပြီး အေးဆေးစွာ ခြယ်နေရတာလဲလို့ ဆိုတဲ့ မေးခွန်းတွေကို မေးတယ် ဆိုပါတော့၊ ဖေဖေကတော့ နန့်စရာ အမြီးမရှိလို့ ပန်းချီဆွဲနေတာလို့ပဲ ဖြေမှာပဲ’

www.burmeseclassic.com



အဲလ်ဘတ်ကအံ့ဩသွားသည့်မျက်နှာထားဖြင့် သူ့ အဖေကို ကြည့်သည်၊ သူ့ အဖေက သူ့ အား အခုလို အပြောမျိုး မပြောခဲ့သည်မှာ ကြာပြီ မဟုတ်ပါလော၊

‘နန့်စရာ အမြီးမရှိလို့တဲ့၊ ဖေဖေ ပြောတဲ့ အဓိပ္ပာယ်က ဘာလဲ’

‘ဖေဖေ ပြောတာ ရှင်းရှင်းကလေးပါ၊ ခွေးတွေ ကြောင်တွေနှင့် လိမ္မာပါးနပ်တဲ့ တိရစ္ဆာန်တွေမှာ အမြီးရှိကြတယ်၊ သူတို့ဟာ သူတို့ရဲ့ အမြီးတွေကို အကြိမ်ပေါင်း ထောင်ပေါင်း များစွာ ယမ်းလိုက် ခါလိုက်လုပ်ပြီး ပြောတဲ့ တိရစ္ဆာန် ဘာသာစကားကို တတ်ကြတယ်၊ သူတို့အနေနှင့် သူတို့ရဲ့ အမြီးတွေကို ခါယမ်းပြီး သူတို့အတွေး သူတို့စိတ်ကူး သူတို့ရဲ့ အာရုံခံစားမှုနှင့် ဝေဒနာ ခံစားမှုတွေကိုသာ ပြောပြနိုင်ကြတာမှ မဟုတ်ဘူး၊ သူတို့ရဲ့ စိတ်အခြေအနေ၊ သူတို့ရဲ့ ဘာ လုပ်ရှားမှု၊ သူတို့ရဲ့ မတူညီတဲ့ ခံစားမှုတွေကိုပါ သိအောင် ပြောပြနိုင်ကြတယ်၊

‘ဖေဖေတို့မှာတော့ အမြီးမရှိကြဘူး မဟုတ်လား၊ အဲဒီတော့ ဖေဖေတို့မှာ ဖေဖေတို့ ပြောလိုသမျှကို ထုတ်ဖော် ပြောပြနိုင်ဖို့ နည်းလမ်းတစ်ခု လိုလာတယ်၊ ဒါကြောင့် ဖေဖေတို့ဟာ ပန်းချီ ဆွဲတဲ့ စုတ်တံတွေ၊ စန္ဒရားတွေနှင့် တယောတွေကို ကိုယ့် ဘာသာကိုယ် နည်းလမ်းရှာပြီး တီထွင် လုပ်ကိုင်ထားကြ ရတယ်’

သူသည် စကားကို ဆက်မပြောတော့ဘဲ ပြောလက်စ စကားပေါ် စိတ်မဝင်စားတော့သည့်နှယ် ရုတ်တရက် ဖြတ်ပစ်

www.burmeseclassic.com



လိုက်သည်။ သူ့သား အဲလ်ဘတ်ထံမှ စိတ်ပါဝင်စားမှု မရှိဘဲ သူ တစ်ယောက်တည်း ပြောသလို ဖြစ်နေသည့်အလား သူ့စကားကို ရပ်ပစ်လိုက်ခြင်း ဖြစ်လေသည်။

'အခုလို လာလည်ဖော်ရတဲ့အတွက် မင့်ကို ဖေဖေက ကျေးဇူးတင်ပါတယ်' ဟု ပြောသည်။ သူသည် ချက်ချင်းပင် ဆွဲလက်စ ပန်းချီကား ရှေ့သို့ ပြန်သွားပြီး ဆေးစပ်သည့် ပျဉ်ပြားလေးကို ကောက်ကိုင်သည်။ ပန်းချီကားပေါ်မှ သူ နောက်ဆုံး စုတ်ချက် တင်ထားခဲ့သည့် နေရာကို လိုက်လံ ရှာဖွေသည်။

'ခဏနေပါဦး ဖေဖေ၊ ကျွန်တော် တစ်ခုခွင့်တောင်းချင်လို့'

ဗာရာဂူက လှည့်ကြည့်သည်။ သို့သော်လည်း သူ့ မျက်လုံးများသည် သူကြည့်နေသော အရာဝတ္ထုနှင့် အလွန် အလှမ်းဝေးသွားပြီ၊ သူ့ အလုပ်မှတစ်ပါး အခြားပြင်ပမှ အရာဝတ္ထုများဟူသမျှသည် သူနှင့် အဆက်ပြတ်သွားခဲ့ပြီ၊

'အေး ပြော၊ ဘာလဲ'

'ကျွန်တော် မြင်းလှည်းနှင့် အပြင်ထွက်ရင် ပိုင်ရိုကို ခေါ်သွားချင်တယ်၊ မေမေကတော့ ခေါ်သွားဖို့ သဘောတူပါတယ်၊ ဒါပေမယ့် သူက ဖေဖေ့ကို သွားပြီး ခွင့်တောင်းဦးလို့ ခိုင်းတာနှင့်'

'မင်းက ဘယ်သွားမှာလဲ'

'ဘောပိုင်းကို သွားမလို့၊ အကြာကြီး မနေပါဘူး၊ မီဂေါလ်ဟိန်းရွာဘက် အထိတော့ ရောက်မယ်'

'အင်း မြင်းရထားကို ဘယ်သူ မောင်းမှာလဲ'



'ကျွန်တော်ပဲ မောင်းမှာပေါ့'

'ကောင်းပြီလေ၊ မင်း ပိုင်ရိုကို ခေါ်ချင် ခေါ်သွားပေါ့၊ ဒါပေမယ့် နှစ်ယောက်စီး ရထားနှင့် မြင်းနီကြီးကို ယူသွား၊ မြင်းကို ဂျုံတွေ တဝတပြဲ ကျွေးမသွားနှင့်'

'ကျွန်တော်ကတော့ မြင်းနှစ်ကောင်တပ် တစ်ယောက်စီးကိုပဲ ယူသွားချင်တယ်'

'မင်း တစ်ယောက်တည်း ဆိုရင်တော့ မင်း ကြိုက်တာနှင့် သွားပါ၊ ရပါတယ်၊ ဒါပေမယ့် အငယ်ကောင်နှင့် သွားမှာ ဆိုရင်တော့ မြင်းနီကြီးနှင့်ပဲ သွားမှ ဖြစ်မယ်'

အဲလ်ဘတ်သည် စိတ်လက် မကြည်မလင်ဖြစ်ကာ အခန်းထဲမှ ထွက်သွားသည်။ အခြားအချိန် ဆိုလျှင် သူသည် သူ့ အဖေနှင့် အပြိုင်အဆိုင် ငြင်းခုံခြင်း သို့မဟုတ် သူ လိုချင်သော အရာကို မရရအောင် တောင်းခံခြင်း ပြုကောင်း ပြုမိလိမ့်မည် ဖြစ်၏။ ယခုသော်မူ သူ့ အဖေသည် အလုပ်တွင် စိတ်ဝင်တစား ရှိနေခိုက် ဖြစ်၏။ ထို့ပြင်လည်း စတူဒီယိုထဲတွင် ဖြစ်၍ သူ့ အဖေ၏ အရှိန်အဝါက ကြီးမားသလို ဖြစ်လျက် ရှိရာ အဲလ်ဘတ် အနေဖြင့် ယှဉ်ပြိုင်၍ ငြင်းခုံသော သတ္တိ နည်းပါးသလို ဖြစ်နေသည်။ တခြား နေရာမှာသာ ဆိုလျှင် သူသည် သူ့ အဖေ၏ ဩဇာကို ဂရုစိုက်လိမ့်မည် မဟုတ်။

ချက်ချင်းပင် ဗာရာဂူ၏ စိတ်သည် သူ့ အလုပ်ထဲသို့ နစ်ဝင်သွားသည်။ စောစောက ကြုံလိုက်ရသော အစွသည် သူ့ ခေါင်းထဲတွင် မရှိတော့။ ပြင်ပ လောကသည် သူနှင့် အဆက်အသွယ် ပြတ်သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် အပြင်းအထန် အာရုံ စူးစိုက်ကာ သူ့ စိတ်ကူးထဲ၌ ရှင်သန်လျက် ရှိသော ပုံနှင့် သူ၏ ဆွဲလက်စ ပန်းချီကားထဲမှ ပုံကို နှိုင်းယှဉ်ကြည့်သည်။ အရောင်၏ သဘောသဘာဝကို သုံးသပ်သည်။ အရောင်၏ ထူးခြားမှုများနှင့် သာယာမှုများကို လေ့လာ စူးစမ်းသည်။ ပြီးတော့ ခံစားကြည့်သည်။

အရောင်၏ ထူးခြားသော ဝိသေသ လက္ခဏာများ မည်ကဲ့သို့ ပြန့်ကျဲသွားပြီး နောက်ထပ်တစ်ဖန် မည်ကဲ့သို့ ပြန်လည် စုစည်း သွားသနည်း။ ဆန့်ကျင်ဘက် အခုအခံ အဟန့်အတားများနှင့် တွေ့သည့်အခါ မည်ကဲ့သို့ မှေးမှိန်သွားသနည်း။ သဟဇာတ ဖြစ်သော ချက်နှာပြင်ပေါ်မှ အရောင်သည် မည်ကဲ့သို့ ပျော်ဝင် သွားသနည်း စသော အချက်များကို ဆင်ခြင် သုံးသပ်နေမိလေသည်။

တကယ်တော့ သူသည် စည်းစနစ် အလွန်ကြီးသော ပန်းချီဆရာ တစ်ယောက် ဖြစ်သည်။ အနုပညာသည် တစ်ဦး အနေဖြင့် သူ့ အလုပ်အပေါ်မှာ သစ္စာရှိသည်။ တည်ငြိမ် လေးနက်သော အာရုံ စူးစိုက်မှုလည်း ရှိသည်။ သူ့လို လူစားမျိုး၏ အလုပ်ခန်း စတူဒီယိုထဲတွင် မမှန်ကန်မှုများ မရေမရာမှုများနှင့် အလွဲအချော်မှုများသည် မရှိနိုင်။

သူ့ ဘဝတွင် သူသည် တစ်ချိန်သော အခါက ပန်းချီ အနုပညာကို အပျော်တမ်းလိုက်စားသူ တစ်ဦး ဖြစ်ခဲ့ဖူးပေ၏။ သို့သော်လည်း သူသည် အနုပညာကို အလွဲသုံးစားလုပ်ကာ ဖြစ် ကတတ် ဆန်း ရေးဆွဲထားသည့် ပန်းချီကားများကို



လူ အ များ ထံ ဘယ်တုန်းကမှ မ ပို့ ခဲ့။ ယင်းကဲ့သို့သော လှည့်စားမှုများကို သူ ဘယ်တော့မှ မကျင့်သုံးခဲ့။

သို့တစေလည်း သူ့မှာကတော့ ဘဝ၏ လှည့်စားမှုဒဏ်ကို ရက်ပေါင်း နှစ်ပေါင်းများစွာ ခံလာခဲ့ရ၏။ အချစ်နှင့် ပတ်သက်၍ ဖြစ်စေ၊ ဘဝနှင့် ပတ်သက်၍ ဖြစ်စေ သူ့မှာ အလွဲလွဲ အချော်ချော် ဖြစ်မှုများနှင့်သာ ကြုံခဲ့ရ၏။

ပထမတော့ ဤ အဖြစ်ကို သူ လုံးဝ သတိ မထားမိခဲ့။ သူ့ ဘဝသည် ပီပီပြင်ပြင် ဖြစ်လာအောင် ကြည့်ဖို့ လိုအပ်နေပြီ ဟူသော အချက်ကိုပင် သူ မစဉ်းစားမိခဲ့။ ဘဝ၏ ဒဏ်ကို ခံရ၍ တွန်းလှန်သည့်အခါ တွန်းလှန်ပြီး အညံ့ ခံသည့်အခါ အညံ့ ခံခဲ့သည်။ မည်သို့ပင် ဖြစ်စေ ကြာလာတော့လည်း သူ့ ကိုယ်သူ အလုပ်ထဲ၌ နှစ်မြုပ်သွားအောင် အားထုတ်ခဲ့၏။ ကျန် ပြဿနာများကိုမူ သူ့ ဘာသာသူ ဖြစ်ချင်သလို ဖြစ်ပေတော့ဟု သဘောထားကာ ဥပေက္ခာ ပြုခဲ့၏။

နောက်ပိုင်း အလွန် ပြင်းထန်သော အာရုံ စူးစိုက်မှုဖြင့် သူ့ အလုပ်ကို ဖိ၍ လုပ်လာသည့် အခါတွင်မူကား သူ့ ဘဝတွင် သူလက်လွှတ် ဆုံးရှုံးထားခဲ့ရသည့် ပြည့်စုံမှု၊ လေးနက်မှုနှင့် ရှင်းနှီးမှု အစရှိသော ခံစားမှုများသည် သူ ရေးဆွဲခဲ့သမျှ ပန်းချီကားများထဲတွင် အောင်မြင်စွာ ပေါ်ပေါက်လာခဲ့သည်။

သို့သော်လည်း သူသည် အထီးကျန် နိုင်လွန်းမှု တည်း ဟူသော ကြီး၏ ရစ်ပတ် တုပ်နှောင်မှုကြောင့် အနေရ ကျပ်တည်းလာသည်။ အနေရ ကျပ်တည်း ကျဉ်းမြောင်း

www.burmeseclassic.com

www.burmeseclassic.com



လာသည်နှင့်အမျှ သူသည် သူ့ပန်းချီအလုပ်မှ တစ်ပါး အခြားဘာကိုမှ မသိမြင်တော့သည့် လူတစ်ဦး ဘဝသို့ ဆိုက်ရောက်လာခဲ့ရ၏။

သူ အသက် ရှင်နေရခြင်းသည်ပင်လျှင် ပန်းချီ အနုပညာအတွက်လို ဖြစ်လာခဲ့ရ၏။ မည်သို့ပင် ဖြစ်စေ အလုပ် လုပ်ရာ၌တား အနိုင်မခံ အရှုံးမပေးဟူသော ဇွဲနှင့် လုံ့လ ဝီရိယတို့ကို သူ့စိတ်တွင် စွဲမြဲလာခဲ့ရလေ၏။

အမှန်တော့ သူ့စိတ် အခြေအနေသည် ပကြာသေးမီကာလအထိ ထိုအတိုင်းပင် တည်ရှိခဲ့သည်။ သို့သော်လည်း သူ၏ သူငယ်ချင်း အလည် ရောက်လာသည့် အခါတွင်မူကား သူ့ဘဝသည် လှုပ်ရှား ယိမ်းယိုင်ခဲ့ရပြန်၏။

သူ့မိတ်ဆွေ မရောက်လာမီကတော့ အထီးကျန် ဘဝဖြင့် အချိန် ကုန်ရသော သူသည် ကျရောက်လာမည့် ဘေးအန္တရာယ်နှင့် ကံကြမ္မာအတွက် စိတ် လေးရခြင်း၊ စိတ်ပူပန်ရခြင်း စသော သောကမီးများကြား၌ ရုန်းကန် လှုပ်ရှားနေခဲ့ရ၏။ သူ့အား ကယ်တင်နိုင်မည် မဟုတ်သော ပန်းချီအလုပ်နှင့် ဇွဲ လုံ့လများကိုသာ အမှီပြုပြီး နေခဲ့ရ၏။ ဤကြားထဲမှပင် သူ့ဘဝထဲ၌ မုန်တိုင်း ကျလာတော့မည့် အခြေအနေများကို မြင်နေရ၏။ ထို မုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံနိုင်မည့် ခွန်အား သူ့တွင် မရှိတော့သည့် အဖြစ်ကိုလည်း သူ ကောင်းစွာ နားလည်နေ၏။

မည်သို့ပင် ဖြစ်စေ သူ့အား ဖိစီးနေသည့် သောကမီးများကို ပြန်လည်ခုခံတွန်းလှန်နေရသော ဗာရာဂုသည် နောက်မှ



မုဆိုးအလိုက် ခံရ၍ အသက်လုပြီး ပြေးနေရသော တိရစ္ဆာန်တစ်ကောင် နောက်ဆုံးအကြိမ် အားထုတ်၍ ခုန်လိုက်ရန် အားယူနေသည့်နှယ် သူ၏ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းအတွက် သူ့တွင် ကျန်ရှိနေသမျှ ခွန်အားများကို စုစည်း အသုံး ချနိုင်ရန် အတွက် ပြင်းထန်စွာ ကြိုးပမ်းလျက်ရှိသည်။

ယင်း အခြေအနေနှင့် ယင်း အချိန်ကာလ အတွင်းမှာပင် သူသည် အကြီးကျယ်ဆုံးနှင့် အလှပဆုံးသော ပန်းချီကားတစ်ချပ် သို့မဟုတ် ဦးခေါင်းများကို ငုံ့၍ ဝမ်းနည်းကြေကွဲနေကြသော မိခင်နှင့် ဖခင်တို့ကြား၌ ကစားနေသည့် ကလေးတစ်ဦး၏ ပုံတစ်ပုံကို ဖန်တီးနိုင်ခဲ့လေသည်။

ရုပ်ပုံလွှာ သုံးခုစလုံးသည် တစ်နေရာတည်းတွင် တည်ရှိနေကြခြင်းဖြစ်၍ တူညီသော ပတ်ဝန်းကျင်နှင့် တူညီသော အရောင်များကြား၌ ရပ်နေကြခြင်း ဖြစ်၏။ မိန်းမ နှင့် ယောကျ်ားသည် စိတ်ဆင်းရဲခြင်းတည်း ဟူသော ဒုက္ခကို ခံစားနေကြရသော်လည်း သူတို့နှစ်ဦး ကြားမှ ကလေးကတော့ ချမ်းသာသုခကို မှည့်ညွှန်းသော အရောင် မအောက် တွင် ရွှင်လန်းမြူးထူးလျက် ရှိသည်။

နောက်ပိုင်း ကာလ များ တွင် ဗာရာဂု ကို ကြည့် ညို လေးစားကြသူများသည် ဤပုံကို ကြည့်၍ သူ့အား ကြီးကျယ်ထင်ရှားသော ပန်းချီဆရာကြီးများ စာရင်းတွင် ထည့်သွင်းကြဖို့ ရှိ၏။ တကယ်တော့လည်း ဗာရာဂုသည် သူ့ခေတ်တွင်း၌ တောက်ပလောင် လျက် ရှိသော ပရိဒေဝမီး အား လုံး၏

www.burmeseclassic.com

www.burmeseclassic.com



ခံစားချက် ဟူသမျှကို ဤ ပန်းချီကားထဲ၌ အစွမ်းကုန် ဖော်ပြထားသည် မဟုတ်ပါလော၊

ဤအလုပ်ကို ဇောက်ချ၍ လုပ်ခဲ့နေသည့် အချိန်နာရီများ အတွင်းတွင် ဗာရာဂုသည် အားနည်းခြင်းနှင့် ကြောက်လန့်ခြင်းလည်း မဖြစ်၊ မည်သည့် ဝေဒနာကိုမှလည်း မခံစားရ၊ အပြစ်ကိုလည်း မမြင်၊ ဘဝ၏ ဆုံးရှုံးမှုကိုလည်း သတိမရ၊ ပျော်ရွှင်ခြင်းနှင့် ဝမ်းနည်းခြင်းလည်း မရှိ၊ အလုပ်မှ လွဲ၍ အခြား ဘာကိုမှ သူ နားမလည်၊ သူ မွေးနေပြီ ဖြစ်သော ကမ္ဘာလောက တစ်ခုအတွင်းမှ ရယူနေကျ အရာများ ပိုလည်း ရယူခံစားလိုစိတ် မရှိ၊

လျှင်မြန် ဖျတ်လတ်ပြီး စူးရှသော မျက်လုံးများသည် တည်ငြိမ်လေးနက်သော စူးစိုက်မှုဖြင့် သူ့ ပန်းချီကားကို စေ့စပ်သေချာစွာ ကြည့်သည်၊ ဆေးရောင်များတို့ ထိထိမိမိ ဖြစ်အောင် သူ့ နေရာနှင့်သူ လိုက်ချသည်၊ လေနှင့်အတူ ပျံ့ဝဲနေသော သစ်ရွက်ကလေး တစ်ရွက်ကို အလိုက်သင့် နေရာချထားပေးသည်၊ ဆံပင် အခွေအလိပ်ကလေး၏ သိမ်မွေ့နူးညံ့မှုကို ကြည့်မြင်သူ၏ စိတ်၌ ခံစားလာ နိုင်အောင် စုတ်တံဖြင့် အသာအယာကလေး ဆွဲသည်၊ ပုံပေါ်၌ ကျနေသည့် အလင်းစိုင် အမှောင် ရိပ်များကို အလေး အနက် ဖြစ်အောင် ဖန်တီးပေးသည်၊

သူ ရေးဆွဲထားသည့်ပုံက မည်သည့်အရာများ ဖော်ပြလိမ့်မည်ကို သူ ယုံးဝ မစဉ်းစား၊ ပန်းချီကား တစ်ခုလုံး၏ ဖော်ပြချက် သို့မဟုတ် ဆိုလိုချက်သည် သူ့ အတွင်းစိတ်ထဲ၌သာ



တည်ရှိနေသည်၊ ယင်းဆိုလိုချက်သည် စိတ်ကူး တစ်ခု၊ ဉာဏ်ကွန့်မြူးချက် တစ်ချက် ဖြစ်၏၊

တကယ်တော့ ဤပန်းချီကားကို ရေးဆွဲ နေခိုက်တွင် သူသည် လေးနက်သော အဓိပ္ပာယ်များ၊ ခံစားမှုများ၊ အတွေးအခေါ်များနှင့်သာ မက သဘာဝကျသော သန့်စင်မှန်ကန်မှုများနှင့်ပါ ဆက်စပ်ထိတွေ့လျက် ရှိခဲ့လေသည်၊

ဗာရာဂုသည် လူသုံးဦး၏ မျက်နှာများထက်၌ ထင်ဟပ်နေသည့် အဓိပ္ပာယ် ဖော်ပြချက်ကို မသိသာ မမြင်သာအောင် တတ်နိုင်သမျှ ကြိုးစားအားထုတ်၍ ဖျောက်ဖျက်ပစ်သည်၊ အကယ်၍ လုံးဝ ပျောက်ကွယ်မသွားသည့် တိုင်အောင် လျော့နည်းနိုင်သမျှ လျော့နည်းသွားအောင် အားထုတ်သည်၊

သူ့ အနေဖြင့် ဤပုံများ ဤမျက်နှာများဖြင့် ဇာတ်လမ်း တစ်ပုဒ်ကို ပြောပြချင်စိတ် မရှိ၊ လူတစ်ယောက်၏ ဒူး တစ်ဖက်တွင် ပတ်၍ နေသော အပေါ် ဝတ် အင်္ကျီကြီး၏ ခေါက်ချိုး ကလနားသည် သူ့ အဖို့ စေ့နေသော ပါးစပ် တစ်ပေါက် သို့မဟုတ် ရှေ့သို့ ငုံ့နေသော နဖူး ကဲ့သို့ပင် အရေးကြီးရုံမျှမက အထွတ်အမြတ် ပြုနေရမည့် နေရာ တစ်နေရာပင် ဖြစ်သည်၊

ဤပန်းချီကားသည် လူသားသုံးဦး၏ ရုပ်ပုံလွှာ များကို သူ့ အချိုးအတိုင်း ပြုရုံမျှသာမက နေရာ အနေအထားနှင့် ဟန်အမူအရာများ ဆက်စပ်ယှက်နွယ်ပြီး အသက် ဝင်နေစေရန်လည်း ဖန်တီးထားသည်၊ ထို့ပြင်လည်း လူတစ်ဦးချင်းစီကို

www.burmeseclassic.com



ထူးခြားသော အရှိန်အဝါများဖြင့် ဖွဲ့စည်း တည်ဆောက်ပေးနိုင်ရန် အားထုတ်သည်။

သူ့ ပန်းချီကားသည် ခေတ်ရှေ့ပြေးနေသော ကားတစ်ကားဖြစ်၏။ ပုံမှာ ပြီးသလောက် ဖြစ်နေပြီ၊ ကလေးငယ်၏ ရုပ်ပုံလွှာပေါ်တွင် ချစ်ခင်နှစ်သက်စဖွယ်ဖြစ်သည်ထက် ဖြစ်လာအောင် အပြီးသတ် စုတ်ချက်များ တင်ဖို့သာ ကျန်သော့၏။

ဆာလောင်မှုတ်သိပ်မှု ဝေဒနာ ဝင်လာသဖြင့် ဗာရာဂုသည် သူ့လက်မှ နာရီကို ကြည့်သည်။ နေ့လယ်စာ စားချိန်ပင် လွန်သွားခဲ့လေပြီ။ သူသည် ကပျာကယာ လက်ဆေး ကာ အဝတ်အစားများလဲပြီး အိမ်ကြီးဆီသို့ ထွက်လာခဲ့သည်။ နေ့လယ်စာစားပွဲတွင် သူ့မိန်းမ တစ်ယောက်တည်း ထိုင်၍ စောင့်နေသည်ကို တွေ့ရသည်။

'ကလေးတွေ ဘယ်ရောက်နေသလဲ'ဟု သူက မေးသည်။

'မြင်းရထား အစီးထွက်ကြတယ်လေ၊ ရှင့်ဆီကို အဲလ်ဘာတ် မလာဘူးလား'

ထိုအခါကျမှပင် သူသည် အဲလ်ဘာတ် သူ့ထံ လာသွားသည်ကို ပြန်၍ သတိရသည်။ စိတ်အနှောင့်အယှက် ဖြစ်သွားသော ဗာရာဂုသည် စိတ်မပါ့တပါဖြင့် နေ့လယ်စာကို စားသည်။

ဖရောအက်ဒလီကတော့ အသားစကို ခါးနှင့် လှီးနေသော ဗာရာဂုကို ကြည့်နေသည်။ ဘေးမှနေ၍ လိုအပ်သမျှကို လုပ်ကိုင်ပေးသည်။ စကားတော့ တစ်ခွန်းတလေမျှပင် မပြော။



ဗာရာဂုကလည်း သိပ်ပြီး တရင်းတနှီး မရှိလှသော အခြေအနေကို ရိပ်စားမိ၏။ သို့သော်လည်း သူ တတ်အားသရွေ့ သာယာသောစကားကို ဆိုရန် အားထုတ်လေသည်။

'အဲလ်ဘာတ်က ဂီတပညာသမားဖြစ်ဖို့ ရည်ရွယ်နေသလား' ဟု ဗာရာဂုက မေးသည်။ 'သူ့မှာ အစွမ်းအစ ရှိတယ်လို့ ကိုယ်ကတော့ ထင်တယ်'

'ဟုတ်တယ်၊ သူ့မှာ ပါရမီရှိပုံပဲ၊ ပန်းချီဆရာ တစ်ယောက် ဖြစ်လာဖို့ ဆိုတာကတော့ သူ ဝါသနာ ရှိမရှိ ကျွန်မလည်း မသိဘူး၊ သူ့အနေနှင့်ကတော့ ဖြစ်ချင်ပုံ မရဘူးလို့ ကျွန်မ ထင်တာပဲ၊ ကျွန်မ လေ့လာလို့ ရသလောက်ကတော့ အခု အချိန်အထိ သူ ဘယ်အသုပ်မှာ ဝါသနာပါတယ် ဆိုတာ လုံးဝခန့်မှန်းလို့ မရသေးဘူး။

'လောလော ဆယ် ရှိနေတဲ့ သူ့ စိတ်ကူးကတော့ အားကစားရယ်၊ စာရယ်၊ ပေါင်းသင်း ဆက်ဆံရေးရယ်၊ အနုပညာရယ်၊ အားလုံးကို လိုက်စားတဲ့ လူကြီး လူကောင်း တစ်ယောက် ဖြစ်လာဖို့လောက်ပဲ မှန်းထားပုံရတယ်၊ ဒီလို စိတ်မျိုးနှင့်ကတော့ သူဘယ်လိုလုပ်ပြီး အသက်မွေးဝမ်းကျောင်း မှာလဲ။

'ကျွန်မ အနေနှင့် ဒီအချက်ကို သူ သဘောပေါက်နားလည်လာအောင် ဖြည်းဖြည်းချင်း နားဝင်လာအောင် ပြောပြနေမှာပဲ၊ အခု လတ်တလော မှာ တော့ သူ ကြိုးစားတယ်၊ ကျောင်းစာရီတွ ကောင်းတယ်၊ ဒါတွေကို ပြောပြနေရင် မလို

www.burmeseclassic.com



အပ်သေးတဲ့ အချိန်မှာ အပူရှာသလို ဖြစ်နေမှာ စိုးလို့ မပြော သေးဘူး။

'ကျောင်းက ထွက်ရင်တော့ သူ့အနေနှင့် ပထမဆုံး စစ်မှုထမ်းချင်တယ်တဲ့၊ အဲဒီတော့ စစ်မှုထမ်းပြီးတဲ့ အချိန် အထိ ကျွန်မတို့ စောင့်ရဦးမှာပဲ၊ အဲဒီကိစ္စပြီးမှ ဘာလုပ်ရင် ကောင်းမယ် ဆိုတာ စဉ်းစားမယ်'

ဗာရာဂုက ဘာမှ ပြန်မပြော။ သူသည် ငှက်ပျောသီး တစ်လုံးကို အခွံနွာပြီး အရသာခံ၍ စားနေသည်။

'မင့်အတွက် အနှောင့်အယှက် မဖြစ်ဘူးဆိုရင် ကိုယ်ဒီမှာပဲ ကော်ဖီသောက်သွားချင်တယ်' ဟု ဗာရာဂုက ဆိုသည်။ သူ့ လေသံတွင် ရင်နှီးဖော်ရွေမှု ပါသည်။ စဉ်းစား ချင့်ချိန်ပြီးမှ ပြောလိုက်သည့် သဘောရှိသည်။ ဤအခန်းထဲ၌ နေရခြင်းသည် သူ့အတွက် အပန်းပြေသဖြင့် ခဏတစ်ဖြုတ် နားနားနေနေ နေလိုဟန်ကို ဖော်ပြသည်။

'ကျွန်မ စီစဉ်ပေးမယ်လေ၊ ရှင် သိပ်ပြီး အလုပ် လုပ် လာတယ် ထင်ပါရဲ့'

ဤစကားစသည် ဖရော်ဖေဒလီနှုတ်မှ အမှတ်တမဲ့ ထွက် လာခြင်း ဖြစ်၏။ မည်သည့် ရည်ရွယ်ချက်မှ မရှိဘဲ ပြောလိုက် ခြင်းမျှသာ ဖြစ်သည်။ သူ့ယောကျ်ား၏ အပြုအမူ အပြော အဆို ခါတိုင်းလို မဟုတ်သဖြင့်သာ ဝေဖန်ကျေတန်းကျေ သဘော ပြောလိုက်မိခြင်း ဖြစ်၏။

ထကယ်တော့ ဤစကား တစ်ခွန်းသည် လွယ်လွယ်ကူကူနှင့် ထွက်လာသည် မဟုတ်။ ဤမေးခွန်းမျိုးကို ခမေးဘတ်သည်



အလေ့အထ မရှိတော့သည်မှာ အချိန်ကာလအားဖြင့် ကြာခဲ့ပြီ မဟုတ်ပါလား။

'ဟုတ်တယ်၊ ပန်းချီကားတစ်ချပ်ဆွဲတာ နာရီ အတော် များများ ကြာခဲ့တယ်' ဟု ဗာရာဂုက စိတ်မပါတပါ လေသံဖြင့် ဖြေသည်။

သူ့ မိန်းမ မေးလိုက်သော မေးခွန်းသည် သူ့ စိတ်ကို အနှောင့်အယှက် ဖြစ်စေသည် ထင်၏။ သူတို့ လင်မယား ကြားတွင် သူ့ အလုပ်အကြောင်းကို စကားမစပ်မိကြသည်မှာ ကြာခဲ့ပြီ၊ သူ ကိုယ်တိုင်ကလည်း သူ့ အလုပ်အကြောင်းကို မပြော၊ မကြာမီက သူ ရေးဆွဲထားခဲ့သည့် ပန်းချီကား အမျိုးအပြားကို သူ့ မိန်းမ လုံးဝ မမြင်ဖူးသည်မဟုတ်။

အဆင်ပြေသလိုလို ဖြစ်လာသည့် တခဏ်အချိန်ကလေးသည် ပျောက်ကွယ်သွားပြန်ပြီဟု ဖရော် အက်ဒလီက တွေးသည်။ သို့သော်လည်း ထိုတခဏ် အချိန်ကလေးကို ဆုပ်ကိုင်ပြီး ထားဖို့ သူ မကြိုးစား။

သူ၏ စိုးကရက်ဘူးဆီသို့ လက်လှမ်းနေသော ဗာရာဂုသည် သူ့အား ဆေးလိပ်သောက်ခွင့်ပြုဖို့ သူ့မိန်းမထံ ခွင့်တောင်းရန် စိတ်ကူးသည်။ သို့သော်လည်း ရုတ်ချင်းပင် ဆေးလိပ်သောက် ချင်စိတ်ပျောက်သွားသဖြင့် သူ့လက်ကို ဘေးသို့ တွဲလောင်းချ ထားလိုက်လေသည်။

သသည် ကော်ဖီကို သောက်ရင်း ပိုင်ရှိုအကြောင်း မေးသည်။ သူ့ မိန်းမကို တျေးဇူးတင်စကား ပြောသည်၊ မိန်းမနှင့် ငယ်မျှ ကြာမျှ ဆက်၍ ထိုင်နေစဉ်အတွင်း သူနှင့်ခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



နှစ်အနည်းငယ်ခန့်က သူ့မိန်းမအား လက်ဆောင်ပေးခဲ့ဖူးသည့် ပန်းချီကားတစ်ချပ်အကြောင်းကို ပြောသည်။

'ပုံကလေးက ကောင်းပါတယ်' ဟု သူ့ကိုယ်သူ ပြောနေသလို ပြောသည်။ 'အခုထက်ထိ လှတုန်းပဲ၊ အဝါရောင် ပန်းတွေကိုပဲ ပြောစရာ ရှိတယ်၊ အဝါရောင်ဆိုတော့ သိပ်ပြီး အရောင်တောက်လွန်းတယ်'

ဖရော့ အက်ဒလီက စကားပြန် မပေး။ အမှန်တော့ ထိုပန်းချီကားထဲတွင် သူ အနှစ်သက်ဆုံး ပုံသည် အဝါရောင် ပန်းများဖြစ်နေသည် မဟုတ်ပါလော။

ဗာရာဂုက တစ်ချက်မျှ လှည့်ကြည့်ပြီး ပြုံးသည်။

'သွားမယ်၊ ကလေးတွေ ပြန်မရောက်လာလို့ သိပ်တွေးပြီး စိတ်ပူမနေနှင့်ဦး'

ထို့နောက် ဗာရာဂုသည် အခန်းထဲမှ ပြန်ထွက်ကာ လှေကားမှ ဆင်းသွားသည်။ အမြင့်သို့ ရောက်သောအခါ ခွေးက သူ့ကို ခုန်ခုန်တက်ပြီး နှုတ်ဆက်သည်။ သူက ခွေး၏ လက်များကို ဘယ်သက်ဖြင့် ဖမ်းဆွဲထားပြီး ညာလက်ဖြင့် ခွေးကို တယုတယ ပွတ်ပေးသည်။ မီးဖိုချောင် ပြတင်းပေါက်ဆီသို့ လှမ်းအော်ပြီး သကြားခဲ အနည်းငယ် ယူလာရန် တောင်းသည်၊ သကြားခဲ ရသောအခါ ခွေးကို ချကျွေးသည်။

နေရောင်ဖြာဆင်းနေသော မြက်ခင်းစိမ်းစိမ်းဆီသို့တစ်ချက် လှမ်းကြည့်သည်။ ထို့နောက် စတူဒီယိုဘက်သို့ ခပ်ဖြည်းဖြည်း လျှောက်သွားသည်။ အလွန် နေသာသောနေ့ ဖြစ်၍ အပြင်ဘက်၌ အချိန်ဖြုန်းဖို့ ကောင်းလှ၏။ လေကလည်း



သန့်စင်လတ်ဆတ်ပြီး အေးမြနေသည်။ သို့သော်လည်း သူ့မှာ အချိန်က မရှိ။ သူ့အလုပ်က သူ့အား စောင့်နေသည် မဟုတ်ပါလား။

သူ့ပန်းချီကားသည် အမိုးမြင့်မြင့် စတူဒီယို၏ အလင်းရောင်အောက်တွင် တည်ငြိမ်စွာ ဇည်ရှိနေသည်။

ပန်းချီကား၏ အစိမ်းရောင် မျက်နှာပြင်ထက်တွင် အစက်လိုက် အစက်လိုက် ချထားသော ပန်းရိုင်းပွင့်များ၊ ယင်းပန်းရိုင်းပွင့်များနှင့် အတူ လူသုံးဦးသည် ရှိနေကြ၏။

ယောကျ်ားသည် ခေါင်းငိုက်စိုက်ချကာ မျှော်လင့်ချက်ကင်းမဲ့နေသည့်နှယ် တွေဝေငေးငိုင်လျက် ရှိ၏။ မိန်းမသည် ...ိတ်ပျက်အားလျော့ခြင်းနှင့် သာယာပျော်ရွှင်မှု ကင်းမဲ့ခြင်း...ကို အဖော်ပြုနေရသည့်နှယ် မှိုင်ငေးလျက် ရှိသည်။ ပန်းပွင့်...ား၏ အလယ်တွင် ဆော့ကစားနေသည့် ကလေးငယ်ကတော့ ...တို့နှစ်ယောက်နှင့် မတူ။ ကလေးငယ်၏ ကြည်လင်ဝင်းပ...သော မျက်နှာသည် ပကတိရိုးသားခြင်းကို ဖော်ပြလျက် ရှိ၏။

သူတို့ သုံးဦး၏ အပေါ်ဘက်တွင်မူ အလွန်အမင်း...တောက်ပလျက် ရှိသော အလင်းရောင်သည် ပန်းပွင့်များ...ပေါ်သို့ ဆင်းသက်ကာ တောက်ပလျက်ရှိသည်။ ထိုအရောင်...သည် ကလေးငယ်၏ တောက်ပသော ဆံပင်အရောင်၊ ဆွေးမြည့်...ကြကွဲနေသော မိန်းမ၏ လည်ပင်းမှ ရွှေဆွဲကြိုးအရောင်...နှင့် တစ်ရောင်တည်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ၉

ဘာရာဂုသည် ညနေ ခေါင်းချိန်အထိ သူ့ အလုပ်ကို မရပ်မနား လုပ်သည်။ အခုကျတော့ ပင်ပန်း နွမ်းနယ်လွန်းသဖြင့် ပက်လက် ကုလားထိုင်တွင် ထိုင်ကာ အနားယူလျက် ရှိ၏။ သူ့လက်နှစ်ဖက်ကို ရင်ခွင်ထက်တွင် ချထားသည်။ အင်အားကုန်ခန်းသွားသဖြင့် တစ်ကိုယ်လုံး မလှုပ်ရှားချင်လောက်အောင်ပင် နွမ်းရိ ပျော့ခွေလျက် ရှိသည်။

သူ့ အဖြစ်သည် အလုပ်ကြမ်း တစ်ခုကို မနားမနေ လုပ်ကိုင်ခဲ့ရသည့် လယ်သမား တစ်ယောက် သို့မဟုတ် သစ်ခုတ်သမား တစ်ယောက်နှင့် တူလျက် ရှိလေသည်။

သူ့ အနေဖြင့် ဤကုလားထိုင်မှာပင် ဆက်၍ထိုင်ကာ အိပ်မော ကျသွားချင်၏။ သို့သော်လည်း အလေ့အထနှင့် တင်းကျပ်သော စည်းကမ်းက သူ့ ဆန္ဒကို ခွင့်မပြု။ ဆယ်မိနစ် ငါးမိနစ်ခန့် နားအပြီးတွင် သူသည် တစ်ကိုယ်လုံးကို လှုပ်ရှားလိုက်ပြီး မတ်တတ် ထရပ်ကာ ရေဆိပ်သို့ ဆင်းသည်။ အဝတ်များကို ချွတ်ချကာ ရေကန်တွင်း၌ ရေကူးသည်။

www.burmeseclassic.com

ညနေခင်း တိမ်ရောင်သည် နီ့နှစ်ရောင် ခပ်ဖျော့ဖျော့ မနီးမဝေးရှိ လမ်းမပေါ်မှ ကောက်ရိုးလှည်းများ၏ အသ အလုပ်ခွင်မှ ပြန်လာကြသည့် လယ်ယာ လုပ်သားများ စကားပြောသံ၊ ရယ်မောသံနှင့် အော်သံ ဟစ်သံများ။ အ မျိုးစုံကို ကြားနေရ၏။

ဗာရာဂုသည် ရေကန်ထဲမှ တက်လာသည်။ အေးလွှန်းသ တစ်ကိုယ်လုံး တုန်ယင် လှုပ်ရှားလျက် ရှိသည်။ သူသ ကိုယ်ပေါ်မှ ရေစက်များကို နွေးထွေး ခြောက်သေ သွားအောင် ဂရုတစိုက် သုတ်သည်။ ထို့နောက် ညှော်ခန်းထဲ ပြန်ဝင်ပြီး ဆေးလိပ် တစ်လိပ်ကို မီးညှိသည်။

ယနေ့ ညနေခင်း ရေးစရာ ရှိသမျှ စာများကို ရေးမည် သူ စိတ်ကူး စီစဉ်ထားသည်။ သူသည် စားပွဲ အံဆွဲကို ဆွဲလို သည်။ သို့သော်လည်း ချက်ချင်း ပြန်၍ ပိတ်လိုက်ပြီး လူခေ ခေါင်းလောင်းကြိုးကို ဆွဲ၍ ရေဘတ်ကို ခေါ်သည်။

ရေဘတ် အခန်းဝ၌ ပေါ်လာသည်။

'ငါ့ကို ပြောစမ်း၊ ကလေးတွေ ဘယ်အချိန်က ပြန်ရောက် သလဲ'

'ပြန်မရောက်ကြသေးဘူး၊ ဖာဒ ဗာရာဂု'

'ဘာ၊ သူတို့ အခု အချိန်အထိ ပြန် မရောက်ကြသေး လား'

'မရောက်ကြသေးဘူး ခင်ဗျ၊ ဟာ အဲလ်ဘတ်က မြင်းညို ခပ်ကြမ်းကြမ်း မကိုင်ဘူးလို့ ကျွန်တော်ကတော့ မျှော်



ထားတာပဲ၊ သူက မြင်းတွေကို ကိုင်ရင် နည်းနည်း ကြမ်းတယ် ခင်ဗျ'

ဗာရာဂုက ဘာမှ ပြန်မပြော။ သူသည် သားငယ် ပိုင်ရီနှင့် နာရီဝက်ခန့် အပန်းဖြေလို၏။ ပိုင်ရီတစ်ယောက် ပြန်၍ ရောက်လောက်ပြီဟုလည်း သူ တွက်ထားမိသည်။ အခုလို ပြန်မရောက်သေးဘူး သိလိုက်ရသော အခါ ဖြုန်းခနဲ ဒေါပွ သွားသည်။ စိတ်လည်း ပူသွားသည်။

သူသည် အိမ်ကြီးဘက်သို့ အပြေးအလွှား သွားကာ သူ့ မိန်းမ၏ အခန်း တံခါးကို ခေါက်သည်။ အခန်းထဲမှ သူ့ မိန်းမ၏ ထူးသံတွင် အံ့အား သင့်နေသည့် အရိပ်အငွေ့ ပါနေ သည်။ အခုလို အချိန်မျိုးတွင် ဗာရာဂုသည် ဘယ်တော့မှ သူ့ ဆီသို့ လာလေ့ရှိသည် မဟုတ်။

'ကို့ကို ခွင့်လွှတ်ပါ'ဟု ဗာရာဂုက တောင်းပန်သည်။ 'ပိုင်ရီ ဘယ်မှာလဲ'

ဖရော အက်ဒလိက သူ့ ယောကျ်ားကို အံ့အားသင့်ပြီး ကြည့်နေသည်။

'ကလေးတွေ မြင်းရထားစီး ထွက်သွားကြတယ်လေ၊ ရှင် မေ့သွားပြီလား'

သူ့ ယောကျ်ား စိတ်တိုနေသည်ကို ရိပ်မိသော ဖရော အက်ဒလိက ထပ်ပြောသည်။

'ရှင် စိတ်ပူနေလို့လား'

ဗာရာဂု က ပခုံးများကို တွန့်လိုက်သည်။

www.burmeseclassic.com



'မဟုတ်ပါဘူး ဒါပေမယ့် အဲလိုဘတ်လုပ်ဖို့ မဟုတ်ဘူး၊ သူ ပြောသွားတာ သိပ် မကြာပါဘူးတဲ့၊ အခုလို နောက်ကျနေရင် အနည်းဆုံး ဖုန်းဆက်ပြီး ပြောဖို့တော့ ကောင်းတယ်'

'အခုလည်း အစောကြီး ရှိပါသေးတယ်၊ ညစာ မစားခင်တော့ သူတို့ ပြန်ရောက်လာကြမှာပါ'

'ကို မိုင်ရိုချင့် ခုဏ တစ်ဖြုတ် နေချင်ပြီ ဆိုရင် ဒီကလေးအဝေး ရောက်နေတာချည်းပဲ'

'အို ဒီလောက်အထိ ဖြစ်ဖို့ မလိုပါဘူး၊ ဒါမျိုးတွေက ဖြစ်လေ့ ဖြစ်ထ ရှိတာပဲ၊ ပိုင်ရှိ ရှင်နှင့် နေတဲ့ အချိန်တွေ အများကြီး ရှိခဲ့တာပဲ'

ဗာရာဂုက နှုတ်ခမ်းများကို ကိုက်ကာ စကား တစ်ခွန်းမှ ပြန်မပြောဘဲ ထွက်သွားသည်။ သူ့ မိန်းမ၏ စကားသည် မှန်၏။ ဤကိစ္စအတွက် ဤမျှလောက် အထိ စိတ် လှုပ်ရှားစရာ မလို၊ ဤမျှလောက်အထိ ပြင်းပြင်း ထန်ထန် ဖြစ်စရာ အကြောင်းလည်း မရှိ။ ကိုယ့် အခန်းထဲတွင် ပြန်ထိုင်ပြီး သူ့ မိန်းမ နေသလို ဘာဒသီဘာသာ နေခြင်းသည် အကောင်းဆုံး။

သူသည် ဒေါသ တကြီးနှင့် လှေကားမှဆင်းကာ ခြံထဲမှ အပြင်လမ်းမပေါ်သို့ ထွက်လာခဲ့သည်။ တကယ်တော့ စိတ်ကို ချုပ်တည်းရသော အလုပ်သည် သူ မလုပ်ချင်ဆုံးသော အရာဖြစ်၏။ သူ့ အနေဖြင့် သာယာ ပျော်ရွှင်မှုနှင့် ဒေါသကိုသာ လိုချင်သည်။ ဤ မိန်းမကြောင့် သူသည် အောင့်အည်း ထိန်းချုပ်မှုတွေ များသည်ထက် များကာ အိုစာ ကျလာခဲ့ရ၏။



သူ့ ခေါ်ကြွမ်းကြွမ်း ခပ်ရှန်းရှမ်း ပျော်ပါးခဲ့ပြီး ဒေါသအိုးပေါက်ကဲ့ကာ ကုလားထိုင်တွေကို ရိုက်ချိုး ပစ်ခဲ့ဖူးသည့် ညတစ်ညကို သတိ ရမိသည်။ သူ့ ရင်ထဲ၌ ရှိရာ စော်ဆုပ်ခြင်းနှင့် မကျေမနပ် ဖြစ်ခြင်းတို့သည် လျှင်းလသလို ထလာသည်။

တစ်ချိန်တည်းမှာပင် သူ့ သားငယ် ပိုင်ရှိကို တမ်းတမိ၏။ သူ့ သားငယ်၏ အသံနှင့် အကြည့်သည် သူ့ စိတ်ကို ချမ်းသာအေးမြစေနိုင်သည် မဟုတ်ပါလော။

သူသည် ခြေလှမ်းများကို ခပ်ကျဲကျဲလှမ်းကာ လမ်းမပေါ်အထိ ဆက်လျှောက်သည်။ သူ့ အရှေ့ဘက်မှ လှည်းဘီးသံများ ကြားရသဖြင့် ခပ်သွက်သွက်လျှောက်သည်။ ဟင်းသီးဟင်းရွက်များ အပြည့်တင်ထားသည့် လှည်းတစ်စီးနှင့် လယ်သမား တစ်ယောက်။ ဗာရာဂုက လှမ်း၍ အော်မေးသည်။

'သူငယ်လေးနှစ်ယောက် စီးလာတဲ့ မြင်းရထားနှင့်မဆုံမိခဲ့ဘူးလား'

လယ်သမားက ခေါင်းခါပြီး လှည်းကို မရပ်ဘဲ ဆက်မောင်းသွားသည်။ မြင်းသည် ပျင်းတိပျင်းတွဲ လေးတိလေးကန်ဖြင့် လှည်းကို ဆွဲသွားလေသည်။

ရှေ့ဘက်၌ လျှောက်သွားလျှက် ရှိသော ဗာရာဂုသည် ဒေါသဖြစ် ပြလာသည်။ သူ့ စိတ်သည် တဖြည်းဖြည်းနှင့် အေးဆေးတည်ငြိမ်လာသည်။ ခြေလှမ်းများသည်လည်း ပုံမှန်ဖြစ်လာသည်။ ရာသီဥတု သာယာကြည်လင်သော ညနေခင်းအောက်တွင် တောပိုင်း၏အလှသည် ပီပြင်လာသည်။ သူ့

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများသည် ပတ်ဝန်းကျင်ရှိ ငြိမ်ဆိတ် အေးမြသော
အလှပေါ် စူးစိုက်လျက် ရှိလေသည်။

နာရီဝက်ခန့် လျှောက်မိသောအခါ ဗာရာဂုသည် သူ
သားနှစ်ယောက်ကို မေ့စပြုလာသည်။ ထိုအခါကျမှပင် သူ
သားနှစ်ယောက်၏ မြင်းရထားသည် သူနှင့် မျက်နှာချင်းဆိုင်
ဘက်မှ လာနေသည်ကို မြင်ရ၏။ မြင်းရထားသည် သူနှင့်
အလှမ်းမဝေးလှ။

သူသည် သစ်တော့ပင်ကြီး တစ်ပင်အောက်သို့ ဝင်၍ ရပ်
လိုက်သည်။ အဲလ်ဘတ်၏ မျက်နှာကို မြင်လိုက်သောအခါ
နောက်သို့ အနည်းငယ်ဆုတ်၍ ရပ်သည်။ သူ့ကို မမြင်စေချင်၍
ထိုကဲ့သို့ လုပ်လိုက်မိခြင်း ဖြစ်၏။

ရှေ့ခုံတွင် အဲလ်ဘတ် တစ်ယောက်တည်း ထိုင်နေသည်
ဖိုင်ရီကတော့ မြင်းရထား၏ နောက်ဘက်ထောင့်တွင် ကပ်၍
ထိုင်နေသည်။ သူ့ခေါင်း ငိုက်စိုက်ကျနေသည်ကို ထောက်၍
အိပ်ပျော်နေသည်ဟု ယူဆရ၏။ မြင်းရထားသည် သူ့ရှေ့မှ
ဖြတ်သွားသည်။

သူသည် သူ့မျက်စိအောက်မှ မြင်းရထားပျောက်သွားသည်
အထိ မျှော်ကြည့်နေသည်။ ထို့နောက် နောက်သို့ပြန်လှည့်၍
သူ့ခရီးကို ဆက်လျှောက်သည်။ သူ့အနေဖြင့် ဖိုင်ရီကို တွေ့ချင်
နေ၏။ သို့သော်လည်း ထိုအချိန်က သူ့သားငယ် အိပ်ပျော်
ဝင်ချိန်နှင့် နီးနေပြီ။ ယနေ့အဖို့ သူ့မျက်နှာကို သူ့မိန်းမအား
ထပ်၍ မပြချင်တော့။



ဤသို့ဖြင့် သူသည် ခြံရှေ့မှဖြတ်ကာ မြို့ဘက်သို့ ဆက်
လျှောက်သည်။ မြို့ထဲရောက်လျှင် ထမင်းဆိုင်တစ်ဆိုင်သို့ ဝင်၍
ညစာစားမည်။ ပြီးတော့ သတင်းစာများကို ဖတ်မည်။

ထိုအချိန်တွင် သူ့သားများသည် အိမ်ပြန်ရောက်နေကြပြီ။
အဲလ်ဘတ်သည် သူ့အမေနှင့်ထိုင်ကာ သူတို့၏ တစ်နေ့တာ
အတွေ့အကြုံများကို ပြောပြနေသည်။ မောပန်း နွမ်းနယ်
လာသော ဖိုင်ရီကတော့ ညစာကိုပင် မစားတော့ဘဲ သူ့
အိပ်ရာထဲ၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေပြီဖြစ်၏။

သူ့အမေ မြို့ထဲမှ ပြန်လာချိန်တွင် အိမ်ကြီးပေါ်၌ မီး
အားလုံး မှိန်ထားပြီဖြစ်၍ တစ်အိမ်လုံးမှောင်နှင့်မည်းမည်း
ကြယ်ရောင်မရှိသော ကောင်းကင်သည် ပန်းခြံ၊ ရေကန်နှင့်
အိမ်ကြီးကို အမှောင်ထုဖြင့် လွှမ်းခြုံထားသည်။ မိုးစက်
ကလေးများသည် တဖြောက်ဖြောက် ကျလျက် ရှိလေသည်။

ဗာရာဂုသည် ဧည့်ခန်းထဲမှ မီးကို ဖွင့်ကာ သူ့ စားပွဲ၌
ထိုင်သည်။ စောစောက အိပ်ချင်သော စိတ်သည် ပျောက်သွား
ပြန်ပြီ။ သူသည် စာရေးစက္ကူ တစ်ရွက်ကို ဆွဲယူကာ
အောက်တိုဘက်ဟတ်ထံ စာတစ်စောင်ရေးသည်။ ဖွင့်ထားသည့်
ပြတင်းပေါက်များမှ ပိုးဖလံများသည် ဝင်လာလျက် ရှိ၏။

ချစ်သောသူငယ်ချင်း

ခင်ဗျားကတော့ ကျွန်တော့်ဆီက စာ အခုဆို မြန်မြန်
ဆန်ဆန် ရောက်လာလိမ့်မယ်လို့ မျှော်လင့်ချင်မှမျှော်လင့်
မယ်၊ ဒါပေမယ့် အခုလို မြန်မြန် ရေးလိုက်တော့လည်း

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားအနေနှင့် ကျွန်တော့်အတွက်က ပေးနိုင်တာထက် ပိုပြီး ရလိမ့်မယ်လို့ မျှော်လင့်နိုင်တာပေါ့ဗျာ။

ခင်ဗျားကတော့ ကျွန်တော့်ကို အမြင် ကြည်လင် ပြတ်သားသွားပြီ၊ ဒါကြောင့်မို့ ကျွန်တော့်ဘဝရဲ့ ထိခိုက် ပျက်စီးနစ်နာနေတဲ့ အစိတ်အပိုင်းတွေကို ခင်ဗျားမြင်သလို ကျွန်တော်လည်း မြင်နေပြီလို့ ထင်မှာပဲ၊ ကံမကောင်း အကြောင်းမလှတော့ ခင်ဗျားထင်သလို ကျွန်တော့်မှာ ဖြစ်မလာဘူး။

ခင်ဗျားနှင့်ကျွန်တော် ဒီအကြောင်းတွေကို ပြောဆို ပြီးကတည်းက ကျွန်တော့်ရင်ထဲမှာ နေ့ရောညပါ လျှပ်စီး လက်သလို လျှပ်စီးရောင်တွေ ကဝင်းဝင်း တလက်လက် ဖြစ်နေတုန်းပဲ။ အလွန်ကို ထိခိုက်နာကျင်စရာ ကောင်းတဲ့ အဖြစ်ဆိုးတွေဟာ အချိန်တိုင်းလိုလို ပေါ်လာနေ တုန်းပဲ။ အခုအချိန်ထိတော့ နေ့ရဲ့ အလင်းရောင်တာ ပေါ် မလာသေးဘူး။

ဒါကြောင့်မို့ နောက်ပိုင်းကျရင် ကျွန်တော် ဘာလုပ် မယ် ဘာမလုပ်ဘူးဆိုတာ ပြောပြနိုင်ဖို့ ခဲယဉ်းလှပါတယ်။ ဒါပေမယ့် ကျွန်တော်တို့နှစ်ယောက် ဝေးရာ တစ်နေရာ ကိုတော့ အတူတူ သွားကြတာပေါ့။ ကျွန်တော်ခင်ဗျားနှင့် အတူတူ အိန္ဒိယကို သွားမယ်။

ကျွန်တော် လာမယ့်ရက်ကို သိတာနှင့် တစ်ပြိုင်နက် ကျွန်တော့်အတွက် နေရာတစ်နေရာ ရအောင်တော့ လုပ် ပေးပါ။ နေ့ရောညပါ ကုန်ချိန်အထိတော့ ကျွန်တော် လာနိုင်



ဦးမယ် မဟုတ်ဘူး။ ဒါပေမယ့် ဆောင်းဦးပေါက်ရင်တော့ မြန်မြန် ထွက်လာနိုင်လေ ကောင်းလေပဲလို့ တွက်ထား ပါတယ်။

ခင်ဗျားဆီ လာတုန်းက မြင်ခဲ့တဲ့ ပန်းချီကား ခင်ဗျားကို ပေးချင်တယ်။ ငါးထွေနှင့်မုံလေ။ ဒါပေမယ့် ဒီပန်းချီကားကို ဥရောပမှာပဲ ရှိနေစေချင်တယ်။ ကျွန်တော် ဘယ်ကို ပို့ရမလဲ။

ဒီမှာတော့ အရာရာတိုင်းဟာ အရင်ကအတိုင်းပါပဲ။ အယ်ဘတ်ကတော့ အင်မတန် လူရည်လည်တဲ့ လူကြီး လူကောင်း တစ်ယောက် ဂိုက်မျိုးနှင့် အပြုအသုံးတော်ခံ နေတယ်။

ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဘယ်လောက်အထိ တလေးတစား ဆက်ဆံ နေကြတယ် ဆိုတာ ခင်ဗျား ခန့်မှန်းပြီး သိနိုင်မယ် မထင်ဘူး။ ကျွန်တော်တို့ ဆက်ဆံနေကြတာက ရန်သူ ဖြစ်နေကြတဲ့ နိုင်ငံကြီး နှစ်နိုင်ငံက သံအမတ်ကြီးတွေ ဆက်ဆံနေတဲ့ အတိုင်းပါပဲ။

ကျွန်တော်တို့ ခရီးမထွက်ခင် ခင်ဗျား မြိုင်ခေမာကို တစ်ခေါက်လောက် ထပ်ပြီး လာစေချင်တယ်။ အခုလ အတွင်း အပြီးသတ်တော့မယ့် ပန်းချီကားတစ်ချပ်ခင်ဗျား ကို ပြချင်လို့ပါ။ ဒီပန်းချီကားဟာ [illegible]ကောင်း ကလေးပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မ အိပ်ချင်သေးပေမယ့် အိပ်ရာဝင်မှ ဖြစ်တော့မယ်။ ကနေ့ တစ်နေ့လုံး ကိုးနာရီတိတိ အလုပ်လုပ်ထားလို့ပါ။

ခင်မျိုးရဲ့ ဂျိုဟန်

သူသည် စာကို အိတ်တစ်လုံးတွင် ထည့်၍ လိပ်စာတပ်ကာ ခန်းမထဲတွင် ထားလိုက်သည်။ မနက်ဖြန် မနက်တွင် သူ့အပည့် ရောဘတ်က စာအိတ်ကို ယူ၍ စာတိုက်သို့ ပို့ပေးနိုင်ရန်အတွက် ဖြစ်သည်။

အိပ်ရာမဝင်မီ သူသည် ပြတင်းပေါက်မှ နေ၍ အပြင်သို့ ကြည့်သည်။ သူ စာရေးနေစဉ်က သတိမထားခဲ့မိသော မိုးပေါက်သံများကို ကြားနေရ၏။ မိုးပေါက်များသည် အမှောင်ထု ဖုံးနေသော ကောင်းကင်ထက်မှ အသံအယာ ကျလာနေခြင်း ဖြစ်သည်။

အိပ်ရာထဲရောက်ပြန်တော့လည်း တော်တော်နှင့် အိပ်မပျော်။ သစ်ရွက်များပေါ်မှ တစ်ဆင့် မြေပြင်ထက်သို့ ကျသွားနေသော မိုးပေါက်သံများကို နားထောင်နေမိလေ၏။

၁၀

မိုးရေများ စိုစွတ်နေသည့် ဥယျာဉ်အတွင်းသို့ သားအမိနှစ်ယောက် ဝင်၍ နှင်းဆီပန်းများ ဖြတ်နေခိုက်တွင် အဲလ်ဘတ်က သူ့ညီ ပိုင်ရီသည် သက်သက်လက်လက် မရှိ၊ အလွန်ထိုင်းထိုင်းနိုင်လွန်းသည်ဟု သူ့အမေအား တိုင်သည်။

တစ်ချိန်လုံး လိုလိုပါပဲ၊ ဒီအကောင်လေးဟာ ကျွန်တော့်ကို လုံးဝ ဂရုမစိုက်ဘူး၊ မနေ့က ဆိုရင်လည်း သူ့ကို ဘာမှ မေးလို့မရဘူး၊ အရင်ရက်တွေတုန်းက အပြင်ကို မြင်းရထားနှင့် အလည်သွားကြရအောင်လို့ ပြောတော့ စိတ်ဓာတ် အရမ်းတက်ကြွနေတာယ်၊ ဒါပေမယ့် မနေ့က သွားတော့မယ် လုပ်တော့ မလိုက်ချင်ဘူးတဲ့၊ ကျွန်တော်က မနည်းကြီးကို ချော့မော့ပြီး ခေါ်သွားရတယ်၊ သွားသာသွားရတာ ကျွန်တော့်မှာ ပျော်လည်း မပျော်ရဘူး၊ မြင်းနှစ်ကောင်တပ် ရထားကို ယူခွင့်မရလို့ စိတ်ပျက်ရတာ တစ်မျိုး၊ သူ့ကို ကိုးလိုးကန့်လန့်လုပ်လို့ စိတ်ရှုပ်ရတာ တစ်မျိုးနှင့် သွားရလာရတာ အဆင်ကို မပြေခဲ့ဘူး၊ အမှန်က ကျွန်တော် သူ့အတွက်ကြောင့် သွားတာ

www.burmeseclassic.com



'သူက ကောင်းကောင်း မနေလို့လား' ဟု ဖရောဗာရောဂူက မေးသည်။

'အို ကောင်းကောင်းတော့ နေပါတယ်၊ ဒါပေမယ့် သွက်သွက်လက်လက်တော့ မရှိဘူး။ တစ်ခါတလေကျရင် သူ့ကို ကြည့်ရတာ သိပ်ကို စိတ်ပျက်စရာ ကောင်းတာပဲ၊ အားပြောလို့မှလည်း မရဘူး၊ စိတ်လည်း မဝင်စားဘူး၊ ပြီးလားရယ်လားလည်း မရှိဘူး၊ ဟုတ်ကဲ့လို့ ပြောပေတောင် မရဘူး၊ ရှေ့ခုံမှာ အတူတူ ထားထိုင်ပြီး ပြောတော့လည်း မထိုင်ဘူး၊ မြင်းဇက်ကြိုးကို ကိုင်တတ်အောင် ဆင်ပေးပြန်တော့လည်း မဆင်ချင်ဘူးတဲ့၊ ဆီးသီးကျွေးတော့လည်း မစားချင်ဘူးတဲ့၊ သူ့ပုံကြည့်ရတာ အလိုလိုက်လွန်းလို့ ပျက်စီးနေတဲ့ မင်းသားပေါက်စလေးနဲ့ တူနေတယ်၊ စိတ်ပျက်စရာ သိပ်ကောင်းတာပဲ၊ ကျွန်တော် ဒါတွေကို ပြောပြနေတာ တခြားကြောင့် မဟုတ်ဘူး၊ နောက်ဆိုရင် သူ့ကို ကျွန်တော် ခေါ်မသွားချင်တော့လို့'

သူ့အမေက အဲလ်ဘာတ်၏ မျက်နှာကို အသေအချာ စိုက်ကြည့်ပြီး အကဲခတ်သည်၊ အဲလ်ဘာတ်၏ မျက်လုံးများသည် ဒေါသကြီးနေသဖြင့် အရောင် ထလက်လက် တောက်နေသည်၊ ထိုအခါကျတော့လည်း သူ့အမေသည် မငြိမ်တဲ မနေနိုင်။

'သားကြီးကလည်းကွယ်' ဟု ချော့ချော့ မော့မော့လေသံဖြင့် ပြောသည်။ 'သားက ကိုယ့်ညီကလေးနဲ့ ရှေ့ရှင် စိတ်မရှည်လို့ ဒီလိုဖြစ်ပါမယ်၊ သူ နည်းနည်း နေမကောင်းချင်လို့ ဖြစ်ချင်ဖြစ်မှာပေါ့၊ ကနေ့မနက် မနက်စာ စားတုန်းက လည်း ဘာမှ ဟုတ္တိပတ္တိ စားမသွားဘူး၊ ကလေးတွေက ဒီလိုပါ၊ ဒါမျိုးတွေ မကြာ မကြာ ဖြစ်တတ်တယ်၊ မင်းငယ်ငယ်တုန်းကလည်း ဒီလိုပဲ ဖြစ်လေ့ရှိတာပဲ၊ ဒါမျိုးက တစ်ခါတလေ အစာမကြေလို့ တစ်ခါတလေ ညက အိပ်မက်ဆိုးတွေ မက်လို့ ဖြစ်တာ၊ ပိုင်ရီက သိပ်နုတာကွယ်၊ ပြီးတော့လည်း သူက တလေးဆိုတော့ မနှာလိုစိတ် နည်းနည်းပါးပါး ရှိတဲ့ အခါ ရှိမှာပေါ့၊ အရင်ကတော့ မေမေ့ နားကို သူ တစ်ယောက် တည်းပဲ ကပ်ရတာ၊ အခု မင်း အလည်ရောက်နေတော့ သူ အချိန်ပြည့် မကပ်နိုင်တော့ဘူး မဟုတ်လား၊ အဲဒါကိုလည်း ငါ့သားက မေ့ပစ်လို့ မဖြစ်ဘူးကွယ့်'

'ဒါကတော့ ကျွန်တော် ကျောင်းပိတ်တုန်း ခဏလာလည်တာပဲ၊ သူ နားလည်ရမှာပေါ့၊ သူ ဒီလောက်တော့ မအပါဘူး'

'သူက အများကြီးငယ်သေးတယ် အဲလ်ဘာတ်၊ သူ့ထက်မင်းက အသိဉာဏ် ပိုပြီး ရှိရမှာပေါ့'

မိုးစက် မိုးပေါက်များသည် တလက်လက် တောက်ပနေသော သစ်ရွက်များပေါ်မှ မြေပြင်သို့ သက်ဆင်းနေကြဆဲဖြစ်၏၊ သူတို့ သားအမိသည် အဲလ်ဘာတ် နှစ်သက်သော အဝါရောင် နှင်းဆီပန်းများကို ခူးယူရန် ခြံထဲသို့ ဆင်းလာခဲ့ကြခြင်း ဖြစ်သည်။

အဲလ်ဘာတ်က နှင်းဆီပင်များ ထက်၌ အုပ်နေသော ကိုင်းများကို လက်နှစ်ဖက်ဖြင့် ဖယ်ရှားပေး၍ သူ့ အမေက ပန်းညှပ်



www.burmeseclassic.com

www.burmeseclassic.com



ကတ်ကြေးဖြင့် မိုးဒဏ်ကြောင့် ငိုက်ကျနေသည့် ပန်းပွင့်များကို ဖြတ်သည်။

'ကျွန်တော် သူ့ အသက် အရွယ်လောက်တုန်းက ပိုင်ရီနှင့် တွေ့သလား'ဟု အဲလ်ဘတ်က မေးသည်။

ဖရော အက်ဒလီက ချက်ချင်း အဖြေ မပေးဘဲ အဲလ်ဘတ် ငယ်ငယ်တုန်းက အခြေအနေကို ပြန်၍ စဉ်းစားနေသည်။ သူသည် ကတ်ကြေး ကိုင်ထားသည့် လက်ကို အောက်သို့ တွဲလောင်း ချထားပြီး သူ့ သား၏ မျက်လုံး အစုံကို စိုက်ကြည့်နေသည်။ ထို့နောက် သူ့ မျက်လုံးများကို မှိတ်၍ သူ့ သား အဲလ်ဘတ် ငယ်ငယ်က ရုပ်ပုံလွှာကို စိတ် အာရုံတွင် ထပ်ဟပ်လာအောင် ကြိုးစားလျက် ရှိလေသည်။

'မျက်လုံးတွေက လွဲပြီး တခြားဟာတွေ သူနှင့် တစ်ထေရာတည်း လိုလိုပဲ၊ ဒါပေမယ့် မင်းက သိပ်ပြီး မပိန်ဘူး၊ အရပ် မရှည်ဘူး၊ မင်းက ကိုယ်ကာယ ဖွံ့ဖြိုးတာ နည်းနည်း နောက်ကျတယ်'

'ကျွန်တော်တွေ ကျတော့ကော၊ ကျွန်တော် သိချင်တာက အကျင့်ကို သိချင်တာ'

'အင်း ဒါကျတော့ ဒီလို ရှိတယ်ကွယ့်၊ မင်းက မင့်စိတ်နှင့် မင့်ကိုယ်ပေါ့၊ ဒါပေမယ့် မင်းက ပိုင်ရီထက်ပိုပြီး စိတ်တည်ငြိမ်တယ်၊ ပိုင်ရီလို ကစားနည်း တစ်ခုက တစ်ခုကို မြန်မြန်ဆန်ဆန် မပြောင်းတတ်ဘူး၊ ပြီးတော့ သူက မင်းထက်ပိုပြီး စိတ်ထိခိုက်လွယ်တယ်၊ မင့်လောက် စိတ် မတည်ငြိမ်ဘူး'



အဲလ်ဘတ်သည် သူ့ အမေ လက်ထဲမှ ကတ်ကြေးကို ယူကာ နှင်းဆီပင် တစ်ပင်ထက်မှ အပွင့်ကို ဖြတ်နေသည်။ 'ပိုင်ရီက ဖေဖေနှင့် ပိုတူတယ်'ဟု ခပ်တိုးတိုး ပြောသည်။ 'အမေ အဖေ အဘိုး အဘွားတွေရဲ့ အကျင့် စရိုက်တွေဟာ သားသမီးတွေနှင့် လာပြီး တူတာဟာ သိပ်ကို ထူးဆန်းတာပဲနော်၊ ကျွန်တော့် သူငယ်ချင်းတွေက ပြောကြတယ်၊ ကလေးတိုင်းမှာ သူ့ရဲ့ ဘဝ တစ်ခုလုံးကို ပုံဖော်ပေးမယ့် အင်္ဂါရပ်တွေဟာ မွေးကတည်းက ပါလာတယ်တဲ့၊ အဲဒီဟာတွေကို ဘယ်လိုမှ ပြုပြင် ပြောင်းလဲပစ်လို့ မရဘူးတဲ့။

'ဥပမာ ဆိုပါတော့ မေမေရာ၊ လူ တစ်ယောက်ဟာ သူခိုးတစ်ယောက် ဒါမှမဟုတ် လူသတ်သမား တစ်ယောက် ဖြစ်ဖို့ ဇာတာ ပါလာရင်ဖြစ်တာပဲ၊ ဘယ်လိုမှ လုပ်လို့ မရဘူး၊ နောက်ဆုံး သူဟာ ရာဇဝတ်ကောင် တစ်ယောက် ဖြစ်သွားရတာပဲ ဆိုတဲ့ သဘောပေါ့၊ ဒါကျတော့ ကြောက်စရာကြီးပဲ၊ မေမေ အဲဒါကို ယုံသလားဟင်၊ ဒါဟာ လုံးဝကို သိပ္ပံနည်းကျတယ်နော်'

'ဟုတ်ချင်လည်း ဟုတ်မှာပေါ့ကွယ်'ဟု ဖရော အက်ဒလီက ပြုံး၍ ပြောသည်။ 'လူ တစ်ယောက်ဟာ သူခိုးတစ်ယောက် ဒါမှမဟုတ် လူသတ်သမား တစ်ယောက် ဖြစ်လာတဲ့အခါ သိပ္ပံပညာရှင်တွေက ဒီလူမှာ ဒါမျိုးဖြစ်ဖို့ အစကတည်းက ပါလာတယ်လို့ သက်သေ ပြချင်သည်း ပြနိုင်မှာပေါ့၊ ဒါပေမယ့် မိဘတွေနှင့် ဘိုးဘွားတွေဆီက မကောင်းတဲ့ အကျင့်တွေကို

www.burmeseclassic.com



အာမေ့ ဆက်ခံခဲ့ရတဲ့ လူကောင်း လူဖြောင့်တွေ အများကြီး ရှိတယ်ကွယ့်၊ သူတို့တာ မကောင်းမွေ ဆက်ခံ ရခဲ့ပေမယ့်လဲ ရာသက်ပန် လူကောင်းတွေ ဖြစ်သွားကြတယ်၊ အဲဒါမျိုး ကျတော့ သိပ္ပံပညာက ကျကျ နန စစ်တမ်းထုတ်ပြီး မပြ နိုင်ဘူး။

'ကောင်းတဲ့ စိတ်နှင့် ကောင်းတဲ့ ပြုစု ပျိုးထောင်မှုဟာ မျိုးရိုး ဗီဇထက်ပိုပြီး ယုံကြည် စိတ်ချရလောက်တယ်လို့ မေမေ ပြောသင့်တယ် ထင်တာပဲ၊ မေမေတို့ အားလုံးဟာ ဘယ်ဟာ ကောင်းတယ် ဘယ်ဟာ မှန်တယ်ဆိုတာ သိနေကြတာပဲ သင်ယူ မှတ်သားပြီး လေ့ကျင့်လို့လည်း ရတာပဲ၊ မေမေ့ အနေနှင့် အဲဒီပုံစံအတိုင်းပဲ သွားကြရမှာပေါ့၊ မျိုးရိုး ဗီဇနှင့် ဆိုင်တဲ့ လျှို့ဝှက်ချက်တွေကို ဘယ်သူမှ အတိအကျ မသိကြပါ ဘူး၊ အဲဒီတော့ ဒါတွေကို သိပ်တွေးပြီး ပူပင်သောက မရောက်တာဟာ အကောင်းဆုံး ဖြစ်လိမ့်မယ်လို့ မေမေကတော့ ထင်တာပဲ'

သူ့ အမေသည် တစ်ဖက်နှင့် တစ်ဖက် အကြောင်းတွေ အကျိုးတွေ ဖော်ပြပြီး အငြင်းအခုံလုပ်ဖို့ မရည်ရွယ်မှန်း အဲလ်ဘတ်က နားလည်သည်၊ သူ့ အမေ တင်ပြသော အမြင် သည် ပကတိ ရိုးသားစွာ တင်ပြလိုက်သည့် အမြင် ဖြစ်ကြောင်း လည်း သူ သဘော ပေါက်သည်၊ သို့စေလည်း သူသည် သူ သူငယ်ချင်းများ ပြောခဲ့သည့် အချက်အလက်များကို ပြော၍ စိတ်ကတော့ ရှုံနေဆဲ။



မည်သို့ပင် ဖြစ်စေ နောက်ဆုံးတွင် သူသည် ဤ အကြောင်း အရာကို ဆက်မပြောတော့ဘဲ ဖြတ်ပစ်ကာ နှင်းဆီပန်းများ ဆီသို့ အာရုံ ပြောင်းသွားလေသည်။

ထို အချိန် တွင် အမှန်တကယ်ပင် နေမကောင်းသလို ဖြစ်နေသော ပိုင်ရိုသည် ခါတိုင်းထက်များစွာ အချိန် နောက်ကျ ပြီးမှ နိုးလာသည်။

စိတ်လက်ရွှင်လန်းခြင်း မရှိပါဘဲ ထိုချက်နှင့်ပင် သူ့ အခန်းထဲ၌ ကစားစရာ အရုပ်များနှင့် ပျင်းရိ ငြီးငွေ့လာသည် အထိ ကစားနေသည်၊ သူသည် များစွာ စိတ်ပျက် နေသည့်ဟန် ရှိ၏။ အခုလို အုံ့ဆိုင်း မှုန်မှိုင်းနေသော နေ့မျိုးတွင် သူ့ အတွက် ထူးခြားသော အရာတစ်ခုခု ဖြစ်လာတော့မည်ဟု ထင်နေသည် ဖြစ်ရာ သူ့ စိတ်သည် များစွာ ပျော်ရွှင်ခြင်း မရှိလှ။

ပျော်လင့်ခြင်းနှင့် ယုံကြည်မှု ကင်းမဲ့ခြင်းတို့ ကြားတွင် တုံဆိုင်းဆိုင်း ဖြစ်နေသော ပိုင်ရိုသည် အိမ်ထဲမှ ထွက်ခဲ့ပြီး သိပ်ရာပင်များဆီသို့ သွားသည်။ သူ့ အတွက် စိတ်ဝင်စားစရာ တစ်ခုခု တွေ့လိုတွေ့ငြား သွား၍ ရှာဖွေခြင်း ဖြစ်၏။

သူ့ ဗိုက်ထဲမှ ခံစားနေရသည့် ဝေဒနာသည် စိတ်ပျက်စရာ ကောင်းလှချေသည်။ ယခင်က ခံစားခဲ့ရဖူးသော ဝေဒနာ ဖြစ်၏။ သို့သော်လည်း အခု တစ်ကြိမ်တွင် သူ့ ခေါင်းသည် အဆမတန် ပင်ပန်း နွမ်းနယ်သလိုဖြစ်ကာ အလွန် လေးလံလှ ၏ ရှိသည်။

သူ့ အနေဖြင့် သူ့ အမေထံ ပြေးသွားပြီး အော်ဟစ် ငိုယို ပစ်လိုက်ချင်၏။ သို့သော်လည်း ဘဝင်မြင့်နေသော သူ့ အစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တွင် ဤအလုပ်မျိုးကို သူ လုပ်၍ မဖြစ်၊ သူ့ အစ်ကိုသည် သူ့ အား အရေးတယူ မပြုထိုက်သည့် မလောက်လေး မလောက်စား သူငယ် နှပ်စားလေး တစ်ယောက်ဟု ထင်နေ သည် ဖြစ်ရာ အခုလိုသာ လုပ်လိုက်လျှင် သူ့ အစ်ကိုက သူ့ အား ပို၍ အထင် သေးသွားတော့မည် မဟုတ်ပါလော။

အကယ်၍ သူ့အမေက သူ့ကို ခေါ်ပြီး ကစားနည်း တစ်ခုခုပေးကာ သူနှင့်အတူ ကစားမည်ဆိုလျှင် မည်မျှ ကောင်းပါမည်နည်း။ သို့သော်လည်း ဤကိစ္စမှာ ဖြစ်နိုင်စရာ လမ်းမရှိ၊ သူ့အခမသည် အဲလ်ဘတ်နှင့် အတူ ထွက်သွား ဖြစ်၏၊ ယနေ့သည်လည်း ကံမကောင်းသော နေ့တစ်နေ့ ထင်သည်၊ မျှော်လင့်စရာ နည်းလွန်းလှချေသည်။

စိတ်လက် မတည်ငြိမ်ခြင်းနှင့် စိတ်အားငယ်ခြင်း များ အဖော်ပြုကာ ပိုင်ရှိသည် ကျောက်ပြားများ ခင်းထားသည့် လူသွားလမ်းအတိုင်း ခပ်ဖြည်းဖြည်း လျှောက်လာသည်။

သူသည် လက်နှစ်ဖက်ကို အင်္ကျီအိတ်နှစ်ဖက်တွင် နှိုက်ကာ ပါးစပ်မှ သံပရာပွင့်ရိုးတံ တစ်ခုကို ဝါးလာသည်၊ စိုစွတ်ပြီး အေးမြသော နံနက်ခင်းဖြစ်၍ ရိုးတံ၏ အရသာမှာ ခါးလွန်း လှသည်။

သူသည် ပါးစပ်ထဲမှ ရိုးတံကို ထွေးထုတ်လိုက်ပြီး လမ်း ခုလတ်တွင် ငြိမ်ဆိတ်စွာ ရပ်နေပြန်သည်။ သူ ဘာကို ကောင်းကောင်း မတွေးနိုင်၊ ယနေ့အဖို့တော့ သူ့ စိတ်ထဲတွင် ကြည်လင်အေးမြခြင်း မရှိ၊ သူ့ ကိုယ်သူ မင်းသားကလေး



ဟုလည်း မြင်၍မရ၊ တောပုန်း ဓားပြဟုလည်း ခံစား၍မရ၊ မည်သည့် ကစားနည်းကိုမှ သူ စိတ်မဝင်စား။

သူသည် မျက်နှာကို ရှုံ့မဲ့ကာ မြေပြင်ကို ငုံ့ကြည့်သည်၊ ဖိနပ်ဦးဖြင့် ကျောက်ပြားများကို ထိုးဆွသည်၊ အညိုရောင် ပက်ကျိ တစ်ကောင်ကို စိုစွတ်နေသည့် မြက်ခင်းထဲသို့ ရောက်အောင် တအားကျုံး၍ ကန်ထည့်လိုက်သည်၊ သူ့ ကို စကားပြောမည့်သူ တစ်ဦးမှ မရှိ၊ အနီးအနား ပတ်ဝန်းကျင် တွင် ငှက်ပင် မရှိ။ လိပ်ပြာ တစ်ကောင်တစ်လေပင် မမြင်ရ။ သူ့ ကို ပြုံးပြမည့်အရာ သူ့ကို ပျော်ရွှင် မြူးထူးသွားအောင် လုပ်နိုင်မည့်အရာဆို၍ ဘာတစ်ခုမှမရှိ။ အားလုံး တိတ်ဆိတ် ငြိမ်သက်နေကြသည်၊ အရာရာတိုင်း ခြောက်ကပ်ကပ် ဖြစ်ကာ ပျင်းရိငြီးငွေ့ဖွယ် ကောင်းနေသဖြင့် မျှော်လင့်ချက် ထား၍ မရအောင် ဖြစ်နေသည်။

သူသည် စပျစ်ပင်တစ်ပင်မှ စပျစ်သီးမှည့် တစ်လုံးကို ခူး၍ ပါးစပ်ထဲ ထည့်လိုက်သည်၊ အရသာမှာ အေးစက်ပြီး ချဉ် နေသည်၊ တစ်နေရာရာတွင် လဲလျောင်းပြီး အိပ်နေလိုက်ရလျှင် ကောင်းလိမ့်မည်ထင်၏၊ အိပ်မည်ဆိုပါကလည်း အရာရာတိုင်း အစ်လွင် တောက်ပပြီး လှနေသည့် အချိန်ကျမှ နိုးချင်၏။ သို့မှသာလျှင် ပျော်စရာကောင်းမည် မဟုတ်ပါလော။

အခုလို ခြေဦးတည့်ရာ လျှောက်သွားနေလို့ ကစားစရာ ကောင်းမည်မထင်၊ သူ့ ကိုယ်သူ ဒုက္ခရောက်အောင် လုပ်နေ သလို ဖြစ်နေသည် ထင်၏၊ ဖြစ်မလာမည့် အရာတွေကို စောင့်စားနေ၍လည်း အကျိုးရှိမည် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်၍များ စစ်ကြီးတစ်ခုဖြစ်ပွားလာပြီး ဤလမ်းမကြီးပေါ်၌ မြင်းစီး စစ်သားတွေ ရောက်လာကြမည် ဆိုလျှင် ဘယ်လောက် ပျော်စရာ ကောင်းလိုက်ပါမည်နည်း။ သို့မဟုတ် တစ်နေရာရာမှ အိမ်တစ်လုံးကို မီးလောင်ခဲ့လျှင် သို့မဟုတ် အကြီးအကျယ် ရေလွှမ်းမိုးခဲ့လျှင် မည်မျှ ကောင်းပါမည်နည်း။

တကယ်တော့ ယင်းအဖြစ်အပျက်များသည် ရုပ်စုံ စာအုပ်များထဲ၌သာ ဖြစ်ပတ်ကြသည်ဟု သူ ထင်သည်။ လက်တွေ့ဘဝတွင်မူ ဘယ်တော့မှ မြင်ရလိမ့်မည် မဟုတ်။ တကယ့် လက်တွေ့ ဘဝထဲ၌ ဒါမျိုးတွေ ရှိပင်ရှိလိမ့်မည် မထင်။

ပိုင်ရီသည် သက်ပြင်း တစ်ချက်ချကာ ဆက်လျှောက်သည်။ သူ၏ လှပသော မျက်နှာသည် ကြည်လင်ခြင်း ကင်းမဲ့ကာ ညှိုးနွမ်းလျက် ရှိသည်။ မျက်ကွယ်တစ်ခု နောက်ဆွယ်၌ ရပ်၍ စကားပြောနေကြသောအဲလ်ဘတ်နှင့် သူ့အမေ၏ အသံများကို ကြားနေရ၏။ သူ့ရင်ထဲတွင် မနာလိုစိတ်နှင့် အာဃာတစိတ်များ ပြင်းထန်စွာ ဖြစ်ပေါ်လာသည်။ ချက်ချင်းပင် သူ့မျက်လုံးများ၌ မျက်ရည်များ စို့လာသည်။

သူတို့နှစ်ယောက် သူ့ အသံကို ကြားသွားလျှင် လှမ်းခေါ်လိုက်မည်ကို စိုးရိမ်သဖြင့် အသာကလေး နောက်ပြန်လှည့်ပြီး ထွက်လာခဲ့သည်။ သူ့ကို ခေါ်လျှင် သူမထူးချင်။ သူ ဘယ်သူနှင့်မျှ စကား ပြောချင်စိတ် မရှိ၊ သူ့ကို ဂရုတစိုက် လုပ်မည့်သူကိုလည်း သူ မလိုလား။ သူ့ အနေဖြင့် အလွန်အမင်း စိတ်ပျက်နေသဖြင့် မည်သူ့ကိုမျှ မတွေ့ချင်။ သူ၏ အထီးကျန်ဖြစ်မှု၊



ဝမ်းနည်း ကြေကွဲမှုများနှင့် စိတ်ဆင်းရဲမှုများကို သူ့ဘာသာသူ တစ်ယောက်တည်း နေပြီး အရသာ ခံချင်သည်။

တစ်ခါတစ်ရံတွင် သူ အများကြီး အထင်ကြီးခဲ့ဖူးသည့် ဘုရားသခင်ကို သတိရသည်။ ထိုအခါ စိတ်ထဲတွင် သက်သာသလိုလို ခံစားရ၏။ သို့သော်လည်း ယင်း ခံစားမှုမှာ တစ်ခဏမျှသာ တည်တံ့ပြီး ပြန်ပျောက် သွားသည်။

ကောင်းကင်ဘုံမှ ဘုရားသခင် ဆိုသည်မှာလည်း အတုအယောင်မျှသာ ဖြစ်လေမလား ဟူသော သံသယ ဝင်လာပြန်သည်။ သူ့စိတ်တွင် သူ အားကိုး အားထား ပြုနိုင်မည့် လူ တစ်ယောက်သာ ပေါ်လာလျှင် အလွန် ကောင်းလိမ့်မည် ဟူသော အတွေး ဝင်လာပြန်၏။

ထိုအခါ ပိုင်ရီသည် သူ့ အဖေကို သတိရသည်။ သူ့ အဖေ အပေါ် မျှော်လင့်ချက်ပါ ထားမိသည်။ သူ့ အဖေကတော့ သူ့ကို နားလည်လိမ့်မည်ဟု ထင်သည်။ တခြားကြောင့် မဟုတ်။ သူ့ အဖေ ကိုယ်တိုင် အလွန်ငြိမ်သက်သည်။ သူ့ကို ကြည့်လိုက်လျှင် ပျော်ရွှင်သည့် လက္ခဏာ မရှိ။ အခု အချိန်ဆိုလျှင် သူ့ အဖေသည် စတူဒီယိုထဲ၌ ပန်းချီဆွဲနေမည်မှာ သေချာသည်။

အမှန်တော့ သူ့ အနေဖြင့် သူ့ အဖေထံသွားလျှင် နှောင့်ယှက်သလို ဖြစ်မည်။ ဒါဆိုလျှင် သူ့ စိတ်ကူးသည် စိတ်ကူးကောင်း မဟုတ်။ သို့သော်လည်း မကြာသေးမီက သူ့ အဖေက သူ့ အား လာချင်စိတ် ပေါ်လာလျှင် လာသာလာခဲ့ဟု ပြောထားဖူးသည်။ သူ့ အဖေသည် ပြောခဲ့သည့် စကားကို မှတ်မိများ မေ့နေ

www.burmeseclassic.com



မလား။လူကြီးများသည် ပေးပြီးသား ကတ်ကို မြန်မြန်ဆန်ဆန် မေ့ပစ်တတ်ကြသည်က များ၏။

မည်သို့ပင် ဖြစ်စေ သူ သွားကြည့်လျှင် ပြဿနာတော့ ရှိနိုင်မည် မဟုတ်။ တကယ်တော့ သူ့တွင် အခြား ဖြေသိမ့်စရာ နည်းလမ်းက မရှိ။ သူ့တွင် လောလောဆယ် အဖော်တစ်ယော ရှိဖို့ အရေးတကြီး လိုအပ်နေသည်။

ပထတော့ ပိုင်ရီသည် ခပ်ဖြည်းဖြည်း လျှောက်သည် နောက်တော့ မျှော်လင့်ချက်က တက်လာသဖြင့် ခပ်သွက်သွ လျှောက်သည်။ သူသည် စတူဒီယိုဘက်သို့ သွားရာ လမ်းအတိုင် လိုက်လာခဲ့သည်။

သူသည် တံခါး ကန့်လန့်ကို လက်ဖြင့် ကိုင်ထားပြီး အထဲ အသံကို နားစွင့်သည်။ သူ့အဖေ အထဲမှာ ရှိတာ သေချာပြ သူ့အဖေ၏ အသက်ရှူသံနှင့် ချောင်းဟန့်သံ ကိုသာ မ စုတ်တံ လက်ကိုင်များနှင့် သစ်သားပြား ထိခိုက်မိသံများ ကြားနေရသည် မဟုတ်ပါလော။

သူသည် တံခါးကို အသံမမြည်အောင် သတိထား၍ ဖွ လိုက်ပြီး အထဲသို့ လှမ်းကြည့်သည်။ ထင်းရှူးဆီနှင့်ချိတ်ဆေး နံ့များသည် တထောင်းထောင်းထလျက်ရှိသည်။သို့သော်လည် သူ့အဖေကို မြင်လိုက်ရ၍ အားတက်လာသော ပိုင်ရီသ တံခါးကို အသာပြန်ပိတ်ကာ အခန်းထဲသို့ ဝင်လာခဲ့သည်

တံခါးဖွင့်သံကို ကြားလိုက်ရသော ဗာရာဂု၏ ပခုံးမျ သည် ဆတ်ခနဲလှုပ်သွားပြီး ဦးခေါင်းသည် နောက်သို့ လှ



လာသည်။ သူ၏ စူးရှသော မျက်လုံးများသည် စိတ် အနှောင့်အယှက် ဖြစ်သွားခြင်းကို ဖော်ပြလျက် ရှိသည်။ သူ့ ပါးစပ်သည် ပွင့်လျက် ရှိ၏။

ပိုင်ရီကတော့ မလှုပ်မယှက် ရပ်နေသည်။ သူ့အဖေ၏ မျက်လုံးများကို စေ့စေ့စပ်စပ် ကြည့်ကာ စောင့်စားလျက် ရှိ၏။ ချက်ချင်းပင် သူ့အဖေ၏ မျက်လုံးများသည် ခင်မင် ရင်းနှီးမှုနှင့် ဖော်ရွေမှုများကို ဖော်ပြလာသည်။ စိတ် တို နေသည့် အရိပ်အငွေ့များသည် သူ့အဖေမျက်နှာတွင် မရှိ တော့။ '

'ပိုင်ရီပါလား၊ ဖေဖေ သားနှင့် မတွေ့ရတာ တစ်ရက် ရှိသွားပြီ၊ မင့်မေမေက လွှတ်လိုက်လို့ လာတာလား'

ပိုင်ရီက ခေါင်းခါသည်။ သူ့အဖေက နမ်းသည်ကို ငြိမ်၍ ခွင့်ပြုသည်။

'သား ဒီမှာ ခဏနေပြီး ဖေဖေဆွဲတာကို စောင့်ကြည့်မယ် မဟုတ်လား' ဟု သူ့အဖေက မေးသည်။ ပြီးတော့ ချက်ချင်း ပင် ပန်းချီကားဘက်သို့ ပြန်လှည့်ကာ သတ်မှတ် ထားသည့် နေရာတွင် စုတ်ချက်တင်ရန် ချိန်ဆလျက် ရှိ၏။

ပိုင်ရီက သူ့အဖေကို စိုက်ကြည့်နေသည်။ သူ့အဖေသည် ပန်းချီကားချပ်ကို ပြန်၍ကြည့်ကာ လေ့လာလျက် ရှိ၏။ မျက်လုံး အကြည့်များသည် တင်းမာနေသယောင်ရှိပြီး စုတ် ကိုင်ထားသောလက်သည် ပန်းချီကားကို ချိန်ရွယ်လျက် ရှိ၏။ မျက်နှာသည် ရှုံ့နေပြီး နှုတ်ခမ်းကို ကိုက်ထားသည်။

www.burmeseclassic.com



စတူဒီယိုတွင်းမှ လေတွင် အလွန် မကြိုက်ချင်စရာ ကောင်းသည့် စူးရှရှ အနံ့အသက်များဖြင့် ပြည့်လျှက် ရှိသည်။ ပိုင်ရီ အလွန်မုန်းသော အနံ့များ ဖြစ်လေသည်။

ပိုင်ရီ၏ မျက်လုံးများ အတွင်းမှ အလင်းရောင်သည် ပျောက်ကွယ်သွားသည်။ သူသည် လေဖြတ် ခံထားရသည့် လူတစ်ယောက်သဖွယ် တံခါးကို မှီ၍ ရပ်နေသည်။ အခန်းတွင်းမှ အနံ့၊ သူ့အဖေ၏ မျက်လုံးများနှင့် ရှုံ့မဲ့နေသော အာရုံစူးစိုက်မှု၊ ဤအရာအားလုံးကို သူ သိပြီး ဖြစ်၏။ ယင်းကဲ့သို့ သိနေပါလျက်နှင့် ယနေ့တစ်ရက်တော့ သူ့အဖေသည် ခါတိုင်းနေ့များနှင့် တူလိမ့်မည်မဟုတ်ဟု မျှော်လင့်ခဲ့မိခြင်းသည် မိမိ၏အမှားသာ ဖြစ်သည်ဟု တွေးသည်။

အခုဆိုလျှင် သူ့အဖေ အလုပ်လုပ်နေသည်။ ဆိုးရွားသော အနံ့အသက်များ ထွက်နေသည့် ပန်းချီကားပေါ်၌ အာရုံစိုက်နေသည်။ သူ့အဖေ တွေးနေသည်မှာ ပန်းချီကားများ အကြောင်းသာ ဖြစ်၏။ သူ စတူဒီယိုထဲသို့ ဝင်လာခဲ့မိသည်မှာ မှားပြီ။ သူ၏ မိုက်မဲမှုတစ်ခု ဖြစ်သွားပြီ။

စိတ်အားငယ်သွားပြီ ဖြစ်သော ပိုင်ရီ၏ မျက်နှာသည် ချက်ချင်းပင် ညှိုးငယ်သွားသည်။ ဒီအဖြစ်မျိုးနှင့် ကြုံရလိမ့်မည်ကို သူ အစောကြီးကတည်းက သိထားပြီး ဖြစ်၏။ သူ့အတွက် သူ့အဖေထံမှာရော ဤနေရာ၌ပါ ခိုလှုံစရာ မရှိ။

သူသည် အတန်ကြာမျှ အဓိပ္ပာယ်မရှိ ရပ်နေမိသည်။ ဝမ်းနည်းသော မျက်နှာထားဖြင့် ပန်းချီကားကို ငေးကြည့်နေသည်။ သို့သော်လည်း ဘာကိုမှ ပီပြင်ထင်ရှားစွာ မမြင်ရ။



သူ့ဖေဖေသည် ပန်းချီကားအတွက် အချိန်တွေ အများကြီး ရှိသော်လည်း သူ့အတွက်ဖြင့် နည်းနည်းကလေးမှ မရှိ။

သူသည် တံခါးကန့်လန့်ပေါ်သို့ လက်လှမ်း၍ ကိုင်လိုက်သည်။ သူ့အဖေ မသိအောင် အသာကလေး ပြန်ထွက်သွားမည် ဟူသော စိတ်ကူးနှင့် တိတ်တဆိတ် ကျိတ်၍လုပ်ခြင်း ဖြစ်သည်။

သို့သော်လည်း နားပါးသော ဗာရာဂုက တံခါးဖွင့်သံကို ကြားသည်။ သူ့ပတ်ဝန်းကျင်ကို ဖျတ်ခနဲ လှည့်ကြည့်သည်။ ပြီးတော့ သူ့သားဆီသို့ လျှောက်သွားသည်။

'ဘာဖြစ်လို့လဲ ပိုင်ရီ၊ ထွက်မပြေးပါနှင့် သားရယ်၊ မင်းက မင့်ဖေဖေနှင့် ခဏတစ်ဖြုတ်လောက်မှ မနေချင်တော့ဘူးလား ကွ'

ပိုင်ရီသည် တံခါး ကန့်လန့်ပေါ်မှ လက်ကို ပြန်ရုပ်ပြီး ခေါင်းညိတ်ပြသည်။

'မင်း ဖေဖေကို ပြောစရာ တစ်ခုခု ရှိနေလို့လား' ဟု ဗာရာဂုက အလွန်ချိုသော အသံဖြင့်မေးသည်။ 'လာ မဒိုးကွား ဖေဖေတို့ ခဏထိုင်ကြရအောင်၊ ကဲ ဖေဖေ့ကို ပြောပြစမ်း မဒိုး၊ မနေ့က မင်းတို့ မြင်းရထားနှင့် သွားကြတာဘယ်လိုလဲ'

'အို ပျော်စရာ ကောင်းပါတယ်' ဟု ပိုင်ရီက ဘာမှ ပြဿနာ မရှိသည့် ကလေးတစ်ယောက် လေသံဖြင့် အဖြေ ပေးသည်။

ဗာရာဂုက သူ့လက်တစ်ဖက်ဖြင့် သားငယ်၏ ဆံပင်ကလေး များကို ကိုင်တွယ် ပွတ်သပ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'မြင်းရထား စီးခဲ့ရတာ မကောင်းဘူးလား၊ မင့်ကြည့်ရတာ အိပ်ချင်နေသလိုပဲ၊ မနေ့က ဝိုင် မသောက်ခဲ့ဘူးလား၊ မသောက်ခဲ့ရဘူး၊ ဟုတ်လား၊ ကဲကွာ ဒီလိုဆိုရင် အခု ဖေဖေတို့ ဘာလုပ်ကြရင် ကောင်းမလဲ၊ ဖေဖေတို့ ပုံဆွဲမလား'

'ကျွန်တော် မဆွဲချင်ဘူး ဖေဖေ၊ ဂနေ့ မနေရတာမကောင်းဘူး၊ ထိုင်းထိုင်းမှိုင်းမှိုင်းကြီး'

'ဟုတ်လား၊ မင်း ညက အိပ်ရေးမဝဘူး ထင်တယ်၊ ဒါဆိုရင် မင်း လေ့ကျင့်ခန်းတစ်ခုခု လုပ်မလား'

ပိုင်ရီက ခေါင်းခါသည်။

'ကျွန်တော် လုပ်ချင်စိတ် မရှိဘူး၊ ကျွန်တော် ဖေဖေနှင့်ပဲ နေချင်တယ်၊ ဒါပေမယ့် ဒီအထဲမှာ အနံ့တွေက သိပ်နံတာပဲ'

ဗာရာဂုက ပိုင်ရီအား ဖက်လိုက်ပြီး ဟက်ဟက်ပက်ပက် ရယ်သည်။

'ပန်းချီဆရာတစ်ယောက်ရဲ့သား ဖြစ်နေပြီး ပန်းချီဆေးနံ့ကို မကြိုက်ဘူးဆိုတာ ကံဆိုးတာပဲ၊ ဖေဖေ ထင်တယ်၊ မင်း ကြီးလာရင်၊ ပန်းချီဆရာ မလုပ်ချင်ဘူးနှင့်တူတယ်'

'ကျွန်တော် မလုပ်ချင်ဘူး'

'ဒါဆိုရင် မင်း ဘာဖြစ်ချင်သလဲ'

'ဘာမှ မဖြစ်ချင်ဘူး၊ ကျွန်တော် ငှက်ကလေးတစ်ကောင် ဒါမှမဟုတ် အဲဒီငှက်လိုဟာမျိုး တစ်ခုခု ဖြစ်ချင်တယ်'

'ဒါလည်းပဲ မဆိုးပါဘူး၊ ဒါပေမယ့် မင်း ဖေဖေ့ကို ပြောစမ်း၊ ဖေဖေ့ဆီလာတာ မင်း ဘာလုပ်ချင်လို့လဲ၊ သား



မြင်တဲ့အတိုင်းပဲ၊ ဖေဖေ့မှာ အဲဒီ ပန်းချီကားကို ဆက်ဆွဲစရာ အလုပ်က ရှိနေတယ်၊ သား ဒီမှာပဲနေချင်ရင် နေနိုင်တယ်၊ ကစားနေပေါ့၊ ဒါမှမဟုတ်ရင်လည်း ဖေဖေ ခေတ်ပုံစာအုပ် တစ်အုပ် ပေးထားမယ်၊ သားက ကြည့်နေပေါ့'

သူ လိုချင်သည်မှာ ဒါမဟုတ်၊ ဤနေရာမှ ဝေးရာကို သွားချင်သည်၊ အပြင်သို့ထွက်ပြီး ခွေးတွေကို အစာ ကျွေးမည်ဟု သူက ပြောသည်။

သူပြန်ထွက်ရန် ဟန်ပြင်လိုက်သည့်အခါ သူ့အဖေစိတ်လက် ပေါ့ပါးသွားသည်ကို သူ သတိပြုမိသည်၊ သူ့ကို တစ်ချက်နမ်း၍ နှုတ်ဆက်ပြီး အခန်းထဲမှ ထွက်ခွင့်ပြုသည်၊ သူ့အဖေက တံခါးကို သူကိုယ်တိုင် လိုက်ပိတ်သည်၊ ဤသို့ဖြင့် ပိုင်ရီသည် တစ်ယောက်တည်း ပြန်၍ ဖြစ်သွားပြန်လေ၏။

ပိုင်ရီ၏စိတ်ထဲတွင် စောစောကထက် တိုးပြီး အထီးကျန်ဖြစ်သော ခံစားမှု ဝင်လာသည်၊ သူသည် မြက်ခင်းပြင်ပေါ်မှ ဖြည်းဖြည်းမှန်မှန် လျှောက်သွားသည်။

အမှန်တော့ ဤလမ်းပေါ်အတိုင်း သွားဖို့ ရည်ရွယ်ထားသည်မဟုတ်၊ သူသည် လျှောက်သွားရင်းမှ အမှုမဲ့အမှတ်မဲ့ ပန်းပွင့် တစ်ပွင့်နှစ်ပွင့်ကို ခူးသည်၊ စွတ်စိုနေသော မြက်ခင်းပြင်ပေါ် ဖြတ်လျှောက်နေခြင်း ဖြစ်၍ သူ့ ဖိနပ်များမှာ ပေရေညစ်ပတ် ကုန်သည်၊ သို့သော်လည်း သူ ဂရုမစိုက်။

နောက်ဆုံးတွင် စိတ်အားလျော့သည်ထက်လျော့လာသော ပိုင်ရီသည် မြက်ခင်းပြင်ပေါ် လှဲချလိုက်ကာ ခေါင်းကို

www.burmeseclassic.com

www.burmeseclassic.com



မြက်ပင်များ ကြားတွင် ထိုး၍ ရှိက်ကြီးတငင် ငိုသည်။ ငိုခနရင်းမှပင် သူ့အင်္ကျီလက်များ ရေစိုကုန်သည်ကို သတိထားမိသည်။

သူ့ တစ်ကိုယ်လုံး အအေးဒဏ်ကြောင့် တုန်ယင်လာသည့်အခါကျမှပင် သူသည် အငိုတိတ်ကာ အိမ်ထဲသို့ တိတ်တဆိတ် ပြန်ဝင်ခဲ့သည်။

မကြာခင်မှာပင် သူတို့လူစုက သူ့ကို ခေါ်ကြတော့မည်။ သူ ငိုနေသည်ကို သူတို့ သိကြပေတော့မည်။ ရေစိုပြီး ညစ်ပတ်ပေရေနေသော အင်္ကျီနှင့် ဖိနပ်များကို မြင်ကြပေတော့မည် ဖြစ်၏၊ ထိုအခါ အားလုံးက သူ့ကို ဝိုင်း၍ အပြစ်တင်ကြလိမ့်မည် ဖြစ်၏၊ သူတို့အားလုံးသည် သူ့ ရန်သူတွေချည်း ဖြစ်သည်။

သူသည် မီးဖိုချောင် တံခါးရှေ့မှ ဖြတ်လျှောက်သည်။ အခုအချိန်တွင် သူ ဘယ်သူနှင့်မှ တွေ့လိုစိတ်မရှိ၊ သူ့အနေဖြင့် သူ ဘယ်နေရာမှာရှိမှန်း သူတို့လူစု မသိနိုင်သည့် နေရာ တစ်နေရာသို့ သွားလို၏၊ ဘယ်သူကမှ လိုက်၍ မရှာနိုင်မည့် နေရာမျိုးကိုသာ သူသွားလို၏။

ထို့နောက် သူသည် တံခါးများကို ဖွင့်၍ အသုံးပြုခဲလှသော ဧည့်ခန်းများထဲမှ အခန်းတစ်ခန်း၏ တံခါးတွင် သော့တပ်ထားသည်ကို မြင်သည်။ သူသည် ထိုအခန်းထဲသို့ ဝင်ပြီး တံခါးကို ပြန်ပိတ်ထားလိုက်သည်။ ပွင့်နေသော ပြတင်းပေါက်တံခါးများကို လိုက်ပိတ်သည်။ ပြီးတော့ ဖိနပ်များကိုပင်



မချွတ်တော့ဘဲ အိပ်ရာကြီး တစ်ခုပေါ်သို့ တက်လှဲသည်။ ငိုသည့်အခါ ငိုသည်၊ တစ်ချက် တစ်ချက် ငိုက်သွားသည်။

အချိန် အတော်ကြီး ကြာသွားသည့်အခါ ခြံဝင်းထဲမှ သူ့အမေ၏ အော်ခေါ်နေသံကို ကြားရ၏၊ သူ့ကို ခေါ်နေခြင်း ဖြစ်၏။ သို့သော်လည်း သူ ပြန်မထူး၊ စောင်တစ်ထည် ခြုံ၍ ကွေးနေသည်။ သူ့ အမေ၏ အသံကို ဆက်၍ ကြားနေရသည်။ နောက်ဆုံး အသံ ပျောက်သွားသည်။ နောက်ဆုံးကျတော့ သူ အိပ်ပျော်သွားသည်၊ သူ့ ပါး နှစ်ဖက်တွင် မျက်ရည်များ ရွှဲလျက်။

နေ့လယ်စာ စားရန် ဗာရာဂု ရောက်လာသည့်အခါ ဖရော အက်ဒလီက ဆီး၍ မေးသည်။ 'ရှင် ပိုင်ရီကို ခေါ်မလာဘူးလား' သူ့ မိန်းမ၏ အသံတွင် သောက အရိပ်အငွေ့များ ပါနေသည်ကို ဗာရာဂု သတိ ထားမိသည်။

'ပိုင်ရီလား၊ သူ ဘယ် ရောက်နေတယ်ဆိုတာကို မသိဘူး၊ သူ မင်းတို့နှင့်အတူတူ ရှိမနေဘူးလား'

ဖရော အက်ဒလီ အထိတ်ထိတ် အလန့်လန့် ဖြစ်သွားသည်။ သူ့ အသံသည် ကျယ်လာသည်။

'မဟုတ်ဘူး၊ မနက်စာ စားပြီး ကတည်းက ကျွန်မ သူ့ကို မတွေ့တော့ဘူး၊ ကျွန်မ သူ့ကို လိုက်ရှာတော့ ကောင်မလေးတွေက ပြောတယ်၊ ပိုင်ရီ စတူဒီယိုဘက် သွားတာ မြင်လိုက်တယ်တဲ့၊ သူ အဲဒီကို မသွားဘူးလား'

'လာတယ်လေ၊ ဒါပေမယ့် ခဏလေးပဲ ခနတယ်၊ ပြီးတော့ ပြန်ထွက်ပြေးတယ်' ဗာရာဂုသည် ချက်ချင်း ခေါ်သံကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လာသည်။ 'ဒီ အိမ်ထဲမှာ ကလေးကို ဂရုတစိုက် ကြည့်တဲ့လူ တစ်ယောက်မှ မရှိဘူးလားကွ'

ဖရော အက်ဒလီကလည်း စိတ်တိုလာသည်။ 'ကျွန်မတို့က ရှင့်ဆီမှာ ရောက်နေတယ်လို့ ထင်ကြတာကိုး'ဟု သံပြတ်နှင့် ပြောသည်။ 'ကျွန်မ အခု သွားပြီးရှာမယ်'

'တခြား တစ်ယောက်ကို လွှတ်ပေါ့၊ နေ့လယ်စာက ပြင်ထားပြီးပြီ'

'ရှင် စားနှင့်ပေါ့၊ ကျွန်မကတော့ သွားရှာရလိမ့်မယ်'

ဖရော အက်ဒလီကတော့ အခန်းထဲမှ သုတ်သီးသုတ်ပျာနှင့် ထွက်သွားသည်။ အဲလ်ဘတ်ကပါ ထိုင်ရာမှထကာ သူ့ အမေ နောက်မှ လိုက်သွားရန် ဟန်ပြင်သည်။

'ဟေ့ အဲလ်ဘတ်၊ မင်း လိုက်မသွားနှင့်'ဟု ဗာရာဂုက ဟန့်သည်။ 'နေ့လယ်စာ စားဖို့ အဆင်သင့် ဖြစ်နေပြီ'

အဲလ်ဘတ်က ဗာရာဂုအား ဒေါသ တကြီးနှင့် ကြည့်သည်။ 'ကျွန်တော် အမေနှင့်ပဲ အတူတူ စားမယ်'ဟု အာခံလိုသည့် အသံဖြင့် ပြန်ပြောသည်။

ဗာရာဂုက အဲလ်ဘတ်၏ နီရဲသော မျက်နှာကို ကြည့်ပြီး သရော်ပြုံး ပြုံးသည်။ 'ကောင်းပါပြီ၊ မင်းဟာ ဒီအိမ်မှာ သခင်ပေါ့၊ ငါပြောတာ ဟုတ်ရဲ့လား၊ ဒါနှင့် ပြောရဦးမယ်၊ မင့်စိတ်ထဲမှာ ငါ့ကို ဓားထေးနှင့် ပေါက်ချင်စိတ် ပေါ်လာရင် ပေါက်လိုက်ပါ၊ ရှေးဟောင်း အယူအဆတွေရဲ့ တားမြစ်ချက်ကြောင့်တော့ မလုပ်ဘဲ မနေပါနှင့်'



အဲလ်ဘတ်၏ မျက်နှာသည် ဖြူရော်ရော် ဖြစ်သွားသည်။ သူသည် ကုလားထိုင် တွန်းဖယ်လိုက်သည်။ သူ့ အဖေ၏ ကလေး ဆန်လွန်းသော ဒေါသကို သူ ပထမဆုံး ရင်ဆိုင်ရခြင်း ဖြစ်၏။

'ခင်ဗျား ကျွန်တော့်ကို ဒီလိုပြောတာ မကောင်းဘူး'ဟု အဲလ်ဘတ်က ဒေါသတကြီး အော်သည်။ 'အခုလို ပြောတာကိုတော့ ကျွန်တော် မခံနိုင်ဘူးဗျ၊ သိလား'

ဗာရာဂုက ဘာမှ ပြန်မပြော။ ပေါင်မုန့် တစ်ချပ်ကို ကောက်ယူပြီး ဝါးနေသည်။ သူ ဖန်ခွက်တွင် ရေထည့်ပြီး စိမ်ပြေနပြေ သောက်သည်။ တစ်နိုင်ငံသမျှ အေးအေး သာသာ ဆက်ဆံသွားရန် ဆုံးဖြတ်ထားပြီး ဖြစ်သဖြင့် အခန်းထဲတွင် သူ တစ်ယောက်တည်း ရှိသည်ဟု သဘောထားသည်။ အဲလ်ဘတ်ကတော့ မကျေမနပ်ဖြင့် ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။

'ဒီစကားမျိုး ပြောတာ ကျွန်တော် လုံးဝ မခံနိုင်ဘူး'ဟု သူ့ ဒေါသ သူ ထိန်းချုပ်မရ ဖြစ်နေသော အဲလ်ဘတ်က ထပ်၍ အော်ပြန်သည်။

သူ့ အဖေကတော့ ပေါင်မုန့်ပေါ် ဆား ဖြူးနေသည်။ သူ့ အတွေး ရေလျှဉ်ပေါ်တွင် သူသည် သဘောတစ်စီး စီးကာ အဆုံးမရှိဟု ထင်ရလောက်အောင် ကျယ်ပြန့်သော သမုဒ္ဒရာကြီး များကို ဖြတ်သွားနေသည်။ ကုစား၍ မရနိုင်တော့လောက် အောင် ကြီးမားနေသည့် အရှုပ်အထွေး ပြဿနာများနှင့်

www.burmeseclassic.com

www.burmeseclassic.com



အဆမတန် ဝေးကွာသော နေရာဒေသ တစ်ခုသို့ သွားနေခြင်း ဖြစ်လေသည်။

'ကိစ္စ မရှိပါဘူးကွာ'ဟု ဗာရာဂုက အေးအေး သာသာပင် ပြောသည်။ 'ငါက မင်းကို စကားပြောတာ မင်း မကြိုက်ဘူး ဆိုတာ ငါသိရပြီ၊ ကောင်းပြီလေ၊ ဒီကိစ္စကို ဆက်မပြော တော့ဘူး၊ မေ့ပစ်လိုက်ကြစို့'

ထိုအခိုက်မှာပင် အပြင်မှ အလန့်တကြား အော်လိုက်သံနှင့် စိတ် လှုပ်ရှားစွာဖြင့် ပြောလိုက်သော စကားများကို ကြားရ သည်။ ဖရော အက်ဒလီသည် သူ့သားကို ပုန်းနေသည့် နေရာ၌ တွေ့နေပြီ၊

ဗာရာဂုသည် အခန်းဘွင်းမှ လျင်မြန်စွာ ပြေးထွက်သွား သည်။ ယနေ့အဖို့ အရာရာတိုင်းသည် အမှားမှား အယွင်းယွင်း အလွဲလွဲအချော်ချော် ဖြစ်နေသည် ထင်၏၊

ပိုင်ရီသည် ဧည့်သည်များအတွက် သီးသန့်ထားရာ အခန်း ထဲရှိ အိပ်ရာပေါ်၌ လှဲလျက် ရှိသည်ကို မြင်ရသည်။ ပိုင်ရီ၏ မျက်နှာသည် အိပ်ချင်မူးတူး ဖြစ်လျက် ရှိ၏။ မျက်ရည်စများ ကိုပါ တွေ့နေရသည်၊ ဆံပင်များမှာ ပွရောင်းလျက် ရှိသည်။ သူ့ ဘေးတွင် ရပ်နေသူမှာ အထိတ်တလန့် ဖြစ်နေသော ဖရော အက်ဒလီ၊

'မဟုတ်ဘူး ကလေးရဲ့'ဟု ဖရော အက်ဒလီက သောကနှင့် ဒေါသ ရောနှောနေသော အသံဖြင့် အော်ကြီး ဟစ်ကျယ် ပြောသည်။ 'သား ဒီမှာလာပြီး ဘာလုပ်နေတာလဲ၊ မေမေ



မေးတာ ဘာပြုလို့ မဖြေတာလဲကွယ်၊ မင်း ဘာပြုလို့ ဒီနေရာမှာ လာပြီး လှဲနေရတာလဲ'

ဗာရာဂုက သူ့ သားကို အသာအယာ ပွေ့ယူပြီး ဝေးကြောင်ကြောင် ဖြစ်နေသော မျက်နှာကို စိုးရိမ်စိတ်ဖြင့် ကြည့်သည်၊ 'သား ဖျားနေလား ဟင်'ဟု တယုတယ မေး သည်၊

သူငယ်က ခေါင်းယမ်းသည်။

'မင်း ဒီမှာ အိပ်ပျော် နေတာလား၊ ရောက်နေတာ တော်တော် ကြာပြီလား'

ကြောက်လန့်နေသံဖြင့် ပိုင်ရီက ပြန်ပြောသည်။

'ကျွန်တော် ဘာမှ မလုပ်တတ်တော့ဘူး၊ ကျွန်တော် ဘာမှလည်း မလုပ်ပါဘူး၊ ခေါင်းကိုက်လို့'

ဗာရာဂုက ပိုင်ရီအား ပွေ့ချီပြီး တမင်းစားခန်းထဲသို့ ခေါ်သွားသည်။

'သူ့ကို စွပ်ပြုတ်တစ်ခွက် တိုက်လိုက်ပါ'ဟု သူ့ မိန်းမအား လှမ်းပြောသည်။ 'သား ပူပူနွေးနွေး အစား တစ်ခုတော့ စားမှ ဖြစ်မယ်၊ အဲဒါဆိုရင် မင်း နေကောင်းသွားမှာပါ၊ သား ဖျားနေတာပဲ ဖြစ်ရမယ်'

ဗာရာဂုက သူ့သားကို ဆိုဖာပေါ် ထိုင်ခိုင်းပြီး နောက် ဘက်မှ မှီအုံးတစ်လုံး ခံပေးသည်။ ဇွန်း တစ်ချောင်း ယူကာ စွပ်ပြုတ်တိုက်သည်။

အဲလ်ဘတ်ကတော့ ငြိမ်ဆိတ်စွာ ထိုင်နေသည်၊ စကား တစ်ခွန်းမှ မပြော၊

www.burmeseclassic.com

www.burmeseclassic.com



'သူ ကြည့်ရတာ ဖျားနေတာပဲ ဖြစ်မှာပါ'ဟု ဖရော အက်ဒလီက စိတ်သက်သာရာ ရသွားဟန်ဖြင့် ဝင်ပြောသည်။ မိခင်တို့၏ အကျင့်အတိုင်း သူ့ သား၏ ထူးခြားသောအမူအရာကို ဂရုတစိုက် အကဲခတ်ဖို့ထက် ဖျားနာသည်ကို ကုသဖို့သာ အလေးထားလျက် ရှိလေသည်။

'ကဲ ကဲ စွပ်ပြုတ် သောက်လိုက်၊ ပြီးရင် မေမေတို့က မင့်ကို အိပ်ရာပေါ် ပို့ပေးမယ်'ဟု ဖျောင်းဖျစကား ပြောသည်။

ပိုင်ရီ၏ မျက်နှာသည် ဖြူရော်နေ၏။ မျက်လုံး အစုံကို မှိတ်ကာ ဖွန်းနှင့်ခွံ့ ပေးနေသမျှကို မငြင်းဆန်ဘဲ သောက်သည်။ အဖေက စွပ်ပြုတ် တိုက်နေစဉ်အတွင်း အမေက လက်ကောက် ဝတ်ကို ဆုပ်ကာ အဖျား ရှိ မရှိ သွေးစမ်းကြည့်သည်။

'ကျွန်တော် ဆရာဝန် ခေါ်ပေးရမလား'ဟု အဲလ်ဘတ်က မတည်ငြိမ်သော အသံဖြင့် လှမ်းမေးသည်။ အေးမှ ထိုင်နေရသည့် အစား တစ်ခုခုတော့ လုပ်ပေးသင့်သည် ဟူသော အတွေးဖြင့် မေးလိုက်ခြင်း ဖြစ်၏။

'မခေါ်ပါနှင့်၊ ကိစ္စ မရှိပါဘူး'ဟု သူ့ အမေက ပြောသည်။ 'ပိုင်ရီ အိပ်တော့မှာပါ၊ မေမေတို့က သူ့ ကို နွေးနွေးထွေးထွေး ဖြစ်သွားအောင် စောင်ခြုံပေးမယ်၊ ကနေ့ည ကောင်းကောင်း အိပ်ပျော်သွားရင် မနက်ဖြန် ကောင်းသွားမှာပါ၊ ဟုတ်တယ် နော် သား'

ပိုင်ရီကတော့ အမေ့ စကားကို ဂရုတစိုက် နားထောင်ခြင်း မရှိ၊ သူ့ အဖေက ခွံ့နေသည့် စွပ်ပြုတ်ကို မသောက်ဘဲ ခေါင်း ခါနေသည်။



'ကဲလေ၊ သူမသောက်ချင်တော့ ဇွတ်တိုက် မနေပါနှင့်တော့'ဟု အမေက ဝင်ဟန့်သည်။ ကဲ လာ သား၊ မေမေတို့ အိပ်ရာထဲ သွားကြစို့၊ မနက်ဆို အားလုံး ကောင်းသွားမှာပါကွယ်'

ဖရော အက်ဒလီက ပိုင်ရီ၏ လက်ကို ဆွဲထူသည်။ ပိုင်ရီက အိပ်ချင်မူးတူးဖြင့် ထရပ်ကာ သူ့ အမေ နောက်မှ လိုက်သွားသည်။ သို့သော်လည်း တံခါးဝ အရောက်တွင် ရပ်လိုက်ပြီး မျက်နှာ တစ်ချက် ရှုံ့ကာ ပျို့ ပျို့ လာသည်။ ထို့နောက် စောစောက သောက်ထားသမျှ စွပ်ပြုတ်များကို အန်ချလိုက် လေသည်။

ဗာရာဂုက ပိုင်ရီအား ပွေ့ချီပြီး အခန်းထဲအထိ လိုက်ပို့ကာ သူ့ အမေနှင့် ထားခဲ့သည်။ လူခေါ်ခေါင်းလောင်း မြည်သံ များသည် အိမ်ထဲတွင် ညံလျက် ရှိသည်။ တစ်အိမ်လုံးရှိ အစေခံ များသည် လှေကားမှ တက်လိုက် ဆင်းလိုက်ဖြင့် ဗျာများလျက် ရှိကြ၏။

ဗာရာဂုသည် နောက်ထပ် နည်းနည်းသာ စားနိုင်တော့သည်။ စားနေရင်းမှပင် အခတ်ထဲပြီး ရေပတ် တိုက်နေသော ပိုင်ရီထံသို့ တစ်ကြိမ် နှစ်ကြိမ်မျှ သွား၍ ကြည့်မိသေးသည်။ ထို့နောက် ဖရော အက်ဒလီ အခန်းထဲမှ ပြန်ထွက်လာသည်။ သား ပိုင်ရီမှာ ငြိမ်ငြိမ်အေးအေး ရှိနေပြီ ဖြစ်ကြောင်း၊ ဘာဝေဒနာမှ ခံစားရ ခြင်းလည်း မရှိကြောင်းနှင့် အလွန် အိပ်ချင်နေသည့် လက္ခဏာ ရှိကြောင်း သတင်းပေးသည်။

ဗာရာဂုက အဲလ်ဘတ်ဘက် လှည့်၍ 'မနေ့က ပိုင်ရီကို မင်း ဘာများ အထူးအဆန်း ကျွေးခဲ့မိသလဲ'ဟု မေးသည်။

www.burmeseclassic.com



အဲလ်ဘာတ်က သူ့အဖေ၏ မေးခွန်းကို ဖြေတော့ ဖြေသည်၊ သို့သော်လည်း သူ့အမေဘက် လှည့်၍ သူ့အမေအား ဖြေခြင်း ဖြစ်၏။

'ဘာမှ ထူးတာ မကျွေးမိဘူး၊ ပေါင်မုန့်နှင့် နွားနို့ရယ်၊ နွေလယ်စာတော့ ခေါက်ဆွဲ ကျွေးတယ်'

သူ့အဖေက ယပ်မေးသည်။

'နောက်ပိုင်းကျတော့ကော'

'သူက ဘာမှ မစားချင်တော့ဘူးလို့ ပြောတယ်၊ မွန်းလွဲပိုင်းကျတော့ ဆီးသီး နည်းနည်း ဝယ်ကျွေးတယ်၊ တစ်လုံး နှစ်လုံးပဲ စားတယ်'

'ဆီးသီးတွေက မှည့်ရဲ့လား'

'သိပ် မှည့်တာပေါ့၊ သူ အန်တာနှင့်ပဲ ခင်ဗျားက ကျွန်တော့်ကို အပြစ် ရှာချင်ပုံ ပေါ်တယ်'

ဖခရာ အက်ဒလီက စိတ်တိုနေသော အဲလ်ဘာတ်ကို ကြည့်ပြီး လှမ်းမေးသည်။

'မင်းတို့ နှစ်ယောက်က ဘာဖြစ်နေကြတာလဲ'

'ဘာမှ မဖြစ်ပါဘူး'ဟု အဲလ်ဘာတ်က ပြောသည်။

'ငါက ဒီသဘောနှင့် မေးတာ မဟုတ်ပါဘူး၊ ရိုးရိုးမေးတာပါ၊ မနေ့က ထူးခြားတာ ဘာများ ဖြစ်ခဲ့သေးသလဲ၊ သူ အန်ခဲ့သေးသလား၊ လိမ့်ကျတာတို့ ဘာတို့ ဖြစ်ခဲ့သေးသလား၊ ဗိုက်ထဲက နာတယ်လို့ကော ပြောသေးသလား'



အဲလ်ဘာတ်က ဟုတ်တယ် မဟုတ်ဘူး တိုတိုတောင်းတောင်း ဖြေသည်၊ စားသောက်ပွဲ မြန်မြန် ပြီးစေချင်သော ဆန္ဒသည် ပြင်းစွာ ဖြစ်ပေါ်လျက် ရှိ၏။

ဗာရာဂုသည် ပိုင်ရီ၏ အခန်းထဲသို့ ခြေသံမကြားအောင် ဝင်ခဲ့သည်၊ သူ့သား ပိုင်ရီသည် အိပ်ပျော်နေပြီ ဖြစ်၏၊ သားငယ်၏ ဖွေရော်ရော် မျက်နှာကလေးသည် နှစ် နှစ်ခြိုက်ခြိုက် အိပ်မောကျမှု၏ ချမ်းသာသုခကို အပြည့်အဝ ရရှိ ခံစားနေရပြီ ဖြစ်ကြောင်း ဖော်ပြလျက် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၁

တစိုးရိမ်ရိမ် တခြောင့်ကြကြ ဖြစ်နေရသည့် ထိုနေ့မှာပင် ဗာရာဂုသည် သူ့ပန်းချီကားကို အပြီးသတ် ရေးဆွဲသည်။ နေထိုင်မကောင်း ဖြစ်နေသည့် ကလေးကို ပစ်ထားရသဖြင့် စိတ်ကတော့ အေးမြခြင်း မရှိ။ ပူလောင်လျက် ရှိသဖြင့် သူ့စိတ်ကူး သူ့အတွေးများကို စုစည်း ထိန်းချုပ်နေရသည်မှာ မလွယ်။ တကယ်တော့ စိတ်တည်ငြိမ် အေးချမ်းမှုသည် သူ၏ 'ခွန်အား'ဖြစ်၏။ ထိုခွန်အားကို မရအရ ချုပ်ကိုင်ရသည်မှာ ခက်ခဲနေသည်။

သို့သော်လည်း သူ့စိတ်သည် ပြင်းထန်လွန်းလှသည် ဖြစ်ရာ နောက်ဆုံးတွင် သူ့ဆန္ဒအတိုင်း အောင်မြင်ခဲ့သည်။ ထိုနေ့ မွန်းလွဲပိုင်းတွင် သူသည် သူ့ပန်းချီကားပေါ်၌ နောက်ဆုံး အပြီးသတ် စုတ်ချက်များကို တင်နိုင်ခဲ့လေသည်။

လက်ထဲမှ ဆေးစပ် သစ်သားပြားကလေးကို ဘေးချပြီး သူ့ပန်းချီကားနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ထိုင်ချလိုက်သည်။ သူ့ရင်ထဲ၌ ထူးဆန်းသော စိတ်အားငယ်မှု ဝေဒနာတစ်ရပ် ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ သူ့ပန်းချီကား ကောင်းသည်ကို သူသိပါ၏။ အခု ရေးဆွဲပြီးသောကားသည် သူ၏ ထူးခြားသော လက်ရာ တစ်ခုဖြစ်သည်ကိုလည်း သူ ခန့်မှန်းနိုင်ပါ၏၊

သို့တစေလည်း သူ့စိတ်သည် ဟာလာဟင်းဖြစ်လျက် ရှိ၏။ ပင်ပန်းနွမ်းနယ်လျက် ရှိ၏။ သူ့အလုပ်ကို ပြသနိုင်သည့်လူ ဆို၍ သူ့အနီးတွင် တစ်ယောက်တလေပင် မရှိတော့။

သူ၏ သူငယ်ချင်းမှာ ဝေးလံသော ဒေသသို့ ရောက်နေ သည်။ သူ့သား ပိုင်ရီကတော့ နေမကောင်းဖြစ်လျက် ရှိ၏။ ဤနှစ်ဦးမှ လွဲ၍ သူ့အလုပ်ကို ပြစရာ တခြားလူ တစ်ဦးမှ မရှိ။ ဤပန်းချီကား အတွက် ရနိုင်သည့် တုံ့ပြန်မှုများမှာ သတင်းစာများလို ပြင်ပ ကမ္ဘာလောက နယ်ပယ်မှ သာ ရလာဖွယ်ရာ ရှိ၏၊ ယင်းတို့မှာ တကယ်တမ်းကျတော့ သူ့ အတွက် ဘာမှ တန်ဖိုးမရှိသော အရာများသာ ဖြစ်၏။

ဘာပဲဖြစ်ဖြစ် အခုလောလောဆယ်တွင်တော့ သူငယ်ချင်း တစ်ယောက်ကသာ သူ့ ပန်းချီကား ကို ကြည့် လိုက် လျှင် သို့မဟုတ် သူ့ ချစ်မြတ်နိုးသူ တစ်ဦးကသာ သူ့ကို အနမ်း တစ်ချက် ပေးလိုက်လျှင် သူ့အတွက် သာယာကြည်နူးခြင်းနှင့် အားတက်ခြင်းများ ဖြစ်ရပေလိမ့်မည်။

သူသည် အချိန် အတန်ကြာမျှ သူ့ပန်းချီကားကို ကြည့် သည်။ ဤကား အတွက် လွန်ခဲ့သော ရက်သတ္တပတ်များ အတွင်းက နာရီပေါင်းများစွာ ကုန်ခဲ့ရ၏၊ ကိုယ်အား စိတ်အားများကို အများကြီး သုံးခဲ့ရ၏၊ ဤကား အတွက် သူ ပင်ပန်းခဲ့ရသည့် အဖြစ်များကို ပြန်တွေးနေမိသည်။



'အို မထူးပါဘူး။ဒီကားကိုလည်း ငါ ရောင်းပစ်လိုက်မယ်၊ ရတဲ့ငွေဟာ ငါ အိန္ဒိယကို သွားတဲ့အခါ စရိတ်ရတာပေါ့' ဟု သူ့ကိုယ်သူ ပြောသည်၊

သူသည် စတူဒီယို တံခါးများကို လိုက်ပိတ်ပြီး သူ့သား ပိုင်ရီ၏ အခြေအနေကို ကြည့်ရန် အိမ်မကြီးဘက်သို့ ထွက် လာခဲ့၏၊ ပိုင်ရီ အိပ်ပျော်နေသည်ကို တွေ့ရသည်၊ နေ့လယ်စာ စားချိန်ကထက် အခြေအနေ ပိုကောင်းနေသည်၊ အိပ်လိုက်ရ သဖြင့် အားရှိသွားပုံ ပေါ်၏၊ မျက်နှာသည် သွေးရောင် သန်းနေသည်၊ ပါးစပ်သည် ဟလျက် ရှိ၏၊ မျက်နှာထက်တွင် ထိတ်လန့်ခြင်းနှင့် မျှော်လင့်ချက် ကင်းမဲ့ခြင်းများ ပျောက် ကွယ်နေပြီ ဖြစ်သည်၊

'ကလေးတွေကျတော့လည်း ဒါမျိုးတွေနှင့် ကြုံရင်မြန်မြန် ဆန်ဆန် မေ့လွယ်ပျောက်လွယ် ကြတယ်နော်' ဟု ဗာရာဂုဏ တံခါးပေါက် အထွက်တွင် သူ့မိန်းမအား ခပ်တိုးတိုး လှမ်း ပြောသည်၊ သူ့မိန်းမက ပြုံးသည်၊ သူ့အပြုံးသည် ဖျော့ရဲရဲ ရှိလှသော်လည်း သူ့သားအတွက် ရှိနေသည့် သောကဝန်ထုပ် ဝန်ပိုး အတော်ကြီး လျော့နည်းသွားခြင်းကိုမူ သိသိသာသာ ဖော်ပြလျက် ရှိလေသည်။

ယနေ့ည ညစာကို သူ့မိန်းမနှင့် နှစ်ယောက်တည်း စား လို၏၊ အဲလ်ဘာတ်နှင့်ကတော့ တစ်စားပွဲတည်း ထိုင်၍ စား ချင်စိတ် မရှိ။

'ကို ကနေ့ည မြို့ထဲ သွားမယ်' ဟု သူက ပြောသည်။ 'ညစာ စားချိန်ကျရင် ကို ဒီမှာ ရှိမှာ မဟုတ်ဘူး'

www.burmeseclassic.com

ပိုင်ရီကတော့ အိပ်မောကျနေဆဲ၊ သူ့အမေက အခန်းကို မှောင်ချလိုက်ပြီး အပြင်သို့ ထွက်လာခဲ့သည်၊

ပိုင်ရီသည် အိပ်မက် ကမ္ဘာ အတွင်း၌ ရောက်လျက် ရှိသည်၊ သူသည် ပန်းဥယျာဉ် အတွင်း၌ ခပ်ဖြည်းဖြည်း လျှောက်သွားလျက် ရှိ၏၊ ပတ်ဝန်းကျင် ရှိ အရာရာတို့သည် ခါတိုင်း တွေ့နေမြင်နေကျများနှင့် မတူ တစ်မူ ထူးခြားနေသည်၊ အားလုံးသည် ပို၍ ကြီးကာ ပို၍ ကျယ်ပြန့်နေကြ၏၊

သူသည် မနားမနေ လျှောက်လာခဲ့သည်၊ လျှောက်နေရသည့် ခရီးမှာ အဆုံးမရှိ၊ ပန်းခင်းများမှာ သူ ခါတိုင်း မြင်နေကျ ပန်းခင်းများထက် ပို၍ လှကြသည်၊ ပို၍ တောက်ပကာ ပို၍ ကျက်သရေ ရှိကြ၍မျှမက အမွှေးအကြိုင်တွေက ပိုပြီး ကြီးကြသည်၊

သို့တစေလည်း သူ့ စိတ်ထဲတွင် မရှင်းသလိုလို ဖြစ်နေသည်၊ သူသည် ဝေဝေ ဆာဆာ ဖူးပွင့်လျက် ရှိသော ပန်းချုံများကို ကျော်ပတ်၍ လျှောက်လာသည်၊ အပြာရောင် လိပ်ပြာ တစ်ကောင်သည် ပန်းဖြူပွင့် တစ်ပွင့်၌ ဖက်တွယ်ကာ ဝတ်ရည်ကို ငြိမ်ဆိတ်စွာ စုပ်ယူလျက် ရှိ၏၊ ထိုင်ဆိတ်နေပုံမှာ သဘာဝ အတိုင်း မဟုတ်၊ တစ်မျိုးကြီး ဖြစ်သည်၊

သူ လျှောက်နေသည့် လမ်းမှာ ကျောက်ပြား ခင်းလမ်း မဟုတ်၊ သို့သော်လည်း နူးညံ့အိညံ့သော ကော်ဇော်ကြီး တစ်ချပ်ပေါ် လျှောက်သွား နေရသည့်နှယ် ခံစားရ၏၊



မန်းခင်း တစ်ခု၏ အခြား တစ်ဖက်မှ လျှောက်လာနေသူမှာ သူ့ အမေ၊ သို့တစေလည်း သူ့ အမေက သူ့ကိုမမြင်၊ သူ့ကို ခေါင်းငုံ့ ညိတ်ပြပြီး နှုတ်ဆက်ဖော်ပင် မရ၊ သူ့ အမေ့ မျက်နှာသည် ဝမ်းနည်း ကြေကွဲမှုကို အပြင်းအထန် ခံစားနေရသလိုလို ရှိသည်၊ အသံ မပေးဘဲ တိတ်တဆိတ် ဖြတ်လျှောက်သွားနေပုံ ရသည်၊ သရဲ တစ်ကောင်နှင့် တူလှချေသည်၊

နောက် တစ်ခဏ အကြာတွင် အခြားသော လမ်းပေါ်၌ သူ့ အဖေကို မြင်ရသည်။ ပြီးတော့ သူ့ အစ်ကို အဲလ်ဘတ်၊ နှစ်ယောက်လုံး ရှေ့တည့်တည့်ကို ကြည့်၍ လျှောက်သွားနေကြသည်၊ နှစ်ယောက်စလုံးက သူ့ကို မမြင်ကြ၊ နှစ်ယောက်စလုံး ငြိမ်ဆိတ်လွန်းလှ၏၊ သူတို့ လျှောက်သွားနေကြ မှုသည် အထီးကျန် နိုင်လွန်းလှ ချေသည်၊

နှစ်ယောက်စလုံး၏ ဟန်ပန် အမူအရာသည် တစ်စုံတစ်ခု၏ သို့ယူ ဖမ်းစားခြင်းကို ခံနေကြရသည်နှင့် တူလှ၏၊ သူတို့ မျက်လုံး အစုံတွင် အမြင် အာရုံဘည်း ဟူသော အလင်းရောင် မရှိသလို ဖြစ်နေသည်၊ မျက်နှာများတွင်လည်း အပြုံးရိပ် မမြင်ရ၊ လေနှင့်အတူ ပါလာနေသည့် အသံများကလည်း သူတို့၏ အကြား အာရုံတွင်းသို့ ထိုးဖောက် ဝင်ရောက်နိုင်စွမ်း ရှိပုံ မပေါ်၊

အဆိုးဆုံးကား၊ သူ ကိုယ်တိုင်က အသံထွက်၍ မရခြင်း ဖြစ်သည်၊ အသံထွက်၍ မရခြင်းမှာလည်း တစ်စုံတစ်ခုသော အရာက ထားဆီးပိတ်ပင်ထား၍မဟုတ်၊ သူ့တွင် သူတို့ကိုအော်၍

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဝံ့သည့် သတ္တိနှင့် ဆန္ဒ မရှိခြင်းသာ ဖြစ်သည်၊ တကယ်တော့ ဤ အခြေအနေသည် ဖြစ်ရမည့် အခြေအနေ တစ်ရပ် ဖြစ်မှန်း သူ သိသည်၊ အကယ်၍ သူ့ အနေဖြင့် အခြေအနေကို ဆန့်ကျင်၍ လုပ်လိုက်မည် ဆိုပါက ပို၍ ကြောက်စရာ ကောင်းသည့် အခြေအနေမျိုး ဖြစ်လာဖွယ်သာ ရှိသည်ဟုလည်း သူ နားသည်သည်။

ပိုင်ရှိသည် ခမ်းနား ကြီးကျယ်လှသော ပန်းခြံကြီး အတွင်းမှ ဖြည်းညင်းစွာ ဖြတ်လာသည်၊ ထောင်ပေါင်း များစွာသော ပန်းများသည် တဝင်းဝင်း တလက်လက် တောက်ပနေကြသည်။ သူတို့ကို ကြည့်ရသည်မှာ တကယ့်ပန်းများနှင့် မတူ၊ သူသည် အဲလ်ဘတ်ကိုရော သူ့ အမေနှင့် အဖေကိုပါ မကြာခဏ မြင်တွေ့နေရ၏၊ သူတို့ သုံးယောက်စလုံး သူနှင့် မလှမ်း မကမ်းမှ ဖြတ်သွား ဖြတ်လာ လုပ်နေကြသည်၊ သူတို့သည် တစ်ယောက်ကို တစ်ယောက် အသိအမှတ် မပြုချင်သည့် မျက်နှာထားမျိုး ရှိနေကြလေသည်၊

သူတို့ မိသားစုကြားတွင် ဤ အဖြစ်မျိုး ပေါ်ပေါက်လာခဲ့သည်မှာ အချိန်ကာလအားဖြင့် နှစ်ပေါင်း မြောက်မြားစွာ ကြာခဲ့ပြီ ထင်၏၊ ကမ္ဘာ လောကကြီးနှင့် ဤ ပန်းဥယျာဉ်ကြီး အသက်ဝင် ရှင်သန်နေချိန်၊ လူတွေအားလုံး ပျော်ရွှင် မြူးထူးနေချိန်နှင့် သူကိုယ်တိုင် သာသာ ပျော်ရွှင်မှုများကို အပြည့်အဝ ရယူခံစားနေချိန်များသည် အလွန် အလှမ်းကွာဝေးပြီး အလွန် နက်ရှိုင်းသော အတိတ်ကာလ တစ်ခု အတွင်း၌ ကျန်ရစ်ခဲ့လေပြီ၊



ဤကမ္ဘာ လောကကြီးသည် တကယ်တမ်းကျတော့ အခု သူ မြင်တွေ့နေရသည့် ပုံစံအတိုင်း အစဉ်အမြဲ ဖြစ်နေဟန် တူ၏၊ စောစောပိုင်း ဘဝက သာယာမှု ရှိခဲ့သည်မှာ မှန်ပါ၏၊ သို့သော်လည်း ထို သာယာမှုသည် မိုက်မဲသော အိပ်မက် တစ်ခု မျှသာ ဖြစ်သည်ဟု ယူဆရမလို ဖြစ်နေ၏၊

နောက်ဆုံးတွင် သူသည် ဥယျာဉ်မှူး နေခဲ့လေ့ရှိသော ကျောက်ရေတွင်းကလေးဆီသို့ ရောက်လာသည်။ သူ ကိုယ်တိုင်လည်း ဤ ကျောက်ရေတွင်း ကလေးထဲ၌ ဖားတစ်ပိုင်း ငါးတစ်ပိုင်း ဖားလောင်းကောင် ကလေးများ ထည့်၍ မွေးထားခဲ့ဖူး၏၊ ရေတွင်းထဲမှ စိမ်းမြမြ ရေသည် ငြိမ်သက်နေသည်၊ ကျောက်ရေတွင်း နှုတ်ခမ်းနှင့် အပေါ်ဘက်မှ ကိုင်းကျနေသော သစ်ရွက်များသည် ရေထဲတွင် အရိပ် ထင်နေကြ၏၊ ကျောက်ရေတွင်းသည် လှတော့ လှပါ၏၊ သို့သော်လည်း အပယ်ခံ ဘဝ ရောက်နေသဖြင့် တခြားသော အရာဝတ္ထုများ လိုပင် သာယာမှု ကင်းမဲ့နေသည်၊

'မင်း အဲ့ဒီ ရေတွင်းထဲ ကျသွားရင် ရေနစ်ပြီး သေမှာ'ဟု ဥယျာဉ်မှူးက သူ့ အား ပြောခဲ့ဖူးသည်၊ တကယ်တော့ ရေတွင်းသည် သိပ်ပြီး နက်လှသည် မဟုတ်၊

ပိုင်ရှိသည် ရေတွင်း နှုတ်ခမ်း၌ ရပ်၍ ငုံ့ကြည့်သည်၊ သူ့ မျက်နှာသည် ရေထဲတွင် ပေါ်လာသည်၊ အခြား သူတွေ၏ မျက်နှာများနှင့် အတူတူပင် ဖြစ်သည်၊ အိုမင်း ရှုံ့ခွေ နေသည်၊ ဖြူဖပ် ဖြူရော်နှင့် ခက်ထန် တင်းမာလှ၏၊

www.burmeseclassic.com

www.burmeseclassic.com



သူသည် မျက်နှာအရိပ်ကို ကြည့်ပြီး အံ့အား သင့်နေသည်။ တစ်မုဟုတ်တည်း လိုလိုပင် ကြောက်လန့်စိတ် ဝင်လာသည်။ သူ့ရင်ထဲ၌ ကျိန်းအောင်းနေသော အစိမ့်ဘယ် ကင်းမဲ့သည့် ကြေကွဲဝမ်းနည်းမှုသည် ပြင်းထန်စွာ ဖြစ်ပေါ်လာသည်။

သူသည် အော်ဟစ်ရန် အားထုတ်သည်။ သို့သော်လည်း အသံက တစ်ချက်ကလေးမျှ ထွက်မလာ။ သူ့ရင်ထဲမှ ငိုယိုချင်စိတ် ဖြစ်ပေါ်လာပြန်သည်။ သို့သော်လည်း ငို၍မရ။ သူ လုပ်နိုင်သည်မှာ တစ်ခုသာ ရှိ၏။ သူ့ မျက်နှာထားကို ပြင်လိုက်ပြီး ပြုံးဖြဲဖြဲ လုပ်လိုက်ခြင်းသာ ဖြစ်လေသည်။

ထို့နောက် သူ့အဖေ ပြန်ပေါ်လာသည်။ပိုင်ရီသည် သူ့တွင် ကျန်ရှိနေသေးသည့် ခွန်အားကို အစွမ်းကုန် စုစည်းကာ သူ့အဖေဘက်သို့ လှည့်လိုက်သည်။ တိတ်တဆိတ် ကျိတ်၍ ငိုကြွေးသည်။ သည်းခံခြင်းငှာ မစွမ်းနိုင် လောက်အောင် နာကျင်လျက်ရှိသော သူ့နှလုံးသားမှ ဒဏ်ရာအတွက် သူ့အဖေထံ အကူအညီ တောင်းခံမိသည်။ သူ့အဖေက သူ့ထံသို့ လျှောက်လာသည်။ သို့သော်လည်း သူ့အမူအရာမှာ အသက်မပါသည့် ဝိညာဉ် တစ်ခုကောင်နှင့် တူနေသည်။ ပြီးတော့ သူ့ကို မြင်ပုံလည်း မရ။

'အဖေ' ဟု အော်ခေါ်ရန် ပိုင်ရီ ကြိုးစားသည်။ ပိုင်ရီ၏ အသံကို မကြားရသော်လည်း သူ၏ အားထုတ်မှုကြောင့် သူ ခံစားနေရသည့် ဝေဒနာအရှိန်သည် အထီးကျန်ဖြစ်နေသော ဖခင်၏စိတ်ကို ရိုက်ခတ်သည်။သူ့အဖေက သူ့ကိုလှည့်ကြည့်သည်။

သူ့အဖေက စူးစမ်းသောအကြည့်ဖြင့် ပိုင်ရီ၏ မျက်လုံးများကို စေ့စေ့စပ်စပ် ကြည့်၍ ပြုံးပြကာ ခေါင်းတစ်ချက်ဆတ်သည်။



သူ့အပြုံးမှာ လျော့ရဲရဲ နိုင်လွန်းလှ၏။ သူ့အဖေ၏အကြည့်တွင် ဝမ်းနည်းခြင်းနှင့် ကရုဏာ မကင်းခြင်းများ ပါလျက် ရှိသော်လည်း စိတ်သက်သာရာရသည့် အရိပ်လက္ခဏာကိုအား မမြင်ရ။ သူ့အနေဖြင့် ဘာမှမတတ်နိုင်သည့် သဘောကို ဖော်ပြနေသည့်နှယ် ရှိသည်။

နောက်တစ်ခဏမျှအတွင်းတွင် မေတ္တာနှင့် ကရုဏာရိပ်များသည် မျက်နှာပေါ်မှ ဖျတ်ခနဲ ပျောက်သွားသည်။ ထိုတစ်ခဏ အတွင်းမှာပင် သူ့အဖေသည် အစွမ်းသတ္တိများနှင့် ပြည့်စုံပြီး တန့်ခိုးအင်အား ကြီးမားသော ဖခင်မဟုတ်တော့ဘဲ အလွန်ညှိုးနွမ်း အားနည်းပြီး အားကိုးရာမဲ့နေသည့် အစ်ကိုတစ်ယောက် အဖြစ်သို့ ပြောင်းသွားသည်။

ထို့နောက် သူ့အဖေသည် ခဏခဏလိုပင် ရှေ့တည့်တည့်ကို ကြည့်ကာ ဆက်လျှောက်သွားသည်။ နောက်ဆုံးတွင် သူ့အဖေသည် ပိုင်ရီ၏ မျက်စိအောက်မှ လုံးဝ ကွယ်ပျောက်သွားသည်။ ကျောက်ရေတွင်း၊ လူသွားလမ်းနှင့် ပန်းဥယျာဉ်တို့သည်လည်း တဖြည်းဖြည်းနှင့် မှုန်ဝါးဝါး ဖြစ်ကာ နှင်းမြူများ နောက်သို့ ဝင်ရောက်သွားသည့် တိမ်များသဖွယ် ပျောက်ကွယ် သွားကြလေသည်။

ပိုင်ရီသည် အိပ်ပျော်နေရာမှ ဖျတ်ခနဲ နိုးလာသည်။ နားထင်နှစ်ဖက်စလုံး ဘိုက်ခဲလျက်ရှိ၏။ လည်ချောင်းသည် ခြောက်သွေ့ပူလောင်လျက် ရှိသည်။ မှောင်မည်းနေသည့် အခန်းထဲမှ ခုတင်ပေါ်တွင် သူတစ်ယောက်တည်း အိပ်ပျော်နေခြင်း ဖြစ်သည်ကို တွေ့ရသည်။ သူ ဘာဖြစ်ခဲ့သနည်း။ နောက်ကြောင်းများကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်တွေးဖို့ ကြိုးစားသည်။ သို့သော်လည်း ဘာကိုမှ မမှတ်မိ။ မောပန်း နွမ်းနယ်လှစွာဖြင့် တစ်ဘက်သို့ စောင်းလိုက်သည်။

ဖြည်းဖြည်းချင်း သတိ ပြန်ဝင်လာသည်။ ထိုအခါကျမှပင် သူသည် သက်ပြင်းချသည်။ ဖျားရ နာရ ခေါင်းကိုက်ရသည်မှာ ကောင်းသည်မဟုတ်။ သို့သော်လည်း ခံနိုင်စွမ်းတော့ ရှိသည်။ ယမန်နေ့ ညက ကြုံခဲ့ရသည့် ကြောက်မက်ဖွယ်ရာ အဖြစ်နှင့် နှိုင်းယှဉ်ကြည့်လိုက်လျှင် ထိုဝေဒနာများကို ခံစားရသည်က ပို၍ သက်သာမှု ရှိသည်ဟု ထင်၏။

သူသည် စိတ်ဆင်းရဲမှုဒဏ်ကို ပြင်းစွာခံစားခဲ့ရ၏။ ယင်းကဲ့သို့ ဖြစ်ရခြင်းသည် ကောင်းပါ၏လောဟု ပိုင်ရိုက တွေးသည်။ ကိုယ်လက် မအီမသာဖြစ်ပြီး နေထိုင် မကောင်းဖြစ်ရခြင်းက တော့ ဘာကြောင့်များပါလိမ့်၊ အကယ်၍ ထိုကဲ့သို့ ဖြစ်ရခြင်းသည် အပြစ်ဒဏ်ခတ်ခြင်းဟု ဆိုခဲ့ပါမူ သူ့မှာ ဘာအပြစ်များ ရှိလို့လဲ။

လူကြီးတွေက မစားရဟု တားမြစ်ထားသည့် အစားအစာများကို သူ လုံးဝ မစားခဲ့။ တစ်ခါတုန်းကတော့ မမှည့်သေးသော သီးသီးများကို စားခဲ့မိ၍ ဗိုက်နာခဲ့ဖူး၏။ ဆီးသီးစိမ်းများကို မစားရဟု ပိတ်ပင်ထားပါလျက်နှင့် သူ စားခဲ့မိခြင်းဖြစ်ရာ ဖြစ်လာသမျှ အဆိုးများကို သူ ခံဖို့ပင် ရှိ၏။ သို့သော်လည်း အခု အဖြစ်ကတော့....။

အခုဆိုလျှင် သူသည် အိပ်ရာထက်၌ လှဲနေရသည်။ ပြီးတော့ ဘာကြောင့် အော့အန်နေရသနည်း။ ခေါင်းထဲတွင်လည်း နာကျင်ကိုက်ခဲလျက် ရှိ၏။ ဘာကြောင့် ထိုသို့ ဖြစ်နေရပါသနည်း။



အခန်းထဲသို့ သူ့အမေ ပြန်ဝင်လာချိန်တွင် သူ အိပ်ရာမှ နိုးနေခဲ့သည်မှာ ကြာပြီဖြစ်၏။ သူ့အမေက ခန်းဆီးများကို ဖွင့်လိုက်သည်။ အခန်းထဲသို့ ညနေခင်း၏ အလင်းရောင် ဖျော့ဖျော့သည် ဝင်ရောက်လာသည်။

'သားလေး နေကောင်းရဲ့လား၊ အိပ်ရေးကော ဝရဲ့လား'

သူက အမြေမဲ့ပေး တစ်ဘက်သို့ စောင်းလျက် လှဲနေရာမှ သူ့အမေကို မော့ကြည့်သည်။ အမေက သူ့ကို ပြန်ကြည့်ကာ အံ့အားသင့်လျက် ရှိသည်။ သူ့ သား ၏ မျက်လုံးများသည် ထူးထူးဆန်းဆန်း ခက်ထန်တင်းမာနေသည်။ ပြီးတော့ မေးခွန်း တစ်ခုခုကို မေးနေသည့်နှယ် ရှိသည်။

'အဖျားတော့ မရှိဘူး၊ တော်ပါသေးရဲ့' ဟု အမေက တွေးသည်။

'သား မဆာဘူးလား၊ ဘာစားချင်သလဲ'

ပိုင်ရိုက ခေါင်းယမ်းသည်။

'ရေ' ဟု ပိုင်ရိုက တိုးတိုးကလေးပြောသည်။

ရုတ်တရက် တစ်ဖက်ခန်းမှ စန္ဒရားသံ ပေါ်ထွက်လာသည်။ အသံလှိုင်းများသည် အခန်းတွင်းသို့ ပြေးဝင်လာကြသည်။

'မတီးနှင့်' ဟု ပိုင်ရိုက အော်သည်။ 'မတီးပါနှင့်၊ ကျွန်တော် တစ်ယောက်တည်း နေပါရစေ' လက်ဝါးနှစ်ဖက်ဖြင့် နားများကို အုပ်ကာ ဦးခေါင်းကို ခေါင်းအုံးထဲသို့ မြှုပ်ထားသည်။

ဖရောဗာရာဂုက သက်ပြင်းတစ်ချက်ချကာ သူ့အခန်းဆီသို့ ပြန်သွားပြီး အဲလ်ဘတ်အား စန္ဒရား မတီးဖို့ တားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ပြန်ရောက်လာပြီး ပိုင်ရီ ပြန်၍ အိပ်ပျော်သွားသည်အထိ ထိုင်စောင့်နေသည်။

ထိုညတွင် တစ်အိမ်လုံး အလွန်အမင်း တိတ်ဆိတ်လျက်ရှိသည်။ အိမ်တွင် ဗာရာဂု မရှိ၊ စန္ဒရားမတီးရသဖြင့် မကျေမနပ်ဖြစ်နေသော အဲလ်ဘတ်သည် နှုတ်ဆိတ်လျက်ရှိ၏။ သူတို့အားလုံး အစောကြီး အိပ်ရာဝင်ကြသည်။ ဖရောဗာရာဂုသည် သူ့အခန်းတံခါးကို ဖွင့်၍အိပ်သည်။ ညအချိန်မတော် ပိုင်ရီ တစ်စုံတစ်ခု ဖြစ်လျှင် အလွယ်တကူ ကြားနိုင် သိနိုင်ရန်အတွက် ဖြစ်လေသည်။

# ၁၂

ထိုညက မြို့ထဲမှပြန်လာသော ဗာရာဂုသည် အိမ်ကြီးရှေ့မှ အဖြူဘ်တွင် အသံမသွက်အောင် အထူး သတိထား၍ လျှောက်သည်။ မီးသင်းနေသော ပြတင်းပေါက်နှင့် ပွင့်နေသော တံခါးများကြားမှ သူ့သားငယ် နေမကောင်းဖြစ်နေကြောင်း သိသာထင်ရှားစေမည့် အသံဗလံများ ကြားရမည် စိုး၍ ဖြစ်သည်။

သို့သော်လည်း တစ်အိမ်လုံး ငြိမ်ဆိတ်ကာ အိပ်မောကျနေသည်ကို တွေ့ရသောအခါ သူ၏ စိုးရိမ်စိတ်သည် သူ့ကိုယ်ပေါ်မှ လေးလံလှသော ဝတ်ရုံကြီးတစ်ခု ကွာကျသွားသည့်နှယ် ကွယ်ပျောက်သွားသည်။

အိပ်ရာထဲ ရောက်သည့်အခါ အခုလို အခြေအနေမျိုးနှင့် ကြုံခဲ့တွေ့လိုက်ရသည့်အတွက် စိတ်သက်သာရာ ရခဲ့သည့်အဖြစ်ကို ပြန်၍ တွေးမိပြန်သည်။

ထို့နောက် အိပ်မောမကျသေးမီ တခဏ အချိန်တလေး အတွင်းတွင် သူသည် ရောက်ဘဘ်ရာရာများကို တွေးတော နေမိပြန်သည်။ အလွန် အားငယ်နေသော စိတ်ကို ဘာမဟုတ်

www.burmeseclassic.com



သည့် အသေးအဖွဲ့ အခြေအနေတစ်ခုက ပြန်လည်၍ ရှင်သန်တက်ကြွသွားအောင် လုပ်ပေးလိုက်နိုင်ခြင်းကို ဆင်ခြင်စဉ်းစားကာ ပြုံးနေမိ၏။

သူ အလွန်ချစ်သော သားငယ်အတွက် တောက်လောင်နေရသည့် ပရိဒေဝမီးကြောင့် သူ၏ ကိုယ်စိတ် နှစ်ပါးကို အပြင်းအထန် နှိပ်စက်ခဲ့သော အရာများနှင့် သူ့ဘဝ တစ်ခုလုံးကို သုညဖြစ်သွားအောင် ဖန်တီးခဲ့သော အရာများသည် ကွယ်ပျောက်သွားခဲ့ကြ၏။ အဓိကနေရာမှ သာမည နေရာသို့ ရောက်သွားကြ၏။

မကြာမီ အမှောင်ရိပ်များသည် ဆုတ်ခွာသွားကြလိမ့်မည် ထင်၏။ သို့ဆိုလျှင် အရာရာတိုင်းသည် သာယာကြည်လင်ကာ သူ့ဘဝ တစ်ခုလုံးသည် သည်းခံနိုင်သော အနေအထားသို့ ပြန်လည် ဆိုက်ရောက်လာလိမ့်မည် ထင်၏။

နောက်တစ်နေ့ မနက်တွင် ဗာရာဂုသည် စိတ် လက် ကြည်လင်စွာဖြင့် အိပ်ရာမှနိုးသည်။ ခါတိုင်း သွားနေကျ အချိန်ထက် အများကြီးစော၍ အိမ်ကြီးပေါ်သို့ ရောက်သွားသည်။

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော သူ့သားငယ် ပိုင်ရီကို မြင်လိုက်ရသည့်အခါ စိတ်အေးသွားသည်။ အဲလ်ဘတ်ကတော့ အိပ်ရာမှ မနိုးသေး။ သူသည် သူ့မိန်းမနှင့် နှစ်ယောက်တည်း ထိုင်၍ နံနက်စာစားသည်။

သူ့ယောကျ်ား အနေဖြင့် အခုလို အချိန်နာရီတွင် သူ စားပွဲသို့ ရောက်လာပြီး သူနှင့်အတူတူ ထိုင်၍ နံနက်စာ



မစားခဲ့သည်မှာ နှစ် ပေါင်း များ စွာ ကြာခဲ့ပြီဖြစ်၏။ ထို့ကြောင့်လည်း ဖရောအက်ဒလီအဖို့ အထူးအဆန်း တစ်ခုနှင့် ကြုံရသလို ဖြစ်နေသည်။

သူ့ယောကျ်ားက ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမော ဖြင့် ကော်ဖီတစ်ခွက် တောင်းလိုက်သည့်အခါ ရုတ်တရက်မယုံကြည်နိုင်သော မျက်နှာသားဖြင့် ကြည့်နေမိသည်။ မည်သို့ပင်ဖြစ်စေ ဖရောအက်ဒလီသည် အရင်တုန်းက ကဲ့သို့ပင် သူ့ယောကျ်ားနှင့် နံနက်စာကို အေးအေးသာသာ စားသည်။

နောက်ဆုံးတွင် ဗာရာဂုက သူ့မိန်းမ၏ အခြေချက်မှုကို ရိပ်မိသည်။ ထိုအခါကျမှပင် ခါတိုင်းနေ့များကထက် အချိန်စောပြီး ရောက်လာသည့် သူ့အဖြစ်ကို ပြန်၍ သတိထားမိလေ၏။

'ချာတိတ်ရဲ့ အခြေအနေ ပြောင်းလာတာ မြင်ရတော့ ကို သိပ် ဝမ်းသာသွားတယ်' ဟု ဗာရာဂုက ပြောသည်။ 'တကယ် ဖြစ်လာတော့ ကို သူ့အတွက် သိပ်ကို စိတ်ပူသွားတာ'

'ဟုတ်တာပေါ့' ဟု ဖရောအက်ဒလီက ထောက်ခံသည်။ 'မနေ့ကဆိုရင် ကျွန်မစိတ်ထဲမှာ အားမလိုအားမရ သိပ် ဖြစ်သွားတယ်'

ဗာရာဂုသည် ကော်ဖီခွက်ကို လက်နှင့် လှည့်၍ ကစားနေရာမှ သူ့မိန်းမကို ပြောင်စပ်စပ် မျက်နှာပေးဖြင့် တစ်ချက် ကြည့်သည်။ ကလေးဆန်သော ရှင်လန်းမြူးတူးမှု အရိပ်အယောင်သည် ဖျတ်ခနဲ ပေါ်လာပြီး ဖျတ်ခနဲပင် ပြန်ပျောက်သွားသည်။ မည်သို့ပင်ဖြစ်စေ ကုန်လွန်ခဲ့ပြီးဖြစ်သော အချိန်ကာလများ

www.burmeseclassic.com

www.burmeseclassic.com



အတွင်းက သူ အလွန် စွဲလမ်းခဲ့ မြတ်နိုးခဲ့ဖူးသော လက္ခဏာ တစ်ရပ် ဖြစ်၏။ ၎င်းလက္ခဏာကို ပိုင်ရှိ တစ်ယောက်သာလျှင် အမွေ ဆက်ခံထားလေသည်။

'ဟုတ်ဘယ်၊ ကိုလည်း အဲသည်လိုပဲ' ဟု ဗာရာဂူက ရွှင်လန်းတက်ကြွသော လေသံဖြင့် ပြောသည်။ 'အခုတော့ ဟန်ကျသွားပြီ၊ ကိုရဲ့ နောက်ဆုံး အစီအစဉ်ကို မင်းနှင့် ဆွေးနွေးနိုင်ပြီ၊ ဒီနှစ် ဆောင်းတွင်းမှာ မင်းအာနန္ဒနှင့် သား နှစ်ယောက်ကို ခေါ်ပြီး ဝိန်နီမောရစ်ဇ်ကို သွားနေသင့် တယ်လို့ ထင်တယ်'

ဖရောအက်ဒလီက မစေ့ခဲ့နိုင်သော မျက်နှာထား ဖြင့် ကြည့်သည်။ 'ရှင်ကကော' ဟု ပြန်မေးသည်။ 'ကျွန်မတို့နှင့် ဟိုကို လိုက်လာပြီး ပန်းချီ ဆွဲမှာ ဟား'

'မဆွဲပါဘူး၊ ကိုဘာ မင်းတို့နှင့်မလိုက်ဘူး၊ အခိုက်အတန့် တော့ ကို မင်းတို့ကို ထားခဲ့ပြီး ခရီးထွက်မယ်၊ ဒီနှစ် ဆောင်း ဦးပေါက်မှာ စတူဒီယိုကို ပိတ်ထားခဲ့ပြီး ဒီက ခွာမယ်လို့ စီစဉ်ထားတယ်၊ ရောဘတ်ကိုလည်း အနားပေး လိုက်မယ်၊ မင်းတို့အတွက်ကတော့ ကြိုက်သလို စီစဉ်ပေါ့၊ တစ်ဆောင်း တွင်းလုံး မြိုင်ခေတမှာပဲ နေချင်တယ်ဆိုရင်လည်း နေပေါ့၊ ကိုကတော့ အကြံမပေးပါဘူး၊ ဂျီနီဗာဖြစ်ဖြစ် ပါရီဖြစ်ဖြစ် သွားချင်လည်း ကောင်းတာပါပဲ၊ ဒါပေမယ့် ဝိန်နီမောရစ်ဇ် ကိုတော့ ထည့်တွက်ပါ၊ ဝိန်နီမောရစ်ဇ်က ပိုင်ရှိ အတွက် ကောင်းလိမ့်မယ်'



ဖရောအက်ဒလီက စိတ်ရှုပ်သော မျက်နှာထားဖြင့် မော့ ကြည့်သည်။ 'ရှင် ကျွန်မကို နောက်ပြောင်ပြီး ပြောနေတာ လား' ဟု သံသယ မကင်းသော လေသံဖြင့်မေးသည်။

'အို...မဟုတ်ပါဘူး' ဟု ဗာရာဂူက ပြုံး၍ ပြောသည်။ 'ကိုမှာ နောက်တတ်ပြောင်တတ်တဲ့ အလေ့အထ မရှိတော့ ပါဘူး၊ ဆုံးရှုံးသွားတာ ကြာပါပြီ၊ အခု ပြောနေတာ တွေဟာ အတည် ပြောနေတာပါ၊ ကိုပြောတာ ယုံပါ၊ ကို သမုဒ္ဒရာ ခရီးထွက်ဖို့ စီစဉ်ထားတယ်၊ သိပ်အကြာကြီးတော့ မဟုတ်ပါဘူး၊ ခဏတစ်ဖြုတ်ပါ'

'သမုဒ္ဒရာခရီး...၊ ဟုတ်လား'

ဖရော အက်ဒလီသည် ဗာရာဂူ၏ ပြောစကားများကို ပြန်လည် ဆင်ခြင် စဉ်းစားသည်။ သူ၏အကြံပြုချက်များ၊ သူ၏ စကားသွား စကားလာများ၊ သူ၏ ရွှင်မြူးနေသောလေသံများ။ ဤအရာ အားလုံးသည် ခါတိုင်းနှင့် မတူ၊ တစ်မူ ထူးခြားလျက် ရှိသဖြင့် မယုံကြည်နိုင် လောက်အောင် ဖြစ်နေသည်။

သို့သော်လည်း 'သမုဒ္ဒရာခရီး' ဟူသော စကားလုံးကို ကြား လိုက်ရသည့်အခါ သူ့မျက်စိ အာရုံတွင် ရုပ်လွှာတစ်ခု မြင်ယောင်လာသည်။

သင်္ဘောကြီး တစ်စီးပေါ်တွင် တက်နေသည့် ဗာရာဂူ၊ သူ့ နောက်မှ သူ့ သေတ္တာများကို သယ်၍ လိုက်သွားနေ ကြသော အလုပ်သမားများ၊ သင်္ဘော တံတားကြီးများ၏ ကြော်ငြာ မျိုးစုံနှင့် မိမိကိုယ်တိုင် သွားခဲ့သည့် မြေထဲပင်လယ်

www.burmeseclassic.com

www.burmeseclassic.com



အပျော်ခရီး၊ အားလုံးကို သူ မြင်ယောင် လာသည်နှင့် အမျှ ဗာရာဂု၏ အစီအစဉ်ကို နားလည်လာသည်။

'ရှင် အော်တိုး ဘတ်ဟာတ်နှင့် သွားမှာ မဟုတ်လား'ဟု မေးသည်။

ဗာရာဂုက ခေါင်းညိတ်သည်။

'ဟုတ်တယ်၊ အော်တိုနှင့် သွားမှာ'

နှစ်ဦးစလုံး တစ်ခဏမျှ ငြိမ်ဆိတ်နေကြသည်။ ဖရော အက်ဒလီသည် ဗာရာဂု၏ ထုတ်ဖော် ပြောဆိုမှုကို ထူးခြားသည်ဟု တွက်သည်၊ ထိုအခါ စိတ်တွင် တုန်လှုပ် ချောက်ချားမှု ဝင်လာသည်။ သူ့ ယောကျ်ားသည် သူ့ကို လွတ်လပ်ခွင့် ပေးရန်အတွက် အပြီးအပိုင်စွန့်ခွာသွားဖို့ စိတ်ကူး ထားပြီလား။

ဘယ်လိုပဲ ဖြစ်ဖြစ် ယခု လှုပ်ရှားမှုသည် သူ့ ယောကျ်ား၏ ပထမဆုံး အကြိမ် အလေးအနက် ထား၍ ပြုလုပ်လိုက်သည့် လှုပ်ရှားမှုဟု ထင်၏၊ သို့တစေလည်း ဤစကား ကြားလိုက်ရသည့် အတွက် သူ့တွင် စိတ်ထိခိုက် လှုပ်ရှားမှု မရှိ။ ထိတ်လန့်ခြင်းသည်း မဖြစ်။ မည်သည့် မျှော်လင့်ချက်မှုလည်း ပေါ်မလာ၊ သာယာ ရွှင်လန်းသော ခံစားမှုမျိုးလည်း မဝင်။

ဗာရာဂု အဖို့တော့ ဘဝသစ်တစ်ခု အစပြုရန် ဖြစ်နိုင်ပေလိမ့်မည်၊ သူ့ အဖို့ကတော့ ဖြစ်နိုင်စရာ လမ်းမရှိ၊ တစ်ခုပဲရှိ၏။ သူ့သား အဲလ်ဘတ်နှင့် နားအေးပါးအေး နေလို့တော့ရသည်။ ပိုင်ရီကိုလည်း ပိုင်ဆိုင်ခွင့် ရမည်။

သူသည် အမြဲတမ်းလိုလို အစွန့်ပစ်ခံ အပယ်ခံ ဘဝ၌ နေခဲ့ရသူ ဖြစ်၏။ ဤအခြေအနေမျိုးကို သူ တွေးတော စိတ်ကူး



လာခဲ့သည်မှာ အကြိမ်ပေါင်း ရာနှင့် ချီခဲ့ပြီ၊ သူ့ အနေဖြင့် ဤ အခြေအနေကို သူ့ ဘဝ လွတ်လပ်ရေးအတွက် အာမခံချက် တစ်ခုအဖြစ် မြင်ထားခဲ့၏၊ အခုတော့ဖြင့် သူ စိတ်ကူးယဉ်ခဲ့သော အရာသည် တကယ် လက်တွေ့ ဖြစ်လာခဲ့ပြီ။

သို့တစေလည်း ဖြစ်ပေါ်လာသည့် အချိန်က နောက်ကျလွန်းလှချေသည်၊ ဤ အခြေအနေကို မျှော်လင့် စောင့်စားရင်း ရင်ဆိုင်ခဲ့ရသည့် သောက၊ အရှက်နှင့် အပြစ်မကင်းဟူသော ခံစားမှုများသည် အားလုံး စုစည်း ပေါင်းစပ်ကာ သူ၏ မျှော်လင့်ချက်နှင့် အလိုဆန္ဒများကို ဆုံးရှုံးသွားအောင် လုပ်ခဲ့ပြီးပြီ မဟုတ်ပါလော။

သူတို့ အိမ်ထောင်တွင် မုန်တိုင်းထန်ဆဲ အချိန်နှင့် သာယာ ပျော်ရွှင်မှု ကင်းမဲ့နေချိန်များက ဤ အခြေအနေသည် ဖြစ်ပေါ်လာဖို့ သင့်၏၊ သို့သော်လည်း ထိုစဉ်က ဖြစ်ပေါ် မလာခဲ့၊ ဤအခြေအနေ ပေါ်လာသည်မှာ နောက်ကျနေပြီ။ အသုံးပြု၍ မရနိုင်တော့သည့် အရာတစ်ခု ဖြစ်သွားခဲ့ပြီ၊ ဘဝသစ် တစ်ခု အစ ပြုနိုင်သည့် အခြေအနေမျိုး မဟုတ်တော့။

ဗာရာဂုက သူ့ မိန်းမ၏ မျက်နှာထားကို ကြည့်ကာ မျက်နှာရိပ် မျက်နှာကဲကို ဖမ်းမိသည်။ သူ့ မိန်းမအတွက် စိတ်မကောင်း ဖြစ်၏။

'ကိုတို့ ကြိုးစား ကြည့်ကြတာပေါ့'ဟု လေအေးကလေးဖြင့် ပြောသည်။ 'မင်းရယ်၊ အဲလ်ဘတ်ရယ်၊ ပိုင်ရီရယ် သာယာအိမ်သုံးယောက် အေးအေးဆေးဆေး နေကြပါ၊ အနည်းဆုံး တစ်နှစ်လောက် ထားပါတော့၊ ဒီအစီအစဉ်ဟာ မင့်အတွက်လည်း

www.burmeseclassic.com



အဆင်ပြေမယ်၊ ကလေးတွေ အတွက်လည်း ကောင်းလိမ့်မယ်လို့ ကိုကတော့ ထင်တယ်၊ တစ်ခုတော့ ရှိတယ်၊ ကိုတို့ မိဘနှစ်ပါးကတော့ ကိုအဆင်ပြေအောင် မလုပ်နိုင်တဲ့ အတွက် သူတို့မှာတော့ တာဝန် ထက်သွားမှာပေါ့၊ အရေး ကြီးတာက ကိုတို့ နှစ်ယောက် အကြာကြီး ခွဲနေပြီးတဲ့ နောက်ပိုင်းမှာ အရာရာကို အရှင်ကထက်ပိုပြီး ရှင်းရှင်း ပြတ်ပြတ် မြင်ကြသင့်တယ်လို့ ထင်တယ်၊ မင် တော့ ဘယ်လို ထင်သလဲ'

'ဟုတ်ချင်လည်း ဟုတ်မှာပါလိမ့်မယ်' ဟု အက်ဒလီက ပြန်ပြောသည်။ 'ရှင် စိတ်ထဲက ပိုင်ပိုင်နိုင်နိုင် ပိုင်းဖြတ်ပြီးပြီလား'

'ကို အောင်တိုဆီ စာ ရေးပြီးပြီ၊ မင်း သိတဲ့အတိုင်းပဲ၊ မင်းတို့ အားလုံးနှင့် အကြာကြီး ခွဲနေရမယ့်ကိစ္စဆိုတော့ ကို့အတွက် ဆုံးဖြတ်ရတာ မလွယ်ဘူး'

'ပိုင်ရီနှင့် ခွဲနေရမှာကို ဆိုလိုတာလား'

'အင်း၊ အထူးသဖြင့် ပိုင်ရီပဲ ဆိုပါတော့၊ မင်းတို့ သားအမိကသူ့ကို ဂရုစိုက်ကြမယ် ဆိုတာကို ကို သိပါတယ်၊ ပိုင်ရီကိုမင်းက ကို့ အကြောင်း များများ ပြောပြကြလိမ့်မယ်လို့တော့ ကို မျှော်လင့်နိုင်ဘူး၊ ဒါပေမယ့် ပိုင်ရီနှင့် ကျူရင်တော့ အဲလ်ဘတ်တုန်းကလို မလုပ်စေချင်ဘူး'

ဖရော့ အက်ဒလီက ခေါင်းခါသည်။

'အဲသလို လုပ်ခဲ့တဲ့အတွက် ကျွန်မကို အပြစ် တင်စရာ မရှိပါဘူး၊ ကျွန်မမှာ အပြစ် တင်စရာ မရှိဘူး ဆိုတာလည်း ရှင် သိနေတာပဲ'



ဗားရက်က သတိထား၍ လက်တစ်ဖက်ကို အက်ဒလီ၏ ပခုံးပေါ်သို့ လှမ်းတင်သည်။

'အပြစ်တင်တဲ့ အကြောင်းတွေကို ကိုတို့ နှစ်ယောက် မပြောကြတာပဲ ကောင်းပါလိမ့်မယ်၊ အပြစ်တင်ခြင်း တင်ရင်လည်း ဖြစ်လာသမျှ အားလုံးအတွက် ကို့ မှာသာ အပြစ်ရှိတယ်လို့ပဲ ပြောကြပါစို့၊ ရှုံး ကို့ အနေနှင့်ကတော့ ပြီးခဲ့သမျှကို ပြည့်ဖုံး ကားချပြီး ပြုပြင် သွားချင်တဲ့ စိတ်ပဲရှိပါတယ်၊ တခြားဘာမှ မလိုချင်တော့ ပါဘူး၊ ကို အခု တောင်းခံနေတာက တကယ်လို့များ ဖြစ်နိုင်သည်ရှိရင် ပိုင်ရီကို ကို ဆုံးရှုံးအောင် မလုပ်ပါနှင့်လို့ တောင်းခံနေတာပါ၊ သူဟာ အခုထိ ကိုတို့ နှစ်ယောက်ကြားမှာ အနှောင်အဖွဲ့လေးတစ်ခု ဖြစ်နေတုန်းပါ၊ ကို့ ကို ချစ်ခွင့်ရတဲ့ အတွက်လည်း သူ့မှာပင်ပန်း ခက်ခဲစရာ မရှိပါဘူး'

အက်ဒလီသည် တစ်ဖက်မှ ဆန္ဒကို အလွယ်တကူ မလိုက်လျောနိုင်စေ စေရန် အားထုတ် နေရသည့်နှယ် မျက်လုံးများကို မှိတ်ထားသည်။

'ဒါပေမယ့် ရှင်က ရပ်ဝေးဒေသမှာ အကြာကြီး နေရမယ် ဆိုရင်' သူ့ အသံသည် တုံ့ဆိုင်းဆိုင်း၊ 'သူက ငယ်သေးတဲ့အရွယ် ကလေးပဲ ရှိသေးတာ'

'ဒါတော့ မှန်ပါတယ်၊ ကလေးကို ကလေးလိုပဲ ရှိပါစေ၊ တခြားလုပ်စရာ နည်းလမ်းမရှိ ပို့ သူက ကိုယ့်ကို မေ့သွားမယ် ဆိုရင်လည်း မေ့သွားပါစေ၊ ဒါပေမယ့် တစ်ခုတော့ သတိရစေချင်တယ်၊ သူဟာ ကိုဘ မင့်ဆီမှာ ထားပစ်ခဲ့တဲ့ အသမခံ

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းလေး တစ်ခုပါ၊ ပြီးတော့လည်း ကို သူ့ကို မင်းဆီမှာ အပ်ထားခဲ့တာဟာ မင့်အပေါ်မှာ ကို ယုံကြည်စိတ်ချလွန်းလို့ပါ၊ ဒါကိုလည်း မင်း မေ့မသွားစေချင်ဘူး'

'အဲလ်ဘတ် လာနေသံကြားတယ်'ဟု အက်ဒလီက ကသောကမျော ပြောသည်။ 'သူ အခုပဲ ရောက်လာမှာ၊ ဒါတွေကို နောက်ကျမှ ဆက်ပြောကြရအောင်၊ ဒီကိစ္စက ရှင်ထင်သလောက်တော့ မလွယ်ဘူး။ ရှင်က ကျွန်မကို ကျွန်မ မျှော်လင့်ထားတာထက် ပိုတဲ့ လွတ်လပ်မှုကို ပေးခဲ့ပါတယ်၊ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ အဲဒီ လွတ်လပ်မှုကို လက်လွှတ်ရမယ့် တာဝန်ကြီးတစ်ခုကို ရှင် ပေးသွားတယ်၊ ဒီကိစ္စကို ကျွန်မ ထပ်ပြီးစဉ်းစားပါရစေဦး၊ ဒီကိစ္စကို ရှင် ဆုံးဖြတ်တဲ့နေရာမှာ အချိန်တစ်နာရီတည်းနှင့် ဆုံးဖြတ်ခဲ့တာ မဟုတ်ပါဘူး၊ ကျွန်မကိုလည်း အချိန်တော့ နည်းနည်းပေးပါ'

အပြင်မှ ခြေသံများ ကြားရပြီး အခန်းထဲသို့ အဲလ်ဘတ် ဝင်လာသည်။ စားပွဲ၌ ထိုင်နေသည့် သူ့အဖေကို မြင်လိုက်သောအခါ အံ့အားသင့်နေသည်။ စိတ်မပါတပါဖြင့် နှုတ်ဆက်သည်။ သူ့ အမေ၏ ပါးကို တစ်ချက်နမ်းလိုက်ပြီး စားပွဲတွင် ဝင်ထိုင်ကာ နံနက်စာ စားသည်။

'မင်း အံ့အားသင့်သွားမယ့် သတင်းတစ်ခု ပြောစရာရှိတယ်' ဗာရာဂုက တရင်းတနှီးလေသံဖြင့်ဆီး၍ပြောသည်။ 'ဆောင်းဦးပေါက် ကျောင်းပိတ်ရက်နှင့် ခရစ္စမတ် ကျောင်းပိတ်ရက်တွေမှာ မင့် မေမေနှင့် မင့်ညီ ပိုင်ရီတို့နှင့်အတူတူ မင်းကြိုက်တဲ့ နေရာကို



သွားလည်နိုင်တယ်၊ ငါလည်း အတော်ကြာကြာ ခရီးထွက်ဖို့ ရှိနေတယ်'

အဲလ်ဘတ်သည် သူ၏ ပျော်ရွှင်မှုကို ဖုံးကွယ် မထားနိုင်။ သို့သော်လည်း သူ တတ်နိုင်သမျှ အားထုတ်၍ ထိန်းပြီး စိတ်မပါ လက်မပါ မေးသည်။

'ဖေဖေက ဘယ်သွားမှာလဲ'

'အတိအကျတော့ မသိသေးဘူး၊ ပထမဆုံး အော်တိုနှင့် အိန္ဒိယကို သွားမယ်'

'ဟာ အဝေးကြီးပဲ၊ ကျွန်တော့် ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်က စင်္ကာပူမှာ မွေးတာ၊ သူတို့ အဲဒီမှာ အခုထက်ထိ ကျားတွေကို အမဲလိုက်နေတုန်းပဲ'

'အေး ဟုတ်တယ်၊ ဖေဖေလည်း ကျားပစ်ထွက်ရလိမ့်မယ်လို့ မျှော်လင့်ထားတယ်၊ တကယ်လို့ ကျားတစ်ကောင်လောက်ရရင်တော့ ကျားရေကို ဒီအထိ သယ်လာခဲ့မယ်၊ ဒါပေမယ့် ဖေဖေ အများဆုံး လုပ်ချင်တာက ပန်းချီဆွဲဖို့ပဲကွ'

'ကျွန်တော်ကလည်း အဲသလိုပဲ ထင်ထားပါတယ်၊ အပူပိုင်းဒေသဘက်မှာနေပြီး ပန်းချီဆွဲနေတဲ့ ပြင်သစ် ပန်းချီဆရာတစ်ယောက်အကြောင်း ကျွန်တော်ဖတ်ဖူးတယ်၊ တောင်ပင်လယ်ဘက်က ကျွန်းတချို့မှာ နေပြီး ဆွဲခဲ့တာ ထင်တယ်၊ ဒါဆိုရင် သိပ်ကို အံ့ဩစရာ ကောင်းမှာပဲ'

'ဖေဖေလည်း အဲသလိုပဲ စိတ်ကူးထားတာပဲ၊ အခု လောလောဆယ်တော့ မင်း ပျော်ပျော်ပဲ နေပေါ့ ကွား စန္ဒရားတီးလိုက်၊ ရေခဲလျှောစီးလိုက် လုပ်ပေါ့၊ ကဲ ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



ချာတိတ် အခြေအနေကို သွားကြည့်လိုက်ဦးမယ်၊ ရတယ် ရတယ်၊ မထနှင့်'

ဗာရာဂုသည် သားအမိ နှစ်ယောက်က ဘာမှ ပြန်မပြော နိုင်မီ အခန်းထဲမှ ထွက်သွားသည်။

'တစ်ခါတလေကျရင် အဖေဟာ အံ့သြဖို့ သိပ် ကောင်း တယ်'ဟု အဲလ်ဘတ်က မှတ်ချက်ချသည်။ 'အိန္ဒိယကို ခရီး ထွက်မလို့တဲ့၊ ဒီစိတ်ကူးမှာ ရည်ရွယ်ချက်တော့ ရှိမယ်'

သူ့အမေက ပြုံးသည်။ သူ့အပြုံးမှာ သဘာဝအပြုံး မဟုတ်။ ကြိုးစား အားထုတ်ပြီး လုပ်ယူထားရသည့် အပြုံး၊ သူ့အမေ အခြေပျက်နေသည်။ တစ်ကိုယ်လုံး တုန်ယင်နေသည်။ သို့သော်လည်း ဘာမှ မခံစားရသည့်နှယ် ရင်းနှီး ဖော်ရွေသော အပြုံးကို မရအရ ယူထားသည်။ ဤအလုပ်မျိုးကို သူ အလေ့ အကျင့် ရှိနေခဲ့ပြီ မဟုတ်ပါလော။

ဗာရာဂုသည် သူ့သားပိုင်ရီ့ အခန်းတွင်းသို့ ဝင်ကာ အိပ်ရာ ဘေး၌ ထိုင်သည်။ အိတ်ထဲမှ ပုံကြမ်းဆွဲ စာအုပ်ကို အသာ ထုတ်၍ အိပ်မော ကျနေသော သားငယ်၏ ဦးခေါင်းနှင့် လက်ကို စဆွဲသည်။ သူ့အနေဖြင့် သူ့သားငယ်၏ပုံကို ဆွဲလိုလျှင် ဘယ်တော့မှ အထိုင်ခိုင်းလေ့ မရှိ။ သူ့သားကို ထိုင်ခိုင်းပြီးမှ ဆွဲလျှင် သူ့သားအား ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင် လုပ် သလို ဖြစ်လိမ့်မည်ဟု ယူဆသည်။ ထို့ကြောင့်လည်း သူသည် သူ့သားငယ်၏ ပုံကို ဆွဲလျှင် သူ့မှတ်ဉာဏ်ထဲ၌ မှတ်ထားပြီးမှ ဆွဲလေ့ရှိ၏။



အခုလည်း သူသည် ချစ်စရာကောင်းသော သားငယ်၏ ဆံပန်းသဏ္ဌာန်ကို တမြတ်တနိုး လေ့လာသည်။ နူးညံ့လှသည့် ဆံစ ကလေးများ၊ ပြေပြစ် တင့်တယ်လှသည့် နှာခေါင်းပေါက်များ၊ လှုပ်ရှားခြင်း ကင်းနေသည့်လက်၊ ခေါင်းမာမည့် လက္ခဏာကို ဖော်ပြနေသည့် တင်းကျပ်စွာ ပိတ်ထားသော ပါးစပ် စသည်များကို အသေးစိတ် ကြည့်သည်။

ဗာရာဂု အနေဖြင့် သူ့သားငယ် အိပ်ရာထက်၌ လှဲနေ သည်ကို မြင်ရခဲ၏။ ယခင်က ဆိုလျှင် သူ့သားငယ် အိပ်မော ကျနေသည်ကို မမြင်ခဲ့ဖူး။ အခုလို ပိတ်နေသော ပါးစပ်ထက် ဟနေသော ပါးစပ်ကိုသာ အမြင် များခဲ့၏။ လိမ္မာပါးနပ်ခြင်း လက္ခဏာကို ဖော်ပြလျက် ရှိသော ပါးစပ်သည် ပိုင်ရီ၏ အဘိုး၊ သူ့ဖခင်၏ ပါးစပ်နှင့် ဆင်လှသည်ကို သူ သတိ ပြုမိသည်။ ဤပါးစပ်မျိုး ပိုင်ရှင် သူ့ဖခင်သည် သွက်လက် ဖျတ်လတ်ပြီး စိတ်ကူးဉာဏ် ကောင်းသလောက် အစွဲအလမ်းကြီးကာ စိတ် အလွန် လှုပ်ရှားတတ်သူ ဖြစ်လေသည်။

သား ဖြစ်သူကို မျက်ခြည်မပြတ် ကြည့်ပြီး ပုံကြမ်း လောင်းနေသော ဗာရာဂုသည် ဖခင်များ၊ သားများနှင့် မြေး များ၏ ရုပ်ရည် ကြန်အင် လက္ခဏာများနှင့် ကံကြမ္မာများ၏ ထူးခြားသော ဆက်စပ် ဖြစ်ပေါ်မှုများကို စိတ်ဝင်တစား ဆင်ခြင် စဉ်းစားနေမိသည်။

ထိုအခိုက်မှာပင် ပိုင်ရီသည် ရုတ်တရက် အိပ်ပျော်နေရာမှ နိုးလာသည်။ သူ့အဖေ၏ မျက်လုံးများကို အသေအချာ ရင်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ကြည့်သည်။ ကလေးနှင့် မတူသော သားငယ်၏ လေးနက်သော အကြည့်သည် ဗာရာဂု၏ ရင်ကို ရိုက်ခတ်ပြန်သည်။

သူသည် ပိုင်ရှီအက်သို့ ငုံကာ နဖူးကို နမ်းပြီး 'မင်္ဂလာနံနက်ပါ ပိုင်ရှီ၊ မင်းနေကောင်းသွားပြီ မဟုတ်လား' ဟု မေးသည်။

ပိုင်ရှီက ပြုံးပြီး အပျင်းဆန့်သည်။ ဟုတ်သည်၊ သူ နေရ ထိုင်ရတာ ကောင်းလာပြီ၊ တဖြည်းဖြည်းနှင့် ဖြစ်ပြီးခဲ့သမျှ များကို ပြန်၍ သတိ ရလာသည်။ ဟုတ်သည်၊ မနေ့က သူ သိပ်ပြီး နေမကောင်း၊ မနေ့က အဖြစ်များကို ပြန်၍ စဉ်းစားမိကာ စိတ်ထဲမှ တစ်မျိုးတစ်ဖုံ ခံစားရသည်။ မည်သို့ပင် ဖြစ်စေ အခု တော့ဖြင့် အစစ အရာရာအားလုံး မနေ့ကထက် ကောင်းလာပြီ၊ သို့ဆိုလျှင်....၊

လောလောဆယ် သူ အိပ်ရာပေါ်၌ နောက်ထပ် အချိန် ခပ်ကြာကြာ လှဲနေချင်သေးသည်။ ထို့နောက် အိပ်ရာမှ ထကာ မနက်စာ စားမည်၊ ပြီးတော့ သူ့ အမေနှင့် ပန်းဥယျာဉ်ထဲသို့ သွားချင်သည်၊

ဗာရာဂုက သူ့ အမေကို သွားခေါ်သည်၊ ပိုင်ရှီသည် ပြတင်းပေါက်ဆီသို့ လှမ်းကြည့်သည်၊ နေ့၏ ကြည်လင် တောက်ပသော နေရောင်သည် အဝါရောင် ဖျော့ဖျော့ ခန်းဆီးများကို ထိုးဖောက်ကာ အခန်းထဲသို့ ဝင်လာနေသည်။

အခုကျတော့လည်း အဆင်ပြေပြေနှင့် သာယာမည့် နေ့ တစ်နေ့ကို သူ မြင်တွေ့နေရ၏၊ မနေ့ကနှင့်တော့ လုံးဝမတူ။ မနေ့ကတော့ ရာသီဥတုက ကြည်လင်ခြင်း မရှိ၊ အေးကလည်း



အေးသဖြင့် နေရထိုင်ရသည်မှာ လေးလံ ထိုင်းမှိုင်း လှန်းလှ၏၊ သူသည် မနေ့က အတွေ့အကြုံများကို မေ့သွားစေရန် မျက်စိများကို မှိတ်ထားလိုက် လေသည်၊

သူ့ အမေသည် ကြက်ဥ တစ်လုံးနှင့် နွားနို့ တစ်ခွက်ကို ယူကာ အခန်းထဲသို့ ရောက်လာသည်၊ သူ့ အဖေက ကတိ ပြုထားသည့် အတိုင်း ပန်းချီဆွဲ ရောင်စုံ ဆေးတောင့်များ မေးလိုက်သည့်ကိုလည်း တွေ့ရ၏၊ မွေးနေ့ပွဲတစ်ခု လုပ်နေသည် ဟုပင် ထင်ရသည်၊ သို့သော်လည်း ကိတ်မုန့် ပါလာသည် ကိုတော့ မတွေ့ရ၊ ကိတ်မုန့် ပါမလာ၍ ကိစ္စမရှိ၊ အခု အချိန်ထိ သူ မဆာသေး၊

အဝတ်အစား လဲပြီးလျှင်ပြီးချင်း ပိုင်ရှီသည် သူ့ အဖေနှင့် တွေ့ရန် စတူဒီယိုထဲသို့ သွားသည်၊ မနေ့က အိပ်မက်ဆိုးကို သူ မေ့သွားပြီ၊ လုံးဝ မေ့သွားခြင်းတော့မဟုတ်၊ အငွေ့အသက် ကလေးလောက်တော့ ကျန်နေဆဲ၊ မည်သို့ပင် ဖြစ်စေ သူသည် သာယာ တောက်ပသော နေရောင်နှင့် နွေးထွေးနေသော ချစ် မြတ်နိုးမှုများ သူ့ ပတ်ဝန်းကျင်တွင် ရှိ မရှိ ပြန်လည် ရှာဖွေရ ဦးမည်၊ အမုန်တကယ် ရှိ မရှိ ပြန်လည် စစ်ဆေး ကြည့်ရဦးမည်၊

အသစ် ရေးဆွဲမည့် ပန်းချီကားချပ်အတွက် ဘောင်တစ်ခု လုပ်နေသော ဗာရာဂုသည် ပိုင်ရှီရောက်လာသဖြင့် မျော်သွား သည်၊ သို့သော်လည်း ပိုင်ရှီကတော့ သူ့ အဖေထံတွင် ကြာကြာ နေဖို့ စိတ်ကူးသားသည် မဟုတ်၊ နှုတ်ဆက်ရုံမျှ သဘောဖြင့် ခဏတစ်ဖြုတ် ဝင်လာခြင်းသာ ဖြစ်သည်၊

www.burmeseclassic.com

www.burmeseclassic.com



သူသည် ချက်ချင်းပင် ပြန်ထွက်လာခဲ့ပြီး ခွေးနှင့်ခိုများကို သွားကြည့်သည်။ ရေဘတ်ထံ သွား၍ နှုတ်ဆက်သည်။ပြီးတော့ မီးဖိုထဲဝင်ကာ အားလုံးကို နှုတ်ဆက်သည်။ ထို့နောက် သူ့အမေ၊ သူ့အစ်ကိုတို့နှင့်အတူ ဥယျာဉ်ထဲသို့ သွားသည်။ ၎င်း ဥယျာဉ်အတွင်းရှိ မြက်ခင်းပြင်ပေါ်၌ လဲလျောင်းပြီး သူ ငိုခဲ့သည်မှာ မနေ့ကဟု မထင်၊ တစ်နှစ်လောက် ကြာသွားပြီဟု ထင်မိ၏။

သူသည် ဒန်းကို ကိုင်ထားသော်လည်း ဒန်းစီးချင်စိတ်ကတော့ မရှိ။ ထို့နောက် ပန်းခင်းများနှင့် ချုံပင်များကို သွားကြည့်သည်။ တစ်ချိန်က သူသည် ၎င်းပန်းခင်းများ ကြား၌ အပယ်ခံ ဘဝဖြင့် သူ့စိတ်သူ ဖြေမဆည်နိုင်အောင် ဖြစ်ခဲ့ရ၏။ အခုတော့လည်း အားလုံး ကြည်လင်လန်းဆန်းကာ အသစ်တစ်ဖန် ရှင်သန်မှုများ ရှိလာပြန်ပြီဟု ယူဆသည်။ ပျားများ ပျံဝဲနေသံကို သူကြားရသည်။ လေကလည်း သန့်စင်လတ်ဆတ်နေသည်။ အသက်ရှူနေရသည်မှာ ရှင်မြူးစရာ ကောင်းလှပါဘိသည်။

သူ့အမေက သူ့ကို ဇော်မွှားပန်းများနှင့် ဒေလီယာပန်းများ ထည့်ထားသည့် ပန်းခြင်းတစ်လုံး ပေးသည်။ သူကိုယ်တိုင်လည်း ပန်းများခူးကာ ပန်းစည်းတစ်စည်း လုပ်သည်။ ၎င်းပန်းစည်းကို သူ့အဖေအား ပေးမည်ဟု စိတ်ကူးထားသည်။

အိမ်ထဲ ပြန်ရောက်သည့်အခါ မောပန်း နွမ်းနယ် လျက်ရှိသည်။ အဲလ်ဘတ်က သူနှင့် ကစားဖို့ ပြောသေး သည်



သို့သော်လည်း သူ မကစားချင်။ ခဏတစ်ဖြုတ်လောက် နားလိုက်ချင်သေး၏။ သူ့ အဖေအား ပေးမည့် ပန်းစည်းကို ကိုင်ထားရင်းနှင့်ပင် အိမ်ရှေ့ ဝရန်တာ၌ ချထားသည့် သူ့အမေ၏ ကြိမ်ကုလားထိုင်တွင် ထိုင်၍ အမောဖြေသည်။

မျက်စိများကို စုံမှိတ်ကာ မျက်နှာကို နေရောင်ဘက်သို့ လှည့်ထားသည်။ မျက်ခွံများမှတစ်ဆင့် ရလာသော နေရောင်ခြည် နွေးနွေး၏ အရသာကို ခံစားသည်။ ထို့နောက် သူ့ကိုယ်ပေါ်မှ ဝတ်စုံအသစ်ကို ရွှင်လန်းသောစိတ်ဖြင့် ငုံ့ကြည့်သည်။ အဝါရောင် ရှူးဖိနပ်များကို နေရောင်အောက်သို့ ထိုးခံကာ ဘယ်စောင်းလိုက် ညာစောင်းလိုက် လုပ်ပြီးကြည့်သည်။ အခုလို သန့်သန့်ပြန့်ပြန့် ဝတ်စားဆင်ယင်ပြီး ငြိမ်ငြိမ်ကလေး ထိုင်နေရသည်မှာ အလွန် အရသာရှိသည်ဟု ထင်၏။ ဇော်မွှားပန်းအနံ့ကတော့ ပြင်းလွန်းလှချေသည်။

သူသည် လက်ထဲမှ ပန်းစည်းကို စားပွဲပေါ် ချလိုက်ပြီး တစ်ဖက်စွန်းသို့ ရောက်သွားအောင် လက်နှင့် တွန်းထုတ်လိုက်သည်။ ၎င်းပန်းများကို ရေစိမ်ထားဖို့တော့ လိုသည် ထင်၏။ ရေစိမ် မထားလျှင် သူ့အဖေထံ ရောက်သည့်အခါ ညှိုးနွမ်းကျန်လိမ့်မည် မဟုတ်ပါလော။

သူ့အဖေ အကြောင်းကို ယခင်က မထားခဲ့ဖူးသော ကရုဏာစိတ်ဖြင့် တွေးသည်။ မနေ့က သူ့အဖေနှင့် ဘာတွေများ ဖြစ်ခဲ့ပါလိမ့်။ မနေ့က သူ့အဖေရှိရာ စတူဒီယိုထဲသို့ သူရောက်သွားသည်။ သူ့အဖေ အလုပ်လုပ်နေသည်ကို တွေ့ရ၏။ သူ့အဖေသည် ဆွဲလက်စ ပန်းချီကား ရှေ့၌ ရပ် ကာ

www.burmeseclassic.com

www.burmeseclassic.com



အလုပ်များလျက်ရှိသည်။ သူ့အဖေခမျာ တစ်ယောက်တည်း ဝမ်းနည်းကြေကွဲသော မျက်နှာဖြင့် အလုပ်ကို အားစိုက်၍ လုပ်နေရှာ၏။

သူ့မှတ်ဉာဏ်က အရာရာတိုင်းကို တိတိကျကျ မှတ်မိနေသည်။ ထို့နောက်တော့ ဘာတွေ ဆက်ဖြစ်ခဲ့သေး ပါလိမ့်။ နောက်ပိုင်းတွင် သူ့အဖေကို သူ ပန်းဥယျာဉ်ထဲ၌ တွေ့ခဲ့သည် မဟုတ်လော။ သူ မှတ်မိအောင် ထပ်၍ ကြိုးစားပြီး စဉ်းစားသည်။

ဟုတ်သည်။ သူ့အဖေသည် ပန်းဥယျာဉ်ထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ တစ်ယောက်တည်း ဖြစ်၏။ မျက်နှာက သာယာပျော်ရွှင်မှု ကင်းမဲ့နေသည်။ သူက သူ့အဖေကို လှမ်းအော်ပြီး ခေါ်ချင်နေသည်။ ပြီးတော့ ဘာဆက်၍ ဖြစ်ပါလိမ့်။ မနေ့က ကြောက်စရာကောင်းသော အဖြစ်တစ်ခု ဖြစ်ခဲ့သေးသည် ထင်၏။ သို့မဟုတ် ကြောက်စရာကောင်းသော အဖြစ်တစ်ခုကို သူ ကြားခဲ့သလိုလို။ သူ ကောင်းကောင်း မမှတ်မိ။

ပိုင်ရိုဆည် ဘုလားထိုင်ကို အသာမှီ၍ ထိုင်ကာ သူ့အတွေးများနောက်သို့ လိုက်သည်။ ပူနွေးသော နေရောင်ခြည်သည် သူ၏ ဒူးများထက်သို့ သက်ဆင်းလျက် ရှိ၏။ သူ၏ ပျော်ရွှင်မှုသည် တဖြည်းဖြည်းနှင့် သူ့ထံမှ ခွာခွာသွားနေသည်။ သူ့အတွေးများသည် ကြောက်စရာကောင်းသည့် အရာဆီသို့ ချဉ်းကပ်သွားနေသည်ဟု စိတ်တွင် ခံစားနေရသည်။



ထိုအရာကိုသာ သူ ပြန်တွေ့ပါက တွေ့လျှင်တွေ့ချင်း သူ့စိတ်ကို လှုမ်းမိုးလိမ့်ဦးမည် ထင်၏။ ထိုအရာသည် သူ့နောက်မှ ရပ်ကာ စောင့်နေသည်ဟုလည်း ထင်နေမိသည်။ သူ့မှတ်ဉာဏ်က ထိုအရာဆီသို့ နီးကပ်သွား လေလေ စိတ်က တစ်မျိုးဖြစ်လေ၊ စက်ဆုပ်ရွံရှာသလိုလို၊ အော့နှလုံးနာသလိုလို ဖြစ်လာသည်။ မူ့နောက်နောက် ရီဝေဝေ ဖြစ်လာသည်။ သူ့ ခေါင်းသည် ကိုက်ခဲပြုလာသည်။

ဇော်မွှားပန်းများ၏ ပြင်းထန် စူးရှသော အနံ့သည် သူ့ကို အနှောင့်အယှက်ပြုသည်။ ပန်းများသည် ကြိမ်စားပွဲပေါ်တွင် လဲလျောင်းလျက် ရှိကြ၏။ သို့သော်လည်း အမှုန်ကြောင့် ညှိုးနွမ်းနေကြလေပြီ။ အကယ်၍ ဤပန်းများကို သူ့အဖေအား ပေးလိုသည်ဆိုပါက အနေအေးမှ ကောင်းပေလိမ့်မည်။ သို့သော်လည်း ပေးချင်စိတ်က မရှိတော့။

သူ့မှာ မောပန်းနွမ်းနယ်နေပြီး ခနရောင်ကြောင့် သူ့မျက်လုံးများမှာလည်း ကျိန်းစပ်နေကြပြီ။ ပြီးတော့ သူ့မှာက မနေ့က ဘာတွေဖြစ်ခဲ့သည်ကို ဆက်၍ စဉ်းစားရဦးမည် မဟုတ်ပါလော။ ထိုအရာနှင့် သူ နီးလာပြီဟု စိတ်ထဲက ခံစားနေရ၏။ သူ့ အတွေးများသည် ထိုအရာဆီသို့ ရောက်လုလုဖြစ်နေပြီ။ သို့သော်လည်း ရောက်ခါနီးတိုင်း ထိုအရာသည် ပျောက်ပျောက်သွားနေသည်။

သူ ခံစားနေရသည့် ခေါင်းကိုက်ဝေဝေနာသည် ပိုရှိဆိုးလာသည်။ ဘာကြောင့်များ အခုလို ဖြစ်နေပါလိမ့်။ ကနေ့ သူ သိပ်ပျော်နေသည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



ဖရောအက်ဒလီက ပိုင်ရီကို လှမ်းခေါ်သည်။ ထူးသံ မကြားရသဖြင့် အခန်းထဲမှ ထွက်လာသည်။ ပန်းများကတော့ နေရောင်အောက်တွင် လဲလျောင်းလျက်၊ ပိုင်ရီကို ရေစိမ်ခိုင်းမည်ဟု စိတ်ကူးရသဖြင့် လှည့်ကြည့်သည်။ ပိုင်ရီသည် ကုလားထိုင်ပေါ်တွင် ခွေထိခွေခေါက်၊ ပါး နှစ်ဖက်တွင်လည်း မျက်ရည်များ စီးကျလျက်၊

'ပိုင်ရီ၊ သားလေး ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား'

ပိုင်ရီက သူ့အဒေမကို မော့ကြည့်သည်၊ ပြီးတော့ မျက်လုံးများကို ပြန်မှိတ်လိုက်သည်။

'မေမေ့ကို ပြောပါဦး သားရဲ့–သား ဘာဖြစ်လို့လဲ၊ သား အိပ်ချင်သလား၊ မေမေနှင့် ကစားမလား၊ ဘယ်နေရာက နာလို့လဲ'

ပိုင်ရီက ခေါင်းခါသည်၊ မျက်နှာထားကလည်း ဖော်ဖော်ရွေရွေ မရှိ။ သူ့အဒေမက သူ့ကို အနှောင့်အယှက်ပေးသည်ဟု ထင်နေသည့် ဟန်မျိုးဖြစ်သည်။

'ကျွန်တော့်ဘာသာ ကျွန်တော် အေးအေးပဲ နေပါရစေ' ဟု တိုးတိုးရေရွတ်သည်။

ဖရောအက်ဒလီက ပိုင်ရီကို ပွေ့ယူပြီး လက်နှစ်ဖက်ဖြင့် သိမ်း၍ ဖက်လိုက်သောအခါ ဒေါသဖြစ်သွားသည့်နှယ် မျက်နှာနီရဲလာသည်၊ ပြီးတော့ စိတ်ဆိုးမာန်ဆိုး ရေရွတ်သည်။

'အိုဗျာ၊ ကျွန်တော့်ဘာသာ ကျွန်တော်နေပါရစေ ဆိုမှပဲ'

နောက်တစ်ခဏမျှအကြာတွင် ပိုင်ရီ၏ တွန်းထိုး ရုန်းကန်နေမှုအရှိန် တန့်သွားပြီး သူ့အမေ၏ လက်ထဲ၌ ပျော့ခွေလျက် ရှိသည်။ သူ့အမေက ပွေ့ချီလိုက်သောအခါ တစ်ခွန်းမျှ ညည်းလိုက်သည်။ ဖြူဖပ်ဖြူရော် ဖြစ်နေသော သူ့မျက်နှာသည် ရှေ့သို့ ငိုက်ကျလာသည်။ ထို့နောက် တစ်ချက်မျှ တွန့်ခနဲ ဖြစ်သွားပြီး ငေါ့ခနဲ အန်ချလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၃

ဗာရာဂု တစ်ယောက်ထည်း သူ့ စတူဒီယို၏ တစ်ဖက်တွင် အဆောင်တစ်ခု ထုတ်၍ နေထိုင်လာခဲ့သည့် အချိန်မှစ၍ သူ့ မိန်းမသည် ဘယ်သောအခါမှ ထိုအဆောင်သို့ လာ၍ သူ့အား မတွေ့ခဲ့ပေ။ အခုတစ်ကြိမ်တွင်မူ သူ့မိန်းမသည် တံခါးကိုပင် မခေါက်တော့ဘဲ သုတ်သီးသုတ်ပျာ ဝင်ရောက်လာသည်။

ဗာရာဂုကလည်း သူ့မိန်းမ ဝင်လာသည်ကို မြင်လိုက်ကတည်းက မကောင်းသတင်းကို နားထောင်ရန် အဆင်သင့် ဖြစ်နေသည်။ သူ့အတွင်းစိတ်က အလိုလို သိထားသလို ဖြစ်နေသဖြင့် သူ့မိန်းမက စကားတစ်ခွန်းမှ မဟသေးမီ သူက စ၍ မေးသည်။

'ပိုင်ရီ ဘာဖြစ်သလဲ၊ တစ်ခုခု ဖြစ်ပြန်ပြီ မဟုတ်လား'

သူ့မိန်းမက ခေါင်းညိတ်သည်။

'သူ့ကြည့်ရတာ အတော်ကြီးကို နေမကောင်း ဖြစ်နေပုံပဲ။ အပြုအမူတွေကလည်း သိပ်ထူးခြားနေတယ်၊ အခု ထပ်ပြီး အန်နေပြန်ပြီ၊ ရှင် ဆရာဝန် သွားခေါ်မှ ဖြစ်တော့မယ်

www.burmeseclassic.com

www.burmeseclassic.com



အကျိုးအကြောင်း ပြောပြနေခိုက်မှာပင် ဖရောအက်ဖလီ၏ မျက်လုံးများသည် ခန်းမကြီးထဲမှ အရာများကို ဝေ့ကြည့်သည်။ နောက်ဆုံးတွင် သူ့အကြည့်သည် ဆွဲလက်စ ပန်းချီကားသစ်ပေါ် စူးစိုက်သွားသည်။ ပုံထဲမှ သဏ္ဌာန်များကို သူ သဲကွဲစွာ မမြင်ရ။ ပိုင်ရီ၏ ရုပ်ပုံလွှာကိုပင် သူ မမှတ်မိ။

ကားချပ်ကို တစ်ချက်မျှ စူးစိုက်ကြည့်ရုံသာ ကြည့်ပြီး နှစ်ပေါင်း များစွာ သူ့ယောက်ျားနေလာခဲ့သည့် ခန်းမထဲမှ လေကို တစ်ချက်မျှ ရင်မောစွာဖြင့် ရှူရှိုက်လိုက်သည်။ သူ့အနေဖြင့် သူ နေထိုင်ခဲ့ရသော ပတ်ဝန်းကျင်နှင့် မတူသည့် အထီးကျန်နိုင်မှုကို ခံစားသိရှိနေရသည်။ သို့တစေလည်း ယင်းခံစားမှုသည် တစ်ခဏမျှသာ ဖြစ်သည်။ ပန်းချီကားပေါ် ရောက်နေသည့် အကြည့်သည် သူ့ယောက်ျားဘက်သို့ လှည့်သွားပြီး အဆက်မပြတ် မေးနေသော မေးခွန်းများကို ဖြေဖို့ ကြိုးစားလေသည်။

'မော်တော်ကားတစ်စီး တယ်လီဖုန်းဆက်ခေါ်'ဟု ဗာရာဂူက ပြောသည်။ 'မြင်းရထားထက် ကားက ပိုမြန်မယ်၊ မြို့ထဲကို ကိုယ်တိုင်ပဲ သွားမယ်၊ ကို လက်တွေ့ ဆေးပစ်ဦးမှ၊ အခု ချက်ချင်း လာခဲ့မယ်၊ မင်း သွားနှင့်၊ ပိုင်ရီကို အိပ်ရာပေါ်မှာပဲ သိပ်ထားလိုက်'

နောက် ဆယ့်ငါးမိနစ်မျှအကြာတွင် ဗာရာဂူ မြို့ထဲ ရောက်နေသည်။ သူ သိထားသည့် ဆရာဝန်မှာ တစ်ဦးတည်းသာ ရှိ၍ ထိုဆရာဝန်ကို လွန်ခဲ့သော နှစ်အနည်းငယ်ခန့်က အိမ်သို့ တစ်ကြိမ် နှစ်ကြိမ်ခန့် ပင့်ခဲ့ဖူး၏။



ဗာရာဂူသည် ဆရာဝန်၏ လိပ်စာဟောင်းသို့ သွားသည်။ သို့သော်လည်း ထိုလိပ်စာတွင် ဆရာဝန် မနေတော့။ နေရာပြောင်းသွားပြီ။ လိပ်စာသစ်သို့အလာ လမ်းခုလတ်တွင် ဆရာဝန်၏ မြင်းရထားနှင့် ဆုံမိသည်။ ဆရာဝန်က သူ့ကို လှမ်း၍ နှုတ်ဆက်သည်။ သူက ပြန်၍ နှုတ်ဆက်သည်။ ပထမ တော့ မမှတ်မိ။ နောက်ကျမှ သူ လိုက်လံ ရှာဖွေနေသည့် ဆရာဝန်မှာ ဤပုဂ္ဂိုလ်ပင် ဖြစ်သည်ကို သတိရလာသည်။ သူ့အား ကျော်ဖြတ်သွားသော မြင်းရထားနောက်သို့ လိုက်သည်။

မြင်းရထားသည် လူနာ တစ်ယောက်၏ အိမ်ရှေ့၌ ရပ်ထားသည်ကို တွေ့ရသည်။ အချိန်အတော်ကြီးကြာမျှ စောင့်နေရပြီးတံခါးဝ၌ ဆရာဝန်ပေါ်လာသည်။ သူသည် ဆရာဝန်ကို မော်တော်ကားဆီသို့ ဆွဲခေါ်လာခဲ့၏။ ဆရာဝန်က ရုန်းသော်လည်း သူက လွှတ်မပေး။ အတင်းအဓမ္မ ခေါ်ယူရသည့် အနေအထားသို့ပင် ဆိုက်လုနီးပါး ဖြစ်ခဲ့ရလေသည်။

မော်တော်ကားသည် မြိုင်ခေမာသို့ မိုင်နှုန်း အမြင့်ဆုံးထား၍ မောင်းနေခိုက်တွင် ဆရာဝန်က ဗာရာဂူ၏ ဒူးပေါ်သို့ လက်ဖြင့် လှမ်းကိုင်ပြီး ပြောသည်။

'ကဲ ကျွန်တော် ခင်ဗျားရဲ့ အကျဉ်းသား ဖြစ်သွားပြီ၊ ကျွန်တော့်ကို ပင့်တဲ့လူတိုင်း စောင့်ရတာချည်းပဲဆိုတာ ခင်ဗျား သိပါတယ်၊ ကဲ ဆိုပါဦး၊ ဘာဖြစ်လို့လဲ၊ ခင်ဗျား မိန်းမ ဖျား နေလို့လား၊ မဟုတ်ဘူး၊ ဒါဆိုရင် ဘယ်သူလဲ၊ ခင်ဗျား သားလေး၊ ဟုတ်လား၊ သူ့ နာမည်ကို ထပ်ပြောပါဦး၊ ပြော်

www.burmeseclassic.com



ဟုတ်ပြီ၊ ပိုင်ရီ၊ ကျွန်တော် သူ့ကို မတွေ့တာ အတော်ကြာသွားပြီ၊ ဘာဖြစ်တာလဲ သိမှီခိုက်မိသလား’

‘ဖျားတာပါ၊ မနေ့က ဖျားတာပဲ၊ ဒီနေ့ မနက်တော့ နေကောင်းလာသလိုပဲ၊ အိပ်ရာက ထပြီး အစား နည်းနည်း စားတယ်၊ ဒါပေမယ့် အခု ထပ်ပြီး အန်နေပြန်တယ်၊ သူ့ကြည့်ရတာ တစ်နေရာရာက နာနေသလိုပဲ’

ဆရာဝန်သည် သူ၏ သေးသွယ်သွယ် လက်ဖြင့် မျက်နှာကို တစ်ချက် ပွတ်လိုက်သည်။

‘သူ့ အစာအိမ်များ တစ်ခုခု ဖြစ်လို့လား၊ အေးလေ၊ ကြည့်ကြသေးတာပေါ့၊ တခြားတော့ ဘာမှ မဖြစ်ဘူး မဟုတ်လား၊ ခင်ဗျားရဲ့ ပန်းချီကား ပြပွဲကို လွန်ခဲ့တဲ့နှစ် ဆောင်းရာသီတုန်းက ကျွန်တော် မြူးနစ်မှာ ကြည့်ခဲ့ရတယ်၊ ကျွန်တော်တို့ ခင်ဗျားအတွက် ဂုဏ်ယူပါတယ် မိတ်ဆွေကြီးရယ်’

သူက နာရီကို ကြည့်သည်၊ မော်တော်ကား ဂီယာပြောင်း၍ ဆိုးသံ ကြားလိုက်ရ၏၊ စက်သံက ပို၍ ကျယ်လောင်လာသဖြင့် နှစ်ယောက်သား စကား မပြောကြ တော့ဘဲ ငြိမ်ဆိတ်စွာ လိုက်လာကြသည်၊ မကြာမီ မော်တော်ကားသည် မြိုင်ခေမာခြံ၏ ပိတ်ထားသော ဝိတ်တံခါးဝသို့ ဆိုက်ရောက်သည်။

ဆရာဝန်က ကား ဗရိုင်ဘာအား သူ့ကို စောင့်ခေါ်ခိုင်းမှာသည်၊ ထို့နောက် နှစ်ယောက်သား အိမ်ရှေ့ဝင်း ခြံကို ဖြတ်ကာ အိမ်ထဲသို့ ဝင်ခဲ့ကြ၏၊ ဖရော အက်ဒလီသည် ပိုင်ရီ၏ ခုတင်ဘေး၌ ထိုင်နေသည်ကို တွေ့ရလေသည်၊



ရောက်လျှင် ရောက်ချင်းပင် ဆရာဝန်သည် ပိုင်ရီအား စမ်းသပ် စစ်ဆေးသည်၊ စကား ပြောလာအောင် ကြိုးစား သည်၊ မိခင်ဖြစ်သူ စိတ်သက်သာရာ ရစေရန် အားပေးစကား ပြောသည်၊ သူ့ အလုပ်ပေါ်တွင် ယုံကြည် စိတ်ချမှု ရှိလာအောင် ဖန်တီးယူသည်၊ ယင်း အခြေအနေသည် ဖာရာ ဂုဂို့မပါ စိတ် သက်သာရာ ရစေ၏၊

ပိုင်ရီကတော့ အစမ်းသပ်ခံလိုမှုမရှ၊ သိပ်ပြီး ဖော်ဖော်ရွေရွေ မရှိ၊ နှုတ်ဆိတ်လွန်းသည်၊ လုပ်နေသည့် အလုပ် အပေါ်တွင် လည်း ယုံကြည်မှု ရှိဟန်မတူ၊ ဆရာဝန်က သူ့ဗိုက်ကို အသာ အယာ နှိပ်ကြည့်သော အခါ အသုံးမကျသည့် အရာများကို လုပ်နေသည်ဟု ပြောချင်သည့်နှယ် မျက်နှာကို တစ်ချက်ရှုံ့သည်၊

‘အဆိပ်ဖြစ်တာတော့ လုံးဝ မဟုတ်ဘူး’ဟု ဆရာဝန်က အခိုင်အမာ ပြောသည်၊ ‘အူမှာလည်း ချို့ယွင်းတာ မတွေ့ရဘူး၊ ဗိုက် ရိုးရိုး နာတာပဲ ဖြစ်ဖို့ များတယ်၊ အကောင်းဆုံးကတော့ စောင့်ကြည့်ဖို့ပဲ၊ အစာ မကျွေးပါနဲ့၊ ကနေ့ တစ်ရက်တော့ ဘာမှ မကျွေးတာ ကောင်းတယ်၊ သူ ရေဆာရင် လက်ဖက်ရည် နည်းနည်းပေးပါ၊ ဒီသူ စွပ်ပြုတ် နည်းနည်း ပါးပါး တိုက်ပေါ့၊ တကယ်လို့ သူ့ အခြေအနေ ပိုကောင်းလာရင် မနက်ကျတော့ လက်ဖက်ရည်နှင့် ပေါင်မုန့်ကျွေးပါ၊ တကယ်လို့ ဗိုက်နာတယ် ဆိုရင် ကျွန်တော့်ဆီ ချက်ချင်းဖုန်းဆက်ပါ’

အခန်းထဲမှ ထွက်လာသည့်အခါ ဖရော အက်ဒလီက သူသိလိုသမျှကို မေးသည်၊ သို့သော်လည်း ထူးထူး ခြားခြား ဘာမှ မသိရ၊

www.burmeseclassic.com

www.burmeseclassic.com



'သူ့ဗိုက် သိပ်ကောင်းပုံ မရဘူး၊ ကလေးကလည်း ကြည့်ရတာ နုပုံ ပေါ်တယ်၊ ကြောက်တတ် လန့်တတ်ပုံလည်း ပေါ်တယ်၊ အဖျားအနာကတော့ မရှိပါဘူး၊ ကနေ့ည အပူချိန် တိုင်းကြည့်ပါ၊ သွေးအားတော့ နည်းပုံ ရတယ်၊ တကယ်လို့ သူ့ အခြေအနေ မကောင်းတော့လည်း ကိစ္စမရှိဘူး၊ ကျွန်တော် မနက်ဖြန် တစ်ခေါက် ထပ်လာဦးမှာပဲ၊ သိပ်ပြီး ဆိုးတဲ့ အနေအထားတော့ မဟုတ်ပါဘူး'

ဆရာဝန်က ကပျာကယာ နှုတ်ဆက်ပြီး သုတ်သီး သုတ်ပျာ ထွက်သွားသည်။ ဗာရာဂုက ဆရာဝန်ကို မော်တော်ကားနား အထိ လိုက်ပို့သည်။

'အခုလို ဖြစ်နေတာ ရက်များ ကြာမလား' ဟု ဗာရာဂုက မေးသည့်အခါ ဆရာဝန်က ရယ်သည်။

'အခုလောက်အထိ သောက ကြီးတတ်တဲ့ လူ တစ်ယောက် မဟုတ်ဘူးလို့ကျွန်တော်ကထင်မိတာ၊ကလေးက သိပ်ပြီးနုလွန်း အား ကြီးလို့ပါ၊ ဖြစ်တာက ပြောလောက်အောင် မဆိုးပါဘူး၊ ကလေးတွေ ဖြစ်သလို ကျွန်တော်တို့ ခင်ဗျားတို့လည်း မကြာ မကြာ အစာမကြေ ဖြစ်တတ်ကြတာပဲ မဟုတ်လားဗျာ၊ ကဲ သွားမယ်၊ မင်္ဂလာ နံနက်ပါ'

အခု လောလောဆယ် သူ အိမ်ထဲ၌ ရှိနေဖို့ မလိုအပ်သေးဟု ယူဆသဖြင့် ဗာရာဂုသည် လယ်ကွင်းများဘက်သို့ အညောင်း အညာဖြေ သဘောဖြင့် လျှောက်လာခဲ့သည်။ ဆရာဝန်၏ တည်ငြိမ် အေးဆေးသော အမူအရာနှင့် တိကျ ပြတ်သားသော



စကားများကြောင့် သူ့ စိတ်သည် စောစောကလောက် ပူပန်ခြင်း မဖြစ်တော့။

မည်သို့ပင်ဖြစ်စေ သားငယ်အတွက် အပြင်းအထန် သောက ရောက်ပြီး များစွာ အထိတ်တလန့် ဖြစ်ခဲ့ရသည့် သူ့ အဖြစ်ကို ပြန်၍ သတိရသော အခါ သူ ကိုယ်သူ အံ့သြ နေမိလေသည်။

သာယာသော နံနက်ခင်း၏ နွေးထွေး သန့်စင်သောလေကို ရှူရှိုက်ရင်း ဗာရာဂုသည် စိတ်အေး နားအေး လျှောက်လာခဲ့ သည်။ ကျွဲသစ်ပင်များနှင့် ဤမြက်ခင်းပြင်များကြား၌ ဖြတ်သန်း လျှောက်သွားနေရ ခြင်းသည် သူ့ အဖို့ နောက်ဆုံးအကြိမ် ဖြစ်လေမလား ဟူသော အတွေး ဝင်လာသည်။

ထိုအတွေး ဝင်လာသောအခါ သူ့ စိတ်သည် ပျော်သလိုလို၊ လွတ်လပ်သွား သလိုလို ခံစားရသည်။ မည်သည့် အကြောင်း ကြောင့် အခုလို ခံစားမှုမျိုး ဝင်လာရလေသနည်း။ ဘာကြောင့် ဆုံးဖြတ်ချက် တစ်ခုချပြီး သွားသလိုလို အဖြေ အစ်ခုခု ရပြီး သွားသလိုလို စိတ်ထဲက ခံစား နေရပါသနည်း။

ထိုအခါ ချက်ချင်း လိုလိုပင် ထိုနေ့မနက် စောစော စီးစီး ဖရော အက်ဒလီနှင့် စကား ပြောခဲ့ရသည်ကို သတိ ရလာ သည်။ သူ၏ ခံစားမှုများသည် အက်ဒလီနှင့် စကား ပြောခဲ့ ရသည့် စကားများဆီမှ တစ်ဆင့် မြစ်ဖျား ခံလာသည် ထင်၏။

မနက်က သူသည် ခရီးထွက်မည့် အစီအစဉ်ကို ပြောပြခဲ့ သည်။ အက်ဒလီက အေးအေး ဆေးဆေး နားထောင်သည်။ သူ့ အစီအစဉ်ကို တစ်စုံတစ်ရာ ဝေဖန် ကန့်ကွက်ခြင်း မပြု။

www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်ကလည်း သူ၏ ဆုံးဖြတ်ချက်နှင့် ယင်း ဆုံးဖြတ်ချက်ကို လက်တွေ့အကောင်အထည် ဖော်မည့် အစီအစဉ်များကြားတွင် ဟာကွက်နှင့် ချို့ယွင်းချက်များ မရှိအောင် မိတ်ဆိုထားပြီး ဖြစ်ရာ အခုဆိုလျှင် သူ၏ အနာဂတ် ကာလသည် သူ့ရှေ့တွင် သာယာ ဖြောင့်ဖြူးနေသည်။

ဤအချက်သည် သူ့ အတွက် စိတ်သက်သာရာ ရစေသည့် အချက် တစ်ချက် ဖြစ်၏။ စိတ်၏ ငြိမ်းအေးမှုနှင့် မိမိကိုယ်ကို မိမိ ယုံကြည်စိတ် အသစ် ပြန်လည် ရရှိစေနိုင်မည့် အခြေခံ အချက် တစ်ချက်လည်း ဖြစ်၏။

သူ ဘယ်ဆီသို့ ဦးတည်၍ လျှောက်လာနေမိသည်ကို သတိမထားမိ၊ နောက်ဆုံးတွင် သူသည် လွန်ခဲ့သော သီတင်းပတ်အနည်းငယ်ခန့်အတွင်း သူ့ သူငယ်ချင်း အော်တို ဘတ်ဟတ်နှင့် ရောက်ခဲ့ဖူးသည့် လူသွားလမ်းလေး တစ်လမ်းထဲသို့ ချိုးဝင်ခဲ့မိ၏။

လူသွားလမ်းလေးအတိုင်း လိုက်လာခဲ့သော ဗာရာဂူသည် ကုန်းမြင့် ထစ်ခုကို ခပ်ဖြေးဖြေး တက်လာမိသည့် အခါ သူနှင့် သူ့ သူငယ်ချင်း အော်တိုတို့ ဤလမ်းပေါ် ရောက်ခဲ့ဖူးသည်ကို မှတ်မိလာသည်။

ထိုစဉ်က သူသည် အခြား တစ်ဖက် ခပ်လှမ်းလှမ်းရှိ တောင်ကုန်း ခြေရင်းမှ တောတန်းကလေး၊ အသင့် ချထားသည့် ခုံတန်းလျားနှင့် ယင်းတို့၏ နောက်ဘက်၌ တည်ရှိနေသော အဖြူရောင် တောင်ကြား လှိုင်ပြင်တို့ကို အခုနစ် ဆောင်းရာသီပေါက်တွင် လာ၍ ပန်းချီဆွဲရန် စိတ်ကူးခဲ့ဖူး၏။



ခုံတန်းကလေး ပေါ်တွင် သူ့ သား ပိုင်ရိုကို အထိုင်ခိုင်းမည်ဟုလည်း စဉ်းစားခဲ့ဖူး၏။

သူ့ သား ပိုင်ရို၏ ကလေး ပီသသော ကြည်လင် လန်းဆန်းသည့် မျက်နှာသည် အညိုရောင် ဖျော့ဖျော့ တောအုပ်နှင့် အလွန်ယှဉ် ရလိမ့်မည်ဟုလည်း သူ ဆင်ခြင် မိခဲ့ဖူး လေသည်။

သူသည် ပတ်ဝန်းကျင်ကို စိတ်ဝင်တစားကြည့်ကာ ကုန်းပေါ်သို့ တက်ခဲ့သည်။ မွန်းတည့် နေ၏ အရှိန်ကို သူ သတိမပြုမိ၊ တောင်ကုန်းထိပ်ပေါ်မှ သစ်တော အုပ်အုပ်၏ အစွန်းကို လှမ်းမြင်နေရသည့် နေရာသို့ ရောက်သော အခါ အော်တိုနှင့် အတူတူ လာခဲ့သည့် နေ့ကို ပြန်၍ သတိရသည်။ သူနှင့် သူ့ သူငယ်ချင်းတို့ ပြောခဲ့ကြသည့် စကားများကို တစ်လုံးမကျန် တိတိကျကျ ပြန်၍ ကြားယောင် လာသည်။ အတိတ်ကာလ ငယ်စဉ် တောင်ကျေးက မြင်ခဲ့ရဖူးသည့် နွေဦးပေါက် ရာသီ၏ စိမ်းစိုစို ရှုခင်းကို ပြန်လည် မြင်ယောင်လာသည်။ သူ လူငယ်ဘဝ၏ အဖြစ်များကို ပြန်လည် တမ်းတကာ ငယ်ရွယ် နုပျိုသော ခံစားမှုမျိုး ဝင်လာသည်။

ဤ ခံစားမှု ဝင်လာခြင်းကြောင့် သူသည် သူ့ကိုယ်သူ အံ့သြခြင်း ဖြစ်ရ၏။ လွန်ခဲ့သော အနှစ် နှစ်ဆယ်ခန့်ကတော့ ဤ ခံစားမှုသည် သူ၏ နေ့စဉ်ဘဝတွင် အစိတ်အပိုင်း တစ်ပိုင်း ဖြစ်ခဲ့ဖူးပါ၏။ သို့သော်လည်း အခု အချိန်မှာတော့ဖြင့် ဤ ခံစားမှုသည် သူ့ အတွက် စွဲမက်စရာ ကောင်းသည့် အရာ တစ်ခု မဟုတ်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော နှစ်လ သုံးလခန့်က အခြေအနေများကို ပြန်၍ စဉ်းစားလိုက်သည့်အခါတွင်လည်း ယခင်ကလို မဟုတ်တော့ဘဲ သိသိသာသာကြီး ပြောင်းလဲသွားခဲ့ရသည့် သူ့ အဖြစ်ကို ဆင်ခြင်မိ၏။ ယနေ့ကျတော့လည်း မကြာသေးမီ အချိန်က မှောင်ကြီး ကျကာ ရှုပ်ထွေး နေသော အခြေ အနေမျိုး မရှိခဲ့တော့ဘဲ သူ့ ရှေ့မှ ပွင့်နေသည့် လမ်းကို ကောင်းစွာ မြင်တွေ့ခဲ့ရပြီ ဖြစ်၏။ အမြင် ကြည်လင် ပြတ်သားမှုနှင့် တကျ သေချာသော ခံစားမှုမျိုးကိုလည်း ခံရှိနေပြီ ဖြစ်၏။

သူ့ ဘဝသည် နောက်ထပ်တစ်ကြိမ် ကြည်လင်အေးမြသော ချောင်း သို့မဟုတ် မြစ်တစ်ခုအဖြစ်သို့ ပြန်လည် ရောက် သွားသည့် သဘော ရှိ၏။ သို့ဆိုလျှင် ဤရေစီးကြောင်းသည် ယခုအချိန်အထိ အလွန်ဗွက်ထူသည့် ရေကန်တစ်ကန်အတွင်း ဘယ်ဆီကို စီးဆင်းရမည် မသိဘဲ အိုင်နေသည့် ရေအဖြစ် အသွင်ပြောင်းကာ သတ်မှတ်ထားသော အရပ်ဒေသ ဆီ ရှိုင်မာပြတ်သားစွာ စီးဆင်းရပေတော့မည်။

ဤပုံအတိုင်းဆိုပါက သူ့ ခရီးလမ်းကြောင်းသည် ဤနေ ကို ပြန်ရောက်အောင်တော့ ဆောင်ကြဉ်းနိုင်လိမ့်မည်မဟု သူ့အနေဖြင့်လည်း ဤနေရာဤဒေသမှ စွန့်ခွာသွားရုံမှတစ် အခြားလုပ်စရာ အလုပ်ဟူ၍ ဘာတစ်ခုမှ ရှိနိုင်တော့မ မထင်။

စွန့်ခွာရသည့်အခါတွင် သွေးယိုစီးနေသော နှလုံးသာ ရင်ခွင်ပိုက်၍ စွန့်ခွာသွားရသည့် အဖြစ်မျိုးနှင့်တော့ ရင် ရဖို့ ရှိ၏။ သို့သော်လည်း သူ့ အဖို့ အကြောင်း မဟုတ်ပေ



သူ့ ဘဝသည် နောက်တစ်ကြိမ် ပြန်လည် စီးဆင်းရပေဦး တော့မည်။

ဤတစ်ကြိမ် စီးဆင်းခြင်းသည် လွတ်လပ်ခြင်းနှင့် ပြည့်နေ သော အနာဂတ်ဆီသို့ ဦးတည်လျက် ရှိ၏၊ အခုအချိန်ထိ အသိ စိတ်က သတိမပြုသေးသော်လည်း မသိစိတ်ကတော့ မြို့ပြနှင့် တောပိုင်းဒေသကို လည်းကောင်း၊ မြိုင်ခေမာနှင့် သူ့ ဇနီးကို လည်းကောင်း စွန့်ခွာနေပြီ၊ အဆက်ဖြတ်နေပြီ ဖြစ်၏။

ဗာရာဂုသည် သက်ပြင်းတစ်ချက် ချလိုက်သည်။ အမြင် ကြည်လင်မှု တည်းဟူသော လှိုင်းများကြားတွင် နစ်မြုပ် နေရာမှ ပြန်ပေါ်လာသည်။ သူသည် ပိုင်ရီ အကြောင်းကို မတွေးဘဲ မနေနိုင်၊ ဤလမ်းအတိုင်း သူ လျှောက်သွားမည် ဆိုပါက ပိုင်ရီနှင့်ပါ ခွဲခွာရတော့မည်ဖြစ်ရာ ဤအတွက်တော့ သူ့ နှလုံးသားတွင် နာကျင်ခြင်း ဖြစ်ရလေသည်။

သူသည် ခရက်သောနေရာတွင် အချိန် အတော်ကြာမျှ ရပ်နေမိသည်။ သူ့ မျက်နှာသည် ရှုံ့လျက် ရှိ၏။ ရင်ထဲ၌ နာကျင်သော ဝေဒနာကို ခံစားရသည့်တိုင်အောင် အမြင် ကြည်လင်ပြတ်သားမှုနှင့် အနာဂတ်ကာလ၏ ချမ်းသာသုခကို တော့ ပြက်ပြက်ထင်ထင် မြင်နေဆဲ ဖြစ်သည်။

ဤအချက်သည် သူ့ မိတ်ဆွေ အော်တိုဘတ်ဟတ်က သူ့ကို ဖြစ်စေချင်သည့် ဆန္ဒ ဖြစ်၏၊ သူ့ မိတ်ဆွေသည် သူ့စိတ်၌ ဤအသိမျိုး ဝင်လာသည့် ဤအချိန် ဤကာလမျိုးကို စောင့် ကြိုနေသည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ နောက်ဆုံး ကျတော့လည်း သူသည် နှစ်ပေါင်းများစွာ မယိမ်းမယိုင်ရဲ ဖြစ်ခဲ့သော အနာဂတ်တောင်းကြီးကို ခွဲခိုက်ခဲ့ပြီးဖြစ်၏။ အလွန်ဖြင်းထန်စွာ နာကျင်ခဲ့ရသည့် ငှဲစိတ်မှုတစ်ခု ဖြစ်သည်ဟု ဆိုရမည် ဖြစ်၏။

သူ့အနေဖြင့် သူမြတ်နိုးသော လိုအင်ဆန္ဒများကို စွန့်လွှတ်ခဲ့ရပြီး ယင်းအလိုဆန္ဒများနှင့် အတူ သူ၏ မတည်ငြိမ်သော စိတ်နှင့် ပင်ငိုးတွန်းတိုသည် လှင့်စဉ် ပျောက်ပျက် ကုန် ပြီ။ သူ ပတ်ပတ်လည်တွင် နေ့၏ အလင်းရောင်သည် ထွန်းလင်းလျက် ရှိ၏။ ဤနေရောင်းရောင်သည် သာယာသည်းတောက်ပသည်။

သူသည် တောင်ကုန်းထိပ်သို့ တက်ခဲ့ပြီး အရိပ်ရနေသော ကျောက်တုံး တစ်တုံးပေါ်၌ ထိုင်သည်။ ဘဝ၏ နက်ရှိုင်းသော ခံစားမှုသည် သူ့တစ်ကိုယ်လုံးတွင် စိမ့်ဝင် ပျံ့နှံ့ လျက်ရှိသည်။ လူငယ်အစက ပျိုမြစ်နုနယ်သော စိတ်သည် သူ့ကိုယ်ခန္ဓာထဲတွင် ပြန်ရောက်လာသည့်နှယ် ရှိသည်။

သူ့စိတ်ထဲတွင် ဖြစ်ပေါ်လာသည့် ကျေးဇူးတင်စိတ်သည် ရှမ်ဓောမှ သူ့သူငယ်ချင်းထံသို့ ရောက်နေသည်။ သူ့ သူငယ်ချင်းသာ မရှိလျှင် ဤလမ်းကို သူ တွေ့လိမ့်မည် မဟုတ်။ သသာ မရှိခဲ့ပါမူ သူ့ဘဝသည် မလွတ်လပ်မှုတည်းဟူသော လှောင်ချိုင့်အတွင်း၌ ပျက်သုဉ်းရခပေတော့မည်။

သို့သော်လည်း သူ၏ သဘာဝမှာ အကြာကြီး ဆင်ခြင်စဉ်းစားတတ်သူ မဟုတ်။ ပြင်းထန်သော စိတ်ကိုလည်း အကြာကြီး မွေးထားတတ်သူ မဟုတ်။ ယင်းသဘာဝ စိတ်ကြောင့်ပင်



လျှင် သူသည် သူ၏ ကျန်းမာရေးနှင့် စိတ်ဓာတ် ကြံ့ခိုင်မှုများကို ပြန်လည် ရရှိခဲ့ခြင်း ဖြစ်၏။ ထို့ပြင်လည်း အားမန်သစ်နှင့် အသိစိတ်ဓာတ်သစ်များကိုပါ ရရှိခဲ့လေသည်။

သူသည် ထိုင်ရာမှ အရပ်ကာ အဝေးသို့ လှမ်းမျှော်ကြည့်သည်။ သစ်တော အုပ်အုပ်ကြားမှ ဖြတ်၍ မြင်နေရသည့် တောင်ကြား၊ သူ ရေးဆွဲလိုသော ရှုခင်း တစ်ခု၊ သူ့ကို စိန်ခေါ်နေသည့် အလုပ်တစ်ခု ဖြစ်၏။ အလွန် ခက်ခဲစွာ ဖြေရှင်းရမည့် ပုစ္ဆာတစ်ရပ်ဟု ဆိုနိုင်သည်။

သစ်တော အုပ်အုပ်ကြားမှ မြင်နေရသော အညိုဖွယ်ရာ ဤလမ်းကို အမြတ်တနိုး သတိထား၍ ရေးဆွဲရပေလိမ့်မည်။ ရေးကပန်းချီဆရာကြီးများကဲ့သို့ ပြောင်မြောက်အောင် ဆွဲရမည် ဖြစ်၏။

သူ့အနေဖြင့် အလင်းအမှောင်နှင့် လျှို့ဝှက်သော ပြေပြစ် ညီညွတ်မှုများကို နှိုင်းနှိုင်းရှုံ့မျှဖြင့် လိုလောက်လိမ့်မည် မဟုတ်။ မိနစ်တိုင်း သိမြင်လာရသည့် ပုံသဏ္ဌာန်တိုင်းကို အလေးအနက် ပြု၍ ဆွဲရမည်ဖြစ်၏။ မြင်တွေ့ရသမျှကို နူးညံ့ သိမ်မွေ့စွာဖြင့် အေးအေးစိတ်၍ အနုစိတ်၍ ခြယ်မှုန်းရမည် ဖြစ်၏။

ထို့နောက် အေးမြ သာယာနေသော ခပ်လှမ်းလှမ်းမှ တောင်ကြားကို နောက်ခံအဖြစ် ထားရလိမ့်မည်။ ရှေ့မှ တောက်ပနေသော အလင်းရောင်နှင့် သစ်တောရိပ်တို့ကို နောက်ခံ တောင်ကြားနှင့် အဆင်ပြေပြေ ဖြစ်အောင် ညှိယူရမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤပုံကို မြင်ရသူများ၏ စိတ်တွင် အေးမြနေအောင် သာယာလှပနေအောင် အထူးအဆန်း ဖြစ်နေအောင် စွဲမက်လာအောင် ဖန်တီးရယူရမည် ဖြစ်လေသည်။

သူသည် လက်မှ နာရီကို ကြည့်သည်။ အိမ်ပြန်ဖို့ အချိန်တန်ပြီ။ ယနေ့တော့ဖြင့် သူ့ မိန်းမက သူ့အား တမျှော်မျှော် စောင့်နေရသည့် အဖြစ်မျိုး မရောက်စေချင်။ သို့သော်လည်း အခု ချက်ချင်းပြန်လို့က မဖြစ်သေး။ သူသည် အိတ်ကပ်ထဲမှ ပုံကြမ်းဆွဲသည့် စာအုပ်ကို ထုတ်ကာ တောင်ကုန်း အစွန်းရှိ နေရာတစ်နေရာတွင် မှန်းတည့်မနေ အောက်၌ ရပ်၍ ပုံကြမ်းဆွဲယူသည်။ သူ မြင်တွေ့နေရသည့် ခပ်လှမ်းလှမ်းမှ မြင်ကွင်း တစ်ခုလုံးသည် သူ့ စာအုပ်ထဲတွင် ပီပြင်ပြတ်သားစွာ ပေါ်လာသည်။

နောက်မကျလိုခဲ့သော်လည်း နောက်ဆုံးတွင် နောက်ကျရပြန်သည်။ သူသည် အပူရှိန်ကို လုံးဝ သတိမရတော့ဘဲ တောင်ကုန်းပေါ်မှ အပြေးအလွှား ဆင်းခဲ့သည်။ အပြေးသွားရင်းမှပင် ပန်းချီဆွဲသည့် ပစ္စည်းကိရိယာများကို စဉ်းစားလာသည်။ မနက်ဖြန် အရုဏ်တွင် စောစောထလာပြီး ဤရှုခင်းကို ကြည့်မည်ဟု ဆုံးဖြတ်သည်။ သူ့အား စိန်ခေါ်ပြီး စောင့်ဆိုင်းနေသော အလုပ်အကြောင်း တွေးမိသောအခါ သူ့နှလုံးသားသည် ရွှင်မြူး တက်ကြွလာလေသည်။

'ပိုင်ရီ ဘယ်သွားနေသေးသလဲ'

အိမ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် သူ့ပါးစပ်မှ ထွက်လာသည့် ပထမဆုံးမေးခွန်း ဖြစ်၏။



ကလေးမှာ ပင်ပန်း နွမ်းနယ်လွန်း၍ နားနေသည်ဟု ဖရော အက်ဒလီက ဖြေသည်။ နာကျင်သည့်ဝေဒနာမျိုးတော့ ရှိဟန်မတူ။ အခုဒလာလောဆယ် အိပ်ရာထက်၌ လှဲနေသည်။ သူ့ ထံသွားပြီး အနှောင့်အယှက် မပေးလျှင် အကောင်းဆုံးဖြစ်လိမ့်မည်ဟု သူ ထင်ကြောင်း၊ တံခါး ဖွင့်လိုက်လျှင် သို့မဟုတ် အသံတစ်ခုခု ပေးလိုက်လျှင် ကလေး လန့်ဖျပ်သွားမည့် လက္ခဏာ ရှိကြောင်းကိုပါ ဖခရာ အက်ဒလီက အသိပေးသည်။

'ဟုတ်လား' ဟု ဗာရာဂုက ရေရွတ်ကာ ခေါင်းညိတ်သည်။ 'ဒါဆိုရင် ညနေစောင်းမှ သူ့ကို သွားကြည့်မယ်၊ ကိုနည်းနည်း နောက်ကျသွားတာ ခွင့်လွှတ်ပါ၊ ကို အပြင်သွားနေလို့၊ နောက်ရက်တွေမှာလည်း အပြင်ထွက်ပြီး ပုံဆွဲချင်ဆွဲဖြစ်လိမ့်မယ်'

နေ့လယ်စာ စားကြသည်မှာ အေးဆေး ငြိမ်ဆိတ်လှ၏။ ခန်းဆီးများကြားမှ ဝင်လာလျက်ရှိသော အလင်းရောင်သည် အေးမြသော အခန်းတွင်းသို့ ဖြာဆင်းလျက် ရှိသည်။ ပြတင်းပေါက် တံခါးအားလုံးကို ဖွင့်ထားသဖြင့် အပြင်ဘက်ရေပန်းဆီမှ ရေကျသံများသည် နေ့ခင်း တိတ်ဆိတ်မှုကို ဖောက်သွင်းကာ အခန်းထဲသို့ ရောက်လာလျက် ရှိလေသည်။

'အိန္ဒိယနှင့် သင့်တော်တဲ့ ပစ္စည်းတွေ ယူသွားဖို့ လိုမယ်ထင်တယ်' ဟု အဲလ်ဘတ်က ပြောသည်။ 'အမဲလိုက် ပစ္စည်းတွေကော ယူသွားမယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ယူသွားဖို့ လိုမယ် မထင်ပါဘူးကွာ၊ အော်တိုဘတ်တာက် ဆီမှာ အားလုံး ရှိနေမှာပါ။ သူက ဘာယူလာရင် ကောင်းမယ် ဆိုတာ ကြိုပြောမှာပါ၊ ဖေဖေရဲ့ မှန်ချီဆွဲ ပစ္စည်းကိရိယာတွေကိုတော့ အဆောင်ချောချော လုပ်ပြီး လုံခြုံအောင် သေတ္တာတွေနှင့် ထည့်သွားမှ ဖြစ်မယ်လို့ ထင်တယ်'

'အပ္ပမိုင်းဒေသမှာ ဆောင်းတဲ့ သံခမောက် ဦးထုပ်ကော ဆောင်မှာလား'

'ဆောင်ရမှာပေါ့၊ ဒါပေမယ့် လမ်းမှာ ဝယ်သွားရင် ရပါတယ်'

စားသောက်ပြီး၍ စားပွဲမှ အဲလ်ဘတ် ထသွားသည့်အခါ ဖရော အက်ဒလီက သူ့ယောကျ်ားအား ခဏနေဖို့ တားသည်။ ပြီးတော့ ပြတင်းပေါက်နား၌ ချထားသော ကြိမ်ကုလားထိုင်တွင် ထိုင်သည်။ ဗာနာဂူက ပက်လက်ကုလားထိုင် တစ်လုံး ချကာ သူ့ဘေး၌ ဝင်ထိုင်သည်။

'ရှင် ဘယ်တော့လောက် သွားမှာလဲ' ဟု မေးသည်။

'အော်တိုဒ ပေါ်မှာ တည်နေတယ်၊ သူ အဆင်ပြေတဲ့ အချိန်မှာ ထွက်ရမှာပဲ၊ စက်တင်ဘာလကုန်လောက်မှာ ထွက်ဖြစ်မယ် ထင်တာပဲ'

'အိပ်ပြီးမမြန်လွန်းဘူးလား၊ ကျွန်မမှာလဲ ပိုင်ရိုကိစ္စကြောင့် အလုပ်များနေတာနှင့် ရှင်ပြောထားတဲ့ ကိစ္စကို စဉ်းစားဖို့ အချိန်များများ မရဘူး၊ ဒါပေမယ့် ပိုင်ရိုနှင့် ပက်သက်လို့ ကတော့ ရှင့်ဘက်က သိပ်ပြီး အခွင့်အရေးတွေ တောင်းမနသင့်ဘူးလို့ ကျွန်မ ထင်တာပဲ'



'ကိုလည်း မင်းနှင့် တစ်သဘောတည်းပါပဲ၊ ကနေ့ မနက်ပဲ အဲသလို တွေးမိတယ်၊ ကို အနေနှင့် မင်းကို လွတ်လပ်မှု ပြည့်ပြည့်ဝဝပဲ ရစေချင်ပါတယ်၊ ကိုကတော့ တစ်ကမ္ဘာလုံးကို လှည့်ပြီး ခရီးသွားနေပါရက်နှင့် ဒီမှာ ကျန်ခဲ့တဲ့ မင်းရဲ့ ကိစ္စရပ်တွေထဲမှာ ကိုက ဝင်စွက်ဖို့ မျှော်လင့်နေရင် မသင့်ဘူးဆိုတာ ကို နားလည်ပါတယ်၊ မင့် အနေနှင့်မင်း မှန်တယ်၊ ကောင်းတယ် ထင်တာ လုပ်ပါ၊ ကို အခွင့်အရေး ရဖို့အတွက် မင့်မှာ လွတ်လပ်မှု နည်းသွားတာမျိုးဟာ မကောင်းပါဘူး'

'ဒီလိုဆိုရင် အိမ်ကို ဘယ်လိုလုပ်မှာလဲ၊ ကျွန်မ တစ်ယောက်တည်း ဒီအိမ်မှာ နေသွားဖို့ကတော့ မဖြစ်နိုင်ဘူး၊ အိမ်က အကြီးကြီး၊ ပြီးတော့လည်း ကျွန်မစိတ်ကို ဆင်းရဲစေမယ့် အမှတ်တရ အဖြစ်အပျက်တွေနှင့် ပြည့်နေတဲ့ အိမ်'

'ကို မင်းကို ပြောပြီးပါပကောလား၊ မင်းကြိုက်တဲ့နေရာမှာ သွားနေပါ၊ မြိုင်ခေမာဟာ မင့်အိမ်ပါ၊ ဒါကို မင်း သိပြီးသားပဲ၊ ကို ခရီးမထွက်ခင် မလိုလည်းဆိုလည်း စာချုပ်စာတမ်းနှင့် လွှဲပေးခဲ့မှာပါ'

ဖရောအက်ဒလီ၏ မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ သူ့ယောကျ်ား၏ မျက်နှာကို ရန်လိုသည့် မျက်နှာထားဖြင့် ကြည့်နေသည်။

'ရှင်ပြောနေတဲ့ လေသံက ဒီကို လုံးဝပြန်မလာတော့ဘူး ဆိုတဲ့သဘော ပါနေပါလား' ဟု ဝမ်းနည်းသံဖြင့် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗာရာဂု တစ်စုံ တစ်ရာကို စဉ်းစား ဆင်ခြင်နေသည့်နှယ် မျက်တောင် တဖျပ်ဖျပ် ခတ်ကာ ကြမ်းပြင်ကို ငုံ့ကြည့်နေသည်။

'ဘယ်သူမှ အတိအကျ သိနိုင်တာ မဟုတ်ဘူးလေ၊ ကို ဘယ်လောက် ကြာကြာ နေဖြစ်မယ်ဆိုတာလည်း အခု ထက်ထိ ပြောလို့ မရသေးဘူး၊ ကို့ အသက်အရွယ် ရောက်နေတဲ့ လူတစ်ယောက်ရဲ့ ကျန်းမာရေးအတွက် အိန္ဒိယနိုင်ငံဟာ သင့်တော်တဲ့ နိုင်ငံလို့ ကို မပြောနိုင်သေးဘူး'

ဖရေအက်ဒလီက ခေါင်းယမ်းသည်။

'ကျွန်မပြောတာ အဲဒါကို မဟုတ်ပါဘူး၊ ကျွန်မတို့ အားလုံး တစ်နေ့ကျ သေရမှာချည်းပဲ မဟုတ်လား၊ ကျွန်မ သိချင်တာက ရှင် ဒီကို ပြန်လာဖို့ ရည်ရွယ်ချက် ရှိမရှိ သိချင်တာ'

ဗာရာဂုက အဖြေမပေး၊ နောက်ဆုံးကျမှ တစ်ချက် ပြုံးလိုက်ပြီး တိုင်ရာမှ ထသည်။

'ဒီကိစ္စကို နောက်တစ်ချိန်ကျမှ ပြောကြတာပေါ့ကွာ၊ လွန်ခဲ့တဲ့ နှစ်အတော်ကြာလောက်က ဒီမေးခွန်းကြောင့် မင်းနှင့်ငါ စကားများခဲ့ကြတာ မှတ်မိသေးတယ် မဟုတ်လား၊ ငါ့အနေနှင့် ဒီမြိုင်ခေမာမှာ မင်းနှင့်ထပ်ပြီး ရန်မဖြစ်ချင်တော့ဘူး၊ ဒီအကြောင်းတွေနှင့် ပတ်သက်လာလို့ကတော့ မင်းရဲ့ စိတ်ထားဟာ ဟိုတုန်းကလိုပဲ ရှိနေလိမ့်မယ်လို့ ငါ ထင်တယ်၊ ကဲ ငါ မေးမယ်၊ မင်း ပိုင်ရီကို ငါ့ပေးနိုင်မလား'

ဖရေအက်ဒလီက ခေါင်းခါသည်။



'ငါထင်ထားတဲ့ အတိုင်းပါပဲ'ဟု ဗာရာဂုက အေးအေး တည်ငြိမ်စွာဖြင့် ပြောသည်။ 'တို့အနေနှင့် ဒီပြဿနာတွေကို မပြောကြတာ အကောင်းဆုံးပါ၊ ငါ စောစောက ပြောသလိုပဲ မြိုင်ခေမာအိမ်ကြီးကို မင်း ကြိုက်သလိုသာ လုပ်ပါ၊ မြိုင်ခေမာ အပေါ်မှာ ငါ သံယောဇဉ် မထားပါဘူး၊ တကယ်လို့ တစ်ဦးဦးက ဈေးကောင်းပေးရင် ရောင်းပစ်လိုက်ပေါ့'

'ဒါဆိုရင် မြိုင်ခေမာရဲ့လမ်းဟာ ဆုံးပြီပေါ့' အက်ဒလီက မခံကျနပ်သော လေသံဖြင့် ပြောသည်။ အဲလ်ဘတ် နို့စို့ အရွယ် သူ့ကိုလင်မယား မြိုင်ခေမာသို့ ရောက်စနေ့များနှင့် ထိုစဉ် သူ့ရင်ထဲ၌ ရှိခဲ့ဖူးသော မျှော်လင့်ချက်များကို ပြန်လည် သတိရလာသည်။

အခန်းတံခါးဘက်သို့ မျက်နှာမူနေပြီဖြစ်သော ဗာရာဂုက ပြန်လှည့်ကြည့်ပြီး အေးအေးသာသာ လှမ်းပြောသည်။

'သိပ်ပြီး အလေးအနက် ထားမနေပါနှင့်ကွယ်၊ မင်း သဘောကျရင်လည်း မရောင်းနှင့်ပေါ့'

သူသည် အပြင်သို့ ထွက်လာခဲ့ပြီး သူ့ခွေးကို သံကြိုး ဖြေပေးသည်၊ အနှောင်အဖွဲ့မှ လွတ်သွားသဖြင့် ဝမ်းသာ ရွှင်မြူးနေသော ခွေးသည် ဗာရာဂုကိုပတ်၍ ပြေးလိုက်၊ ခုန်တက်လိုက်လုပ်ကာ စတူဒီယိုဘက်သို့ ပြေးသွားသည်။

သူ့အဖို့ မြိုင်ခေမာသည် ဘာလဲ၊ သူ စွန့်ပစ်ထားခဲ့သည့် အရာများထဲမှ တစ်ခုမျှသာ ဖြစ်၏။ အခုကျတော့ သူသည် သူ့မိန်းမထက် စိတ်ဓာတ် ပို၍ကြံ့ခိုင်နေပြီ ဖြစ်သည်။ သူ့

www.burmeseclassic.com

www.burmeseclassic.com



အတွက် တိကျပြတ်သားသော လမ်းကြောင်းကို ချမှတ်ပြီးခဲ့ပြီး သူ နှလုံးသားထဲတွင် ကြီးမားသော စွန့်လွှတ်မှုကို ပြုခဲ့ပြီးပြီ ဖြစ်၏။

သူ သိမ်မွေ့ခဲ့သော အကြီးဆုံးသော သားငယ် ပိုင်ရှိကို စွန့်လွှတ်လိုက်ပြီ မဟုတ်ပါလား။ ဤတစ်ခုကို စွန့်လွှတ်ခဲ့ပြီးကတည်းက သူ့ဘဝတွင် အခြား မြတ်နိုးတွယ်တာစရာ ဘာမှ မရှိတော့။ သူ့အနေဖြင့် နောက်ကို ပြန်ကြည့်စရာ မလို။ ရှေ့ကိုသာ ကြည့်ရတော့မည် ဖြစ်၏၊

သူ့အတွက်တော့ မြိုင်ခေမာသည် နိဂုံးကမ္ဘတ် အဆုံးသတ်သွားခဲ့ပြီ။ အတိတ်ကာလ အတွင်းက မရရှိ မခံစားခဲ့ရသော မျှော်လင့်ချက်များ အဆုံးသတ်သွားသကဲ့သို့ပင် ဖြစ်သည်၊ လူငယ်ဘဝက သာယာပျော်ရွှင်မှုများ အဆုံးသတ်သွားသကဲ့သို့ပင် ဖြစ်သည်၊ အဆုံးသတ်သွားသမျှကို ထမ်းတာလွမ်းဆွတ်နေရန် အကြောင်းမရှိတော့၊

သူသည် လူခေါ် ခေါင်းလောင်းကို တီးလိုက်သည်။ ချက်ချင်းပင် ရောဘတ် ရောက်လာသည်၊

'ငါ ရှက်နည်းနည်းလောက် အပြင်ထွက်ပြီး ပန်းချီဆွဲမယ်၊ ပစ္စည်းသေတ္တာတွေနှင့် နေကာထီးကို မနက်ဖြန် အဆင်သင့်ဖြစ်အောင် လုပ်ထား၊ မနက် ငါးနာရီခွဲတိတိ ငါ့ကို နှိုး'

'ဟုတ်ကဲ့ ခင်ဗျ'

'အေး ဒါပဲ၊ ငါ ထင်တယ်လေ၊ ရာသီဥတု ကတော့ ကောင်းမှာပါ၊ မင်းကော ဘယ်လိုထင်သလဲ'



'ကောင်းလိမ့်မယ် ထင်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်ကို ခွင့်လွှတ်မယ်ဆိုရင် တစ်ခု မေးပါရစေခင်ဗျာ'

'အင်း'

'ဒီလိုပါခင်ဗျာ၊ ဆရာ အိန္ဒိယကို သွားမယ်လို့ ကျွန်တော် ကြားလို့ပါ'

ဗာရာဂုက အံ့အားသင့်သွားပြီး ဟက်ဟက်ပက်ပက် ရယ်လိုက်သည်၊

'သတင်းပြန့်တာက မြန်လှချည် ကလား၊ အဲလ်ဘတ်က လျှောက်ပြောနေပြီနှင့် တူတယ်၊ အေး ဟုတ်တယ်၊ ငါ အိန္ဒိယကို သွားမလို့၊ မင်းလိုက်လို့ကတော့ မဖြစ်ဘူး၊ ငါမင့်အတွက် စိတ်မကောင်းပါဘူး၊ ဟိုနိုင်ငံမှာ က ဥရောပ တိုက်သား အစေခံ မရှိဘူးကွ၊ ဒါပေမယ့် မင်း ကျေနပ်တယ် ဆိုရင် ငါ့ဆီကို အချိန်မရွေး ပြန်လာပြီး အလုပ်လုပ်နိုင်ပါတယ်၊ ငါ မရှိတုန်းမှာတော့ မင့်အတွက် အလုပ် ကောင်းကောင်းတစ်ခု ရှာပေးခဲ့ပါမယ်၊ ဘာပဲဖြစ်ဖြစ်လေ နှစ်သစ်ကူးချိန် အထိတော့ မင့်လုပ်ခ မှန်မှန် ရသွားမှာပါ'

'ကျေးဇူးတင်ပါတယ် ဟာဗာရာဂုခင်ဗျာ၊ သိပ်ပြီးတော့ ကျေးဇူးတင်ပါတယ်၊ ဆရာ့ရဲ့ လိပ်စာ ပေးခဲ့မယ် ဆိုရင် ကျွန်တော် စာရေးချင်ပါတယ်၊ ဆရာသိတဲ့အတိုင်း ကျွန်တော် ပြောရမှာတော့ မလွယ်ပါဘူး၊ ကျွန်တော့်မှာ စေ့စပ်ထားတဲ့ အမျိုးသမီးတစ်ယောက် ရှိနေပါပြီ'

'အို့ စေ့စပ်ထားတဲ့လူ ရှိတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် ဟာဗာရာဂူ၊ ဆရာ့ဆီက အလုပ်ထွက်ခွင့် ရရင် ကျွန်တော် သူနှင့်လက်ထပ်ဖို့ စီစဉ်ထားပါတယ်၊ ကျွန်တော် ဒီက အလုပ်ထွက်သွားရင် နောက်ထပ် ဘယ်မှာမှ မလုပ်တော့ဘူးလို့ သူ့ကို ကတိပေးထားပါတယ်'

'ကြည့် ဒါဆိုရင် မင်း ငါ့ဆီက အလုပ်ထွက်ခွင့် ရလို့ ဝမ်းသာမှာပေါ့၊ ဒါပေမယ့် ငါကတော့-ဘယ်စိတ်ကောင်းပါ့မလဲ ရောဘတ်ရယ်၊ မင်း လက်ထပ်ပြီးတဲ့နောက် ဘာအလုပ် အကိုင် လုပ်မယ်လို့ စိတ်ကူးထားသလဲ'

'သူက ကျွန်တော်နှင့်တွဲပြီး ဆေးပြင်းလိပ် စတိုးဆိုင် တစ်ဆိုင် ဖွင့်ချင်နေပါတယ် ခင်ဗျာ'

'ဆေးပြင်းလိပ် စတိုးဆိုင်ဟုတ်လား၊ အဲဒီအလုပ်ကတော့ မင်းနှင့် မသင့်တော်ဘူး ထင်တယ် ရောဘတ်'

'ကြိုးစားကြည့်တာ မမှားပါဘူး ခင်ဗျာ၊ ဒါပေမယ့် တစ်ခုရှိတာက ဆရာ့ဆီမှာ ကျွန်တော် အလုပ် ဆက်လုပ်လို့ ဖြစ်ပါဦးမလား ခင်ဗျာ'

ဗာရာဂူက ရောဘတ်၏ ပခုံးကို လှမ်းပုတ်သည်၊

'ဘယ်လိုလဲ ငါ့လူရယ်၊ ဘယ်လိုတွေများ ဖြစ်နေတာလဲ၊ မင်းက လက်ထပ်ချင်တယ်၊ ဆိုင်တစ်ဆိုင်လည်း ဖွင့်ချင်တယ်၊ ငါနှင့်လည်း ဆက်ပြီး နေချင်တယ်၊ တစ်ခုခုတော့ မှားနေပြီ ထင်တယ်၊ ငါတစ်ခုတော့ ထင်ထားတယ် ရောဘတ်၊ မင်း လက်ထပ်ပြီးရင် ဘဝသေသွားအောင် မလုပ်ဘူးလို့ ယုံကြည်တယ်'



'ကျွန်တော် မလုပ်ပါဘူး ဟာဗာရာဂူ ခင်ဗျာ၊ ကျွန်တော်နှင့် စေ့စပ်ထားတဲ့ မိန်းမဟာ အလုပ်သမ ကောင်း တစ်ယောက်ပါ၊ ဒါပေမယ့် ကျွန်တော် ဆရာနှင့်ပဲ နေချင်ပါတယ်၊ သူဟာ စိတ်ထက်လွန်းတော့'

'အေး ငါ့လူ၊ ဒါဆိုရင် မင်း ဘာကြောင့် လက်ထပ်တော့မှာလဲ၊ မင်း သူ့ကို လန့်နေပြီ၊ ကလေးတော့ ပါမလာဘူးလို့ ထင်တယ်'

'မပါပါဘူး၊ ဒါပေမယ့် စိတ်အေးနားအေး မနေရဘူး ခင်ဗျ'

'အင်း အဲသလိုဆိုရင်တော့ မင်း သူ့ကို ရင်ထိုးလှလှလေး တစ်ခု လုပ်ပေးလိုက်၊ ငါ ငွေဒင်္ဂါး တစ်ပြားပေးမယ်၊ အဲဒီ ရင်ထိုးကို သူ့ကို ပေးပြီး ဆေးပြင်းလိပ်ဆိုင်ဖွင့်ဖို့ တခြားလူ တစ်ယောက် ရှာပါလို့ ပြောပေါ့၊ ငါက အဲသလိုပဲ ပြောတယ်လို့ ပြောပြပေါ့၊ မင်း ရှက်သင့်တယ်လို့ ငါ ထင်တယ်၊ ငါ မင်းကို အချိန်တစ်ပတ် ပေးမယ်၊ တစ်ပတ် ပြည့်သွားတဲ့ နောက်မှာ မင်းဟာ မိန်းမ တစ်ယောက်ကို ကြောက်တတ်တဲ့ လူစားမျိုး ဟုတ်မဟုတ် ငါ သိချင်တယ်'

'ကောင်းပါပြီခင်ဗျာ၊ ကောင်းပါပြီ၊ ကျွန်တော် သူ့ကို ပြောပြပါ့မယ်'

ဗာရာဂူ၏မျက်နှာမှ အပြုံးရိပ် ပျောက်သွားသည်၊ ဝင်းဝင်း တောက်နေသော မျက်လုံးများဖြင့် အံ့အားသင့်နေသော ရောဘတ်ကို ဒေါသတကြီး ကြည့်သည်၊

www.burmeseclassic.com



'မင်း အဲဒီမိန်းမကို ခွာထုတ်လိုက်ပေတော့ ရော ဘတ်၊ အဲသလို မလုပ်လို့ကတော့ မင်းရော ငါရော ဘဝပျက်မှာ၊ မင့်ကိုယ်မင်း ယဇ်ပလ္လင်ဆီ ပို့ပြီး လည်စင်းခံသလို ဖြစ်တော့မယ်၊ ကဲ မင်းသွားတော့၊ အဲဒီ ကိစ္စကို မြန်မြန်ဆန်ဆန် ပြတ်သွားအောင် လုပ်လိုက်'

ဗာရာဂုသည် သူ့ဆေးတံကို ယူ၍ ဆေးဖြည့်သည်။ ထို့နောက် အကြမ်းဆွဲသည့် ပုံဆွဲစာအုပ်ကြီး တစ်အုပ်နှင့် ပန်းချီဆွဲ မီးသွေးတောင့် အိတ်တစ်လုံးကို ယူကာ တောအုပ်များ ဖုံးလွှမ်းလျက်ရှိသော တောင်ကုန်းဆီသို့ ထွက်သွားလေသည်။

# ၁၄

အစာ မစားဘဲ နေသည့်အတွက် ပိုင်ရီအဖို့ သိပ်ပြီး ထူးခြားပုံ မရ။ သူသည် အချိန် ရှိသမျှ အိပ်ရာထဲမှာပင် တခွေခွေ လှဲနေသည်။ သူ့အတွက် ချပေးထားသည့် လက်ဖက်ရည် ပန်းကန်ကိုလည်း ခေါက်ဆွဲ မဆိုထားနှင့်၊လက်ဖျားနှင့်ပင် မတို့။ အခြားအိမ်သူအိမ်သားများကလည်း သူ့အား နေသာသလို နေပါစေဟူသော သဘောဖြင့် လွှတ်ပေးထားကြသည်။

သူကိုယ်တိုင်ကလည်း ဘယ်သူက ဘာမေးမေး လုံးဝ အဖြေမပေး။ သူ့ အခန်းထဲသို့ လူတစ်ယောက် ဝင်လာလျှင်လည်း ကြိုက်ပုံ မပေါ်။ စိတ်ဘိုသည့် အမူအရာကို ပြတတ်၏။ တစ်ခါ တစ်ရံတွင် သူ့ အမေသည် သူ့ အိပ်ရာဘေး၌ ထိုင်ကာ ချိုအေးသာယာသော စကားများကို တိုးတိုး သာသာ ပြော၍ သူ့အား ချော့မော့ နေတတ်လေသည်။

ဖရော အက်ဒလီ အနေဖြင့် သူ့သားအတွက် စိတ်အေးခြင်း မရှိ။ သူ့သား ဘာဖြစ်နေသည်ကို အတိအကျ မသိရလေ စိတ်က ပူလေ။ သူ့သားသည် အကြောင်း တစ်ခုခုကြောင့် စိတ်တဆိတ် ကျိတ်၍ ဝမ်းနည်း ကြေကွဲနေသည်ဟု ထင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ဘာမေးမေး မဖြေ၊ ဘယ်လောက်ပဲ တောင်းပန် တောင်းပန် စကား ပြန်မပြော၊ အဝေးကိုသာ ငေးငေး ငေးမောနေသည်၊ အိပ်ချင်ပုံ ကစားချင်ပုံလည်း မရ၊ စားချင် သောက်ချင်စိတ်ရှိသည့် လက္ခဏာလည်း မပြ၊ စာလေး ပေလေး ဖတ်ချင်တန်လည်း မပေါ်၊ ဆရာဝန်ကခေါ်၍ နှစ်ရက်တိတိ ဆက်တိုက်လာသည်၊ ဆရာဝန်ကလည်း ထွေထွေ ထူးထူး အာမှုမပြော၊

ပိုင်ရီသည် အချိန် ရှိသမျှ အိပ်ရာထဲမှာပင် လှဲနေသည်၊ နှစ်နှစ် ခြိုက်ခြိုက် အိပ်ပျော်ခြင်းသည်း မရှိ၊ အိပ်ရာထက်တွင် တလူးလူး တလိမ့်လိမ့် လုပ်ကာ မပီမသသော စကားများ ကိုသာ ပြောဆိုနေတတ်၏၊ အိပ်မက်မက်ပြီး ကယောင် ချောက်ချား ဖြစ်နေသည့် လူ တစ်ယောက်နှင့် တူလှချေသည်၊

ဗာရာဂုကတော့ ရက်ပေါင်း အတော်ကြာမျှ အပြင်ထွက်၍ ပန်းချီ ဆွဲနေသည်၊ ညနေ မိုးချုပ်၍ အိမ်ပြန် ရောက်လာသည့် အခါ သူ့သား၏ အခြေအနေကို စုံစမ်းသည်၊ သူ့ မိန်းမက သူ့သား ပ်နေလောက်ပြီ ဖြစ်၍ အခန်းထဲသို့ မသွားရန် တားသည်၊ ပိုင်ရီ၏ အခြေအနေမှာ ဘယ်လို ဖြစ်နေသည် မသိ၊ ပြင်ပမှ အနှောင့်အယှက် ဝင်လာလျှင် သည်းမခံနိုင် လောက်အောင် ဖြစ်နေသည်ဟုလည်း ရှင်းပြသည်၊

မကြာသေးမီက သူနှင့် သူ့ မိန်းမ စကား အချေအတင် ပြောခဲ့ကြဖူး၏၊ ထိုအချိန်မှစ၍ သူ့ မိန်းမသည် သူနှင့်တွေ့လျှင် စကား များများ ပြောလေ့မရှိ၊ သူနှင့် စကားလက်ဆုံ ကျချင်သည့် လက္ခဏာ မရှိ၊ ထို့ကြောင့်လည်း ဗာရာဂုသည်



ထွေထွေထူးထူး ဘာမှ မေးမြန်းခြင်း မပြုတော့ဘဲ ရေချိုးခန်း တန်းဝင်သည်၊

ညပိုင်း ကျတော့လည်း သူသည် နောက်တစ်နေ့ဆွဲရန် လျာထားသည့် ပန်းချီ ကားချပ်များ အတွက် စဉ်းစား ကြံဆ ခြင်းဖြင့် အချိန်ကုန်သည်၊ ပန်းချီကား အမြောက်အမြားကို သူ ဆွဲခဲ့ဖူးပြီ ဖြစ်ရာ နောက်တစ်နေ့ဆွဲမည့် ပန်းချီအတွက် ကြိုတင်၍ စဉ်းစား ဆင်ခြင်ထားခြင်းသည်* အလွန် လိုအပ် သည့် အရာတစ်ခု မဟုတ်ပါလော၊

ထို နောက် သူသည် ကတ်ထူပြားများနှင့် ဘင်းဇာဘ်စများကို စိတ်ကြိုက်ရအောင် ရွေးသည်၊ ပန်းချီကား ပေါင်များ ရွေးခြင်း တပ်ခြင်းနှင့် ပြုပြင်ခြင်း စသည်များကို လုပ်သည်၊ ဆေးများ၊ စုတ်တံများနှင့် လိုအပ်သမျှ ပစ္စည်း အားလုံးကို စနစ်တကျ စုဆောင်း၍ ထည့်သည်၊

သူ ပြင်ဆင်နေပုံသည် ခရီးဝေး တစ်ခုဆီကို သွားရမည့် လူ ဘာဝ်ယောက် ပုံစံမျိုး ဖြစ်သည်၊ ဆေးအိတ်တွင် ဆေး အပြည့် ထည့်ရုံမျှမက ဆေးထံနှင့် မီးခြစ်ကိုပါ ကျကျနန ရှင်းခင်း ပြင်ဆင်သည်၊ နိုင်ငံခြားသား ခရီးသည်တစ်ဦး နံနက် စောစောစီးစီး ထ၍ တောင်တစ်လုံးကို တက်သည့် အခါ ကြိုတင် ပြင်ဆင်နေသည့် ပုံစံနှင့်လည်း တူသည်၊

နောက်ပိုင်းတွင် သူသည် အေးအေးဆေးဆေး ထိုင်၍ ဝိုင် တစ်ခွက်ကို သောက်ရင်း ညနေခင်းက ရောက်လာသည့် စာများကို ဖတ်သည်၊ အော်တို ဘာတ်ဟတ်ထံမှ စာတစ်စောင် ပါလာသဖြင့် သူ့မှာ အတိုင်းအဆမရှိ ဝမ်းသာရသည်၊

www.burmeseclassic.com

www.burmeseclassic.com



အော်တိုက သူ ခရီး ထွက်လာသည့်အခါ ယူလာသင့်သည့် ပစ္စည်းများ စာရင်းကို စေ့စေ့ စပ်စပ် ရေးထားသည်။ အိမ်ရှင် မကောင်း တစ်ယောက်နှင့် တူလှသည်ဟုပင် ထင်မိ၏။

ဗဒ္ဒရာဂူသည် စိတ်ချမ်းသာမှု အပြည့်ဖြင့် အော် တို ရေးထားသည့် ပစ္စည်း စာရင်းကို ဂရုတစိုက် ဖတ်သည်။ သိုးမွေး ခါးစည်းများနှင့် ကမ်းခြေစီး ညှပ်ဖိနပ်များက အစ စာရင်းတွင် ဖော်ပြထားသည်ကို တွေ့ရ၏။

စာရင်း အောက်ခြေတွင် အော်တိုက 'ကျွန်တဲ့ဟာတွေ ကိုတော့ ကျွန်တော် တာဝန် ယူပါတယ်၊ ၁၄ များတွေက ပြောလို့များ လှိုင်းမူးကာကွယ်ဆေးတို့ဘာတို့ကိုသွားမဝယ်နှင့်၊ အိန္ဒိယ နိုင်ငံအကြောင်း ရေးထားတဲ့ စာအုပ် စာတမ်းတွေ ကိုလည်း မဝယ်နှင့်၊ အဲဒါတွေ အားလုံးကို ကျွန်တော် တာဝန်ယူမယ်'ဟု ခဲတံဖြင့် ရေးထားလေသည်။

သူသည် လူငယ် ပန်းချီဆရာ တစ်ယောက်က သူ့ အတွက် လက်ဆောင်အဖြစ် ပေးပို့ထားသည့် ပုံဆွဲစက္ကူ အိတ်ကြီး တစ်အိတ်ကို ဖြေသည်။ သူ့အတွက် အကောင်းဆုံး စက္ကူ များကို ရွေးထုတ်သည်။ ကျန် ရွေးကျများကိုတော့ အဲလ်ဘတ်ကို ပေးမည်ဟု စိတ်ကူးသည်။ သူသည် စိတ်လို လက်ရ ဖြစ်လာ သဖြင့် စက္ကူ လက်ဆောင် ပေးခဲ့သော ပန်းချီ ဆရာထံ စာတစ်စောင် ရေးသည်။

နောက်ဆုံးကျတော့ သူသည် ပုံကြမ်း စာအုပ်ကို ထုတ်၍ ယနေ့ သူ ဆွဲလာခဲ့သည့် ပုံကြမ်းများကို ပြန်၍ လေ့လာသည်။ သူ့ အနေဖြင့် တစ်ပုံမှ စိတ်တိုင်းမကျ။ မနက်ဖြန်ကျမှ ရှုခင်းကို



သေသေ ချာချာ ထပ်ကြည့်ပြီး ထပ်၍ ဆွဲဦးမည်ဟု စိတ်ကူး သည်။ အကယ်၍ စိတ်တိုင်းကျ မဖြစ်သေးပါမူ စိတ်တိုင်းကျ မရမချင်း ထပ်တလဲလဲ ဆွဲမည်ဟု ဆုံးဖြတ်သည်။

မည်သို့ပင် ဖြစ် စေ မနက်ဖြန် ကျလျှင်တော့ ပို၍ ကြိုးစားပြီး ဆွဲမည်ဟု အားခဲသည်၊ ယခု သူ ဆွဲမည့် ပန်းချီ ကားသည် မြိုင်ခေမာကို နှုတ်ခွန်းဆက်သည့် ပန်းချီကား ဖြစ်ရပေလိမ့်မည်။ ဤ ပန်းချီကားထဲမှ ရှုခင်းသည် ဤ နယ်မြေ ဒေသမှ အလှဆုံး ဆွဲဆောင်မှုအား အကောင်းဆုံး ရှုခင်းတစ်ခု ဖြစ်ရမည်မှာ မလွဲ။ ထို့ကြောင့်လည်း ဤ ရှုခင်းကို ပုံကြမ်း ဆွဲရာ၌ ပြီးစလွယ်သုပ်၍ မဖြစ်။ အထူး သတိထား၍ လုပ်ပါမှ နောင်အခါ သူ အပူပိုင်းဒေသသို့ ရောက်သည့် အခါတွင်လည်း သဘာဝ၏ စိန်ခေါ်မှုများနှင့် ဆုံရလိမ့်ဦးမည် ဖြစ်၏။ ထို အခါ တွင် လည်း အခက်အခဲများ၊ ဆုံးရှုံးမှုများနှင့် အောင်မြင်မှုများကို သူ ရင်ဆိုင်ရဦးမည် မဟုတ်ပါလား။

သူသည် အိပ်ရာစောစောဝင်သည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ် မောကျသွားသဖြင့် ရောဘတ်က လာ၍ နှိုးခါမှပင် နိုးသည်။ ရွှင်သန်းမြူးထူးသော စိတ်ဖြင့် ဂျေကာယာ သသည်။ နံနက် ခင်း အေးမြသော လေကြောင့် တစ်ကိုယ်လုံး တုန်ယင် လျက် ရှိသဖြင့် ဘော်ဖီ မတ်ခွက်ကြီးနှင့် တစ်ခွက် သောက် လိုက်သည်။ သူ၏ ပစ္စည်းများ သယ်ပို့ပေးမည့် ရောဘတ်ကို မြန်မြန်ဆန်ဆန် လုပ်ဖို့ နှိုးဆော်သည်။

နောက် တစ်ခဏမျှအကြာတွင် သူသည် ရောဘတ်နှင့်အတူ အိမ်မှထွက်သည်။ နံနက်ခင်း၏ ခပ်ဖျော့ဖျော့ အလင်းရောင်

www.burmeseclassic.com

www.burmeseclassic.com



အောက်ရှိ မြက်ခင်းများကြားသို့ တိုးဝင်ပျောက်ကွယ် သွားသည်။ အိမ်မှ မထွက်မီကျ မိုးဖိုချောင်ထဲသို့ ခဏတစ်ဖြုတ်ဝင်ပြီး ပိုင်ရီ၏ အခြေအနေကို မေးရန် စိတ်ကူးခဲ့သေး၏။ သို့သော်လည်း အိမ်ကြီး၏ တံခါး အားလုံးမှာ ပိတ်ထားဆဲ။ မည်သူမှ မနိုးကြသေး။

ဖရာအက်ဒလီသည် ညဉ့်တစ်ဝက်မျှ ပိုင်ရီအနား၌ ထိုင်နေသည်။ ပိုင်ရီကို ကြည့်ရသည်မှာ အဖျားသွေး ဝင်နေပုံပေါ်၏။ သူသည် သားငယ်၏ မပီမသ ရေရွတ်သံများကို နားထောင်လိုက်၊ ချွေးစမ်းလိုက်၊ အိပ်ရာကို ပြင်ပေးလိုက်နှင့် ဗျာများလျက် ရှိသည်။

သူ့သားကို နှုတ်ဆက်စကားပြောပြီး နမ်းလိုက်သည့် အချိန်တွင် ပိုင်ရီသည် မျက်လုံးများကိုဖွင့်၍ အမေ၏ မျက်နှာကို တစ်ချက် လှမ်းကြည့်သည်။ သို့သော်လည်း စကားတော့ တစ်ခွန်းမျှပင် ပြန်၍ မပြောဖော်မရ။ ညကတော့ ငြိမ်ဆိတ်လျက် ရှိလေသည်။

မနက်လင်း၍ သူ့အမေ သူ့အခန်းထဲသို့ ဝင်သွားချိန်တွင် ပိုင်ရီသည် အိပ်ရာမှ နိုးနေလေပြီ။ သူက နံနက်စာ မစားချင်ဟု ဆိုသော်လည်း ရုပ်ပြစာအုပ် တစ်အုပ် ပေးဖို့တော့ တောင်းသည်။ သူ့အမေက စာအုပ်တစ်အုပ် သွားယူသည်။ ခေါင်းအုံးတစ်လုံးကို သူ့သား၏ ခေါင်းအောက်မှ ခံပေး



သည်။ ခန်းဆီးများကို ဖွင့်လိုက်ပြီး စာအုပ်ကို သူ့သားလက်ထဲသို့ ထည့်ပေးသည်။ ပေးသည့်အခါ စာအုပ်ကို သူ့သား အလွန်ကြိုက်သည့် လေဒီဆန်းပုံပါသော စာမျက်နှာကို လှန်ပေးထားသည်။

ပိုင်ရီက စာအုပ်ကို သူ့မျက်နှာနှင့် အပ်လိုက်သည်။ နံနက်ခင်း ကြည်လင်တောက်ပသော နေရောင်သည် စာအုပ်ပေါ်သို့ ကျလာသည်။ သို့သော်လည်း ချက်ချင်းလိုလိုပင် နာကျင်သော ဝေဒနာကို ခံစားရသည့် အရိပ်လက္ခဏာသည် သူ့မျက်နှာတွင် ထင်ဟပ်လာပြန်၏။

'အား နာလိုက်တာ' ဟု အော်သည်။ လက်ထဲမှ စာအုပ် လွတ်ကျသွားသည်။ သူ့အမေက စာအုပ်ကို ပြန်ကောက်ပြီး ပိုင်ရီ၏ မျက်နှာရှေ့တွင် ကိုင်ပေးထားသည်။

'သား ကြိုက်တဲ့ လေဒီဆန်းပုံလေး ကြည့်ပါဦး သားရဲ့'

ပိုင်ရီက မကြည့်။ သက်မျှားဖြင့် သူ့မျက်လုံးများကို အုပ်ထားသည်။

'မကြည့်ချင်ဘူး၊ ယူသွားပါ၊ အရောင်ကြီးက အဝါရောင်ကြီး'

ဖရောအက်ဒလီက သက်ပြင်းတစ်ချက် ချလိုက်ပြီး စာအုပ်ကို ဘေးသို့ ဖယ်လိုက်သည်။ 'ဒီကလေး ဘယ်လိုများ ဖြစ်နေပါလိမ့်'ဟု တွေးသည်။ ကျွန်ကလေး၏ စိတ်နေသဘောထားကို သူသာလျှင် အသိဆုံးဖြစ်၏။ အရင်တုန်းက ဆိုလျှင် ကျွန်ကလေး သည်လိုမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



'မမေ တစ်ခုစဉ်းစားမိတယ်' ဟု အက်ဒလီက ပြောသည်။ 'မမေ လက်ဖက်ရည်တစ်ခွက် ယူခဲ့မယ်၊ မင့်ဘာသာမင်း သကြားထည့်ပြီး ဖျော်၊ ပြီးတော့ ပေါင်မုန့်နှင့် စား'

'ကျွန်တော် မစားချင်ဘူး'

'စားကြည့်ပါလား သားရယ်၊ စားလိုက်ရင် ကောင်းမှာပါ'

ပိုင်ရီက စိတ်တိုသွားသည့် မျက်နှာထားဖြင့် သူ့အမေကို တစ်ချက် လှမ်းကြည့်သည်။

'ကျွန်တော်မှ မစားချင်တာ'

ဖရေအက်ဒလီ စိတ်ပျက်သွားသည်။ ပိုင်ရီနှင့် ဝေးရာသို့ ခေတ္တမျှ ရှောင်နေရန်အတွက် အခန်းထဲမှ ထွက်သွားသည်။ ပိုင်ရီသည် နေရောင်ကို စိုက်ကြည့်နေသည်။ နေရောင်သည် ခါတိုင်းနှင့်မတူ ကျဲကျဲတောက် ပူလွန်းလှသည် ထင်၏။

သူသည် မျက်နှာကို တစ်ဖက်သို့ လှည့်လိုက်သည်။ သူ့အတွက် စိတ်သက်သာစရာနှင့် ပျော်ရွှင်စရာများသည် ရှိမှရှိပါဦးတော့ မည်လား။

သူသည် မျက်နှာကို ခေါင်းအုံးထဲသို့ ထိုးမြှုပ်ကာ ခေါင်းအုံးစွပ်ကို ဒေါသတကြီး ကိုက်ဆွဲသည်။ သူ ငယ်ငယ်တုန်းကတည်းက စွဲလာသည့် အကျင့်တစ်ခု ဖြစ်၏။ သူ ငယ်စဉ်က အိပ်ရာထဲရောက်နေပြီး ရုတ်တရက် အိပ်မပျော်သည့် အခါများတွင် ခေါင်းအုံးစွပ်ကို ကိုက်ဝါးနေတတ်သည်။ နောက်ဆုံး ကိုက်ဝါးရင်းနှင့်ပင် အိပ်ပျော်သွားတတ်သည်။ အခုလည်း ထိုအကျင့်အတိုင်း လုပ်မိပြန်၏။



တဖြည်းဖြည်းနှင့် မူးသလိုလို ဝေသလိုလို ဖြစ်လာသည်။ စောစောကထက် နေလို့ ထိုင်လို့ ကောင်းလာသလိုလို ရှိသည်။ ထိုအခါ သူသည် ငြိမ်ငြိမ်ဆိတ်ဆိတ်ကလေး လှဲနေသည်။

နောက် တစ်နာရီခန့် အကြာတွင် သူ့အမေ ပြန်ရောက်လာသည်။

'ပိုင်ရီ၊ သား၊ သားလေး လိမ္မာလာပြီ မဟုတ်လား။ စောစောကလို မဆိုးတော့ဘူးနော်၊ သားဆိုးရင် မမေ စိတ်ထိခိုက်ရတယ် သားရဲ့'

အရင်တုန်းကတော့ ဤစကားများကို ကြားလျှင် သူ မခံနိုင်။ ပျော့သွားရသည်က များ၏။ အခုတစ်ဖန် သူ့အမေထံမှ ဤစကားများကို ကြားရပြန်ပြီ၊ သူ့အနေဖြင့် သူ့အမေကို သနားပြီး မျက်ရည်ကျလာခဲ့သည်ရှိသော်....။

သို့သော်လည်း သူသည် အခုတစ်ကြိမ်မှာတော့ သူ့အမေစကားများကို ဂရုမထားသလို နေသည်။ 'စောစောက သားဆိုးခဲ့တာ သိတယ်မဟုတ်လား' ဟု သူ့ အမေက မေးလိုက်သောအခါ ပါးစပ်ကို ရွဲ့၍ မဲ့လိုက်သည်။ အမေ၏ စကားများကို လုံးဝ အရေးမထားသည့် မျက်နှာပေးမျိုးဖြင့် ပြန်ကြည့်သည်။

ထိုအခိုက်မှာပင် ဆရာဝန် ရောက်လာသည်။

'သူ နောက်ထပ် အန်သေးသလား၊ မအန်တော့ဘူး ဟုတ်လား၊ အခုမနက် မနက်စာ ဘာစားထားသလဲ'

www.burmeseclassic.com

www.burmeseclassic.com



မေးရင်းမြန်းရင်းနှင့်ပင် ဆရာဝန်က ပိုင်ရီကို အိပ်ရာမှ ထူပေးပြီး မျက်နှာကို အသာဆွဲ၍ ပြတင်းပေါက် ဘက်သို့ လှည့်လိုက်သည်။ ပိုင်ရီ၏ မျက်နှာသည် နာကျင်သော ဝေဒနာ တစ်ခုခု ခံစားလိုက်ရသည့်နှယ် ရှုံ့သွားပြီး မျက်လုံးများကို မှိတ်လိုက်၏။ ဝေဒနာတစ်ခု ခံစားနေရသလို ဖြစ်သွားသည်။ မျက်နှာကို မြင်လိုက်ရသောအခါ ဆရာဝန် ဆတ်ခနဲ ဖြစ်သွားသည်။

'အသံတွေကြားရင်ကော ခံနိုင်ရဲ့လား' ဟု ဖရော အက်ဒလီအား နှစ်ကိုယ်ကြား လေသံဖြင့် မေးသည်။

'မခံနိုင်ဘူး' ဟု အက်ဒလီက ဖြေသည်။ 'ကျွန်မတို့ စန္ဒရား တောင် မတီးရဲဘူး၊ စန္ဒရားသံကြားရင် သူ အခြေ ပျက်ပျက် သွားတယ်'

ဆရာဝန်က ခေါင်းညိတ်လိုက်ပြီး ခန်းဆီးများကို တစ်စက်စီ ပိတ်လိုက်သည်။ ထို့နောက် ပိုင်ရီကို အိပ်ရာပေါ်မှ မ၍ ချလိုက်ပြီး နှလုံးခုန်သံကို နားထောင်သည်။ ဒူးဆစ်များကို တူငယ်လေးတစ်ခုဖြင့် ခေါက်ကြည့်သည်။

'ပြီးပါပြီ သားရေ၊ ဒီလောက်ပါပဲ' ဟု တရင်းတနှီး လေသံဖြင့် ပြောသည်။ 'မင့်ကို အန်ကယ်တို့က နောက်တစ် မနှောင့်ယှက်တော့ပါဘူး' ပြောပြောဆိုဆို သူသည် ပိုင်ရီကို ဖယ်ယုဖယယ ပွေ့ချီပြီး အိပ်ရာပေါ် တင်ပေးသည်။

'ကျွန်တော်နှင့် ခဏလောက် စကား ပြောရအောင်' ဟု ဆရာဝန်က ဖရောအက်ဒလီဘက် လှည့်၍ ပြောကာ ဧည့်ခန်း ဆီသို့ ခေါ်သွားသည်။



'ကဲ ခင်ဗျားသားအကြောင်း နည်းနည်းပါးပါး ပြောပြ ပါဦး' ဟု သူက ပြောသည်။ 'သူ့ကြည့်ရတာ သွေးလန့်နေသလို ပါပဲ၊ ကျွန်တော်တို့ သူ့ကို ဂရုစိုက်ဖို့တော့ လိုလိမ့်မယ်၊ အထူးသဖြင့် ခင်ဗျားနှင့် ကျွန်တော်က ပိုပြီး ဂရုစိုက်ရလိမ့် မယ်၊ အစာမကြေဘူးလို့ ထင်တာတော့ အလကားပဲ၊ မကြာခင် သူ အစားအသောက် ပြန်စားလာမှာပါ၊ စားတာကတော့ ကောင်းတယ်၊ သူ့အတွက် အားပြန်ဖြစ်တော့မှာ၊ ကြက်ဥ ဟင်းချိုရည်၊ နွားနို့၊ အားလုံးတည့်တယ် ကြက်ဥအနှစ်လည်း များများ စားပါစေ၊ တကယ်လို့ ကြက်ဥအနှစ်ကို ချိုချို စားချင်တယ်ဆိုရင် သကြားနှင့် ရောခေါက်ပြီး ကျွေးပါ၊ သူ့မှာ တခြား အာရုံထူးခြားတာများ တွေ့သေးသလဲ'

ထိတ်လန့်တကြား ဖြစ်နေသော ဖရော အက်ဒလီသည် ဆရာဝန်၏ ရင်းနှီးဖော်ရွေသော ဆက်ဆံမှုကြောင့် စိတ်အေး သလို ဖြစ်လာသည်။ သူ သတိထားမိသမျှကို ဆရာဝန်အား ပြောပြသည်။

သူ အတိုးရိမ်ဆုံး ဖြစ်နေသည့် အရာမှာ တခြားမဟုတ်။ ဘာကိုမှ စိတ်မဝင်စားသလို ဖြစ်နေသော ပိုင်ရီ၏ စိတ်နေ စိတ်ထား ဖြစ်၏။ သူ့သားကို ကြည့်ရသည်မှာ ဘယ်သူ့ကိုမှ မချစ်တော့သလို မခင်တော့သလို ဖြစ်နေသည်။ သူ့သား၏ အဖြစ်မှာ ဘယ်သူက ဘယ်လိုစကားမျိုးပဲ ပြောပြော ဂရု မစိုက်သလို ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



အက်ဒလီက သူ ရှိပ်ပြစာအုပ် ပေးစဉ်က ကြုံခဲ့ရသည့် အဖြစ်ကို ဆရာဝန်အား ရှင်းပြသည်၊ ဆရာဝန်က ခေါင်းတဆတ်ဆတ် ညိတ်သည်။

'သူ နေချင်သလိုသာ နေပါစေ'ဟု ပြောကာ ထိုင်ရာမှ ထသည်။ 'သူ နေမကောင်းချိန်မှာတော့ ဒီလိုပဲ နေမှာပဲ။ သည်းခံပြီးနေပါ၊ နားနားနေနေ ဖြစ်အောင် နေပါစေ။ တကယ်လို့ ခေါင်းကိုက်ရင် ရေခဲတင်ပေးပါ၊ သူနေခင်းကျရင် ခရေနွေးနှင့် ရေဝခအောင် ချိုးပေးပါ၊ ဒါဆိုရင် အိပ်ပျော်မှာပါ'

ဆရာဝန်က ပြန်ရန် ဟန်ပြင်သည်။ ဖခရာ အက်ဒလီက လှေကားအဆင်းထိ လိုက်ပို့မည် ပြုသည့်အခါ အလိုက်မခံ။ 'သူ့ကို ကာနေ့ တစ်ခုခု စားအောင်တော့ လုပ်ပေးပါ'ဟု မှာသည်။

အောက်ထပ်ရောက်၍ မီးဖိုခန်း တံခါးရှေ့မှ အဖြတ်တွင် ဆရာဝန်က ဗာရာဂုအ်၏ တမည့်နှင့် တွေ့လိုကြောင်း ထမင်းချက်အား ပြောသည်။

'ရှောဘတ်ကို သွားခေါ်စမ်း'ဟု ထမင်းချက်က အမျိုးသမီး အိမ်ခစ တစ်ဦးအား လှမ်းခိုင်းသည်၊ 'သူ စတူဒီယို ထဲမှာ ရှိလိမ့်မယ်'

'ကိစ္စမရှိဘူး၊ သွားမခေါ်နှင့်'ဟု ဆရာဝန်က တားသည်။ 'ငါ့ဘာသာငါပဲ သွားတွေ့လိုက်မယ်၊ အို လိုက်ပို့စရာလည်း မလိုပါဘူး၊ ငါ လမ်းသိပါတယ်'



ဆရာဝန်က ခပ်သုတ်သုတ်လျှောက်ကာ အပြင်သို့ ထွက်သွားသည်၊ သူ့ မျက်နှာတားသည် တစ်စုံတစ်ရာကို အလေးအနက် ထား၍ စဉ်းစားနေသည့်နှယ် တည်ငြိမ်လျက် ရှိ၏၊ သူသည် သစ်အယ်ပင်များ အောက်ရှိ လူသွားလမ်း အတိုင်း ခပ်ဖြည်းဖြည်း လျှောက်သွားလျက် ရှိလေသည်၊

ဖခရာအက်ဒလီသည် ဆရာဝန် ပြောခဲ့သမျှ စကားလုံးတိုင်းကို အလေးအနက်ပြုပြီး၊ စဉ်းစားသည်၊ သို့တစေလည်း သူ့သား အခြေအနေ မည်သို့ရှိသည်ကို အဆုံးအဖြတ် မပြုနိုင်အဲ ဖြစ်လျက်ရှိ၏။

တစ်ခုတော့ ရှိ၏၊ သူ့ အနေဖြင့် ပိုင်ရီ၏ ရောဂါဝေဒနာကို စောစောကလို အပရိကလေးက်ဟု မသတ်မှတ်တော့ပေ။ သူ့သား ခံစားနေရသည့် ရောဂါသည် ကြီးမားလိမ့်မည်ဟု ယူဆလာခဲ့ပြီ ဖြစ်၏။ ဆရာဝန်ကတော့ တည်ငြိမ်အေးဆေးလှ၏၊ ဆရာဝန်၏ အပြုအမူကို ကြည့်၍ စဉ်းစားမည်ဆိုပါမူ ဘေးအန္တရာယ်မရှိဟု ယူဆနိုင်ဖွယ်ရာ ရှိ၏။ သာမန် အားနည်းသည့် ရောဂါမျိုး ဖြစ်သဖြင့် သည်းခံပြီး ဖရုတစိုက် ပြုစုလိုက်လျှင် ပျောက်ကင်းသွားလိမ့်မည်ဟု ထင်မှတ်ဖွယ် ရှိ၏။

သူသည် စာကြည့်ခန်းသို့ဝင်၍ စန္ဒရားကို ကြည့်သည်။ အဲလ်ဘတ်တစ်ယောက် သတိမေ့ပြီး စန္ဒရား တီးလိုက်မည်ကို

www.burmeseclassic.com



စိုးရိမ်၍ ဖြစ်သည်။ ရက်ပေါင်း အတော်ကြာမျှ စန္ဒရား မတီးဘဲ နေရမည်ဆိုပါကလည်း မသင့်။ ထို့ကြောင့် စန္ဒရားကို မည်သည့် အခန်းသို့ ရွှေ့ရလျှင် ကောင်းလေမလဲဟု စဉ်းစားသည်။

သူသည် မိနစ်အနည်းငယ်မျှ ခြားခြားပြီး ပိုင်ရှီ၏ အခြေအနေကို သွားကြည့်သည်။ သွားကြည့်သည့် အခါတိုင်းလည်း တံခါးကို အသံမမြည်အောင် သတိကြီးစွာထား၍ ဖွင့်သည်။ အကယ်၍ ပိုင်ရှီ အိပ်ပျော်နေခဲ့သည်ရှိသော် လန့်နိုးသွားလိမ့်မည် မဟုတ်ပါလော။

သို့သော်လည်း သူရောက်သွားတိုင်း သူ့သားသည် နိုးနေသည်သာ ဖြစ်၏။ ရှေ့တည့်တည့်ကို စိုက်ကြည့်ပြီး တွေဝေငေးမောနေသည်သာ ဖြစ်၏။ ထို့ကြောင့်လည်း သူသည် ဝမ်းနည်းကြေကွဲစွာဖြင့် ပြန်ထွက်လာခဲ့ရသည်ချည်း ဖြစ်၏။ ဘေးအန္တရာယ် ရှိနေသည်ကို မြင်ရသည်ထက် အခုလို ပတ်ဝန်းကျင်တွင် စိတ်မဝင်စားဘဲ တွေဝေငေးမောနေသည့် အဖြစ်ကို မြင်ရခြင်းက ပို၍ စိတ်မသက်မသာ ဖြစ်ရသည်ဟုပင် ယူဆမိလေ၏။

သူတို့ သားအမိနှစ်ယောက်သည် ထူးဆန်းသော တံတိုင်းကြီးတစ်ခုက ခြားထားလိုက်သဖြင့် ကင်းကွာသွားပြီဟုလည်း စိတ်က ခံစားရသည်။ သူ့မေတ္တာသည် ဤတံတိုင်းကြီးကို ထိုးဖောက်ခြင်းငှာ မစွမ်းနိုင်။

ဆိုးရွား ယုတ်မာပြီး ရွံမုန်းစရာ ကောင်းလှသော ရန်သူသည် ချုံခို၍ တိုက်ခိုက်ရန် စောင့်ဆိုင်းလျက် ရှိ၏။ ထိုရန်သူ၏



သဘာဝနှင့် မကောင်းသော ရည်ရွယ်ချက်များကို သူ မသိ။ ထိုရန်သူအား ဆန့်ကျင်တိုက်ခိုက်နိုင်သည့် လက်နက်ကလည်း မရှိ။ သူ့သားသည် ကလေးသူငယ်များတွင် ဖြစ်ပွားတတ်သည့် ရောဂါတစ်ခုခုကြောင့် အခြေအနေ ယိုယွင်းပျက်ပြားခြင်း ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်း တည်းဟူသော ဒုက္ခဖြင့်ပင် သူသည် သူ့အခန်းထဲသို့ ခဏတစ်ဖြုတ် နားသည်။ စားပွဲပေါ်ရှိ ပန်းအိုးထဲမှ ပန်းစည်းတစ်စည်းသည် သူ၏ အမြင်အာရုံကို ဆွဲဆောင်လျက် ရှိ၏။ သူသည် မဟော်ဂနီ စားပွဲထက်သို့ ခေါင်းကို ငုံ့လိုက်သည်။ မျက်လုံးများကို စုံမှိတ်ကာ သူ့မျက်နှာကို ပန်းပွင့်များကြားသို့ ထိုးကာ တသင်းသင်း မွှေးနေသော ပန်းနံ့များကို ရှူရှိုက်သည်။

သူသည် ပန်းများကို ငုံ့၍ နမ်းနေရာမှ ကိုယ်ကို ပြန်၍ မတ်လိုက်သည့်အခါ ခေါင်းထဲတွင် ရီဝေဝေ မူးနောက်နောက်။ သူ့မျက်လုံးများသည် ပန်းများ၊ စားပွဲနှင့် အခန်းတစ်ခန်းလုံးကို လှည့်၍ ကြည့်နေမိသည်။ ဝမ်းနည်းသော စိတ်သည် သူ့ရင်ထဲ၌ လှိုင်းတံပိုး ထသည့်နှယ် ရှိသည်။ ရုတ်တရက် ချက်ချင်း သူ့စိတ်သည် ပြန်လည်၍ နိုးကြားလာသည်။ အခန်းတစ်ခန်းလုံးကို မျက်စိ ကစားမိ၏။ နံရံများတစ်လျှောက် ကြမ်းပြင်ပေါ်မှ ကော်ဇော တစ်ခုလုံး၊ ပန်းများ တင်ထားသည့် စားပွဲ၊ နာရီနှင့် ပန်းချီကားများ။ အားလုံးသည် သူ မမြင်ဖူးခဲ့သည့် အထူးအဆန်းတွေ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ စိတ်အာရုံထဲတွင် ကော်ဇောကိုလိပ်၍ ပန်းချီကားများကို ထုပ်၍ ရှိရှိသမျှ ပစ္စည်း အားလုံးကို ထုပ်ပိုး၍ မော်တော်ကား တစ်စီးပေါ်၌တင်ကာ အိမ်မရှိ လူမရှိသည့် သူ မရောက်ဖူးသေးသော ဒေသရာသစ် တစ်ခုဆီသို့ သွားနေသည်ကို မြင်ရသည်။ ထို့ပြင်လည်း တံခါးများနှင့် ပြတင်းပေါက်များ ပိတ်ထားသည့် မြိုင်ခေမာအိမ်ကြီးကိုပါ တွေ့နေရ၏။ သူ့ စိတ်တွင် အပယ်ခံ အစွန့်ပစ်ခံရ၍ ဝမ်းနည်းကြေကွဲခြင်း ဝေဒနာသည် ဖြစ်ပေါ်လာသည်။

ထိုဝေဒနာသည် အခိုက်အတန့်မျှသာ ဖြစ်၏။ တစ်ခဏမျှပေါ်လာပြီးနောက် ပျောက်သွားသည်။ သို့သော်လည်း အနာဂတ်ကာလ၏ သူ့ဘဝသည် ဖျတ်ခနဲ ပေါ်လာသည်။ မကြာမီ အိမ်ခြေရာခြေမဲ့ ဖြစ်ရတော့မည့် သူနှင့် သူ့သား အဲလ်ဘတ်၊ သူ့သား ပိုင်ရီး၊ သူ့ယောက်ျားသည် မကြာမီ သူ့အား ထားခဲ့ပြီး ရပ်ဝေးမြေခြားသို့ သွားတော့မည် မဟုတ်ပါလား။

နှစ်ပေါင်းများစွာ အချစ်မဲ့၍ နေခဲ့ရသော အဖြစ်သည် သူ့စိတ်တွင် ရာသက်ပန် ဒဏ်ရာတစ်ခုအဖြစ် ကျန်ရစ်ခဲ့ပေတော့မည်။ သူ့အနေဖြင့် သူ့သားများအတွက် အသက်ရှင်နေဖို့သာ ရှိတော့၏။ ဗာရာဂုထံမှ သူ ရရှိခံစားရလိမ့်မည်ဟု မျှော်လင့်ထားခဲ့သော သာယာလှပသည့် ဘဝကို တော့ ဘယ်သောအခါမှ ရှာဖွေတွေ့ရှိလိမ့်မည် ဟု မထင်တော့။



သို့တစေလည်း သူ၏ စိတ်ဓာတ် ကြံ့ခိုင်သော သဘာဝသည် ချက်ချင်းပင် ပြန်လည် ရှင်သန်လာသည်။ သောကနှင့် မရေရာမချား ရှိလာမည့် နေ့ရက်များသည် သူ့ဘဝ ရှေ့ခရီးတွင် တည်ရှိနေ၏။ အခုဆိုလျှင် ပိုင်ရီက နေမကောင်း။ အဲလ်ဘတ်ကလည်း မကြာမီ ကျောင်းပိတ်ရက်များ ကုန်ဆုံးတော့မည်။

မည်သို့ပင်ဖြစ်စေ ပထမဆုံး ပိုင်ရီ ပြန်လည် ကျန်းမာလာဖို့ အဲလ်ဘတ် ကျောင်းပြန်သွားဖို့နှင့် ဗာရာဂု အိန္ဒိယသို့ ရောက်သွားဖို့ လိုသည်။ ယင်းကိစ္စများ ပြီးပြတ်သွားသည့် နောက်ပိုင်းတွင် သူ ရင်ဆိုင်ရမည့် ပြဿနာများကို လေ့လာသုံးသပ်၍ သူ့ ကံကြမ္မာကို ခုခံတွန်းလှန်ရမည်။ ငိုသင့်လျှင် ငိုရမည်။ အခုလောလောဆယ်ကတော့ ဖြစ်လာမည့် အရေးများကို တွေးပူနေ၍ မဖြစ်သေး။ အချိန် မကျသေးခင် တွေးပူနေလျှင် အကျိုးရှိစရာ မမြင်။

ဖရောအက်ဒလီသည် စားပွဲပေါ်မှ ပန်းအိုးကိုယူ၍ အပြင်ဘက် ပြတင်းပေါက် ပေါင်ပေါ်သို့ တင်ထားလိုက်သည်။ သူ့ အိမ်ခန်းသို့ သွား၍ လက်ကိုင်ပဝါကို ရေမွှေးဆွတ်သည်။ နဖူးမှ ချွေးများကို သုတ်သည်။ မှန်ကြည့်ပြီး သူ့ ဆံပင်ကို ပြုပြင်သည်။ ပြီးတော့ ပိုင်ရီအတွက် စားစရာ တစ်ခုခုလုပ်ပေးရန် မီးဖိုခန်းသို့ ခြေသံ မထွက်အောင် ဖြည်းညင်းစွာ သွားသည်။

ထိုနောက် ပိုင်ရီ၏ အခန်းသို့ ဝင်၍ ပိုင်ရီ့ ကိုထွေးပြီး အသိုင်ခိုင်းသည်။ ပိုင်ရီက မထချင်ဟန် ပြနေသည်ကို သူ ဂရုမစိုက်။ မရယ် မပြုံးဘဲ တည်ငြိမ် အေးဆေးသော မျက်နှာ

www.burmeseclassic.com



ထားဖြင့် ကြက်ဥအနှစ်များကို ခွံ့ပေးသည်။ ပြီးသွားသည့်အခါ သူ့သား၏ ပါးစပ်ကို သုတ်ပေးပြီး နဖူးကို တစ်ချက် နမ်းသည်။ အိပ်ရာကို ပြန်လည် ပြုပြင် ခင်းကျင်းပေးပြီး အေးအေးဆေးဆေး အိပ်နေဖို့ မှာသည်။

အဲလ်ဘတ် လမ်းလျှောက် သွားရာမှ ပြန်ရောက်လာသည့်အခါ အပြင် ဝရန်တာသို့ ခေါ်ထုတ်သွားသည်။ 'ဇောဇော ကပဲ ဆရာဝန် တစ်ခေါက် လာသေးတယ်'ဟု သူက ပြောသည်။ 'သူက ပြောသွားတယ်၊ ပိုင်ရီရဲ့ အာရုံကြောတွေ မကောင်းဘူးတဲ့၊ ငြိမ်ငြိမ်ဆိတ်ဆိတ် ရှိဖို့ လိုတယ်တဲ့၊ မေမေ မင့်အတွက် စိတ်မကောင်းဘူး၊ မင်း အိမ်ထဲမှာ စန္ဒရားတီးလို့ မဖြစ်သေးဘူး၊ အဲသလိုဆိုတော့ သားအတွက် နည်းနည်းတော့ အနေရ ခက်သွားတာပေါ့ကွယ်၊ သား အနေနှင့် အခုလို ရာသီဥတု ကောင်းနေတုန်းမှာ တောင်ပေါ် ဒေသဘက် ဖြစ်ဖြစ် မြူးနစ်ကိုပဲ ဖြစ်ဖြစ် ခဏတစ်ဖြုတ် ခရီး ထွက်နေရင် ကောင်းများ ကောင်းမလားလို့ မေမေ စဉ်းစားမိတယ်'

'ကျေးဇူး တင်ပါတယ် မေမေရယ်၊ မေမေ ပြောသလို သွားရင်လည်း ကျွန်တော် တစ်ရက်ထက် ပိုမနေပါဘူး။ ပိုင်ရီ နေမကောင်း ဖြစ်နေတုန်း မေမေ့အနားမှာ အဖော် တစ်ယောက်မှ မရှိလို့ ဘယ်ဖြစ်မလဲ၊ ပြီးတော့လည်း ကျွန်တော် ကျောင်း သင်ခန်းစာတွေကို အခုလောက် က တည်းက ပြန် လုပ်တော့မှ ဖြစ်မှာ၊ အခုဆို ကျွန်တော် ဘာမှ မလုပ်ဘဲ လေလွင့်နေတာ ကြာပြီပဲ၊ ပိုင်ရီ မြန်မြန် ဆန်ဆန် နေကောင်း သွားဖို့ကတော့ အရေးကြီးတယ် မေမေ'



'ငါ့သား အဲလ်ဘတ်က လိမ္မာသစ်ပဲ၊ အခုအချိန်ကတော့ မေမေ့အတွက် မလွယ်တဲ့ အချိန်ပဲ သားရဲ့၊ မေမေ့ အနားမှာ မင်း ရှိနေတဲ့အတွက် မေမေ သိပ် ဝမ်းသာတာပဲ နောက်ပိုင်း ကျရင် မင့် ဖေဖေနှင့်လည်း မင်း အဆင် ပြေသွားမှာပါ၊ အဆင် ပြေအောင်လည်း နေမယ် မဟုတ်လားဟင်'

'အို ဒါပေါ့၊ သူ ကျွန်တော်တို့နှင့် ဝေးရာကို သွားတော့မယ် ဆိုကတည်းက ကျွန်တော် အဆင်ပြေအောင် နေဖို့ စိတ်ကူးထားပါတယ်၊ ကျွန်တော် သူနှင့် တွေ့ရတာကလည်း နည်းပါတယ် လေ၊ သူကလည်း တစ်နေ့လုံး ပန်းချီ ဆွဲနေတာ မဟုတ်လား၊ တစ်ခါတလေ ကျတော့လည်း ကျွန်တော်ဟာ သူ့ အတွက် စိတ်ပျက်စရာ ကောင်းတဲ့ လူတစ်ယောက် ဖြစ်နေတဲ့အတွက် စိတ်မကောင်း ဖြစ်မိပါတယ်၊ ဒါပေမယ့် မေမေရာ၊ သူကလည်း ကျွန်တော့်ကို စိတ် ဆင်းရဲအောင် လုပ်ခဲ့တာပဲ မဟုတ်လား။

'ဒါပေမယ့် သူနှင့် ပတ်သက်လို့ သူ့ အပေါ် ကျွန်တော် သဘော ကျစရာလေးတော့ ရှိပါတယ်၊ သူဟာ တစ်ဖက် သတ်တော့ သိပ် ဆန်တာပဲ မေမေရ၊ ဂီတနှင့် ပတ်သက်လို့ ကတော့ သူ ဘာမှ များများစားစား မသိဘူး၊ ဒါပေမယ့် သူဟာ နာမည်ကြီး ပန်းချီဆရာ တစ်ယောက်ပါ၊ ဘဝ တစ်သက်တာ ခအောင်မြင် ကျော်ကြားမှုကတော့ ရှိသွားမှာပါ၊ ဒါတစ်ခုတိုတော့ ကျွန်တော် သိပ်သဘောကျတယ်၊ သူ့ ကျော်ကြားမှုထဲမှာ သူ ဘာမှ မရပါဘူး၊ ပြီးတော့ သူ့ ငွေထဲ ကလည်း သူ များများစားစား မခံစားရပါဘူး၊ ဒါကတော့

www.burmeseclassic.com



သူ အလုပ် လုပ်နေတာကိုက ဒါတွေ ခံစားချင်လို့ မှ မဟုတ်တာဘဲ'

အဲလိဘတ်က စကားကို ဆက်မပြောသေးဘဲ မျက်မှောင်ကုတ်လျှ ပြောစရာ စကားလုံးများကို စဉ်းစား ကြံဆနေသည်။ သို့သော်လည်း သူ့ အဖေနှင့် ပတ်သက်၍ တိကျပြတ်သားသော ခံစားမှု တစ်ခု သူ့ ရင်ထဲတွင် ရှိနေပါလျက်နှင့် ပြောမပြခြင်းငှာ မစွမ်းနိုင် ဖြစ်နေသည်။ သူ့ အမေက သူ့ကို ကြည့်၍ ပြုံးကာ သူ့ ဆံပင်များကို လက်တစ်ဖက်ဖြင့် လှမ်းကိုင်ပြီး အသာအယာ ပွတ်ပေးသည်။

'မေမေတို့ ပြင်သစ်ဘာသာ သင်ခန်းစာကို ကနေ့ည အတူတူ ဖတ်ကြမယ်နော်'

အဲလိဘတ်က ခေါင်းညိတ်သည်။ ထို့နောက် ပြုံးသည်။ ထိုတဒင်္ဂ အတွင်းမှာပင် မကြာသေးမီကမှ သူ့သားများအတွက် အသက် ရှင်နေဖို့ထက် ကံကြမ္မာ ကောင်းလာရေး တစ်ခုတည်းကိုသာ မျှော်လင့် စောင့်စား အသက် ရှင်နေဖို့ အလေးပေး စဉ်းစားခဲ့မိခြင်း၏ အဓိပ္ပာယ် ကင်းမဲ့မှုကို သူ ကောင်းစွာ နားလည် သဘော ပေါက်သွားလေသည်။

## ၁၅

မွန်းမတည့်မီ အချိန်ပိုင်း ကလေးတွင် ရောဘတ်သည် ပန်းချီဆွဲ ပစ္စည်း ကိရိယာများကို သယ်ယူပေးရန်အတွက် တောအုပ် အစပ်ရှိ သူ့ ဆရာထံ ရောက်လာသည်။ ဗာရာဂူကတော့ သူ ဆွဲမည့် ပန်းချီကားအတွက် ရှုခင်းကို စနစ်တကျ လေ့လာပြီး နေပြီ ဖြစ်၏။ ဤ ရှုခင်း ပန်းချီ ကားကို ရေးဆွဲရာ၌ မည်ကဲ့သို့ ရေးဆွဲလျှင် အကောင်းဆုံး ဖြစ်မည်ကို တိတိကျကျ သိထားပြီ ဖြစ်၏။ ရက် အနည်းငယ်အတွင်း ဤ ပန်းချီကားကို ထိရောက် အောင်မြင်စွာ ဆွဲနိုင်တော့မည် ဟူသော ယုံကြည်ချက်လည်း အပြည့်အဝ ရရှိထားပြီး ဖြစ်လေသည်။

'မနက်ဖြန်ကျရင် တို့ နောက်တစ်ခေါက် ထပ်လာကြတာပေါ့'

ဗာရာဂူက မောပန်း နွမ်းနယ်နေသော မျက်လုံးများဖြင့် တလက်လက် တောက်ပနေသည့် မွန်းတည့် နေရောင်ကို မျက်မှောင် ပုတ်ခတ်ပုတ်ခတ် လုပ်၍ကြည့်ကာ ရွှင်လန်း တက်ကြွစွာဖြင့် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ရောဘတ်က သူ့ဂျက်ကက်အင်္ကျီ ကြယ်သီးများကိုဖြုတ်၍ အတွင်း အိတ်ကပ်ထဲမှ စာရွက်တစ်ရွက်ကို ထုတ်ယူသည်။ လိပ်စာ တပ်မထားသော ကြေမွနေသည့် စာအိတ်တစ်လုံး ဖြစ်၏။

'ဆရာ့စာ ခင်ဗျ'

'ဘယ်သူ့ ဆီကလဲ'

'ဆရာဝန်ဆီကပါ။ ကနေ့မနက် ဆယ်နာရီက သူ ဆရာ့ကို လာရှာတယ်၊ ဒါပေမယ့် ကျွန်တော်က ဆရာ အလုပ်လုပ်နေလို့ ခေါ်မပေးနိုင်ဘူးလို့ ပြောလိုက်တယ်'

'အေးပေါ့၊ မင်းလုပ်တာ အမှန်ပဲ၊ ကဲ မင်း ရှေ့ကသွားနှင့်'

ရောဘတ်သည် ကျောပိုးအိတ် ခေါက် ကုလားထိုင်နှင့် သုံးချောင်းထောက်စင်များကို ထမ်းကာ ရှေ့မှ ထွက်သွားသည်။ ဗာရာဂုက နောက်တွင် ချန်နေရစ်ခဲ့သည်။ သတင်းဆိုးများ ဖြစ်လေမလား ဟူသော သံသယဖြင့် စာအိတ်ကို ဖွင့်သည်။ ဆရာဝန်က သူ၏ လိပ်စာ ကတ်ပြားကလေးပေါ်၌ ခဲတံဖြင့် အရေးတကြီး ရေးလိုက်သည့် စာဖြစ်၏။

'မွန်းလွဲပိုင်း ကျွန်တော်နှင့် လာတွေ့ပါ၊ ပိုင်ရီအကြောင်း ပြောပြချင်ပါတယ်၊ သူ အခု နည်းနည်းပါးပါး နေထိုင်မကောင်း ဖြစ်နေတဲ့ကိစ္စကို ခင်ဗျားမိန်းမနှင့် ပြောလို့ မသင့်ဘူး ထင်တယ်၊ ခင်ဗျားကလည်း ကျွန်တော်နှင့် တွေ့ပြီး စကား မပြောရသေးခင်မှာ အစိုးရိမ်မရှိ လျှောက်တွေးပြီး သောက ရောက်မနေပါနှင့်'



သူ့စိတ်ကို ချောက်ချားအောင် လုပ်နေသည့် စိုးရိမ်ထိတ်လန့်မှုကို မနည်း အားတင်း၍ တွန်းလှန်နေရသည်။ သူ့ကိုယ်သူ စိတ်တည်ငြိမ်နိုင်သမျှ တည်ငြိမ်အောင် ကြိုးစားကာ စာကို နောက်တစ်ကြိမ် ပြန်ဖတ်သည်။ 'အခု သူ နေထိုင်မကောင်း ဖြစ်နေတဲ့ ကိစ္စကို ခင်ဗျားမိန်းမနှင့် ပြောဖို့ မသင့်ဘူးထင်တယ်' ဟူသော စာပိုဒ်သည် သူ့အတွက် ရင်လေးစရာ စာပိုဒ်ဖြစ်၏။ ထိုစာပိုဒ်သည် ရန်သူပင် ဖြစ်ချေသည်။

သူ့မိန်းမသည် အလွန် နုနယ်သူ ဖြစ်ရာ စိတ်နှလုံး မသာယာဖွယ် ကောင်းသော ကိစ္စများကို အသိပေး၍ မဖြစ်။ ဤကိစ္စသည် ဆိုးရွားသော ကိစ္စတစ်ခု၊ ဘေးအန္တရာယ်များသော ကိစ္စတစ်ခု ဖြစ်၏။ ပိုင်ရီသည် အသက်ပင် ဆုံးရှုံးကောင်း ဆုံးရှုံးဖွယ်ရာ ရှိ၏။

ဆရာဝန်၏ စာတွင် ရေးထားသည့် 'နည်းနည်းပါးပါး နေထိုင်မကောင်း ဖြစ်နေတာ' ဟူသော စာသားကတော့ အန္တရာယ် မရှိကြောင်းကို ဖော်ပြနေသည်ဟု ထင်၏။ ပြီးတော့ 'အစိုးရိမ်မရှိ လျှောက်တွေးပြီး' ဟူသော စာသားတစ်ခု ပါသည်။ ထိုစာသားအရ ဆိုလျှင်လည်း အခြေအနေ မဆိုးဟု တွက်နိုင်၏။

ကလေး တစ်ယောက်တွင် ဖြစ်တတ်သည့် ကူးစက်တတ်သော ရောဂါတစ်ခုခု ရှိနေသဖြင့် ပိုင်ရီအား ဆေးရုံတင်ရန် သို့မဟုတ် အခြား အိမ်သူအိမ်သားများနှင့် ခွဲခြားထားရန် ပြောလို၍ ဤစာကို ရေးလိုက်ခြင်းကော မဖြစ်နိုင်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



ရောက်တတ်ရာရာ တွေးရင်းနှင့်ပင် သူ့စိတ်သည် ပြန်၍ တည်ငြိမ် အေးဆေးလာသည်။ သူသည် တောင်ကုန်းပေါ်မှ ဆင်းကာ နေပူကျဲကျဲ အောက်မှ လယ်ကွင်းများကို ဖြတ်၍ အိမ်ဘက်သို့ ခပ်ဖြည်းဖြည်း လျှောက်လာခဲ့သည်။ မည်သို့ပင် ဖြစ်စေ သူကတော့ ဆရာဝန် ခိုင်းသည့်အတိုင်း လုပ်ပေးမည်။ သူ့မိန်းမအား အသိ မပေးသင့်သည်များကို မသိစေရဟု ဆုံးဖြတ်သည်။

သို့သော်လည်း အိမ်ပြန်ရောက်သည့် အခါ စိတ်က မရှည်နိုင်အောင် ဖြစ်လာသည်။ သူ့မန်းချီကားကိုသိမ်းဖို့ လက်တွေ့ ရေဆေးဖို့ပင် မလုပ်နိုင်တော့ဘဲ အိမ်ကြီး ဆီသို့ အပြေး အလွှား သွားသည်။ သူ့လက်ထဲမှ ဆေးပင် မခြောက်သေးသော ပန်းချီကားချပ်ကို လှေကားထိပ်မှ နံရံတွင် မှီ၍ ထောင်ထားလိုက်ပြီး ပိုင်ရီ၏ အိပ်ခန်းထဲသို့ ဝင်ခဲ့သည်။ သူ့မိန်းမသည် အခန်းထဲ၌ ရှိနေ၏။

သူသည် ပိုင်ရီ၏ ဆံစများကို ငုံ့၍ နမ်းလိုက်သည်။

'မင်္ဂလာ နံနက်ပါ ပိုင်ရီ၊ သား နေကောင်းရဲ့လား၊ ဘယ်လို နေသေးသလဲ'

ပိုင်ရီက ပြုံးသည်။ သူ့အပြုံးမှာ အားမရှိသည့် အပြုံး။ ထို့နောက် နှာခေါင်းဖြင့် အနံ့ ရှူကြည့်နေရာမှ ဖြုန်းခနဲ အော်ပြောသည်။

'မလာနှင့်၊ ကျွန်တော့်နားကို မလာနှင့်၊ ကျွန်တော် အနံ့ မခံနိုင်ဘူး'

ဗာရာဂူက နောက်သို့ ဆုတ်ခွာပြီး ရပ်လိုက်သည်။



'ထင်းရှူးဆီနံ့ပါ သားရဲ့၊ မင်းမေမေက မင့်အတွက် စိတ်ပူပြီး မင်းဆီ လာချင်လွန်း အားကြီးတာနှင့် မဆေးကြော မသုတ်သင်ဘဲ ရောက်လာလို့ပါ၊ အခု ပြန်ပြီး ဆေးမယ်၊ အဝတ်အစား လဲမယ်၊ ပြီးရင် ပြန်လာခဲ့မယ်၊ ဟုတ်လား'

သူသည် သူ့ပန်းချီကားချပ်ကို ဆွဲကာ အိမ်ထဲမှ ပြန်ထွက်လာခဲ့သည်။ သူ့သား၏ စိတ်ထိခိုက် ကြေကွဲဖွယ် ကောင်းသော အော်သံကို သူ့နားများမှာ ကြားနေဆဲ။

စားပွဲ၌ ထိုင်မိသောအခါ ဆရာဝန် ဘာတွေ ပြောသွားသည်ကို မေးသည်။ ပိုင်ရီ အစာစားကြောင်း နောက်ထပ် မအန်တော့ကြောင်း ကြားရသဖြင့် ဝမ်းသာအားရ ဖြစ်သည်။ ဤကြားထဲမှပင် စိုးရိမ်စိတ်က ဝင်လာဆဲ၊ အဲလ်ဘတ်နှင့် စကားပြောနေရသည့် အတွက်လည်း စိတ်ထဲက မသက်သာ။

နေ့လယ်စာ စားအပြီးတွင် သူသည် ပိုင်ရီ၏ အနီး၌ နာရီဝက်ခန့် ထိုင်ခဲ့သည်။ ပိုင်ရီကတော့ အိပ်ရာထက်တွင် ငြိမ်ဆိတ်စွာ လဲလျောင်းနေသည်။ တစ်ခါ တစ်ရံတွင် တစ်စုံတစ်ခုသော နာကျင်မှု ဝေဒနာကို ခံစား နေရသည့်နှယ် နဖူးကြောများ ရှုံ့သည်။

ဗာရာဂူသည် သူ့သား၏ သေးသွယ်ပါးလျသော ပါးစပ်ကို စေ့စေ့စပ်စပ် ကြည့်၍ အကဲခတ်သည်။ ပါးစပ်သည် ပင်ပန်း နွမ်းလျခြင်းကို ထင်ရှားစွာ ဖော်ပြလျက် ရှိသည်။ လှပသော နဖူးပြင် တွင်လည်း အတွန့်ကလေး တစ်ခု အကြောင်းလိုက် မှုန်ဝါးဝါး ပေါ်လျက် ရှိ၏။ နေ့ထိုင်

www.burmeseclassic.com



မကောင်း၍ ထင်လာသော အရေးအကြောင်း ဖြစ်၍ ပိုင်ရီ နေကောင်းသွားသည့်အခါ ပျောက်သွားလိမ့်မည် ဖြစ်သည်။

ဘယ်လိုပဲဖြစ်ဖြစ် ဤကလေး ပြန်လည် ကျန်းမာလာဖို့ကတော့ လိုသည်။ သူ့အနေဖြင့် ရပ်ဝေးနယ်ခြားသို့ သွားရမည့် ကိစ္စနှင့် သားငယ်အား ခွဲခွာသွားရမည့် ကိစ္စများအတွက် စိတ်ထဲက ခံစားနေရသည့် တိုင်အောင် ဤကလေး ကျန်းမာလာဖို့ကတော့ အရေးတကြီး ပြုရမည့်ကိစ္စ ဖြစ်သည်။ ဖခင်အနေဖြင့် သူ့သားနှင့် နောက်ထပ် ပြန်လည်တွေ့ဆုံခြင်း မပြုတော့ဟု ဆုံးဖြတ်ကာ ဝေးရာအရပ်သို့ ထွက်ခွာသွားရသည့် တိုင်အောင် သူ့မျက်ကွယ်၌ ရှိနေမည့် သူ့သားကိုတော့ ကလေးတို့ သဘာဝအတိုင်း သာယာပျော်ရွှင်စွာ ကြီးပြင်းစေလိုပါ၏။

ပိုင်ရီ၏ဘေး၌ ထိုင်နေခိုက်တွင် ဗာရာဂုသည် လွန်ခဲ့ပြီးသော ကာလများအတွင်းက သူ ခံစားခဲ့ရသမျှ ဒုက္ခများကို ပြန်၍ ဆင်ခြင်စဉ်းစားသည်။ သူ့ နှုတ်ခမ်းများ တုန်ယင် လှုပ်ရှားလာကြသည်။ သူ့ နှလုံးသားသည် နာကျင်လာရသည်။

ဤခံစားမှုများ၏ အောက်ခြေတွင်မူ သူ၏ ဆုံးဖြတ်ချက်သည် ရှိနေ၏။ ထိုဆုံးဖြတ်ချက်သည် ခိုင်မာ ပြတ်သားပြီးမည်သည့်အရာကမှ ဖျက်ဆီးချေမှုန်း၍ ရတော့မည် မဟုတ်။ မည်သည့် ဝေဒနာနှင့် မည်သည့် ခံစားမှုကမှ ထိုဆုံးဖြတ်ချက်ကို လှုပ်ရှား ယိမ်းယိုင်သွားအောင် ပြုနိုင်တော့မည် မဟုတ်။



သို့သော်လည်း သူ့အနေဖြင့် ယခု ရင်ဆိုင် နေရသည့် နောက်ဆုံး အခန်းကဏ္ဍကိုတော့ ဖြတ်သန်းရမည့် ဝတ္တရားက ရှိလာပြန်သည်။ ဤအခန်းကဏ္ဍ၌ ကြုံတွေ့ရမည့် ဆင်းရဲဒုက္ခကို ရှောင်လွှဲလို၍ ရမည်မဟုတ်။ ဤရက်ပိုင်း အနည်းငယ်မျှအတွင်းတွင် သူ့ဘဝ ခရီးလမ်းကြောင်းသည် ဤအမှောင်ထုဖုံးနေသော တံခါးကိုတော့ မလွှဲသာ မရှောင်သာ ဖြတ်သွားရဦးတော့မည် ဖြစ်၏။

အကယ်၍ သူသည် သူရဲဘောနည်းသူ ဖြစ်ခဲ့ပါမူ သို့တည်းမဟုတ် စိတ်၏ ဆင်းရဲခြင်း တည်းဟူသော ဝေဒနာကို မခံစားလို၍ ရှောင်ပြေးလိုခဲ့ပါမူ သူ နှစ်ပေါင်းများစွာ တောင့်တနေခဲ့သော သန့်စင်မှန်မြတ်သည့် လွတ်လပ်မှုကို ဘယ်တော့မှရရှိခံစားရလိမ့်မည် မဟုတ်။ အကယ်တော့ သူသည် ထိုလွတ်လပ်မှုကို ရသို့သဖြင့် ဒုက္ခအမျိုးမျိုးကို စိတ်ပါလက်ပါဖြင့် ခံစားခဲ့ရသည် မဟုတ်ပါလော။

လောလောဆယ် အရေးအကြီးဆုံး ကိစ္စမှာ သူကိုယ်တိုင် ဆရာဝန်နှင့်တွေ့၍ စကားပြော ရန် ဖြစ်သည်။ သူသည် မတ်တတ်ရပ်လိုက်ပြီး ပိုင်ရီဘက်လှည့်၍ ခေါင်းတစ်ချက် ညိတ်လိုက်ကာ အခန်းထဲမှ ထွက်လာခဲ့၏။ ဒဲလ်ဘတ်အား ပို၍ခိုင်းရလျှင် ပို၍ အဆင်ပြေလိမ့်မည်ဟူသော စိတ်ကူးသည် ဖျတ်ခနဲ ဝင်လာသည်။ ဒဲလ်ဘတ် ရောက်ကတည်းက တစ်ခါမှ မရောက်ဖူးခဲ့သော ဒဲလ်ဘတ်၏ အခန်းဝသို့ သူ ပထမဆုံး အကြိမ် ရောက်သွားသည်။ တံခါးကို ခပ်ဖြည်းဖြည်း ခေါက်၍ အသံပြုလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝင်ခဲ့လေ'

ပြတင်းပေါက်နား၌ ထိုင်၍ စာဖတ်နေသော အဲလ်ဘတ်သည် အံ့ဩခြင်းကြီးစွာဖြင့် ခုန်၍ထလိုက်ပြီး သူ့အဖေဆီသို့ သွားသည်။

'ဖေဖေ မင်းကို ခိုင်းချင်တာလေးတစ်ခု ရှိနေလို့၊ ဖေဖေ့ကို မြင်းရထားနှင့် မြို့ထဲ လိုက်ပို့ပေးပါလား၊ အေး ဟုတ်ပြီ၊ မင်း မြင်းရထားကို သွားပြင်နှင့်ပါလား၊ ဖေဖေ အရေးကြီးလို့၊ စီးကရက် သောက်ပါလား'

'သောက်တာပေါ့၊ ကျေးဇူးပဲ၊ ကျွန်တော် အခုပဲ သွားပြီး မြင်းရထားကို ပြင်ထားလိုက်မယ်'

ချက်ချင်းလိုလိုပင် သူတို့သားအဖသည် မြင်းရသားပေါ် ရောက်သွားကြသည်။ အဲလ်ဘတ်က ရှေ့ထိုင်ခုံတွင် ထိုင်ကာ မြင်းရထားကို မောင်းသည်။ မြို့ထဲမှ လမ်းတစ်လမ်းထောင့်ကို အရောက်တွင် ဗာရာဂူက မြင်းရထားကို ရပ်ခိုင်းပြီး အောက်သို့ဆင်းသည်။

'ကျေးဇူး တင်တယ် အဲလ်ဘတ်၊ မင်း မြင်းရထား ကောင်းကောင်း မောင်းတတ်နေပြီပဲ၊ ဒီကောင်တွေကို မင်း ကောင်းကောင်းနိုင်နေပြီ၊ ကဲ ဖေဖေသွားမယ်၊ ဖေဖေ အိမ်ကို လမ်းလျှောက်ပြီး ပြန်ခဲ့မယ်'

ဗာရာဂူသည် မှုလောင်လှသော မြို့တွင်းလမ်း တစ်လျှောက် ခပ်သုတ်သုတ်လျှောက်သည်။ ဆရာဝန်သည် ငြိမ်ဆိတ်သော လူကုံထံရပ်ကွက် တစ်ခု အတွင်း၌ နေသည်။ အခုလိုအချိန်မျိုး



တွင် အပြင်ထွက်သူ နည်းသဖြင့် လမ်းပေါ်တွင်လူသူလေးပါး မမြင်ရ။

လမ်းများကို ရေဖျန်းနေသော ရေစည်လှည်း တစ်စီးသည် ပျင်းရိလေးတွဲစွာ မောင်းသွားလျက်ရှိ၏။ ကလေးနှစ်ယောက်သည် လှည်းနောက်မှ ပြေးလိုက်ကာ လှည်းနောက်ရှိ ရေပန်းကရားမှ တဖွားဖွားကျနေသော ရေများကို လက်များဖြင့် ထိုးခံလိုက်၊ တစ်ယောက်ကို တစ်ယောက် ပက်ကစားလိုက်လုပ်ကာ ရယ်မောပျော်မြူး နေကြသည်၊ အနီးရှိ အိမ်တစ်အိမ်၏ ပြတင်းပေါက်မှ အတီးလေ့ကျင့်နေသော စန္ဒရားသံသည် အပြင်သို့ ထွက်လာနေသည်။

ဗာရာဂူ၏ ရင်ထဲတွင် တိတ်ဆိတ် ငြိမ်သက်လွန်းသော မြို့တွင်းလမ်းများကို မနှစ်မြို့ခြင်းသည် အစဉ်သဖြင့် ရှိခဲ့၏။ အထူးသဖြင့် အခုလို နွေရာသီဆိုလျှင် မနှစ်မြို့သည့် စိတ်သည် ပို၍ ဖြစ်တတ်၏။ ဤလမ်းများသည် သူ၏ အတိတ်က လူငယ်ဘဝကို ပြန်၍ သတိရစေသည်။

ထိုစဉ်က သူသည် ဤလမ်းမျိုး အတွင်းရှိ ဈေးပေါပေါ အခန်းများထဲ၌ နေခဲ့ရဖူး၏။ ဤအခန်း များသည် စကြံ့လမ်းများဘက် မျက်နှာပြုထားသည် ဖြစ်ရာ ဟင်းနံ့များ ကော်ဖီနံ့များဖြင့် တလှိုင်လှိုင် ဖြစ်နေတတ်၏။ အခန်းအားပိုးသည် နောက်ဘက်၌ အထပ်ခိုးများ ဖွဲ့ထားသည် ဖြစ်ရာ ယင်းအထပ်ခိုး ပြတင်းပေါက်များမှ နေ၍ ကြည့်လိုက်လျှင် သိပ်ပြီး သာသာယာယာ မရှိလှသော ဝန်းဥယျာဉ်ငယ် ကလေးများကို မြင်တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်အိမ်၏ ရှေ့မျက်နှာစာ အခန်းကလေး ထဲတွင် ရွှေပေါင်တယ် ခါတ်ပုံ ဓန်းချီကားများ ချိတ်ဆွဲ ထားသည်။ သူ ဝင်သွားသည့်အခါ ဆေးနံ့များက ဆီးကြို နှုတ်ဆက်နေသည်။ အဖြူရောင် ခါးစည်း ကလေး နှင့် မိန်းမပျို တစ်ယောက်က သူ့အား ဆီးကြိုပြီး သူ့လက်ထဲမှ လိပ်စာ ကတ်ပြားကလေးကို ယူသည်။ မိန်းမပျိုက ရှေးဦး စွာ သူ့အား အမျိုးသမီး အမျိုးအမြွားနှင့် ငြိမ်ငြိမ်ကလေး ထိုင်ပြီး မဂ္ဂဇင်းမောက်ကို စိတ်ကြည့်နေသော လူငယ်တစ်ဦးရှိရာ ဧည့်ခန်းထဲသို့ ခေါ်သွားသည်။

ဗာရောဂူက မစောင့်ချင်သဖြင့် မိန်းမပျိုက သူ့အား အခြားအခန်း တစ်ခန်းသို့ ပို့ပေးသည်။ အခန်းထဲတွင် မနေရ မရောက်နိုင်လောက်အောင် များပြားလှသော ဆေးပညာ ကျမ်းနယ်များ အပုံလိုက် ရှိနေကြ၏။ အခန်း ပတ်ပတ်လည်ကို ပြီးစီးအောင် မကြည့်ရသေးခင်မှာပင် မိန်းမပျိုသည် ပြန် ရောက်လာပြီး သူ့အား ဆရာဝန် အခန်းသို့ ပို့ပေးလေသည်။

အခန်းထဲ ရောက်သွားသည့်အခါ ဗာရောဂူသည် သပ်ရပ် သန့်ရှင်းလှသော ပတ်ဝန်းကျင် အတွင်းရှိ လက်တင်ကုလားထိုင် တစ်လုံးပေါ်၌ ထိုင်ရသည်။ သူ့ရှေ့ရှိ စားပွဲတစ်ဖက် မျက်နှာချင်းဆိုင် ကုလားထိုင်တွင်မှ ဆရာဝန်သည် ထိုင်လျက် ရှိ၏။ မျက်နှာကြက် ခပ်မြင့်မြင့် လုပ်ထားသော အခန်းထဲတွင် စားပွဲထင် နာရီ နှိုးစက်သံမှ တစ်ပါး အခြား ဘာသံမှ မကြားရ။



'ကျွန်တော်တော့ မိတ်ဆွေကြီးရဲ့သားအတွက် သိပ်ပြီး အားမရဘူး။ ခင်ဗျားအနေနှင့် ခင်ဗျားရဲ့သားမှာ ခေါင်းကိုက်တာတို့ မောပန်း နွမ်းနယ်တာတို့ အစားချင်စိတ် မရှိတာတို့ စတဲ့ သာမန် အနေအထား မဟုတ်တဲ့ အဖြစ်မျိုးတွေကို မမြင်ဖူး ခဲ့ဖူးဘူး မဟုတ်လား။ အခု မြင်ဖူးတာ ကာလည်းမကြာသေးခင် ကမှ မဟုတ်လား။ သူ့ အနေနှင့် အချို့ ထိခိုက် လှုပ်ရှား လွယ်တာ ကြာပြီလားအထူးသဖြင့် အာသီနှင့် အလင်းရောင်ကို၊ ပြီးတော့ အနံ့တွေကို၊ ဩော် ဟုတ်လား၊ ခင်ဗျားရဲ့ စတူဒီယို ထဲက အနံ့ကို သူမကြိုက်ဘူး၊ ဟုတ်လား'

ဆရာဝန်က မေးခွန်းပေါင်း အမြောက်အမြားကို မေးရှိ ဗာရောဂူက ဖြေသည်။ ရိုးရိုးသောကြောင့် ထူပူနေသော်လည်း မေးသမျှကိုတော့ သတိကြီးစွာထား၍ ဂရုတစိုက် ဖြေသည်။ စိတ်ထဲကလည်း ဆရာဝန်၏ ယဉ်ကျေး သိမ်မွေ့သော ဆက်ဆံ မှုနှင့် တိကျ ခြတ်သားသော ပြောဟန် ဆိုဟန်များကို ကျိတ်၍ ချီးကျူးနေမိ၏။

ထို့နောက် မေးခွန်းများသည် တစ်ခုချင်း ဖြည်းဖြည်းချင်း မေးလာသည်။ နောက်ဆုံးတွင် ဓာတ်ဆိတ်သွားသည်။ ငြိမ်သက် ခြင်းသည့် မင်းမှုလျက် ရှိ၏။ ယင်း ငြိမ်သက်မှုကို နာရီစက်သံ ကသာ ထိုးဖောက်လျက် ရှိလေသည်။

ဗာရောဂူသည် သူ့ နဖူးမှ ချွေးသီး ချွေးပေါက်များကို သုတ်သည်။ အမှန်အတိုင်း သိရဖို့ အချိန် ကျလာပြီဟု သူ့ စိတ်ထဲက သိနေသည်။ ဆရာဝန်၏ ငြိမ်ဆိတ်မှုသည် သူ့ အသိကို

www.burmeseclassic.com

www.burmeseclassic.com



နိုင်မာစေသည်။ သူ့ရင်သည် တဒိတ်ဒိတ် ခုန်လျက် ရှိ၏။ ကြောက်လန့်ခြင်းသည် သူ့စိတ်ကို ချုပ်ဖမ်းထားလေပြီ။ သူ့လည်ချောင်းသည် တစ်ဆို့ဆို့ ဖြစ်နေသည်။ နောက်ဆုံးတွင် ရုတ်တရက် အသံ ထွက်လာသည်။

'အခြေအနေက ဆိုးပါသလား'

ဆရာဝန်က မျက်နှာကို မော့လိုက်ပြီး ဗာရာဂုကို တစ်ချက်မျှ လှမ်းကြည့်ကာ ခေါင်းညိတ်သည်။

'ဟုတ်တယ်၊ ကျွန်တော် ပြောရမှာတော့ စိတ်မကောင်းဘူး၊ အခြေအနေက ဆိုးပါတယ် ဟာ ဗာရာဂု'

ဆရာဝန်သည် သူ့အကြည့်ကို လွှဲဖယ်ခြင်း မပြု၊ ဗာရာဂုကို စိုက်ကြည့်ကာ အခြေအနေကို စောင့်ကြည့်နေသည်။ ဗာရာဂု၏ မျက်နှာသည် ဖြူရော်ရော် ဖြစ်သွားပြီး လက်နှစ်ဖက်သည် အရုပ်ကြိုးပြတ်သည့်နှယ် ဘေးတစ်ဖက် တစ်ချက်ကို ကျသွားသည်။

ဆရာဝန်သည် ဗာရာဂု၏ နှုတ်ခမ်းများ တုန်ယင် လှုပ်ရှားနေသည်ကို လည်းကောင်း၊ မျက်ခွံများက မျက်လုံးများပေါ် ဖုံးအုပ် သွားသည်ကို လည်းကောင်း မြင်လိုက်ရ၏။ ထို့နောက် ဗာရာဂု၏ ပါးစပ် တင်းကျပ်စွာ စေ့သွားသည်ကို လည်းကောင်း၊ မျက်လုံးများ အရောင် တလက်လက် ဖြစ်လာသည်ကို လည်းကောင်း မြင်ရသည်။ သူ ပြောသမျှ ဗာရာဂုက နားထောင်ဖို့ အဆင်သင့် ဖြစ်သွားသည် ကိုလည်း သူ သတိထားလိုက်မိလေသည်။



'ဘာရောဂါလဲ ဒေါက်တာ၊ ကျွန်တော့်ကိုတော့ ဖုံးဖိရာ မလိုပါဘူး၊ ပိုင်ရီ အသက် သေသည်အထိ ဖြစ်လိမ့်မယ်လို့တော့ ဒေါက်တာ မထင်ဘူး မဟုတ်လား'

ဆရာဝန်သည် သူ့ ကုလားထိုင်ကို ရှေ့သို့ အနည်းငယ် ရွှေ့လိုက်သည်။ သူသည် စကားကို အလွန် ညင်သာစွာ ပြောသည်။ သို့သော်လည်း ပြောပုံမှာ တိကျ ပြတ်သားသည်။

'အဲဒီ မေးခွန်းဟာ ဘယ်သူမှ မဖြေနိုင်တဲ့ မေးခွန်း တစ်ခုပဲ၊ ဒါပေမယ့် ကျွန်တော် သိပ်ပြီး လှည့်ပတ်ပြောရာ အကြောင်း မရှိပါဘူး၊ ခင်ဗျား၏ သားဟာ အန္တရာယ် သိပ်ကြီးတဲ့ ဝေဒနာကို ခံစား နေရပါတယ်'

ဗာရာဂုက ဆရာဝန်၏ မျက်လုံးများကို စူးစူးရဲရဲ ကြည့်ပြီး အကဲခတ်သည်။

'သူ့ အသက် ဆုံးရှုံးတဲ့အထိဖြစ်ဖို့ ရှိနေသလား ဒေါက်တာ၊ အဲသလောက်အထိ ဖြစ်နိုင်ဖို့ ရှိနေတယ် ဆိုရင်တော့ ကျွန်တော် ကြိုပြီး သိပါရစေ၊ ကျွန်တော် ပြောတာကို ဒေါက်တာ နားလည်မှာပါ၊ ကျွန်တော် ဒါကိုတော့ သိထားချင်ပါတယ်'

သူ ဘာလုပ်၍ ဘာကိုင်မိသည်ကို မသိ၊ ဗာရာဂုသည် ဖျတ်ခနဲ ထိုင်ရာမှ ထရပ်ကာ ရှေ့သို့ ခြေ တစ်လှမ်းမျှ တိုးလာသည်။ ဆရာဝန်က သူ့ လက်မောင်းကို လှမ်း၍ ကိုင်လိုက်သည်။ ထိုအခါ ကျမှပင် ဗာရာဂုတွင် သတိ ပြန်ဝင်သည်။ သူသည် ကုလားထိုင်ပေါ်သို့ အားအင် ကုန်ခန်း ဆုတ်ယုတ် သွားသည့်နှယ် ခြေပစ် လက်ပစ် ထိုင်ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီကိစ္စမှာ ဒီလို ပြောလို့ကတော့ မဖြစ်နိုင်ဘူး' ဟု ဆရာဝန်က ပြောသည်။ 'သေရေးနှင့် ရှင်ရေးကို အဆုံးအဖြတ် ပေးရမယ့် တာဝန်ဟာ ကျွန်တော်တို့ တာဝန် မဟုတ်ဘူး။ ကျွန်တော်တို့ ဆရာဝန်တွေဟာ နေ့စဉ်နေ့တိုင်း အံ့ဩတုန်လှုပ် စရာ တွေနှင့် ရင်ဆိုင် ကြုံတွေ့နေရတဲ့ လူတွေပါ၊ လူနာ တစ်ယောက်မှာ ထွက်သက် ဝင်သက် ရှိနေသမျှ ကာလပတ်လုံး ကျွန်တော်တို့ကတော့ သူ့အတွက် မျှော်လင့်ချက် ထားရမှာပဲ။ ဒီလိုမှ မထားရင် ကျွန်တော်တို့ ဘာလုပ်နိုင်မှာလဲ'

ဗာရာဂူက သဘောပေါက်သည့် မျက်နှာထားဖြင့် ခေါင်း ညိတ်သည်။

'ဒါဆိုရင် သူ့ ရောဂါက ဘာလဲ ဒေါက်တာ'

ဆရာဝန်က ချောင်းတစ်ချက် ဟန့်သည်။

'ကျွန်တော် စစ်ဆေးထားတာ မလွဲဘူး ဆိုရင်တော့ သူ ဖြစ်နေတာဟာ ဦးနှောက် အမြှေးပါး ရောင်တဲ့ ရောဂါပဲ'

ဗာရာဂူသည် ငြိမ်ဆိတ်စွာ ထိုင်နေရာမှ ရောဂါအမည်ကို တိုးတိုးကလေး ရေရွတ်နေသည်။ ထို့နောက် ထိုင်ရာမှ ထရပ် ကာ လက်တစ်ဖက်ကို ဆရာဝန်ဘက်သို့ ဆန့်တန်းပေးသည်။

'ဒါပေါ့လေ၊ ဦးနှောက် အမြှေးပါး ရောင်တာပဲပေါ့' ဟု ထပ်မံ၍ ရေရွတ်သည်။ သူ့ နှုတ်ခမ်းများသည် တဆတ်ဆတ် တုန်လျက် ရှိ၏။ 'ဒီဟာကို ကုလို့ကော ရပါ့မလား ဒေါက်တာ'

'ရောဂါတိုင်းဟာ ကုလို့ ရပါတယ် ဗာရာဂူ၊ လူ တစ် ယောက်ဟာ သွားတိုက်လို့ အိပ်ရာထဲ လှဲနေရတယ်၊ ရက်



အနည်းငယ်အတွင်းမှာ သေသွားတယ်၊ နောက်တစ်ဦးကတော့ အဆိုးဆုံးဆိုတဲ့ ရောဂါတစ်ခု ဖြစ်နေတယ်၊ ဒါပေမယ့် မသေ ဘူး၊ ပြန်ပြီး ကျန်းမာလာတယ်'

'ဟုတ်ကဲ့ ဟုတ်ကဲ့၊ ပြန်ပြီး ကျန်းမာလာတာပဲနော်၊ ကဲ ကျွန်တော့်ကို ခွင့်ပြုပါဦး ဒေါက်တာ၊ ကျွန်တော့်ကြောင့် ဒေါက်တာလည်း ခေါင်း အတော်ရှုပ်သွားရပြီ၊ တစ်ခု သိချင် တာက ဦးနှောက် အမြှေးပါးရောင်တဲ့ ရောဂါအား ကုလို့ မရဘူး မဟုတ်လား ဒေါက်တာ'

'ကျွန်တော့်မိတ်ဆွေကြီး ဗာရာဂူရယ်....ဒါကတော့....'

'ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ဒေါက်တာ့အနေနှင့် ဒီရောဂါ ဖြစ်တဲ့ ကလေး တော်တော်များများကို ကုပေးခဲ့ဖူးတယ်လို့ ထင်ပါတယ်၊ ဟုတ်ကဲ့....ဟုတ်ပါတယ်၊ အဲဒါကို ပြောတာပါ၊ အဲဒီကလေးတွေ အသက်ရှင်ကြပါသလား'

ဆရာဝန်က ငြိမ်ဆိတ်နေသည်။

'ဒေါက်တာ ကုပေးခဲ့ရတဲ့ ကလေးတွေထဲက နှစ်ယောက်၊ ဒါမှမဟုတ် တစ်ယောက် အသက်ရှင်ပါသလား'

အဖြေမရ။

ဆရာဝန်သည် စိတ်ရှုပ်ထွေးသည့်နှယ် သူ့ စားပွဲဆီသို့ လှည့်ကြည့်လိုက်ပြီး အံဆွဲတစ်ခုကို ဆွဲဖွင့်လိုက်သည်။

'အဲသလို ဆက်ပြီး အရိုးမေးလို့ကတော့ ဘယ်ဖြစ်မလဲ' ဟု ဆရာဝန်က ပြောသည်၊ 'ခင်ဗျားသား ပြန်ပြီး နေကောင်း လာမယ် မလာဘူးဆိုတာက ကျွန်တော်တို့ အတိအကျ ပြောနိုင်တဲ့ ကိစ္စမှ မဟုတ်တာ၊ သူဟာ ဘေးအန္တရာယ်ထဲ ရောက်နေတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတို့ကျွန်တော်တို့က အကောင်းဆုံး နည်းတွေနှင့် အစွမ်းကုန် ကူညီနေကြတယ်၊ ကျွန်တော်တို့ အလုပ်ကတော့ သူ့ကို စောင့်ရှောက် ကူညီကြရမှာပဲပေါ့၊ ဒါကို ခင်ဗျား နားလည်ရမယ်၊ ခင်ဗျား ကိုယ်တိုင်ကလည်း ကူညီရမှာပဲ၊ ကျွန်တော် ခင်ဗျားရဲ့ ကူညီမှုကို မရလို့ မဖြစ်ဘူး၊ ကနေ့ ညနေခင်းမှာ ကျွန်တော် တစ်ခေါက် လာကြည့်မယ်၊ လိုအပ်ရင် သုံးဖို့ ဟောဒီ အိပ်ဆေး ပေးလိုက်မယ်၊ ခင်ဗျားမှာ လိုအပ်ရင် သောက်ပါ၊ အခု ကျွန်တော် ပြောလိုက်မယ့် စကားကို နားထောင်ပါ၊ ကလေးကို ငြိမ်ငြိမ်အေးအေး နေနိုင်အောင် လုပ်ပေးထားပါ အာဟာရ ဖြစ်မယ့် အစားအစာတွေ ကျွေးပေးပါ၊ ဒါနှစ်ခုက အဓိက လိုအပ်ချက်ပဲ၊ ကျွန်တော် မှာတဲ့အတိုင်း ဂရုတစိုက် လုပ်မယ် မဟုတ်လား'

'ဟုတ်ကဲ့ပါ ဒေါက်တာ၊ ကျွန်တော် မေ့မသွားပါဘူး'

'တကယ်လို့များ သူ့မှာ နာကျင်တာတို့ စိတ်မငြိမ်မသက်ဖြစ်တာတို့ ရှိလာရင် ရေနွေးနှင့် ရေချိုးပေးပါ၊ ရေခဲအိတ်ကော အိမ်မှာ အဆင်သင့် ရှိရဲ့လား၊ မရှိရင် ကျွန်တော် တစ်ခု ယူခဲ့မယ်၊ ရေခဲကော ရှိရဲ့လား၊ ဟုတ်ပြီ၊ ရှိရင် ကောင်းတယ်၊ ကျွန်တော်တို့ ဆက်ပြီး မျှော်လင့်ချက်ထားရမှာပဲ ဟာဗာရာဂူ၊ အခုအချိန်မှာ သောက်ရောက်ပြီး ပူဆွေးနေရုံနှင့် မပြီးဘူး၊ ကိုယ့်တာဝန်ကို ကိုယ်ကျေအောင် လုပ်ဖို့ လိုတယ်၊ ကျွန်တော်ပြောတာကို လက်ခံတယ် မဟုတ်လား'

ဗာရာဂူက လက်ခံပါသည်ဟု ပြန်ပြောသည်၊ ဆရာဝန်၏ အပေါ်၌ ယုံကြည်မှု အပြည့်အဝရှိသည့် အရိပ်လက္ခဏာကိုပါ



ဖော်ပြသည်၊ ဆရာဝန်က သူ့အား တံခါးဝအထိ လိုက်ပို့လေသည်။

'ခင်ဗျား ကျွန်တော့် မြင်းရထားနှင့် ပြန်ပါလား၊ ကျွန်တော်က မြင်းရထားကို ညနေ ငါးနာရီအထိ မသုံးသေးပါဘူး'

'ရပါတယ်၊ ကျွန်တော် မယူတော့ပါဘူး၊ ခြေကျင် လျှောက်ပြီး ပြန်ပါ့မယ်'

ဗာရာဂူသည် လမ်းမပေါ်သို့ ပြန်ရောက်သွားသည်၊ လမ်းများသည် စောစောကလိုပင် တိတ်ဆိတ်ခြောက်သွေ့နေသည်။ သူ စောစောက ကြားခဲ့ရသည့် စန္ဒရားသံကိုတော့ ကြားနေရဆဲ၊ လက်ပတ်နာရီကို ငုံ့ကြည့်သည်၊ သူသည် တစ်လမ်းဝင် တစ်လမ်းထွက် ခပ်ဖြည်းဖြည်း လျှောက်သည်၊ မြို့၏ တစ်ဝက် ခန့်ကိုပင် ပတ်မိခဲ့ပြီး သူသည် မြို့ထဲမှ ပြန်ထွက်ချင်စိတ် မရှိတော့သည့်နှယ် ခံစားနေရ၏။

မြို့တွင်းရှိ အိမ်များကြားတွင်မူ အထီးကျန်မနိုင်ဟု ထင်သည်။ ပြီးတော့ သူ့ အိမ်မှာက မကျန်းမာမှု ကိုယ်စိတ်နှစ်ပါး ဆင်းရဲမှု၊ စိုးရိမ်ထိတ်လန့်မှုနှင့် သောခြင်းတရားသည် ရှိနေ၏။ ထို့ပြင် သူ့ အိမ်မှာက ကြည်လင်သော မိုးကောင်းကင်နှင့် သစ်ပင်များအောက်တွင် ငှက်မျိုးစုံ၏ အော်မြည်တွန်ကျူးသံများကို နားထောင်ရင်း ရောက်တတ်ရာရာများ တွေးမိလိမ့်မည် ဖြစ်၏။ တွေးမိသမျှ အတွေး အားလုံးမှာလည်း ပို၍ ကြောက်စရာ ကောင်းပြီး ပို၍ အဓိပ္ပာယ်ကင်းမဲ့ကာ ပို၍

www.burmeseclassic.com

မျှော်လင့်ချက် မရှိတော့သည့် အတွေးမျိုးသာ ဖြစ်ဖို့ ရှိနေသည် မဟုတ်လား။

ဗာရာဂူ အိမ်ပြန်ရောက်သောအခါ မိုးချုပ်နေပြီး တစ်ကိုယ်လုံး ပေရေညစ်ပတ်ကာ မောပန်းနွမ်းနယ်လျက် ရှိသည်။ ဆရာဝန်ကတော့ အိမ်ကို ရောက်သွားခဲ့ပြီး ပြီဖြစ်၏။ သို့သော် သူ့မိန်းမသည် တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးပင် ရှိသည်။ သူ့မိန်းမကို ကြည့်ရသည်မှာ ပိုင်ရှိနှင့် ပတ်သက်၍ သူ သိသလောက် မသိသေးဟု ယူဆရသည်။

ညစာ စားပွဲတွင် ဗာရာဂူသည် အဲလ်ဘတ်နှင့် မြင်းများ အကြောင်း ပြောသည်။ စကားစ ပြတ်သွားမည်ဟု ထင်လျှင် အကြောင်းအရာ တစ်ခုခုကို ဗာရာဂူက စပြောသည်။ ထိုအခါ အဲလ်ဘတ်ကပါ ဝင်ပြောသည်။ သားအမိ နှစ်ယောက်စလုံးသည် ဗာရာဂူ ပင်ပန်းနေသည်ဟုသာ သိကြသည်။ ဗာရာဂူ၏ စိတ်ထဲတွင် ဘယ်လို ဖြစ်နေကြသည်ကိုမူ သိကြသည် မဟုတ်။

ဗာရာဂူကတော့ သူ့ဘာသာသူ တစ်ယောက်တည်း ကျိတ်၍ တွေးမိသည်။ 'ငါ့ မျက်စိတွေဟာ သေခြင်း တရားကို မြင်နေရတယ်၊ သူတို့ကတော့ လုံးဝ သတိမပြုမိကြပါကလား၊ သူတို့ဟာ ငါ့ မယားနှင့် ငါ့သားပဲ၊ ပိုင်ရှိကတော့ သေငယ်ဇောနှင့် မျောနေပြီ'

ထို အတွေးများသည် ဗာရာဂူ၏ ခေါင်းထဲတွင် လှည့်ပတ်နေကြသည်။ သူ့ ချာဖျားတွင် ပြောချင်သည့် စကားလုံးတွေ အများအပြား ရှိနေသော်လည်း ပြော၍မထွက်။ အတွေးသစ် တစ်ခု ဝင်လာပြန်သည်။



'အခုလို ဖြစ်လာတာဟာ တစ်မျိုးတော့လည်း ကောင်းတာပါပဲ၊ အဆိုးထဲက အကောင်း ရှာယူရတော့မှာပေါ့၊ ဘာပဲ ဖြစ်ဖြစ် ငါဟာ နောက်ဆုံးအကြိမ် အဆိုးဆုံးဆိုတဲ့ ဒုက္ခ တစ်ခုကို ခံစားရဦးတော့မှာ မဟုတ်လား၊ ငါ့ သားကလေး သေ တာကို တွေ့ကာ ထိုင်ပြီး စောင့်ကြည့်နေရဦးတော့မှာပါလား၊ ဒီပြဿနာ ပြီးသွားချိန်အထိ ငါ အသက်နှင့်ကိုယ် မြဲနေဦးမယ် ဆိုရင်တော့ ငါဟာ အနှောင်အဖွဲ့ လုံးဝ မရှိတဲ့ ဘဝကို ရောက်ရတော့မှာပဲ၊ ငါ့ကို ဆင်းရဲဒုက္ခ ရောက်အောင် လုပ်နိုင်မယ့် အရာလည်း ဘာ တစ်ခုမှ ရှိမှာ မဟုတ်တော့ဘူး။

အဲဒီနောက်တော့ ငါဟာ အသက် ရှင်နေသမျှ ကာလ ပတ်လုံး ဘယ်သူ့ ဆီမှာမှ နောက်ထပ် ဒူးထောက် အညံ့ခံစရာ လည်း မလိုတော့ဘူး၊ အချစ်ဆိုတဲ့ အရာပေါ်မှာလည်း နောက်ထပ် ယုံကြည်မှာ မဟုတ်တော့ဘူး၊ ဘာကိုပဲ လုပ်လုပ် နောက်တွန့်တာတို့ ဆုတ်ဆိုင်းဆိုင်း ဖြစ်တာတို့ သူရဲဘော နည်းတာတို့ ဆိုတဲ့ စိတ်တွေလည်း လုံးဝရှိမှာ မဟုတ်တော့ဘူး၊ အဲဒီ နောက်မှာတော့ ငါဟာ အသက် ရှင်နေမယ်၊ လုပ်စရာ ရှိတာတွေကို ဆက်လုပ်မယ်၊ ငါ့ ဘဝရဲ့ ရှေ့ခရီးကို ကိုယ့်နည်း ကိုယ့်ဟန်နှင့် ဆက်လျှောက်မယ်၊ ဒါပဲပေါ့'

မငရမရာ နိုင်လွန်းလှသော ကျေနပ် အားရမှုနှင့် အတူ သူ့ နှလုံးသားသည် ပူလောင်ပြင်းပြသော ဝေဒနာကို ခံစားရ ပြန်သည်။ ဝေဒနာသည် မခံမရပ်နိုင်အောင်ပင် ပြင်းထန် လွန်းလှချေသည်။ သို့သော်လည်း ယင်းခံစားမှုသည် သန့်စင် သလိုလိုတော့ ရှိ၏။ ယခင်က သူ လုံးဝ မသိ နားမလည်ခဲ့

www.burmeseclassic.com



ဖူးသော ခံစားမှု ဖြစ်သည်။ ဤကြားထဲမှပင် ပျက်သုဉ်း သွားခဲ့ပြီ ဖြစ်သော ရှင်လန်း ဆာယာမှု ကင်းမဲ့လွန်းသည့် သူ့ဘဝဟောင်းကို ပြန်လည် မြင်ယောင်မိလေသည်။

ယင်းကဲ့သို့ ရောက်တတ်ရာရာ များကို တွေးရင်းနှင့်ပင် သူသည် ဖျားနာနေသော သားပိုင်ရီ၏အခန်းထဲ၌ တစ်နာရီတိတိ ထိုင်သည်။ တစ်ညလုံး အိပ်၍မပျော်၊အိပ်ရာထက်တွင် တလူးလူး တလိမ့်လိမ့် ဖြစ်ကာ သောကဓ ဖိစီး နှိပ်စက်မှုနှင့် ဝမ်းနည်း ကြေကွဲမှု၏ ထိုးနှက်မှုဒဏ်ကို ခံသည်၊ သူ့ စိတ်သည် ဘာကိုမှ တောင့်တခြင်း မရှိ၊ ဘာကိုမှလည်း မမျှော်လင့်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဤအတိုင်းပင် ဖြစ်လာရလိမ့်မည်ဟု နှစ်းလည် ခဲ့ပြီ ဖြစ်၏၊ သူ့အနေဖြင့် အချစ်ဆုံး အကောင်းဆုံးနှင့် အသန့်စင်ဆုံးသော ပိုင်ဆိုင်မှုကို မကြာမီ စွန့်လွှတ်ရတော့မည် မဟုတ်ပါလား။

၁၆

ပိုင်ရီသည် ရောဂါ ဝေဒနာ၏ ဒဏ်ကို တစ်နေလုံး ခံစားနေ ရသည်။ သူ့ ဖခင်ကလည်း တစ်နေ့လုံး နီးပါးမျှ သူ့ အနီး၌ ထိုင်နေသည်။ ပိုင်ရီသည် မကြာမကြာ ခေါင်းကိုက် ဝေဒနာကို ခံရ၏၊ အသက်ရှူ မြန်သည့်အခါ မြန်သည်၊ အသက် ရှူပုံက မမှန်၊ အသက် ရှူလိုက်တိုင်း ညည်းသံ ထွက်လာသည်။

သူ၏ ပိန်ချုံးနေသော ခန္ဓာကိုယ်သည် တစ်ခါတစ်ရံတွင် ဆိုးခနဲ ဆတ်ခနဲ တုန်လှုပ်သွားပြီး တောင့်တင်း ကွေးကောက် သွားတတ်သည်၊ ထို့နောက် တစ်ဖန် အချိန် အတော်ကြာမျှ ငြိမ်သက်နေပြန်၏၊နောက်ဆုံးတွင် အားရပါးရ သမ်းဝေသည်။ ထို့နောက် တစ်နာရီခန့်မျှ အိပ်ပျော်သွားပြီး ပြန်နိုးလာသည့် အခါ စောစောက ပုံစံအတိုင်း ဖြစ်လာပြန်လေသည်။

သူ့ကို ဘယ်သူတွေက ဘာပြောပြော မကြား။ သူ့ကို ပွေ့ထူသည့် အခါနှင့် သူ့ ပါးစပ်ထဲသို့ အစားအသောက်များ ခွံ့ပေးသည့် အခါတွင်မှ လက်ခံပြီး စားသည်။ သို့သော်လည်း သူ၏ လှုပ်ရှားပုံ များသည် စက်ရုပ် တစ်ရုပ် လှုပ်ရှားပုံနှင့် တူသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းတွင်းရှိ ခန်းဆီး အားလုံးကို ပိတ်ထားသည်။ မှန်ဝါးဝါး အလင်းရောင်အောက်၌ ထိုင်နေသော ဗာရာဂုသည် သူ့ သားငယ်၏ အခြေအနေကို ငုံ၍ ကြည့်နေသည်။ သူ့ သားငယ်၏မျက်နှာပေါ်မှ ချစ်စရာ ကောင်းသည့် အရိပ်လက္ခဏာများ၊ နူးညံ့ ပျော့ပျောင်းသည့် အသွင်အပြင်များ တစ်ခုပြီး တစ်ခု ကွယ်ပျောက် သွားနေသည်ကို စိတ်နှလုံး မချမ်းမြေ့စွာဖြင့် ကြည့်နေသည်။

သူ့ သားငယ်၏ မျက်နှာသည် ဖြူရော်ရော် နေ့ျာ့တော့တော့၊ အချိန် မတိုင်မီ အိုစာကျလာသည့် လက္ခဏာများ ထင်ဟပ်နေသဖြင့် ထိတ်လန့်ဖွယ်ရာ ကောင်းသည့် မျက်နှာဖုံး တစ်ခု စွပ်ထားသည်နှင့် တူသည်။ ဤ မျက်နှာပေါ်တွင် နာကျင်ခြင်းကို ဖော်ပြနေသည့် အရိပ်အငွေ့မှ တစ်ပါး အခြားအာကိုမှ မမြင်ရ။

သူ့ သားငယ် အိပ်ပျော်နေသည့် အခါတွင်မူ ရုပ်ဆင်းအင်္ဂါ ပျက်နေသော မျက်နှာသည် သိမ်မွေ့နူးညံ့လာသည်။ ထိုအခါတွင် ကွယ်ပျောက်သွားခဲ့သော ခင်မင် နှစ်လိုဖွယ်ရာ သွင်ပြင်ကလေးများသည် ပြန်လည် ထင်ဟပ်လာသလို ရှိသည်။

သူသည် သားငယ်၏ မျက်နှာကို တစိမ့်စိမ့် ကြည့်နေမိ၏။ သားငယ်၏ အပေါ်၌ ချစ်မြတ်နိုးသော စိတ်သည် လှိုင်းထသည့်နှယ် သူ့ ရင်ကို ပြင်းစွာ ရိုက်ခတ်သည်။ ဆိတ်သုဉ်းတော့မလို ဖြစ်နေသော ချစ်ခင်တွယ်တာမှုသည် သူ့ စိတ်ထဲ၌ ပြန်လည် ကပ်ငြိလာသည်။



ထိုအခါ ချစ်ခြင်းမေတ္တာ၏ သဘော သဘာဝကို အဝ တစ်လျှောက်လုံး ဖုံးဝ နားမလည်ခဲ့သောသူသည် အခု သူ့ သားငယ်၏ မျက်နှာကို တစိမ့်စိမ့် ကြည့်နေခါမှပင် ချစ်ခြင်းမေတ္တာ၏ သဘော သဘာဝနှင့် အနက် အဓိပ္ပာယ်များကို ပီပီပြင်ပြင် သိမြင် နားလည်လာသည်တု ထင်လာမိလေ၏။

ဖရောအက်ဒလီကားတော့ လက်ရှိ ဖြစ်ပေါ်နေသည့် အခြေအနေပေါ်တွင် လုံးဝ သံသယ မဝင်ခဲ့ပေ။ ဗာရာဂုး၏ ထူးဆန်းသော အပြုအမူများကို မြင်ရတော့ရဖန် များလာသည့် အခါကြင်မှ မသက်သာသော စိတ်များ တဖြည်းဖြည်း ဝင်ရောက်လာသည်။ သို့သော်လည်း မသက်သာစိတ်များကို ရင်ထဲ မျိုသိပ်ထားသဖြင့် ရက်ပေါင်း အတော်ကြာမျှ အမှန်ကို မသိဘဲ အမှုမဲ့ အမှတ်မဲ့သာ နေခဲ့သည်။

တစ်ညတွင်မူ ပိုင်ရို၏ အခန်းထဲမှ ပြန်ထွက်လာသော ဗာရာဂုအား ဖရောအက်ဒလီက ဟစ်နရာသို့ ဆွဲခေါ်သွားပြီး သူ သိလိုသမျှကို သွယ်ဝိုက် မနေတော့ဘဲ မေးသည်။

'ပိုင်ရိုဟာ ဘာရောဂါ ဖြစ်နေတာလဲ၊ ဘာရောဂါတဲ့လဲ၊ ရှင် သိနေပြီဆိုတာ ကျွန်မ ရိပ်မိတယ်'

ဗာရာဂုက သူ့ မိန်းမအား သူနှင့် အလှန် အလှမ်းကွာဝေးသော နေရာမှ လူတစ်ယောက်ကို မျှော်ကြည့်နေသည့်နှယ် ကြည့်သည်။ ပြီးတော့ ခြောက်သွေ့နေသော နှုတ်ခမ်းများကြားမှ သူ့ မိန်းမ၏ မေးခွန်းကို ဖြေသည်။

www.burmeseclassic.com



'ငါလည်း မသိဘူး၊ သူ သိပ်ပြီး ဖျားနေတယ် ဆိုတာလောက်ပဲ သိထားတာပါ၊ အဲဒါကို မင်းလည်း တွေ့မြင်နေရတာပဲ မဟုတ်လား'

'ကျွန်မ တွေ့တယ် မြင်တယ်၊ အဲဒါ ဘာဖြစ်တာလဲ၊ ဒါကိုတော့ ကျွန်မ သိချင်တယ်၊ ရှင် သူ့ကို ပြုစုယုယနေပုံက သေခါနီး လူမမာတစ်ယောက်ကို ပြုစုနေသလိုပဲ၊ ရှင်သာ မဟုတ်သေးဘူး၊ ဆရာဝန်လည်း ရှင့်လိုပဲ၊ သူက ရှင့်ကိုဘာပြောထားသလဲ'

'သူက ပြောတယ်၊ ပိုင်ရှိ ဖြစ်နေတာဟာ ဆိုးဘယ်တဲ့၊ မင်းတို့ ငါတို့က ဂရုစိုက်ရမယ်တဲ့၊ သူပြောတာကတော့ ပိုင်ရှိရဲ့ ခေါင်းထဲမှာ ပူလောင်နေတဲ့ သဘောပဲ၊ မနက်ဖြန်ကျရင်တော့ အမှန်အတိုင်း ပြောပြဖို့ ဆရာဝန်ကို မေးရမှာပဲ'

ဖနေရာအက်ဒလီသည် စာအုပ်စင်ကို မှီလိုက်ပြီး လက်တစ်ဖက်ဖြင့် သူ့ခေါင်းအထက်တွင် တင်ထားသည့် ခန်းဆီးကို ဆွဲထားသည်၊ နောက်ထပ် စကားတစ်ခွန်းမှ မဟ။

ဗာရာဂုကလည်း ထိုနေရာမှာပင် စိတ်ရှည်လက်ရှည် ရပ်နေသည်၊ သူ့မျက်နှာသည် မှုန်မှိုင်းမှိုင်း၊ သူ့မျက်လုံးများသည် နီရဲရဲ၊ သူ့လက်များသည် တုန်ယင်လှုပ်ရှားလျက်၊ သို့သော်လည်း သူ့ကိုယ်သူ ထိန်းချုပ်ထားသည်၊ သူ့မျက်နှာတွင် အမြဲးရိပ် သန်းနေအောင် အားထုတ်ထားသည်၊ စိတ်အားငယ်ခြင်း၊ သည်းခံခြင်းနှင့် သိမ်မွေ့ခြင်းတို့ကို ပေါင်းစပ်ထားသည့် ထူးဆန်းသော အရိပ်အခွေများ ယှက်သန်းလျက်ရှိ၏။



ဖနေရာအက်ဒလီသည် တဖြည်းဖြည်းချင်း အားယူကာ ဗာရာဂု အနီးသို့ ကပ်လာသည်၊ ဗာရာဂု၏ လက်မောင်းကို သူ့ လက်တစ်ဖက်ဖြင့် လှမ်းကိုင်သည်၊ သူ ရပ်နေပုံမှာ ခရိုခရိုင်နှင့် ဒူးများ ခိုင်မို မရ၊ အလွန်တိုးသော လေသံဖြင့် ဗာရာဂု၏ နားတစ်ဖက်တွင် ကပ်၍ မေးသည်၊ 'သူသေမယ်လို့ ရှင် ထင်သလား'

ဗာရာဂု၏ နှုတ်ခမ်းများတွင် စောစောက လုပ်ယူထားရသည့် အပြုံးရိပ်သည် ထင်ဟပ်နေဆဲ၊ သို့သော်လည်း မျက်ရည်များသည် သူ့မျက်နှာတွင် စီးကျနေသည်၊ သူ့မိန်းမ၏ အမေးကို နှုတ်ဖြင့်မဖြေ၊ ခေါင်းညိတ်ပြသည်၊

ဖနေရာအက်ဒလီ၏ တစ်ကိုယ်လုံး ပျော့ခွေ သွားသည်၊ ထိုင်လဲကျတော့မည့်နှယ် ဖြစ်လာသည်၊ ဗာရာဂုက အသာ ယာ ဆွဲ၍ ထိန်းကာ ကုလားထိုင် တစ်လုံးတွင် ထိုင်စေသည်၊

'အသေအချာတော့ မပြောနိုင်သေးပါဘူး' ဟု ဗာရာဂုက ညည်းလေးငွာ ပြောသည်၊ 'ကိုတို့အခုနေနှင့် သိပ်ပြီး ပူဆွေးသောက ရောက်နေလို့တော့ မဖြစ်ဘူး'

သူသည် အချိန်အတန်ကြာမျှ ငြိမ်ဆိတ်နေသည်၊ သူ့မိန်းမ ကိုယ်သူ ထိန်းနိုင်၍ ကုလားထိုင်တွင် တောင့်တောင့် မတ်တ် ရပ်သာနိုင်သည့် အခါကျမှ 'တို့အခုနေနှင့် ပူဆွေးသောက ပိရောက်နေလို့ကတော့ မဖြစ်ဘူးကွယ့်' ဟု ထပ်ပြောသည်၊

'ဟုတ်ပါတယ်' ဟု ဖနေရာအက်ဒလီက ရေရွတ်သည်၊ 'ရှင် ပြောတာ မှန်ပါတယ်' သူသည် စကားကို ဆက်မပြောသေးဘဲ

www.burmeseclassic.com

www.burmeseclassic.com



ရပ်နေသည်၊ 'မဖြစ်နိုင်ဘူး၊ ဒီလိုကတော့ လုံးဝ မဖြစ်နိုင်ဘူး'

ဖရောအက်ဒလီသည် ဖြုန်းခနဲ ထရပ်သည်။ သူ့မျက်လုံးများသည် ပြန်လည်၍ အသက်ဝင် လှုပ်ရှားလာသည်၊ သူ့မျက်နှာသည် နားလည်မှု အပြည့်အဝရှိလာခြင်းနှင့် ဝမ်းနည်းကြေကွဲခြင်းများကို ဖော်ပြလျက် ရှိ၏၊

'ရှင် ဒီကို ပြန်မလာတော့ဘူး မဟုတ်လား ဟင်' ကျယ်လောင်သော အသံဖြင့် မေးသည်၊ 'ကျွန်မ သိပါတယ်၊ ရှင် ကျွန်မတို့ကို ပစ်ထားခဲ့တော့မှာပါ'

ဤအခိုက်အတန့် အချိန်ကာလသည် သူ့စိတ်ထဲ ရှိသမျှကို အမှန်အတိုင်း ပြောပြရမည့် အခါအခွင့်မှန်း ဗာရာဂု သိသည်။ 'ကြောင့်လည်း တစ်ခွန်းတည်းသော စကားကို နှုတ်မှ ချလိုက်သည်၊

'ဪအေး ဟုတ်တယ်'

ဖရောအက်ဒလီက သူ ပြောသည့် စကားကို လက်မခံနိုင်သည့်နှယ် ခေါင်းတခါခါ လုပ်နေသည်။ သို့သော်လည်း ယခု သူ့နှုတ်မှထွက်လာသည့် စကားများသည် လောလောဆယ် ကိုယ်စိတ်နှစ်ပါး ပင်ပန်းဆင်းရဲခြင်း၊ စိတ်အားငယ်ခြင်းနှင့် တစ်ဦးတစ်ယောက်အပေါ် ကရုဏာထားကြောင်း ပြသလိုခြင်း စသည့် အကြောင်းများကြောင့် အမှတ်မထင် ထွက်လာခြင်း ဖြစ်လေသည်၊

'ကျွန်မလည်း ထင်သားပဲ'ဟု ဆိုသည်၊ 'ဒါပေမယ့် ကျွန်မ ပြောတာ နားထောင်ပါဦး ဂျိုဟန်၊ ပိုင်ရိုကို မသေအောင်



ကုမယ်၊ အခုချက်ချင်း အားလုံး ပြို့ကွဲမသွားအောင် ထိန်းကြမယ်၊ နောက်တစ်ခု ပြောချင်တာ ရှိသေးတယ်၊ ရှင်လည်း သိမှာပါ၊ တကယ်လို့ ပိုင်ရို နေကောင်းလာရင် ရှင် သူ့ကို ယူပါ၊ ကျွန်မ ပြောတာ ကြားတယ်မဟုတ်လား ဂျိုဟန်၊ သူ ရှင်နှင့် အတူတူ နေသွားလိမ့်မယ်'

ဗာရာဂုက သူ့မိန်းမ၏ စကားကို ရုတ်တရက် ချက်ချင်း နားမလည်၊ ဖြည်းဖြည်းချင်းမှ သဘောပေါက် နားလည်သည်။ ဤကိစ္စမှာ သူတို့လင်မယား ဇိုက်ခိုက် လုယက်နေကြသည့် ကိစ္စဖြစ်၏၊ ဤကိစ္စကြောင့် သူ့ အနေဖြင့် ဤအရပ်ဤဒေသမှ မခွာနိုင် ဖြစ်ခဲ့ရ၏၊ နှစ်ပေါင်းများစွာ စိတ်ဆင်းရဲခြင်းဒဏ်ကို ခံစားခဲ့ရ၏၊ အခုကျတော့မှ သူရယူလိုသည့် အရာကို သူ့မိန်းမက သူ့အား ပိုင်ဆိုင်ခွင့် ပေးနေပြီ ဖြစ်၏၊ သို့သော်လည်း အချိန် နောက်ကျသွားခဲ့လေပြီ၊

သူ့မိန်းမ၏ စကားသည် သူ့အတွက် အဓိပ္ပာယ် ကင်းမဲ့လွန်း နေသည်၊ နှစ်ပေါင်းများစွာက ပြင်းဆန်လာခဲ့သော အရာတစ်ခုကို အခုမှ ဖြုန်းစားကြီး ပိုင်ဆိုင်ခွင့်ပေးလာခြင်းကို သူ လက်ခံသင့်ပါသလော၊ ပိုင်ရိုအနေဖြင့် အခုလို သေလုအဲ့ဆဲဆဲ ဖြစ်နေကာမှ သူ့လက်ထဲ ရောက်လာသင့်ပါ၏လော၊

အခုဆိုလျှင်တော့ ပိုင်ရိုသည် သူ့အတွက် နှစ်ကြိမ်သေသကဲ့သို့ ဖြစ်သွားခဲ့လေပြီ၊ အဖြစ်မှာ ရယ်စရာ ကောင်းနေသည်။ မဆီမလျော်လွန်းသည့် အခြေအနေနှင့် အချိန်အခါများ အရ အခု သူ ကြားလိုက်ရသည့် စကားမှာ ကိုးရိုးကားရား နိုင်

www.burmeseclassic.com



လှန်းလှသဖြင့် မပြုံးဘဲနှင့် ဝါးလုံးကွဲ ရယ်လိုက်ချင်စိတ်ပင် ဖြစ်ပေါ်လာသည်။

သို့တစေလည်း သူ့မိန်းမသည် ဤစကားကို အမှန်တကယ် အလေးအနက်ထား၍ ပြောနေခြင်း ဖြစ်၏။ ပိုင်ရီသေလိမ့်မည်ဟု သူ ထင်ပုံ မရသည်မှာ သူ့စကားအရ ထင်ရှားနေသည်။ ဤစကားသည် ကရုဏာကို ဖော်ပြခြင်း ဖြစ်၏။ ကြီးမားသော စွန့်လွှတ်မှု တစ်ခုကို ပြုလိုက်ခြင်းလည်း ဖြစ်၏။ သူ့စိတ်က ရေရေရာရာ မသိသော ရှုတ်တရက် ဖြစ်ပေါ်လာသည့် ခံစားမှု တစ်ခုကြောင့်သာလျှင် အခုလို သောကဖိစီးနေသည့် အချိန်ကာလ၌ ဤစွန့်လွှတ်မှုကို ပြုလိုက်ခြင်း ဖြစ်၏။

ဗာရာဂုအနေဖြင့် သူ့မိန်းမ မည်မျှလောက်အထိ ခံစားနေရသည်ကို မြင်တွေ့နေရသည်။ မျက်နှာက ဖြူဖပ်ဖြူရော်၊ တည့်တည့်မတ်မတ်ပင် မရပ်နိုင်။ သူ့အနေဖြင့် အခုလို ဖြစ်နေချိန်တွင် သူ့မိန်းမ၏ စွန့်လွှတ်မှုကို ရယူ လိုကြောင်း မဖော်ပြချင်။

ဖရော အက်ဒလီကတော့ ဗာရာဂုထံမှ အဖြေကို စောင့်စားလျက် ရှိသည်။ သူ ဘာကြောင့် စကားပြန် မပေးပါလိမ့်။ မိမိ၏ စကားကို သူ မယုံကြည်လို့များလား။ သို့မဟုတ် မိမိထံမှ ဘာကိုမှ လက်မခံချင် လောက်အောင် မိမိအပေါ် မုန်းတီး ရွံရှာသွားလို့လား။ မိမိ ယခုပြောလိုက်သော စကားသည် မိမိအတွက် ကြီးမားသော စွန့်လွှတ်မှုကြီးတစ်ခု ဖြစ်ပါ၏။ သို့ပါလျက်နှင့် သူ ဘာကြောင့် လက်ခံချင်စိတ်ကို မဖော်ပြပါလိမ့်။



ဖရော အက်ဒလီသည် ဝမ်းနည်းကြေကွဲစိတ်ဖြင့် မျက်စိမျက်နှာ ပျက်လာသည်။ နောက်ဆုံးတွင် ဗာရာဂုသည် သူ့စိတ် သူ ထိန်းသည်။ အက်ဒလီ၏ လက်ကို အသာအယာ ဆွဲယူပြီး သူ့နှုတ်ခမ်းများနှင့် ထယုတယ ထိသည်။ 'မင့်ကို ကျေးဇူးတင်ပါတယ်'ဟု ပြောသည်။

ထို့နောက် သူ့ခေါင်းထဲသို့ စိတ်ကူးတစ်ခု ဝင်လာသဖြင့် ထပ်ပြောမြန်သည်။

'ပိုင်ရီကို ကိုယ်တိုင်ကိုယ်ကျ ဂရုစိုက်ပြီး စောင့်ရှောက်သွားချင်တယ်၊ ညညကျရင် ကို သူ့အနားမှာ နေပါရစေ'

'တစ်လှည့်စီပဲ စောင့်ကြတာပေါ့'ဟု ဖရော အက်ဒလီက ပြောသည်။

ထိုညတွင် ပိုင်ရီသည် အလွန်ငြိမ်သည်။ စားပွဲပေါ်၌ ချထားသည့် မှန်အိမ်မှ မီးရောင်သည် မှိန်ဝါးဝါး၊ အခန်းတစ်ခန်းလုံးကို လင်းနေအောင် မစွမ်းဆောင်နိုင်။ ဗာရာဂုသည် သူ့သား၏ အသက်ရှူသံကို အမြဲပြုတ် နားစွင့်လျက်ရှိသည်။ ထို့နောက် သူကိုယ်တိုင် ဤအခန်းထဲသို့ ရွှေ့ယူလာခဲ့သော ဆိုဖာ တစ်လုံးပေါ်တွင် အသာ လှဲနေသည်။

နံနက် နှစ်နာရီထိုးခန့်တွင် ဖရော အက်ဒလီ အိပ်ရာမှ နိုးသည်။ ဖယောင်းတိုင် တစ်တိုင်ကို မီးညှိသည်။ ပြီးတော့ အိပ်ရာမှထကာ ည ဝတ် အင်္ကျီကြီး ကို ကောက်ဝတ်ပြီး ဖယောင်းတိုင်ကို ကိုင်၍ ပိုင်ရီ၏အခန်းသို့ သွားသည်။ အရာရာတိုင်းသည် တိတ်ဆိတ် ငြိမ်သက်လျက် ရှိ၏။ ဖယောင်းတိုင် မီးရောင်သည် ပိုင်ရီ၏ မျက်နှာပေါ်သို့ ထင်ဟပ်သည်။ ထိုအခ

www.burmeseclassic.com



မျက်တောင်များသည် အနည်းငယ်မျှ လှုပ်ရှား သွားသလိုလို ရှိသည်။ သို့သော်လည်း အိပ်ပျော်နေရာမှ နိုးမလာ၊ ဆိုဖာပေါ်တွင်မူ သူ့ယောကျ်ားသည် ခွေတိခွေခေါက်ဖြင့် အိပ်မော ကျလျက် ရှိလေသည်။

ဖရော အက်ဒလီသည် လက်ထဲမှ ဖယောင်းတိုင် ကို မြှောက်၍ ဗာရာဂုံ၏ မျက်နှာကို မိနစ် အတော်ကြာမျှ ကြည့်နေသည်၊ မျက်နှာထက်မှ အရေး အကြောင်းများ၊ ဖြူဖွေးနေသော ဆံပင်၊ ချိုင့်ဝင်နေသော ပါးနှစ်ဖက်နှင့် ဟောက်ပက်ဖြစ်နေသော မျက်လုံးများ။

'သူလည်း အတော်ကြီး အိုစာကျလာပါ ပကောလား'ဟု တွေးသည်၊ သူ့ယောကျ်ားအပေါ် ကြင်နာ သနားစိတ်သည် ရင်ထဲ၌ တစိမ့်စိမ့် ဖြစ်ပေါ်လာသည်၊ သူ့ယောကျ်ား၏ ဆံစများကို တယုတယ ကိုင်တွယ် ပွတ်သပ်ပေးလိုသော ဆန္ဒဖြစ်ပေါ်လာသည်၊ သို့သော်လည်း သူ့ဆန္ဒအတိုင်း မလုပ်ဖြစ်။ သူသည် အသံမကြားအောင် အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

နံနက်လင်း၍ နောက်တစ်ကြိမ် ဖရောအက်ဒလီ ပြန်ရောက်သွားသောအခါ ဗာရာဂုံသည် အိပ်ရာမှ နိုးနေပြီ၊ ပိုင်ရီ၏ အိပ်ရာဘေးမှ ထိုင်ကာ သူ့သား မျက်နှာကို မျက်ခြည်မပြတ် ကြည့်နေသည်။ သူ့အကြည့်၊ သူ့ပါးစပ် အနေအထားနှင့် ဆီး၍ နှုတ်ဆက်လိုက်သည့် အသံများသည် တစ်စုံတစ်ခုသော ဆုံးဖြတ်ချက်ကို အခိုင်အမာ ရသားပြီဖြစ်ကြောင်း သိသာနေသည်။



ပိုင်ရီအတွက်ကတော့ ရက်ဆိုးများ အစပြုလာသည်။ အိပ်ပျော်နေသည့်အခါ နာရီပေါင်း များစွာကြာမျှ အိပ်ပျော်နေတတ်သော်လည်း နာကျင်မှု ဝေဒနာကို ပြင်းစွာခံစားလာရသည့် အခါတွင်မူ အိပ်ရာမှ အလန့်တကြား နိုးလာတတ်သည်၊ အိပ်ရာပေါ်တွင် ငြိမ်ငြိမ်အေးအေး မနေနိုင်၊ ဘယ်စောင်း ညာလှည့်နှင့် တလူးလူး တလိမ့်လိမ့် ဖြစ်ကာ ဝေဒနာ၏ ဖိစီးနှိပ်စက်မှုကို အလူးအလဲ ခံရသည်။

တစ်ခါတစ်ရံတွင် သူ့မျက်နှာသည် သွေးမရှိတော့သည့်နှယ် ဖြူဖွေးနေသည်၊ တစ်ခါတစ်ရံ ကျတော့လည်း တစ်မျက်နှာလုံး နီရဲနေတတ်သည်၊ ထို့နောက် ခံစား နေရသည်ကို မခံမရပ်နိုင်တော့သည့်နှယ် သံကုန်ဟစ်၍ အော်သည်၊ အော်ပြန်တော့သည်း ခဏတစ်ဖြုတ် မဟုတ်၊ အချိန်အတော်ကြာမျှ အော်ဟစ်နေခြင်း ဖြစ်ရာ သူ့သားငယ်၏ အဖြစ်ကို မကြည့်ရက် မမြင်ရက်သော ဗာရာဂုံသည် အခန်းထဲမှ ထွက် ထွက် သွားရသည်။

ဗာရာဂုံက ဆရာဝန်ကို လူလွှတ်ခေါ်သည်။ ထိုနေ့က ဆရာဝန် နှစ်ကြိမ်လာသည်။ ညနေပိုင်းတွင် သူနာပြု ဆရာမ တစ်ဦးကိုပါ ခေါ်လာသည်။ နောက်ထပ် ခဏမျှ အကြာတွင် ပိုင်ရီ သတိ လစ်သွားသည်။ သူနာပြု ဆရာမကို ခေါ်၍ အိပ်ရာနား ထားရသည်။

သူ့ဖခင်နှင့် မိခင်တို့ကလည်း သူတို့သား၏ ခရီးလမ်းဆုံးသည် မဝေးလှတော့ ဟူသော ခံစားချက်ဖြင့် တစ်ညလုံး သူတို့သား၏ အနားမှ မခွာ၊ ပိုင်ရီသည် ထပ်မံ၍ လူးလွန့်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားခြင်း မပြု၊ အသက်မျှုပုံကလည်း မမှန်၊ သူ့အသက်ရှူနေပုံမှာ ပြင်းထန်သည်ထက် ပြင်းထန်လာသည်။

ဗာရာဂုနှင့် ဖရော အက်ဒလီတို့သည် အဲလ်ဘတ် ကလေးဘဝက အခုလို နေထိုင်မကောင်း ဖြစ်ခဲ့ရသည်ကို ပြန်၍ သတိ ရနေကြသည်။ ထိုစဉ်က သူတို့ လင်မယား နှစ်ယောက်စလုံး အဲလ်ဘတ်အတွက် စိတ်ပူကာ နေ့မအိပ် ညမအိပ် ပြုစုခဲ့ရသည့် အဖြစ်ကို ပြန်၍ တွေးနေမိကြသည်။ အခုလို သေရေး ရှင်ရေးတမျှ အရေးကြီးသော အတွေ့အကြုံမျိုးသည် နောက်တစ်ကြိမ် ထပ်၍ ဖြစ်နိုင်စရာ မရှိဟုသော အတွေးမျိုးကိုလည်း နှစ်ယောက်စလုံး တွေးမိကြသည်။

ပိုင်ရီ၏ အိပ်ရာ တစ်ဖက် တစ်ချက်တွင် ရပ်နေကြသော သူတို့ လင်မယားသည် အတိတ်က အကြောင်းများကို စကားမစပ်မိကြသော်လည်း အဲလ်ဘတ် နေမကောင်းခဲ့ရသည့် အဖြစ်ကိုမူ ပြောမိကြသည်။ ဟိုတုန်းက ကြုံခဲ့ရသည့် အဖြစ်နှင့် အခုကြုံနေရသည့် အဖြစ် နှစ်ခုတွင် တူညီသော အခြေအနေများ ရှိသလို မတူညီသော အခြေအနေ များလည်း ရှိနေသည်ကို သတိ ထားမိကြသောအခါ နှစ်ယောက်စလုံး ထိတ်လန့်မိကြ၏။

တကယ်တော့လည်း ခသငယ်ဇာဒနှင့် မြောနေရှာသော သားငယ်ကို စောင့်ကြည့်ပြီး သောက ပရိဒေဝမီး တောက်လောင်နေရသည့် သူတို့ လင်မယားသည် ဟိုတုန်းကနှင့် ပူတော့သည် မဟုတ်၊ နှစ်ဦးစလုံးပင် အသက် အရွယ်



ကြီးရင့်ကာ အပြောင်း လွဲကြီး ပြောင်းလွဲနေကြပြီ မဟုတ်ပါလား။

ဗာရာဂုနှင့် ဖရော အက်ဒလီတို့ ပိုင်ရီ၏ အခန်းထဲ၌ သောကမီး တောက်မှုကို ခံစားနေရချိန်တွင် အဲလ်ဘတ်သည် သူ့ အခန်းထဲ၌ အိပ်၍မရ ဖြစ်နေသည်၊ အိမ်ထဲ၌ ရှိသော ချောက်ချားမှုနှင့် သောကမီးတို့သည် သူ့ ထံသို့ ကူးစက်ခဲ့ပြီ ဖြစ်၏။

သူသည် ညဉ့်လယ်ခန့်တွင် အိပ်ရာမှထကာ ပိုင်ရီ၏ အခန်းထဲသို့ ရောက်လာသည်၊ သူ ဘာများ လုပ်ပေးရမလဲဟု မေးသည်။

'ကျေးဇူး တင်ပါတယ် အဲလ်ဘတ်' ဟု ဗာရာဂုက ပြောသည်။ 'လုပ်စရာကတော့ ဘာမှ မရှိဘူး၊ မင့် ဘာသာမင်း အေးအေး ဆေးဆေးသာ အိပ်၊ ကျန်းမာအောင် နေ'

အဲလ်ဘတ် ပြန်ထွက် သွားသောအခါ ဗာရာဂုက သူ့ မိန်းမအား လှမ်းပြောသည်။

'မင်း အဲလ်ဘတ် နောက်ကို လိုက်သွားပြီး အားပေးစကား ပြောလိုက်ပါဦး'

ဖရောအက်ဒလီကလည်း ဗာရာဂုခိုင်းသည့်အတိုင်းလုပ်သည်၊ အခုလို တေးဖော်ရသည့် အတွက်လည်း သူ့ ယောကျ်ား၏ ကရုဏာ မကင်းသော စိတ်ထားကို ကျိတ်၍ သတိပြုမိသည်။

ဗာရာဂုက အက်ဒလီအား တရေး တမော သွား၍အိပ်ရန် အကြိမ်ကြိမ် တိုက်တွန်းသော်လည်း မရ၊ မိုးစင်စင် လင်းခါမှပင် သူ့ ယောကျ်ား စကားကို နားထောင်သည်။ မိုး

www.burmeseclassic.com



လင်းသွားသည့် အခါ သူနာပြု ဆရာမ ရောက်လာသည်။ ထိုအခါ ကျမှပင် ဗာရာဂုနားခွင့်ရသည်။ ပိုင်ရီ၏ အခြေအနေကတော့ ထူးခြားမှု မရှိ၊ တိုးတက်မှု မရှိ။

ချီတုံ ချတုံ ဖြစ်လျက် ရှိသောစိတ်ဖြင့် ဗာရာဂုသည် ပန်းခြံကို ဖြတ်လျှောက်လာသည်။ အိပ်ချင်စိတ် လုံးဝမပေါ်၊ သို့သော်လည်း သူ၏ ပူလောင် ကျိန်းစပ်နေသော မျက်လုံးများနှင့် ကိုယ်သက် မအီမသာ ဖြစ်မှုများက တရေးတမော အိပ်လိုက်ရန် သတိပေးလျက် ရှိ၏။

သူသည် ရေကန်ထဲသို့ ဆင်း၍ ရေချိုးသည်။ သူ့ တပည့် ရောဘက်ကို ခေါ်၍ ကော်ဖီ ဖျော်ခိုင်းသည်။ ထို့နောက် စတူဒီယိုထဲသို့ ဝင်၍ သူ ဆွဲထားခဲ့သည့် ပန်းချီ ကားချပ်ထဲမှ တောအုပ်ကို ပြန်၍ လေ့လာသည်။ ပန်းချီ ကားမှာ ကြွကြွ ရွရွနှင့် ဆန်းသစ်သော အသွင်အပြင် ပေါ်လွင်လျက် ရှိ၏။ သို့သော်လည်း သူ ရည်မှန်းထားသည့် အ တိုင်း တော့ ဖြစ်မလာသေး။

မည်သို့ပင် ဖြစ်စေ အခု အချိန်မှာတော့ သူ စီစဉ် စိတ်ကူး ထား သည့် ပုံ ကို အပြီးသတ်နိုင်မည် မ ဟုတ် သေး။ အဘယ်ကြောင့် ဆိုသော် သူ့ အနေဖြင့် မှိုင်ခေမာတွင် နောက်ထပ် လုံးဝ ပန်းချီကား မဆွဲတော့ဟု ဆုံး ဖြတ်ထားပြီး ဖြစ်သောကြောင့် ပေတည်း။

၁၃

ရက်ပေါင်း အတော် ကြာလာခဲ့ပြီ ဖြစ်သော်လည်း ပိုင်ရီ၏ အခြေအနေသည် ထူးထူး ခြားခြား ပြောင်းလဲလာခြင်း မရှိ၊ ပြင်းထန်သော ဝေဒနာ၏ ဖိစီးမှုကြောင့် တစ်နေ့လျှင် တစ်ကြိမ် နှစ်ကြိမ်မျှ အကြောဆွဲလိုက် တက်လိုက် ဖြစ်တတ်သည်။ ကျန် အချိန်များတွင် အိပ်ပျော်နေသည်က များ၏။ အိပ်ပျော်နေသည်ဟု ဆိုသော်လည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်နေခြင်းတော့ မဟုတ်၊ အသိအာရုံ ကင်းမဲ့ကာ မိန်းမောနေသည့် သဘောမျိုးသာ ဖြစ်၏။

ပူနွေးသော ရာသီဥတုသည် မုန်တိုင်းချော်း မကြာ မကြာ ကျရင်းနှင့်ပင် ကုန်ဆုံးသွားသည်။ ဥယျာဉ် ပန်းခြံများနှင့် ပတ်ဝန်းကျင် တစ်ခုလုံးကို လွှမ်းခြုံထားသော နွေဥယျာဉ်၏ ကြည်လင် တောက်ပမှုများသည် တဖွဲဖွဲ ရွာချနေသော မိုးခရုများ အောက်တွင် ကွယ်ပျောက် သွားခဲ့ကြလေပြီ။

နောက်ဆုံးတွင် ဗာရာဂုသည် တစ်ညတာမျှ သူ့ အခန်းသို့ ပြန်အိပ်သည်။ လွန်ခဲ့သော ရက်အနည်းငယ် အတွင်းကတော့ သူသည် ကိုယ်ရော စိတ်ပါ ပင်ပန်း နွမ်းနယ်ခဲ့ရသည့် အတွက်

www.burmeseclassic.com



ကိုယ် ပူသလိုလို နွေးသလိုလိုနှင့် ဖျားတော့ နာတော့မလို ဖြစ်ခဲ့ရ၏။ အခုကျတော့လည်း ဖွင့်ထားသည့် ပြတင်းပေါက်နား၌ ရပ်၍ အဝတ် လဲနေသော ဗာရာဂုသည် ချမ်းစိမ့်စိမ့် ဖြစ်လာ၁ တစ်ကိုယ်လုံး တုန်လျက် ရှိသည်။ ပတ်ဝန်းကျင်တွင် အအေးဓာတ် ဝင်နေပြီကို သူ သတိ သားလိုက်မိသည်။

သူသည် ပြတင်းပေါက်မှ အပြင်သို့ ခေါင်းပြူထွက်ကာ အလင်းရောင် ကင်းမဲ့နေသည့် နံနက်ခင်း၏ မိုးနှင့် သင်းနေသော လေကို အားရပါးရ ရှူမိသည်။ ထိုင်းမှိုင်း စွတ်စိုနေသော မြေနှင့်သည် သင်းပျံ့လျက် ရှိ၏။ ဆောင်းဦးပေါက်ဖို့ နီးကပ်လာလေပြီ။

သာမန် အချိန်များတွင် ဗာရာဂုသည် ရာသီဥတု အကူး အပြောင်းကို အမြဲတစေ သတိ ထားမိတတ်သူ ဖြစ်သည်။ ယခုနှစ်တွင် ပူနွေးဥတု ကုန်ဆုံးသွားခြင်းကို သူ လုံးဝမသိလိုက်။ သူ သတိ မထားမိဘဲ ရာသီတရက် ပြောင်းလဲသွားသည့်အတွက် အံ့အား သင့်မိ၏။ သူ့ စိတ်ထဲတွင် သူသည် ပိုင်ရှိ၏ အခန်းထဲ၌ လပေါင်းများစွာ နေခဲ့သည် ဟုပင် ထင်မိလေ၏။

သူသည် မိုးကာ အင်္ကျီကို ကောက်ဝတ်လိုက်ပြီး အိမ်ကြီး ဘက်သို့ ကူးလာခဲ့သည်။ ပိုင်ရှိမှာ စောစောက အိပ်ရာမှ နိုးလာသေးကြောင်း၊ လွန်ခဲ့သော တစ်နာရီလောက်ကမှ ပြန်၍ အိပ်ပျော်သွားကြောင်း သိရသည်။

သူသည် နံနက်စာကို အဲလ်ဘတ်နှင့် တွဲ၍ စားသည်။ အဲလ်ဘတ်သည် ပိုင်ရှိ ထိုင်မကောင်း ဖြစ်သည့်အတွက် များစွာ စိတ် ထိခိုက်လျက် ရှိ၏။ သို့သော်လည်း သူ့ စိတ်ထဲ၌ ခံစားနေရသမျှကိုမူ အပြင်သို့ ထုတ်ဖော် ပြသခြင်း မပြုဘဲ မျိုသိပ်ထားလေသည်။

ကျောင်းစာများ လုပ်ရန် သူ့ အခန်းထဲသို့ အဲလ်ဘတ် ပြန်သွားသည့် အခါ ဗာရာဂုသည် ပိုင်ရှိထံသို့ လာခဲ့သည်။ ပိုင်ရှိသည် အိပ်ပျော်နေဆဲ ဖြစ်၏။ ထုံးစံအတိုင်း သူသည် ပိုင်ရှိ၏ အိပ်ရာဘေး၌ ဝင်ထိုင်သည်။

မကြာသေးမီ ရက်များ အတွင်းက သူ့ ရင်ထဲတွင် သူ့ သား၏ အဆုံးသတ် ခရီးကို အလျင်အမြန် ပြီးဆုံးသွားစေ လိုသော ဆန္ဒ မကြာခဏ ပေါ်ခဲ့သည်။ ယင်းကဲ့သို့ ဖြစ်ရ ခြင်းမှာ အကြောင်းမဲ့ မဟုတ်၊ သူ့ သား၏ အကျိုးအတွက် ဖြစ်၏။ သူ့ သား စကား မပြောဘဲ မည်မျှကြာကြာ နေရဦး မည်နည်း။ လက်ရှိ ခံစားနေရသည့် ဝေဒနာကို နောက်ထပ် မည်မျှကြာကြာ ခံစား နေရဦး မည်နည်း။ အခုလို တပင် တပန်း ဝေဒနာ ခံစားနေရသည့် အဖြစ်ကို သူ မကြည့်ရက် မမြင်ရက်။

မည်သို့ပင်ဖြစ်စေ ဗာရာဂုသည် သူ့ သားအတွက် လူမမာ မစောင့်ရသည့် အလုပ်ကိုတော့ တစ်ရက်တစ်နာရီမျှပင် အလွတ် မခံ။ မတော်တဆ လွှတ်သွားမည်ကိုပင် စိုးရိမ်မိသဖြင့် အမြဲ တနေ့ တီထား၍ ပြုလုပ်ခဲ့သည် မဟုတ်ပါလော။

တကယ်တော့ သူ့ သား ပိုင်ရှိသည် သူ့ အပေါ် တွယ်တာ ခဲ့သူ ဖြစ်၏။ နေကောင်းနေစဉ်ကဆိုလျှင် ပိုင်ရှိသည် သူ့ထံသို့ ကြာခဏ ရောက်လာလေ့ ရှိသည်။ ထိုစဉ်တုန်းကတော့



www.burmeseclassic.com

www.burmeseclassic.com



သူသည် အလုပ်များနေ၍ သို့မဟုတ် အလုပ်ပင်ပန်းလွန်း၍ သူ့သားကို ဂရုမစိုက်နိုင်။

တစ်ခါတစ်ရံတွင် သူသည် သူ့သား ပိုင်ရီ၏လက်ကို ဆွဲကိုင်ထားသော်လည်း သူ့စိတ်က အဝေးသို့ ရောက်နေတတ်သည်။ ပိုင်ရီက စကား ပြောလာလျှင်လည်း သူက ဂရုတစိုက် နားထောင်ခြင်း မပြု။ အခုကျတော့လည်း ပိုင်ရီ၏ နှုတ်မှ ထွက်ခဲ့သော စကားလုံးတိုင်းသည် တန်ဖိုး မဖြတ်နိုင်သည့် ရတနာများ ဖြစ်နေပြီ။

သူ့သား၏ အဖြစ်သည် ရင်နာစရာ ကောင်းလှချေသည်။ အခုဆိုလျှင် အိပ်ရာပေါ်၌လှဲကာ ရောဂါဝေဒနာ၏ ဒဏ်ကို အလူးအလှိမ့် ခံနေရရှာ၏။ တစ်ယောက်တည်း သေမင်းကို ရင်ဆိုင်၍ ရုန်းကန် လှုပ်ရှားနေရ ရှာ၏။ အသက်အရွယ်နှင့် မမျှအောင် ဖိစီးလာသည့် ဝေဒနာ၏ဒဏ်ကို ခုခံတွန်းလှန်နေရသည့် ဆိုးရွားသော အတွေ့အကြုံနှင့် ရင်ဆိုင်နေရရှာ၏။

အခုလို အချိန်မျိုးတွင် သူသည် သူ့သားငယ် ပိုင်ရီအနီး၌ အမြဲတစေ ရှိနေချင်၏။ သူ့သားငယ်က သူ့ကို တွေ့ချင် မြင်ချင်စိတ် ပေါ်လာသည့် အချိန်မျိုး သို့မဟုတ် သူ့သားငယ်က သူ့ထံမှ အကူအညီ တစ်ခုခု ရယူလိုစိတ် ပေါ်လာသည့် အချိန်မျိုး သို့တည်းမဟုတ် သူက သူ့သားငယ် အပေါ်၌ မေတ္တာနှင့် ကရုဏာကို ဖော်ပြရမည့် အချိန်မျိုးတွင် သူ အနီး၌ မရှိခဲ့ပါမူ သူသာလျှင် စိတ်နှလုံး ထိခိုက်ကြေကွဲခြင်း ဖြစ်ရပေတော့မည်။



ထိုနေ့ နံနက်က သူသည် ရက်ပေါင်းများစွာ အပင်ပန်းခံခဲ့ရသဖြင့် အကျိုးထူးတစ်ရပ်ကို ခံစားရသည် ထင်၏။ ပိုင်ရီသည် မျက်လုံးများကို ဖွင့်၍ သူ့ကိုကြည့်ပြီး ပြုံးရုံမျှမက အလွန် ပင်ပန်းနွမ်းနယ်လျက်ရှိသော လေသံဖြင့် 'ဖေဖေ' ဟု ခေါ်သည်။

သူ မကြားရသည်မှာ ကြာပြီ ဖြစ်သော အသံ ဖြစ်၏။ ဤခေါ်သံကြောင့် သူ့နှလုံးသားသည်ပြင်းစွာတုန်လှုပ်ရသည်။ အသံမှာ တိုးတိုးကလေးဖြစ်၍ အလွန်အမင်း အားအင်ချည့်နဲ့ခြင်းကို ဖော်ပြနေသော အသံ ဖြစ်သည်။

သို့တစေလည်း ဤအသံသည် သူ့ကိုခေါ်လိုက်သော အသံ ဖြစ်သည်။ ရက်ပေါင်းများစွာ သူကြားခဲ့ရသည့် အသံမှာ ဤအသံမျိုး မဟုတ်။ ရောဂါဝေဒနာ၏ဒဏ်ကို ခံစားရလွန်းသဖြင့် ထွက်ပေါ်လာနေသည့် ညည်းတွားသံများနှင့် မပီကလာ ပီကလာ ရေရွတ်သံများသာ ဖြစ်၏။ အခုလို အသံမျိုးကို မမျှော်လင့်ဘဲ ကြားလိုက်ရသောအခါ ဝမ်းသာစိတ်ဖြင့် ထိတ်လန့်တကြားပင် ဖြစ်ရလေသည်။

'ပိုင်ရီ သားလေး'

သူသည် ပိုင်ရီ၏ ကိုယ်ပေါ်သို့ ငုံ့၍ ပြုံးနေသော နှုတ်ခမ်းများကို တယုတယ နမ်းသည်။ ပိုင်ရီကို ကြည့်ရသည်မှာ ခါတိုင်းနေ့များကထက် ပို၍ လန်းဆန်း ကြည်လင်လာသည် ထင်၏။ ပို၍ ကြည်လင် ရွှင်လန်းနေပုံလည်း ရ၏။ သူ့ မျက်လုံးများသည် ကြည်လင် တောက်ပနေသည်။ တက်ကြွနေသည်။

www.burmeseclassic.com



မျက်ခုံးများကြား၌ ထင်နေသည့် အရေးအကြောင်းများသည် ပင်လျှင် ပျောက်ကွယ်နေပြီ ဖြစ်သည်။

'သားလေး နေရ ထိုင်ရတာ သက်သာသလား'

ပိုင်ရီက ပြုံး၍ ကြည့်နေသည်။ ဗာရာဂုက သူ့သားဆီသို့ လက်တစ်ဖက် ကမ်းပေးသည်။ ထိုအခါ သူ့သားက သူ၏ သေးသွယ်သွယ် လက်တစ်ဖက်ကို သူ့လက်ထဲသို့ ထည့်ပေးသည်။ ဤလက်ကလေးသည် ဘယ်တုန်းကမှ အားကောင်းမောင်းသန် မရှိခဲ့၊ အခုကျတော့ ပို၍ပင် ပိန်လှီသေးကွေးကာ ဖြူရော်ရော် ဖြစ်လျက် ရှိနေလသည်။

'အခု ငါ့သား မနက်စာ စားလိုက်ပါလား၊ ပြီးရင် ဖေဖေက ပုံပြောပြမယ်'

'ဖေဖေပုံပြောရင် မန္တာလတ်စပါးနှင့် ငှက်ကလေးတွေ အကြောင်း ပုံကို ပြောပြနော်' ပိုင်ရီက ပြောသည်။ ဗာရာဂူ အဖို့တော့ အံ့ဩဖွယ်သူရဲ ထူးကဲသော အဖြစ်တစ်ခုနှင့် ကြုံတွေ့ရသလို ဖြစ်နေသည်။ အခုလို ပိုင်ရီ စကား ပြောလာလိမ့်မည် ပြုံးရယ်လာလိမ့်မည်ဟု သူ လုံးဝ မျှော်လင့်ထားသည် မဟုတ်။

ဗာရာဂုသည် သူ့သားအတွက် နံနက်စာ ယူပေးသည်။ သား ပိုင်ရီကလည်း လိုလိုချင်ချင် စားသည်။ ကြက်ဥ နောက်တစ်လုံးကိုပင် ထပ်၍စားသည်။ ထို့နောက် သူ့အနှစ်သက်ဆုံး ရုပ်ပြစာအုပ်ကို တောင်းသည်။ သူ့အဖေကလည်း စာအုပ်ကို ယူပေးပြီး မိုးရွာနေသောနေ့၏ မှုန်ပျပျ အလင်းရောင် ဝင်သာအောင် ခန်းဆီးတစ်ခုကို ဖယ်ပေးသည်။



ပိုင်ရီက လှဲနေရာမှ ကြိုးစားအားယူပြီး ထိုင်သည်။ အခုလို ထိုင်ဖို့ ကြိုးစားရသည့်အတွက် နာကျင်သောဝေဒနာကို ခံစားရသည့် လက္ခဏာမရှိ။ ထို့နောက် သူသည် စာအုပ်ထဲမှ ရုပ်ပုံများကို စိတ်ဝင်တစား ကြည့်နေသည်။

အတန်ကြာသောအခါ ကြာကြာ ထိုင်နေလိုက်ရသည့် အတွက် ပင်ပန်းနွမ်းနယ်ပုံ ပေါ်လာသည်။ ငြိုးငွေ့လာပုံ ရ၏။ မျက်လုံးများလည်း သြောင်းလာဟန် တူသည်။ သူ့ကို အိပ်ရာပေါ် ပြန်လှဲပေးဖို့ သူ့အဖေအား ခိုင်းသည်။ စာအုပ်ထဲမှ ကဗျာတချို့ကို ဖတ်သည်။ အထူးသဖြင့် ဆေးဆရာ မစ်ဆစ်လ်တိုးပန်းထံသို့ ဆေးကုသပေးရန် သွားပြောကြသည့် သစ္စာ့သီး အကြောင်း ဖွဲ့ထားသော ကဗျာကို ဖတ်ခိုင်းသည်။

'ဆေးဆရာကြီး မစ်ဆစ်လ်ဘိုးရာ
ခင်ဗျားရဲ့ လိမ်းဆေးတွေနှင့် ကျုပ်ကို ကုပေးပါ၊
ကျုပ်မှာ အဆစ်အမြစ်တွေ ကိုက်ခဲနေလို့
မသွားနိုင် မလာနိုင် ဖြစ်နေရပါပြီ ဗျာ'

ဗာရာဂုသည် ကဗျာများကို ရွှင်လန်းမြူးထူးသော လေသံဖြင့် ဖတ်ပြနေသော်လည်း ရင်ထဲမှာကတော့ မချိ။ ပိုင်ရီကတော့ သူ့အဖေ ဖတ်ပြသမျှကို နားထောင်ရင်း ပြုံးသည်။ သို့တစေလည်း ဤကဗျာများတွင် ယခင်က ရှိနေခဲ့သော အားများကတော့ မရှိတော့။ သူကပဲ အသက်အရွယ် အိုမင်း ရင့်ရော်သွားလို့လား။ နောက်ဆုံး ကြားခဲ့ရသည့် အချိန်က လောက်ပင် ထိထိခိုက်ခိုက် မရှိ၊ အရသာခံ၍လည်း မရ။

www.burmeseclassic.com

www.burmeseclassic.com



ဤစာအုပ်ထဲမှ ရုပ်ပုံများနှင့် ကဗျာများ သည် အလွန်သာယာပြီး ရယ်မောပျော်ရွှင်ခဲ့ရသည့် နေ့ရက်များကို သတိရဖြစ်စေခဲ့သည် ထင်၏။ သို့သော်လည်း ဘာကြောင့်ရယ်လို့တော့ တိတိကျကျ မသိ။

ပိုင်ရီအနေဖြင့် သူ၏ ကလေးဘဝက အဖြစ်များကို ပြန်၍စဉ်းစားလိုက်သည့်အခါ လူကြီးတစ်ယောက်၏ ခံစားရသည့် ကြေကွဲ ဝမ်းနည်းမှုမျိုး၊ လိုချင် တောင့်တမှုမျိုးနှင့် ကြုံခဲ့ရသော သူ့ဘဝကို သတိရမိ၏။ သူသည် ကလေးတစ်ယောက် မဟုတ်တော့ ဟုပင် ထင်မိသည်။ အမှန်တော့ သူသည် အဘက်ဘက်တွင် ပုန်းအောင်း ချောင်းမြောင်း နေသည့် သေခြင်း တရားနှင့် ရင်ဆိုင်နေရသော နာတာရှည် လူမမာ တစ်ဦး ဖြစ်နေပြီ မဟုတ်ပါလော။

မည်သို့ပင်ဖြစ်စေ ထိုနေ့ မနက်သည် သာယာကြည်လင်မှုများနှင့် ပြည့်နေသဖြင့် ကြောက်စရာ ကောင်းသည့် နေ့ရက်များသည် ကုန်ဆုံးသွားသည် ဟုပင် ထင်၏။ ပိုင်ရီသည် ငြိမ်ငြိမ်အေးအေး ရှိလှသည်။ ဗာရာဂုသည် မျှော်လင့် ချက် အစအနကလေးကို ထိခတွေ့မိသည့်နှယ် ခံစားရသည်။ သူ သွားငယ်သည့် နောက်ဆုံးတွင် အသက်ဘေးမှ လွတ်ကင်းမည့် အခြေအနေ ရှိလာလေမလား။ အကယ်၍ အသက်နှင့်ကိုယ် မြဲခဲ့သည်ရှိသော် ပိုင်ရီကို သူ ပိုင်ဆိုင်ရတော့မည် ဖြစ်၏။

ထိုအတောအတွင်း မှာပင် ဆရာဝန် ရောက်လာသည်။ ပိုင်ရီ၏ ခုတင်ဘေး၌ အချိန် အတန်ကြာမျှ ထိုင်သည်။ သို့သော်လည်း သူသည် ပိုင်ရီအား စစ်ဆေးခြင်း မပြု၊ ဘာ



မေးခွန်းမှလည်း မမေး။ ထိုအခိုက် ယမန်နေ့ညက သူနာပြုဆရာမနှင့် အတူတွဲ၍ ပိုင်ရီအား စောင့်နေခဲ့ရသော ဖရော အက်ဒလီ အခန်းထဲသို့ ရောက်လာသည်။ သူ လုံးဝ မျှော်လင့်မထားသော တိုးတက်မှု အခြေအနေကြောင့် မယုံကြည်နိုင်လောက်အောင် ဖြစ်နေသည်။ သူသည် ပိုင်ရီ၏ လက်များကိုဆွဲ၍ တအားကုန် ဆုပ်ကိုင်ထားသည်။ မျက်လုံးအစုံတွင် ပြည့်နေသည့် မျက်ရည်များ စီးကျမလာအောင် မနည်းကြိုးစား၍ ထိန်းနေရသည်။ အဲလ်ဘတ်ကိုလည်း ရုတ်တရက် ပြောင်းလဲလာသော အခြေအနေကြောင့် အခန်းထဲသို့ ခဏ တစ်ဖြုတ်ဝင်ကြည့်ခွင့် ပြုခဲ့သည်။

'သိပ်ကို အံ့ဩစရာ ကောင်းတဲ့ အဖြစ် တစ်ခုပါပဲ ဒေါက်တာ' ဟု ဗာရာဂုက ပြောသည်။ 'ဒေါက်တာ ကော မအံ့ဩဘူးလား'

ဆရာဝန်က ခေါင်းညိတ်သည်၊ ပြီးတော့ ပြုံးပြသည်။ ထင်မြင်ချက်တော့ မပေး။ သူ တွေ့မြင်ရသည့် အခြေအနေအတွက် စိတ်အား ထက်သန်မှုကို မပြ။ ချက်ချင်းပင် ဗာရာဂု စိတ်ထဲ၌ သံသယ ဝင်လာခဲ့သည်။ ဗာရာဂုက ဆရာဝန်၏ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်၍ အကဲခတ်သည်။ ဆရာဝန်သည် ပြုံးနေသော်လည်း သူ့ မျက်လုံးများထဲ၌ ရှိနေသည့် သောက ရိပ်များကတော့ ပျောက်ကွယ်မသွား။ ထို့နောက် ဆရာဝန်နှင့် သူနာပြု ဆရာမတို့ နှစ်ကိုယ်ကြား စကားပြောနေကြသည်ကို ဗာရာဂု နားစွင့်သည်။ ပြောနေကြသည့်စကားများကို တစ်လုံး တစ်ပါဒမျှ သူ နားမလည်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်၏ တီးတိုးစကားထဲများတွင် အန္တရာယ် မကင်းသည့် အကြောင်းအရာတစ်ခု ပါနေသည်ဟု ယူဆသည်။

နောက်ဆုံးတွင် ဗာရာဂူသည် ဆရာဝန်အား မြင်းရထားနား အထိ လိုက်ပို့ပြီး သူ သိလိုသည့် မေးခွန်းကို မေးသည်။

'အခု အခြေအနေကို တိုးတက်တဲ့ လက္ခဏာသို့ ဒေါက်တာ မထင်ဘူး မဟုတ်လား'

ဆရာဝန်၏ ထိန်းချုပ်ထားသော အရုပ်ဆိုးဆိုး မျက်နှာသည် ဗာရာဂူဘက် လှည့်လာသည်။

'နာရီနည်းနည်းခလောက် သက်သောင့်သက်သာ နေရတယ် ဆိုရင်လည်း ဝမ်းသာရမှာပဲ၊ သူ့ အနေနှင့် အခုလို သက်သက်သာသာ နေရတာ အချိန် ကြာလိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ကြတာပဲ ကောင်းပါတယ်'

ဤစကားမျိုး ပြောလိုက်သည့် ဆရာဝန်၏ မျက်လုံးများ တွင်မူ မျှော်လင့်ချက် ထားသည့် အရိပ်အငွေ့ စိုးစဉ်းမျှ မမြင်ရချေ။

ဗာရာဂူသည် ပိုင်ရီ၏ အခန်းဆီသို့ လျင်မြန်စွာ ပြန်လာခဲ့သည်။ ဖခရာ အက်ဒလီသည် သူ့ သားအား 'အိပ်ပျော်နေသော အလှ' ပုံပြင်ကို ပြော ပြ လျက် ရှိသည်။ ဗာရာဂူက အက်ဒလီ၏ ဘေးတွင် စင်ထိုင်ကာ ပုံပြင်နားထောင်နေသည့် သားငယ်၏ မျက်နှာကို အကဲခတ်သည်။

'နောက်တစ်ပုံ ထပ်ပြောဦးမလား'ဟု ဖခရာအက်ဒလီက မေးသည်။



'တော်ပြီ၊ နောက်မှ နားထောင်မယ်'ဟု ပိုင်ရီက ပန်းလျလျ ခလေးသံဖြင့် အဖြေပေးသည်။

အက်ဒလီသည် အချက်အပြုပ် ကိစ္စများကို စီမံခန့်ခွဲရန် မီးဖိုချောင်ဘက် ကူးသွားသည်။ ဗာရာဂူသည် သူ့ သား၏ လက်များကို ဆွဲ၍ ဆုပ်ကိုင်ထားသည်။ သားအဖနှစ်ယောက် စလုံး ငြိမ်ဆိတ်နေကြသည်။ ပိုင်ရီကတော့ သူ့ အဖေမျက်နှာ ကို မကြာမကြာ မော့ကြည့်ပြီး ပြုံးသည်။ သူ့ အဖေ အနားၐ ရှိနေသည့်အတွက် ဝမ်းသာ ပျော်ရွှင်နေသည့်နှယ် ရှိ၏။ သို့သော်လည်း သူ့ အပြုံးသည် လျော့ရဲရဲ နိုင်လှချေသည်။

'သား ကနေ့ အများကြီး သက်သာ လာတယ်' ဟု ဗာရာဂူက ပြောသည်။

ပိုင်ရီ၏မျက်နှာသည် မသိမသာ နီရဲသွားသည်။ သူ့ ဖခင်၏ လက်ထဲ၌ ရောက်နေသော သူ၏ လက်ချောင်းကလေးများ သည် တလှုပ်လှုပ် တရွရွ ဖြစ်နေကြသည်။

'ဖေဖေ သားကို ချစ်တယ်နော်'

'ချစ်တာပေါ့ သားရယ်၊ မင်းဟာ ဖေဖေ့ရဲ့ အချစ်ဆုံး သားပါ၊ သား နေကောင်းသွားရင် ဖေဖေတို့ သားအဖ အမြဲတမ်း အတူတူ နေကြရတော့မှာပါ'

'ဟုတ်တယ်နော်၊ တစ်ခါတုန်းက သားဥယျာဉ်ထဲ ရောက် သွားတာ တစ်ယောက်တည်းရယ်၊ ဖေဖေတို့ အားလုံးက လည်း သားသားကို မချစ်ကြတော့ဘူး၊ ဖေဖေတို့အားလုံးက သားကို ချစ်ရင် ကောင်းမှာ၊ သားမှာ နာရင်လည်း ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



တို့က ကူညီရမှာ မဟုတ်လား၊ တစ်ခါတစ်ခါ နာရင် သိပ်ကိုနာတာ ဖေဖေရဲ့'

ပိုင်ရီ၏ မျက်လုံးအစုံသည် မပွင့်တပွင့်၊ ပြောနေသည့် အသံကလည်း တိုးလွန်းသည်။ ဗာရာဂုသည် သူ့သား၏ စကားများကို ပီပီသသ ကြားနိုင်ရန် သူ့သား၏ ပါးစပ်နားအထိ သူ့နားကို ကပ်ထားရလေသည်။

'သားသားကို ဖေဖေတို့က ကူညီမှဖြစ်မှာ၊ သား ကောင်းကောင်း နေပါ့မယ်၊ ဖေဖေက သားကို မဆူပါနှင့်၊ နောက်ကို မဆူတော့ဘူး မဟုတ်လား၊ သားကို မဆူပါနှင့်လို့ အဲလ်ဘတ်ကိုလည်း ပြောပေးပါ'

ပိုင်ရီ၏ မျက်ခွံများသည် တဆတ်ဆတ်လှုပ်လာပြီး ဖျတ်ခနဲ မျက်လုံးများ ပွင့်သွားသည်၊ သို့သော်လည်း သူ့မျက်လုံးများသည် အမှောင်ဖုံးနေကြသည်။ မျက်ဆံများသည် ကြီးလာသည်။

'အိပ်တော့နော် သား၊ အိပ်လိုက်တော့၊ သား မောနေပြီ၊ အိပ်....၊ အိပ်၊ အိပ်လိုက်'

ဗာရာဂုက ပိုင်ရီ၏ မျက်လုံးများကို အသာအယာ ပိတ်ပေးကာ ငယ်ငယ်တုန်းက သိပ်သလို သီချင်း ညည်းသံပေး၍ သိပ်သည်။ သူ့သားကို ကြည့်ရသည်မှာ အိပ်ပျော်သွားပုံ ရလေသည်။

နောက် တစ်နာရီအကြာတွင် သူနာပြုဆရာမ ဝင်လာပြီး လှူချင်းလဲသည်။ ဗာရာဂုသည် ထမင်းစားခန်းသို့ ရောက်



သွားသည်၊ တွေတွေဝေဝေ ငေးငေးငိုင်ငိုင်ဖြင့် ဟင်းချိုရည် တစ်ပန်းကန်ကို ငြိမ်ဆိတ်စွာ ထိုင်၍ သောက်နေသည်။ သူ့ပတ်ပတ်လည်၌ ဘာတွေပြောနေကြသည်ကို မကြား။ သူ့နားများသည် သူ့သားငယ်၏ ချစ်စရာကောင်းသော၊ သာယာအေးဆေးသော တီးတိုး စကားပြောသံများသာလျှင် ပဲ့တင်ထပ်လျက် ရှိသည်၊ အခုလို သူ့သား ပိုင်ရီနှင့် နောက်ထပ် အကြိမ်ပေါင်း မည်မျှ စကားပြောရပါဦးမည်နည်း၊

ဗာရာဂု၏ လက်သည် ရေပုလင်းဆီသို့ ရောက်သွားသည်၊ သူ့ဖန်ခွက်ထဲ ရေထည့်ရန် ဖြစ်သည်။ ထိုအခိုက်မှာပင် သူ၏ စိတ်ကူးယဉ် အိပ်မက်သည် ပိုင်ရီ၏ အခန်းဆီမှ ထွက်ပေါ်လာသည့် စူးစူးရှရှ အော်သံကြောင့် ပျက်ပြယ်သွားသည်။ သုံးယောက်သား စားပွဲမှ ခုန်းခနဲ ခုန်၍ ထလိုက်ကြသည်။ ရေပုလင်းသည် လဲကျကာ စားပွဲပေါ်၌ လိမ့်သွားပြီး ကြမ်းပေါ်သို့ ကျသွားလေ၏။

တစ်ခဏချင်းမှာပင် ဗာရာဂုသည် အခန်း အပြင်ဘက်သို့ ပြေးထွက်သွားပြီး ပိုင်ရီ့ အခန်းထဲသို့ တစ်မုဟုတ်ချင်း ရောက်သွားသည်၊

'ရေခဲအိတ် ယူခဲ့ပါ' ဟု သူနာပြု ဆရာမက အော်သည်။

ဗာရာဂုကတော့ ဘာသံကိုမှ မကြား၊ သူ့အသိကို ပြင်းထန်စွာ ရိုက်ခတ်လိုက်သည့် အော်သံမှတစ်ပါး အခြား ဘာသံကိုမှ သတိမပြုမိ။ အော်သံသည် သူ့ အသားထဲသို့ ဓား တစ်ချောင်း

www.burmeseclassic.com



ဝင်စိုက်လိုက်သည်နှယ် ရှိသည်။ သူသည် ပိုင်ရှီ၏ အိပ်ရာဆီသို့ ကပျာကယာ ပြေးသည်။

ပိုင်ရှီသည် အိပ်ရာထက်တွင် လှဲလျက်ပင် ရှိသည်။ မျက်နှာသည် ဆီးနှင်းခဲသဖွယ် ဖြူဖွေးနေသည်။ ပါးစပ်သည် ကြောက်စရာကောင်းလောက်အောင် ရှုံ့မဲ့ရှုံ့ခဲ့စောင်းနေသည်။ သူ၏ ပိန်လှီသေးကွေးလှသော ခြေထောက်များသည် အကြောဆွဲကာ ဆိုးဆိုးဆတ်ဆတ် တုန်နေကြသည်။ တစ်ကိုယ်လုံး ထွန့်ထွန့်လူးကာ အိပ်ရာထက်တွင် လူးလိမ့်နေသည်။ သူ့မျက်လုံးများသည် ထိတ်လန့်ကြောက်ရွံ့နေသည့်နှယ် ပြူးထွက်နေကြသည်။ ထို့နောက် ဖြန်းခနဲ နောက်တစ်ကြိမ် ထပ်အော်ဟစ်သည်။ အော်လိုက်သည့် အသံမှာ စောစောကထက် ပို၍ပြင်းထန်ပြီး ပို၍ ကျယ်လောင်သည်။

သူ့ခန္ဓာကိုယ်သည် ပြင်းထန်စွာ လှုပ်ရှားပြီး တွန့်လိမ်ကွေးကောက်သွားသည်။ လှုပ်ရှားမှု အရှိန်ကြောင့် ခုတင်သည်ပင်လျှင် လှုပ်ခါနေသည်။ သူ့လက်ထဲတွင် ခုတင်သည် နိမ့်သွားလိုက် ပြန်တက်လာလိုက် စောင်းသွားလိုက်နှင့် ပြောင်းဆန်လျက် ရှိလေသည်။

အားလုံး ထိတ်လန့်ထကြား ငိုင်း၍ ကြည့်နေရုံမှတစ်ပါး ဘာမှ မလုပ်နိုင်ကြ။ သူနာပြုဆရာမက အခြေအနေကို ဝင်ထိန်းသည်။ ထိုအခါကျမှ ဗာရုဂုသည် ခုတင်ဘေးတွင် ဒူးထောက်ထိုင်ကာ ထွန့်ထွန့်လူးနေသော ပိုင်ရှီကို ဝင်၍ ထိန်းပေးသည်။ သံတောင်ပေါင်ကို တအားကုန် ဆုပ်ကိုင်ထားသော ပိုင်ရှီ၏ ညာဘက်လက်သည် သွေးချင်းချင်းနီလျက် ရှိ၏။



ထို့နောက် သူသည် ပက်လက်ဖြစ်နေရာမှ အလျားမှောက်လိုက်ပြီး ခေါင်းအုံးကို တအားကုန် ကြိတ်၍ ကိုက်ကာ ဘယ်ဘက် ခြေထောက်ဖြင့် ဆောင့်၍ ဆောင့်၍ ကန်ကျောက်နေသည်။ တစ်ချီတစ်ချီတွင် တစ်ခဏမျှ ငြိမ်သက် သွားတော့သော်လည်း ချက်ချင်းလိုလိုပင် ထိုပုံစံအတိုင်း ပြန်၍ လှုပ်ရှားပြန်သည်။

အမျိုးသမီးများသည် ပိုင်ရှီအား ဝိုင်း၍ ကြပ်ထုပ်ထိုးပေးနေကြသည်။ အဲလ်ဘတ်ကိုမူ သူ့အခန်း သူပြန်၍နေရန် ပြန်လွှတ်လိုက်ကြသည်။ ဗာရုဂုကတော့ ဒူးထောက်၍ ထိုင်လျက်ပင် ရှိ၏။ သူသည် သူ့သား၏ ခြေထောက်လှုပ်ရှားပုံကို ငေးကြည့်နေသည်။ လွန်ခဲ့သော နာရီ အနည်းငယ်ခန့်က ပြုံးရယ်နေခဲ့သော သားငယ်သည် အခုကျတော့ တစ်ကိုယ်လုံး တုန်လှုပ်နေသည့် စက်ရုပ်တစ်ရုပ်နှင့် တူနေပြီ ဖြစ်၏။

'ဖေဖေတို့အားလုံး သားအနားမှာ ရှိတယ်'ဟု ဗာရုဂုက အော်ပြောသည်။ 'ပိုင်ရှီ သား....၊ ဖေဖေတို့ မင်းကို ဝိုင်းပြီး ကူညီနေကြတယ်'

သို့သော်လည်း သူ့နှုတ်ခမ်းများနှင့် သူ့သား၏ စိတ်အာရုံတို့ကို ဆက်သွယ်ရာ လမ်းကြောင်းသည် ပြတ်တောက်နေလေပြီ။ သူ၏ ဖျောင်းဖျသော စကားများနှင့် လူ၏ အားပေးသော စကားများသည် သေအံ့ဆဲဆဲ ဖြစ်နေသော သားငယ်၏ အတိုင်းကျဉ်း လောကအတွင်းသို့ ထိုးဖောက် ဝင်ရောက်နိုင်စွမ်း မရှိ။ သူ့သားငယ်သည် လူနှင့် အလှန် အလှမ်းဝေးကွာသည့် ပြင်ပကမ္ဘာသို့ ရောက်သွားကာ ကိုယ်စိတ်နှစ်ပါး ဆင်းရဲ

www.burmeseclassic.com



ခြင်းနှင့် သေခြင်းတရားတည်း ဟူသော ဧရဲပြည် အတွင်း၌ လှည့်လည်သွားလာလျက် ရှိနေပြီဖြစ်၏။

ခုတင်ဘေး၌ ဒူးထောက်ထိုင်ကာ သားဖြစ်သူအား ကူညီနိုင်မည် ဆိုလျှင် မိမိ အနေဖြင့် ဘယ်လို ဒုက္ခမျိုးပဲ ခံရ ခံရ ဟူသော စိတ် စေတနာမျိုး အပြည့်အဝ ရှိနေသည့် လူတစ်ယောက် အတွက် အော်ဟစ် ငိုကြွေးနေလေမလား။

အနေခြအနေသည် လမ်းဆုံးသို့ ရောက်သွားပြီဟု သူတို့အားလုံး သိနေကြပြီ ဖြစ်၏။ ပြင်းထန်သော ဝေဒနာ တစ်ခုကို ခံစားနေရသည့် တိရစ္ဆာန် တစ်ကောင် အော်လိုက်သည့်နှယ် စူးစူးဝါးဝါး အော်လိုက်သော အသံ ပေါ်လာပြီး ကတည်းက မြိုင်ခေမာ အိမ်ကြီး၏ တံခါးဝနှင့် ပြတင်းပေါက်တိုင်းတွင် သေခြင်းတရားသည် တွယ်ကပ် ချောင်းမြောင်းနေပြီ ဖြစ်ကြောင်းကို သူတို့အားလုံး နားလည် နေကြသည်။ သို့သော်လည်း မည်သူမျှ ထိုအကြောင်းကို မပြောကြ၊ စိတ်ထဲကတော့ ကျိတ်၍ အသိအမှတ် ပြုထားကြပြီ ဖြစ်၏။

ဒဲလ်ဘာတ်နှင့် တကွ အိမ်ကြီး အောက်ထပ်ရှိ အိမ်စေမများသာ မက ဤ အိမ်ကြီးမှ ခွေးသည်ပင်လျှင် ဤအချက်ကို သိမြင် နေကြပြီ ဖြစ်သည်။ ယင်းကဲ့သို့ နားလည်ထားသော်လည်း သူတို့အားလုံးသည် ရေနွေးကျိုကြ၊ ရေခဲ ယူပေးကြနှင့် ဗျာများလျက် ရှိကြသည်။

အမှန်တော့ တိုက်ပွဲသည် ပြီးဆုံးသွားခဲ့ပြီ ဖြစ်သည်။ ထို တိုက်ပွဲတွင် ထားရှိခဲ့သည့် မျှော်လင့်ချက်များမှာလည်း လွင့်စဉ် ပျောက်ကွယ်သွားခဲ့လေပြီ။



ပိုင်ရီမှာ သတိ လစ်သွားခဲ့ပြီ ဖြစ်၏။ သူ့ ခန္ဓာကိုယ်သည် အအေး မိထားသည့်နှယ် ဆတ်ဆတ် တုန်လျက် ရှိသည်။ ကြိုကြား ကြိုကြား ကယောင် ကတမ်း ထ၍ အော်တတ်သည်။ မောပန်းလွန်း၍ ခဏတစ်ဖြုတ် ငြိမ်သွားတတ် သော်လည်း အချိန်ရှိသမျှ ခြေထောက် တစ်ဖက်သည် တွန်းထိုး ကန်ကျောက် လျက် ရှိလေသည်။

ဤသို့ဖြင့် မွန်းလွဲပိုင်း ကုန်ဆုံးပြီး ညနေ စောင်းလာသည်။ ထို့နောက် ညပိုင်းသို့ရောက်လာသည်။ နောက်တစ်နေ့ မိုးမလင်းမီမှာပင် သေမင်းနှင့် တိုက်ပွဲ ဝင်နေသော ပိုင်ရီသည် မောပန်း နွမ်းနယ်ကာ အားအင် ကုန်ခန်းလာပြီ ဖြစ်ရာ ရန်သူထံ ဒူးထောက် အရှုံး ပေးသွားသည်။

မိဘ နှစ်ပါးသည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။ ဂျိုဟန် ဗာရာဂုသည် သူ့ လက်တစ်ဖက်ကို ပိုင်ရီ၏ နှလုံးသားပေါ် တင်လိုက်သည်။ နှလုံးခုန်သံကို စမ်းသပ်၍ မရ။ သူသည် တင်ထားသည့် လက်ကို ပိုင်ရီ၏ ရင်ဘတ်ပေါ်မှ မချ၊ တစ်ကိုယ်လုံး အေးစက်လာချိန်အထိ တင်ထားဆဲ။

ထို့နောက် သူသည် ဖရော အက်ဒလိ၏ လက်ကို အသာအယာ လှမ်းကိုင်ပြီး တိုးတိုး ပြောသည်။ 'ကိစ္စကတော့ အားလုံး ပြီးပြတ်သွားပြီ' သူသည် သူ့ မိန်းမကို အသာအယာ တွဲကာ အခန်းထဲမှ ထုတ်လာသည်။ သူ့ မိန်းမ၏ ရှိုက်ကြီး တငင် ငိုကြွေးနေသံကို ကြားနေရ၏။ သူ့ မိန်းမအား သူနာပြု

www.burmeseclassic.com

www.burmeseclassic.com



ဆရာမ၏ လက်သို့ အပ်ထားခဲ့ပြီး အဲလ်ဘတ်၏ အခန်းဝသို့ သွား၍ အဲလ်ဘတ် အိပ်ရာမှ နိုးမနိုးကို နားစွင့်သည်။

ထို့နောက် ပိုင်ရီ၏ အခန်းသို့ ပြန်ကာ ပိုင်ရီကို သပ်သပ်ရပ်ရပ် ဖြစ်အောင် ပြုပြင်ပေးသည်။ ယင်းကဲ့သို့ လုပ်ကိုင်နေရင်းမှပင် သူ့ ဘဝ တစ်ဝက်သည် သေသွားပြီ ဖြစ်၍ မြေမြှုပ်သင်္ဂြိုဟ် ပြီးသွားပြီဟု သူ့ စိတ်တွင် ခံစားနေရလေ၏။

ဗာရာဂုသည် လုပ်စရာ ရှိသမျှကို တည်တည် ငြိမ်ငြိမ် အေးအေး ဆေးဆေး လုပ်သည်။ ထို့နောက် သူ့ သား ပိုင်ရီ၏ အလောင်းကို သူနာပြု ဆရာမ လက်သို့ အပ်ခဲ့ပြီး တရေးတမော အိပ်သည်။ ပြတင်းပေါက်များမှနေ၍ နေ့၏အလင်းရောင် ဝင်လာချိန်တွင် သူ အိပ်ရာမှ နိုးသည်။

ချက်ချင်း အိပ်ရာမှ ထ၍ မြိုင်ခေမာတွင် သူ နောက်ဆုံး လုပ်ရန် ရည်ရွယ်ထားသည့် အလုပ်များကို လုပ်သည်။ ပြီးတော့ ပိုင်ရီ၏ အခန်းသို့ သွား၍ ခန်းဆီး အားလုံးကို ဖွင့်သည်။ ဆောင်းဦးပေါက် ရာသီ၏ အေးမြသော အလင်းရောင်ကို သူ့ သား၏ ဖြူဖွေးနေသော မျက်နှာနှင့် တောင့်တင်းနေသော လက်များပေါ်သို့ ကျဆင်းစေသည်။

ထို့နောက် သူ့ သား၏ အိပ်ရာဘေး၌ ထိုင်ကာ စက္ကူ တစ်ရွက်ကို ဖြန့်လိုက်ပြီး နောက်ဆုံး အကြိမ် အနေဖြင့် သူ မကြာခဏ လေ့လာခဲ့ဖူးသော သားငယ်၏ မျက်နှာ အသွင် အပြင်ကို ဆွဲသည်။



မွေးဖွားလာကတည်းက သူ သိခဲ့ မြင်ခဲ့ ချစ်မြတ်နိုးခဲ့ရသော မျက်နှာဖြစ်၏။ အခုတော့လည်း ဤမျက်နှာသည် သေခြင်းတရား၏ ဖန်တီးမှုဖြင့် ရင့်ကျက်ခြင်းနှင့် ရိုးသားဖြူစင်ခြင်းတို့ကို ဖော်ပြနေလေပြီ၊ သို့တစေလည်း အခုအချိန်အထိ နားလည်ရန် ခက်ခဲသော ခံစားမှုကတော့ အပြည့်အဝ ရှိနေဆဲပင်၊

www.burmeseclassic.com

www.burmeseclassic.com

# ၁၈

ပိုင်ရှိ၏ ဈာပနမှ ဗာရာဂု မိသားစု ပြန်လာချိန်တွင် နေသည် မှိုးရိပ် မိုးသား မကင်းသော တိမ်ကြို တိမ်ကြားမှ ပြူထွက်ကာ ကျဲကျဲတောက် ပူလျက် ရှိလေသည်။

ဖရော အက်ဒလီသည် မြင်းရထားထဲတွင် တည်တည်ငြိမ်ငြိမ် ပင် ထိုင်၍ လိုက်ပါလာသည်။ သားအတွက် အဆက်မပြတ် ငိုကြွေး လာခဲ့ရသော သူ့ မျက်နှာသည် ခေါင်းတွင် ဆောင်း ထားသည့် ဦးထုပ် အနက်နှင့် ကိုယ်တွင် ဝတ်ဆင်ထားသည့် အနက်ရောင် ဝတ်စုံများ ကြားမှ နေ၍ ထူးထူး ဆန်းဆန်း ကြည်လင်လျက် ရှိသည်။ လမ်း တစ်လျှောက်လုံး မိခင်၏ လက်ကို ကိုင်လာသော အဲလ်ဘတ်၏ မျက်ခွံများမှာမူ မို့လျက် ရှိလေသည်။

'ဒီလိုဆိုရင် မင်းတို့ မနက်ဖြန် ထွက်ကြမယ် ဆိုပါတော့'ဟု ဗာရာဂုက သားအမိ နှစ်ယောက်အား အာရုံ ပြောင်းစေရန် အတွက် စကား လှမ်းပြောသည်။ 'ဘာမှ ပူစရာ မရှိပါဘူး အားလုံး အဆင် ပြေသွားအောင် လုပ်ရမယ့် အလုပ် မှန်သမျှကို ကိုယ် လုပ်ပေးထားတယ်၊ ငါ့သားကလည်း စိတ်မညစ်ပါနှင့်ကွာ'

www.burmeseclassic.com

www.burmeseclassic.com



မြိုင်ခေမာသို့ ရောက်သောအခါ အားလုံး မြင်းရထားပေါ်မှ ဆင်းကြသည်။ ဘေးသို့ ကွဲ ညွတ် ဖြာကျနေကြသော သစ်အယ်ပင် အကိုင်းအခက် အရွက်အလက်များသည် နေရောင်တွင် တလက်လက် တောက်ပနေကြသည်။

သူတို့ အိမ်ထဲဝင်သွားသည့်အခါ ဝမ်းနည်းခြင်း အထိမ်းအမှတ် အနေဖြင့် အနက်ရောင်များ ဝတ်ဆင်ထားကြသည့် အိမ်စေများသည် သူတို့ကိုကြည့်ပြီး အချင်းချင်း တီးတိုးစကားပြောကြသည်၊ ဗာရာဂုသည် အိမ်ထဲ ရောက်လျှင် ရောက်ချင်း ပိုင်ရီ၏ အခန်းကို သော့ခတ်၍ ပိတ်လိုက်သည်။

ဘော်ဖီ အဆင်သင့်ပြင်ထားပြီးဖြစ်သဖြင့် သုံးယောက်သား စားပွဲတွင် ဝင်ထိုင်ကြသည်။ 'မင်းတို့အတွက် မွန်ထရပ်စ်မှာ အခန်းတွေ ငှားထားပြီးပြီ' ဟု ဗာရာဂုက ပြောသည်။ 'ကောင်းကောင်း နားကြပေါ့၊ ကိုလည်း ဒီမှာ လုပ်စရာရှိတာတွေ လုပ်ပြီးရင် ချက်ချင်း ထွက်မှာပဲ၊ အိမ်ကိုတော့ ရှေ့ဘတ် ကြည့်ထားလိမ့်မယ်၊ ကိုနှင့် ဆက်သွယ်ဖို့ သူ့ဆီမှာ လိပ်စာ ထားခဲ့မယ်'

မည်သူကမှ သူ့စကားကို နားမထောင်ကြ၊ တကယ်တော့ သူတို့အားလုံးသည် ရင်ထဲတွင် ဟာသလိုလို ဖြစ်နေကြသည်။ ဖရောအက်ဒလီသည် သူ့ ရှေ့တည့်တည့်ကို ကြည့်၍ တွေဝေငေးမောနေရှင်းက စားပွဲခင်း အစကို လက် တစ်ဖက်ဖြင့် လိုးခြေလျက် ရှိ၏။

သူသည် သူ၏ ဝမ်းနည်းကြေကွဲမှုဖြင့် သူ၏ စိတ်အာရုံတံခါးများကို ပိတ်ထားသည်။ အဲလ်ဘတ်ကလည်း သူ့အမေ



အတုကို ယူကာ သူ့ အဒေမနေသလိုပင် နေသည်။ အခုဆိုလျှင် အငယ်ဆုံးသား ပိုင်ရီ သေဆုံးသွားပြီဖြစ်ရာ မိသားစုအတွင်း၌ တည်ရှိလာခဲ့သော အပေါ်ယံ စည်းလုံးညီညွတ်မှုသည် ကွယ်ပျောက်သွားပြီ ဖြစ်၏။

ကြောက်စရာ ကောင်းလောက်အောင် တန်ခိုး ဩဇာ ကြီးမားသော ညှော်သည် ရှိနေသဖြင့် ဟန်ဆောင်ပြီး လုပ်နေရသော ယဉ်ကျေးဖွယ်ရာမှုသည် ညှော်သည် ပြန်သွားသည်နှင့် တစ်ပြိုင်နက် ပျောက်ကွယ်သွားသည်နှင့် တူပေသည်။

သူတို့ မိသားစု၌ ဗာရာဂု တစ်ယောက်သာလျှင် အခြေအနေအရ ဟန်ဆောင်မှု မျက်နှာဖုံးကို စွပ်၍ သူ့ အခန်းသူ နိုင်နှင်းစွာ ကပြနေခြင်းဖြစ်သည်။ မြိုင်ခေမာမှ ထွက်ခွာရခြင်း အတွက် မိန်းမဆန်ဆန် စိတ်နှလုံး ထိခိုက် ကြေကွဲရသည့် အဖြစ်ကို တခြားလူတွေ မြင်မှာ သိမှာ စိုး၏။ ထို့ကြောင့်လည်း သူ့ မယားနှင့်သူ့ သား ထွက်ခွာသွားမည့်အချိန်ကို အောင့်အည်း သည်းခံပြီး စောင့်နေခြင်း ဖြစ်လေသည်။

ထိုနေ့ ညနေခင်းတွင် သူသည် သူ၏အခန်းထဲ၌ တစ်ယောက်တည်း ထိုင်နေသည်။ အိမ်ကြီးပေါ်တွင်မူ သူ့ မိန်းမသည် ပစ္စည်းများ သိမ်းဆည်းထုပ်ပိုးလျက် ရှိ၏။ ယခင်ယခင် အချိန်များက မခံစားခဲ့ရဖူးသော အထီးကျန်စိတ်သည် သူ့ ရင်ထဲ၌ ဖြစ်ပေါ်လျက် ရှိ၏။

သူ့ အနေဖြင့် ဘတ်ဟတ်ထံ စာရေးခဲ့ပြီးပြီ၊ သူ လာမည့်ရက်ကို အသိပေးခြင်း ဖြစ်၏။ သို့သော်လည်း ထိုစာတွင် သူ့ သားငယ် ပိုင်ရီ သေဆုံးကြောင်း ထည့်မရေးခဲ့ပေ၊ သူ၏

www.burmeseclassic.com



ရှေ့နေနှင့် ဘဏ်ကိုလည်း နောက်ဆုံး ညွှန်ကြားချက်များ ရေးထားခဲ့ပြီး ဖြစ်၏။ ထို့နောက် သူ့စားပွဲကို ရှင်းကာ သူ ရေးဆွဲယူခဲ့သည့် ပိုင်ရီ၏ အလောင်းပုံ ပန်းချီပုံကြမ်းကို တင်လိုက်သည်။

အခုတော့ဖြင့် ပိုင်ရီသည် မြေကြီးထဲ၌လဲလျောင်းနေလေပြီ။ သူသည် ပိုင်ရီအပေါ် အလွန် သံယောဇဉ် ကြီးခဲ့သူ ဖြစ်၏။ ပိုင်ရီလောက် သံယောဇဉ်ကြီးနိုင်မည့်လူမျိုး နောက်ထပ် ရှိမှ ရှိပါဦးတော့မည်လော။ မည်သို့ပင်ဖြစ်စေ အခုအချိန်မှာတော့ဖြင့် သူသည် တစ်ယောက်တည်း ဖြစ်သွားခဲ့လေပြီ။

သူသည် အချိန်အတော်ကြာမျှ သူရေးဆွဲထားသည့် ပန်းချီကားကို ကြည့်နေသည်။ ပျော့စိတ်ကျနေသော ပါးများ၊ ချိုင့်ဝင်နေသည့် မျက်ဆံများပေါ်မှ ဖုံးအုပ်ထားသည့် မျက်ခွံများ၊ စေ့နေသည့် နှုတ်ခမ်းများ၊ သေးကွေး ပိန်လှီလွန်းလှသော လက်များ။

သူသည် ပန်းချီကားချပ်ကို သူ၏ စတူဒီယိုထဲ၌ သော့ခတ်၍ သိမ်းလိုက်သည်။ ထို့နောက် ကုတ်အင်္ကျီကို ဆွဲဝတ်ကာ အပြင်သို့ ထွက်သည်။ အပြင်ဘက် ပန်းခြံထဲတွင် အမှောင်ရိပ်များ ကျနေပြီ။ အရာရာတိုင်းသည် ငြိမ်ဆိတ်လျက် ရှိ၏။ အိမ်အပေါ်ထပ်မှ ပြတင်းပေါက်တချို့သည် မီးရောင်ဖြင့် လင်းနေဆဲ။ သို့တစေ သူတို့သည် သူနှင့် ဆိုင်တော့သည် မဟုတ်။ သူတို့အတွက် ကြောင့်ကြစရာ၊ စိုးရိမ်စရာ၊ မှုင်စရာ ဘာ တစ်ခုမှ မရှိတော့။



သစ်အယ်ပင်များ အောက်ရှိ လူသွားလမ်းကလေးပေါ်မှ ခိုးစက်မိုးပေါက်များ တင်နေသည့် ပန်းချုံကလေးနှင့် ပန်းခြံထဲတွင်မူ သတိဘရ ဖြစ်စေနိုင်သည့် ဘဝ၏ ရှင်သန်မှုကလေး များသည် ရှိနေဆဲ။ နှစ်တော့ ကြာသေးသည် မဟုတ်။

တစ်ချိန်သောအခါက ဤနေရာတွင် ပိုင်ရီက ဖမ်းမိထားသည့် ကြက်ပေါက်စကလေး တစ်ကောင် သူ့အား ပြခဲ့ဖူးသည်။ ဟိုတစ်ဖက် သရက်ထည်ပန်းများ အနီးတွင်မူ ပိုင်ရီက လိပ်ပြာကလေးတွေအကြောင်း ပြောပြဖူးခဲ့သည်။ ပြီးတော့ ပန်းများကို နာမည်ပေးသည်။

ဤနေရာရှိ ကြက်ခြံနှင့် ခွေးအိမ်ကြား မြက်ခင်းပြင်သည် ပိုင်ရီ ကစားရာ နေရာဖြစ်၏။ ဤပတ်ဝန်းကျင် တစ်ဝိုက်သည် ပိုင်ရီ၏ ရယ်မောသံများ လွှမ်းခြုံခဲ့ရာ နေရာ ဖြစ်၏။ ဤနေရာ၌ ဆိုလျှင် သူ့ကို ဘယ်သူမှ မမြင်နိုင်၊ ကလေးသူငယ်တို့ သဘာဝအတိုင်း လွတ်လပ်စွာ ပျော်ရွှင်မြူးထူး နိုင်ခဲ့သည်။ သူ့ဘာသာသူ စိတ်ကူးယဉ်ပြီး တည်ဆောက် ထား သည့် နတ်သမီး ပုံပြင်ထဲက ဘဝမျိုးတွင် စိတ်တိုင်းကျ ကျင်လည် ကျက်စားနိုင်ခဲ့သည်။

တစ်ခါတစ်ရံတွင်မူ ပိုင်ရီသည် သူ့အား တခြားလူတွေက ကြဉ်ထားသည်ဟူသော အယူအဆမျိုးဝင်ကာ ငိုကြွေးကောင်း ငိုကြွေးခဲ့လိမ့်မည်။ သို့တည်းမဟုတ် တစ်ယောက်တည်း ဒေါသ ကြီးကောင်း ကြီးခဲ့လိမ့်မည်။

ဗာရာဂူသည် မှောင်မိုက်ထဲမှာပင် လှည့်ပတ် သွား ကာ သူ့သား ပိုင်ရီကို အမှတ်တရ ဖြစ်စေနိုင်သည့် နေရာတိုင်းသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်သည်။ နောက်ဆုံးတွင် ပိုင်ရီ၏ သဲပုံဘေးတွင် ဒူးထောက်၍ထိုင်ကာ သဲများကို လက်နှစ်ဖက်နှင့် ကိုင်သည်။ သူ့လက်များသည် ခပ်မာမာ အရာဝတ္ထု တစ်ခုကို ထိမိသည်။ ကောက်၍ ကြည့်လိုက်မိ၏။ ပိုင်ရီ၏ ဂေါ်ပြားကလေးပေတည်း။ သူ့စိတ်သည် ချုံးချုံး ကျသွားသည်။ သူ့အလိုဆန္ဒက သူ့ကို လွှတ်ပေးလိုက်သည်။ သုံးရက်တာ ကာလ အတွင်း ပထမဆုံးအကြိမ် အစားအသောက် အနှောင့်အယှက် မရှိဘဲ ခမ်းနည်းကြေကွဲစွာဖြင့် ရှိုက်ကြီးတငင် ငိုမိလေသည်။

နောက်တစ်နေ့တွင် သူသည် ဖရေအက်ဒလီနှင့် ဆုံကာ နောက်ဆုံးအကြိမ် စကားပြောသည်။

'ဒီအဖြစ်ကို မေ့ပစ်ဖို့ ကြိုးစားပါ'ဟု ဗာရာဂု ပြောသည်။ 'ပိုင်ရီဟာ ကို ပိုင်တဲ့သား ဆိုတဲ့ အချက်ကို မင်း မေ့မပစ်ပါနှင့်၊ မင်း ပိုင်ရီကို ကို့ လက်ထဲ အပိုင်ပေးပြီးခဲ့ပြီပဲ၊ အဲသလို ပေးခဲ့တဲ့အတွက် မင်းကို ကျေးဇူးတင်ကြောင်း ထပ်ပြောပါရစေ၊ မင်းက ပိုင်ရီကို အပိုင်ယူပါတော့လို့ ပြောတဲ့အချိန်မှာ ပိုင်ရီ သေတော့မယ် ဆိုတာကို ကို သိနေပါပြီ၊ ဒါပေမယ့် မင့်ရဲ့ သနားလှတ်မှုနှင့် ရက်ရောမှုကို ကို အလေးအနက် ထားခဲ့ပါတယ်။

'ဒီအချိန်ကစပြီး မင်း စိတ်တိုင်းကျ သဘောကျသလို နေသွားပါ၊ မြိုင်ခေမာကိုလည်း လောလောဆယ် လက်ထဲမှာပဲ ထားဦးပေါ့၊ ချက်ချင်း ရောင်းပစ်မိရင် ရောင်းပြီးခါမှ မင်း စိတ်ဆင်းရဲချင် ဆင်းရဲနေလိမ့်မယ်၊ ဒီကိစ္စနှင့် ပတ်သက်လို့



ရှေ့ခနက မင့်ဆီကို မကြာခဏ အကြောင်းကြားပေးမှာပါ၊ သူက ပြောတယ်၊ ဒီနေရာတစ်ဝိုက်က မြေတွေဟာ တစ်နေ့တခြား ဈေးတက်ဖို့ပဲ ရှိပါတယ်တဲ့၊ မင်း၊ ကံကောင်းပါစေလို့ ကို ဆုတောင်းပါတယ်၊ မြိုင်ခေမာမှာ ကို ပိုင်ဆိုင်တဲ့ ပစ္စည်းဆိုလို့ စတူဒီယိုထဲမှာ ထားခဲ့တဲ့ ပစ္စည်းတွေကလွဲပြီး တခြား ဘာပစ္စည်းမှ မရှိဘူး၊ စတူဒီယိုထဲက ပစ္စည်းတွေ ကိုလည်း မကြာခင် ယူသွားမှာပါ'

'ကျေးဇူးပါပဲ၊ ဒါနှင့် ရှင်....ရှင် ဒီကို လုံးဝ ပြန်မလာတော့ဘူးလား'

'မလာတော့ဘူး၊ ပြန်လာစရာ အကြောင်းလည်း မရှိတော့ဘူးလေ၊ ကို မင့်ကို တစ်ခု ပြောခဲ့ချင်တယ်၊ မင့်အပေါ်မှာ နာကြည်းတယ်ဆိုတဲ့ စိတ် ကို့မှာ လုံးဝ မရှိတော့ဘူး၊ အရာရာတိုင်း အတွက် အပြစ်တင်ရမယ့် လူဟာ ကို ပဲ လို့ ကိုယ့်ဘာသာကိုယ် သိနေပါတယ်'

'အဲသလိုတော့ မပြောပါနှင့်၊ ရှင် လုပ်နေတာက ရည်ရွယ်ချက် အကောင်းပါ၊ ဒါပေမယ့် ကျွန်မက သဘောချင်း မတိုက်ဆိုင်လို့ စိတ်ဆင်းရဲရတာပါ၊ အခုဆိုရင် ဒီမှာ ရှင် တစ်ယောက်တည်း နေခဲ့ရတော့မှာ၊ ပိုင်ရီသာရှိရင် ရှင့်မှာ ဒီလောက် အခြေအနေဆိုးမှာ မဟုတ်ပါဘူး၊ ဒါပေမယ့် ဖြစ်လာသမျှကို....၊ အဲသလိုတော့လည်း မဟုတ်ပါဘူးလေ၊ အခုလို ဖြစ်မလာသင့်ဘူးပေါ့၊ ကျွန်မလည်းပဲ အပြစ်တင်ရမယ့် လူတစ်ယောက်ပါ၊ ကျွန်မ သိထားတာကတော့....'

www.burmeseclassic.com

www.burmeseclassic.com



'ကိုတို့နှစ်ယောက် ကြားမှာ ရှိခဲ့သမျှ အတင်အကျတွေကို ဒီရက်တွေ အတွင်းမှာ ပြေလည်အောင် လုပ်ပြီးခဲ့ကြပြီမဟုတ်လား၊ စိတ်သိပ်မဆောပါနှင့်၊ အားလုံး အဆင်ပြေသွားမှာပါ၊ အခုဆိုရင် မင့်မှာ အဲလ်ဘတ် ရှိနေတယ်၊ ကိုမှာတော့ ကိုယ့်အလုပ် ရှိနေတယ်၊ ဒါလေးတွေက အရာရာတိုင်းကို ကြံ့ကြံ့ ခံနိုင်အောင် ကူညီ သွားမှာပါ၊ မင်းလည်းဟိုး အခြင့်အရင် နှစ်တွေကထက် ပိုပြီး စိတ်ချမ်းသာလာမှာပါ'

ဗာရာဂုက တည်ငြိမ် အေးဆေးလွန်းသောအခါ ဖရောအက်ဒလီကလည်း သူ့စိတ်ကို တည်ငြိမ် အေး ဆေး အောင် ကြိုးစား၍ထိန်းသည်။ ဖရောအက်ဒလီ အနေဖြင့် ဗာရာဂုအား ပြောလိုသည့် စကားတွေ အများကြီး ရှိနေသည်။ ဗာရာဂုအား ကျေးဇူးစကား ဆိုရမည့် ကိစ္စတွေလည်း အများအပြား ရှိသည်၊ သို့သော်လည်း ဗာရာဂု၏ စကားက မှန်နေသည်။ သူတို့နှစ်ဦးကြား၌ ဖြစ်ပေါ်ခဲ့သမျှ အရေးရာတိုင်းသည် ပီပီပြင်ပြင် မမြင်ရတော့သည့် အတိတ်က အရိပ်များဖြစ်ကုန်ပြီ။ သူတို့အနေဖြင့် နောက်ထပ် ဘာမှ လုပ်စရာ မရှိတော့၊ အေးဆေးတည်ငြိမ်သော စိတ်ဖြင့် အတိတ်ကို အတိတ်မှာပဲ ထားလိုက်ရန်သာ ရှိတော့သည်။

ဤသို့ဖြင့် ဖရောအက်ဒလီသည် ဗာရာဂု စီစဉ်ညွှန်ကြားသမျှကို စိတ်ဝင်တစား နားထောင်သည်။ စနစ်ကျလွန်းလှသော အစီအစဉ်များကို ဤမျှလောက်အထိ စဉ်းစား စီစဉ်နိုင်သည့် အတွက် ဗာရာဂုအပေါ် အံ့သြခြင်းဖြစ်မိသည်။



လင်မယားချင်း ကွာရှင်းဖို့ ကိစ္စအတွက် တစ်ခွန်းမှမပြော၊ သူ အိန္ဒိယက ပြန်လာသည့် အခါကျမှ ဤကိစ္စကို စီစဉ်ဆောင်ရွက်နိုင်သည်ဟု သူ တွက်ထားပြီး ဖြစ်၏။

နေ့လယ်စာ စားအပြီးတွင် သူတို့သည် မြင်းရထားဖြင့် ဘူတာသို့ သွားကြသည်၊ သေတ္တာ များ ဖြင့် ဘူတာ ရုံမှ အသင့် စောင့်နေသော ရောဘတ်က သူတို့ကို ဆီးကြိုသည်၊

ခရီးသည်များ ပျားပန်းခတ် လှုပ်ရှားနေသည့် ကြားမှ ဗာရာဂုသည် သူ့သား အဲလ်ဘတ်အတွက် မဂ္ဂဇင်းများ ဝယ်ပေးသည်။ မုန့်များ တန်ဆာ လုပ်ထားသည့် လက်မှတ်များကို ပေးသည်၊ ပြီးတော့ ရထား မထွက်မချင်း စောင့်ကြည့်သည်၊

ရထား ထွက်သွားသည့်အခါ ခေါင်းမှဦးထုပ်ကို ချွတ်၍ ဝှေ့ယမ်း နှုတ်ဆက်သည်၊ သူ့ မြင်ကွင်းထဲမှ သူ့ သားအဲလ်ဘတ် ကွယ်ပျောက်သွားသည် အထိ ရပ်ကြည့်သည်၊

အိမ်အပြန် လမ်းတွင် သူက စုံစမ်းသဖြင့် ရောဘတ်က သူ၏ စေ့စပ်ကြောင်းလမ်း ထားသည့် ကိစ္စကို ဖျက်သိမ်းလိုက်ပြီဟု ပြောပြသည်။ အိမ်တွင် ဗာရာဂု နောက်ဆုံး ဆွဲခဲ့သည့် ပန်းချီကားချပ်များကို စနစ်တကျ ထည့်သွင်း ထုပ်ပိုးပေးမည့် လက်သမား တစ်ယောက် ရောက်နေသည်ကို တွေ့ရ၏၊ ဤပစ္စည်းများကို ထုပ်ပိုး တင်ပို့ပြီးသည်နှင့် တစ်ပြိုင်နက် သူသည် ဤအိမ်မှ ထွက်ခွာမည်ဖြစ်၏။ ဤနေရာမှ အမြန်ဆုံး ထွက်ခွာ သွားလိုသော စိတ်သည် ပြင်းပြင်းပြပြ ပေါ်လာလျက် ရှိနေသည်၊

www.burmeseclassic.com

www.burmeseclassic.com



လက်သမား ဆရာသည် သူ့ ပန်းချီကား ချပ် များ ကို ထည့်သွင်း ထုပ်ပိုး ပြီးသွားလေပြီ။ သူ့တပည့် ရောဘတ်က တော့ အိမ်စေ အမျိုးသမီး တစ်ယောက်နှင့် အတူ အိမ်ကြီး အပေါ် ထပ်မှ ပစ္စည်းများကို သိမ်းဆည်းလျက် ရှိသည်၊ သူတို့သည် အိမ်ထောင်ပရိဘောဂ ပစ္စည်းများကို အဝတ်များဖြင့် အုပ်ခဲ့ပြီး ပြတင်းပေါက်များနှင့် တံခါးများကို သော့ခတ်၍ ပိတ်လိုက်ကြလေ၏။

ဗာရာဂူသည် သူ့ စတူဒီယိုထဲတွင် နွေးကွေး လေးလံသော ခြေလှမ်းများဖြင့် လျှောက်သွားလျက် ရှိသည်၊ ထို့နောက် သူ့ အိပ်ခန်းနှင့် ဧည့်ခန်း၊ ပြီးတော့ အပြင်သို့ထွက်ကာ ရေကန် ပတ်ပတ်လည်နှင့် ပန်းခြံတွင်းသို့ လျှောက်သည်၊ ဤ နေရာများ၌ သူ အခုလို လမ်းလျှောက်ခဲ့သည်မှာ အကြိမ်ပေါင်း ရာကျော်ပြီ ထင်၏။ သို့သော်လည်း ယနေ့ လမ်းလျှောက်နေစဉ် ကြုံရသည့် ခံစားမှုမှာ တစ်မျိုး ဖြစ်နေသည်၊ အိမ်နှင့် ဥယျာဉ်၊ ရေကန် ငယ်နှင့်ပန်းခြံ...၊ အားလုံးသည် အထီးကျန်နိုင်မှုက ပွဲဘင်ထပ် နေသည်ဟု ထင်မိ၏။ အေးမြသော လေသည် အဝါရောင် သန်းနေသော သစ်ရွက်များကြားမှ ဖြတ်သန်း တိုက်ခတ်လျက် ရှိသည်၊ မိုးရိပ် မိုးသားများပါသည့် တိမ်များသည် လေနှင့် အတူ လိုက်ပါ လာနေကြ၏။ ဗာရာဂူ၏ ခန္ဓာကိုယ်သည် ချမ်းစိမ့်စိမ့် ဖြစ်လာသည်။

အခုကျတော့လည်း အားလုံး ထွက်ခွာ သွားခဲ့ကြပြီ ဖြစ်၏။ စောင့်ရှောက်ရမည့် လူ၊ ထည့်သွင်း စဉ်းစားရမည့်လူ ဟူ၍



တစ်ဦး တစ်ယောက်မှ မရှိတော့၊ သူ့ ထံတွင် အထီး ကျန်နိုင် မှုနှင့် ပင်ပန်း နွမ်းနယ်မှုများသာ ကျန်ရစ်ခဲ့၏၊ ယင်း အထီး ကျန်နိုင်မှုနှင့် ပင်ပန်း နွမ်းနယ်မှုများသည် သူ့ စိတ်ထဲ၌သာ စွဲထင်နေသည် မဟုတ်၊ သူ့ နှလုံးသား၌ပါ တွယ်ကပ်လျက် ရှိ၏။

တို အချင် ရက်တွေတုန်းက ခံစားခဲ့ရသည့် ငယ်ရွယ် နုပျိုသော စိတ်၏ မျှော်လင့်ချက် များသည် ပျက်ပြယ် သွားခဲ့လေပြီ၊ သို့တစေလည်း အထီးကျန်နိုင်မှုနှင့် မက်မော တွယ်တာမှုများကတော့ သူ့အား ဆက်လက်၍ ဒုက္ခ ပေးတော့ မည် မဟုတ်။

လူသွားလမ်းကလေးများ ပေါ်၌ အညောင်းပြေ လမ်း လျှောက်သွားနေရင်းမှပင် သူသည် ဘဝ၏ နောက်ကြောင်း များကို ပြန်ပြောင်း ဆင်ခြင်နိုင်ဖို့ ကြိုးစားသည်။

အမှန်တော့ သူသည် ထိုစဉ်အခါက ဘဝလမ်းကြောင်းများ ပေါ်၌ မျက်မမြင် တစ်ယောက် လမ်း လျှောက်သလို လျှောက် သွားခဲ့ခြင်း ဖြစ်၏၊ သူ့ အနေဖြင့် အကြိမ်ပေါင်းများစွာ အားထုတ်မှုများနှင့် ပြင်းပြသော ဆန္ဒများ ရှိခဲ့သဖြင့် ဘဝ၏ သာယာသော အပိုင်းများကို ဖြတ်သန်းနိုင်ခဲ့ခြင်း ဖြစ်၏။

သို့သော်လည်း ချစ်ခြင်းမေတ္တာနှင့်ပတ်သက်၍ နက်ရှိုင်းသော ထိတွေ့မှု မရခဲ့၊ ချစ်ခြင်း မေတ္တာ၏ သဘော သဘာဝကို နက်နက်ရှိုင်း ရှိုင်း နားမလည်ခဲ့၊ သေငယ်ဇောနှင့် မြောမြောသော သားငယ်၏ အိပ်ရာဘေး၌ ထိုင်နေသည့် အခါကျမှပင် မေတ္တာစစ် မေတ္တာမှန်၏ သဘောကို သူ နားလည် သဘော

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ခဲ့ရ၏၊ သို့သော်လည်း အချိန်က များစွာ နောက်ကျသွားခဲ့ပြီ ဖြစ်၏၊ ထိုနောက်တော့ သူသည် သူ့ကိုယ်သူ မေ့သွားခဲ့သည်၊ အခုကျတော့လည်း ထို အသိသည် သူ၏ အတွေ့အကြုံ တစ်ရပ် ဖြစ်ရပေတော့မည်၊ သူ့ အသက်နှင့်ကိုယ် မြဲနေသမျှ ကာလပတ်လုံး သူ့ အတွက် အဖိုးတန် ရတနာ တစ်ခု ဖြစ်ရပေတော့မည်။

အခုအချိန်တွင် သူ့ ထံ၌ ကျန်ရစ်ခဲ့သည့် အရာမှာ သူ၏ ပန်းချီ ပညာသာလျှင် ဖြစ်၏၊ သူ ပိုင်ဆိုင်သော အရာဆို၍ ဤ တစ်ခုတည်းသာ ရှိနေသည်ကို အခုမှပင် ပို၍ တိတိကျကျ သိမြင် နားလည်လာရ၏။

တကယ်တော့ ဤ အရာသည် နောက်ဆုံးကျန်ခဲ့သည့် အရာ ဖြစ်သည်၊ အောင်မြင်မှု မရခဲ့သော သူ့ ဘဝနှင့် လဲယူခဲ့ရသည့် တန်ဖိုး တစ်ခုပင် ဖြစ်သည်၊ သူ့ အနေဖြင့် အခြားသော လမ်းများဆီသို့ မသွားတော့ဘဲ ဤ လမ်းကြောင်းအတိုင်း လိုက်မှသာ ဖြစ်ပေတော့မည်၊ အခုအချိန်မှစ၍ ဤ လမ်းကြောင်းသည် သူ့ ဘဝ ကံကြမ္မာကို အဆုံးအဖြတ် ပြုမည့် အရာတစ်ခု ဖြစ်ရပေတော့မည်။

ဗာရာဂုသည် စွတ်စို ထိုင်းမှိုင်းပြီး ဆိုးဝါးသော အနံ့များ ရောနေသည့် လေကို ရှူရှိုက်သည်၊ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း အတိတ်သည် သူ့ နောက်တွင် ဝေး၍ ဝေး၍ ကျန်ခဲ့သည်ဟု ထင်သည်၊ ကမ်းခြေသို့ ဆိုက်ရောက်သွားသဖြင့် ဆက်လက် အသုံးပြုဖို့ မလိုတော့သည့် လှေကလေးကို စွန့်ပစ်လိုက်သော လူ တစ်ယောက်နှင့် တူနေသည်၊



သူ၏ နက်နက်နဲနဲ စူးစမ်း ဆင်ခြင်မှုနှင့် ထိုးထွင်း သိမြင်မှုများသည် လက်မြောက် အရှုံးပေး၍ ရမှိုလာခြင်း မဟုတ်၊ စော်လှန်မှုနှင့် ရဲဝံ့ စွန့်စားမှုများကို အခြေခံသော ဆန္ဒမှ ပေါက်ဖွားလာခြင်းသာ ဖြစ်၏၊

သူ့ အနေဖြင့် ဘဝသစ်ကို ရှေးရှုရတော့မည် ဖြစ်သည်၊ ထို ဘဝသစ်၏ ခရီးလမ်းကို လျှောက်ရာ၌ စမ်းတဝါးဝါး ဖြစ်နေဖို့ မလို၊ အသိအမြင် မကြည်မလင် မပြတ်မသား ဖြစ်နေဖို့လည်း မလို၊ ရဲရဲ ဝံ့ဝံ့ စွန့်စွန့် စားစား လျှောက်ဖို့သာ လို၏။

အခု ဆိုလျှင် သူသည် လင်းလက် နေသော နေ့၏ အလင်းရောင် အောက်တွင် ရပ်လျက် ရှိသည်၊ ယင်းကဲ့သို့ ရပ်နေခြင်းသည် နောက်တွန့်နေခြင်း မဟုတ်၊ သူ့ ဘဝသစ်၏ ခရီးလမ်းကို လျှောက်သွားရာ၌ တန်ဖိုး ရှိလှသော အချိန်ကို အဆုံးရှုံး မခံလို၍သာ ဖြစ်ပေသည်။

မောင်ထွန်းသူ

www.burmeseclassic.com